THE
CRADLE
WILL FALL
MARY HIGGINS CLARK
မောင်ပေါ်ထွန်း
(မြန်မာပြန်)
ကံကြိုးစည်ရာ

THE CRADLE WILL FALL

MARY HIGGINS CLARK

ကြီကြီးစည်ရာ

မောင်ပေါ်ထွန်း

Created

BY

NON……..

မာတိကာ

≈ ကြံကြိုးစည်ရာ စာအုပ်နှင့် စပ်လျဉ်း၍ မိတ်ဆက်
≈ အခန်း (၁)
≈ အခန်း (၂)
≈ အခန်း (၃)
≈ အခန်း (၄)
≈ အခန်း (၅)
≈ အခန်း (၆)
≈ အခန်း (၇)
≈ အခန်း (၈)
≈ အခန်း (၉)
≈ အခန်း (၁၀)
≈ အခန်း (၁၁)
≈ အခန်း (၁၂)
≈ အခန်း (၁၃)
≈ အခန်း (၁၄)
≈ အခန်း (၁၅)
≈ အခန်း (၁၆)
≈ အခန်း (၁၇)
≈ အခန်း (၁၈)
≈ အခန်း (၁၉)
≈ အခန်း (၂၀)
≈ အခန်း (၂၁)
≈ အခန်း (၂၂)
≈ အခန်း (၂၃)
≈ အခန်း (၂၄)

≈ အခန်း (၂၅)
≈ အခန်း (၂၆)
≈ အခန်း (၂၇)
≈ အခန်း (၂၈)
≈ အခန်း (၂၉)
≈ အခန်း (၃၀)
≈ အခန်း (၃၁)
≈ အခန်း (၃၂)
≈ အခန်း (၃၃)
≈ အခန်း (၃၄)
≈ အခန်း (၃၅)
≈ အခန်း (၃၆)
≈ အခန်း (၃၇)
≈ အခန်း (၃၈)
≈ အခန်း (၃၉)
≈ အခန်း (၄၀)
≈ အခန်း (၄၁)
≈ အခန်း (၄၂)
≈ အခန်း (၄၃)
≈ အခန်း (၄၄)
≈ အခန်း (၄၅)
≈ အခန်း (၄၆)
≈ အခန်း (၄၇)
≈ အခန်း (၄၈)
≈ အခန်း (၄၉)
≈ အခန်း (၅၀)
≈ အခန်း (၅၁)
≈ အခန်း (၅၂)

≈ အခန်း (၅၃)
≈ အခန်း (၅၄)
≈ အခန်း (၅၅)
≈ အခန်း (၅၆)
≈ အခန်း (၅၇)
≈ အခန်း (၅၈)
≈ အခန်း (၅၉)
≈ အခန်း (၆၀)
≈ အခန်း (၆၁)
≈ အခန်း (၆၂)
≈ အခန်း (၆၃)
≈ အခန်း (၆၄)
≈ အခန်း (၆၅)
≈ အခန်း (၆၆)
≈ အခန်း (၆၇)
≈ အခန်း (၆၈)
≈ အခန်း (၆၉)
≈ အခန်း (၇၀)
≈ အခန်း (၇၁)
≈ အခန်း (၇၂)
≈ အခန်း (၇၃)
≈ အခန်း (၇၄)
≈ အခန်း (၇၅)
≈ အခန်း (၇၆)
≈ အခန်း (၇၇)

≈ ကြဲကြီးစည်ရာ စာအုပ်နှင့် စပ်လျဉ်း၍ မိတ်ဆက်

ဤဝတ္ထုသည် ဆေးပညာဆိုင်ရာ လှို့ဝှက်သည်းဖို ဝတ္ထုဖြစ်ပါသည် ။ လှို့ဝှက်သည်းဖို ဝတ္ထု များ တွင် ဇာတ်လမ်းဇာတ်ကွက်ကို တတ်နိုင်သ မျှ လှို့ဝှက်ထားရမြဲ ဖြစ်သည် ။ ထို့ကြောင့် ဤဝတ္ထု ၏ ဇာတ်လမ်းကို စာဖတ်သူအား ြ ကိုတင် ပြောပြရန် မဖြစ်နိုင်ပါ။ သို့သော်လည်း ဤဝတ္ထု မူရင်းကို ရေးသားသူမှာ မြန်မာစာဖတ် ပရိသတ်များ အတွက် မျက်နှာစိ မ်း ဖြစ်သည့်အလျောက် မိတ်ဆက်ပေးရန်တော့ လိုအပ်ပါသည် ။ မူရင်း ဝတ္ထု ရေးသူမှာ အိုင်းရစ်သွေးပါသော အင်္ဂလန်သူ စာရေးဆရာမ "မေရီ ဟစ်ဂင်းစ်ကလပ်" ဖြစ်သည် ။ သူမသည် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တွင် ကြီးပြင်းခဲ့ပါသည် ။မေရီကလပ်သည် ငယ်စဉ်ကပင် ပြင်းပြသော ဆန္ဒနှစ်ရပ် ဖြစ်ပေါ်ခဲ့ ပါသည် ။ ပထမ ဆန္ဒမှာ စာရေးချင်သော ဆန္ဒ ဖြစ်၍ ဒုတိယ ဆန္ဒမှာ ကမ္ဘာလှည့် ခရီးသွားချင်သော ဆန္ဒ ဖြစ်သည် ။ အရွယ် ရောက်လာ

သောအခါ ပထမဆုံး ကြော်ငြာကိုယ်စားလှယ် ဌာနတစ်ခုတွင် ကြော်ငြာ ရေးသူအဖြစ် အလုပ်ဝင်လုပ်ခဲ့သည် ။ ထို့နောက်ပင် အမေရိကန်လေကြောင်း ဌာနတွင် လေယာဉ်မယ်အဖြစ် လုပ်ကိုင်ခဲ့သ ည် ။ ဤသို့ဖြင့် သူမ၏ ဆန္ဒနှစ်ရပ်သည် ပြည့်ဝခဲ့ရသည် ။

နောက်ပိုင်းတွင် အင်္ဂလန်နိုင်ငံနှင့် အမေရိကန်နိုင်ငံများမှ နာမည် ကျော် မဂ္ဂဇင်းကြီးများ တွင် ခရီးသွား၊ သမိုင်း၊ အစာအာဟာရ၊ ဖက်ရှင် အဝတ်အစား၊ မျက်မှောက်ရေးရာတို့ နှင့် ပတ်သက်သော ရေဒီယို ဇာတ် ညွှန်းများကိုလည်း ရေးသားခဲ့သည် ။ ၁၉၇၅ ခုနှစ်တွင် Where Are The Children အမည်ရှိ ဝတ္ထုကို ပထမဦးဆုံး ထုတ်ဝေခဲ့ရာ ပွဲဦးထွက် တစ် အုပ်တည်းဖြင့်ပင် ကမ္ဘာကျော် စာရေးဆရာမကြီး ဖြစ်လာခဲ့သည် ။ ၁၉ ၇၈ ခုနှစ်တွင် A Stranger Is Watching ဝတ္ထုကို ဆက်လက် ထုတ်ဝေရာ တွင် လည်း အရောင်းရဆုံး စာရင်းဝင်ခဲ့သည် ။ ယင်းဝတ္ထုကို ကိုလံဘီ ယာ ရုပ်ရှင်ကုမ္ပဏီမှ ရုပ်ရှင် ရိုက်ကူးခဲ့သည် ။ ဘဝတက္ကသိုလ် စာပေက လည်း ရုပ်ရှင်ကား မလာမီ ကြို တင် ဖတ်ရှုနိုင်ရန် ဆရာမောင်ပေါ် ထွန်း ပင် မြန်မာပြန်၍ "ပိပိရိရိ" အမည်ဖြင့် စာအုပ်အဖြစ် ထုတ်ဝေခဲ့သည် ။

ယခု မြန်မာပြန်ဆိုထားသော The Cradle will Fall ဝတ္ထုသည် မေရီ ကလပ်၏ နောက်ဆုံးထုတ် ဝတ္ထု ဖြစ်သည် ။ မေရီကလပ်သည် ဤဝတ္ထုဖြင့် ကမ္ဘာကျော် အမျိုးသမီး လှို့ဝှက်သည်းဖို စာရေးဆရာမကြီးများ ဖြစ်ကြသော အဂါ

သာခရစ္စတီးနှင့် ဟယ်လင်မ က်အင်းနက်စ် တို့ အဆင့်ထိ တစ်ရှိန်ထိုး ရောက်ရှိသွားခဲ့သည် ။

ကမ္ဘာကျော် စာနယ်ဇင်းမျှားက ဤဝတ္ထု ကို “ဆွဲဆောင်မှု အားကောင်းလွန်းသော၊ ဇာတ်လမ်း တည်ဆောက်မှု ပညာသားပါလှ သော၊ ရင်လှိုက်သည်းဖို ခံစားရသော လက်ရာမွန်တစ်ပုဒ် ဟူ၍ ချီးကျူး ထောမနာ ပြုခဲ့ကြသည် ။

*****

≈ အခန်း (၁)

အကယ်၍ ကက်သလင်း အနေဖြင့် ပူပူနွေးနွေး အနိုင်ရလာခဲ့သော အမှုအပေါ်တွင် စိတ်ဓောက်နေခဲ့ခြင်း မရှိခဲ့ပါက သည် အန္တရာယ်လမ်း ကွေ့ကို သည် မှု အရှိန်မြင့်စွာ မောင်းနှင်မိစရာ လုံးဝ အကြောင်းမရှိ။ သို့သော် ယခုတော့ တရားခံအား ပြစ်မှုထင်ရှားကြောင်း စီရင်ချက် ချမှ တ်လိုက်သည် ကို သူမ အနေဖြင့် အကြီးအကျယ် ဝမ်းသာကျေနပ်မိပြီး စိတ်လှုပ်ရှားစွာဖြင့် ကားကို စက်ကုန်ဖွင့်၍ မောင်းနှင်မိသောကြောင့် သာ သည် အန္တရာယ်နှင့် ပက်ပင်း ဝင်တိုးမိရခြင်းဖြစ်လေသည် ။

တကယ်ဆိုလျှင် သည် အမှုတွင် သူမဘက်မှ အနိုင်ရနိုင်သော အ လားအလာ လုံးဝ မရှိသလောက် ဖြစ်သည် ။ တရားခံ အကျိုးဆောင် ရွက်နေ ရှိုင်းအော်ကွန်နားသည် နယူးဂျာစီပြည် တစ်ခွင်တွင် အလွန်ထ င်ရှားသော ထိပ်တန်းရွေ့နေကြီး တစ်ဦး ဖြစ်နေသည် ။ ထို့ပြင် တရားခံ ၏ ဖြောင့်ချက်ကိုလည်း ရုံးတော်မှ ပယ်ချခဲ့သည် ။ သည် အချက်မှာ အ မှုကို စွဲချက်တင် လျှောက်လဲရသော အစိုးရရွေ့နေ တစ်ဦးအဖို့ အလွန်အ ထိနာသော ထိုးနှက်ချက်ပင် ဖြစ်သည် ။

သို့သော် တရားခံ တက်ဒီကုတ်လင်းသည် အသက်ရှစ်ဆယ် အရွယ် အဘွားကြီး အဘီဂယ်ရောလင်းအား ဓားပြတိုက်ရင်းမှ ရက်ရက်စက်စ က် သတ်ဖြတ်ခဲ့ကြောင်းကို အစိုးရရွေ့နေ ဖြစ်သူ ကက်သလင်းက ဂျူးရီ လူကြီးများ နားဝင်အောင် အခိုင်အမာ လျှောက်လဲ နိုင်ခဲ့သောကြောင့် သာ သူမဘက်မှ အပြတ် အသတ် အနိုင်ရခဲ့ခြင်း ဖြစ်သည် ။

အသတ်ခံရသော အဘွားကြီး အဘီဂယ်၏ ညီမဖြစ်သူ အဒေါ်ကြီး မာဂရက်လည်း အမှုစစ်ရာသို့ လာရောက် နားထောင်ခဲ့သည် ။ ကက်သ

လင်း၏ လျှောက်လဲချက် ပြီးဆုံးသွားသောအခါ အဒေါ်ကြီး မာဂရက်က ကက်သလင်းအနားသို့ လျှောက် လာပြီး -

"ဝမ်းသာလိုက်တာ တူမကြီးရယ်၊ အစတုန်းက တူမကြီးကို အဒေါ် က ကောလိပ်ကျောင်းသူ ကလေး တစ်ယောက်လိုပဲ သဘောထားမိခဲ့ပါ တယ်။ ဒီအမှုကို အနိုင်ရအောင် စွမ်းဆောင်နိုင်မယ့် ရွေ့နေတစ်ယောက် လို့ လုံးဝ မထင်ခဲ့မိဘူး။ ဒါပေမဲ့ တူမကြီး လျှောက်လဲတာကို အဒေါ် နား

ထောင်ရတော့မှ အကြီးအကျယ် အံ့အားသင့်သွားမိတယ်။ တူမကြီးရဲ့ တင်ပြ ချက်တွေက တစ်ဖက်သား ထွက်ပေါက် မရှိအောင် အပိတ်အဆို့ အင်မတန် ကောင်းလှပါတယ်။ တရားခံဟာ အစ်မကြီးကို ဘယ်လော က်ထိ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တယ်ဆိုတာ ဂျူရီလူကြီးတွေ ကို ယ်တိုင် ခံစားရသလို ဖြစ်လာအောင် တူမကြီးက အချက်ပိုင်ပိုင်နဲ့ လှော် က်လဲနိုင်ခဲ့တယ်။ ဒါနဲ့ ဒီအတိုင်းဆိုရင် တရားခံဟာ ဘယ်လိုအခြေအ နေမျိုး ရောက်သွားနိုင်သလဲဟင်"

"သူက လူဆိုးစာရင်းဝင် တစ်ယောက် ဆိုတော့ တရားသူကြီးက သူ့ ကို တစ်သက်တစ်ကျွန်း စီရင်ချက်ချဖို့ တော့ သေချာပါတယ်" "ကောင်းပါလေ့ကွယ် ကောင်းပါလေ့၊ ဘုရားသခင် ကျေးဇူးပါပဲ" အဒေါ်ကြီးက မျက်နှာပေါ် စီးကျ လာသော မျက်ရည်များကို သုတ်ပစ် လိုက်ပြီးတော့မှ -

"အဒေါ်တော့ အစ်မကြီးကို တစ်သက် မတွေ့ရတော့ဘူး။ အားလုံး ပေါင်းမှ ညီအစ်မနှစ်ယောက်ပဲ ကျန်တော့တာ။ အခုတော့ တစ်ယောက် က အသေဆိုးနဲ့ သေသွားရရှာပြီ။ သူ့ခမျာ ဘယ်လောက်ထိ ဒုက္ခခံသွား ရမလဲ ဆိုတာ ငတ္ဒးတောင် မတွေးရဲတော့ပါဘူး။ ဒီလူသတ်ကောင်သာ ဘာအပြစ်မှ မရဘဲ တရားသေလွတ်သွားရင်တော့ အဒေါ် တစ်သက် ဘယ်တော့မှ စိတ်ချမ်းသာတော့မှာ မဟုတ်ဘူး " "သူ ဘယ်နည်းနဲ့ မှ မလွတ်နိုင်တော့ပါဘူး ဒေါ်ကြီး" တရားရုံးမြင်ကွင်းသည် သူမ၏ စိတ်အာရုံထဲတွင် အသစ်ပြန်ဖြစ် လာသည် ။ သူမသည် ရုတ်တရက် စိတ်လှုပ်ရှား လာပြီး လီဘာကို တ အား ဆောင့်နင်းလိုက်မိသည် ။ ကားပြေးနှုန်း ရုတ်တရက် ပြန်တက် လာပြီး အန္တရာယ်လမ်းကွေ့ကို ကမန်းကတန်းပင် ကွေ့မောင်းလိုက်သ ည် ။ ကားသည် ရေခဲဖုံး လမ်းမကြီးပေါ် တွင် သွေးရူးသွေးတန်းဖြင့် ဦး ယမ်း ပဲ့ယမ်း ပြေးလွှားလျက် ရှိသည် ။ "ဘုရား ဘုရား"

ကက်သလင်း၏ ပါးစပ်မှ သည် မှုသာ ရေရွတ်နိုင်ပြီး လက်ကိုင်ဘီး ကို တအား ဆုပ်ကိုင် ထားလိုက်သည် ။ ကားလမ်းမှာ မိုးနှင်းကြောင့် မှောင်မည်းနေသည် ။ ကားသည် လမ်းခွဲအကာအရံကို ဝင်တိုက်ပြီးနော က် လမ်းပေါ် တွင် ချာလပတ် လည်နေသည် ။

ထိုအခိုက် ခပ်လှမ်းလှမ်းမှ ကားရှေ့မီး နှစ်စုံယ်သည် သူမဆီသို့ ဦး တည်လာနေသည် ကို မြင်လိုက်ရသည် ။

သူမသည် သွေးရူးသွေးတန်း ဖြစ်သွားပြီး ကားဘရိတ်ကို တအား ဆောင့်နင်းလိုက်သည် ။ သို့သော် ကားကို လုံးဝ ထိန်းချုပ်၍ မရတော့ဘဲ လမ်းဘေးသို့ ချော်ဆင်းသွားသည် ။ လမ်းဘေးတွင် လည်း ရေခဲဖုံးနေ သည် ။ ကားသည် စက်တိစီးသမားပမာ အမြီးထောင်ရင်း ဘေးသို့ စိုက် ဆင်းသွားပြီးနောက် နောက်စောက်သော မြောင်းကြီးကို ဖြတ်ကျော်ကာ သစ်တောထဲသို့ ဝင်ရောက်

သွားသည် ။ ရှေ့တွင် အမှောင်ထုကြီးက ပိတ်ဆီးနေသည် ။ သစ်ပင်ကြီး တစ်ပင်ကို ကားဝင်တိုက်သည် ။ တစ်ကားလုံး သိမ့်သိမ့်ခါသွားသည် ။ သူမ၏ ကိုယ်သည် လက်ကိုင်ဘီးပေါ် တွင် ဟပ်ထိုးပုံကျသွား သည် ။ ပြီးတော့ နောက်သို့ ပြန်ယိုင်လာသည် ။ မှန်စမှန်ကဲ့မျှား လွင့်စဉ်လာသဖြင့် မျက် နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားလိုက်သည် ။ လက်ကောက်ဝတ်နှင့် ဒူးဆစ်မျှား ဆီစူးစူးရှရှ နာကျင်လာသည် ။ ကားတွင်း၊ ကားပြင် မီးတွေ့ လည်း အားလုံး မှတ်သွားကြပြီ။

အဝေးတစ်နေရာမှ အရေးပေါ် ကား ဥဩဆွဲသံ ကြားလိုက်ရသည် ။ ထို့နောက်တွင် တော့ တစ်လောကလုံးကို ပိန်းပိတ်သော အမှောင်ထုက ဖုံးလွှမ်းသွားတော့သည် ။

***

ကားတံခါးဖွင့်သံ ကြားလိုက်ရသည် ။ အေးမြသော လေစိမ်းက မျက် နှာကို လာဟပ်သည် ။ "ဘုရားရေ၊ ကက်သလင်း ဒီမေယိုပါလား" နားယဉ်နေသော အသံ၊ တွမ်ကော့လင်း၏ အသံ။ သူက အလွန် တော်သော ရဲသားကလေး။ လွန်ခဲ့သော အပတ်က အမှုတစ်ခုတွင် သူ သက်သေထွက်ဆို ခဲ့ရသေးသည် ။ "သူ မေ့နေတုန်းပဲ ရှိသေးတယ်၊ သတိမရသေးဘူး" ကက်သလင်းက သူမ ေမ့မြောနေတာ မဟုတ်ကြောင်း၊ အားလုံးကို သတိရနေကြောင်း ပြောရန် အားယူကြိုးစားသည် ။ သို့သော် ပါးစပ်မှ ဘာစကားမျှ ထွက်မလာ။

မျက်စိကိုလည်း လုံးဝ ဖွင့်၍ မရ။ "ဟာ . ဒီမှာ လက်မောင်းက သွေးတွေ ထွက်လာတယ်။ သွေးပြန်ကြောများ ပြတ်သွားသလား မသိဘူး"

သူတို့ က သူမ၏ လက်မောင်းကို မြှောက်ကိုင်ကြည့် ကြသည် ။ တစ် စုံတစ်ရာနှင့် တင်းတင်းကျပ်ကျပ် စည်းနှောင်လိုက်သည် ကိုလည်း သ တိရသည် ။

တခြား လူတစ်ယောက်၏ အသံကို ကြားရပြန်သည် ။ ။ "အတွင်းဒဏ်ရာလည်း ရချင် ရသွားနိုင်တယ် တွမ်။ ဝက်စ်လိတ်ခ် ဆေးရုံက ဒီနားကလေးတင်ပဲ။ ငါ လူနာတင်ကား သွားခေါ် လိုက်မယ်။ မင်း ဒီမှာ သူ့ကို စောင့်နေ၊ ဟုတ်လား"

***

သူမသည် လေထဲတွင် မျှောသလို မျောပါနေသည် ။ ငါ ဘာမှ မဖြစ်ပါဘူး။ ငါ အားလုံးကို သတိရပါတယ်။ စကားပြော လို့ မရတာ တစ်ခုတည်းပါ။ သူမ အား ချီမပြီး လူနာတင် ထမ်းစင်ပေါ် သို့ တင်ကြသည် ။ မျက်နှာပေါ် သို့ မိုးနှ

င်းတွေ့ ပက်ဖျန်းသည် ။ သူတို့ က သူ မ တစ်ကိုယ်လုံး စောင်နှင့် ဖုံးအုပ်လိုက်သည် ကို သတိပြု လိုက်မိသည်

သူမကို ထမ်းစင်နှင့် သယ်ယူလာကြသည် ။ ကားတံခါးဖွင့်သံ ကြား ရသည် ။ သူမအား ကားပေါ် သို့ တင်ကြသည် ။ တံခါးပြန်ပိတ်သံ ကြားရသည် ။ ကားစထွက်ပြီ။

ငါ သတိမမေ့ပါဘူး။ အားလုံးကို မှတ်မိနေပါတယ်။ စကားပြောလို့ မရတာဘဲ ရှိတာပါ။

တူမ၏ အသံ ပေါ် ထွက်လာသည် ။ "သူ့နာမည်က ကက်သလင်းဒီမေယို၊ အက်ဘင်တန် ရပ်ကွက်မှာ နေ တယ်။ အလုပ်က လက်ထောက် အစိုးရရှေ့နေ။ ဟင့်အင်း - အိမ်ထောင် မရှိပါဘူး။ မုဆိုးမ ဆိုပါတော့။ ကွယ်လွန်သူ တရား သူကြီး ဂျွန်ဒီမေယိုရဲ့ ဇနီးပါ"ဟုတ်ပါတယ်၊ ကွယ်လွန်သူ ဂျွန်ဒီမေယိုရဲ့ ဇနီးပါ။ အင်း .. အထီးကျ န် အဖော်မဲ့တဲ့ မုဆိုးမဘဝ၊ မုဆိုးမဘဝ၊ တယ်ပြီး အားငယ်စရာ ကောင်း ပါလား။

လောကကြီး တစ်ခုလုံး မှောင်အတိ ကျသွားပြန်သည် ။ ခဏကြာတော့ မျက်စိထဲတွင် အလင်းရောင် လက်ခနဲ ပေါ် လာသည်

"ဟာ .. သူ သတိရ လာပြီ။ သတိရ လာပြီ။ ဒါနဲ့ အသက် ဘယ် လောက် ရှိပြီလဲ မစ္စက်ဒီမေယို။ အသက် .. အသက်ကို ပြောပါ။ ဒီမေးခွန်းက မခက်ပါဘူး။ လွယ်လွယ်ကလေးပါ။ သူမက အားတင်ပြီး ဖြေလိုက်သည် ။ "နှစ်ဆယ့်ရှစ်" (သူမ လက်မောင်းတွင် စည်းထားသော သွေးထိန်းပတ်တီးကို ပြန်ခွာ လိုက်ကြသည် ။ ပြီးတော့ ဒဏ်ရာကို ချုပ်ကြသည် ။ အရေပြားကို အပ်နှ

င့် ဖောက်ချုပ်တော့ ဟန်မပျက် ကျိတ်၍ ခံနေလိုက်၏။ ထို့နောက် ဓာတ် မှန်ရိုက်ကြသည် ။ အရေးပေါ် ကုသခန်း တာဝန်ခံ ဆရာဝန်က ပြောသည် ။ "ခင်ဗျား တော်တော် ကံကောင်းတယ် မစ္စက်ဒီမေယို။ ဒဏ်ရာ နည်း နည်း ပြင်း ထန်တာ လောက်ပါပဲ။ အရိုးတွေ့ ဘာတွေ့ လုံးဝ မကျိုးပါဘူး ။ မကြာခင်မှာ သွေးသွင်း ပေးလိမ့်မယ်။ သွေးတိုးနှုန်းက အတော်က

လေး နည်းနေတယ်။ ဒါပေမဲ့ စိုးရိမ်စရာ မရှိပါဘူး။ သုံးလေးရက် အတွ င်း အားလုံး ကောင်းသွားမှာ ပါ" "ဒါပေမဲ့ တစ်ခုတော့ .."

သူမက ဆက်မပြောဘဲ နှုတ်ခမ်းကို ဖိကိုက်ထားလိုက်သည် ။ သူမ ခေါင်းထဲ ဝင်လာသော ဆေးရုံကြောက်စိတ်ကို အားတင်းပြီး ထိန်းချုပ် ထားလိုက်ရသည် ။

တွမ်က မေးသည် ။ "ဒါနဲ့ မစ္စက်ဒီမေယို၊ လိုရမည်ရှ ခင်ဗျားညီမဆီ ကျွန်တော် ဖုန်းဆ က်လိုက် ရမလား။ ညကျတော့ အိပ်စောင့်နိုင်တာပေါ့"

"အို .. နေပါစေ၊ မဆက်ပါနဲ့ တွမ်။ မော်လီက တုပ်ကွေးဖြစ်လို့ နာလ နဲထစ ရှိသေးတယ်။ သူတို့ တစ်အိမ်လုံး တုပ်ကွေး မိထားကြတာ"

သူမ အသံက တိုးလွန်းသည် ။ တွမ်က ကိုယ်ကို ကိုင်းပြီး အနားကပ် နားထောင်ယူရသည် ။

"ဒီလိုဆိုလည်း ကောင်းပြီလေ။ ဘာမှ ပူစရာ မရှိပါဘူး။ ခင်ဗျား ကားကိုလည်း ကျွန်တော်တို့ ကြည့်ပြီး ဆွဲတင်လိုက်ပါ့မယ်"

***

သူမအား ခန်းဆီးဖွင့် အရေးပေါ် ကုသခန်းတစ်ခုထဲသို့ ဘီးတပ်လှ ည်းဖြင့် တွန်းယူလာကြ သည် ။ ညာဘက် လက်မောင်းတွင် အပ်သွင်း ထားသော ပလတ်စတစ် ပြွန်မှ တစ်ဆင့် သူ့ကိုယ်ထဲသို့ သွေးတွေ့ တစ်စ က်စီ စိမ့်ဝင်နေကြသည် ။ ယခုအချိန်တွင် သူမ၏ ဦးနှောက်မှာ ကြည်ကြည်လင်လင် ရှိသွားပြီ။ ။

သို့သော် ဘယ်ဘက်လက်နှင့် ဒူးဆစ်မျှားကတော့ အတော်ကလေး နာကျင်နသေးသည် ။ တကယ်တော့ တစ်ကိုယ်လုံး နေရာအနှံ့ နာကျင် နေသည် ။ အခံရ အခက်ဆုံးကတော့ ဆေးရုံကို ကြောက်တဲ့ စိတ်။

ဆွေမျိုးသားချင်း ဆို၍ တစ်ယောက်မျှ မရှိဘဲ ဆေးရုံတွင် အထီးကျ န် နေနေရသော အဖြစ်။

သူမ၏ နဖူးပေါ် ဝဲကျနေသော ဆံပင်မျှားကို သူနာပြု ဆရာမက လ က်ဖြင့် အသာအယာ နောက်ပြန် ပွတ်ချပေးသည် ။

"မကြာခင် နေကောင်းသွားမှာ ပါမစ္စက်ဒီမေယို။ အို .. ဘာလို့ ငိုနေ ရတာလဲ ဟင်"

"ကျွန်မ မငိုပါဘူး ဆရာမ" တကယ်တော့ သူမ ငိုနေတာ အမှန်။

သူနာပြု ဆရာမက သူမအား ရေတစ်ခွက်နှင့် ဆေးတစ်လုံး ကမ်း ပေးသည် ။

"သက်သောင့်သက်သာ ရှိသွားအောင် ဒါလေး သောက်လိုက်ပါနော်"

ဆေးလုံးမှာ အိပ်ဆေးဖြစ်ကြောင်း ကက်သလင်းက အတပ်သိလိုက် သည် ။ သူမက အိပ်ဆေး မသောက်ချင်။ အိပ်ဆေးသောက်လျှင် အိပ်မ က်ဆိုး မက်မ

ည်မှာ သေချာသည် ။ သို့ပေမဲ့ သူတို့ ခွင်းတာလုပ်တာပဲ ကောင်းပါတယ်ဟု ေ တွးမိပြီး ဆေးလုံးကို ရေနှင့် မျှောချလိုက်သည် ။ သူနာပြု ဆရာမက အခန်း မီးကို ပိတ်ပစ်လိုက်သည် ။ ထို့နောက် အခန်းထဲမှ ပြန်ထွက်သွားသည် ။ တစ် ခန်းလုံး အေးစိမ့်နေသည် ။ ဆေးရုံ အဝတ်အစားတွေကလည်း အေးစက်စ ကိန့် မာတောင့်နေကြသည် ။ ငါတော့ အိပ်ပျော်သွားလျှင် အိပ်မက်ဆိုးတွေ မလွဲမသွေ မက်တော့မှာ ပဲ ဟူသော အသိဖြင့်ပင် သူမ သည် တဖြည်းဖြည်း အိပ်ပျော်သွားလေသည် ။

***

သို့ပေမဲ့ သည် တစ်ကြိမ်တွင် တော့ အိပ်မက်က ခါတိုင်းနှင့်မတူ တ စ်မူ ထူး ခြ ားနေသည် ။ သူမသည် ကလေးတွေ အပျော်စီးလေ့ရှိသော ချားရဟတ်ကြိုး တစ်ခုပေါ် ရောက်နေသည် ။ ချားကြိုးက တစ်ချိန်ထက် တစ်ချိန် မြင့်၍ မြင့်၍ တက်လာသည် ။ ခဏအကြာတွင် ချားကြိုးသည် လမ်းကွေ့တစ်ခုတွင် တစ်ပ တ်လည်သွားပြီး အောက်သို့ ပြုတ်ကျသွား တော့သည် ။

ချားနှင့်မြေကြီး မထိခင်မှာ ပင် သူမ အိပ်ရာမှ လန့်နိုးလာခဲ့သည် ။ မိုးနှင်းပေါ က်မျှားက ပြတင်းပေါက်ပေါ် သို့ တဖြောက်ဖြောက်လာကျနေကြသည် ။ သူမ သည် အိပ်ရာပေါ် တွင် ကြိုးစားပြီး ထထိုင်လို က်သည် ။ ပြတင်းပေါက်မှာ အ နည်းငယ် ဟနေသည် ။ လိုက်ကာစက တံခါးရွက်တွင် တဖျပ်ဖျပ် ရိုက်ခတ်ေ နသည် ။ အခန်းထဲ လေတိုးနေသ ည် မှာ သည် အချက်ကြောင့်ပင် ဖြစ်သည် ။

ပြတင်းပေါက်ကို သွားပိတ်မည်။ လိုက်ကာကို ဘေးသို့ ဆွဲရုပ်ထား လိုက်မ ည်။ ပြီးတော့ တစ်ရေးတစ်မော ပြန်အိပ်နိုင်အောင် ကြိုးစားကြ ည့်မည်။ မန က်ကျတော့ အိမ်ပြန်တော့မည်။

ဆေးရုံမှာ မနေချင်တော့။ သူမသည် ဆေးရုံကို မုန်းလည်း မုန်းသည် ၊ ကြော က်လည်း ကြော က်သည် ။

ပြတင်းပေါက်သို့ ဒယီးဒယိုင် လျှောက်လာခဲ့သည် ။ သူတို့ ပေးထား သော လူနာဝတ်ရုံမှာ ဒူးဆစ်လောက်သာ ရောက်သည် ။ ထို့ကြောင့် သူ မ ခြေထော က်တွေ အေးစက်နေကြသည် ။

မိုးနှင်းကလည်း တဖြည်းဖြည်း ကြမ်းလာသည် ။ စောစောကထက် မိုးရေ ပို မျှား လာသည် ။ သူမသည် ပြတင်းပေါက်တွင် မှီရပ်ရင်း အပြင် ဘက်သို့ လှ မ်းကြည့်လိုက်သည် ။ကားရပ်ရန် ကွက်လပ်တွင် မိုးရေတွေ အဆက်မပြတ် စီး ဝင်နေသည် ။

ဆေးရုံ ဒုတိယထပ်မှ ပြုတင်းလိုက်ကာကို မလျှက် အောက်ဘက်ရှိ ကားရပ်ရန် ကွက်လပ်ကို စိုက်ကြည့်နေမိသည် ။ ထိုအခိုက် အနောက် ဘက်တွင် ပစ္စည်းသယ်ရန် သီးသန့်ခန်းပါသော ကားတစ်စီး ဖြည်းဖြည်း ကလေး မောင်းဝင်လာသည် ။

ကက်သလင်းသည် ခေါင်းထဲတွင် မူးနောက်နောက် ဖြစ် လာပြီး ယို ငင်လဲတော့မလို ဖြစ်သွားသဖြင့် လိုက်ကာကို ရုတ်တရက် လှမ်းဆွဲထား လိုက်ရသည် ။ လိုက်ကာ ပြုတ်ကျသွားသည် ။ ပြတင်းပေါင်ကို လှမ်းကိုင်ထား လိုက်သည် ။ ထို့နောက် စောစောက ကားဆီသို့ ငုံ့ကြည့်လိုက်ပြန်သည် ။ အဖြူ ရောင် ရှည်မျောမျော ပစ္စည်းတစ်ခုကို ကားထဲသို့ သွင်းနေသလိုလို မြင် လိုက်မိသည် ။ စောင်တစ်ထည်လား၊ အထုပ်ကြီး တစ်ထုပ်လား။ မိုးနှင်း ထုကြားမှ ဖောက်ကြည့်နေရ၍ သဲသဲကွဲကွဲတော့ မမြင်ရ။ ဧကန္တတော့ ငါ .. အိပ်မက် မက်နေတာ ဖြစ်မယ်။

သည် အတွေးကြောင့် ရုတ်တရက် အသံထွက်၍ အော်လိုက်ချင်စိတ် ဖြစ်ပေါ်လာသည် ။ သို့ပေမဲ့ ဖျတ်ခနဲ သတိဝင် လာပြီး ပါးစပ်ကို လက်ဝါးနှင့် အုပ်ထားလိုက်သည် ။

သူမသည် ကားထဲမှ အမည်မသိ ပစ္စည်းကို မျက်တောင်မခတ် စိုက်ကြည့်နေသည် ။

ကားထဲတွင် မီးလင်းသွားသည် ။ ကားတံခါး မပိတ်မီကလေးတွင် ပ ဉ် သူမသည် လူမျက်နှာ တစ်ခုကို ထင်ထင်ရှားရှား မြင်လိုက်ရသည် ။ မိန်းမတစ်ယောက်၏ မျက်နှာ။

မိန်းမအလောင်း တစ်လောင်း၏ ကြောက်စရာကောင်းသော မျက်နှာ။

*****

နာရီနှိုးစက်က နှစ်နာရီတိတိတွင် အချိန်မှန် မြည်လာသည် ။ အချိန် မတော်အရေးပေါ် ကိစ္စမျှားကို နှစ်ရှည်လမျှား အကျင့်ရလာခဲ့သူ ဖြစ်၍ ဖျတ်လတ်တက်ကြွစွာပင် နိုးလာသည် ။အိပ်ရာမှ လူးလဲထပြီးနောက် စမ်းသပ်ခန်း ရေဇလားဆီသို့ လျှောက် လာခဲ့သည် ။

မျက်နှာကို ရေအေးဖြင့် သစ်လိုက်သည် ။ လည်စည်းကို စနစ်တကျ ပြန်စည်းသည် ။ ဆံပင်ကို သပ်သပ်ရပ်ရပ် ပြီးသည် ။ ။ ခြေအိတ်စုပ်ပြီး ရှူးဖိနပ် စီးသည် ။ ကုတ်အင်္ကျီမှာ အေးစက်နေသည် ။ သူ့မျက်နှာ ရှုံ့မဲ့သွားသည် ။ သ ည်

အက်ျိ ဝတ်သွားလျှင် အအေးမိနိုင်သည် ။ ထို့ပြင် အဖြူရောင်နှင့် နက်ပြာရောင် ကုတ်အင်္ကျီတို့ မှာ ဆန့်ကျင်ဘက် အရောင်ကွဲများ ဖြစ်၍ ရု တ်တရက် မှတ်မိသွားနိုင်သည် ။

အကောင်းဆုံးကတော့ မိုးကာအင်္ကျီပင် ဖြစ်သည် ။ သည် ရာသီတွင် ဝတ်ရိုးဝတ်စဉ်လည်း ဖြစ်သည် ။ သူသည် ခုတစ်လော အလုပ်များ ပြီး ကိုယ်အလေးချိန် တော်တော် ကျသွားသည် ။ ထို့ကြောင့် မိုးကာအင်္ကျီက သူ့ကိုယ်နှင့်လည်း ပုနေသည် ။ သို့သော် ကိစ္စမရှိ၊ ပို၍ ပင် ကောင်းသေးသည် ။ သည် အင်္ကျီနှင့် ဆိုလျှင် တစ်စုံတစ်ယောက်က သူ့ကို မြင်သွား သော်မှ လုံးဝ မှတ်မိမည် မဟုတ်။

အဝတ်ဗီရိုဆီသို့ အသွေ့ကလေး လျှောက်လာခဲ့သည် ။ ဗီရိုတံခါးကို ဖွင့်ပြီး မိုးကာအင်္ကျီကို ဆွဲထုတ်လိုက်သည် ။ မဝတ်ဘဲ ကြာနေပြီဖြစ်၍ မှုန့်များ ပင် ထုံက်နေသည် ။ မျက်နှာတစ်ချက် ရှုံ့မဲ့ကာ မိုးကာကို စွပ်ပြီး ကြယ်သီးတပ်လိုက်သည် ။

ထို့နောက် ပြတင်းပေါက်သို့ လာခဲ့သည် ။ လိုက်ကာကို ဘေးသို့ တစ် လက်မခန့် ဖွဲ့ပြီး အပြင်ဘက်သို့ ကြည့်လိုက်သည် ။ ကွက်လပ်ထဲတွင် ကားတွေ ဝေတာ်တော်များများ ရှိနေသေးသည် ။ အတော်ပါပဲ။ ဒါမှ ယင်း ကားတွေ ကြားထဲမှ သူ့ကားကို တခြားလူတွေ မမှတ်မိနိုင်မည် ဖြစ်သ ည် ။ ။

ကွက်လပ်အစွန်းသို့ လှမ်းကြည့်သည် ။ အတော် စိတ်ပျက်သွားမိသ ည် ။

ဟိုတုန်းက ယင်းနေရာတွင် မီးလုံး ပျက်နေသည် ။ ယခု မီးလုံးအသ စ် လဲထားပြီ။

သူက ကားနောက်မြီးကို မီးရောင်အောက်တွင် ထင်ထင်ရှားရှား မြင် နေရသည် ။

သူက နှတ်ခမ်းကို ဖိကိုက်ထားလိုက်သည် ။ သို့သော် ဖြစ်နိုင်စရာ နည်းလမ်းတော့ ရှိသည် ။ အခြားကားများ ၏ ဘေးရိပ်ကို ခိုပြီး သူ့ကားဆီသို့ သွားမည်။ ပြီးတော့ အလောင်းကို ကားနောက်ပိုင်း သီးသန့်ခန်းထဲသို့ မြန်နိုင် သမျှ မြန်မြန် သွင်းလိုက်မည်။

ဟုတ်ပြီ၊ အလုပ်စရန် အချိန်တန်ပြီ။

***

≈ အခန်း (၂)

ဆေးပစ္စည်း ဗီရိုကို ဖွင့်ပြီး ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည် ။ ပြီးတော့ စောင်နှင့် ခြုံထားသော အလောင်းကောင်ကို စမ်းကြည့်လို က်သည် ။ဘယ်လက်ကို လည်ပင်းအောက်ဆီသို့၊ ညာလက်ကို ဒူးဆစ်အောက် ဆီသို့ လှျို့ကာ အလောင်းကောင်ကို မလိုက်သည် ။

သူမသည် အသက်ရှိစဉ်တုန်းက ကိုယ်အလေးချိန် ပေါင် ၁၁၀ သာ လေးသည် ။ သို့သော် ယခုမူ ကိုယ်ဝန်ကြောင့် အလေးချိန် ပိုစီးနေသလို ထင်ရသည် ။

သူသည် အလောင်းကောင်ကို တနင့်တပိုး ခြုံမပြီး စမ်းသပ်ခန်း စား ပွဲသို့ သယ်ယူလာခဲ့သည် ။ စားပွဲပေါ်မှ မီးရောင်အောက်တွင် အလောင်း

ကောင်ကို စောင်နှင့် သေသေချာချာ စည်းပတ်လိုက်သည် ။ ထို့နောက် ဆေးပစ္စည်းဗီရိုဆီသို့ ပြန်လာခဲ့ပြီး ဗီရိုကြမ်းပြင်ကို စေ့ စေ့စပ်စပ် စစ်ဆေး ကြည့်ရှုသည် ။ အားလုံး ကျေနပ်သွားတော့မှ ဗီရိုကို ပြန်ပိတ်လိုက်သည် ။ ပြီးတော့ ကွက်လပ်ဘက်သို့ ထွက်သောတံခါးကို အသံမမြည်အောင် အသာလေး ဖွင့်သည် ။ စမ်းသပ်ခန်းသို့ ပြန်လာခဲ့ပြီး နောက် စားပွဲပေါ်မှ အလောင်းကို ကောက်ချီလိုက်သည် ။ အလုပ်လုပ်ရန် အချိန်မှာ စက္ကန့်နှစ်ဆယ်မျှသာ ကျန်တော့သည် ။ သည် အချိန်ပိုင်းအ တွင်း မပြီးလျှင် သူ့ဘဝ သူ့လုပ်ငန်းကြီး တစ်ခုလုံး ရေစုန်မျော ပျက်စီး သွားပေတော့မည်။

ဆယ့်ရှစ်စက္ကန့်အကြာတွင် သူသည် ကားနောက်ပိုင်းသို့ ရောက်လာ သည် ။ မိုးနှင်းပေါက်များ က သူ့ပါးပြင်ကို လာထိကြသည် ။ စောင်နှင့် ပတ်ထားသော ပစ္စည်းကလည်း တော်တော်လေး လေးသည် ။ အလေးဒဏ်ကို လက်မောင်းတစ်ဖက်ဖြင့် တောင့်ခံထားပြီး အခြားလက်တစ်ဖက်ဖြင့် ကားနောက်ပိုင်းခန်း သော့ကို ဖွင့်သည် ။ သော့ပေါက်တွင် နှင်းသီးနေသောကြောင့် သော့ပေါက်နှင့် သော့တော် တော်နှင့် တည့်တည့်မကျနိုင် ဖြစ်နေသည် ။သူက စိတ်တိုစွာဖြင့် နှင်းသီးများကို ပွတ်ပစ် လိုက်လေသည် ။ မကြာမီပင် သော့ပေါက်ထဲသို့ သော့ဝင်သွားသည် ။ ကားနောက်ခန်း တံ ခါး တဖြည်းဖြည်း မြင့်တက်လာသည် ။

ဆေးရုံ ပြတင်းပေါက်များ ဆီသို့ မော့ကြည့်လိုက်သည် ။ ဒုတိယထပ် အလယ်ခန်းမှ ပြတင်းပေါက် လိုက်ကာကို ဘေးသို့ ဆွဲချပ်ထားသည် ။

သူ့ကို တစ်ယောက်ယောက်ကများ ချောင်းကြည့်နေတာလား။ သူ့လက်က အလေးဒဏ် မခံနိုင်တော့။ သို့ဖြင့် အလောင်းကို ကား နောက်ခန်းထဲသို့ မြန်နို

ငင်သမျှ မြဲနဲ့မြဲနဲ့ထိုးထည့်၍ ဘယ်လက်ကို လွှတ် လိုက်စဉ်တွင် ရုတ်တရက် ေ
လပြင်းတစ်ချက် ဝှေ့ပြီး မျက်နှာပေါ်မှ စော ငက္ကာကျသွားသည် ။ သူက မျ
က်နှာတစ်ချက် ရှုံ့မဲ့ကာ အလောင်းကို ကားနောက်ခန်းထဲသို့ ကမန်းကတန်း
ထိုးသွင်းလိုက်သည် ။ ပြီးတော့ တံခါးကို ဆွဲပိတ်လိုက်သည် ။ ။

စောစောက စောင်ကွာကျ သွားတုန်းက လူသေမျက်နှာပေါ်သို့ မီးရောင်တစ်
ချက် ထိုးသွားခဲ့သည် ။ တစ်ယောက်ယောက်များ မြင်သွား လေပြီလား။သူက
လိုက်ကာ ဆွဲရုပ်ထားသော ပြတင်းပေါက်ကို ပြန်ကြည့်လိုက် သည် ။ အခန်း
ထဲတွင် တစ်ယောက်ယောက်များ ရှိလေသလား။ အတိအ ကျတော့ မပြောနို
င်။ တကယ်လို့ အခန်းထဲမှာ လူရှိလျှင် ပြတင်းပေါက်မှ ကြည့်၍ သူ့ကို ဘယ်
အတိုင်းအတာအထိ မြင်နိုင်ပါ့မလဲ။ နောက်တော့မှ ယင်းအခန်းထဲ ဘယ်သူ
ဘယ်ဝါ ရှိနေတယ် ဆိုတာ စုံစမ်းကြည့်ရဦးမ ည်။

သူက ကားပေါ်တက်ပြီး သော့ဖွင့်လိုက်သည် ။ ထို့နောက်တွင် တော့
ကားရှေ့မီးကို လုံးဝ မဖွင့်ဘဲ စက်ကုန်ဖွင့်ကာ တအား မောင်းထွက်လာခဲ့ေ
တာ့သည် ။

***

သူ့အနေဖြင့် သည် တစ်ညတွင်းတွင် ချက်ပင်ရိုးဗား ရပ်ကွက်သို့ နှစ် ခေါက်
တိတိ ရောက်ခဲ့သည် မှာ မယုံကြည်နိုင်စရာ ဖြစ်နေပေသည် ။ အ ကယ်၍
သာ ဗင်ကျီသည် ဒေါက်တာဖူမိတို့၏ ရုံးခန်းမှ ထွက် လာပြီးနော က် သူနှင့် မေ
တ္တ့လျှင် သည် လို ဖြစ်ရပ်မျိုး ပေါက်လာစရာ အကြောင်းရှိ မည် မဟုတ်။

သူမသည် ကြောက်စိတ်ရောဂါ စွဲကပ်နေသူတစ်ဦး ဖြစ်ပြီး သူ့ကိုမြင် တော့
ညာဘက်ခြေထောက် ထော့နင်း ထော့နင်းဖြင့် ဆင်ဝင်အောက်သို့ လျှောက်
လာခဲ့သည် ။ "ဒေါက်တာ၊ ဒီအပတ်ထဲမှာ တော့ ကျွန်မ ဒေါက်တာ့ဆီ မလာနို
င်တော့ဘူး။ ကျွန်မ မနက်ဖြန် မင်နီယာပိုလစ်ကို သွားတော့မယ်။ အဲဒီမှာ ကျွ
န်မ သွားနေကျ ဒေါက်တာဆလင်းနဲ့ သွားတွေ့မလို့ ပါ။ လိုအပ်ရင် အဲဒီမှာ ပဲ
ဆက်နေပြီး ကလေးကိုလည်း သူနဲ့ ပဲ မွေးလိုက်တော့မယ်"

"အင်း .. ဒီသူငယ်မနဲ့ လွဲသွားရင်တော့ ငါ့လုပ်ငန်းကြီး အားလုံး ပျ က်တော့မှာ
ပဲ"

သူက ယင်းသို့ တွေးမိပြီး သူမအား သူ့ရုံးခန်းသို့ ခေတ္တဝင်ရန် ဖိတ် ခေါ်သည်
။

နှစ်ယောက်သား အတန်ကြာမှ အာလာပသလ္လာပ ပြောကြပြီးတော့ သူက
သူမအား ရေတစ်ခွက် တိုက်သည် ။ နောက်ဆုံး မိနစ်ပိုင်းတွင် သူ မက အခြေ
အနေကို ရိပ်မိသွားပြီး အခန်းထဲမှ ထွက်ပြေးရန် ကြိုးစား သေးသည် ။ သူမ၏

လှပသော မျက်နှာတွင် လည်း ကြော်ကော်လန့်ခြင်း အရိပ်လက္ခဏာများ ဖုံးလွှ မ်းနေသည် ။

နောက်ဆုံးတွင် သူမသည် လုံးဝ ငြိမ်သက်သွားတော့သည် ။ တခြားလူ တစ်ေ ယာက်ယောက် မြင်သွားမှ ဖြင့် ဟူသော အတွေးက သူ့စိတ်ကို အကြီးအက ယ် ခြောက်ချားသွားစေသည် ။ ထို့ကြောင့် သူမ ၏ အလောင်းကို ဆေးပစ္စည်း ဗီရိုထဲသို့ သွင်းကာ သော့ခတ်ထားလိုက် သည် ။ ပြီးတော့ ဆက်လုပ်ရမည့် လု ပ်ငန်းစဉ်တို့ ကို ထိုင်၍ စဉ်းစားသည် ။

လောလောဆယ် ပြဿနာမှာ သူမ၏ အနီရောင်ကား ဖြစ်သည် ။ သ ည် ကား ကို ဆေးရုံကားများ ရပ်ရန်နေရာမှ အမြန်ဆုံး ဖယ်ရှားပစ်ရန်မှာ အဓိကလုပ်င နှ်း ဖြစ်သည် ။ သည် အတိုင်း ဆက်ထား လျှင် လူနာကြည့်ချိန် ကုန်လွန်ပြီးသ ည့် နောက်ပိုင်းတွင် ဆေးရုံအမှုထမ်းများ ရိပ်မိသွားနိုင်သည် ။

ချက်ပင်ရီးဗားမှ သူမ၏ အိမ်လိပ်စာကို သူ ကောင်းစွာ သိသည် ။ သူ မ၏ ခင် ပွန်းမှာ ပြည်ထောင်စု လေကြောင်းဌာနမှ လေယာဉ်မှူးတစ်ဦး ဖြစ်သည် ။ သူ သည် လေယာဉ်နှင့် ခရီးထွက်နေဆဲ ဖြစ်၍ မနက်ဖြန်မှ အိမ်သို့ ပြန်လာမည် ဟု သူမ ပြောဖူးသည် ။

သို့ဖြင့် သူမ၏ ကားနှင့် လက်ပွေ့အိတ်ကို သူမ၏ အိမ်သို့ ပြန်ပို့ရန် ဆုံးဖြတ် လိုက်သည် ။ သဘောကတော့ သူမသည် ထိုညက ဆေးရုံမှ အိ မ်သို့ တန်းပြန် လာသည် ဟု အထင်ရောက်စေရန် ဖြစ်သည် ။ ကံကောင်းချင်တော့ လုပ်ငန်း စဉ်မှာ မျှော်လင့်တာထက် ပိုလွယ်ကူနေသ ည် ။ ရာသီဥတု အခြေအနေ မ ကောင်းသောကြောင့် လမ်းပေါ် တွင် ကား အသွားအလာ အတော်လေး ပြတ်ေ နသည် ။

သည် ရပ်ကွက်မှ အိမ်များမှာ နှစ်ကျေယ် ခြံဝင်းကြီးများ ၏ အတွင်း တွင် နော က်ဘက်ကျကျ ဆောက်ထားကြသဖြင့် အိမ်ရှေ့ကားလမ်းနှင့် တော်တော်ပင် အလှမ်းဝေးကြသည် ။ သူသည် ကားကို အိမ်ရှေ့ကားဝင်လမ်းအတိုင်း မောင်း ဝင်လာခဲ့သည် ။ ။

ထို့နောက် ကားဂိုဒေါင်သော့ကို အော်တိုမက်တစ် ကိရိယာနှင့် ဖွင့်ပြီး ကားကို အထဲပြန်သွင်း ထားလိုက်သည် ။ ။အိမ်တံခါးသော့ကိုလည်း ကားသော့များ နှ င့်အတူ လွယ်လွယ်ကူကူ ပင် တွေ့ရသည် ။ သို့သော် အိမ်ထဲဝင်ရန် သော့မလို့ တော့။ ကားဂိုဒေါင် အတွင်းဘက် တံခါးနှင့် အိမ်ခန်းတို့ ဆက်ထားသော ေ ကာင့် ဖြစ်သည် ။ တစ်အိမ်လုံးတွင် နေရာအနှံ့ မီးလုံးများ ထွန်းထားသည် ။ သူသည် ခန်း မထဲမှ ဖြတ်ပြီး အိပ်ခန်းဆီသို့ ခပ်မြန်မြန် လာခဲ့သည် ။ အိပ်ခန်း မကြီးမှာ အိမ်၏ လက်ယာဘက် အစွန်းတွင် ရှိသည် ။ အိပ်ခန်းမကြီးအပြင်

အခြားအိပ်ခန်း နှစ်ခန်းလည်း ရှိသေးသည် ။ တစ်ခန်းကို ကလေးထိန်းခန်းအ ဖစ် လျာထားဟန် တူသည် ။

သည် အခြေအနေကို မြင်ရချိန်တွင် ပင် သူ့ခေါင်းထဲ စိတ်ကူးတစ်ခု ရုတ်တရ က် ဝင်ရောက် လာသည် ။ ဗင်ဂျီ သေဆုံးခြင်းကို ကိုယ့်ကိုယ်ကို သတ်သေမှုဖြ စ်အောင် အကွက်ဆင်ရန် စိတ်ကူးပင် ဖြစ်သည် ။ သူမသ ည် ကလေးထိန်းအ ခန်းကို ကြိုတင်၍ သပ်သပ်ရပ်ရပ် လုပ်ထားပြီးမှ က လေးဆုံး သွားရသည် ဆို လျှင် ယင်းအချက်သည် သူမကိုယ်သူမ သတ် သေရန် အခိုင်လုံဆုံး အကြော င်းရင်းပင် ဖြစ်လိမ့်မည်။

သူသည် အိပ်ခန်းမကြီးထဲသို့ ဝင်လာခဲ့သည် ။ ခုတင်ကျယ်ကြီးပေါ် တွင် အိပ် ရာခင်းနှင့် စောင်များ ကပိုကရို ဖြစ်နေကြသည် ။ သူမ၏ ည အိပ် ဝတ်ရုံကြီးနှ င့် အပေါ် ဝတ်ရုံများကို ဆိုဖာခုံရှည်ပေါ် တွင် တင်ထား သည် ။

သူမ၏ အလောင်းကို သည် နေရာကို ယူ လာပြီး ခုတင်ပေါ် တွင် တ င်ထားလို က်လျှင် ဘယ်လိုနေပါ့မလဲ။ သည် လုပ်ရပ်က အန္တရာယ်တော့ များ သည် ။ သို့သော် တောထဲ တစ်နေရာတွင် ပစ်ထားလိုက်တာထက်တော့ စိတ်ချရမ ည်။ တောထဲ ပစ်ထားလျှင် ရဲဘက်က တွေ့သွားပြီး စစ် လားဆေးလား လုပ် လာမှာ သေချာသည် ။သူသည် လက်ပွေ့အိတ်ကို ဆိုဖာခုံရှည်ပေါ် တွင် တင် ထားလိုက်သ ည် ။ ယခုလို ကားကို ဂိုဒေါင်ထဲ ပြန်သွင်း၊ လက်ပွေ့အိတ်ကို အိ ပ်ခန်းထဲ ပြန်ထားလိုက်တော့ ဗင်ဂျီသည် ဆေးရုံမှ အိမ်သို့ ပြန်မလာဘူးလို့ ဘယ် သူက ငြင်းနိုင်ဦးမှာ လဲ။

ထို့နောက်တော့ သူသည် ဆေးရုံသို့ လေးမိုင်ခရီးကို ခြေကျင်လျှော က်ပြီး ပြန် လာခဲ့သည် ။ သူ လုပ်ပုံက တော်တော်တော့ အန္တရာယ်များ သည် ။ လမ်းတွင် ရဲပတ္တရောင်ကားနှင့် ဝင်တိုးပြီး စစ်လား ဆေးလား လုပ် လျှင် ဘယ်လိုလုပ်ရ ပါ့မလဲ။ ယခုလို အကာလ ညအချိန်ကြီးတွင် သူ့အ နေနှင့် သည် နေရာမှာ ဘာလာလုပ်နေရတာလဲ။

သို့သော် တခြားနည်းလမ်း မရှိတော့။ ဖြစ်ချင်ရာ ဖြစ်စေတော့။ နော င်ခါလာ နောင်ခါစျေးပေါ့။

သို့ဖြင့် လမ်းမကြီးကို တတ်နိုင်သမျှ ရှောင်ကာ လမ်းကြုံလမ်းကြား မှ လျှော က်လာခဲ့ရာ ဆေးရုံသို့ ပြန်ရောက်တော့ ည ၁၀ နာရီပင် ထိုးနေပြီ။ သူသည် ဆေးရုံနောက်ပေါက် တံခါးကို ဖြတ်ပြီး ရုံးခန်းထဲသို့ ဝင်လာခဲ့သည် ။ အဝတ် အစားတွေ ရေစိုပြီး တစ်ကိုယ်လုံး ခိုက်ခိုက်တုန် နေသည် ။ ထို့နောက် အ လောင်းကို အိမ်သို့ သယ်ယူရန်ကိစ္စကို အကြံထု တ်သည် ။

၁၂ နာရီတိတိတွင် ညဆိုင်း သူနာပြုများ အလုပ်ဝင်လာကြတော့မ ည်။

ထိုအချိန် လွန်ပြီးသည့် အထိ စောင့်ရန် ဆုံးဖြတ်လိုက်သည် ။ အရေးပေါ် ဌာန မှာ ဆေးရုံ အရှေ့ဘက်ခြမ်းတွင် ရှိသောကြောင့် အ ရေးပေါ် လူနာတစ်ဦးဦး က ဖြစ်စေ၊ အရေးပေါ် လူနာ တင်လာသော ရဲ ကားက ဖြစ်စေ သူ့လုပ်ရပ်ကို သတိထားမိမည်ကို စိုးရိမ်စရာ လုံးဝ မရှိ။ သူသည် နာရီနှီးစက်ကို နှစ်နာရီတွင် ချထားလိုက်ပြီး လူနာစမ်းသပ် စားပွဲပေါ် တွင် ခြေပစ်လက်ပစ် လှဲချလိုက်သည် ။ နှီးစက်ကျချိန်အထိ တစ်ရေးလောက်တော့ အိပ်လိုက်ဦးမည်။

***

သူသည် သစ်သားတံတားကို ကျော့ပတ်ပြီး “စမ်းချောင်းလမ်းကြား” ထဲသို့ ချိုး ဝင်လိုက်သည် ။ ဗင်ကျီ၏ အိမ်သည် လက်ယာဘက်မှာ ရှိသည်

ကားရှေ့မီးကို ပိတ်ပစ်လိုက်သည် ။ အိမ်ရှေ့ ကားလမ်းထဲ ချိုးဝင်လို က်သည် ။ အိမ်နောက်ဖေးအထိ မောင်းလာခဲ့သည် ။ ကားဂိုဒေါင်ကို

ကျောခိုင်းပြီး ရပ်လိုက်သည် ။ ကားမောင်း လက်အိတ်ကို ချွတ်သည် ။ ဆေးရုံ သုံး လက်အိတ်ကို ပြန်စွပ်သည် ။ ဂိုဒေါင်တံခါးကို ဖွင့်သည် ။ ပြီးတော့ ကားနောက်ခန်း တံခါးကို ဖွင့် သည် ။စောင်နှင့် ပတ်ထားသော အလောင်းကို ချီမပြီး ဂိုဒေါင်အတွင်း တံခါးမှ တစ်ဆင့် အိမ်ထဲသို့ ဝင်လာခဲ့သည် ။ တစ်အိမ်လုံး အ ပ်ကျသံ ကြားလုမတတ် တိတ်ဆိတ်နေသည် ။

နောက်မိနစ် အနည်းငယ်အတွင်းမှာ ပင် သူ့အတွက် အားလုံး လုံခြုံ စိတ်ချ သွား နိုင်ပေတော့မည်။ သူသည် အိမ်ရှေ့ခန်းမဆောင်ကို ဖြတ်

ကျော်ပြီး အိပ်ခန်းမကြီးဆီသို့ အသာကလေး ဝင်လာခဲ့သည် ။ အလောင်းကို ခုတင်ပေါ် တင်လိုက်ပြီးတော့မှ နေသာထိုင်သာ ရှိသွားသည် ။ အလောင်းပ တ်ထားသော စောင်ကို ဆွဲခွာလိုက်သည် ။ ထို့နောက် အိပ်ခန်းအပြင်ဘက်ရှိ ရေချိုးခန်းထဲသို့ ဝင်လာခဲ့သည် ။

ဆိုင်ယာနိုက် အဆိပ်ဆေးကို ဖန်ခွက်ထဲထည့်၍ အရည်ဖျော်သည် ။ ရေနှင့် နှာနာလှုပ်ဖျော်ပြီး နောက်မှ အတော်များများကို ရေဇလားထဲ ပြန်၍ သွန်ပစ် လိုက်သည်

ရေဇလားကို သတိကြီးစွာ စင်စစ်ဆေးသည် ။ ပြီးတော့ အိပ်ခန်းထဲ ပြန်ဝင် လာခဲ့သည် ။အိပ်ရာပေါ် တွင် အဆိပ်ရည်များ ဟိုနေရာ သည် နေရာ နည်းနည်းစီ ပက်ဖျန်းလိုက်ပြီးတော့ ဖန်ခွက်ကို အလောင်းကောင်၏ လက်အနီးတွင် ချထားလိုက်သည် ။

ဖန်ခွက်ပေါ်တွင် သူမ၏ လက်ဗွေရာများ ထင်စေရန် လက်ဝါး၊ လ က်ချောင်းများ နှင့် ဖန်ခွက်ကို ထိတွေ့လိုက်သေးသည် ။ လူသေ လက်များမှာ ရေခဲစိမ်ထားသလို အေးစက်နေကြသည် ။အလောင်းပတ်ယူလာသော စောင်ကို သပ်သပ်ရပ်ရပ် ပြန်ခေါက်လို က်သည် ။

ထို့နောက် အလောင်းကို ပက်လက်အနေအထားဖြင့် အိပ်ရာပေါ်တွ င် နေရာချထားလိုက်သည် ။ အလောင်းကောင်၏ မျက်လုံးလေးတွေက ပိတ်မနေဘဲ ကြောင်ကြောင်ကြီး ပြူးကြည့်နေကြသည် ။ နှုတ်ခမ်းတွေ ကတော့ တွန့်လိမ်လျက်၊ မသေမီ အတောက်ကလေး ဝေဒနာ ခံစားသွားရ သည့် ပုံမျိုး။

သည် လောက်ဆိုလျှင် အားလုံး “အိုကေ” မှာ ပြသွားပြီ။ အားလုံး အ ဆင်ချာသွားပြီ။ ဒါနဲ့ မေ့နေတာ ဘာများ ကျန်သေးသလဲ။ ဟင့်အင်း .. ဘာမှ မ ကျန် တော့။ သော့ပါတဲ့ လက်ပွေ့အိတ်ကလည်း ဆိုဖာခုံရှည်ပေါ် ရောက်နေပြီ။ ဖန်ခွက်ထဲမှာ လည်း အဆိပ်ရည် အကပ်အသပ်ကလေး တွေ ချန်ထားပြီးပြီ။

ကုတ်အင်္ကျီက ဘယ်လိုလုပ်မလဲ၊ ဝတ်ထားရမှာ လား၊ ဒီအတိုင်းပဲ ထားခဲ့ရမှာ လား။ ဒီအတိုင်း ထားခဲ့တာက ပို၍ စိတ်ချရသည် ။ အလောင်းကောင်ကို အ ကိုင်အတွယ်များ လေ အန္တရာယ်များ လေ ဖြစ်မည်။

ဖိနပ်ကရော .. စီးထားတာ ကောင်းမလား .. မစီးဘဲ ထားတာ ကောင်းမလား ..။

ရောင်နေသော ညာဘက် ခြေထောက်တွင် စုပ်ဖိနပ် အပျော့စားကို စီးထားသည် ။ဘယ်ဘက် ခြေထောက်တွင် မူ ခြေအိတ်သာ ရှိသည် ။ ဖိနပ်မရှိ

တော့။ဖိနပ်တစ်ဖက်သည် လမ်းတွင် ကျွတ်ကျကျန်ခဲ့တာ ဖြစ်မည်။ ဘယ် နေရာမှာ လဲ။ ကားရပ်ရာ ကွက်လပ်မှာ လား၊ သူ့ရုံးခန်းထဲမှာ လား။ ဒါ မှ မဟုတ် သည် အိမ်ထဲမှာ လား။သူသည် အိပ်ခန်းထဲမှ ပြေးထွက်လာခဲ့သည် ။ သူ အလောင်းထမ်းပြီး ဝင်လာရာ လမ်းအတိုင်း ကျိုးကန်းတောင်းမှောက် လို က်ရှာသည် ။ ဖိနပ်တစ်ဖက်သည် အိမ်ထဲမှာ လည်း မရှိ၊ ကားဂိုဒေါင် မှာ လ ည်း မရှိ။ သူ သွေးရူးသွေးတန်း ဖြစ်သွားသည် ။ ကားဆီသို့ သုတ် သီးသုတ် ပျား ပြေးသွားပြီး ကားနောက်ခန်းထဲတွင် ရှာကြည့်ပြန်သည် ။ မတွေ့။

အလောင်းကို သယ်ယူလာတုန်းက ကားရပ်ရာ ကွက်လပ်ထဲတွင် ကျွတ်ကျန်ခဲ့တာ ဖြစ်နိုင်သည် ။ ရုံးခန်းထဲ ကျွတ်ကျလျှင်လည်း အသံကြားရမည်။ ဆေးပစ္စည်းဗီရိုထဲ ကျန်ရစ်တာလည်း လုံးဝ မဖြစ်နိုင်

သူမသည် ခြေထောက် ရောင်နေသောကြောင့် စီးရလွယ်သော အပျော့စား စွပ်ဖိနပ်ကိုသာ အမြဲလိုလို စီးနေခဲ့သည် ။ သည် အကြောင်း နှင့် ပတ်သက်ပြီး သူမအား ဆေးရုံမှ စာရေးမများက နောက်ပြောင်ကြ သည် ကို သူ ကြားခဲ့ဖူး သည် ။ ဟုတ်ပြီ၊ ဆေးရုံပြန်ရောက်တော့မှ ဖိနပ် တစ်ဖက်ကို ကွက်လပ်ထဲတွင် ရှာယူတော့မည်။ သူမသည် သည် ဖိနပ်မျိုးကို စီးတတ်ကြောင်း သိသူတစ်ယောက် က ကောက်ယူသွားလျ ှင် ဘယ်နှယ်လုပ်ပေါ့။ သူမ အလောင်းကိုတွဲလျှင် သည် အကြောင်းတွေ ကို တစ်ယောက်တစ်ပေါက် ပြောလာကြတော့မည်။

"သူ စီးတဲ့ စွပ်ဖိနပ်ကို ကျွန်မ ကားရပ်ကွက်လပ်ထဲမှာ တွေ့ခဲ့တယ်။ တနလာနေ့ညက သူ ဆေးရုံက အပြန်မှာ ကျွတ်ကျန်ခဲ့တာ ဖြစ်မယ်" တစ်ယောက်ယောက်က သည် လို ပြောလာလျှင် ပြောလာနိုင်သည်

သို့သော် သူမသည် ယင်းသို့ ဖိနပ်တစ်ဖက်မပါဘဲ ကားရပ်ကွက်လပ် ထဲ ေလျှာက်လာလျှင် ဖိနပ်မပါတဲ့ ခြေထောက်မှ ခြေအိတ်တွင် ရေစိုပြီး ရွံ့ဖုတ်တွေ ပေကျံလာရမည်မှာ သေချာသည် ။ သည် အချက်ကို ရဲတွေ က သတိပြု မိကောင်း ပြုမိနိုင်သည် ။ ထို့ကြောင့် ကားရပ်ကွက်လပ်ပြန်ပြီး ဖိနပ်ကို တွေ့ေအာင် ရှာရမည်။ သို့သော် ယခု လောလောဆယ် လုပ်စရာတွေ ကျန်သေးသည် ။ သူသည် အိပ်ခန်းဆီသို့ ပြန်ပြေးလာခဲ့သည် ။ အခန်းတစ်နေရာကို ဖိနပ်ဗီရိုကို ဖွင့်သည် ။ ဗီရိုထဲတွင် မိန်းမစီး ဖိနပ်မျိုးစုံ ပြန့်ကျဲနေသည် ။ အများ စုမှာ ဒေါက်မြင့်ဖိနပ်များ သာ ဖြစ်နေသည် ။ သည် လို ရာသီ၊ သ ည် လို အခြေအနေမျိုးတွင် သည် ဖိနပ်မျိုး စီးပေးလို့ လုံးဝ မဖြစ်။

ဆက်ရှာကြည့်တော့ ခုံနိမ့်ဖိနပ်တစ်ရန် တွေ့ရသည် ။ ပုံလည်း လှသ ည် ။ ကိုယ်ဝန်ဆောင် မိန်းမတွေ့ စီးလေ့ရှိသော ဖိနပ်မျိုးပင် ဖြစ်သည် ။ အများ ဆုံးတစ်ခါ နှစ်ခါလောက် စီးရသေးဟန် တူသည် ။

သူ တော်တော် ရင်အေးသွားသည် ။ ယင်းဖိနပ်တစ်ရန်ကို ယူပြီး ခု တင်ဆီသို့ ပြန်လာခဲ့သည် ။ လူသေအလောင်းမှ ဖိနပ်တစ်ဖက်ကို ချွတ် လိုက်သည် ။ သူ ယူလာခဲ့သော ဖိနပ်ကို ပြန်စီးပေးလိုက်သည် ။ ညာဘ က် ခြေထောက်က နည်းနည်းကျပ်သည် ။ သို့သော် သူက အသာအယာ ချေဖျင်းတော့ အဆင်ပြေသွားသည် ။အလောင်းကောင်မှ ချွတ်ယူလိုက်သော ဖိနပ်တစ်ဖက်ကို မိုးကာအင်္ကျီအိတ်ထဲ ထိုးထည့်လိုက်သည် ။ ထို့နောက်တော့ စောစောက ခေါက်ထားသော အလောင်းပတ် စောင်ကို ကောက်ယူပြီး ချိုင်းကြားထဲ ညှပ်ကာ အခန်းထဲမှ ခြေလှမ်းကျဲကျဲနှင့် ပြန်ထွက်လာခဲ့တော့သည် ။

***

ဆေးရုံဝင်းထဲသို့ ကားမောင်းဝင်သွားချိန်တွင် မိုးနှင်းမှာ လုံးဝ စဲသွားပြီ။ သို့သော် လေက တဟူးဟူး တိုက်၍ အရိုးစိမ့်အောင် အေးလှ သည် ။ ကားကို ကွက်လပ်အစွန်အထိ မောင်းသွားပြီး တစ်နေရာတွင် ရပ်လိုက်သည် ။

အကယ်၍ လုံခြုံရေးအစောင့် ရောက် လာပြီး တစ်စုံတစ်ရာ မေးမြန်းခဲ့လျှင် ကလေးမီးဖွားခါနီး အမျိုးသမီးတစ်ဦးက ဖုန်းဆက်ခေါ် ၍ သွားတွေ့ခြင်း ဖြစ်သည် ဟု ပြန်ပြောလိုက်မည်။ သည် အဖြေကို မကျေနပ်၍ နောက်ထပ် စစ်လား ဆေးလား လုပ်လာလျှင်တော့ ဖုန်းခေါ် သူမှာ တကယ့်အစစ်အမှန် မဟုတ်ဘဲ ဖုန်းသရဲ ဖြစ်သည် ဟု သာ အပြီ တ် ပိတ်ပြောလိုက်ရုံသာ ရှိတော့သည် ။

သို့သော် ပူစရာရှိလို့ သာ ပူရသော်လည်း သူ့လှုပ်ရှားမှုကို မည်သူမျှ မမြင်ဖို့က ပို၍ များ သည် ။ သူသည် ကွက်လပ်ထဲမှ ပန်းချီရိပ်များကို ခိုပြီး ခြေရာခံလျှောက်နေရင်း အလောင်းထုတ်စဉ်က ကားရပ်ခဲ့သော ရုံးခန်းတံခါးနား အထိ လာခဲ့သည် ။ အမှန်အတိုင်းဆိုလျှင် ဖိနပ်တစ်ဖ က်သည် အလောင်းကို ကားနောက်ခန်းထဲ သွင်းချိန်ထိ ကျွတ်ကျသွား ငစရာ အကြောင်းရှိသည် ။ သူသည် နေရာအနှံ့ တရစပ် ရှာကြည့်သည် ။ တဖြည်းဖြည်းနှင့် ဆေးရုံနားအထိ ရောက်လာသည် ။

သည် အချိန်တွင် လူနာဆောင် အားလုံးပင် မီးပိတ်ပြီး တိတ်ဆိတ် နေကြပြီ။ ဒုတိယထပ်မှ အလယ်ခန်း တံခါးပေါက်ကို ဖျတ်ခနဲ စောင်းကြည့်လို က်သည် ။ လိုက်ကာကို ပြန်စေ့ထားပြီး တစ်ယောက်ယောက် ပြန်စေ့ ထားလိုက်တာ ဖြစ်မည်။

ကိုယ်ကို ကုန်းပြီး ကျောက်ပြားခင်း လမ်းအတိုင်းပင် ပြန်လျှောက် လာခဲ့သည် ။ တစ်ယောက် ယောက်ကမျှား သူ့ကို မြင်သွားပြီလား။ စိတ် ဓာတ်လည်း ကျလာမိသည် ။ ဒေါသလည်း ထွက်မိသည် ။ ချမ်းအေးခြင်းကိုပင် သတိမရနိုင်အောင်အထိ စိတ်လှုပ်ရှားလျက် ရှိသည် ။

ဒီဖိနပ် ဘယ်မှာ မျှား ရှိပါလိမ့်။ ဒီဖိနပ်ကို တွေ့အောင် ရှာရမည်။ တွေ့မှ ဖြစ်မည်။

ထိုအခိုက် လမ်းကွေ့ကို ချိုးပြီး ကွက်လပ်ထဲသို့ ကားတစ်စီး ဝင်လာ သည် ။ ပြီးတော့ ကားကို ပြန်ကွေ့ပြီး ပြန်မောင်းထွက်သွားသည် ။ ကော န္တ အရေးပေါ်ဆောင်သို့ သွားရင်း မှားဝင်လာတာ ဖြစ်နိုင်သည် ။

သူ သည် နေရာမှ မြန်မြန် ပြန်ထွက်မှ ဖြစ်မည်။ ကြာကြာနေလျှင် အန္တရာယ်တွေ့နိုင်သည် ။ သူသည် ကိုယ်ကို ကုန်းနေရာမှ ပြန်ထလိုက်စ ဉ်တွင် ရှေ့သို့

ဟပ်ထိုးလဲသွားသည် ။သူ့လက်တစ်ဖက်က ချောနေသော ကျောက်ပြားပေါ်
လှမ်းထောက် လိုက်သည် ။

ကံကောင်းချင်တော့ သူ့လက်ဝါးက ဖိနပ်ပေါ် တည့်တည့်ကြီး သွားပြီး ထောက်မိလျက်သား ဖြစ်သွားသည် ။ ဖိနပ်ကို ကမန်းကတန်း

ကောက်ယူပြီး အိမ်သို့ ပြန်ရန် ကားဆီသို့ ခပ်သုတ်သုတ်ကလေး လျှောက်လာခဲ့သည် ။

***

နောက် ဆယ့်ငါးမိနစ်အကြာ။ မိုးကာအင်္ကျီချွတ်ပြီး အင်္ကျီခြုတ်တွင် ချိတ်လိုက်သည် ။ တံခါးနားမှ ကိုယ်လုံးပေါ်မှန်ကြီးထဲတွင် သူ့ရုပ်ကို ပြန်မြင်ရသည် ။ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည် ။

သူ့ဘောင်းဘီနှင့် အင်္ကျီများမှာ ရေစိုပြီး စွန်းပေနေကြသည် ။ ဆံပင် က ဖွာလန်ကြဲနေသည် ။ လက်တွေ့မှာ လည်း ဗုက်တွေ့ ပေကျံနေသည် ။ ပါးချောင်နားချောင်ကျပြီး မျက်လုံးတွေက ဟောက်ပက်ကြီး ဖြစ်နေ သည် ။ ခုတစ်လော မရပ်မနား အလုပ်များ ပြီး စိတ်လှုပ်ရှားမှုတွေကြောင့် သူ့ရုပ်ရည် သည်မှု ကျသွားခြင်း ဖြစ်သည် ။အပေါ်ထပ်သို့ ကမန်းကတန်း ပြေးတက်လာခဲ့ပြီးနောက် ရေမိုးချိုး ကာ အဝတ်အစား လဲလိုက်သည် ။ အိပ်ချင်စိတ် လုံးဝ မရှိ။ ထမင်းဆာ လွန်းသဖြင့် ဗိုက်ထဲက တဖြတ်ဖြတ် မြည်နေသည် ။

မီးဖိုခန်းထဲ ဆင်းလာခဲ့ပြီး ကြောင်အိမ်နှင့် ရေခဲသေတ္တာများကို ဖွင့်ကြည့်သည် ။ အိမ်ဖော် ပြင်ဆင်ထားခဲ့သော စားစရာများကို အဆင် သင့် တွေ့ရသည် ။ စားစရာ လင်ပန်းကို ယူပြီး စာကြည့်ခန်းထဲ ဝင်လာ ခဲ့သည် ။ စားပွဲတွင် ထိုင်ကာ ဝီစကီတစ်ခွက် မော့သောက်လိုက်၊ အမြည်းတစ်လုတ် စားလိုက်ဖြင့် ညဉ့်ဦးပိုင်းက အဖြစ်အပျက်များကို စားမြို့ပြန် တွေးတောနေလေသည် ။

သူသည် ပြက္ခဒိန်ကိုသာ မကြည့်မိလျှင် သည် သူငယ်မနှင့် လွဲသွားမ ည်မှာ ေသချာသည် ။ သူမသည် သည် အရပ်မှ တစ်နေရာသို့ ထွက်သွား လျှင် သူ့အနေဖြင့် ဘာမျှ လုပ်၍ မရနိုင်တော့ချေ။ သူ့လုပ်ငန်းကြီး တစ် ခုလုံး ရေစုန်မျောသွားတော့မည်။

စာရေးစားပွဲကို ဖွင့်လိုက်သည် ။ ပြီးတော့ အလယ်အံဆွဲကို ဖွင့်သည် ။ ထို့နောက် လျှို့ဝှက်အထူး ဖိုင်တွဲများ သိမ်းထားသော လျှို့ဝှက်အံဆွဲကို ဖွင့်သည် ။ မနီလာ ဖိုင်တွဲတစ်ခုကို ဆွဲထုတ်လိုက်သည် ။ ပြီးလျှင် ..

စာရွက်လွတ်တစ်ရွက် ယူပြီး နောက်ဆုံးမှတ်စုကို ဖြည့်စွက်ရေးသား သည် ။

ဖေဖော်ဝါရီ ၁၅ ရက်။

ည ၈:၄၀ အချိန်တွင် မိမိသည် ရုံးခန်းနောက်တံခါးကို ပိတ်နေစဉ် မှတ်တမ်းပါ လူနာသည် ဒေါက်တာဖူမီတိုထံမှ ပြန်လာသည် ။ မှတ်တ မ်းပါ လူနာသည် မိမိထံသို့ လာပြီး သူမသည် မင်နီယာ ပိုလစ်မြို့သို့ ပြ န်ကာ ဒေါက်တာ အင်မ က်ဆလင်းထံတွင် မီးဖွားသွားမည်ဖြစ်ကြောင်း ပြောပြသည် ။ မှတ်တမ်းပါ လူနာသည် ကြောက်စိတ်ဝေဒနာ စွဲကပ်နေသူ ဖြစ်သ ည် ။ မိမိက သူမအား အခန်းထဲသို့ ခေတ္တဝင်ရန် ဖိတ်ခေါ် သည် ။ မိမိအနေဖြင့် သူမအား ဘယ်နည်းနှင့်မျှ လက်လွှတ်မခံနိုင်။ မိမိသ ည် သူမအား ဖြစ်သည့်နည်းဖြင့် ဖျောက်ဖျက်ရတော့မည်။ အလွန်တ ရာမှ စိတ်မကောင်း ဖြစ်မိသည် ။ သို့သော် မလုပ်အဖြစ် လုပ်ရခြင်း ဖြ စ်သည် ။ ဘယ်လိုမှ မတတ်နိုင်တော့။ သို့ဖြင့် မိမိက သူမအား အမောပြော ရေတစ်ခွက်သောက်ရန် တောင်းပန်ပြီးနောက် ဆိုင်ယာနို က်အဆိပ်ဆေးနှင့် ဖျော်ထားသော ရေခွက်ကို သူမအား အတင်းသောက်ခိုင်းသည် ။ သူမသည် ၈:၅၁ နာရီတိတိတွင် သေဆုံးသွားသည် ။

သန္ဓေသား၏ သက်တမ်းမှာ ရက်သတ္တ ၂၆ ပတ် ရှိပြီ ဖြစ်သည် ။

ဤသန္ဓေသားကို ခွဲထုတ်ခဲ့လျှင် အသက်ရှင်နိုင်မည်ဟု မိမိ ယုံကြ ည်သည် ။

ဤကြောင်းနှင့် ပတ်သက်သော ဆေးမှတ်တမ်း အပြည့်အစုံကို ဤ မှတ်တမ်းဖိုင်တွဲထဲတွင် အသေးစိတ် ရေးသားထားသည် ။

ဝက်စ်လိတ်ခ်ဆေးရုံ အုပ်ချုပ်ရေးရုံး၌ ရှိသော မှတ်တမ်းများကို ဖျ က်ဆီးပစ်ပြီး ဤမှတ်တမ်းကို အစားထိုး ထားရှိမည် ဖြစ်သည် ။လက်ထဲမှ ဖောင်တိန်ကို ပြန်ချလိုက်သည် ။ ထို့နောက် မှတ်တမ်းစာ ရွက်ကို စာအိတ်ထဲတွင် ထည့်လိုက်ပြီး ဖိုင်တွဲကို ခြေတ်ပိတ်လိုက်သည် ။

ပြီးလျှင် နေရာမှ ထကာ နံရံကပ်စာအုပ်စင်ဆီသို့ လျှောက်လာခဲ့သ ည် ။ စာအုပ်တစ်အုပ် နောက်မှ ခလုတ်တစ်ခုကို နှိပ်လိုက်ရာ နံရံကပ်တံ ခါး ပွင့်သွားသည် ။ ဤသည် မှာ လှို့ဝှက်လုံခြုံခန်း ဖြစ်သည် ။ သူသည် ဖိုင်တွဲကို လုံခြုံခန်းထဲသို့ ခပ်မြန်မြန်ကလေး ထည့်လိုက်သည် ။ လုံခြုံခ န်းထဲတွင် မှတ်တမ်းစာရွက် ထည့်ထားသော စာအိတ်များမှာ တော်တော်များ နေပြီ ဆိုသည် ကို သတိပြု လိုက် မိသည် ။ မှတ်တမ်းပါ အမျိုး သမီးများ ၏ နာမည်တွေကိုပင် သူက အလွတ်ရနေသည် ။အယ်လစ်ဇာဘက်ဘာကလေ၊ အန်နာဟိုရန်၊ မော်ရိန်းကရော်လိုနှင့် လီနာအီဗန် စသော ကိုယ်ဝန်ဆောင် အမျိုးသမီးပေါင်း ခြောက်ဒါဇင်ပင် ကျော်နေလေပြီ။

သူသည် လုံခြုံ ရေးခန်းကို ပြန်ပိတ်လိုက်ပြီးနောက် အပေါ် ထပ်သို့ တ က်လာခဲ့သည် ။ ထို့နောက် အပေါ် ရုံ အက်ျီကို ချွတ်ပြီး ခုတင်ပေါ် တွင် လှဲအိပ်လိုက် သမျက်စိကိုမှတ်ပြီး သူ့လုပ်ရပ်များကို ပြန်လည် စဉ်းစားကြည့်သည် ။ လုပ်ငန်

နဲ်းတော့ ပြီးသွားပြီ။ သို့သော် .. ကိုယ်နှင့် စိတ်ကတော့ တော်တော်ပင် နွမ်းနယ် ကျန်ရစ်သည် ။

လစ်ဟင်းချက်တွေမျှား ကျန်နေသေးလား၊ တစ်ခုခုမျှား မေ့ကျန်နေ ခဲ့တာ ရှိသေးသလား။

ဖိနပ်ကိစ္စ ကျန်သေးသည် ။ မနက်ဖြန်ညကျတော့ တစ်နေရာသွားပြီး ဖိနပ်တွေ့ကို ဖျောက်ဖျက် ပစ်ရမည်။

လွန်ခဲ့သော နာရီပိုင်းအတွင်းက ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မျှား သည် သူ့စိတ်ကူးထဲတွင် ဂယက်ထနေဆဲ ဖြစ်သည် ။ ယင်းလုပ်ငန်းမျှားကို လုပ်ကိုင်နေစဉ် တုန်းက သူ့စိတ်သည် တည်ငြိမ်နေခဲ့သည် ။ ယခု လုပ်ငန်း ပြီးဆုံးသွားသော အချိန်တွင် မူ သူ့စိတ်သည် ဂနာမငြိမ် ယောက်ယက်ခ တ်လာခဲ့သည် ။

မနက်ဖြန်မနက် ဆေးရုံသွားတော့ လမ်းတွင် သူ့အဝတ်အစားမျှား ကို လျှော်ဖွပ်ရဦးမည်။ အိမ်ဖော် တီလဒါမှာ စပ်စုတတ်သူ မဟုတ်ပေမ ယ့် သူ့ဘောင်းဘီက ဗွက်တွေကို မြင်သွားနိုင်သည် ။ ပြီးတော့ အရှေ့ဘ က်ဝင်း ဒုတိယထပ် အလယ်ခန်းမှ ဝေဒနာရှင် ဘယ်သူဘယ်ဝါ ဆိုတာ ကိုလည်း သိအောင် လုပ်ရဦးမည်။ အို .. ဒါတွေကို တွေးပူနေလို့ မဖြစ်သေးပါဘူး။ လောလောဆယ် အိပ်ဖို့ က ပိုအရေးကြီးတယ်။

သူသည် ခုတင်ဘေးရှိ စားပွဲအံဆွဲကို ဖွင့်ပြီး အိပ်ဆေးပုလင်းကို ယူ လိုက်သည် ။ ပြီးတော့ ရေမပါဘဲ ဆေးတစ်လုံး မျိုချလိုက်သည် ။ အန ည်းဆုံး နှစ်နာရီလောက်တော့ အိပ်ပျော်သွားနိုင် လိမ့်မည်။

မျက်လုံးကို မှတ်ထားလိုက်သည် ။ အိပ်ဆေးတန်ခိုး ပြလာမည့် အချိန်ကို စောင့်စားနေခြင်း ဖြစ်သည် ။ ငါ့လုပ်ရပ်ကို ဘယ်သူမှ မသိပါ ဘူး။

လုံခြုံစိတ်ချရပါတယ်ဟု ကိုယ့်ကိုယ်ကို ဖြေသိမ့်သည် ။ သို့သော် ဘယ်လိုပင် သူ့ကိုယ်သူ ဖြေသိမ့်သိမ့် .. သူ့လိပ်ပြာကတော့ သူ့ကို ခြောက်လှန့်နေဆဲပင်။

*****

≈ အခန်း (၃)

"မစ္စက်ဒီမေယိုအနေနဲ့ ဝန်မလေးရင် နောက်ဘက် ဝင်ပေါက်က ပြန် ထွက်တာ ပိုကောင်းမယ် ထင်ပါတယ်။ အရှေ့ဘက် ဝင်ပေါက်မှာ နှင်း တွေ့ ခံနေတယ်။ အလုပ်သမားတွေ့ ရှင်းဖို့ လုပ်နေကြတယ်။ နောက်ဘ က် ဝင်ပေါက်မှာ ကားအဆင်သင့် စောင့်နေပါတယ်"

သူနာပြုဆရာမက ကက်သလင်းအား အိမ်ပြန်ခရီးအတွက် လမ်းညွှ န်နေသ ည် ။

"အိမ်ကို ပြန်ရမယ်ဆိုရင် ပြတင်းပေါက်ကပဲ ခုန်ထွက်ရ ခုန်ထွက်ရ ကျွန်မက ဝန်မလေးပါဘူး ဆရာမ။ ဒါပေမဲ့ စနေနေ့မှာ ကျွန်မ ဆေးရုံ ပြန်လာရဦးမှာ ကိုတော့ တွေးပြီး ကြောက်မိတယ်။ တနင်္ဂနွေနေ့မှာ ကျွ နှ်မ သာမန် ခွဲစိတ်ကု သ ခံရမယ်""ဩော် .. ဟုတ်လား"

သူနာပြု ဆရာမက လူနာမှတ်တမ်းကတ်ပြားကို ကြည့်ရင်း ပြောသ ည် ။ "ဘာရောဂါပါလိမ့်" "ကျွန်မမှာ အမွေဆီက ရတဲ့ အမွေရောဂါပဲ ဖြစ်မယ် ထင် တယ်။ ရာ သီလာတဲ့ အခါ အမြဲတမ်း သွေးသွန်တတ်တယ်"

"ဟုတ်တာပေါ့၊ အဲဒါကြောင့် ရှင့်သွေးတိုးနှုန်းက သိပ်ပြီး နည်းနေ တာကိုး။ ဒါပေမဲ့ မပူပါနဲ့ ။ ဒါက သာမန်ကိစ္စကလေးပါ။ ဒါနဲ့ ဘယ်ဆ ရာဝန်နဲ့ ကုမှာ လဲ" "ဒေါက်တာ ဟိုက်ဂလေ" "ဩော် .. သူက အတော်ဆုံး ဆရာဝန်ပဲ။ ဒီလို ဆို ရှင်က အနောက်ဘ က်ဝင်းမှာ တက်ရလိမ့်မယ်။ သူ့လူနာတွေအားလုံး အဲ ဒီမှာ ပဲ ရှိကြတယ် ။ အဲဒီက လူနာဆောင်တွေက ဇိမ်ခံဟိုတယ်အတိုင်းပါပဲ။ ဒီ မှာ တော့ ဒေါက်တာ ဟိုက်ဂလေက ထိပ်သီးဆရာဝန်ပါပဲ"

သူနာပြု ဆရာမက လူနာမှတ်တမ်းကို တစ်ချက် ကြည့်လိုက်ပြီး တော့မှ - "ညက ရှင် သိပ်ပြီး အိပ်မပျော်ဘူး ထင်တယ်" "ဟုတ်ပါတယ်၊ လုံးဝ မပျော် သလောက်ပါဘဲ"ကက်သလင်းက ဘလောက်အင်္ကျီကို ကြယ်သီးတပ်ရင်း နှာခေါင်း တစ်ချက် ရှို့လိုက်သည် ။ အင်္ကျီမှာ သွေးတွေ့ ပေနေသည် ။ ပတ် တီးစည်းထားသော လက်ပေါ် တွင် အပေါ် အင်္ကျီ လက်မောင်းက တ စ်နေသ ည် ။ သူနာပြု ဆရာမက ကူဝတ်ပေးသည် ။

နံနက်ခင်းက မိုးသားတွေ့ ဆိုင်းပြီး အေးစိမ့်နေသည် ။ သည် ဖေ ဖော်ဝါရီလ သည် သူမအတွက် ကုသိုလ်ကံ အဆိုးဆုံးလ ဟူ၍ လည်း က က်သလင်း ယူဆမိသည် ။

ကားရပ်ထားသော ကွက်လပ်ဆီသို့ လျှောက်လာစဉ် သူမ တစ်ကိုယ် လုံး ခိုက် ခိုက်တုန်နေသည် ။ သူမသည် အိပ်မက်ဆိုးကို ပြန်လည် သတိ ရနေသည် ။

အဍ်းကားဆရာက ကားကို သူမဆီသို့ ဘီးလှိမ့်လာသည် ။ ဒူးဆစ်မှ ဒဏ် ရာကြောင့် ကားပေါ် သို့ ဖြည်းဖြည်းတက်ရသည် ။ သူနာပြုဆရာမ က ဖေး မပေးရသည် ။

ဆရာမအား နှုတ်ဆက်ပြီးနောက် ကားတံခါးကို ပိတ်လိုက်သည် ။ ကားဆရာ က လီဗာကို နင်းလိုက်သည် ။ "ဘယ်သွားမှာ လဲ"

***

ကက်သလင်း ကားနှင့်ထွက်သွားသည် ကို ဆေးရုံပေါ်မှ လူတစ် ယောက်က စောင့်ကြည့်နေသည် ။ သူသည် ကက်သလင်း တက်ခဲ့သော ဒုတိယထပ် အ လယ်ခန်း ပြတင်းပေါက်မှ အသာချောင်း၍ ကြည့်နေခြင်း ဖြစ်သည် ။ စားပွဲ ပေါ် တွင် သူနာပြု ဆရာမ တင်ထားခဲ့ သော လူနာမှတ်တမ်းသည် ထိုသူ၏ လ က်ထဲသို့ ရောက်ရှိနေသည် ။ ကက်သလင်း၊ အင်၊ ဒီမေယို ၁၀-၃ဖီးလိဒ်ဝေး၊ အက်ဘင်တန်။ အလုပ်လပ်စာ - အစိုးရရှေ့နေရုံး။ ဗယ်လီကောင်းတီး။ထိုလို ပ်စာကို ဖတ်ပြီးနောက် သူသည် ကြောက်စိတ်ဝင်လာသလိုလို ခံစားလိုက်ရသ ည် ။လူနာမှတ်တမ်းတွင် သူမအား အိပ်ဆေးပြင်းပြင်း တစ်လုံး ပေးထားကြောင်း ရေးသားထားသည် ။ သူမ၏ ဆေးဝါးကုသမှုနောက်ကြောင်း ရာဇဝင် ကို ဖော်ပြရာတွင် မည်သည့် ဆေးမျှ မှန်မှန်မ စား။ အိပ်ဆေးနှင့် စိတ်ငြိမ်ဆေး မျှားကိုလည်း စားခဲသည် ဟု တွေ့ရသည် ။

ထို့ကြောင့် ယမန်နေ့ညက ပေးခဲ့သော အိပ်ဆေးသည် သူမအား တော်တော်ေ လး အစွမ်းပြခဲ့ လိမ့်မည်။ သို့သော် မှတ်တမ်းကို ဆက်ဖတ်ကြည့်သောအခါ သူမသည် နံနက် နှစ်နာရီအထိ မအိပ်သေး ဘဲ အိပ်ရာပေါ် တွင် ငုတ်တုတ်ထို င်နေပြီး စိတ်တိုနေသည် ။ အိပ်မက်ဆိုး တွေ့ မက်ကြောင်း ပြောပြသည် ဟု သူနာပြုဆရာမက မှတ်ချက်ရေး ထားသည် ကို တွေ့ရသည် ။

ပြတင်းလိုက်ကာကို ဘေးသို့ ဆွဲရုပ်ထားသည် ။ညတုန်းက သည် ပြတင်းပေါ က်တွင် သူမ ရှိနေခဲ့မည်မှာ သေချာသည် ။

သူမ ဘာတွေ့ မြင်သွားသလဲ။ ဘယ်လို အတိုင်းအတာအထိ မြင်သွားသလဲ။

အကယ်၍ သူမသည် မသက််စရာ တစ်ခုခုကို မြင်သွားခဲ့လျှင် ဒါမှ မဟုတ် အိ ပ်မက်ဆိုး မက်တာပါဟု ထင်သည် ပဲ ထားဦးတော့၊ သူမ၏ မ သက််စိတ်ကို သူမ၏ အစိုးရရှေ့နေ ဟူသော အလုပ်အကိုင်က ဆွပေးနို င်သည် ။ ထို့ကြော

ုင့် သူ့အတွက် သူမသည် အန္တရာယ်ရှိသည် ။ သူမကို သည် အတိုင်းထား၍ မ
ဖစ်တော့။

≈ အခန်း (၄)

နှစ်ယောက်သား ပခုံးချင်းထိကာ ၈၇ လမ်းမှ စားသောက်ဆိုင် စားပွဲ တွင် ကော်ဖီ သောက်နေကြသည် ။ တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင် ထားကြသည် ။ "မင်းကို ငါ သိပ်အောက်မေ့တယ် အချစ်ရယ်" "ကျွန်မလည်း အတူတူပါပဲရှင်" "ငါ့ကို အချိန်ကလေးတော့ နည်းနည်းပေးပါဦး ဂျုန်းရယ်၊ ဒီ ကိစ္စကို တို့ နှစ်ယောက် ဖြစ်အောင် လုပ်ကြမယ်။ ဖြစ်ကို ဖြစ်ရပါစေ့မယ်ကွယ်။ ကျိန်စေချင် ငါ ကျိန်ပြောပါ့မယ်"

ဂျုန်းက ခေါင်းကို ခါယမ်းလိုက်သည် ။ သူက သူမကို တစောင်း လှ ည့်ကြည့် လိုက်သည် ။

သူမ၏ မျက်နှာသည် နေထိပန်းလို နွမ်းလျနေသည် ။ တကယ်တော့ သူ မပြတ်သားလို့ ယခုလို ပြဿနာ တက်နေရခြင်း သာ ဖြစ်သည် ။ လွန်ခဲ့သော နှစ် ကတည်းက သည် ကိစ္စ ပြတ်ခဲ့ဖို့ ကောင်းသည် ။ ထိုစဉ်က သူသည် နယူးယောက်သို့ အလုပ်ပြောင်းခဲ့ရသည် ။ ထိုစဉ်ကပင် ဗင်ဂျီနှင့် ကင်းကင်းရှင်းရှင်း ပြတ်စဲခဲ့မည်ဆိုလျှင် ယခုအချိန်တွင် အားလုံး ပြေလည် ချောမောနေပြီ။ အိမ်ထောင်သက် ဆယ်နှ စ်တာ ကာလရောက်မှ ဗင်ဂျီက ကလေးလိုချင် လာသည် ။ ကလေးတစ်

ယောက် ရပြီးမှ ပြတ်စဲကြမည်ဟု သူမက မေတ္တာရပ်ခံသည် ။သူက သူမဆန္ဒ ကို လိုက်လျောမိခဲ့သည် ။ အမှန်ကတော့ အပြတ် ငြင်းပစ်ခဲ့ဖို့ ကောင်းသည် ။ ဟိုတုန်းက မပြတ်ခဲ့လို့ ယခုတော့ ရှုပ်နေရပြီ။ စိတ်ညစ်နေရပြီ။

ယခုဆို ဗင်ဂျီမှာ ကိုယ်ဝန် ရှိနေပြီ။

သူ ခရီးမထွက်မီ ကလေးတွင် ပင် ဗင်ဂျီနှင့် အကြိုးအကျယ် စကားများ ခဲ့ရ သေးသည် ။

သည် အကြောင်းတွေကို ဂျုန်းအား ဖွင့်ပြောလိုက်ရ ကောင်းမည် လား။

ဟင့်အင်း မကောင်း၊ မကောင်း။ လုံးဝ မကောင်း။ "ဒါနဲ့ မင်း တရုတ်ပြည်မှာ ဇော်တော် ပျော်ခဲ့ရဲ့ လား" သူက ခေါင်းစဉ် ပြောင်းလိုက်သည် ။ သူမ မျက်နှာ လန်းလာသည် ။ "ဟာ .. သိပ်ပျော်စရာ ကောင်းတာပဲ ခရစ်၊ ကျွန်မအဖို့ ဇော် ပျော်စ ရာ အကောင်းဆုံး ခရီးတစ်ခေါက်ပါပဲ"

သူမသည် 'ပင်အမေရိကန်' လေကြောင်းဌာနမှ လေယာဉ်မယ် ဖြစ် သည် ။ သူတို့ နှစ်ယောက် သည် လွန်ခဲ့သော ခြောက်လခန့်က ဟာဝိုင် ယီတွင်

တွေ့ဆုံပြီး ချစ်ကျွမ်းဝင်ခဲ့ကြသည် ။ ဂျွန်း၏ အလုပ်ဌာနက နှ ယူးယောက်မှာ အခြေစိုက်သည် ။ သူမသည် မင်ဟက်တန် ရပ်ကွက်တွေ အခြားလေယာဉ်မ ယ် နှစ်ယောက်နှင့်အတူ အခန်းပေါင်း ငှားနေသည်မိန်းမနှင့် ယောကျ်ား တ စ်ယောက်ကိုတစ်ယောက် မြင်မြင်ချင်း ချစ် တတ်ကြသည် ဆိုတာ တကယ်မှ နိ်ပါကလား။ သူတို့ အဖို့ တော့ တက ယ် မှန်ပါသည် ။ သူတို့ နှစ်ယောက်သ ည် ပြည်ထောင်စု လေကြောင်းဌာ နမှ ခရစ်နှင့် အလုပ်အတူ လေယာဉ်မှူး ဂျ က်လိန်း၏ ပါတီပွဲတွင် စတင် တွေ့ခဲ့ကြသည် ။ တစ်ယောက် မျက်နှာ တစ်ယောက် မြင်လျှင်မြင်ချင်း တမ်းတမ်းစွဲ ချစ်မိခဲ့ကြသည် ။

ထိုစဉ်က သူ့မှာ မိန်းမရှိကြောင်း သူမအား အမှန်အတိုင်း ဖွင့်ပြောခဲ့ သည် ။ ပြီးတော့ လက်ရှိ သူ၏ မင်နီယာ ပိုလစ်အခြေစိုက် ဌာနမှ နယူးယောက်သို့ ပြောင်းသောအခါတွင် သူ့မိန်းမကို ကင်းကင်းရှင်းရှင်း ကွာ ရှင်းပြတ်စဲမည် ဖြစ်ကြောင်းကိုလည်း သူက ရိုးသားစွာပင် ပြောခဲ့သည် ။ သည် ကြားထဲ ဗင်ဂျီက သူမမှာ ကိုယ်ဝန်ရှိနေပြီ ဖြစ်ကြောင်း သူ့ကို ပြောပြလေသည် ။ သည် လို ဖြင့် ပြဿနာမှာ တစ်ရှုပ်မှ နှစ်ရှုပ် ဖြစ်လာခဲ့ရသည် ။ "ရှင် မနေ့ညက ပြန်ရောက်တာလား" ဂျွန်းက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည် ။ "ဟုတ်တယ်၊ ချီကာဂိုမှာ တို့ အင်ဂျင် ချွတ်ယွင်းသွားလို့ လေယာဉ်အ စီအစဉ်တွေ ဖျက်လိုက်ရတယ်။ ဒါနဲ့ တို့ အားလုံး ခဏ အိမ်ပြန်ခွင့် ရကြ တယ်။ ညနေ ခြောက်နာရီလောက်မှာ ရောက်တာ။ ၅၇ လမ်းက ဟော လီးဒေး ဟိုတယ်မှာ ဝင်တည်းလိုက်ရတယ်" "ရှင် ဘာဖြစ်လို့ အိမ်ကို တန်းမပြန်တာလဲ"

"မပြန်တာက မင်းကို တွေ့ချင်လို့ ပေါ့။ မင်းနဲ့ မတွေ့ရတာ နှစ်ပတ် တောင် ရှိသွားပြီလေ။ မင်းကို ငါ သိပ်တွေ့ချင်နေတယ်။ တွေ့ကို တွေ့ရ မှ ဖြစ်မယ်။ ဗင်ဂျီက ငါ့ကို ဆယ့်တစ်နာရီ မထိုးမချင်း မမျှော်လင့်ပါဘူး ။ ဘာမှ မစိုးရိမ်ပါနဲ့ ဂျွန်းရယ်"

"ကျွန်မ တစ်ခုပြောပါရစေ ခရစ်၊ ကျွန်မ လက်တင်အမေရိက ဌာနခွဲ ကို ပြောင်းရွေ့ ဖို့ လျှောက်လွှာ တင်လိုက်ပြီဆိုတာ ရှင့်ကို ပြောခဲ့ပြီးပါပြီ ။ အဲဒါ အခု အမိန့်ကျလာပြီ။ လာမယ့် အပတ်ဆိုရင် ကျွန်မ မီယာမီကို ပြောင်းရတော့မ ယ်"

"ဒါတော့ မလုပ်လိုက်ပါနဲ့ အချစ်ရယ်၊ ကိုယ်တောင်းပန်ပါတယ်။ မပြောင်းပါနဲ့ နော်"

"မပြောင်းလို့ မဖြစ်ဘူး။ ဒါဟာ တစ်ခုတည်းသော ထွက်ရပ်လမ်းပဲ။ ဒီစကားကို ပြောရတာ ကျွန်မ စိတ်မကောင်းပါဘူး ခရစ်ရယ်။ ဒါပေမဲ့ အိမ်ထောင်သည် ယောကျ်ားတစ်ယောက် အတွက် အသုံးတော်ခံ ဖြစ်ဖို့ ဆိုတာ ကျွန်မရဲ့ ရ

ည်မှန်းချက် မဟုတ်ပါဘူး။ ကျွန်မဟာ လေလွင့်နီးပါး ဖြစ်နေတဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး"

"ဒါပေမဲ့ တို့ ဆက်ဆံရေးက ဖြူစင်ပါတယ်ကွယ်။ ဘယ်သူမှ အပြစ် မရှိပါဘူး။ ကံကြမ္မာက ဖန်ဆင်းပေးတဲ့ အဖြစ်မျိုးပါ"

"အဲဒါကို ဒီနေ့ လူ့အဖွဲ့ အစည်းက လက်ခံနိုင်ပါ့မလား။ ရှင်က ဒီစ ကားတွေကို ဖောင်လောက်အောင် ပြောပြီး နောက်တစ်နာရီအတွင်းမှာ ရှင့်မိန်းမနဲ့ အတူ အိပ်ရာဝင်တော့မယ်။ ကျွန်မပြောတာ မဟုတ်ဘူး လား။ ကျွန်မဟာ ဓမ္မဆရာတစ်ဦးရဲ့ သမီးဆိုတာ မမေ့ပါနဲ့ ခရစ်။ မိန်းမကြီး တန်းလန်းနဲ့ ယောက်ျားတစ်ယောက်။ ပြီးတော့ အဲဒီယောက်ျားရဲ့ မိန်းမကလည်း ဆယ်နှစ်လောက် စောင့်ပြီးမှ ရလာတဲ့ကိုယ်ဝန်ကြီးနဲ့ ။ အဲဒီလို ယောက်ျားတစ်ယောက်ကို ကျွန်မ ချစ်နေပါတ ယ် ဆိုရင် ကျွန်မအဖေက ဘယ်လို ပြောမလဲ။ ဘယ်လို တုံ့ပြန်မလဲ။ “ဖေ ဖေ ဝမ်းသာပါတယ် သမီးရယ်” လို့ ပြောပါ့မလား။ ရှင်ပဲ စဉ်းစားကြည့် ပါတော့"

သူမသည် ကော်ဖီခွက်ကို မော့သောက်လိုက်သည် ။ ပြီးတော့ ဆက်ပြောပြန်သည် ။ "

ပြီးတော့ ကျွန်မ တစ်ခု တွေးမိတယ်။ တကယ်လို့ ရှင်နဲ့ ကျွန်မသာ မတွေ့ခဲ့ကရင် ရှင်တို့ လင်မယား နှစ်ယောက်ကြားမှာ ဘာပြဿနာမှ မ ပေါ် လာနိုင်ဘူးလို့ ကျွန်မ စဉ်းစားမိတယ်။ ရှင်တို့ လင်မယား စိတ်ချမ်းချမ်းသာသာနဲ့ ရှေ့ခရီးကို ဆက်သွားနိုင်ကြမယ်။ အခုတော့ ရှ င်တို့ နှစ်ယောက်ရဲ့ ငြိမ်းချမ်းတဲ့ ဗိမာန်လေးကို ကျွန်မက ဝင်ဖျက်သလို ဖြစ်နေပြီ။ ရှင့်စိတ်တွေလည်း ပြောင်းကုန်ပြီ။ ရှင်က ကိုယ်လေးလက်ဝ နဲ့ ကိုယ့်မိန်းမအပေါ် စိတ်ရောက်နေရမယ့် အစား ဘာမှ မဆိုင်တဲ့ သူ စိမ်းတစ်ရဲ့ဆံ ကျွန်မအပေါ် စိတ်ရောက်နေရပြီ။ မကြာခင် မွေးလာ

တော့မယ့် ရှင့်ရင်သွေးကလေးကို ရှင် မချစ်ဘူးလား။ လင်နဲ့ မယား လွှာ နဲ့ သွားပါ ခရစ်။ ကလေးမွေးလာရင် ရှင်တို့ နှစ်ယောက် အကြားမှာ ရှိ နေတဲ့ တင်းမာမှုတွေ အားလုံး ပြေပျောက်သွားမှာ ပါ"

သူမက သူ့လက်ထဲမှ သူမ၏ လက်ကို ပြန်ရုပ်လိုက်ပြီးတော့ - "ကျွန်မ အိမ်ပြန်တော့မယ် ခရစ်။ အဲဒါပဲ အားလုံးအတွက် အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ ငလယာဉ်က ခရီးရှည်ကြီး ပြန်ခဲ့ရတာ။ ကျွန်မ သိပ်ပင်ပန်းနေတယ်။ ရှင်လည်း ရှင့်အိမ်ပြန်တာ အကောင်းဆုံးပါပဲ။

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည် ။ သူမကသူ့နဖူးကို လက်ဝါးဖြင့် အသာအယာ ပွတ်လိုက်သည် ။ သူ့နဖူးပေါ် မှ သောကအရေး

အကြောင်းများကို ပွတ်ချနေခြင်းပင် ဖြစ်သည် ။ "ကျွန်မတို့ နှစ်ယောက် ပျော်ခဲ့ကြရတဲ့ အတိတ်က နေ့ရက်တွေကို တော့ တစ်သက် မမေ့နိုင်စရာ ပါပဲကွယ်။ ဒါနဲ့ ရှင့်ကြည့်ရတာ တော် တော် ခရီးပန်းနေသလိုပဲ ခရစ်" သူက အားတင်းပြီး ပြုံးလိုက်သည် ။ "ညတုန်းက ကိုယ် ကောင်းကောင်း မအိပ်ခဲ့ရလို့ ပါ။ ဘာပဲဖြစ်ဖြစ် ကိုယ်တော့ လက်မလျှော့သေးဘူး ဂျူန်း။ ကိုယ် မိယာမီကို လိုက်ဖြစ်

အောင် လိုက်လာဦးမယ်။ မင်းကို ချစ်လွန်းလို့ ပါ။ ကိုယ်ရောက်လာတဲ့ အခါ ဘာမှ ပူပန်စရာ မရှိစေရတော့ပါဘူး။ ကိုယ့်ကို ယုံပါ အချစ်ရယ်။ အဲဒီအချိန်မှာ ကိုယ်ဟာ မင်းတစ်ယောက်တည်းအတွက် လွတ်လပ်တဲ့ လူတစ်ယောက် ြ ဖစ်နေပါပြီကွယ်"

*****

≈ အခန်း (၅)

ကက်သလင်းသည် အင့ဂားကားပေါ်မှ ဆင်းကာ ဆင်ဝင်လှေကားဆီ သို့ ခက်ခဲပင်ပန်းစွာ လျှောက်လာခဲ့သည် ။

သော့ခလောက်ထဲ သော့သွင်းပြီး တံခါးကို ဖွင့်လိုက်သည် ။ ယခုမှ ရင်ထဲ ေအးသွားတော့သည် ။ "အိမ်ပြန်လာရတာ ဘုရားသခင် ကျေးဇူးတော်ပါပဲ" ဟုလည်း တိုးတိုးကလေး ရေရွတ်လိုက်မိသည် ။

သူမသည် ဆေးရုံတွင် တစ်ည အိပ်ခဲ့ရသည် ကို တစ်လလောက် ထ င်မိသည် ။ ဧည့်ခန်းနှင့် လသာဆောင်တွင် စိုက်ထားသော ပန်းပင်မျှား ကို မြင်ရတော့သည် အိမ်ကြီးသို့ သူမ ပထမဆုံးအကြိမ် လာရောက်ခဲ့စ ဉ်က ခံစားခဲ့ရသလို ခံစားမိရသည် ။အာဖရိကန် ဝိုင်အိုလက် ပန်းအိုးတစ်လုံးကို ကောက်ကိုင်ပြီး အရွက် မျှားကို နမ်းကြည့်လိုက်သည် ။ စူးရှသော ရနံ့သည် နှာခေါင်းဝတွင် မွန် ထူသွားသည် ။

သူမ၏ တစ်ကိုယ်လုံးတွင် တောင့်တင်းကာ နှာကျင်ကိုက်ခဲနေသည် ။ မနက် အိပ်ရာထတုန်းက အခြေအနေထက်ပင် ပိုဆိုးသေးသလို ထင်ရ သည် ။

ဘာပဲဖြစ်ဖြစ် အိမ်သို့ ပြန်ရောက်လာရသည် ကိုပင် ဝမ်းသာမဆုံး ဖြ စ်မိသည် ။

အိမ်ပြန်ရောက်တော့လည်း ဂျွန်ကို သတိရမိပြန်သည် ။ ခုနေအခါ ဂျွ နှ်သာ အသက်ထင်ရှား ရှိခဲ့လျှင် ဘယ်လောက်များ ကောင်းလိမ့်မလဲ။အပေါ် ကုတ် အင်္ကျီကို ချွတ်ပြီး ဧည့်ခန်းထဲမှ ဆိုဖာခုံရှည်ပေါ် တွင် ခြေ ပစ်လက်ပစ် ထိုင်ချလိုက်သည် ။ မီးလင်းဖို စင်မြင့်ပေါ်မှ ဂျွန်၏ ပုံတူပန်းချီကားဆီသို့ မျက်လုံး ေရာက်သွားသည် ။

ဂျွန် အန်ထော်နီ ဒီမေယို။ အင်ဆက်ခရိုင်တွင် အသက်အငယ်ဆုံး ရှေ့နေကေလး တစ်ဦး။ သူတို့ နှစ်ယောက် ပထမဦးဆုံးအကြိမ် တွေ့ဆုံခဲ့ကြသည့် နေ့ကို ယ နေ့တိုင် မှတ်မိနေသေး သည် ။ ထိုစဉ်က သူသည် ဆက်တန်ဟော ဥပ ေဒကျောင်းတွင် နစ်နာမှု ဥပဒေအကြောင်းကို ပို့ချရန် ရောက်လာသည် ။ သင်တန်းပို့ချပြီးတော့ ကျောင်းသူ၊ ကျောင်းသားများက သူ့ကို ဝိုင်းပြီး မေးမြန်း ကသည် ။

"တရားသူကြီးခင်ဗျား၊ “ကောလင်းအမှု’ မှာ အယူခံကို တရားရုံးချုပ် က ပယ်ချပစ်မယ်လို့ ကျွန်တော် ထင်ပါတယ်"

"တရားသူကြီးရှင့်၊ ‘ရိုက်မှားနှင့် ရိုက်ချားအမှု” မှာ တရားသူကြီးရဲ့ ဆုံးဖြတ်ချက်ကို ကျွန်မ သဘောတူပါတယ်"

ထို့နောက် ကက်သလင်းက မေးလိုက်သည် ။ "တရားသူကြီးရှင့်၊ “ကစ်ပလင် အမှု”မှာ တရားသူကြီးရဲ့ ဆုံးဖြတ်ချ က်ကို ကျွန်မ သဘောမတူပါဘူးလို့ ပြောချင်ပါတယ်"

ဂျွန်က ပြုံးလိုက်သည် ။ "အဲဒါ မင်းရဲ့ လူ့အခွင့်အရေး တစ်ရပ်ပါပဲ မစ္စ .." "ကျွန်မနာမည် ကက်သလင်း၊ ကက်သလင်း ချာလာဟန်ပါ" ထိုနေ့က သူတို့ နှစ်ယောက် ကော်ဖီ သွားသောက်ကြသည် ။ နောက် တစ်နေ့ ညကျတော့ ဂျွန်က သူမအား နယူးယောက်မြို့ထဲမှ မွန်ဆစ်ဂနာ စားသောက်ဆိုင် ခေါ် သွားပြီး ညစာ ထမင်းကျွေးသည် ။

သူတို့ စားပွဲသို့ တယောသမားတွေ ရောက်လာတော့ ဂျွန်က “ကျွန် တော့်အိပ်မက်ထဲမှာ မြို့တော် ဗီယင်နာ” သီချင်းကို ဆိုတီးခိုင်းသည် ။ သူ ပါးစပ်ကလည်း အချို့စာသားများကို တိုးတိုးကလေး လိုက်ဆိုနေသ ည် ။ သီချင်း ဆုံးသွားတော့ သူက မေးသည် ။ "မင်း ဗီယင်နာမြို့ကို ရောက်ဖူးသလား ကက်သလင်း"

"ကျွန်မ ကျောင်းလေ့လာရေး ခရီးနဲ့ ဘာမူဒါကို တစ်ခေါက် ရောက် ဖူးတာက လွဲပြီး ဘယ်မှ မရောက်ဖူးပါဘူး။ အဲဒီတုန်းက မိုးကြိုးလိုက် တာ မပြောပါနဲ့ တော့၊ လေးရက်လုံးလုံး ဆက်တိုက် ရွာတယ်" "တစ်နေ့ကျတော့ မင်းကို ငါ နှိုင်ငံခြား ခေါ် သွားမယ်။ ဒါပေမဲ့ ပ ထမဆုံးတော့ အီတလီကို ပြရမှာ ပဲ။ အင်မတန် လှတဲ့ နိုင်ငံတစ်နိုင်ငံပေါ့။

စားသောက်ပြီးတော့ သူက သူမအား အဆောင်အထိ လိုက်ပို့ပေးခဲ့ သည် ။

ကက်သလင်း ကားပေါ် မှ အဆင်းတွင် သူက ပြောလိုက်သည် ။ "မင်းရဲ့ မျက်လုံးပြာကလေးတွေက သိပ်ပြီး ချစ်စရာ ကောင်းတာပဲ။

ငါ့အဖို့ တော့ ကြည့်လို့ မဝအောင်ပါဘဲ။ အသက် ဆယ့်နှစ်နှစ် ကွာခြား တာဟာ ဘာမှ ပြဿနာမဖြစ်နိုင်ဘူးလို့ ငါ ထင်မိတယ် ကက်သလင်း။ မင်းကရော ဘယ်လို သဘောရသလဲဟင်"

ထိုနေ့မှ နောက် သုံးလမြောက်သောနေ့တွင် သူမ ဥပဒေကျောင်းမှ ဘွဲ့ ရသည် ။ သူနှင့်လည်း လက်ထပ်လိုက်သည် ။

***

သည် အိမ်ကြီးတွင် ဂျွန် ကြီးပြင်းခဲ့သည် ။ သည် အိမ်ကြီးကို ဂျွန်ထံမှ တစ်ဆင့် သူမ အမွေရခဲ့သည် ။ "ဒီအိမ်ကြီးကို ငါ သိပ်ပြီး သံယောဇဉ် ကြီးတယ် က က်သလင်း။ ဒါ ပေမဲ့ အိမ်ကြီးက ကြီးလွန်းတော့ မင်းအနေနဲ့ ခပ်သေးသေး အိ မ်တစ် လုံးလောက်တော့ လိုအပ်မယ် ထင်တယ်"

"ဒီမယ် အစ်ကိုကြီး၊ ကျွန်မဟာ “ကွင်းစ်’ မြို့က သုံးခန်းတဲ့ တိုက်ခန်း မှာ နေ လာခဲ့ရတဲ့ လူပါ။ အိပ်ရတာကလည်း ဧည့်ခန်းထဲက ကုပ်ပျစ် လေးပေါ် မှာ ၊ ကျွန်မအနေနဲ့ “ကိုယ်ပိုင်လွတ်လပ်မှု” ဆိုတဲ့ စကားလုံးကို အဘိဓာန်စာအုပ် ထဲမှာ ပဲ ကြည့်ယူရမလို ဘဝမျိုးပါ။ ကျွန်မ ဒီအိမ်ကြီး ကို တကယ်ချစ်တယ် အစ်ကိုကြီးရယ်၊ ဘယ်မှ မပြောင်းပါရစေနဲ့ နော်" "ဒီစကား ကြားရတာ အစ် ကိုကြီး ဝမ်းသာပါတယ် ကလေးရယ်" သည် လိုနှင့် သူတို့ ဇနီးမောင်နှံသည် တစ်ဦးကိုတစ်ဦး ငုံထားမတတ် ချစ်ခဲ့ကြသည် ။ သူတို့ နှစ်ယောက်မှာ အချစ် ဆုံး လင်မယားလည်း ဖြစ်၍ အချစ်ဆုံး မိတ်ဆွေများ လည်း ဖြစ်ခဲ့ကြသည် ။ တစ်ခါတွင် သူမ က လင်တော်မောင်အား သူမ မကြာခဏ မက်လေ့ရှိသော အိပ်မက်ဆိုး အကြောင်းကို ပြောပြသည် ။ ။

"ကျွန်မဟာ ညညကျ မကောင်းတဲ့ အိပ်မက်ဆိုးတွေ မြင်မက်တတ် တယ် အစ် ကိုကြီးရယ်။ အဲဒီလို အိပ်မက်တွေ မက်တော့ မကောင်းဆိုးဝါးလို အော်ဟစ်ပြီး လန့်နိုးလာတတ်ပါတယ်။ ဒီအကျင့်ဟာ ကျွန်မ ဖေဖေ ဆုံးပြီးကတည်းက စခဲ့တာပဲ။ အဲဒီတုန်းက ကျွန်မ ရှ စ်နှစ်သမီးပဲ ရှိသေးတယ်။ ဖေဖေဟာ ပထမ အကြိမ် နှလုံးရောဂါ ဖြစ်လို့ဆေးရုံတက်ရတယ်။ မကြာခင်မှာ ပဲ ရောဂါကောင်းသွားပါတယ်။ နောက်တစ်ကြိမ် ပြန်ဖြစ်တော့ ဆေးရုံ ပြန်တက်ရတယ်။ တစ်နေ့တော့ ရော ဂါဖောက် လာပြီး သွေးရူးသွေးတန်းနဲ့ လူခေါ် ခေါင်းလောင်းကို အဆက် မပြတ် နှိပ်နေတယ်။ ဒါပေမဲ့ သူ့အခန်းထဲ ဘယ်သူမှ ဝင်မလာကြဘူး။ တော်တော်ကြီး ကြာတော့မှ သူနာပြု ဆရာမ တစ်ယောက် ရောက်လာတယ်။ အဲဒီအချိန်မှာ ဖေဖေက အသက်မရှိတော့ပါဘူး" "အဲဒီအချိန်ကစပြီး မင်းက အိပ်မက်ဆိုးတွေ မက်ခဲ့တယ် ဆိုပါတော့

"ဟုတ်ပါတယ်၊ အဲဒီအချိန်က စခဲ့တာပါပဲ။ ဖေဖေ့ခမျာ ဆေးရုံပေါ် မှာ တစ်ယောက်တည်း အသက်ပျောက် သွားခဲ့ရတာကို လူ တွေက ကြင်နာစိတ်နဲ့ သတိရတိုင်း ခဏ ခဏ ပြောကြပါတယ်။ ဒီအဖြစ်ကို ကျွန်မဟာ တစ်သက် မမေ့နိုင်တော့ပါဘူး။ ကျွန်မ စိတ်ထဲ စွဲသွား သလိုပါပဲ။ ကျွန်မဟာ အိပ်မက်မက်တဲ့ အခါ ဆေးရုံပေါ် မှာ တစ်ခန်းဝင် တစ်ခန်းထွက်ပြီး ဖေဖေ့ကိုပဲ လျှောက်ရှာနေတယ်။ ကျွန်မ မျက်မှန်းတန်းမိတဲ့ လူတွေရဲ့ မျက်နှာကို ကြောင်ပြီး စိုက်ကြည့်နေမိတယ်။ သူတို့ က ဆေးရုံ ခုတင်ပေါ် မှာ စန့်စန့်ကြီး အိပ်ပျော်နေကတယ်။

တစ်ခါတလေ ကျောင်းတုန်းက သူငယ်ချင်းတွေရဲ့ မျက်နှာကို တွေ့ ရတယ်။ တစ်ခါတလေ တော့လည်း ဆွေမျိုးတွေ၊ အို .. အစုံပါပဲ။ တစ်ခါ မှ မမြင်ဖူးတဲ့ သူစိမ်းတွေရဲ့ မျက်နှာကိုတော့ အိပ်မက်ထဲမှာ တစ်ခါမှ မမြင်ရပါဘူး။ ဖေဖေ ဟာ ကျွန်မကို သိပ်ချစ်တယ်။ ကျွန်မကို သူ သိပ် တွေ့ ချင်မှာ ပဲ။ နောက်ဆုံးတော့ ကျွန်မ သူနာပြု ဆရာမ တစ်ယောက်ကို လှမ်းမြင်လိုက်တယ်။ သူ့ဆီ ကမန်းကတန်း ပြေးသွားပြီး .. ၊

ကျွန်မ ဖေဖေ ဘယ်မှာ လဲ၊ ဖေဖေ ဘယ်မှာလဲ ဆိုပြီး မေးလိုက်တ ယ်။ ဆရာမက ပြုံးပြီး ဘာပြန်ပြောသလဲ ဆိုတော့ “အို .. မင်းဖေဖေလား ၊ သူက မရှိတော့ဘူးလေ။ သူ သေသွားပြီ သမီးရဲ့ ။ လူတွေက တစ်နေ့

တော့ အားလုံး သေကြရမှာ ပဲ သမီး။ မင်းလည်း တစ်နေ့ကျတော့ ဆေး ရုံမှာ ပဲ သေရမှာ ပေါ့” ဆိုပြီး ပြန်ပြောတယ် အစ်ကိုကြီးရယ်" "အင်း ... မင်းအဖြစ် က တကယ့် သနားစရာ ပါပဲလားကွယ်"

"အသိဉာဏ်ရှိတဲ့ လူတစ်ယောက်အနေနဲ့ ဒီအဖြစ်မျိုးကို ဖြစ်တဲ့ နည်းနဲ့ စိတ် ထဲက မောင်းထုတ်ပစ်ရမယ် ဆိုတာ ကျွန်မ သဘောပေါက် မိပါတယ်။ ဒါပေ မဲ့ ဆေးရုံတက်ရမယ့် အဖြစ်ကိုတော့ ကျွန်မ အရိုးစိမ့် အောင် ကြောက်မိတယ် အစ်ကိုကြီးရယ်" "ဒီအတွက် မစိုးရိမ်ပါနဲ့ ကွယ်၊ အဲဒီစိတ်တွေ ကင်းရှင်းသွားရေ အောင် အစ်ကိုကြီး ကူညီပါ့မယ်။ အရေးကြီးတာကတော့ ဒီအကြောင်း လုံးဝ မ တွေးမိအောင် ကြိုးစားနေဖို့ ပါပဲ"

"ကျွန်မဟာ ဖေဖေ့ကို သိပ်ပြီး ချစ်ပါတယ်။ ဖေဖေကလည်း ကျွန်မ ဆိုရင် အ သည်းစွဲပါပဲ။ အစ်မကြီး မော်လီက ဆယ့်ခြောက်နှစ်သမီး ဆိုတော့ သူ့ရည်း စား ဘိလ်နဲ့ ပဲ တစ်တွဲတည်း တွဲနေတယ်။ ဒါကြောင့်လ ည်း ဖေဖေ သေ သွားပေမယ့် သူက ကျွန်မလောက် မခံစားရတာပေါ့။ ဖေဖေသာ သက်ဆိုးရှ ည်ခဲ့ရင် ကျွန်မ ဘွဲ့ယူတာကိုလည်း မြင်သွားရမှာ ပါပဲ။ ဖေဖေရှိတုန်းက သား အဖနှစ်ယောက် ညစာ အတူထွက်စားကြ တာကို ကျွန်မ ခဏခဏ သတိရနေ မိတယ်"

"ကဲ ဒါတွေ တွေးပြီး ပူမနေပါနဲ့ တော့။ မင်းစိတ်ထဲ စွဲနေတဲ့ အဲဒီ ပူဆွေးစိတ်တွေကို ငါ ဆွဲနုတ်ပေးမယ်၊ ဟုတ်လား" "ကောင်းပါပြီတဲ့ တရားသူကြီးမင်းရှင့်" နှစ်ယောက်သား ကြည်နူးစွာ ရယ်လိုက်ကြသည် ။

***

ကြင်စဉ်း ဇနီးမောင်နှံ နှစ်ဦး အိတလီသို့ ပျားရည်ဆမ်း ခရီး ထွက်ပြီး အနှံ့အပြား လှေကားလည်ခဲ့ကြသည် ။ ထိုစဉ်က ဂျွန်မှာ အင်ဆ က်ခရိုင်တွင် တရား

သူကြီး တစ်ဦးအဖြစ် အမှုထမ်းနေပြီး ကက်သလင်း က ဗယ်လီခရိုင် တရား သူကြီး ရုံးတွင် စာရေးမ ဝင်လုပ်နေသည် ။

ခွက်ရက်စေ့တော့ အိမ်ပြန်ခဲ့ကြသည် ။ ၊ နောက်တစ်လအကြာတွင် ဂျွန် ဆေးရုံတက်ရသည် ။ တစ်ညအိပ် စ မ်းသပ် စစ်ဆေးမှုအတွက် ဆိုပြီး ဆေးရုံ တက်ခဲ့သော်လည်း နောက်ထပ် ဆင့်ပွား စမ်းသပ်မှုအတွက် ဆေးရုံတွင် သုံးရ က်တိတိ နေခဲ့ရသည် ။

တစ်ညနေ ကက်သလင်း ဆေးရုံသွားတော့ ဂျွန်က ဓာတ်လှေကားမှစောင့်နေ သည် ။ သူ့ ရုပ်သွင်က အနီရောင် ဆေးရုံဝတ်ကြီးနှင့် တစ်မျိုး ခုံ့ ညားနေသလို ထင်ရသည် ။ ။ သို့သော် သူ့ မျက်နှာပေါ် က အပြုံးကတော့ နွမ်းလျသော အ ပုံး။ ကက်သလင်းက သူ့ အနီးသို့ အပြေးကလေး လှေကားသွားသည် ။ သူက ခရီးရောက်မဆိုက် အမင်္ဂလာသတင်းကို တဲ့ တိုးကြီး ဆီးပြော လိုက်သည် ။ "တို့ တွေ့ လှလှကြီး ဒုက္ခတွေ့ကြပြီကွယ်" သူမက ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသ ည် ။ သို့သော် ဘာမှ ပြန်မပြောဘဲ သူ့ အခန်းထဲ ဝင်လိုက်လာခဲ့သည် ။

"ရောဂါက အသည်းကင်ဆာတဲ့ ၊ နှစ်ဖက်စလုံးမှာ အမြစ်တွယ်နေပြီ ၊ ငါတော့ ဆေးလိပ် မသောက်ရတော့ဘူး"

နှစ်ယောက်သား မချိပြုံး ပြုံးလိုက်ကြသည် ။ သည် လိုနှင့် ..အသက် ၃၈ နှစ်ပ င် မပြည့်တတ်သေးသော အင်ဆက်ခရိုင် အထက် တန်း တရားသူကြီး၊ နယူး ဂျာစီ ပြည်နယ် ရှေ့နေများ အသင်း ဥက္ကဋ္ဌ

ဟောင်း ဂျွန်အန်ထော်နီ ဒီမေယိုမှာ နောက်ခြောက်လ အကြာတွင် ကင် ဆာ ရောဂါဖြင့် သေဆုံးစေဟူသော သေမင်း၏ စီရင်ဆုံးဖြတ်ချက်ကို ခံ လိုက်ရလေ သည် ။

သူ့အဖို့ အာမခံလည်း မရ။ အယူခံပိုင်ခွင့်လည်း လုံးဝ မရှိပါပေ။ သို့သော် သူက ဆေးရုံတွင် ဆက်နေဖို့ လုံးဝ စိတ်မကူး။ "သေရတော့မယ့် အတူတူ အ လုပ်လုပ်ရင်း သေတာက ပိုကောင်းပါတယ်။ ငါ့ကို ကတိတစ်ခုတော့ ပေးပါ။ မင်းအနေနဲ့ သင့်တော်တဲ့ ယော ကျ်ားတွေ့ရင် နောက်အိမ်ထောင် ထပ်ပြုပ့ါမ ယ် ဆိုတဲ့ ကတိကိုတော့ ပေးစေချင်တယ်ကွယ်"

"တစ်နေ့နေ့တော့ ဖြစ်ချင် ဖြစ်လာပါလိမ့်မယ်။ ဒါပေမဲ့ လွှယ်တော့ မလွှယ်ပါ ဘူး"

"ဒီစကား ကြားရတာ အစ်ကိုကြီး ဝမ်းသာပါတယ်ကွယ်။ ဒီကြားထဲ မှာ တို့ နှ စ်ယောက် ပျော်ပျော်ပဲ နေသွားကြတာပေါ့နော်"

***

သူတို့ နှစ်ယောက်အတွက် ပျော်ရမည့် ရက်မျှားကို လက်ချိုးရေတွက် ကြ၍ ရေနုပြီ ဖြစ်သည့် အချိန်မှာ နှစ်ယောက်သား ပျော်ပျော်ပင် နေနေကြသည် ။ တစ်နေ့တော့ သူသည် ရုံးမှ ပြန်ရောက်ရောက်ချင်း ဆို င်းမဆင့် ဗုံမဆင့် "အချိန်တော့ ရောက်ပြီ ထင်တယ်ကွယ်" ဟု ပြောလာ သည် ။

ထိုအချိန်တွင် ကင်ဆာမှာ တစ်ကိုယ်လုံး ပျံ့သွားပြီ။ နာကျင်မှုကလည်း တစ်ချိန်ထက် တစ်ချိန် ဆိုးရွားလာသည် ။

သို့ဖြင့် ဆေးရုံတက်လိုက်ရသည် ။ ကက်သလင်းသည် အိပ်မက်ဆိုး ပြန်မက်လာပြန်သည် ။ ရက်ခြားလိုလို မက်လာသည် ။ ဂျွန်သည် ဆေးရုံ တွင် သုံးလေးရက်လောက် ဓာတ်ကင်ပြီး ပြန်ဆင်းလာသည် ။ ကက်သလင်းက သူ့ကို အချိန်ပြည့် ပြုစုနိုင်အောင် အလုပ်မှ နုတ်ထွက်လိုက်သည် ။

"ဖလော်ရီဒါက မင်းအမေ ခေါ်လိုက်ရင် ကောင်းမယ် ထင်တယ်။ နို့ မဟုတ်ရင် မင်းတစ်ယောက်တည်း ပျင်းနေလိမ့်မယ်"

"နေပါစေ၊ ကျွန်မ မပျင်းပါဘူး။ ကောလိပ် မသွားခင်အထိ ကျွန်မ မေမေနဲ့ အတူနေခဲ့တာပဲ။ ဒါလောက်ဆို တော်ပါပြီ။ ပြီးတော့ မေမေက ဖလော်ရီဒါ ပြည်နယ်ကို သိပ်ချစ်တာ။ ဒီကို လာချင်မှာ မဟုတ်ပါဘူး"

"ဒီလိုဆိုလည်း ကောင်းပြီလေ။ မော်လီနဲ့ ဘီလ်တို့ လင်မယား နီးနီး နားနားမှာ ရှိတာ ဝမ်းသာစရာပါပဲ။ ငါ တစ်ခုခု ဖြစ်သွားရင်လည်း သူ တို့ က မင်းကို စောင့်ရှောက်ကြမှာ ပေါ့။ မင်းကလည်း ကလေးတွေနဲ့ နေရတာ ပျော်တယ် မဟုတ်လား"

မော်လီ၏ ခင်ပွန်း ဘီလ်ကနေဒီမှာ အရိုးကုဆရာဝန် ဖြစ်သည် ။ သူ တို့ တွင် သားသမီး ခြောက်ယောက် ရှိသည် ။ ကက်သလင်းနှင့် ဂျွန်တို့ လက်ထပ်သည့်နေ့က "ကျွန်တော်တို့ လင်မယားက ကလေးခုနစ်ယော က်အထိ မွေးမှာဗျ" ဟူ၍ ဂျွန်က ကြွားခဲ့သေးသည် ။

ဂျွန်သည် ရောဂါသည်းလာသဖြင့် ဆေးရုံတက်ရပြန်သည် ။ သူ့ရော ဂါက ကျမ်းနေပြီ။ လူလည်း အလွန်အားနည်းနေပြီ။ သို့ပေမဲ့ သူက ဇနီး သည် အား စကားတွေ အဆက်မပြတ် တတွတ်တွတ် ပြောနေသည် ။ နောက်ဆုံး မေ့မြောသွားတော့မှ သူ့ပါးစပ် ပိတ်သွားတော့သည် ။

သူတို့ နှစ်ယောက်စလုံးက အိမ်မှာ ပင် ခေါင်းချရလိမ့်မည်ဟု မျှော် လင့်ခဲ့ကြသည် ။ သို့သော် ထိုညဦးပင် ဂျွန်သည် ဆေးရုံတွင် ကွယ်လွန်သွားခဲ့သည် ။ နောက်တစ်ပတ်တွင် ကက်သလင်းသည် အစိုးရ ရှေ့နေရုံးသို့ လက်

ထောက် အစိုးရ ရှေ့နေအဖြစ် ခန့်ထားရန် လျှောက်လွှာ တင်လိုက်သည် ။ ချက်ချင်းပင် အလုပ်ရသည် ။ သူမ၏ စိတ်ကူး မှန်သွားသည် ။ အစိုးရ ရှေ့နေရုံးတွင် အစဉ်အဆက် အမှုထမ်း နည်းလာခဲ့သဖြင့် သူမအဖို့ လ က်မလည်နိုင်အောင် အလုပ်တွေ ပုံနေသည် ။ ခင်ပွန်းဆုံး၍ စိတ်ညစ်နေ ဖို့ အချိန်မရတော့ဘဲ အလုပ်ထဲတွင် သာ စိတ်ရောက်နေတော့သည် ။

တစ်နည်းအားဖြင့် သူမအတွက် အလုပ်သည် သာ အကောင်းဆုံး ဆေးနည်း ြ ဖစ်နေသည် ။ တစ်ကြိမ်ထက် တစ်ကြိမ် ခက်ခဲသော အမှုကြီးမျာ းကို ကိုင်လာပြီး စိတ်ကို တခြားမရောက်အောင် စူးစိုက် ထားနိုင်ခဲ့သည် ။ သူမသည် မိမိဘဝကို ဖျက်ဆီးနိုင်သော သောကစိတ် ကို တိုက်ခိုက်ရင်း တစ်ဖက်ကလည်း လူသားတိုင်းအား ဘဝပျက်စေနိုင်သော မတရားမှုမျာ းကို တိုက်ခိုက်နေရသည် ဟု ထင်မိသည် ။ ယင်းသို့ ဖြစ်ရသည့် အတွက်လည်း မိမိကိုယ်မိမိ ကျေနပ်မိသည် ။ (သူမသည် ဂျွန်ထံမှ အမွေရလိုက်သော အိမ်ကြီးတွင် ပင် ဆက်လက် နေထိုင်ခဲ့သည် ။

ဂျွန်ကလည်း သေတမ်းစာတွင် သူမအတွက် ထိုက်ထိုက်တန်တန် အ တွင်း၊ အပြင် ပစ္စည်းတွေ အမွေပေးထားခဲ့လေသည် ။

သို့သော် တစ်နှစ်လျှင် ဝင်ငွေ နှစ်သောင်းနှစ်ထောင်ရှိသော ၂၈ နှစ် အရွယ် မိန်းကလေး တစ်ယောက် အနေဖြင့် ငါးကျပ်သော ခြံကြီးထဲ က နှစ်သိန်းခွဲတန် အိမ်ကြီးထဲတွင် တစ်ကိုယ်တည်း နေနေရတာက

တော့ မသင့်လျော်လှဟု သူမက ထင်မိသည် ။ မော်လီနှင့် ဘီလ်တို့ က လည်း သည် အိမ်ကြီးကို ရောင်းပစ်ရန် အမြဲလိုလိုပင် တိုက်တွန်းနေသ ည် ။ "ဒီအတိုင်းသာ နေနေရင် မင်းအနေနဲ့ ဂျွန်ကို အမြဲတမ်းသတိရနေမှာ ပဲ။ အဲဒီလိုဆိုရင် ဘာအလုပ်မှ ဖြောင့်ဖြောင့်တန်းတန်း လု ပ်နိုင်မှာ မဟုတ်ဘူး " ဟူ၍ ဘီလ်က ပြောခဲ့ဖူးသည် ။ ယခုတော့ ဘီလ်၏ စကား မှန်လေပြီ။

***

ကက်သလင်းသည် ထိုင်ရာမှ ထလိုက်သည် ။

မော်လီထံ ဖုန်းဆက်လျှင် ကောင်းမည်။ ယမန်နေ့ညက သူမဆီ မော် လီက ဖုန်းဆက်ချင် ဆက်နိုင်သည် ။ ယင်းသို့ ဆက်၍ သူမထံမှ စကားပြန်မရတာကို မော်လီက ဝမ်းသာနေလိမ့်မည်။ ကက်သလင်း

တော့ သူ့အဆက် တစ်ယောက်ယောက်နှင့် ချိန်းတွေ့နေပြီဟု သူမက ထ င်ကောင်း ထင်လိမ့်မည်။ ကက်သလင်းအနေဖြင့် ငယ်ငယ်ရွယ်ရွယ်နှင့် မြန်မြန်ဆန်ဆန် လက်ထပ်လိုက်တာက အကောင်းဆုံးဟု မော်လီက ယုံ ကြည်သည် ။သူမ၏ အကျိုတွင် သွေးစွန်းနေသည် ကို သတိပြုမိလေသည် ။ မော် လီထံ ဖု

နဲ်းဆက်ပြီးတော့မှ သူ့ကို စောင့်ရင်း ရေမိုးချိုးပြီး အဝတ်လဲရန် ဆုံးဖြတ်လိုက်သည် ။ ။

နံရံပေါ်မှ မှန်ထဲသို့ စောင်းငဲ့ကြည့်လိုက်တော့ သူမ၏ ညာဘက် မျ က်လုံးအောက်တွင် ညိုမည်းနေသော ဒဏ်ရာကို တွေ့ရသည် ။ အသား အရေကလည်း ဖြူရော်ရော် ဖြစ်နေသည် ။

"ဆေးခန်းသွားပြီးမှ ပဲ" ဟု တွေးလိုက်မိသည် ။ (သူမက တယ်လီဖုန်း ကောက်ကိုင်ရန် လက်လှမ်းလိုက်စဉ်တွင် ပင် တယ်လီဖုန်း မြည်သံ ပေါ်ထွက်လာသည် ။ "မော်လီဆီက ဖြစ်မှာ ပဲ" ဟု ထင်လိုက်မိသည် ။

သို့သော် မော်လီ မဟုတ်။ မှုခင်းဆရာဝန် ရစ်ချတ်ကာရိုး ဖြစ်နေသ ည် ။

"ဟဲလို ... ကက်သလင်း၊ မင်းအကြောင်း ငါ ခုပဲ သတိရလို့ ဆက်တာ ။ ဘယ်လိုလဲ။ ဒဏ်ရာတွေ ဘာတွေ ဘယ်လိုနေသေးလဲ"

"အို .. မများ ပါဘူး၊ နည်းနည်းပါးပါး ထိခိုက်ပွန်းရှရုံကလေးပါ။ ကားက လမ်းချော်သွားပြီး သစ်ပင် ဝင်တိုက်မိတာ" "ဒါနဲ့ ဘယ်အချိန်က ဖြစ်တာလဲ"

"ညဆယ်နာရီလောက် ရှိမယ် ထင်ပါတယ်။ ရုံးကအပြန်မှာ ဖြစ်တာ ။ မနက်ကျတော့ အချိန်မီ ရုံးတင်နိုင်အောင် အချိန်ပို လုပ်နေလို့ နောက် ကျသွားတာပဲ။ ဒါပေမဲ့ ခုတော့ အားလုံး အခြေအနေ ကောင်းသွားပါပြီ" "မင်းကို ဘယ်သူလာခေါ်သလဲ၊ မော်လီ လာခေါ်တာလား" " မဟုတ်ဘူး ၊ သူ အခုထိ ဘာမှ မသိသေးဘူး။ ကျွန်မ အင်္ဂါးကားနဲ့ ပြန်လာခဲ့တာ"

"အင်း .. မင်းကတော့ အမြဲတမ်း တစ်ကိုယ်တော် သူရဲကောင်း လုပ် နေတာပဲနော်။ မင်း ငါ့ဆီ ဘာလို့ ဖုန်းမဆက်တာလဲ၊ ဟင် " ကက်သလင်းက သဲ့သဲ့ကလေး ရယ်လိုက်သည် ။ ရစ်ချတ်၏ လေသံထဲတွင် မြောက်ပင့်သံနှင့် အကျပ်ကိုင်သံ ရောနေသည် ။ရစ်ချတ်နှင့် မော်လီ၏ ယောကျ်ား ဘီလ်တို့ မှာ အလွန်ရင်းနှီးသည့် သူငယ်ချင်းများ ဖြစ်ကြသည် ။ ဂျွန် ဆုံးပြီးကတည်းက ကက်သလင်းနှင့် ရစ်ချတ်တို့ အား မော်လီတို့ လင်မယားက အိမ်သို့ ဖိတ်ပြီး မကြာခဏ ထမင်းကျွေးခဲ့သည် ။ သို့ပေမဲ့ အလုပ် အတူတူ တွဲလုပ်ရသော လုပ်ဖော်တစ်ယောက်ယောက်နှင့် ဘယ်လိုမှ မပတ်သက်ချင်သဖြင့် ကက်သလင်းက ခပ်မှန်မှန်ပင် နေခဲ့သည် ။

ထို့ကြောင့်လည်း ရစ်ချတ်၏ မေးခွန်းကို သူမကလည်း နောက်နော က် ပြောင်ပြောင်ပင် ပြန်ဖြေလိုက်သည် ။

"နောက်တစ်ကြိမ် ကျွန်မ သစ်ပင်နဲ့ ဝင်တိုက်တဲ့ အခါ ရှင့်ဆီ ဖုန်းဆ က်ပါ့မယ်"

ရစ်ချတ်က စကားကို လွှဲပြောလိုက်သည် ။ "ဒီလိုဆို မင်း တစ်ရက်၊ နှစ်ရက်လောက်တော့ အနားယူဦးမှာ ပေါ့"

"ဟင့်အင်း မနားပါဘူး၊ ကျွန်မ အခုပဲ မော်လီဆီ ဖုန်းဆက်မလို့ လုပ်နေတာ။ သူနဲ့ အတူ နေ့လယ်စာ ကမန်းကတန်း စားပြီးတော့ ရုံးတန်း သွားမယ်။ အရေးတကြီး လုပ်စရာ အမှုတွဲတွေက အနည်းဆုံး ဆယ်ခု

လောက် ရှိတယ်။ ပြီးတော့ သောကြာနေ့ကျရင်လည်း အရေးကြီးတဲ့ အ မှုတစ်ခု စွဲချက်တင်စရာ ရှိနေတယ်"

"ကောင်းပြီလေ၊ မင်းကို ထပ်ပြောနေလို့ လည်း ဘာမှ ထူးမှာ မဟုတ် ပါဘူး။ ဒီမှာ ငါ့ဆီ ဖုန်းလာနေတယ်။ ငါးနာရီခွဲလောက်မှာ မင်း ရုံးဘ က် ငါလှည့်ဝင်ခဲ့မယ်။ တစ်နေရာသွားပြီး တစ်ခုခု သောက်ကြတာပေါ့" ကက်သလင်းက စကားပြန်မပြောနိုင်မီ သူက ဖုန်းပြန်ချသွားသည် ။

***

ကက်သလင်းသည် မော်လီ၏ ဖုန်းနံပါတ်ကို လှည့်လိုက်သည် ။ မော်လီ၏ အသံ တုန်နေသည် ။ "ကက်သလင်း .ညည်း ဟိုသတင်း ကြားပြီးပြီပေါ့" "ဘာသတင်းလဲ" "ညည်းတို့ ဌာနက လူတွေတောင် အဲဒီရောက်နေကြပြီပဲ" "ဘယ်ကို ရောက်နေကြတာလဲ"

"တို့ အိမ်ဘေးက အိမ်ကိုပေါ့၊ ခရစ်တို့ အိမ်ကို ပြောတာ၊ သူတို့ လင် မယားမနှစ်က နွေရာသီက ပြောင်းလာကြတာ။ သူ့ခမျာ သနားစရာပဲ ညီမရယ်။ သူတစ်ညအိပ် လေယာဉ်မောင်းတာက ပြန်လာတော့ သူ့မိန်း မ ဗင်ဂျီကို အလောင်းပဲ တွေ့ရတော့တယ်။ ဗင်ဂျီက သူ့ကိုယ်သူ သတ် သေသွား တာတဲ့ ။ သူ့ဗိုက်ထဲမှာ ကိုယ်ဝန်ကလည်း ခြောက်လသား တောင် ရှိပြီတဲ့ ကွယ်။ မမေတော့ ဒီအကြောင်း ကြားရတာ ကြက်သီး တောင် ထမိတယ် ညီမရယ်"

ခရစ်နှင့် ဗင်ဂျီ၊ သူတို့ လင်မယားကို မော်လီတို့ နှစ်သစ်ကူး ပါတီပွဲ တွင် ကက်သလင်း တွေ့ဖူးသည် ။ ဗင်ဂျီမှာ ရုပ်ရည် အလွန် ချောမောသူ ကလေး ဖြစ်သည် ။ ခရစ်ကလည်း အလွန် ရုပ်ဖြောင့်တဲ့ လေယာဉ်မှူး။ " ဒီလောက် ကလေးလှီချင်နေတဲ့ မိန်းကလေး တစ်ယောက်က ကိုယ် ဝန်ကြီးတန်းလန်းနဲ့ သူ့ကိုယ်သူ ဘာလို့ သတ်သေရတာလဲ ညီမရယ်"

မော်လီ၏ အသံက တုန်ယင်နေသလို ကက်သလင်း တစ်ကိုယ်လုံး လည်း ထုံကျဉ်သွားသည် ။ ချက်ချင်းပင် ယမန်နေ့က အိပ်မက်ဆိုးကို ပြ န်လည် သတိရမိသည် ။ ဆေးရုံ ပြတင်းပေါက်မှ လှမ်းမြင်ခဲ့ရသော လူ သေမျက်နှာကို

ပြုနိုင်လည်း မြင်ယောင်လာမိသည် ။ ဟုတ်ပါပြီ။ သူ့မျက်နှာမှ သူ့မျက်နှာ အစစ်။ ဗင်ဂျီ၏ မျက်နှာအစစ် .....။

*****

≈ အခန်း (၆)

ရစ်ချတ်ကာရိုးသည် စမ်းချောင်း လမ်းကြားထဲမှ ရဲကားတွေ့ ကြား တွင် ကား ကို ရပ်လိုက်သည် ။ ခရစ်တို့ လင်မယားသည် မော်လီတို့ လင် မယားနှင့် အိမ် နီးချင်းများ ဖြစ်ကြောင်း သိရတော့ သူ့အနေဖြင့် အတော် ကလေး တုန်လှုပ် သွားမိသည် ။ရစ်ချတ်က စိန့်ဗင်းဆင့် ဆေးရုံတွင် အလုပ်သင် ဆရာဝန်အဖြစ် အ မှုထမ်းနေစဉ် ဘီလ်ကနေဒီက လက်ထောက်ဆရာဝန် ဖြစ်နေပြီ။ နော က် ပိုင်းတွင် ရစ်ချတ်က တရားဥပဒေဆိုင်ရာ ဆေးပညာကို အထူးသင် ယူပြီး ဘီ လ်က အရိုးကု ဆေးပညာကို အထူးသင်ယူခဲ့သည် ။

ပထမတွင် သူတို့ နှစ်ယောက်မှာ သာမန် အသိအကျွမ်းမျှလောက် သာ ဖြစ်ခဲ့ ကသော်လည်း နောင်အခါ တရားခွင်တွင် ဆေးဘက်ဆိုင်ရာ အတွက် သက် သလိုက်ရင်း မကြာခဏ တွေ့ဆုံ လာကြရာမှ ရင်းနှီး သော မိတ်ဆွေများ ဖြစ် လာခဲ့ကြသည် ။

သည် လိုနှင့် နှစ်ယောက်သား မကြာခဏ ဂေါက်ရိုက်ကြသည် ။ ရစ် ချတ်က ဂေါက်ရိုက်ရာမှ အပြန်တွင် ဘီလ်တို့ အိမ်၌ တစ်ထောက်နားပြီး အရက်သော က် အပန်းဖြေတတ်သည် ။ ။

ရစ်ချတ်သည် မော်လီ၏ ညီမ ကက်သလင်း ဒီမေယိုအား အစိုးရ ရှေ့နေရုံးတွ င် စတင်တွေ့ဆုံပြီး မြင်မြင်ချင်းပင် စွဲလမ်းမိရသည် ။ ကက်သလင်းမှာ ရုပ်ရ ည်ချောမော လှပသော လက်ထောက် ရှေ့နေမက လေး တစ်ဦး ဖြစ်သည် ။ သူမသည် အိုင်းရစ်သွေးပါသူ ဖြစ်၍ အသားအ ရောက သံလွင်ရောင် ပြေးနေ သည် ။ ဆံပင်က နက်မှောင် အံစက်နေပြီး မျက်လုံးက အပြာရောင်။ ။ရစ်ချ တ်က သူမအား အခွင့်သင့်တိုင်း အပြင်ထွက်လည်ရန် ခေါ် လေ့ ရှိသည် ။ သို့ သော် ကက်သလင်းက အမြဲလိုလို ငြင်းဆန်သည် ။ ထို့ကြောင့်လည်း နောက်ပို င်းတွင် သူက သူမအား စွဲစွဲလမ်းလမ်း မထားတော့ဘဲ ခပ်မှန်မှန်ပင် နေခဲ့သ ည် ။ တကယ်တော့ သူ့အနေဖြင့် ဆန္ဒရှိ လျှင် အလုပဂေး မိန်းကလေးတွေကို ခေါင်းခေါက်ရွေးပြီး တွဲချင်သလို တွဲနိုင်သော အခြေအနေ ရှိသူဖြစ်သည် ။

သို့ပေမဲ့ မော်လီတို့ လင်မယားနှင့် ကလေးတွေက ကက်သလင်းအကြောင်း ကို ပါးစပ်ဖျား တင်ပြီး မကြာခဏ ချီးကျူးခန်း ဖွင့်ကြတာ ကြားရဖန် များ ေ တာ့ ရစ်ချတ်က ကက်သလင်းအပေါ် စိတ် ဝင်စား လာပြန်သည် ။ အထူးသဖြ င့် ဆုံးသွားသော လင်ယောကျ်ားအ ပေါ် စွဲလမ်းစိတ် မကုန်နိုင်သော သူမ၏ စိတ်ထားကို ရစ်ချတ်က အ တော်ကလေး လေးစားမိသည် ။

သည် လိုနှင့် မော်လီတို့ ၏ ပါတီများ တွင် ကက်သလင်းနှင့် ကြွကြွား ကြွကြွား ကား ဆုံလာရသော အခါ ကက်သလင်းအပေါ် မိမိ ထင် တာထက်ပို၍ စုံလမ်း မိနေပြီ ဖြစ်ကြောင်း သိလာခဲ့ရသည် ။ရစ်ချတ်သည် သူ့အတွေးကို သူ ပြန်လည် သတိရပြီး မလုံမလဲ ဖြစ် သွားမိသည် ။

ယခု သည် နေရာသို့ သူ ရောက်လာသည် မှာ ကက်သလင်း အကြောင်း စဉ်းစားရန် ရောက်လာခြင်း မဟုတ်။ မိမိ၏ အလုပ်တာဝန်နှင့် ရောက်လာခြင်းသာ ဖြစ်သည် ။ အသက်သုံးဆယ် အရွယ် ကိုယ်ဝန်ဆောင် မိန်းမတစ်ယောက် ကိုယ့်ကိုယ်ကို သတ်သေတာကို စစ်ဆေးရန် ရောက်လာ ခြင်းသာ ဖြစ်သည် ။

သူသည် မှုခင်းဆိုင်ရာ ဆရာဝန်ဖြစ်၍ ဗင်ကျီလူးဝစ်အနေဖြင့် ဘာကြောင့် သတ်သေရသည် ဟူသော အကြောင်းရင်းကို ရှာဖွေရန် ရောက်လာခြင်းသာ ဖြစ်သည် ။ သူသည် သူမအား ရင်ခွဲရုံသို့ ပို့ပြီး ခွဲစိ တ်ကြည့်ရမည် ဖြစ်သည် ။ သူမ ဗိုက်ထဲတွင် ခြောက်လသား ကိုယ်ဝန်ရှိ

ကြောင်း တွေးမိသောအခါ ကျောထဲက စိမ့်သွားသလိုပင် ခံစားလိုက်မိ သည် ။ သူ့တစ်သက်တွင် သည် ဖြစ်ရပ်မျိုးကို သည် တစ်ကြိမ်သာ ကြုံ ဖူးသေးသည် ။

မိခင်မေတ္တာ ဆိုတာ ရှိမှ ရှိသေးရဲ့ လား။

သူက ကွယ်လွန်သူ ဗင်ကျီအပေါ် အတော်ကလေး မကျေမနပ် ဖြစ်မိ သည် ။ ရဲသားတစ်ယောက်က ရစ်ချတ်အား ညှဉ်းဆဲနေသို့ ခေါ် လာခဲ့သည် ။ ညှဉ်းနှိပ်မှာ လသာဆောင်၏ လက်ဝဲဘက်တွင် ရှိသည် ။ ဆိုဖာခုံရှည်ပေါ် တွင် လေယာဉ်မှူး ဝတ်စုံနှင့် လူတစ်ယောက် ထိုင်နေသည် ။ သူ သည် ခေါင်းငိုက်စိုက် ချကာ လက်ချောင်းများကို ဆုပ်လိုက်၊ ဖြန့်လိုက် ၌ ဂနာမငြိမ် ဖြစ်နေသည် ။

သူ့ရုပ်သွင်သည် နွမ်းနယ် ဖြူရော်နေသည် ။ ရစ်ချတ်က ကိုယ်ချင်း စာစိတ်ဖြင့် အတော်ကလေး သနားသွားမိသည် ။

သူနှင့် နောက်မှ စကားပြောဦးမည်ဟု တွေးလိုက်မိသည် ။ "ဘယ်က သွားရမှာ လဲ"

ရစ်ချတ်က ရဲသားကို မေးလိုက်သည် ။ "ဒီဘက် ကြွပါ ဆရာ" ရဲသားက အိမ်နောက်ပိုင်းသို့ မေးထိုးပြရင်း ပြောသည် ။ "ဒီတည့်တည့်သွားရင် မီးဖိုခန်းရှိတယ် ဆရာ၊ ညာဘက်မှာ က အိပ် ခန်း သုံးခန်း၊ သူက အိပ်ခန်းမကြီးထဲမှာ "

ရစ်ချတ်က ခပ်မြန်မြန်ကလေး လျှောက်လာခဲ့သည် ။ လူသေမှု တပ် ခွဲတာဝန်ခံ ချာလီနုဂျင့်အား မီးဖိုခန်းထဲတွင် တွေ့ရသည် ။ နှစ်ယောက် သား ခေါင်းညိ

တဲ့ပြီး နှတ်ဆက်လိုက်ကြ သည် ။ "ဘယ်လို တွေ့ရသလဲ" ရစ်ချတ်က မေးလိုက်သည် ။ "ခင်ဗျားကိုယ်တိုင် အရင်ကြည့်ပါဦး၊ ပြီးတော့မှ ပြောကြတာပေါ့"

***

အသက်ရှိစဉ်တုန်းက ဗင်ဂျီလူးဝစ်အား ယောက်ျားတိုင်းလိုလို ငေးကြည့်ခဲ့ရသည် ။ (ယခု အသက်မရှိတော့သော ဗင်ဂျီကတော့ ဘယ်လိုမှ ကြည့်လို့ မရတော့။ အသုဘ ဆိုသည့်အတိုင်း တကယ်ပင် ကမ္ဘာန်းရုပ်ကြီး ပေါက်နေပြီ

သူမ၏ ရှည်လျားသော ရွှေရောင်ဆံပင်မှာ တောက်ပြောင်မှု လုံးဝ မရှိတော့။ ရွံ့ ရောင်လို မွဲပြာ ခြောက်ကပ်နေပြီ။ မျက်နှာကလည်း တွန့် လိမ်ပြီး ပုံပျက်နေပြီ။ ခြေတွေ၊ လက်တွေက သစ်သားချောင်းလို မာ တောင့်နေကြပြီ။

သူမ၏ အပေါ် အင်္ကျီကို ကြယ်သီး တပ်ထားသည် ။ ကိုယ်ဝန်ကြောင့် ဗိုက်စူနေပြီး အင်္ကျီ အောက်နားမှာ ဒူးဆစ်အပေါ် တက်နေသည် ။ ခြေ

ထောက်များ ရောင်နေသည် ။ ညာဘက်ဖိနပ်မှာ တင်းကျပ်ပြီး နှတ်ခမ်း စောင်းများက ခြေခုံအသားထဲ မြုပ်ဝင်နေသည် ။ ။

ရစ်ချတ်က သူမ၏ လက်တစ်ဖက်ကို ကိုင်မြှောက် ကြည့်လိုက်သည် ။ ပြီးတော့ ပြန်ချလိုက်သည် ။ သူမ၏ ပါးစပ်တစ်ဝိုက်တွင် အဆိပ်ရည်

လောင်ကျွမ်းထားသော ဒဏ်ရာများကို ရစ်ချတ်က စေ့စေ့စပ်စပ် လေ့ လာကြည့်ရှုသည် ။

ချာလီက သူ့ဘေးနားသို့ ကပ် လာပြီး - "ဘယ်လောက် ကြာပြီ ထင်သလဲ" "ဆယ့်နှစ်နာရီနဲ့ ဆယ့်ငါးနာရီအကြား ရှိလိမ့်မယ်လို့ ခန့်မှန်းရတာပဲ ။ သူ့ကြည့်ရတာ တော်တော်ကလေးတောင် မာတောင့်နေပြီ"

အပေါ် အင်္ကျီလည်း ဝတ်ထားသည် ။ ဖိနပ်လည်း စီးထားသည် ။ သူ တစ်နေရာက အိမ်ကို ပြန်ရောက်ခါစလား။ ဒါမှ မဟုတ် အပြင်ထွက်ဖို့ ပြင်နေတုန်း ဖြစ်တာလား။ ရုတ်တရက် ကိုယ့်ကိုယ်ကို သတ်သေရလော က်အောင် ဘာပြဿနာများ ကြုံနေရလို့ လဲ။ ဖန်ခွက်ကိုလည်း ဘေးမှာချလို့ ။

ရစ်ချတ်က ငုံ့ပြီး ဖန်ခွက်ကို နမ်းကြည့်လိုက်သည် ။ စူးရှသော ဆိုင်ယာနိုက် အဆိပ်နံ့ မွှန်ထူသွားသည် ။ ၁၉၇၉ ခုနှစ်က ဂိုင်ယာနာနိုင်ငံမှ ဘာသာရေး အယောင်ဆောင် ဂျင်ဂျုန်းနှင့် သူ့တပည့်ပေါင်း ၉၀၀ ကျော် တို့ သည် သည် အဆိပ်ရည်မျိုးကိုပင် သောက်ပြီး အစုလိုက် အပြုံလိုက် သတ်သေသွားခဲ့ကြသည် ။ "စာတွေ့ ဘာတွေ့ ရေးထားခဲ့သေးလား" ချာလီက ခေါင်းခါပြသည် ။ "ဘာစာမှ မတွေ့ဘူး၊ ဘာမှ မတွေ့ဘူး။ လေယာဉ်မှူးနဲ့ လက်ထပ် တာ ဆယ်နှစ်ရှိပြီ။ သူ အခု ဧည့်ခန်းထဲမှာ ရှိနေတယ်။ တော်တော် စိတ် ထိခိုက်နေပုံ

ရတယ်။ မင်နီယာပိုလစ်က ဒီကို ပြောင်းလာတာ တစ်နှစ် လောက်ပဲ ရှိသေးတယ်။ အမျိုးသမီးက သိပ်ပြီး ကလေးလိုချင်တယ်။ နောက်ဆုံး ကိုယ်ဝန်ရှိလာတော့ ဝမ်းသာလုံး ဆို့မတတ် ဖြစ်နေတယ်။ ကလေးထိန်းခန်းကိုလည်း ကျကျနန ပြင်ဆင်တယ်။ တစ်ချို့နှုံး က လေးအကြောင်းကိုပဲ တစ်ပြောတည်း ပြောနေတယ်" "ဒါနဲ့ တောင်မျှား ကလေးကိုရော သူ့ကိုယ်သူပါ သတ်လိုက်ရသတဲ့ လား"

"သူ့ယောကျ်ား အပြောအရတော့ သူဟာ မကြာခင်က စိတ်ဖောက်ချ င်လာတယ်လို့ ပြောတယ်။ ကလေး ပျက်စီးသွားမှာ ကို သိပ်ပြီး စိုးရိမ် နေတယ်။ တစ်ချိန်တည်းမှာ ကလေးမွေးရမှာ ကိုလည်း တွေးပြီး ကြော က်နေတယ်။ ကြည့်ရတာကတော့ သူ့ဗိုက်ထဲက ကလေးဟာ မွေးရိုးမွေး စဉ် မမွေးဘဲ အန္တရာယ်တစ်ခုခုတော့ ဖြစ်ကို ဖြစ်လာလိမ့်မယ် ဆိုပြီး စိုး ရိမ်နေတယ် ဆိုတာ ထင်ရှားနေတယ်"

"ဒီတော့ ကလေးမွေးရမှာ ကြောက်လို့ ၊ ဒါမှ မဟုတ် ကလေးပျက်စီး သွားမှာ ကြောက်လို့ သူ့ကိုယ်သူ အဆုံးစီရင်လိုက်တယ် ဆိုပါတော့"

ရစ်ချတ်၏ လေသံတွင် သံသယရိပ် ပါနေသည် ။ "ဒါနဲ့ ဖိလစ် ပါလာသလား" ဖိလစ်မှာ အစိုးရရှေ့နေရုံး၊ လူသေမှု တပ်ခွဲမှ ဝါရင့်အမှုထမ်းတစ်ဦး ဖြစ်သည် ။ "သူ အနီးအနားက အိမ်တွေ့ လိုက်ပြီး စုံစမ်းနေတယ်" "အလောင်းကို ဘယ်သူ စတွေ့သလဲ" "သူ့ယောကျ်ားတွေ့တယ်၊ သူက လေယာဉ်မောင်းရာက ပြန်ရောက် ရောက်ချင်း တွေ့ရတယ်။ ဒါနဲ့ လူနာတင်ကား ခေါ်ပြီး ရဲကို ဖုန်းဆက်တယ်။

ရစ်ချတ်က ဗင်ကျီ၏ ပါးစပ်မှ အဆိပ်ရည် လောင်းထားသော ဒဏ်ရာ မျှားကို စိုက်ကြည့်နေသည် ။ "အဆိပ်ရည်ကို ကမန်းကတန်း မော့သောက်လိုက်ပုံ ရတယ်" သူက စဉ်းစဉ်းစားစားဟန်ဖြင့် ပြောသည် ။ "ဒါမှ မဟုတ် ပြန်ထွေးပစ်မလို့ သွေးရူးသွေးတန်း ကြိုးစားခဲ့ပုံရတ ယ်။ သူ့ယောကျ်ားနဲ့ စကားပြောကြည့်ရအောင်၊ ဒီခေါ်လို့ ဖြစ်မလား" "ဖြစ်ပါတယ်" ချာလီက ရဲသားကို ခေါင်းညိတ်ပြလိုက်သည် ။ ရဲသားက အခန်းထဲမှ ပြန်ထွက်သွားသည် ။

မကြာမီတွင် ပင် ခရစ္စတိုဖာလူးဝစ် အခန်းထဲသို့ ဝင်လာသည် ။ သူ သည် ေသာက ပရိဒေဝဒဏ် ကို အတော်ကလေး ခံစားနေပုံရသည် ။ အ သားအရေက ပြာနှမ်းနှမ်း ဖြစ်နေသည် ။ နဖူးတွင် လည်း ချွေးပြန်နေသည် ။

သူသည် ရုပ်အင်္ကျီကို ကြယ်သီးမျှား ဖွင့်ထားပြီး လည်စည်းကိုလည်း လျော့ချထားသည် ။ လက်နှစ်ဖက်ကိုမူ ဘောင်းဘီဘေးအိတ်ထဲ နှိုက် ထားသည် ။ ရစ်ချတ်က သူ့ကို အကဲခတ်လိုက်သည် ။

သူသည် တကယ်ပင် စိတ်သောက ရောက်နေပုံရသည် ။ သို့သော် တ စ်ခုခု ထူးခြားနေသလို ထင်ရသည် ။ ယင်းအချက်မှာ တခြား မဟုတ်ပေ ။ သူသည် ဘဝပျက်သွားရသော လူတစ်ယောက်နှင့် မတူခြင်းပင် ဖြစ်သည် ။

ရစ်ချတ်သည် သည် ဖြစ်ရပ်မျိုးတွေကို အကြိမ်ကြိမ် မြင်ဖူးခဲ့သည် ။ တချို့ က သေသူအတွက် လုံးဝ မပူသလို မတုန်မလှုပ် ငုတ်တုတ်ကြီး ငိုင် နေကြသည် ။ အချို့ ကတော့ အလောင်းကို ဖက်ပြီး ပင္ဒာမြေလူး သွေးရူး သွေးတန်းအော်ဟစ်ငိုကြွေးကြသည် ။ တချို့ ကတော့ သခ်ၤါရသဘောကို တရားနှင့် ဖြေပြီး စိတ်ကို ငြိမ်အောင် ထိန်းထားနိုင်ကြသည် ။

တစ်ခါက လင်မယားနှစ်ယောက် စျေးဝယ်သွားရင်း သေနတ်ပစ်ခံ ခဲ့ရသော ြ ဖစ်ရပ်တစ်ခုကို သတိရမိသည် ။ ကားပေါ် မှ အဆင်းတွင် ဇနီးဖြစ်သူအား ေ သနတ်မှန်ပြီး ပွဲချင်းပြီး သေဆုံးသွားသည် ။ အချင်း စ်ပွားရာသို့ ရစ်ချတ် ရောက်သွားသောအခါ ယောကျ်ားဖြစ်သူ လူငယ်က ဇနီးအလောင်းကို ရင်ခွင်မှာ ပွေ့ပိုက်ထားသည် ကို တွေ့ရသည် ။ ထိုလူ ငယ်သည် ရင်ထဲတွင် မချိအောင် ပူလောင်ပြီး ပါးစပ်မှ လည်း အသက်မ ရှိတော့သော ဇနီးသည် အား စကားေ တွ တတွတ်တွတ် ပြောနေသည် ။

ယခု ခရစ္စတိုဖာလူးဝစ်၏ အဖြစ်ကို အဆိုပါ လူငယ်၏ အဖြစ်နှင့် မှီ ငိုးယှဉ်ကြည့်မိသည် ။ ခရစ္စတိုဖာသည် အသေဆိုးဖြင့် မယားသေ၍ အသည်းကွဲအောင် ခံစားနေရသူတစ်ဦး လုံးဝ မဟုတ်ကြောင်း ရစ်ချတ်က အတွေ့အကြုံအရ အ တပ်ပြောနိုင်သည် ။

ချာလီက ခရစ္စတိုဖာလူးဝစ်အား စတင် မေးမြန်းသည် ။ "ကပ္ပတိန်လူးဝစ်၊ ဒီဖြ စ်ရပ်ဟာ ခင်ဗျားအတွက် အတော်ကြီးကို စိ တ်ထိခိုက်စရာ ဖြစ်ပါတယ်။ ဒါေ ပမဲ့ ကျွန်တော်တို့ အနေနဲ့ တာဝန်အရ မို့ မေးမဖြစ်လို့ မေးရတာ ခွင့်လွှတ်စေ ချင် ပါတယ်" "အခု မေးမှာ လား" လူးဝစ်က သဘောမကျသလို ပြန်မေးလိုက် သည် ။ "ဟုတ်ပါတယ်၊ အခုပဲ မေးရမှာ ပါ။ သိပ်မကြာပါဘူး။ ခင်ဗျားမိန်းမ နဲ့ ခင်ဗျားတို့ နောက်ဆုံး တွေ့ခဲ့တာ ဘယ်လောက် ကြာပြီလဲ"

"လွန်ခဲ့တဲ့ နှစ်ညကပါ။ ကျွန်တော်က လေယာဉ်နဲ့ ခရီးထွက်နေရပါ တယ်။ "ခ င်ဗျား ဘယ်အချိန် အိမ်ပြန်ရောက်သလဲ" "လွန်ခဲ့တဲ့ တစ်နာရီလောက်ကပါ" "အဲဒီနှစ်ရက်အတွင်းမှာ ခင်ဗျားနဲ့ သူနဲ့ ဘာတွေ ပြောခဲ့ကြသလဲ" "ဘာမှ မြေ ပါခဲ့ကြပါဘူး" "ခင်ဗျား ခရီးထွက်သွားချိန်မှာ ခင်ဗျားမိန်းမရဲ့ စိတ်ဓာတ်အြေ ခအ နေ ဘယ်လို ရှိသလဲ" "ကျွန်တော် ပြောခဲ့ပြီးပြီပဲ" "အဲဒါက ကျွန်တော့်ကို ပြောတာ။ အခု ထပ်ပြီး ဒေါက်တာ ရစ်ချတ် ကာရိုးကို ပြောပြပါဦး"

"ဗင်ဂျီ စိတ်သောက ဖြစ်နေတယ်။ သူ့ကလေး ပျက်ကျလိမ့်မယ်လို့ စိတ်စွဲနေတယ်"

"ခင်ဗျားကရော အဲဒီလို ဖြစ်လိမ့်မယ်လို့ ထင်သလား" "မထင်ပါဘူး၊ အမှန်က သူ့ဗိုက်ထဲမှာ ရေတွေ ထည့်ထားသလို သိပ်ပြီး တင်းနေတာပါ။ အဲဒါအတွက် ဆေးတွေလည်း အဆင်သင့် ရှိပါ တယ်။ ကျွန်တော်ကတော့ ကိုယ်ဝန်သည်တွေရဲ့ ဖြစ်ရိုးဖြစ်စဉ်လို့ ပဲ နားလည်ထားတယ်" "ဒီကိစ္စကို သူ့ရဲ့ သားဖွား ဆရာဝန်နဲ့ တိုင်ပင်သေးသလား" "မတိုင်ပင်ပါဘူး" "ကဲ ဒီလိုဆိုရင် ဒီအခန်းထဲ လျှောက်ကြည့်စမ်းပါဦး။ ဘာတွေမျှား သံသယတွေ့ရသလဲ။ ဒါက မခက်ပါဘူး။ ခင်ဗျား ဇနီးအလောင်းကို ကြည့်ပြီး သံသယဖြစ်စရာ တစ်ခုခု ရှိ၊ မရှိ ရှာကြည့်စေချင်တယ်။ ဥပမာ ဖန်ခွက် ဆိုပါတော့၊ ဒီဖန်ခွက်ဟာ ဒီအိမ်က ဖန်ခွက် ဟုတ်ရဲ့ လား" "ဟုတ်ပါတယ်" ထို့နောက် သူသည် ဇနီးသည် ၏ အလောင်းကို စေ့စေ့စပ်စပ် ကြည့် သည် ။

ချာလီနှင့် ရစ်ချတ်တို့ က မျက်လုံးကိုယ်စီ မှေးပြီး သူ့အရိပ်အခြည် ကို အကဲခတ်နေကြသည် ။ "ဘာမှ မတွေ့ရပါဘူး၊ ထူးခြားတာ ဘာမှ မတွေ့ရပါဘူး" ခရစ်က တိုးတိုးကလေး ပြောလိုက်သည် ။ ချာလီ၏ အမူအရာသည် တက်ကြွလာသည် ။

" ဒီလောက်ဆို လုံလောက်ပါပြီ။ ကျွန်တော်ပဲ ခေါ်လိုက်ပါ့မယ်။ သူ့မိ ဘတွေကို ခေါ်မလို့ ပါ။ ဒီအကြောင်း သိရင် သူတို့ ရင်ကွဲကြလိမ့်မယ်။ အခုပဲ ကျွန်တော် ဖုန်းဆက်လိုက်ပါ့မယ်" ခရစ္စတိုဖာ ပြန်ထွက်သွားသောအခါ - ချာလီနှင့် ရစ်ချတ်တို့ က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့် လိုက်ကြသည် ။ "ကျွန်တော်တို့ မသိသေးတာတစ်ခု သူ သိထားတယ်ဗျ" ဟု ချာလီက ပြောလိုက်သည် ။ ရစ်ချတ်က ခေါင်းညိတ် ထောက်ခံလိုက်ပြီး - "ဟုတ်တယ်၊ ကျွန်တော်လည်း အဲဒီအတိုင်းပဲ သဘောရတယ်" ထို့နောက် နှစ်ယောက်စလုံး ခုတင်ပေါ်မှ အလောင်းကောင်သို့ မျက် နှာမူလိုက်ကြသည် ။

*****

≈ အခန်း (၇)

ကက်သလင်းက သူမ၏ ကား လမ်းချော်သွားပြီး ဆေးရုံတွင် တစ်ည အိပ်ခဲ့ရကြောင်း တယ်လီဖုန်း ပြန်မချခင် မော်လီအား ပြောပြလိုက်သ ည် ။ တစ်ဆက်တည်းတွင် သူမအိမ်သို့ လာရောက်ပြီး နေ့လယ်စာ စားရ န်လည်း ဖိတ်သည် ။ (သို့သော် မော်လီက သူမ၏ ၁၂ နှစ်အရွယ် သမီးကြီး ဂျင်နီဖာနှင့် ခြောက်နှစ်အရွယ် အမြွာပူး ကလေးနှစ်ယောက်မှာ တုပ်ကွေးဖြစ်ရာမှ နာလန်ထခြစ ရှိသေး၍ ကက်သလင်းအား သူမ၏ ကားနှင့် လာခေါ် ပြီး သူမ၏ အိမ်တွင်ပင် နေ့လယ်စာ စားရန် ပြန်ဖိတ်သည် ။ ။

သို့ဖြင့် ကက်သလင်းသည် မော်လီအလာကို စောင့်ရင်း ကမန်းကတ နှ်း ရေချိုးရသည် ။ ပူသယောင်းနေသော ဆံပင်မျှားကိုလည်း ညာဘက် လက်ကို အသုံးပြုပြီး ခေါင်းလျှော်ပစ်လိုက်သည် ။ ရေချိုးပြီးတော့ ထူထူ ထဲထဲ သိုးမွေးဆွယ်တာနှင့် သက္ကလတ် ဂါဝန်အင်္ကျီမျှားကို ဝတ်သည် ။ အနီရောင် ဆွယ်တာကြောင့် သူမ၏ မျက်နှာတွင် နှင်းဆီသွေး ပါလာသ လို ထင်ရသည် ။ သူမသည် ရေချိုးနေစဉ်နှင့် အဝတ်အစားလဲနေစဉ် တ စ်ချိန်လုံး လွန်ခဲ့သော ညက အိပ်မက်ဆိုးကို ပြန်လည် စဉ်းစားနေမိခဲ့သည် ။

ပြတင်းပေါက်မှ မြင်လိုက်တာဟာ တကယ့်အဖြစ်မှန်လား၊ အိပ်မက်မျှား ဖြစ်နေသလား။ ညတုန်းက မြင်ကွင်းကို သူမ၏ စိတ်မျက်စိထဲတွင် ပြက်ပြက်ထင်ထင် ပြန်လည် မြင်ယောင်လာသည် ။ မျက်စိအစုံကို မှတ် ထားလိုက်မိသည် ။

မြင်ကွင်းကတော့ တကယ့်ဖြစ်ရပ်အတိုင်းပင် ဖြစ်သည် ။ ကားနော က်ခန်း မီးလင်းသွားချိန်တွင် အလောင်းကောင်၏ ပြူးကြောင်ကြောင် မျက်လုံးများ ၊ ရှည်လျားသော ဆံပင်နှင့် ပေါ် လွင်သော မျက်ခုံးမွေးများ ကို ထင်ထင်ရှားရှား မြင်လိုက်ရသည် ။

သည် အကြောင်းကို မော်လီအား ပြောပြလိုက်ရ ကောင်းမည်လား။ မဖြစ်ဘူး၊ မဖြစ်ဘူး။ ပြောပေမယ့် မော်လီက ယုံချင်မှ ယုံမှာ ။ တစ် လောလေးကပင် ဒေမော်လီက သူမ၏ ကျန်းမာရေးနှင့် ပတ်သက်၍ သတိ ပေးခဲ့သေးသည် ။

"ကက်သလင်း၊ ညည်းကိုယ်ညည်း မှန်ထဲ ပြန်ကြည့်စမ်းပါဦး။ အ သားအရေတွလည်း ဖြူရော်ရော်နဲ့ ။ လူရုပ်ကို မပေါက်ဘူး။ ညည်း ဒီ အတိုင်းသာ အလုပ်ကို မနားတမ်း လုပ်နေရင် တစ်နေ့ ညည်း ဒုက္ခတွေ့ လိမ့်မယ်။ ဒီမှာ ကက်သလင်း၊ ညည်းဟာ ငယ်ငယ်ရွယ်ရွယ်ပဲ ရှိသေးတ ယ် ဆိုတာလည်း သတိရဦးမှ

ပေါ့။ ကောင်းကောင်း အနားယူပြီး ကိုယ့် အလှကိုယ် မွေးထားစမ်းပါ ညီမရယ်"အပြင်ဘက်မှ ကားဟွန်းသံ ကျယ်ကျယ်လောင်လောင် ကြားလိုက်ရသည် ။

မော်လီသည် သူမ၏ စတေရှင်ဝက်ဂွန်း ကားဟောင်းလေးကို မောင်းပြီး ဝင်လာသည် ။ ကက်သလင်းက ခြေထောက် ထောနင်း တော့ နင်းနှင့် အိမ်ရှေ့တံခါးကို ခပ်သုတ်သုတ်လေး လျှောက်လာခဲ့သည် ။

မော်လီကပင် တံခါးကို ဆွဲဖွင့်ပြီး ညီမဖြစ်သူအား ပွေ့ဖက်ကာ နမ်းရှုပ်လိုက်သည် ။

မော်လီက ကက်သလင်းအား ခဏာ စိုက်ကြည့်နေပြီးမှ - "ဟင် . ကြည့်စမ်း၊ မသကောင်း မပျောက်ကောင်း။ ဖြစ်မှ ဖြစ်ရ လေ ညီမရယ်။ ဒါနဲ့ ဘယ်နေရာတွေမျာ ထိခိုက်သွားသေးသလဲဟင်" "အို .. သိပ်မမျာ ပါဘူး မမရယ်၊ အပေါ်ယံလေးတင်ပါ။ အမှန်ဆိုရင် အသက်တောင် သေနိုင်တဲ့ အဖြစ်ပါ"

သူမသည် အစ်မဖြစ်သူကို မြင်ရတော့ အလွန် အားတက်သွားသည် ။ သို့သော် မော်လီ၏ စကားကြောင့် အတော်ပင် စိတ်ပျက်သွားမိသည်

"တို့ ရပ်ကွက်ထဲမှာ တော့ ငရဲပွက်သွားတာပဲကွဲ့။ ညည်းတို့ ဌာနက လူတွေက လူးဝစ်တို့ အိမ်ကို ချိတ်ပိတ်ထားလိုက်ပြီ။ စုံထောက်တွေက လည်း တွေ့သမျှ လူတွေကို စစ်လားဆေးလား လုပ်နေကြတယ်။ အခု ငါထွက်လာခါနီးမှာ ငေတာင် စုံထောက် တစ်ယောက်က ဆီးပြီး ဟိုမေးဒီ မေး လုပ်လိုက်သေးတယ် ငါက ကက်သလင်းရဲ့ အစ်မပါလို့ ပြောလိုက် တော့မှ သူက သွားခွင့် ပြုလိုက်တယ်" "ဖိလစ်ကန်နင်ဂမ်နဲ့ ချာလီနုဂျင့် တစ်ယောက်ယောက် ဖြစ်ပါလိမ့်မယ်"

"ဘယ်သူမှန်းတော့ မသိဘူး။ မျက်နှာပြဲပြဲကြီးနဲ့ လူဝကြီးပဲ။ မဆိုးပါ ဘူး။ ဆက်ဆံရေး ပြေပြစ်ပါတယ်"

"အဲဒါဆိုရင် ဖိလစ်ကန်နင်ဂမ်ပဲ။ သူက လူကောင်းပါ။ ဒါနဲ့ မမကို ဘာတွေ မေးလိုက်သလဲ"

"ဩော် .. သူတို့ မေးနေကျ မေးခွန်းမျိုးတွေပါ။ ဗင်ဂျီ အိမ်က ထွက် သွားတာ၊ ဒါမှ မဟုတ် အိမ်ပြန်လာတာကို တို့ အိမ်သားတွေ မြင်လိုက် သလား ဆိုတာမျိုးတွေပါပဲ" "အဲဒီတော့ မမတို့ အိမ်က တစ်ယောက်ယောက်က မြင်လိုက်လို့လား " "အောင်မယ်လေးကွယ်၊ ကလေးတွေ နေမကောင်းလို့ စိတ်ညစ်နေရတဲ့ အထဲ ဘေးခန်းက အိမ်ထဲ ကျားဝင်ဆွဲတာတောင် သိနိုင်မှာ မဟုတ် ပါဘူး။ သူတို့ လင်မယားကို တနင်္ဂနွေနေ့တွေမှာ တောင် အထွက်၊ အဝ င် မေ

တွ့ရတာ အတော်လေး ကြာသွားပြီ။ ညပိုင်းတွေ့ဖို့ ဆိုတာကတော့ ဝေလာဝေးရော"

***

ကားသည် စမ်းချောင်းလမ်းကြားသို့ မကွေ့မီ သစ်သားတံတားကို ဖြတ် မောင်းလာခဲ့သည် ။ ကက်သလင်းက နှုတ်ခမ်းကို ကိုက်ရင်း စိတ်ကူး နှင့် လိုက်ပါလာရာမှ ရုတ်တရက် ပြောလိုက်သည် ။

"မမ .. ခရစ်လူးဝစ်တို့ အိမ်ရှေ့ရောက်ရင် ကားကို ခဏရပ်ပေးပါ လား ဟင်"

မော်လီက အံ့သြသွားဟန်ဖြင့် လှည့်ကြည့်လိုက်ပြီး - "ဘာလုပ်မလို့လဲ" ကက်သလင်းက ပြုံးလိုက်ရင်း -

"ကျွန်မက လက်ထောက် အစိုးရရှေ့နေအပြင် ချက်ပင်ရီးဗား နယ်မြေအတွက် ရဲစခန်း အတိုင်ပင်ခံလည်း ဖြစ်နေတယ်ဆိုတော့ ကြဲကြိုက်တုန်း သွားကြည့်သင့်တယ် ထင်လို့ ပါ။ နို့မဟုတ်ရင်တော့ သွားစရာ မလိုပါဘူး"လူးဝစ်တို့ အိမ်ရှေ့သို့ ရောက်သွားချိန်တွင် မှုခင်းဆိုင်ရာ ဆရာဝန်ကြီးရုံးမှ အလောင်းတင် လှည်းမှာ အိမ်ဝင်းထဲသို့ ဝင်ခါစ ရှိ သေးသည် ။ရစ်ချတ်က တံခါးဝတွင် ရပ်ကြည့်နေရာမှ မော်လီ၏ ကားဆီသို့ လျှောက်လာခဲ့သည် ။

မော်လီက လှမ်းပြောလိုက်သည် ။ "ကက်သလင်းက ကျွန်မတို့ ဆီ ထမင်းလိုက်စားမလို့ လိုက်လာရင်း ဝင်ကြည့်ချင်တယ် ဆိုလို့ ၊ ဖြစ်နိုင်ရင် ရှင်လည်း တစ်ပါတည်း လိုက်စား ပါလား"

ရစ်ချတ်က ခေါင်းညိတ် သဘောတူလိုက်သည် ။ ပြီးတော့ ကက်သလင်းအား ကားပေါ်မှ အဆင်းကို ဖေးမပေးသည် ။ "မင်း ဒီကို ရောက်လာတာ ငါ ဇတ်တော်ဝမ်းသာသွားတယ်။ ဒီအမှု မှာ ငါ့အနေနဲ့ သံသယဝင်စရာ တွေ့ထားတယ်" လူသေအလောင်းကို ဝင်ကြည့်ရမည် ဆိုတော့ ကက်သလင်းအဖို့ ကျေထဲ စိမ့်သွားမိသည် ။ သူမသည် အိပ်မက်ဆိုးထဲက ရုပ်ပုံကို ပြန်လ ည် သတိရလာမိသည် ။ "သူ့ယောကျ်ားက စာကြည့်ခန်းထဲမှာ "

ရစ်ချတ်က ပြောသည် ။ "ကျွန်မ သူ့ကို တွေ့ဖူးပါတယ်၊ ရှင်လည်း တွေ့ဖူးမှာပါ။ မော်လီတို့ နှစ်သစ်ကူး ပါတီပွဲတုန်းကပေါ့။ ဩော် .. မဟုတ်ဘူး ၊ မဟုတ်ဘူး ။ ရှင် က နောက်မှ ရောက်လာတာ။ သူတို့ လင်မယားက အရင် ပြန်သွား
က တယ်" "ကဲ အဲဒီအကြောင်း နောက်မှ ပြောကြတာပေါ့။ ဒီဘက်အခန်းပဲ"

***

သူမမြင်ဖူးခဲ့သော မျက်နှာကို အရဲစွန့်ပြီး ကြည့်လိုက်သည် ။ မြင်မြ ငချင်းပင် သေသေချာချာ မှတ်မိသည် ။ သူမ တစ်ကိုယ်လုံး တုန်လှုပ်သွားပြီး မျက်လုံး

မျက်ကို မှတ်ထားလိုက်ရသည် ။ သူမ ရူးများ ရူးသွားတော့မည်လား။ "ကက်သလင်း၊ ဘယ်လို ဖြစ်သွားလို့ လဲ၊ နေမကောင်းလို့ လားဟင်" ရစ်ချတ်က စိုးရိမ်တကြီး မေးလိုက်တယ် "အို ... ဘာမှ မဖြစ်ပါဘူး။ ကျွန်မ နေကောင်းပါတယ်၊ ကျွန်မ ကပွတိ နှလူးဝစ်နဲ့ စကားပြောချင်တယ်"

စာကြည့်ခန်းဘက်သို့ သူတို့ ထွက်လာခဲ့ကြသည် ။ စာကြည့်ခန်းတံ ခါး ပိတ်ထားသည် ။ ရစ်ချတ်က တံခါးမခေါက်ဘဲနှင့် အသံမမြည်အော င် အသာလေး ဖွင့်လိုက်သည် ။

ခရစ်လူးဝစ်က သူတို့ ဘက်ကို ကျောပေးပြီး တယ်လီဖုန်း ပြောနေသည် ။

သူ့အသံက တိုးသော်လည်း ကြားရသည် ။ "ဟုတ်တယ်၊ ဒါဟာ လုံးဝ မယုံနိုင်စရာဘဲ။ ဒါပေမဲ့ တို့ အကြောင်း ကို သူ လုံးဝ မသိဘူး ဆိုတာတော့ ငါ ကျိန်ပြောရဲပါတယ် ဖြုန်း" ရစ်ချတ်က တံခါးကို အသံမထွက်အောင် ပြန်ပိတ်လိုက်သည် ။

သူနှင့် ကက်သလင်းတို့ သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြ ည့်လိုက်ကြသည် ။

"ချာလီကို ဒီမှာ စောင့်နေဖို့ ကျွန်မ ပြောမယ်။ ပြီးတော့ ဒီအမှုကို အပြည့်အစုံ စစ်ချက်ယူဖို့ စကော့ဆီကို အစီရင်ခံလိုက်မယ်"စကော့မိုင်ယာဆင်မှာ ကက်သလင်း၏ အထက်အရာရှိ အစိုးရ ရှေ့ နေကြီး ဖြစ်သည် ။

"ငါ့ဘက်ကလည်း ချက်ချင်း ရင်ခွဲစစ်ဆေးကြည့်မယ်။ သူဟာ ဆိုင် ယာနိုက် အဆိပ်ကြောင့် အမှန်တကယ် သေဆုံးရတယ် ဆိုတာ သိရရင် အဲဒီအဆိပ် သူ ဘယ်က ရသလဲဆိုတာ အဖြေရှာဖို့ ပဲ ရှိတော့တယ်။ ကဲ လာပါ၊ လောလော ဆယ်တော့ မော်လီကျွေးတဲ့ ထမင်း အဝသွားစားလို က် ကြရအောင်"

***

မော်လီတို့ အိမ်မှာ သူမ၏ ကားလိုပင် ရိုးရိုးလေးနှင့် အဖိုးတန်လှသ ည် ။ ကက်သလင်းသည် အလုပ်မှ ပြန်လျှင် မော်လီတို့ အိမ်သို့ ဝင်ပြီး အမောပြေ ဝိုင်တစ်ခွက်ဖြစ်ဖြစ် ဝင်ရောက်လေ့ ရှိသည် ။ တစ်ခါတလေ လည်း ညစာပါ တစ်ပါတည်း ဝင်စားလိုက်သည် ။

မော်လီတို့ အိမ်ထဲ ဝင်သွားလျှင် မီးဖိုထဲမှ ဟင်းနှံ့ အမြဲတမ်း ရတတ် သည် ။ ပြီးတော့ ကလေးတွေ ပြေးလွှားသံ၊ အော်ဟစ်သံ၊ တယ်လီဗေးရှ င်း စက်သံတွလည်း အမြဲတမ်း ကြားရတတ်သည် ။ သည် အရာတွေက ကက်သလင်း အဖို့ နားယဉ်နေကြပြီ။ သည် အသံတွေ ကြားရလျှင် သူမ အနေဖြင့် လူ့လောကထဲတွင် လူသတ်တရားခံများ ၊ ပြန်ပေးများ ၊ သူခိုး များ နှင့် တစ်နေ့လုံး အ

ချိန်ကုန်နေခဲ့ရာမှ မော်လီတို့ အိမ်သို့ ရောက်လာ သောအခါ ကမ္ဘာသစ်တစ်ခု သို့ ရောက်လာရသလို ဖြစ်နေသည် ။

သူမသည် ကလေးတွေကိုလည်း အလွန်ချစ်သည် ။ ကလေးတွေက လည်း သူ တို့ ဒေါ်လေးကို တမ်းတမ်းစွဲ ဖြစ်နေကြသည် ။ ကလေးတွေ ကို မြင်ရတော့ ကက်သလင်းက ကွယ်လွန်သူ လင်တော်မောင် ဂျွန်ဒီမေ ယိုကို သတိရမိတတ် သည် ။ ဂျွန်သာ အသက်နှင့်ကိုယ် မြဲခဲ့လို့ ရှိလျှင် သူ မလည်း သားတွေ၊ သ မီးတွေ ဝေဝေဆာဆာနှင့် ဘယ်လောက် ပျော်စရာ ကောင်းလိမ့်မလဲ။ "ဒေါ်လေးတို့ ၊ ဦးဦးဒေါက်တာတို့ လာပြီပေါ့။ ဒါနဲ့ ဒေါ်လေး သား သားတို့ အိမ်နားမှာ ရဲကားတွေ ပြည့်နေတာပဲ။ ဒေါ်လေး တွေ့လားဟင် ။ ဘာတွေ ဖြစ်နေတယ် မသိဘူး ဒေါ်လေးရဲ့ "

ကက်သလင်းနှင့် ဒေါက်တာရစ်ချတ်တို့ ကို မြင်တော့ အကြီးဆုံး အမြွာပူး ပီတာက ပြေး လာပြီး အတင်းလု ပြောနေသည် ။

"ဟုတ်တယ် ဒေါ်လေးရဲ့ ၊ သားတို့ အိမ်နားက အိမ်မှာ ဘာတွေ ဖြစ် သလဲ မသိဘူး"

ညီငယ် ဂျွန်က ဝင်၍ ထောက်ခံသည် ။

"ကဲ ကဲ သားတို့ တစ်နေရာ သွားပြီး ကစားချေကြ။ မေမေ ဧည့်သ ည် တွေ့ ထမင်းကျွေးမလို့ "

မော်လီက အမြွာညီအစ်ကို နှစ်ယောက်ကို နှင်နေသည် ။ "ဒါနဲ့ တခြားကလေးတွေ့ ဘယ်ရောက်နေကြသလဲ" ကက်သလင်းက မေးလိုက်သည် ။ "ဘီလီရယ်၊ ဒီနာရယ်၊ မိုရာရယ်က ဒီနေ့မနက်ပဲ ကျောင်းပြန်တက်ကြတယ်လေ။ ဘုရားမလို့ မြန်မြန်နေကောင်းသွား တာ။ ဂျင်နီဖာကတော့ အိပ်ရာထဲက မ ထနိုင်သေးဘူး။ အဖျားပြတ်သွား ပေမယ့် ခေါင်းနည်းနည်း မူးနေသေးတယ်"ကလေးနှစ်ယောက် ထွက်သွားတော့ သုံးယောက်သား မီးဖိုခန်းတွင် ထိုင်ကသည် ။ မီးဖိုခန်းက တော်တော်ကျယ်ပြီး နွေးနွေးထွေးထွေး ရှိသည် ။

မော်လီက ခွင်ပေါ်မှ ဟင်းအိုးတွေ ချပြီး စားပွဲပေါ်သို့ တစ်ခွက်ပြီး တ စ်ခွက် လာတင်သည် ။ ဟင်းတွေက အလွန် အရသာရှိပေမယ့် ကက်သ လင်းမှာ မျိုချ၍ မကျ ဖြစ်နေသည် ။ စားချင်စိတ် မရှိသည့်အထဲ သူမ၏ စိတ်က တခြားရောက်နေသည် ။ရစ်ချတ်ကတော့ ပလုတ်ပလောင်းနှင့် စားကောင်းတိုင်း ပါးစပ်ထဲ သိပ်သွင်းနေသည် ။ သို့သော် သူလည်း သူမကဲ့သို့ပင် တစ်စုံတစ်ရာကို စိတ်ရောက်နေပုံရသည် ။ သူ့နဖူးကြောတွေက တင်းနေသည် ။ သူ့မျက် လုံးတွေက အတွေးနက်ပုံ ပေါ်နေသည် ။ သူ့လက်ချောင်းတွေက စားပွဲ ကို တဖျပ်

ဖျပ် ပုတ်နေကြသည် ။ ကေန္တ သူလည်း သူမလိုပဲ တူညီသော အချက်ကိုပင် ေတွးနေခြင်း ဖြစ်နိုင်သည် ။

စောစောတုန်းက ခရစ္စတိုဖာ လူးဝစ်သည် ဘယ်သူ့ဆီ ဖုန်းဆက်တာ ပါလိမ့်။

သူမသည် မော်လီတို့ ၏ နှစ်သစ်ကူး ပါတီပွဲတုန်းက ခရစ်နှင့် တစ်ကြိမ်မျှသာ စကားပြောဖူး ခဲ့သည် ။ ထိုစဉ်က လေယာဉ်ပျံတွေ အပို ငှစီးခံရသည့် အေကာင်းကို ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည် ။ ခရစ်က စ ကားပြောလည်း ကောင်းသည် ။ ရုပ်ကလည်း အလွန်ချောသည် ။ သူမ က သူ့အား မကြာမီ မွေးလာေတာ့မည့် ကလေးအတွက် ဂုဏ်ယူမိကြောင်း ဝမ်းသာစကား ပြောသောအခါ ခရစ်က ဘာမျှ ပြန်မပြောဘဲ ခပ်တ ည်တည်ပင် နေနေသည် ကို သူမ သတိရမိသည် ။

"ဒါနဲ့ မမရေ၊ ခရစ်တို့ လင်မယားကို မမ ဘယ်လို သဘောရသလဲဟ င်။ ကျွန်မ ဆိုလိုတာက သူတို့ နှစ်ယောက် ဆက်ဆံရေးကို ပြောတာပါ" ကက်သလင်းက မော်လီအား မေးလိုက်သည် ။

မော်လီက မျက်နှာအမူအရာ ပြောင်းသွားပြီး "အမှန်တိုင်း ပြောရရင်တော့ သူတို့ လင်မယား သိပ်အဆင်မပြေဘူး လို့ ထင်တာပဲ။ ဗင်ဂျီက သူ့ကိုယ်ဝန်အတွက်ပဲ တွေးပြီး ပူနေတယ်။ အဲဒါကို ခရစ်က လုံးဝ မကြိုက်ဘူး။ မမက ကိုယ်ဝန်ဆောင် အတွေ့အကြုံရှိတော့ သူ့အတွက် တော်တော်ကလေး စိတ်ပူမိခဲ့တယ်"

ရစ်ချတ်က စားပွဲကို လက်ဖြင့် ပုတ်နေရာမှ ဖြတ်မေးလိုက်သည် ။ "ဘာအတွက် ပူတာလဲ" "ဩော် .... ကျွန်မ ဆိုလိုတာက ဒီလိုပါ။ မနှစ်က နွေက သူတို့ လင်မ ယား ဒီကို ပြောင်းလာကြတော့ ကျွန်မက သူတို့ ကို ဖိတ်ပြီး မိတ်ဖြစ် ေဆွဖြစ် ထမင်းကျွေးတယ်။ အဲဒီတုန်းက ဗင်ဂျီက သူ သိပ်ပြီး ကလေးလိုချင်ေကာင်း ကျွန်မကို ဖွင့်ပြောတယ်။ ဒါပေမဲ့ အသက်သုံးဆယ် ပြည့် တော့မှာ မို့ ကလေးမွေးရမှာ ကိုလည်း သူက သိပ်ကြောက်နေတယ်"

မော်လီက ကော်ဖီခွက်ကို အကုန် မော့သောက်လိုက်သည် ။ ပြီး တော့ ဆက်ပြောသည် ။ "ဒါနဲ့ ကျွန်မက သူ့ကို လစ်ဇ်ဘာကလေ အကြောင်း ပြောပြတယ်။ လစ်ဇ်က ကလေးမရနိုင်လို့ မီးယပ်ကုပါရဂူ တစ်ယောက်ဆီ သွားပြတယ်။ တကယ်တော့ အဲဒီဆရာဝန်က ကလေးမရနိုင်တဲ့ မိန်းမတွေကို က လေးရအောင် ကုသပေးနိုင်တဲ့ သန္ဓေသား ပါရဂူတစ်မျိုးပေါ့။ နောက် ဆုံးတော့ လစ်ဇ်မှာ သမီးလေး တစ်ယောက် မွေးလာတယ်။ ဝမ်းသာလို က်တာ မပြောပါနဲ့တော့။ ဒါနဲ့ ပဲ ဗင်ဂျီကိုလည်း ကျွန်မက အဲဒီဆရာဝန် အကြောင်း ပြောပြတ

ယ်။ သူ့နာမည်က ဒေါက်တာ ဟိုက်ဂလေတဲ့ ။ အဲ ဒါနဲ့ ဗင်ကျီက အဲဒီဆရာဝန်ဆီ သွားပြတယ်။ မကြာခင်မှာ ပဲ ကိုယ်ဝန် ရှိ

လာတယ်။ ဒါပေမဲ့ ကျွန်မကတော့ ဗင်ကျီအတွက် တွေးပြီး စိတ်မကောင်း ဖြစ်နေမိတယ်" "ဒေါက်တာဟိုက်ဂလေ .. ဟုတ်လား" ကက်သလင်းက အံ့အား သင့်ဟန်ဖြင့် မေးလိုက်သည် ။ မော်လီက ခေါင်းညိတ်ပြီး - "ဟုတ်တယ်၊ သူက ဟို .. ဟို ဆရာဝန်" ကက်သလင်းက ခေါင်းကို ခါပြလိုက်သည် ။ မော်လီ၏ နှုတ်ဖျားတွင် စကားတွေ ပျောက်ကွယ်သွားကြသည် ။

≈ အခန်း (၈)

အက်ဒနာဘန်းသည် သူ့အလုပ်ကိုသူ အလွန် ခင်တွယ်သည် ။ သူမ သည် ဒေါ်တာဟိုက်ဂလေနှင့် ဒေါက်တာဖူခီတို တို့ ကို အုပ်ချုပ်သော ဝက်စ်လိတ်ခ် သားဖွားဆေးရုံတွင် ငွေကိုင်စာရေးမအဖြစ် လုပ်ကိုင်နေ သည် ။ တစ်ပြိုင်တည်းတွင် လူနာလက်ခံ စာရေးမ တာဝန်ကိုလည်း ပူး တွဲ ဆောင်ရွက်သည် ။

"ဒေါက်တာ ဟိုက်ဂလေကတော့ ဒီဆေးရုံမှာ ထိပ်တန်း သမားတော်ကြီးပါပဲ"

ဟူ၍ သူမက အမြဲတမ်း ဂုဏ်ယူ ပြောပြတတ်သည် ။ "ရှင်တို့ သိတဲ့ အတိုင်းပဲ၊ သူက ဝင်နီဖရက် ဝက်စ်လိတ်ခ်နဲ့ အိမ် ထောင်ပြု တော့ ဝင်နီဖရက်ဆီက အမွေတွေ တော်တော် ရလိုက်တယ် လေ။ အဲဒါကြောင့်လည်း ဒီဆေးရုံကြီးကို ဒီလောက် ကြီးကြီးကျယ်ကျ ယ် တည်ထောင်နိုင်တာပေါ့"

ဒေါက်တာ ဟိုက်ဂလေသည် နာမည်ကျော် မီးယပ်နှင့် သားဖွားပါရ ဂူ သမားတော်ကြီး ဖြစ်သည် ။

"သူ့အစွမ်းကြောင့် ကလေးမရနိုင်တဲ့ အမျိုးသမီးတွေ ကိုယ်ဝန်ဆော င်လာတော့ ဘယ်လောက် ဝမ်းသာကြမယ်ဆိုတာ တွေးသာ ကြည့်ကြ

တော့။ ဒီဘက်မှာ တော့ သူက တစ်ဖက်ကမ်းခတ်တဲ့ ပုဂ္ဂိုလ်ကြီးပါပဲ။ အဲ

သူက ပိုက်ဆံကိုတော့ နှင့်နေအောင် ယူတယ်။ ဒါလည်း မျှား တယ်လို့ မ ဆိုနိုင်ပါဘူး။ ပညာတန်ဖိုးကို ထိုက်ထိုက်တန်တန် ယူတာပါ"

အက်ဒနာက ဒေါက်တာ ဟိုက်ဂလေအကြောင်းကို သည် လိုပင် မကြာခဏ ထုတ်ဖော် ကြေညာလေ့ ရှိသည် ။

"ပြီးတော့ ကလေး မလိုချင်တဲ့ မိန်းမတွေရဲ့ အတွင်းရေး ပြဿနာကို လည်း ကျွမ်းကျွမ်းကျင်ကျင် ဖြေရှင်းပေးနိုင်သေးတယ်။ ကျွန်မ ဘာဆို လိုတယ်ဆိုတာ ရှင်တို့ သဘောပေါက်ပါတယ်"ဒေါက်တာဖူဒီတိုက စိတ်ရောဂါ အထူးကု သမားတော်ကြီး ဖြစ်သည် ။ ဝက်စ်လိတ်ခ် သားဖွားဆေးရုံမှာ သာမန်သားဖွားဆေးရုံ သက်သက် မ ဟုတ်ဘဲ စိတ်ရောဂါကု ဆေးရုံလည်း ဖြစ်သည် ။ သန္ဓေသား အောင်မြင် ရေးအတွက် စိတ်နှင့် ကိုယ် နှစ်ခုစလုံး လိုက်လျော ညီထွေ ပေါင်းစည်းဖို့ လိုကြောင်း၊ အမျိုးသမီး အများစုသည် ကြောက်စိတ်နှင့် စိုးရိမ်စိတ်များကြောင့် ကိုယ်ဝန်မဆောင်နိုင်ခြင်း ဖြစ်ကြောင်း သည်

ဆေးရုံက အလေးအနက် ယုံကြည်သည် ။ ထို့ကြောင့်လည်း မီးယပ် ဝေ ဒနာသည် တိုင်း ဒေါက်တာဖူဂီတိုထံတွင် အနည်းဆုံး တစ်ကြိမ်တော့ စ မ်းသပ် စ

စ်ဆေးခံကြရသည် ။ ကိုယ်ဝန်ဆောင် အမျိုးသမီးများ အနေဖြင့်မူ အချိန်မှန်မှန် လာရောက် စစ်းသပ်ကြရသည် ။အက်ဒနာသည် ဝက်စ်လိတ်ခ်ဆေးရုံ၏ သမိုင်းကြောင်းတို့ ကို လူနာ များအား မြိန်ရေရှက်ရေ ပြောပြတတ်သည် ။

သည် ဆေးရုံကို ပထမဦးဆုံး စိတ်ကူးဖြင့် တည်ထောင်ခဲ့သူမှာ ဒေါ် က်တာ ဝက်စ်လိတ်ခ် အမည်ရှိ ဆရာဝန်ကြီး ဖြစ်သည် ။ သူသည် ဆေး ရုံကို လက်တွေ့အကောင်အထည် မဖော်နိုင်မီမှာ ပင် ကွယ်လွန်သွားခဲ့ သည် ။

နောက်ရွစ်နှစ် အကြာတွင် သူ့သမီးဖြစ်သူ ဝင်နီဖရက်သည် ဒေါက် တာ ဟိုက်ဂလေနှင့် အိမ်ထောင်ပြုပြီး ဒေဝါလီခံရသော ရီဗားဖော ဆေး ရုံကို ဝယ်ယူလိုက်သည် ။ ဆေးရုံနာမည်ကိုလည်း ကွယ်လွန်သူ ဖခင်ကြီး၏ အမည်ဖြင့် ပြောင်းလဲမှ ည့်ခေါ် ကာ ခင်ပွန်းသည် အား ဆေး ရုံကို ကြီးကြပ် အုပ်ချုပ်စေသည် ။

"သူတို့ လင်မယားကတော့ စံပြလင်မယားလို့ ဆိုလောက်ပါရဲ့ ၊ တစ် ယောက်ကို တစ်ယောက် ချစ်လိုက်ကြတာ မပြောပါနဲ့ တော့" အက်ဒနာက လူနာများအား ဖောက်သည် ချနေခြင်း ဖြစ်သည် ။ "ဝင်နီဖရက်က ဒေါက်တာထက် အသက်ဆယ်နှစ်ကြီးတယ်။ ဒါပေ မဲ့ ဘာမှ ပြဿနာ မပေါ် ဘူး။ တကယ့်ကို အသည်းစွဲ ချစ်ကြတဲ့ လင်မ ယားပါပဲ။ ဒေါက်တာက သူ့မိန်းမဆီကို တစ်ပတ်မှာ နှစ်ကြိမ်စီ ပန်းစည်းတွေ မှန်မှန်ပို့ပေးတယ်။ ဘယ်လောက်ပဲ အလုပ်များနေပေမ ယ့် သူ့မိန်းမနဲ့ အတူ စျေးသွားပြီး မိန်းမအတွက် အဝတ်အစားတွေ ဝယ် ပေးလိုက်သေးတယ်။ အဲဒီလောက် ချစ်နေတဲ့ အထဲက ဝင်နီဖရက် ရုတ်တရက် ဆုံးသွားတော့ ဒေါက်တာ့ခမျာ အလူးအလဲ ခံရရှာတယ်။ ဝင်နီဖ ရက်နှလုံးရောဂါ ဖြစ်နေတယ်ဆိုတာ ဘယ်သူမှ မသိခဲ့ကြဘူး။ ဒါပေမဲ့ ဒေါက်တာကတော့ အလုပ်ထဲမှာ ပဲ စိတ်ကို မျှပ်ထားပြီး သောကကို ဖြေပါတယ်။ သူ့ဆီကို ဘယ်တော့မှ ကိုယ်ဝန်မဆောင်နိုင်တဲ့ မိန်းမတွေ တဖွဲဖွဲ ရောက်လာကြတယ်။ သူနဲ့ တွေ့ပြီးနောက် တချို့မျာ း တစ်ကြိမ်မက နှစ်ကြိမ်၊ သုံးကြိမ်အထိတောင် ကိုယ်ဝန်ဆောင်ကြတယ် ။ အဲဒီ မိန်းမတွေကို ကလေးမမွေးခင် နှစ်လတိတိ ဆေးရုံတက်ခိုင်းထား တယ်။ ဒီအကြောင်းတွေကို ရှင်တို့ မကြာခင် ဖတ်ရလိမ့်မယ်။ နယူးစ်မီ တ်ကား မဂ္ဂဇင်းက သူ့အကြောင်းကို သတင်းရေးဖို့ အချက်အလက်တွေယူသွားပြီ။ လာမယ့် ကြာသပတေးနေ့ ထွက်လာလိမ့်မယ်။ ပြီးခဲ့တဲ့ အပ တ်က သူတို့ လာပြီး ဓာတ်ပုံတွေ ရိုက်ယူသွားတယ်။ အဲဒီအချိန်ကျတော့ တယ်လီဖုန်းငွေ မနားတမ်း ဆက်ကြမှာ သေချာတယ်"

အက်ဒနာသည် မွေးရာပါ စာရင်းကိုင်တစ်ဦး ဖြစ်သည် ။ သူမ၏ စာ ရင်း မှတ်တမ်းများမှာ တိကျသည် ။ သေသပ်သည် ။ ကုသခ ရရှိသော ပို က်ဆံများကို လည်း စနစ်တကျ လက်ခံပြီး ဘဏ်သို့ မှန်မှန်သွင်းသည် ။ သူမ၏ စားပွဲပေါ်တွင် "လက်ငင်းငွေချေပါ၊ လစဉ် ပေးသွင်းခြင်းစနစ် လ က်မခံ" ဟူ၍ စာတ

နဲ်းရေးထားသည် ။ စမ်းသပ်ခန့ဉ် ဆေးဝါးကုသခ အားလုံးကို သူမကပင် သတ်မှတ်သည် ။

အထူးညွှန်ကြားချက် မရှိပါက လူနာတိုင်းအား ဆေးရုံသို့ မှန်မှန် လာပြရန် ပြောပါပြရမည်ဟု ဒေါက်တာဟိုက်ဂလေက သူမအား ညွှန်ကြားထားလေသည်။ လူနာတစ်ယောက်သည် အကြောင်း တစ်စုံတစ် ရာကြောင့် ဆေးရုံသို့ လာရောက်ရန် ပျက်ကွက်လျှင်လည်း သူမက တ ယ်လီဖုန်းဆက်ပြီး ရက်ချိန်း ပြန်လည် သတ်မှတ်ပေးရသည် ။ သည် အ ချက်သည် ဆေးရုံအတွက် စီးပွားရေးအကွက် ဖြစ်သည် ။ ဒေါက်တာ ဟို က်ဂလေသည် အက်ဒနာ၏ စာရင်းမှတ်တမ်း တိကျသေသပ်မှုနှင့် ချိန်း ဆိုချက်များကို အပြည့်အဝ ဆောင်ရွက်နိုင်စွမ်းရှိမှုတို့ အတွက် အမြဲတ မ်း ချီးကျူးလေ့ ရှိသည် ။

သို့သော် သူမက လူနာတစ်ယောက်၏ ပြဿနာကို အခြားလူနာ တ စ်ယောက်အား အတင်း ပြောသလိုလို မြိန်မြိန်ရှက်ရှက် ပြောပြတတ်သ ည့် အကျင့်ကိုတော့ ဒေါက်တာက ပြင်းပြင်းထန်ထန် ကြိမ်းမောင်း တားမြစ်သည် ။ "နောက်တစ်ခါ ဒါမျိုး တွေ့ရင်တော့ ဖျာလိပ်ပြီးသာ တန်းပြန်ပေတော့၊ ဒါပဲ"

သည် စကားကို ဒေါက်တာက အလေးအနက် ပြောကြောင်း သူမက နားလည်လိုက်သည် ။

***

အက်ဒနာက သက်မတစ်ချက် ချလိုက်သည် ။ သူမ တော်တော် ပင်ပ နဲ်နေသည် ။ ။

လွန်ခဲ့သော ညက ဒေါက်တာနှင့် နှစ်ယောက်စလုံး ညဉ့်နက်သည် အထိ အလုပ်လုပ်ခဲ့ကြသဖြင့် သူမအဖို့ နားချိန်မရအောင် အလုပ်များ ခဲ့ သည် ။

သည် နေ့တော့ စောစောက အိမ်ပြန်နိုင်မည် ထင်သည် ။ သူမသည် ဌေစာရင်းများကို သက်ဆိုင်ရာ မှတ်တမ်းစာအုပ်များ တွင် ရေးသွင်းသ ည် ။ ပြီးတော့ အမောပြေ ဝိုင်တစ်ခွက် သောက်လိုက်သည် ။ အချိန်မှာ မွ နဲ်းလွဲ နှစ်နာရီထိုးခါနီးပြီ။

နောက်သုံးနာရီ ဆိုလျှင် အလုပ်တွေ့ အားလုံး ပြီးတော့မည်။ လူနာ ချိန်းဆိုချက် မှတ်တမ်းများကိုလည်း ပြန်ကြည့်ရဦးမည်။ ဒါမှ လိုအပ်တဲ့ အစီအစဉ်တွေ့ အချိန်မီ လုပ်ကိုင်နိုင်မည်။ စောစောက ဝိုင်တစ်ခွက် သောက်ထားသဖြင့် သူမသည် ရီတီတီနှင့် မူးချင်သလို ဖြစ်နေသည် ။

သူမ အသက်က ၄၄ နှစ် ရှိပြီ။ သို့သော် သူမ၏ ရုပ်သွင်က အသက် ထက် ၁၀ နှစ်လောက် ပိုကြီးနေသလို ထင်ရလေသည် ။ ငယ်ငယ်တုန်း က သက်ကြီးရွ

ယဲအို မိဘနှစ်ပါးအား ပင်ပင်ပန်းပန်း လုပ်ကျွေးရင်းအချိန်ကုန်ခဲ့ရ၍ ကိုယ့်ကို ယ်ကို ပြုပြုပြင်ပြင်နေရန်ပင် အချိန်မရခဲ့သော

ကြောင့် ဖြစ်သည် ။ သူမသည် လူနာချိန်းဆိုချက်များကို စဉ်းစားရင်း ယမန်နေ့ည ရှစ်နာ ရီက ဗင်ကျီလူးဝစ်နှင့် ချိန်းဆိုချက်ကို ပြန်လည် သတိရမိသည် ။

ဗင်ကျီသည် ယမန်နေ့ညက စောစောရောက် လာပြီး အက်ဒနာနှင့် စ ကားထိုင်ပြောနေခဲ့သည် ။ သူမကို ကြည့်ရသည် မှာ တော်တော် စိတ်

သောက ရောက်နေပုံ ရသည် ။ ဆေးရုံသို့ ဗင်ကျီရောက်လာ လျှင် အမြဲတ မ်းညည်းတတ်သည် ။ ကိုယ်ဝန်ကလည်း တစ်နေ့တခြား ကြီးထွား လာပြီး ကိုယ် အလေးချိန်လည်း တက်လာသည် ။ သူမ၏ ဗိုက်ထဲတွင် ရေကျန်များ နေ ကောင်း အက်ဒနာက အတွေ့အကြုံ အရ ခန့်မှန်းမိသည် ။ သူ့ခမျာ သည် ကလေးကို ရှောရှောရှူရှူ မွေးနိုင်ပါစေဟု လည်း ကျိတ်ပြီး မေတ္တာပို့မိသည် ။ ဗင်ကျီသည် ကလေးလိုချင်လွန်း၍ ရူးမတတ် ဖြစ်နေသည် ။ ။သူ့ခမျာ ရှားရှားပါးပါး ကိုယ်ဝန်ရှိလာပြန်တော့လည်း ကျန်းမာရေး က သိပ်မကောင်းရှာ။ ခြေထက်တွေ ရောင်အန်း လာပြီး ဖိနပ်ကိုပင် စွပ်ဖိနပ် ပြောင်းစီးနေရသည် ။

"မပူပါနဲ့ တူမရယ်၊ ဒေါက်တာဖူဂီတိုနဲ့ ပြလိုက်ရင် အားလုံး အဆင်ပြေသွားမှာပါ"

အက်ဒနာက ဗင်ကျီအား နှစ်သိမ့်စကား ဆိုသည် ။

ထိုအခိုက် ဒေါက်တာဖူဂီတိုက လူနာကို သူ့အခန်းသို့ လွှတ်လိုက်ပါရ န် အတွင်းဖုန်းဖြင့် လှမ်းခေါ် လိုက်သည် ။ ဗင်ကျီက ထိုင်ရာမှ ထပြီး စက် လမ်းအတိုင်း လျှောက်သွားသည် ။ ရုတ်တရက် ယိုင်လဲတော့မလို ဖြစ် သွားပြီး ဖိနပ်တစ်ဖက် မပါဘဲ ဆက်လျှောက်သွားသည် ။

အက်ဒနာက နေရာမှ ထသွားပြီး ဗင်ကျီကျုတ်ကျန်ရစ်သော ဖိနပ်တ စ်ဖက်ကို ကောက်ထားလိုက်သည် ။ စိတ်ထဲကလည်း သူ အပြန်မှာ ဝင် ယူပါစေဟု ေတွးလိုက်မိသည် ။

***

ည ကိုးနာရီ ထိုးသွားပြီ။

ယခုတိုင် ဗင်ကျီ ပြန်ထွက်မလာသေး။ အက်ဒနာက ဗင်ကျီအား သူမ ၏ ဖိနပ်ကို ရုံးခန်း တံခါးဝတွင် ထားခဲ့ကြောင်း ပြောရန် ဒေါက်တာဖူဂီ တို၏ ရုံးခန်းသို့ တယ်လီဖုန်း ကောက်ဆက်လိုက်သည် ။

တစ်ဖက်မှ တယ်လီဖုန်းကို လုံးဝ မကိုင်။ ကေန္တတော့ ဗင်ဂျီပြုန်ထွက် သွားပြီ ၊ ဖစ်သည် ။ အဲဒါမှ ဒုက္ခ၊ ဖိနပ်မပါဘဲ လျှောက်သွားရင် ခြေ ထောက်တွေ အေး စက်ကုန်တော့မှာ ပဲ။

အက်ဒနာသည် ဖိနပ်ကို လက်ထဲမှာ ကိုင်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ် နေမိသ ည် ။

သို့နှင့် ရုံးခန်းတံခါးကို ကမန်းကတန်း ပြန်ပိတ်ပြီး ကားရပ် ကွက်လ ပ်တွင် ဗ င်ဂျီ၏ အနီရောင် လင်ကွန်းကွန်တီနင်တယ် ကားကြီး ရှိသေး သလားဟု ကြ ည့်ရန် အပြေးကလေး ထွက်လာခဲ့သည် ။

ကားစက်ခန်းတွင် ဒေါက်တာဟိုက်ဂလေ ထိုင်ပြီး စက်နေသည် ကို လှမ်းမြင် လိုက်ရသည် ။ သူမက ဒေါက်တာအား လှမ်းအော်ပြီး ဗင်ဂျီ ၏ ဖိနပ်ကို ပေး လိုက်ရန် စီတ်ကူးမိသေးသည် ။

***

သို့ပေမဲ့ အို .. မထူးပါဘူး။ နောက်မှ ပြန်ပေးလည်း ရတာပဲဟု တွေး လိုက်ပြီး အိမ်သို့သာ ပြန်လာခဲ့တော့သည် ။

ယမန်နေ့ညတုန်းက ဒေါက်တာ ဟိုက်ဂလေသည် ဗင်ဂျီလူးဝစ်နှင့် သီးသန့် ချိ န်းဆိုခဲ့ကြ ရှိကောင်း ရှိနိုင်သည် ဟု အက်ဒနာက တွေးမိသ ည် ။ ဖုန်းဆက်ကြ ည့်လျှင် ကောင်းမည်ဟု စိတ်ကူးရပြီး တယ်လီဖုန်းနံပါတ် ကောက်လှည့်လိုက် သည် ။

တစ်ဖက်မှ တယ်လီဖုန်းမြည်သံ ကြားရသည် ။ အသံပြတ်သွားသည်

နောက်ထပ် မြည်လာပြန်သည် ။ "လူးဝစ်တို့ အိမ်ကပါ"

ယောကျ်ားသံ ပေါ်လာသည် ။ အက်ဒနာက ကပွတိန်လူးဝစ် ဖြစ်မှာ ပဲဟု ထ င်ပြီး - "မစ္စတာလူးဝစ်နဲ့ ပြောပါရစေရှင်" "အခု ပြောနေတာ ဘယ်သူပါလဲ" "ဒေါက်တာဟိုက်ဂလေ ရုံးခန်းကပါ။ မစ္စက်လူးဝစ်ကို ဆေးရုံလာဖို့ နောက်ထ ပ် ရက်ချိန်း ပေးမလို့ ပါ" "ခဏကိုင်ထားပါ"

တစ်ဖက်မှ စကားပြောသံများ မသဲမကွဲ ကြားနေရသည် ။ စကားပြောခွက်ကို လက်နှင့် အုပ်ထားကြောင်း အက်ဒနာ အတပ်သိလို က်သည် ။ဘာဖြစ်နေတာ ပါလိမ့်။ ဗင်ဂျီ နေမကောင်းများ ဖြစ်နေလို့ လား။ ဒီ လို ဆိုရင်တော့ ဒေါက် တာ ဟိုက်ဂလေကို ချက်ချင်း သွားပြောရမှာ ပဲ။

တစ်ဖက်မှ စကားသံ ပြန်ပေါ်လာသည် ။ "ကျွန်တော်က ဗယ်လီခရိုင် အစိုးရ ရှေ့နေရုံးက မှုခင်းစုံထောက် က နန်နင်ဂမ်ပါ။ ဒီမှာ မစ္စက်လူးဝစ် ရုတ်တရက် သေဆုံးသွားလို့ ပါ။ မနက်ဖြန် မနက်မှာ ကျွန်တော်တို့ ဌာနက တစ်ယောက်ယောက် ဒေါက် တာ့ဆီ လာပြီး လိုအပ်တာကလေးတွေ့ မေးမြန်းစရာ ရှိပါတယ်။ အဲဒါ ကျေးဇူးပြုပြီး ဒေါက်တာ့ကို ကြိုတင် ပြောထားလိုက်စေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်" "ဟင် .. မစ္စက်လူးဝစ် သေသွားပြီ ဟုတ်လား။ ဘုရား ဘုရား၊ ဘယ် လို ဖြစ်တာပါလိမ့်" "သူ့ကိုယ်သူ သတ်သေသွားတယ် ထင်ရတာပဲ" တစ်ဖက်မှ တယ်လီဖုန်း ပြန်ချသွားသည် ။

***

အက်ဒနာသည် တယ်လီဖုန်းကို ဖြည်းဖြည်းကလေး ပြန်ချလိုက်သ ည် ။ မဖြစ်နိုင်ဘူး။ လုံးဝ မဖြစ်နိုင်ဘူး။ ထိုအခိုက် နှစ်နာရီတွင် ချိန်းဆိုထားသော လူနာနှစ်ယောက် တစ်ပြိုင်နက်တည်း ရောက်လာကြသည် ။ တစ်ယောက်က ဒေါက်တာဟိုက်ဂလေနှင့် ချိန်းထားသော မစ္စက်ဗိုလမာ ။ ကျန်တစ်ယောက်က ဒေါက်တာဖူမီတိုနှင့် ချိန်းထားသော မစ္စက်လက် ချလေ။ အက်ဒနာက ၎င်းတို့ နှစ်ယောက်အား စက်ရုပ်လို ကမန်းကတန်း နှတ်ဆက်လိုက်သည် ။ "နေကောင်းရဲ့ လား အက်ဒနာ၊ မျက်နှာလည်း မကောင်းပါလား" မစ္စက်ဗိုလမာက မေးသည် ။ အက်ဒနာက ရုတ်တရက် ဗင်ကျီ သေဆုံးသွားကြောင်းကို ထုတ်ပြော လိုက်မည်ဟု လုပ်ပြီးမှ တစ်စုံတစ်ရာကို သတိရသဖြင့် ပါးစပ် ပြန်ပိတ် ထားလိုက်ရသည် ။ သည် ကိစ္စကို ဘယ်သူ့မှ မပြောခင် ဒေါက်တာ ဟိုက်ဂလေကို အရင်ပြောမှ ဖြစ်မည်။

ဒေါက်တာ၏ ရုံးခန်းမှ တစ်နာရီခွဲတွင် ချိန်းထားသော လူနာ ပြန်ထွ က်လာသည် ။ အတွင်း တယ်လီဖုန်းမြည်သံ ပေါ် ထွက်လာသည် ။ "အက်ဒနာ .. မစ္စက်ဗိုလမာကို လွှတ်လိုက်တော့" အက်ဒနာက လူနာအမျိုးသမီး နှစ်ယောက်ကို တစ်လှည့်စီ ကြည့်လို က်သည် ။

ဒေါက်တာ့ထံ တယ်လီဖုန်းဖြင့် ပြောလိုက်လျှင် သူတို့ ကြားသွားလိမ့် မည်။

"ဒေါက်တာ၊ ကျွန်မ အရင် ခဏလာလို့ ဖြစ်မလား။ ဒေါက်တာ့ကို ပြောစရာ တစ်ခု ရှိလို့ ပါ။ သူမက စကားကို ပုံမှန်အသံအတိုင်း ထိန်းပြောလိုက်သည် ။

"ဖြစ်ပါတယ်" သူ့အသံက သိပ်ပြီး လိုလိုချင်ချင် မရှိလှ။

သူမသည် သူမ၏ အတွေ့အကြုံးကို မနိုင့်တနိုင် သယ်ပြီး ခပ်မြန်မြ နကလေး လျှောက်လာခဲ့သည် ။ ရုံးခန်းဝရောက်တော့ ခေတ္တရပ်ပြီး အသက်ရှူလိုက်သေးသည် ။ ပြီးတော့မှ တံခါး ခေါက်လိုက်သည် ။ "ဝင်ခဲ့" သူ့အသံက နည်းန

ည်း မာနေသလို ထင်ရသည် ။ သူမသည် တံခါးမကို မဝံ့မရဲ ဖွင့်ပြီး ရုံးခန်းထဲသို့ ဝင်လာခဲ့သည် ။ "ဒေါက်တာ သိသင့်တယ် ထင်လို့ ကျွန်မ လာပြောတာပါ။ ခုနကပဲ ကျွန်မ မစ္စက်လူးဝစ်၊ ဟို ဗင်ဂျီလူးဝစ် အခန်းကို ဖုန်းဆက်ပါတယ်။ ဒါ က်တာက သူနဲ့ အပတ်စဉ် တွေ့ချင်တယ် ဆိုလို့ ကျွန်မက ရက်ချိန်းပေး ဖို့ ဆက်ကြည့်တာပါ"

"ကဲ ဟုတ်ပြီ၊ တံခါးပိတ်လိုက်စမ်း အက်ဒနာ၊ မင်းအသံက ဆေးရုံ တစ်ခုလုံး ကြားရတယ်၊ တိုးတိုးပြောစမ်းပါ"

သူမက အမိန့်အတိုင်း လေသံလျှော့လိုက်ပြီး - "ဒေါက်တာ၊ ကျွန်မ သူ့အိမ်ဆက်တော့ စုံထောက် တစ်ယောက်က တယ်လီဖုန်း ကိုင်ပါတယ်။ သူက ဗင်ဂျီလူးဝစ် သူ့ကိုယ်သူ သတ်သေသွားပြီလို့ ပြောပါတယ်။ ပြီးတော့ မနက်ဖြန် သူတို့ ဒေါက်တာ့ ဆီ လာကြမယ်လို့ လည်း ပြောပါတယ်" "ဟင် .. မစ္စက်လူးဝစ် ဘာဖြစ်တယ်။ သူက အံ့အားသင့်သွားဟန်ဖြင့် မေးလိုက်သည် ။

"မနေ့ညကတည်း သူ တော်တော် စိတ်သောက ရောက်နေပုံရတယ် ဒေါက်တာ။ အဲဒါကို ဒေါက်တာလည်း သတိထားမိလိုက်မှာ ပါ။ သူ့ပြော ပုံဆိုပုံတွေနဲ့ သူ့အမူအရာတွေ ကြည့်ရတာ ဘာကိုမှ ဂရုမစိုက်သလိုဘဲ။ ညတုန်းက သူ့ကို ဒေါက်တာ ကားနဲ့ လိုက်ပို့လိုက်တာ တော်တော် ကောင်းတယ်။ နို့မဟုတ်ရင် မလွယ်ဘူး" "မင်း ဒီအကြောင်း ဘယ်သူ့ကို ပြောသေးသလဲ အက်ဒနာ"

ဒေါက်တာ၏ လေသံမှာ ထူးခြားသလို ရှိနေသောကြောင့် အက်ဒနာ မှာ အတော်ကလေး စိတ်ကယောက်ကယက် ဖြစ်သွားသည် ။ ထို့ကြော င့် ဒေါက်တာ၏ မျက်နှာကို မကြည့်ဘဲ ပြန်ဖြေလိုက်သည် ။

"အို .. ဘယ်သူ့မှ မပြောသေးပါဘူး။ ကျွန်မ ခုပဲ သိသိချင်း ဒေါက် တာ့ကို လာပြောတာပါ" "မင်း လူနာလက်ခံခန်းမှာ မစ္စက်ဗိုလမာကို ဖြစ်ဖြစ်၊ နောက် တစ် ယောက်ကို ဖြစ်ဖြစ် လုံးဝ မပြောခဲ့သေးဘူး ဆိုတာ သေချာတယ်နော် " "ဟုတ် .. ဟုတ်ကဲ့၊ သေချာပါတယ် ဒေါက်တာ။ ဘယ်သူ့မှ မပြောခဲ့ တာ အမှန်ပဲ" "ဒါနဲ့ ခုနက မင်း ပြောတဲ့ စုံထောက်နဲ့ ရော ဘာတွေ ပြောခဲ့သေးသလဲ။

"သူနဲ့ လည်း ဘာမှ မပြောခဲ့ပါဘူး။ သူ ပြောတာပဲ နားထောင်ပြီး တော့ ဒေါက်တာ့ဆီ ချက်ချင်း လာခဲ့တာပါ" "ဒီမှာ အက်ဒနာ၊ အဲဒီတော့ ငါပြောတာ သေသချာချာ မှတ်ထားစ မ်း။ မနက်ဖြန် ရဲတွေ လာရင် မစ္စက်လူးဝစ် စိတ်ဖောက်ပန်နေတဲ့ အကြောင်း တို့ သိသလောက် ပြောပြမယ်။ ဒါပေမဲ့ တစ်ခုတော့ ကြပ်ကြပ်သတိထားပါ။

သူက ကိုယ်ကို ရှေ့သို့ကိုင်းပြီး သူမ၏ မျက်နှာတည့်တည့်ကို လက် ညှိုးငေါက်ငေါက် ထိုးလိုက်သဖြင့် အက်ဒနာက အမှတ်မထင် နောက်သို့ ပင် ဆုတ်လိုက်မိသည် ။

"မစ္စက်လူးဝစ်အကြောင်း ဘယ်သူ့ကိုမှ မပြောနဲ့ ။ ငါ ပြောတာ နား လည်ရဲ့လား။ သူက စိတ်ဖောက်ပြန်နေတဲ့ မိန်းမတစ်ယောက်။ ဒါပေမဲ့ သူ အခုလို ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုရင် တစ်နည်းမဟုတ် တစ်န ည်းနဲ့ တို့ ဆေးရုံရဲ့ဂုဏ်သိက္ခာကို ထိခိုက်လာနိုင်တယ်။ သူဟာ ငါ့ဆီမှ ဆေးကုသခံနေတဲ့ လူနာတစ်ယောက် ဆိုတာ သတင်းစာတွေထဲ ပါလာ ရင် ဘယ်လိုနေမယ်ဆိုတာ မင်း တွေးကြည့်စမ်းပါ။ အဲဒီတော့ မင်းက

ဆေးရုံလာတဲ့ လူနာတွေနဲ့ ပလူးပလဲ လုပ်ပြီး ဒီအကြောင်းကို အာမချော င်မဖို့ အရေးကြီးတယ်။ အထူးသဖြင့် သူတို့ ဗိုက်ထဲက သန္ဓေသားအပေါ် စိတ်မ ချတဲ့ ကိုယ်ဝန်ဆောင်တွေနဲ့ ဘာမှ မပြောမိအောင် သတိထားရမ ယ်။ ငါ ပြောတာ သဘောပေါက်ရဲ့ လား" "ဟုတ်ကဲ့ပါ ဒေါက်တာ၊ စိတ်ချပါ။ ကျွန်မ ဘယ်သူ့ကိုမှ မပြောပါဘူး

(သူမသည် အသံသာမက တစ်ကိုယ်လုံးပါ တုန်ယင်နေသည် ။

"ဒီမှာ အက်ဒနာ၊ မင်း အခု လုပ်နေတဲ့ အလုပ်ကို ကြာကြာ လုပ်ချင် တယ် မဟုတ်လား" "ဟုတ်ကဲ့ပါ ဒေါက်တာ" "အဲ.. ဒါဆိုရင် ဒီကိစ္စ ဘယ်သူ့မှ မပြော နဲ့ ။ လုံးဝ ပါးစပ်ပိတ်နေပါ။ ဘယ်သူ့ဆို ဘယ်သူမှ မပြောနဲ့ ။ မင်း တစ်ယောက်ယောက်ကို ပြောတယ်ဆိုတာ ငါသိရင်တော့ အဲဒီနေ့မှာ မင်း ဒီမှာ အလုပ်မရှိတော့ဘူးလို့ သာ မှတ်ပေတော့။ မနက်ဖြန် ရဲတွေ လာရင်တော့ ပြောသင့်တာတွေ ပြောပြီရမယ်။ ဒါပေမဲ့ မစ္စက်လူးဝစ် စိတ်ဖောက်ပြန်နေတယ် ဆိုတာကို ပဲ အဓိကထားပြီး ပြောပြရမယ်။ ဒါပဲ။ ငါ ပြောတာ နားလည်ရဲ့ လား" "ဟုတ်ကဲ့ပါ ဒေါက်တာ" "ဒီည မင်း ဘယ်သွားစရာ ရှိသေးသလဲ။ မိတ်ဆွေတွေနဲ့ အပြင်ထွက် စရာ ရှိသေးသလား။ မင်း အရက်မူးလာရင် အာချောင်တတ်တယ် ဆို တာ မင်းကိုယ်မင်း သိတယ်နော်" အက်ဒနာ၏ မျက်လုံးအစုံတွင် မျက်ရည်တွေ ဝဲလာသည် ။ "ကျွန်မ အိမ်ကိုပဲ တန်းပြန်မယ် ဒေါက်တာ။ ကျွန်မ သိပ်လည်း နေမ ကောင်းပါဘူး။ မနက်ဖြန် ရဲတွေ လာရင် ဘာပြောရမယ် ဆိုတာ ကျွန်မ သိပါတယ် ဒေါက်တာ"

သူမသည် တစ်ချက် ရှိုက်လိုက်သည် ။ မျက်နှာပေါ်သို့ မျက်ရည်တွေ စီးကျလာသည် ။ ဒေါက်တာ ဟိုက်ဂလေက သူမအား မျက်နှာကြောတင်းတင်းနှင့် စိုက်ကြည့်နေသည် ။

အက်ဒနာက မျက်ရည်ကိုသုတ်ပြီး ပြောလိုက်သည် ။ "ကျွန်မ အခု မစ္စက်ဗိုလမာကို လွှတ်လိုက်ပါ့မယ် ဒေါက်တာ။ ကျွန်မ အတွက် ဘာမှ မပူပါနဲ့ ဒေါက်

တာ။ ကျွန်မတို့ ဆေးရုံကို ကျွန်မ တန်ဖိုး ထားပါတယ်။ ဒေါက်တာ့လုပ်ရပ်ေတွဟာ ဆေးရုံအတွက်ရော၊ လူနာအ တွက်ပါ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ကျွန်မ သိပါတယ် ဒေါ က်တာ။ ဒေါက်တာ မပြောစေချင်တဲ့ စကားကို ကျွန်မ တစ်ခွန်းမှ မပြော ပါဘူး၊ စိတ်ချပါ"

အက်ဒနာသည် ထိုနေ့ ညနေပိုင်းတွင် လက်မလည်နိုင်အောင် အလု ပ်များ နေသည် ။ လူနာသစ်၊ လူနာဟောင်းတွေကို လက်ခံရသည် ။ ပိုက် ဆံတွေကို စာရင်းသွင်းရသည် ။ လူနာများကို ရက်ချိန်းပေးရသည် ။ သူ မသည် မစ္စက် လူးဝစ် သေဆုံးမှုကို လုံးဝ မစဉ်းစားမိအောင် အလုပ်ကို သာ ဖိလုပ်နေလိုက်သည် ။

နောက်ဆုံး ငါးနာရီထိုးတော့ ဆေးရုံမှ ခြောက်မိုင်ခရီးရှိသော သူမ ၏ တိုက်ခန်းသို့ ကားမောင်းပြီး ပြန်လာခဲ့သည် ။

≈ အခန်း (၉)

ဒေါက်တာ ရစ်ချတ်ကာရိုးသည် ဗယ်လီခရိုင်ဆေးရုံ ရေခဲတိုက်ရှိ ရင်ခွဲခန်းထဲတွင် ဗင်ကျီလူးဝစ်၏ အလောင်းမှ သန္ဓေသားကို ညင်သာစွာ ဖွင့် ထုတ်ယူလိုက်သည် ။ သူသည် ကျွမ်းကျင်သော လက်ချောင်းများ ဖြင့် သန္ဓေသားကို ကိုင်ပြေမှာက်ကာ စေ့စပ်စွာ လေ့လာကြည့်ရှု နေသည် ။ သ န္ဓေသားတွင် ရေမြွေပေါက်နေသည် ကို တွေ့ရသည် ။ သည် အတိုင်းဆို လျှင် ဗင်ကျီလူးဝစ်သည် သည်ကလေးကို ဝမ်းဗိုက်ထဲတွင် သိပ်ပြီး ကြာကြာ မထိန်းသိမ်းနိုင်တော့။ ကလေးငယ်မှာ ကိုယ်အလေးချိန် နှစ် ပေါင်ခွဲ ရှိပြီး ယောကျ်ားကလေး ဖြစ်သည် ။ ပထမဆုံး မွေးဖွားသော သားဦးကလေး။ ရစ်ချတ်က ဆုံးရှုံးသွားရသော အသက်တစ်ချောင်းအတွက် စိတ်မ ကောင်းစွာဖြင့် ခေါင်းကို ခါယမ်းရင်း ကလေးငယ်ကို စားပွဲပေါ် တွင် တ င်ထားလိုက်သည် ။ဗင်ကျီသည် သွေးဆိပ်တက်ရောဂါ တော်တော် ရင့်နေပြီဖြစ်ကြောင်း

တွေ့ရှိရသည် ။ သည် အခြေအနေမျိုးတွင် သက်ဆိုင်ရာ သားဖွား ဆရာ ဝန် အနေဖြင့် သည် မျှအထိ သန္ဓေသား ရင့်အောင် ထားသည် ကို မယုံနိုင်အောင် ဖြစ်မိသည် ။

သူမ၏ ဝမ်းဗိုက်ထဲတွင် ရေမြွေရည် မည်မျှ ရှိမည်ဆိုသည် ကို ရစ်ချတ် အလွန် သိချင်နေသည် ။

တော်တော်များများ ရှိလိမ့်မည်ဟု လည်း ကျိန်းသေပေါက် ခန့်မှန်းမိ သည် ။

ရေမြွေရည် နမူနာကို ဓာတ်ခွဲခန်းသို့ ပေးပို့လိုက်ပြီး ဖြစ်သည် ။ အမျိုးသမီးအား ဆိုင်ယာနိုက် အဆိပ်က သတ်လိုက်ကြောင်းကို သူက သံသယမရှိ ယုံကြည်သည် ။ သူမ၏ ပါးစပ်နှင့် လည်ချောင်းများ တွင် အဆိပ်ရည်တွေ ပုံပျက်ပန်းပျက် လောင်ကျွမ်းထားသည် ။ သူမသည် အ ဆိပ်ရည် အများကြီးကို တစ်ကျိုက်တည်း မော့သောက်လိုက်တာ ဖြစ်မည်။

ဘုရား ... ဘုရား၊ ဘယ်လောက်များ အခံရခက်လိမ့်မလဲ။

တွေးကြည့်ရတာပင် ကြယ်သီးထစရာ ကောင်းလှသည် ။ ပြီးတော့ ပါးစပ်အပြင်ဘက် တစ်ဝိုက်မှာ လောင်ထားတဲ့ ဒဏ်ရာ တွေလည်း ရှိသေးသည် ။ ရစ်ချတ်သည် ယင်းတို့ ကို သေသေချာချာ စစ် ဆေးကြည့်ရှုသည် ။ သူမ အဆိပ်ရည် သောက်ချလိုက်ပုံကို စိတ်ကူးဖြင့် မှန်းကြည့်သည်

ပါးစပ်ထဲ အဆိပ်ရည် ဝင်သွားတော့ အရှမ်းပူလောင်လိမ့်မည်။ ထို အခါ သူမသည် စိတ်ပြောင်းသွားပြီး အဆိပ်ရည်ကို ထွေးထုတ်ပစ်ရန် ကြိုးစားလိမ့်မ

ည်။ ကျွဲတွင် ဝူးဝူးဝါးဝါးနှင့် ပါးစပ်ထဲမှ အဆိပ်ရည်တွေ ပြန်ထွက် လာပြီး နှုတ်ခမ်းနှင့် မေးတစ်ဝိုက် လောင်ကုန်တာ ဖြစ်လိမ့်မ ည်။ သို့သော် သည် အချက်ကို သူ့အနေဖြင့် အပိုင်တော့ မပြောနိုင်သေး။

သူမ၏ ကုတ်အင်္ကျီတွင် ကပ်နေသော ချည်မျှင်စ ဖြူဖြူဖွေးဖွေး လေးတွေကကော ဘာတွေလဲ။ ကြည့်ရတာတော့ စောင်က ကပ်ကျန်ရစ် တာတွေ ဖြစ်နိုင်သည် ။

ရစ်ချတ်သည် ယင်းချည်မျှင်စ ကလေးတွေကို စစ်ဆေးကြည့်ရှုပြန် သည် ။ ဗင်ဂျီလူးဝစ်သည် သိုးမွေး၊ သို့မဟုတ် ဂွမ်းစပါသော အခင်းတစ် ခုခုပေါ် တွင် အိပ်နေခဲ့ခြင်း ဖြစ်မည်ဟု တွက်ဆမိသည် ။ ထို့ကြောင့် ကု တ်အင်္ကျီမှ ချည်မျှင်စနှင့် ဂွမ်းစကလေးများကို တိုက်ဆိုင် စစ်ဆေးကြည့် ရမည်။

ပြီးတော့ သူမ စီးထားသော ဖိနပ်။ သည် အချက်ကလည်း သံသယဝ င်စရာ ကောင်းသော အရေးပါသည့် အချက်တစ်ရပ် ဖြစ်သည် ။

ဖိနပ်တွေက အဖိုးတန် အကောင်းစားတွေ။ သည် အချက်ထက် အဓိ ကကျတာက အသစ်တွေ ဖြစ်နေသည့် အချက်ပင် ဖြစ်သည် ။ သည် လို ရာသီဥတု ဆိုးဝါးသော နေ့မျိုးတွင် ဗင်ဂျီသည် ဖိနပ် အသစ်စက်စက်ကြီးကို စီးသွားပ့ါမ လား။ အလွန် မဖြစ်နိုင်သောအချက် ဖြစ်သည် ။

ထို့ပြင် ဖိနပ်နှစ်ဖက်စလုံးပေါ် တွင် လည်း ရေကွက်၊ သို့မဟုတ် နှင်း ကွက် တစ်စုံတစ်ရာ ထင်နေတာကိုလည်း လုံးဝ မတွေ့ရ။

သည် အတိုင်းဆိုလျှင် သူမသည် အပြင်သို့ ထွက်ခဲ့ပြီး အိမ်သို့ ပြန် လာ၊ နောက်တစ်ခါ ပြန်ထွက်မည်လုပ်၊ ဖိနပ်အသစ် လဲပြီး ပြန်စီး၊ သို့

သော် အပြင်မထွက်ဖြစ်တော့ဘဲ ကိုယ့်ကိုယ်ကို သတ်သေလိုက်တာမျှား ဖြစ်လသလား။ သို့သော် သည် အချက်ကိုလည်း အတပ်မပြောနိုင်သေး။

နောက်တစ်ချက် ကျန်သေးသည် ။ တခြား မဟုတ်။ ဖိနပ်တွေ အလွန် နက်ပ်နေသည့် အချက် ဖြစ်သည် ။ အထူးသဖြင့် ညာဘက်ခြေထောက် မှာ ဖိနပ်မှာ ထူးထူးခြားခြား ကျပ်နေသည် ။ ဖိနပ်ဦးက အလွန်ကျဉ်းနေ သည် ။ အတင်း သပ်ထည့်ထားရပုံမျိုး ဖြစ်နေသည် ။ သူမ၏ ခြေထော က်မှာ ပြုတ်တူနှင့် ညှပ်ထားသလို ဖြစ်နေသည် ။ သူမကိုယ်တွင် ဝတ် ထားသော အခြားအဝတ်အစားမျှား နှင့် ယှဉ်ကြည့်လျှင် ကိုယ့်ကိုယ်ကို သတ်သေသလို ဖြစ်နေသော၊ သည် လောက် ကျပ်သော ဖိနပ်ကို ဘာသ ဘောနှင့် သူမ စီးရတာလဲ။ ကိုယ့် ကိုယ်ကို သတ်သလို ဖြစ်နေသော ဖိနပ်။ ကိုယ့်ကိုယ်ကို သတ်သလို ဖြစ်နေသော ဖိနပ်။ သည် အချက်သည် ရစ်ချတ်၏ စိတ်ထဲတွင် စွဲနေသည် ။ သူသ

ည် ငှါ နေရာမှ ကိုယ်ကို ပြန်မတ်လိုက်သည် ။ အလောင်းစစ်ဆေးမှု အားလုံး ပြီးသွားပြီ။ ဓာတ်ခွဲခန်း စစ်ဆေးချက် ရလျှင်ရချင်း သူ စစ်ဆေးတွေ့ရှိ သမျှကို စကော့မိုင်ယာဆင်ထဲ အစီရင်ခံရမည် ဖြစ်သည် ။

သူက ကလေးငယ်၏ အလောင်းကို ပြန်လှည့်ကြည့်လိုက် ပြန်သည် ။ အဆိပ် ရည်သည် ကလေးငယ်၏ သွေးပြန်ကြောထဲသို့ ဝင်သွားခြင်း ဖြ စ်သည် ။ သူ သည် လည်း သူ့မိခင်ကဲ့သို့ပင် ဝေဒနာပြင်းစွာ ခံစားရပြီးမှ

သေဆုံးသွားရခြင်း ဖြစ်မည်မှာ သေချာသည် ။ ရစ်ချတ်သည် ကလေး ယ်၏ အလောင်းကို စိတ်ဝင်စားစွာ ကြည့်ရှုနေသည် ။ လူ့အသက် စတင် ဖြစ်ပေါ် လာပုံ ဆန်းကြယ်နက်နဲခြင်းကို သူ့အနေဖြင့် အမြဲတမ်း ရင်သပ် ရှုမော ဖြစ်ခဲ့ ရသည် ။ကလေးငယ်၏ ခန္ဓာကိုယ်ဖွဲ့စည်းမှု ထူးထူးခြားခြား ပြည့်စုံ ညီညွတ် နေခြင်းကို ကြည့်ပြီး သူက တအံ့တသြ ဖြစ်နေမိသည် ။ ကိုယ်လက်အင်္ဂါအစိ တ်အပိုင်းများ ၊ ကြွက်သားနှင့် အသားမျှင်များ ၊ အကြောနှင့် အရိုးများ ၊ သွေး ပန်ကြောများ ညီညွတ်ပြေပြစ်ခြင်းနှင့် ရှုပ်ထွေးသော နှာဇ်ကြောများ ကောင်း မွန်ပြည့်စုံခြင်းတို့ အတွက် လူ့ခန္ဓာ စက်ယန္တရား တည်ဆောက်ပုံ ဆန်းကြယ် မှုကို မအံ့သြဘဲ မနေနိုင်အောင် ဖြစ်ရသည်

ရစ်ချတ်သည် သန္ဓေသား အလောင်းကို ရုတ်တရက် ချက်ကြိုးဖြတ် လိုက်ပြီး အားကောင်းသော အလင်းရောင်အောက်တွင် သေသေချာချာ စစ်ဆေး ကြ ည့်ရှုသည် ။

ဒါ ဖြစ်နိုင်ပါ့မလား။ သူသည် တစ်စုံတစ်ရာကို သံသယဝင်လာသည် ။ ယင်း သံသယက ပင်လျှင် ကလေးအလောင်းကို ပြန်လည် စစ်ဆေးဖြစ် လေအောင် တွန်းပို့လိုက်ခြင်း ဖြစ်သည် ။

သည် ကိစ္စကို ဒေဗ်ဘရုဒ် တတ်နိုင်သည် ။ ဒေဗ်သည် “မောင့်ဆိုင်နိုင်း” ဆေးရုံရှိ သန္ဓေသား မမွေးဖွားမီ ဖွံ့ဖြိုးတိုးတက်မှု သု တေသနဌာနမှ ဌာနမှူး ဖြ စ်သည် ။ သည် သန္ဓေသား အလောင်းကို သူ့ ထံ ပို့ပြီး စစ်ဆေးရမည်။

အကယ်၍ မိမိ သံသယဖြစ်မိသည့် အတိုင်းသာ မှန်ခဲ့လျှင် သူ့မိန်းမ ၏ ကိုယ် ဝန်အတွက် ကပ္ပတိန် လူးဝစ်အနေဖြင့် အဘယ်ကြောင့် စိတ်မ ချမ်းမသာ ဖြ စ်နေရသည် ဟူသော အချက်ကို ခိုင်ခိုင်လုံလုံ အကြောင်းပြ နိုင်မည်မှာ ကျိ နိုင်းသေပေါက် ဖြစ်သည် ။

သို့ဆိုလျှင် ယင်းအချက်သည် ပင်လျှင် သူ့မိန်းမအား သူကိုယ်တိုင် သတ်ရသ ည့် အဓိက အကြောင်းရင်းလည်း ဖြစ်နိုင်သည် ။

≈ အခန်း (၁၀)

ဗယ်လီခရိုင် အစိုးရရှေ့နေကြီး စကော့မိုင်ယာဆင်သည် သူ၏ ရုံးခါ နှင့်၌ ညနေ ငါးနာရီတိတိ တွင် အစည်းအဝေး ပြုလုပ်ရန် စီစဉ်ထားသ ည် ။ ဖိတ်ခေါ်ထားသူများမှာ ကက်သလင်း၊ ရစ်ချတ်ကာရိုးနှင့် ဗင်ကျီသေ ဆုံးမှုကို စုံစမ်းထောက်လှန်းရန် တာဝန်ကျနေသော လူသေမှု တပ်ခွဲမှ စုံ ထောက်နှစ်ယောက်တို့ ဖြစ်ကြသည် ။

အစိုးရရှေ့နေကြီး၏ ရုံးခန်းက ကျဉ်းကျဉ်းကလေး။ ရာထူးအဆင့် အတန်းနှင့် တခြားစီ။ အခန်းနံရံများမှာ ဆေးရောင်ကွာနေကြပြီ၊ စားပွဲ၊ ကုလားထိုင်များကလည်း ဟောင်းနွမ်း ယိုယွင်းနေကြပြီ။ အမှုတွဲသိမ်း သံသေတ္တာများကလည်း အရောင်အဆင်း မရှိကြတော့။ ပြတင်းပေါက်များကို ခရိုင်အကျဉ်းထောင်ဘက်သို့ မျက်နှာမူထားသည်

ပထမဦးဆုံး ကက်သလင်း ရောက်လာသည် ။ သူမသည် နှေးကွေး လေးလံစွာဖြင့် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည် ။ စကော့မှာ လူ့ဖ လံကလေး ဖြစ်သော်လည်း အသံကတော့ အံ့သြစရာ ကောင်းလောက်

အောင် သြဇာရှိသည် ။ သူသည် ကော်ကိုင်းမျက်မှန် အကြီးကြီးကို တပ် ထားသည် ။ နှတ်ခမ်းမွေးက နက်မှောင်ပြီး သေသေသပ်သပ် ရှိသည် ။ ဝတ်စုံမှာ ရှေးဆန်သော်လည်း အဆစ်အချိုး ကျနပြေပြစ်သည် ။ သူ့ရုပ် သွင်က ဥပဒေအရာရှိတစ်ဦးထက် ဘဏ်သူဌေး တစ်ဦးပုံမျိုး ပေါက်နေသည် ။

သူသည် ယနေ့ တစ်နေ့လုံး တရားရုံးတွင် အမှုတစ်ခုကို စွဲချက်တင် လျှောက်လဲနေခဲ့ရ၍ ကက်သလင်းအား တယ်လီဖုန်းဖြင့်သာ စကားပြောနိုင်ခဲ့သည် ။

သူက ကက်သလင်း၏ ပတ်တီးစည်းထားသော လက်နှင့် မျက်စိ အောက်မှာ ဒဏ်ရာတို့ ကို ကြည့်လိုက်ပြီး - "မင်း အခုလို လာတာ ကျေးဇူးတင်ပါတယ် ကက်သလင်း။ မင်းမှာ တာဝန်တွေ တော်တော် ပိနေတယ် ဆိုတာ ငါသိပါတယ်။ အဲဒီအတွက် လည်း ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ မနက်ဖြန်တော့ ရုံးမတက်ဘဲ အ နားယူလိုက်စေချင်တယ်"

ကက်သလင်းက ခေါင်းခါလိုက်သည် ။ "ရပါတယ် ဆရာ၊ ဒဏ်ရာက အသေးအဖွဲပါ။ မနက်ဖြန်ဆိုရင် တော် တော် ကောင်းသွားမှာ ပါ" "ကောင်းပြီလေ၊ ဒါပေမဲ့ သိပ်နေမကောင်းရင်တော့ အိမ်ပြန်ပြီး နား လိုက်ပေါ့၊ ဟုတ်လား"

သူက မျက်နှာအမူအရာ တည်သွားပြီး - "ဗင်ကျီအမှုကိစ္စ ပြောပါဦး၊ တို့ ဘာတွေ သိရပြီလဲ" ကက်သလင်း စကားပြောနေတုန်း ဒေါက်တာရစ်ချတ်နှင့် စုံ

ထာက် များ ဝင်လာကြသည် ။ သူတို့ သည် တိတ်တိတ်ဆိတ်ဆိတ်ဖြင့် ကုလား ထိုင်လွတ်များ တွင် ဝင်ထိုင်လိုက်ကြသည် ။ စကော့သည် ကက်သလင်း ၏ စကားကို နားထောင်ရင်း စားပွဲကို ခဲတံဖြင့် တဒေါက်ဒေါက် ခေါက် နေသည် ။

သူက စုံထောက်များ ဘက်သို့ လှည့်လိုက်ပြီး - "ကဲ ဆိုပါဦး၊ ဘာတွေ့တွေ့လာခဲ့ကြသလဲ" ဖိလစ်ကန်နင်ဂမ်က မှတ်စုစာအုပ်ကို ထုတ်ယူလိုက်သည် ။ "လူးဝစ်တို့ လင်မယားက အိမ်နီးချင်းပါတီတွေကို တက်လေ့ ရှိကြတယ်"

သူက ကက်သလင်းဘက်သို့ လှည့်ကြည့်ပြီး - "ခင်ဗျား အစ်မကြီးတို့ အိမ်ကိုလည်း ရောက်ကြတယ်။ ခရစ်လူးဝစ် ကို အိမ်နီးနားချင်းတွေ အားလုံးပဲ သဘာကျကြပါတယ်။ ဒါပေမဲ့ ဗင်ဂျီ နဲ့ ပတ်သက်လို့ တော့ သိပ်ပြီး ဟက်ဟက်ပက်ပက် မရှိကြဘူး။ ဗင်ဂျီက ယောကျ်ားလုပ်သူကို အမြဲတမ်း ယနမကင်း ဖြစ်နေတယ်။ ရပ်ကွက်ထဲ က လူမှုရေး လုပ်ငန်းတွေကိုလည်း လုံးဝ စိတ်မဝင်စားဘူး။ ပါတီပွဲတွေ့ တက်တဲ့ အခါမှာ လည်း သူ့ယောကျ်ားကို အရိပ်တကြည့်ကြည့် ဖြစ်နေ တယ်။ သူ့ယောကျ်ားက တခြားမိန်းမတစ်ယောက်နဲ့ ငါးမိနစ်ထက် ပိုပြီး စကားပြောနေရင် သူက တစ်ချီတည်း ကောက်တော့တာပဲ။

ဒါပေမဲ့ ခရစ်ကတော့ သူ့မယားအပေါ်မှာ တော်တော်ကလေး သည်း ခံစိတ်ရှိတယ်လို့ သိရတယ်။ အိမ်နီးချင်း မိန်းမတစ်ယောက်က ပြောလို ကိတာကတော့ တစ်ရက်မှာ သူတို့ လင်မယား ပါတီပွဲတစ်ခုက အပြန်မှာ သူ့ယောကျ်ားက “ငါသာ ဗင်ဂျီရဲ့ ယောကျ်ား ဆိုရင်တော့ လ ည်ပင်း ညှစ်သတ်မိမှာ ပဲ” လို့ ပြောတယ်လို့ ဆိုပါတယ်။ နောက်ပိုင်း ကို ယ်ဝန်ရှိလာတော့ ဗင်ဂျီဟာ ဝမ်းသာလုံးဆို့ပြီး အားအားရှိ ကလေးအကြောင်းချည်းပဲ ပြောနေတယ်လို့ သိရပါတယ်"

ထို့နောက် ချာလီနဂျင့်က သူ့မှတ်စုကို ဖွင့်လိုက်ပြီး -

"ဗင်ဂျီရဲ့ သားဖွားဆရာဝန်က ဗင်ဂျီကို သူနဲ့ လာတွေ့ဖို့ ဖုန်းဆက်တ ယ်။ ဒါကြောင့် မနက်ဖြန်မှာ အဲဒီဆရာဝန်ဆီ သွားပြီး မေးစရာ ရှိတာ တွေ့ မေးရဦးမယ်" ရစ်ချတ်က ကြားဖြတ်ပြီး ပြောလိုက်သည် ။ "ကျွန်တော်လည်း ဗင်ဂျီရဲ့ ကျန်းမာရေး အခြေအနေနဲ့ ပတ်သက်ပြီး ဆရာဝန်ကို မေးချင်တာတွေ့ ရှိပါတယ်" စကော့က ရစ်ချတ်ကို ကြည့်လိုက်ပြီး - "ဒါနဲ့ ခင်ဗျားက ရင်ခွဲစစ်ဆေးမှုပြီးသွားပြီလား" "ပြီးသွားပါပြီ။ ဆိုင်ယာနိုက်အဆိပ်ကြောင့် သေဆုံးရတယ်ဆိုတာ တော့ လုံးဝ သေချာပါတယ်။ သူဟာ အဆိပ်သောက်ပြီး မိနစ်ပိုင်းအတွ င်းမှာ ပဲ သေဆုံးသွားတယ်။ ပါးစပ်နဲ့ လည်ချောင်းတွေမှာ အဆိပ်ရည်

တွေ့ ဆိုးဆိုးဝါးဝါး လောင်ထားတာ တွေ့ရတယ်။ ဒီအချက်ကို အခြေခံပြီး စဉ်းစားစရာတွေ့ ထပ်ပေါ်လာတယ်"

သူက အခန်းထောင့်ရှိ ရေစစ်အိုးဆီသို့ လျှောက်သွားပြီး စက္ကူ ရေခွက်တွင် ရေအပြည့် ထည့်၍ ယူလာသည် ။

"ဒီခွက်ထဲမှာ အဆိပ်ရည် အပြည့်ရှိတယ်လို့ သဘောထားကြစို့။ ကျွန်တော်က ဒီအဆိပ်ရည် သောက်ပြီး ကိုယ့်ကိုယ်ကို သတ်သေတော့မယ် ။ ကိုင်း တစ်ကျိုက်တည်းနဲ့ မော့ချလိုက်ပြီ"

သူက ရေခွက်ကို ဆတ်ခနဲ မော့သောက်လိုက်သည် ။ ရေခွက်တွင် ရေတစ်ဝက်ခန့် ကျန်နေသေးသည် ။ စားပွဲရှိ ပုဂ္ဂိုလ်တွေက သူ့အပြုအမူ ကို မျက်တောင်မခတ် စိုက်ကြည့်နေကြသည် ။ သူက ရေခွက်ကို အပေါ် မြှောက်လိုက်ပြီး -

"ကျွန်တော့်အထင်ကတော့ ဗင်ကျီလူးဝစ်ဟာ အဆိပ်ရည်ကို အနည်း ဆုံးသုံးအောင်စလောက်တော့ သောက်မိလိမ့်မယ်လို့ ယူဆတယ်။ စော စောက ကျွန်တော် သောက်လိုက်သလောက် ဆိုပါတော့။ ဒီအချက်ကို ကျွန်တော် စစ်ဆေးကြည့်ပြီးပါပြီ။ ဒါပေမဲ့ ပြဿနာက သူ့နှုတ်ခမ်းနဲ့ မေးစေ့ တစ်ဝိုက်မှာပါ အဆိပ်ရည် လောင်ကျွမ်းနေတဲ့ အချက်ပဲ။ အဆိ ပ်ရည်က လည်ပင်းမှာ ထောင် လောင်ထားတာ တွေ့ရတယ်။ အဲဒီလို ဖြ စ်နိုင်တာ အကြောင်း တစ်ခုတည်းပဲ ရှိတယ်။ အဲဒါက တခြား မဟုတ် ဘူး ။ သူဟာ အဆိပ်ရည်တချို့ ၊ ဒါမှ မဟုတ် တော်တော်များများကို ပြန် ထွေးပစ်လိုက်တာ ဖြစ်နိုင်တယ်ဆိုတာပဲ။ သူဟာ အဆိပ်အားလုံးကို တ စ်ကျိုက်တည်းနဲ့ မော့သောက်လိုက်တယ်ဆိုရင် အခုလို အပြင်ဘက်မှာ အဆိပ်ရည် လောင်ကျွမ်းထားတာမျိုး မရှိနိုင်ဘူး။ ဒါမှ မဟုတ် ပထမအကြိမ် သောက်လိုက်ပြီးတော့ နောက်တစ်ကြိမ် ပြန်သောက်တဲ့ အခါ ပါးစပ်ထဲ မဝင်တော့ဘဲ ပြန်ထွေးပစ်လိုက်တာ များ လား"

"တစ်ဝက် သောက်ပြီး တစ်ဝက် ပြန်ထွေးပစ်လိုက်တာကော မဖြစ်နို င်ဘူးလား" စကော့က ဖြတ်မေးလိုက်သည် ။ ရစ်ချတ်က ပခုံးကို တွန့်လိုက်ပြီး - "စစ်ဆေးချက်အရတော့ သူ့ဝမ်းထဲမှာ လည်း တော်တော်များများ တွေ့ရတယ်။ အပြင်မှာ လည်း တော်တော်များ လိမ့်မယ်လို့ ထင်ရတာပဲ ။ ဒါပေမဲ့ အိပ်ရာခင်းပေါ်မှာ ဖိတ်နေတာကတော့ မပြောလောက်ပါဘူး။ ပြီးတော့ ဖန်ခွက်ထဲမှာ လည်း အကပ်အသပ် နည်းနည်းပါးပါး တွေ့ရ

သေးတယ်။ ဒီတော့ ဖန်ခွက်အပြည့် ပါးစပ်ထဲမှာ ထည့်လိုက်တဲ့ အခါ နှ တ်ခမ်းနဲ့ မေးစေ့အပေါ် နည်းနည်းပါးပါး ဖိတ်စဉ်သွားပြီး ကျန်တာအားလုံး သော

ကဲ့ချလိုက် တာလို့ လည်း ပြောနိုင်တယ်။ ဒါပေမဲ့ ကျွန်တော် ကတော့ အဲဒီလို ဖြစ်လိမ့်မယ်လို့ လုံးဝ မထင်ဘူး။ နောက်တစ်ခုက ဖိန ပ်ပြဿနာပဲ"

ယခုအလောင်းတွင် စီးထားသော ဖိနပ်ဆိုလျှင် ဗင်ကျီအနေဖြင့် ဘယ် လိုမှ သက်သောင့် သက်သာ လမ်းလျှောက်၍ မဖြစ်နိုင်ကြောင်း သူက ဆက်လက် ရှင်းပြသည် ။

ကက်သလင်းက ငြိမ်သက်စွာ နားထောင်နေရာမှ ဗင်ကျီ၏ မျက်နှာ ကို မှန်းကြည့်သည် ။ အိပ်မက်ဆိုးထဲတွင် သူမ မြင်ခဲ့ရသော လူသေ၏ မျက်နှာသည် ထင်ထင်ရှားရှားကြီး ပေါ် လာသည် ။ သူမသည် စိတ်အာရုံ ကို အစည်းအဝေးသို့ ပြန်ခေါ် ထားလိုက်ရသည် ။ ထိုအချိန်တွင် ချာလီက သူ စုံစမ်းတွေ့ရှိချက်များကို တင်ပြနေသည်

"သူ့မိန်းမ အလောင်းပေါ် မှာ ထူးခြားချက်တစ်ခု ရှိတယ် ဆိုတာကို ခ ရစ်က သိထားတယ်လို့ ရစ်ချတ်နဲ့ ကျွန်တော်က ယုံကြည်ထားတယ်။ အဲ ဒီအချက်ကို သူက ကျွန်တော်တို့ ကို လုံးဝ မပြောဘူး" "အဲဒီအချက်က ဖိနပ်ပဲ ဖြစ်လိမ့်မယ်" ဟု ရစ်ချတ်က ဝင်ပြောသည် ။ ကက်သလင်းက ရစ်ချတ်ကို ကြည့်လိုက်ပြီး - "ခရစ် ဖုန်းဆက်တာကိုရော ဘယ်လို ယူဆမလဲ" သူမက စကော့ဘက်သို့ ပြန်လှည့်ရင်း - "ဒီအကြောင်းအရာကို ကျွန်မ ပြောခဲ့ပြီးပါပြီ"

"ဟုတ်ပါတယ်" စကော့က ကိုယ်ကို နောက်မှီထိုင်လိုက်ပြီး - "ကောင်းပြီလေ၊ ဒီတော့ မင်းတို့ နှစ်ယောက် (ချာလီနှင့် ဖိလစ်တို့ အား လက်ညှိုးထိုးရင်း) ကပွတိန်လူးဝစ်အကြောင်းကို အပြည့်အစုံ ဆ က်စုံစမ်းပါ။ အဲဒီဂျွန်းဆိုတာ ဘယ်သူဘယ်ဝါ ဆိုတာလည်း သိချင်တယ် ။ ပြီးတော့ ဒီနေ့မနက် သူ့လေယာဉ်ပျံ ဘယ်အချိန် ရောက်သလဲ ဆိုတာ နဲ့ ဒီသုံးလေးရက် အတွင်းမှာ ဗင်ကျီဟာ ဘယ်သူတွေနဲ့ ဖုန်းဆက် စကားပြောသလဲ ဆိုတာကိုပါ စုံစမ်းပါ။ ဒေါက်တာ့ ဆီတော့ ရီတာကို လွှတ်လိုက်။ ဗင်ကျီရဲ့ စိတ်ဝေဒနာ၊ ရုပ်ဝေဒနာ နှစ်ခုစလုံးနဲ့ ပတ်သက်ပြီး သူ့ထင်မြင်ချက်ကို တိတိကျကျ မေးခဲ့လို့ ပြောလိုက်" "သူ့ရဲ့ ရုပ်ဝေဒနာ အကြောင်းကိုတော့ ကျွန်တော်လည်း ပြောနိုင်တယ်။

ရစ်ချတ်က ပြောသည် ။

"တကယ်လို့ သူဟာ ဗိုက်ထဲက ကလေးကို ရက်ပိုင်းအတွင်း ခွဲထုတ်ပြီး မမွေးခဲ့လို့ ရှိရင် အဆိပ်မသောက်ဘဲနဲ့ သွေးဆိပ်တက်လို့ သေသွားမှာ ကျိန်းသေပဲ" "နောက်တစ်ခုက ..." စကော့က ပြောသည် ။ "သူက အဲဒီအဆိပ်ကို ဘယ်က ရတာလဲ" "အိမ်ထဲမှာ တော့ ဘာသဲလွန်စမှ မတွေ့ရဘူး" ချာလီက ပြောသည် ။

"ဒါပေမဲ့ သူက ဥယျာဉ်တွေ ဘာတွေ စိုက်တယ်ဆိုတော့ ပိုးသတ်လို့ ကျန်တာ နည်းနည်းပါးပါး ချန်ထားတာလည်း ဖြစ်နိုင်တယ်"

"အရေးကြီးတာက ဘာကြောင့် ကိုယ့်ကိုယ်ကို သတ်သေတာလဲ ဆို တာကို သိဖို့ ပဲ" စကော့က လေးနက်သော အမူအရာဖြင့် ပြောလိုက်သည် ။ "ကဲ နောက် ဘာမျှား ကျန်သေးလဲ" ရစ်ချတ်က စဉ်းစဉ်းစားစားဟန်ဖြင့် - "လောလော ဆယ်တော့ ဒါလောက်ပါပဲ။ ဒါပေမဲ့ ကျွန်တော်ကတော့ တခြား စဉ်းစားစရာ အချက်တွေ ရှိဦးမယ်လို့ ယုံကြည်တယ်။ ကျွန်တော့်ကို နောက်ထပ် နှစ်ဆယ့်လေးနာရီ အချိန်ထပ်ပေးပါဦး။ အဲဒီနော က်ပိုင်းမှာ နောက်တစ်ခုခုကိုတော့ ကျွန်တော် ထပ်ပြီး တင်ပြနိုင်ပါလိမ့် မယ်" စကော့က ခေါင်းညိတ်လိုက်ပြီး - "ကောင်းပြီ၊ နောက်ထပ် သံလွန်စ ထပ်တွေ့ရင် ကျွန်တော့်ဆီ အမြန် ဆုံး တင်ပြပါ" သူက ထိုင်နေရာမှ ထရပ်လိုက်သည် ။

"ဒီအမှုဟာ ကိုယ့်ကိုယ်ကို သတ်သေမှု လုံးဝ မဟုတ်ဘူး ။ ဒါကို ကျွ န်တော် တို့ အားလုံး သဘောတူကြတယ်"

သူက ရစ်ချတ်ကို ကြည့်လိုက်ပြီး - "နောက်ထပ် မေးစရာတစ်ခု ကျန်သေးတယ်။ သူဟာ တစ်နေရာရာ မှာ သေပြီးမှ အိပ်ရာပေါ် ပြန်တင်ထားတာရော မဟုတ်ဘူးလား"

ရစ်ချတ်က မျက်ခုံးချီလိုက်ပြီး - "ဖြစ်နိုင်တယ်။ ဒါပေမဲ့ သူ့ကိုယ်ထဲမှာ သွေး ခဲနေပုံကို ကြည့်တော့ သူဟာ အဆိပ်ရည် သောက်ပြီးတဲ့ အချိန်ကစပြီး အခု ကျွန်တော်တို့ တွေ့ရတဲ့ အိပ်ရက် ပုံစံအတိုင်းပဲ ရှိနေခဲ့တယ် ဆိုတာ တွေ့ရတယ်" "ကိုင်း ဒီညအဖို့ တော့ ဒီလောက်ဆိုရင် လုံလောက်ပါပြီ" ကက်သလင်းက ထိုင်ရာမှ ထလိုက်သည် ။

ဆေးရုံပေါ်မှ မြင်ခဲ့ရသော သူမ၏ အိပ်မက်ဆိုးကို ပြောပြလိုက်ရင် ကောင်းမ လားဟု ရုတ်တရက် စိတ်ကူးလိုက်သေးသည် ။

သို့ပေမဲ့ -

"ကားတိုက်ပြီး ဒဏ်ရာတွေနှင့် ကယောင်ကတမ်း ဖြစ်နေသော မုဆိုးမတစ်ဦး၏ အိပ်မက်ဆိုးကို ဘယ်သူ ယုံနိုင်ပါ့မလဲ" ဟူသော အ တွေးက သူမကို ဟန့်တားထားလိုက်သည် ။

*****

≈ အခန်း (၁၁)

သူ ကြိုးစားလုပ်ကိုင်ခဲ့သမျှသော အရာအားလုံးသည် အက်ဒနာကြောင့် သဲ ထဲရေသွန် ပျက်စီး ဆုံးရှုံးရတော့မည်။ သည် အချ ကိုကို သူ့အနေဖြင့် ဘယ်နည်းနှင့်မျှ လက်မခံနိုင်။ မဖြစ် ဖြစ်သည့်နည်းဖြင့် အသေအလဲ ကာကွယ်ရတော့မည်။

သူသည် ကားလက်ကိုင်ဘီးကို တင်းတင်း ဆုပ်ကိုင်လိုက်သည် ။ သူ့ လက်တွေ တုန်ယင်နေသည် ကို သတိပြုမိသည် ။ စိတ်နှင့် ကိုယ်ကို တ ည်ငြိမ်အောင် အစွမ်းကုန် ထိန်းချုပ်မှ ဖြစ်တော့မည်။လင်ကွန်းကွန်တိန်နင်တယ် ကားကို ကားရပ်ကွက်လပ်မှ သူ မောင်း ထွက်သွားသည် ကို အက်ဒနာ မြင်လိုက်ခြင်း သည် အဆိုးဆုံး ဖြစ်သည် ။ ကားထဲတွင် သူနှင့်အတူ ဗင်ဂျီလည်း ပါမည်ဆို သည် ကို အက်ဒနာ သိ မည်မှာ သေချာသည် ။ သည် အတိုင်းဆိုလျှင် ရဲတွေ့ ရောက်လာသောအ ခါ အားလုံး ပေါ် ကုန်တော့မည်။ ရဲတွေက မေးလာမည့် မေးခွန်းများကို သူ ကြားယောင်မိသည် ။

"ဒေါက်တာ .. မစ္စက်လူးဝစ်ကို ဒေါက်တာ့ကားနဲ့ လိုက်ပို့တာ ဟုတ် ပါသလား။ သူ့ကို အိမ်ပို့ခဲ့ပြီးနောက် ဒေါက်တာ ဘာတွေ့ ဆက်လုပ်ပါ

သေးသလဲ။ အ ငါးက များနဲ့ ပြန်ခဲ့ပါသလား။ အချိန်က ဘယ်လောက်ရှိပါပြီ လဲ။ မစ္စအက်ဒနာက ပြောတာကတော့ ဒေါက်တာဟာ ညကိုးနာရီ ကျော်ကျော်လောက်မှာ ကားရပ်ကွက်လပ်က ထွက်သွားတယ်လို့ ပြောပါတယ်။ အဲဒါ ဟုတ်ပါသလား"အလောင်းကို ခွဲစိတ်စစ်ဆေးကြည့်လျှင် ဗင်ဂျီသည် ထိုအချိန် ပတ်ဝ န်းကျင်လောက်တွင် သေဆုံးခဲ့ကြောင်း တွေ့ရမည်မှာ သေချာသည် ။ သူ က နှင်းမုန်တိုင်းထဲတွင် ဆေးရုံသို့ ခြေကျင် လျှောက်ပြီး ပြန်လာခဲ့ပါသ ည် ဟု အမှန်အတိုင်း ပြောလိုက်လျှင် သူတို့ က ဘယ်လို ထင်ကြမှာ လဲ။ အ က်ဒနာကိုတော့ လုံးဝ ရှင်းပစ်မှ ဖြစ်တော့မည်။ ။ သူ့ဆေးသေတ္တာသည် သူနှင့်အတူ ပါလာသည် ။ ဘေးနားက ထိုင်ခုံ ပေါ် တွင် ရှိနေသည် ။ ဆေးသေတ္တာထဲသို့ စက္ကူဖြ ဖန်လုံး တစ်လုံးသာ ရှိ သည် ။

သူသည် ဆေးသေတ္တာကို အမြဲတမ်း ယူသွားလေ့ မရှိ။ သို့သော် ယ နေ့ မနက်တော့ ဖိနပ်ထည့်ရန် ရည်ရွယ်ချက်ဖြင့် ယူလာခဲ့ခြင်း ဖြစ်သ ည် ။ သူ့စိတ်ကူးမှာ နယူးယောက်မြို့သို့ ကားမောင်းသွားပြီး ညစာ စားမ ည်။ ပြီးလျှင် ဖိနပ်နှစ်ဖက်ကို အမှိုက်ပုံး တစ်လုံးစီ ခွဲပြီး ထည့်ပစ်ခဲ့မည်။ သို့ဖြင့် နောက်နေ့မနက်ကျတော့ အမှိုက်သိမ်းကားနှင့် ပါသွားလိမ့်မည်

သို့သော် ယနေ့ မနက်တွင် အိမ်ဖော် ဟီလဒါက အစောကြီး ရောက် လာသည် ။ ည့ေခန်းထဲတွင် သူ ကုတ်အင်္ကျီ ဝတ်နေတုန်း ဟီလဒါက ရ ပ်ပြီး စကားေ ပြာနေသည် ။ သူမက သူ့အား ဦးထုပ်နှင့် ဆေးသေတ္တာကို ကမ်းပေးသည် ။ မိုးကာအင်္ကျီက အင်္ကျီဗီရိုထဲတင် ချိတ်လျက်သား ရှိနေ သည် ။ ဟီလဒါအနေ ြဖင့် ဘယ်လိုမှ မသိနိုင်၊ သည် ညတွင် အက်ဒနာ ကို အရင် ရှင်းပစ်လိုက်မည်။ မနက်ဖြန်ကျတော့မှ ဖိနပ်ကိစ္စကို အဆင်ပြေသလို ကြည့်လုပ်တော့မည်။

***

အက်ဒနာ၏ တိုက်ခန်းမှာ ဆေးရုံနှင့် မျှား စ္ဆာ မဝေးကွာလှ။ သည် အချက်သ ည် သူ့အတွက် အလွန်ကံကောင်းသည် ။ အက်ဒနာ၏ တိုက်ခ နှ်းအနေအ ထားကိုလည်း သူ ကောင်းကောင်း သိသည် ။ သူမ တင်ပါးကြောကိုက်ပြီး အိ ပ်ရာထဲ လဲနေတုန်းက သူမ၏ တိုက်ခန်းသို့ သူ အကြိမ်ကြိမ် ရောက်ခဲ့ဖူးသည် ။

သူသည် ဆေးရုံမှ ထွက်မလာခင်ကလည်း တိုက်နှံပါတ်ကို သေသေ ချာချာ မှ တ်လာခဲ့သည် ။ သည် လုပ်ရပ်ကို တစ်စုံတစ်ယောက်က အကြ မ်းဖက် ဝင်စီး ရင်း အသတ်ခံရသည့် ပုံစံမျိုး ဖြစ်လေအောင် လုပ်ရန် သူ က စိတ်ကူးထားသ ည် ။ ။

ကက်သလင်း ဒီမေယိုအနေဖြင့်လည်း သည် အမှုတွင် လုပ်ငန်းသ ဘောအရ မလွဲမသွေ ဝင်ရောက်လာလိမ့်မည်။ သို့သော် မထင်ရှားသော ဆေးရုံစာရေးမ တစ်ယောက် သေဆုံးမှုတွင် သူမ၏ အလုပ်ရှင်နှင့် သော် လည်းကောင်း၊ ဗင်ဂျီ လူးဝစ်နှင့် သော်လည်းကောင်း ဘယ်လိုမှ ဆက်စ ပ် ပတ်သက်နိုင်စရာ အေ ြကာင်းမရှိ။

သူမကို သတ်ပြီးလျှင် ပိုက်ဆံအိတ်ကိုလည်း ယူရမည်။ ရှိသမျှ ရတ နာပစ္စ ည်းတွေကိုလည်း ယူရမည်။ သူမတွင် ပတ္ထမြားရင်ထိုး တစ်ခုနှင့် မင်္ဂလာ စိန် လက်စွပ်တစ်ကွင်း ရှိသည် ကို သူ သိသည် ။ တစ်ခါက အချို့ နှ်ပို့ အလုပ်ပေးရ န်အတွက် သူမ၏ တိုက်ခန်းသို့ သူ လာခဲ့တုန်းက ယင်း ပစ္စည်းတွေကို သူ့ကို ထုတ်ပြခဲ့ဖူးသည် ။

ပိုက်ဆံအိတ်၊ ပတ္ထမြားရင်ထိုးနှင့် စိန်လက်စွပ်၊ ပြီးတော့ .. ဖိနပ်။

"အဲဒါတွေကို တစ်နည်းနည်းဖြင့် ဖျောက်ဖျက်ပစ်ရမယ်။ အဲဒီနော က်တော့ အားလုံး ရှင်းသွားပြီ။ အားလုံး အေးငြိမ်းသွားပြီ"

သို့သော် ကက်သလင်းဒီမေယို ကိစ္စ ကျန်နေသေးသည် ။ သူသည် ရု တ်တရက် စိတ်အိုက်သွားပြီး နှတ်ခမ်းချင်း ပွတ်ကာ အကြံထုတ်နေသ ည် ။ သူ ပါးစပ်တွေ ခြောက်နေသလို ထင်ရသည် ။ အို .. နောက်ကိစ္စ နောက်မှ ပဲ လုပ်မယ်။ လောလောဆယ် ပြဿနာက ပိုအရေးကြီးတယ်။ အက်ဒနာ၏ တိုက်ခန်းကို မှန်းကြည့်လိုက်သည် ။ ဘယ်လို ဝင်ရမလဲ။ ဘဲလ်တီးပြီး သူ့ကို ခေါ်လိုက်ရမလား။ သူတစ်ယောက်တည်း မဟုတ်ဘဲ တခြားတစ်ယောက် ယောက် ရှိနေရင် ဘယ်လိုလုပ်မလဲ။

သူမ တစ်ယောက်တည်း ရှိမှာ ပါ။ ဒါတော့ သူက ကျိန်းသေပေါက် ပြောနိုင်သည် ။ သူမသည် အရက်သောက်ရန် အိမ်ပြန်သွားခြင်း ဖြစ်သ ည် ။ ညနေတုန်းက သူမ ဆေးရုံက ထွက်လာခါနီးတွင် တော်တော် စိတ် လှုပ်ရှားနေသည် ။ အရက်သောက်ချင်၍ လည်း လက်တွေ့ တုန်နေခြင်း ဖြစ်သည် ။ ဒါကို သူက အေတွ့အကြုံအရ အတပ်သိလိုက်သည် ။

ဗင်ကျီ သေဆုံးမှုကို မိမိအား မပြောခင် တခြားလူတွေကိုမျှား သူပြော လိုက်ပြီးပီလား။ သည် အတွေးကြောင့် သူ့တစ်ကိုယ်လုံး ချွေးတွေ ပြန် လာသည် ။ အက်ဒနာက စိတ်မချရ။ အလွန်စကားများ သည် ။ အလွန် အာခေါင်သည် ။ အလွန်လူသိခံချင်သည် ။ အင်း ... နေနှင့်ဦးပေါ့ မယ်မင်းကြီးမရေ။

***

ကားကို တိုက်တန်းဝင်းထဲသို့ မောင်းဝင်လာခဲ့သည် ။ သူမ၏ တိုက်ခန်းရှေ့အထိ မောင်းသွားရ ကောင်းမလား။ သည် ညတွင် နှင်းလည်း သည်းသည် ။ လေလည်း ထန်သည် ။ ပြီး တော့ မှောင်နေသည် ။ အနီးအနားတွင် လူတွေ တစ်ယောက်စ နှစ် ယောက်စ ရပ်နေတာ မြင်ရသည် ။ ဒါပေမဲ့ ကိစ္စမရှိ။ သည် လို ရာသီဥ တု ဆိုးရွားသော အကာလ ညအခါကြီးတွင် အနက်ရောင် သာမန်ကား ကလေးတစ်စီးနှင့် လူတစ်ယောက်ကို ဘယ်သူက ဒုက္ခရှာပြီး ဂရုစိုက် နေနိုင်မှာ တဲ့ လဲ။

နောက်ဆုံးတွင် သူသည် ကားကို ရပ်ထားခဲ့ပြီး သူမ၏ တိုက်ခန်းသို့ ခြေကျင်လျှောက်သွားမည်။ သူမ၏ တိုက်ခန်းက အစ္စန်ဆုံး အခန်း၊ ပြီး တော့ မြေညီထပ်။ တိုက်ခန်းရှေ့တွင် ခြံဝင်းခတ်ထားသည် ။ ခြံဝင်းတစ် လျှောက်တွင် ပန်းချီတွေ ပိတ်ဆီးနေသည် ။

အက်ဒနာ၏ အိပ်ခန်းပြတင်းမှာ ကားရပ်ကွက်လပ်ကို ကျောပေး ထားသည် ။ ပြတင်းဘေးတွင် ထူထဲ မြင့်မားသော ပန်းချီ တွေ ရှိသည် ။ ပြီးတော့ ပြတင်းက နိမ့်နိမ့်ကလေး။ မြေပြင်နှင့် တစ်သားတည်း၊ ပြတင်းဖွင့်ထားလျှင်တော့ ကံကောင်းတာပဲ။ ။

သည် အချိန်ဆိုလျှင် အက်ဒနာမှာ အရက်ရေချိန် ကိုက်နေရော့မည်။ သူသည် ပြတင်းပေါက်မှ ဝင်ပြီး ပြတင်းပေါက်မှ ပင် ပြန်ထွက်နိုင် သည် ။

ဒါဆိုလျှင် လူတိုင်းက ဖောက်ထွင်းဝင်ရောက်မှု အဖြစ် ယူဆကြလိမ့် မည်။

နောက်တစ်နှည်းက ဘဲလ်ကို တီးလိုက်မည်။ အိမ်ထဲသို့ ဝင်သွားမည် ။ သူမ ကို သတ်မည်။ ပြီးတော့ ပြန်ထွက်လာမည်။ အကယ်၍ တစ်ယော က်က မြင် သွားခဲ့လျှင်လည်း အက်ဒနာဆီသို့ အလုပ်မှ စာရွက်စာတမ်း တွေ့ လာပေးရာ တွင် သူမ အရက်မူးနေတာ တွေ့၍ သည် အတိုင်း ပြန် ထွက်လာခဲ့ကြောင်းကို ပြောနိုင်သည် ။ မိမိ ထွက် လာပြီးသည့် နောက်ပို င်းတွင် တစ်ယောက် ယော က်က ဖောက်ထွင်း ဝင်ရောက်ပြီး သတ်သွား တာ ဖြစ်မည်ဟု ထွက်ဆိုနိုင်သ ည် ။

ပိုက်ဆံဆို၍ ခြုံးတစ်ပဲတောင် မရှိသော ဆေးရုံစာရေးမ တစ်ယော က်အား နာမည်ကျော် သူဌေးဆရာဝန်ကြီး တစ်ယောက်က မားပြတိုက်ပြီး သတ်ဖြတ် သွားသည် ဟူ၍ ဤကမ္ဘာတွင် ဘယ်သူက ထ င်လိမ့်မည်နည်း။ သူ့အတွေးနှ င့်သူ ကျေနပ်သွားသည် ။

သူသည် ကားကို တိုက်တန်းဘက်သို့ ဘီးလှိမ့်လာခဲ့သည် ။ နှစ်ခန်းတဲ့ တိုက်ခ န်းများမှာ ပုံစံတူများ ချည်း ဖြစ်သည် ။ ချမ်းအေးသော ဖေဖော်ဝါရီ ညတွင် တိုက်ခန်းများ သည် တိတ်ဆိတ် ငြိမ်သက်လျက် ရှိသည် ။ ကားရပ်ကွက်လပ် တွင် ကားခြောက်စီးခန့် ရပ် ထားသည် ။ သူသည် သူ့ကားကလေးကို စတေရှင် ဝက်ဂွန်းကားနှင့် ဒေါ်ဂျစ် ကားနှစ်စီးကြားသို့ ဖြည်းဖြည်းမောင်း ဝင် လာသည် ။

သူ့ကားလေးသည် ကားကြီးနှစ်စီးကြားတွင် မြပ်သွားသည် ။ ။သူသည် ခွဲစိ တ်လက်အိတ် ဆွဲထုတ်လိုက်ပြီး စက္ကူဖိုကို ကုတ်အင်္ကျီ ထဲသို့ ထည့်လိုက်သ ည် ။ ကားပေါ်မှ အသာကလေး ဆင်းသည် ။ ကား တံခါးကို အသံမမြည်အောင် သတိနှင့် ပြန်ပိတ်လိုက်သည် ။ ထို့နောက် တိုက်ခန်းများ ၏ အမှောင် ထုထဲသို့ ဝင်လာခဲ့သည် ။

အက်ဒနာသည် အစ္စန်ဆုံး တိုက်ခန်းတွင် နေထိုင်သည့်အတွက် ဝမ်း သာမဆုံး ဖြစ်မိသည် ။ သူမ၏ အိပ်ခန်းပြတင်းတွင် လိုက်ကာ ချထားပြီး ပြတင်းဝတွင် ပန်းအိုးတစ်လုံး ရှိသည် ။ အခန်းသည် ထိန်ထိ နိလင်းနေသည် ။ အတွင်းထဲ သို့ တိုးလျှို ပေါက် မြင်နေရသည် ။ သူမသ ည် ဧည့်ခန်းတွင် ဖြစ်စေ၊ ထမင်း

စားခန်းတွင် ဖြစ်စေ ရှိနိုင်သည် ။ တယ် လီဗေးရှင်း စက်သံသဲ့သဲ့ ကြားရသည် ။

ဘေးပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်သည် ။ လူသူကင်းမဲ့ ကာ ပကတိ တိတ်ဆိတ် နေသည် ။ လက်အိတ်စွပ်ထားသော လက်ဖြင့် ပြတင်းတံခါးကို ဆွဲဖွင့်လိုက်သည် ။ လိုက်ကာကို ဘေးသို့ ဆွဲကပ်လိုက်ပြီး ပန်းအိုးကို မြေပေါ် သို့ ချထားလိုက်သည် ။ထို့နောက် တံခါးပေါက်ကို လက်ထောက်ကာ အခန်း ထဲသို့ ကျော်ဝင် လိုက်သည် ။

***

အိပ်ခန်းထဲသို့ ရောက်နေပြီ။ တစ်ခန်းလုံး သန့်ရှင်း သေသပ်နေသည် ။ အိပ် ရာ ခေါင်းရင်းတွင် လက်ဝါးကပ်တိုင် တစ်ခုနှင့် အဘိုး၊ အဘွားကြီး တွဲရိုက် ထားသော ဓာ တ်ပုံတစ်ပုံ ရှိသည် ။ ကုတ်အင်္ကျီအိတ်ထဲမှ စက္ကူ ဖိုကို စမ်းကြ ည့်လိုက်သ ည် ။ သူမ၏ ဦးခေါင်းကို စက္ကူဖိနှင့် ထုခွဲရမည်။

သူသည် ညှော့်ခန်းဘက်သို့ ခြေဖော့နင်းပြီး လှေ့ကာ်လာခဲ့သည် ။ လ က်ယာ ဘက် ရေချိုးခန်း၏ လက်ဝဲဘက် ခြောက်ပေခန့် အကွာတွင် ညှော့်ခန်း။

ညှော့်ခန်းထဲသို့ ချောင်းကြည့်လိုက်သည် ။ တယ်လီဗေးရှင်း ဖွင့်ထား သည် ။ သို့သော် အခန်းထဲတွင် ဘယ်သူမျှမရှိ။ တစ်နေရာမှ ကုလားထို င် ရွှေ့ သံကို ြ ကားလိုက်ရသည် ။ သူမ ထမင်းစားခန်းထဲမှာ ရှိနိုင်သည် ။ သူသည် သတိ ြ ကီးစွာဖြင့် ထမင်းစားခန်းထဲသို့ ဝင်လာခဲ့သည် ။

သည် အချိန် သည် အခိုက်အတန့်သည် သူ့အတွက် အရေးကြီးဆုံး ဖြ စ်သည် ။ သူ့ကို သူမ မြင်သွားပြီး လှမ်းအော်လိုက်မှ ဖြင့်။ သို့သော် ကံ

ကောင်းသည် ။ သူမသည် သူ့ဘက်သို့ ကျောခိုင်းပြီး ထိုင်နေသည် ။ အပြာ ရောင် ညအိပ်ဝတ်ရုံကြီးကို ဝတ်ကာ စားပွဲထိပ်မှ ကုလားထိုင်တွင် ကိုယ်လုံး မြှု ပ် ထိုင်နေသည် ။ (စားပွဲပေါ် တွင် ဖန်ခွက်ကြီးတစ်ခွက်နှင့် အရက်ပုလင်းတ စ်လုံး တင် ထားသည် ။ ပုလင်းတွင် အရက်တစ်စက်မျှ မကျန်တော့။ လက်တ စ်ဖက် ကို ဖန်ခွက်ဘေးတွင် ဆန့်ထားပြီး ကျန်တစ်ဖက်ကို ပေါင်ပေါ် တွင် တင် ထားသည် ။ သူမသည် အမူးလွန်ပြီး မေးစေ့နှင့် ရင်ဘတ်ထိကာ ကုပ် ကျိုးနေပြီ။ အနားကပ်သွားတော့ အသက်မှုဉီးမှုဉီး ရှူသံ ကြားရသ ည် ။ သူမ အိပ်ပျော်နေပြီ။ သူ့ကိုယ်မှ အရက်နံ့ တထောင်းထောင်း ထွက် နေသည် ။

သူက အခြေအနေ အကဲခတ်ကြည့်သည် ။ စားပွဲ လက်ယာဘက်တွ င် ရှေးဟောင်းပုံစံအတိုင်း ပိုက်လုံးတွေ့ ထိုးထိုးထောင်ထောင် တပ်ထား သော အပူဒေ

ပး ရေဒီရေတာစက် ရှိသည် ။ သည် အတိုင်း ဆိုလျှင် စက္ကူဖြဴ တောင် သုံးစရာ လိုပါဦးမလား။ "အက်ဒနာ " သူက လေသံဖြင့် ခေါ်ကြည့်လိုက်သည် ။

"အင်း .. အား" သူမက ရီဝေနေသော မျက်လုံးများ ဖြင့် မော့ကြည့်သည် ။ ပြီးတော့ ယောင်ဝါးဝါးဖြင့် ကုလားထိုင်ပေါ် တွင် လူးလွန့် လှုပ်ရှား လာပြီး - "ဟင် .. ဒေါက်တာ"

ပြင်းထန်စွာ တအားလွဲထုလိုက်သောအ ရှိန်ကြောင့် သူမသည် နော က်သို့ လန်သွားပြီး ဦးခေါင်းနှင့် ရေဒီရေတာပိုက်နှင့် သွားရိုက်သည် ။ မျ က်လုံးထဲတွင် မီးစိမ်း၊ မီးနီတွေ ဖြာထွက်သွားပြီး ပြင်းစွာသော နာကျင် မှုဝေဒနာကို ခံစားလို က်ရသည် ။ ဦးခေါင်းမှ သွေးတွေ ပန်းထွက်လာသည် ။။

နာကျင်မှုက တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားသည် ။ အကြီးအကျယ် နာ ကျင်လာသည် ။ ပြီးတော့ တဖြည်းဖြည်း နာကျင်မှု လျော့လာသည် ။ နောက်ဆုံးတော့ အားလုံး မှောင်အတိ ပြီးသွားသည် ။

***

သူက သွေးစဉ်မည် စိုး၍ နောက်သို့ ခုန်ဆုတ်လိုက်သည် ။ ထို့နောက် သူမ အား သေသေချာချာ ငုံကြည့်သည် ။ သူ ကြည့်နေတုန်း သူမ၏ လ ည်ချော င်းသွေးကြော တစ်ချက်လှုပ်ပြီး ရပ်သွားသည် ။ သူက သူမ၏ မျ က်နှာနား က ပ်ပြီး ကြည့်သည် ။

သူမ အသက်မရှူတော့။ သူသည် စက္ကူဖြဴကို ကုတ်အင်္ကျီအိတ်ထဲသို့ ပြန်ထည့် လိုက်သည် ။ သည် စက္ကူ ဖြဴကို နောက်ထပ် အသုံးချစရာ မလိုတော့။ သူမ၏ ပိုက်ဆံအိတ်နှင့် ရတနာများကိုလည်း ယူသွားစရာ မလို တော့။ အခြေအနေ က သူမ အရက်မူးပြီး ကုလားထိုင်ပေါ် မှ လိမ့်ကျကာ ပိုက်လုံးနှင့် ခေါင်းနှင့် ဆောင့်မိ၍ သေဆုံးသွားရသည့် ပုံမျိုး ဖြစ်နေပြီ။

သူ တော်တော် ကံကောင်းသည် ။ သူ အန္တရာယ် ကင်းပြီ။ အိပ်ခန်းထဲသို့ ကမ နန်းကတန်း ပြန်လျှောက်လာခဲ့သည် ။

ကားရပ်ကွက်လပ်ဘက်သို့ လှမ်းကြည့်လိုက်သည် ။ လူသူကင်းရှင်း ဆဲ ဖြစ် သည် ။

ပြတင်းပေါက်ကို ကျော်ဆင်းပြီး ပန်းအိုးကို လက်ရာမပျက် ပြန်တင် ထားလို က်သည် ။ လိုက်ကာကိုလည်း နဂိုအတိုင်း ပြန်စေ့ထားလိုက်သ ည် ။

ထိုအခိုက် အိမ်ရှေ့ဘက်မှ ဘဲလ်မြည်သံ အဆက်မပြတ် ပေါ် ထွက် လာသည် ။

သူက သွေးရူးသွေးတန်းဖြင့် ဘေးဘီကို မျက်လုံး ကစားကြည့်လိုက် သည် ။

မြေကြီးမှာ ခြောက်သွေ့ပြီး မာနေသည် ။ ထို့ကြောင့် ဖိနပ်ရာ ထင် ကျန်ရစ်မ ည်ကို စိုးရိမ်စရာ မလိုတော့။ ပြတင်းပေါင်မျှားကလည်း ဖုန် ဆို၍ တစ်ကွက် ကလေးမျှ မရှိ။ ဖြူစင်သန့်ရှင်း နေသည် ။ ထို့ကြောင့် ပြ တင်းပေါင်ပေါ် တွင် လည်း ဖိနပ်ရာ မပေါ် နိုင်တော့။

***

သူသည် ရပ်ထားသော ကားဆီသို့ ပြေးလာခဲ့သည် ။ ကမန်းကတန်း ကားေ ပါ် တက် စက်နှိုးပြီး ရှေ့မီး မဖွင့်ဘဲ မောင်းထွက်လာခဲ့သည် ။

လမ်းမကြီးပေါ် ရောက်တော့မှ ရှေ့မီး ဖွင့်လိုက်သည် ။ အက်ဒနာ၏ တံခါးဝမှ ဘဲလ်ကို ဘယ်သူ လာတီးတာလဲ။ အဲဒီလူက သူမ၏ အိမ်ထဲ ဝင်ဖို့ လာတာ လား။အက်ဒနာက သေသွားပြီ။ သူ့အကြောင်း လူတိုင်းကို လျှောက်မပြော နို င်တော့။

သို့ပေမဲ့ လုံးဝတော့ စိတ်မချရသေး။ အခြေအနေက တစ်မျိုးတစ်မ ည် ဖန် လာနိုင်သေးသည် ။ သူသည် အက်ဒရင်နာလင် စိတ်ကြွဆေး သောက်လာခဲ့ သဖြင့် တစ်ကိုယ်လုံးမှာ ထူပူရှိန်းဖိန်းနေသည် ။

ယခုဆိုလျှင် သူ့အတွက် အန္တရာယ်တစ်ခုသာ ကျန်တော့သည် ။ ယင်းအန္တရာ ယ်မှာ တခြားမဟုတ်။ ကက်သလင်းဒီမေယို။ သည် အန္တရာ ယ်ကိုလည်း မ ကာခင် ရှင်းပစ်ရမည်။ မတော်တဆ ရုတ်တရက် သေဆုံးပုံမျိုးဖြင့် သူမကို ရှ င်းပစ်ရမည်။ ဆေးနည်းသစ် စမ်းသပ်ရာမှ မတော်တဆ သေဆုံးသွားခြင်း ဖြ စ်သည် ဆိုလျှင် သူ့အပေါ် ဘယ်သူမျှ အပြစ်မြင်ကြ တော့မည် မဟုတ်။

သူမသည် သွေးတိုးနှန်း အလွန်အားနည်းနေကြောင်း ဆေးရုံမှတ်တ မ်းတွင် ရှိနေပြီ ဖြစ်သည် ။ အရေးပေါ် ကုသခန်းတွင် သွေးလည်း သွင်း ခဲ့ပြီး ဖြစ်သ ည် ။ ခဲ့စိတ်ကုသရာတွင် ခံနိုင်ရည် ရှိစေရန် ဟူသော အကြောင်းပြချက်ဖြင့် သူမအား နောက်ထပ်တစ်ကြိမ် သွေးထပ်သွင်း ခို င်းဦးမည်။

ထို့နောက် သူမအား သွေးလည်ပတ် လမ်းကြောင်းကို ပိတ်ဆို့ပြီးသွေးသွင်းခြ င်း အာနိသင်ကို ဖျက်ဆီးပစ်စေနိုင်သော ဆေးလုံးမျှားကို ပေးမည်။ သော ကာနေ့တွင် ခဲ့စိတ်ကုသခံရန် ဆေးရုံသို့ လာသောအခါ သူမသည် အလွန်အမ င်း သွေးလွန်နေလိမ့်မည်။ (သို့ဆိုလျှင် နောက်ထပ် သူမအား သွေးမခဲစေနို င်သော ဆေးဝါးတစ် စုံတစ်ရာ မပေးဘဲ အရေးပေါ် ခဲ့စိတ်ကုသဖို့ အခြေအေ န ပေးနေပြီ ဖြစ် သည် ။ သို့သော် လိုအပ်လျှင်တော့ သွေးခဲဆေး ထိုးပေးရမ

ည်။ ကျွဲသို့ဖြဲ ၍ ယခင်သွေးကျန်များ လုံးဝ ကုန်ဆုံးသွားပြီး သူမသည် ခွဲစိတ်ကုသခြင်း ဒဏ်ကို ခံနိုင်စရာ မရှိတော့။

မူလကတည်းကပင် သွေးအားနည်းနေသော သူမအား သွေးခဲဆေးနှ င့် သွေးသွန်ဆေးများ ကျွေးလိုက်လျှင် ဗင်ကျီလူးဝစ်အား ဆိုင်ယာနိုက် အ ဆိပ်ကျွေးသလိုပင် ထိရောက်မည်မှာ မြေကြီး လက်ခတ်မလွဲ။

*****

≈ အခန်း (၁၂)

ရစ်ချတ်နှင့် ကက်သလင်းတို့ နှစ်ယောက် စကော့၏ ရုံးခန်းမှ ထွက် လာခဲ့ကြသည် ။ကက်သလင်းက အင်္ဂါကားစီးပြီး အိမ်ပြန်မည် လုပ်တော့ ရစ်ချတ် က ညစာအတူ သွားစားပြီးမှ သူ့ကားနှင့် အိမ်တိုင်ရာရောက် လိုက်ပို့ပါမ ည်ဟု ပြောသဖြင့် အားနာပါးနာနှင့် လက်ခံလိုက်ရသည် ။ သူတို့ သည် မြို့ပြင်မှ မထင်ရှားသော စားသောက်ဆိုင်ကလေး တစ်ဆိုင်သို့ လာခဲ့ကြ သည် ။

စိန့်အီမိလျံ အရက်တစ်ပုလင်းနှင့် စားစရာမျိုးစုံ စားပွဲပေါ်သို့ ရောက် လာသည် ။

ရစ်ချတ်က အရက်တစ်ကျိုက် မော့လိုက်ပြီးနောက် တဲ့ တိုးကြီး မေး လိုက်သည် ။

"ကက်သလင်း၊ မင်း ခပ်တည်တည် နေတဲ့ အခါ မင်းမျက်လုံးတွေက ဝမ်းနည်းရိပ် ပေါ်နေသလိုပဲ"

"ဆောရီးပဲ ရစ်ချတ်၊ ကျွန်မက ကျွန်မမျက်လုံးတွေကို အဲဒီလို မရှိစေ ချင်ပါဘူး။ ပြီးတော့ ကျွန်မကိုယ် ကျွန်မ ဝမ်းနည်းပူဆွေးနေသူ တစ် ယောက်လို့ လည်း မယူဆပါဘူး" "မင်းကို ငါ လွှန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက အပြင်ခေါ် ထုတ်ဖို့ ကြိုးစားနေခဲ့တာ မင်း သိလား။ ဒါပေမဲ့ မင်းက ရုတ်တရက် မတော်တဆမှု ဖြစ်သွားတော့ .."

"သြော် ထွေထွေထူးထူး အကြောင်းရှိလို့ တော့ မဟုတ်ပါဘူး။ ကျွန်မ နဲ့ အလုပ်ချင်း ဆက်စပ်နေတဲ့ ပုဂ္ဂိုလ်တွေနဲ့ တတွဲတွဲ မနေသင့်ဘူး ထင် လို့ ပါ" "ဟုတ်ပါတယ်၊ အဲဒါကို ငါ သဘောပေါက်ပါတယ်။ ဒါပေမဲ့ အခုတို့ ပြောနေတာက အဲဒီသဘောမျိုး မဟုတ်ပါဘူး။ တို့ ဟာ တစ်ယောက်ကို တစ်ယောက် ခင်မင်လေးစားကြတယ်။ စားအတူ၊ သွားအတူ နေချင်ကြ တယ်။ ရှင်းရှင်းပြောရရင် မိတ်ဆွေကောင်းတွေလို နေချင်ကြတဲ့ သဘောပါ။ ဒါနဲ့ ဟင်းတွေလည်း ဘာမှ မစားပါလား။ ကဲပါ အားရပါးရ စားလိုက်စမ်းပါ"

"ကျွန်မ စားလို့ မြန်ပါတယ်။ ဟင်းတွေကလည်း အားလုံး အရသာ ရှိ ပါတယ်။ ဒါပေမဲ့ သိပ်မစားနိုင်လို့ ပါ။

"အင်း၊ ငါတော့ မင်းအပေါ် မတရားရာများ ကျနေပြီလား မသိပါဘူး ။ ဒါပေမဲ့ ရိုးသားစွာ သိချင်လို့ မေးတာပါ။ ခွင့်လွှတ်ပါ။ မေးလက်စနဲ့ ဆ က်မေးပါရစေဦး။ ရုံးပိတ်ရက်တွေမှာ မင်းကိုယ်မင်း ဘယ်လို အချိန်ဖြုန်းသလဲ။ ဥပမာ မော်

လိုတို့ အိမ်ကိုလည်း မသွားတဲ့ နေ့မျိုးတွေ မှာ ပေါ့။ ဒါနဲ့ မင်း စကိတ်စီးတတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ စီးတတ်ပါတယ်။ ကျွန်မမှာ ကောလိပ်တုန်းက အမျိုးသမီး မိတ်ဆွေတစ်ဦး ရှိတယ်။ အခုတော့ သူ့ယောကျ်ားနဲ့ ကွာရှင်းလိုက်ပါပြီ။ ဂျွန် ဆုံးသွားပြီးတဲ့ နောက် ဆောင်းရာသီမှာ အဲဒီအ မျိုးသမီးက အတင်းဆွဲခေါ် လို့ ဗားမွန့်မှာ စကိတ် သွားစီးကြတယ်။ အဲဒီ မှာ ကျွန်မ သွားချင်တဲ့ အခါ စကိတ် သွားစီးတယ်။ သိပ်တော့ မတတ်ပါဘူး။ ဒါပေမဲ့ ဝါသနာတော့ ပါတယ်။ ပျော်လည်း ပျော်ပါတယ်"

"ငါလည်း စကိတ်စီးဖူးပါတယ်။ ဒါပေမဲ့ ဒူးနာသွားတာကြောင့် စွန့် လွှတ်ထားလိုက်တယ်။ နောက်တော့ ပြန်စီးရမယ်။ ဒီတစ်ကြိမ် မင်း ထွ က်တဲ့ အခါ ငါ့ကို ပါ ခေါ် စမ်းပါ။ ခုတော့ ငါက လှေလှော်ရွက်တိုက်ပဲ ထွ က်နေတယ်။ နွေမိုးရာသီမှာ ကရေဘီယံ ပင်လယ်ထဲ တစ်ကျွန်းပြီး တစ် ကျွန်း ရွက်လွှင့်သွားတာ သိပ်ကြည်နူးစရာ ကောင်းတာပဲ။ ဒီအကြောင်း နဲ့ ပတ်သက်ပြီး စာဆိုတောင် ရှိသေးတာပဲ မဟုတ်လား။ အဲ “တိမ်စင်

သော ကောင်းကင်၊ ရွက်ဖြူလေးတွေက တလွှင့်လွှင်၊ လေနုအေးက တ သွင်သွင်၊ မြစိမ်းရောင် ရေလွှာပေါ် တွင် မေးတင်” တဲ့ ။ အဲ ဒီဟင်းတွေ ကုန်အောင် စားလိုက်စမ်းပါဦး"

"ရှင် ရွတ်တာက ဝီလျံကာလို စပ်တဲ့ ကဗျာပဲ။ ကြားရတာ စိတ်ကူး ယဉ်စရာ ကောင်းပါတယ်" ထို့နောက် နှစ်ယောက်သား အတွေးကိုယ်စီဖြင့် ကော်ဖီသောက်နေကြသည် ။ အတော်ကြာကြာ ငြိမ်ဆိတ်နေပြီးမှ ရစ်ချတ်က သူ့ဘဝ ဇာတ်လမ်း ကို သူ့အလိုအလျောက် စားမြုံ့ပြန်သည် ။

"ငါက ဆန်ဖရန်စစ္စကိုမှာ ကြီးပြင်းခဲ့တာ။ ဒါကို မင်းသိပါလိမ့်မယ်။ ဆေးကျောင်းတက်တော့ အိမ်နီးချင်း မိန်းကလေးတစ်ယောက်နဲ့ စေ့စပ်ကြောင်းလမ်းတယ်" "ပြီးတော့ ဘာဖြစ်သလဲ" ကက်သလင်းက သိချင်ဇောနှင့် မေးလိုက်သည် ။ "တို့ က တော်တော်နဲ့ လက်မထပ် ဖြစ်သေးဘူး။ အကြောင်းကြောင်းကြောင့် ဆိုပါတော့။ ဒါနဲ့ သူက ငါ့မိတ်ဆွေတစ်ယောက်နဲ့ လက်ထပ်သွားတယ်။ အဲဒီလူ ဘယ်သူဆိုတာတော့ မသိချင်ပါနဲ့ တော့၊ (သူက ပြုံးလိုက်ပြီး) ငါ အလကား နောက်ပြောတာပါ။ တကယ်တော့ ဂျို နဲးက သိပ်တော်တဲ့ မိန်းကလေး တစ်ယောက်ပါ။ ဒါပေမဲ့ လိုနေတာက တစ်ခုတော့ ရှိတယ်။ တစ်ညတော့ တို့ နှစ်ယောက် လက်ထပ်ဖို့ ကိစ္စကို ဆွေးနွေးကြတယ်။ ငါးကြိမ်မြောက် ဆွေးနွေးခြင်း ဆိုပါတော့။ အဲဒီမှာ သူက ဘာပြောသလဲ ဆိုတော့ “ရစ်ချတ်၊ ကျွန်မတို့ ဟာ တစ်ယောက်ကို တစ်ယောက် သိပ်ပြီး ချစ်ကြတယ်။ ဒါကြောင့်လည်း စေ့စပ်ကြောင်းလ မ်းတဲ့ အဆင့်အထိ ရောက်ခဲ့ပြီ မဟုတ်လား။ ကျွန်မ

တို့ မှာ လက်ထပ်ဖို့ ပဲ ကျန်တော့တယ်။ လက်ထပ်တာက လွယ်ပါတယ်။ ဒါပေမဲ့ ပိုက်ဆံက ပိုပြီး အရေးကြီးတယ်” ဆိုပြီး ပြောတယ်။ အဲဒီနေ့မှာ ပဲ နှစ်ယောက်သား လမ်းခွဲလိုက်ကြတယ်" "အဲဒီတော့ ရှင် စိတ်မကောင်း မဖြစ်ဘူးလား" "မဖြစ်ပါဘူး၊ အဲဒါက လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က အဖြစ်အပျက်ပါ ။ အို .. ဒါတွေကို ထားလိုက်ပါတော့။ ဒါနဲ့ ဗင်ကျီတစ်ယောက် ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးသွားရတာ ငါ တော်တော် စိတ်မကောင်း ဖြစ်မိတယ်" "ရှင်က သူ့ကိုယ်သူ သတ်သေတယ်လို့ ထင်သလား" "ငါက အဲဒီလို မထင်ပါဘူး။ ငါ့သဘောကတော့ ဆုံးဖြတ်ချက် တစ်ခု ကို မချခင် အချက်အလက်တွေ အကုန်လုံးကို ပြည့်ပြည့်စုံစုံ သိချင်တယ်

"ကျွန်မကတော့ ခရစ်ကို လူသတ်သမား တစ်ယောက် ဖြစ်လိမ့်မယ် လို့ ဘယ်တော့မှ မထင်ဘူး။ ခုခေတ်မှာ လင်မယား ကွာရှင်းတာက မခ က်ပါဘူး၊ အင်မတန်လွယ်ပါတယ်"

"ဒီကိစ္စကို တခြားရှုထောင့်က ကြည့်ပြီး သုံးသပ်ရမယ်" သူက နှတ်ခမ်းချင်း ဖိကိုက်လိုက်သည် ။ "ကဲပါ ဒီအကြောင်း နောက်မှ ပဲ ပြောကြတာပေါ့"

***

ကက်သလင်း၏ အိမ်ခြံဝင်းထဲသို့ ကားမောင်းဝင်လာသော အချိန်တွေ ဝင် ည ၁၀ နာရီ ခွဲခါနီးနေပြီ။

ရစ်ချတ်က အိမ်ကြီးကို တအံ့တသြ ကြည့်လိုက်ပြီး - "နှည်းတဲ့ အိမ်ကြီး မဟုတ်ပါလား။ ဘယ်နှခန်းလောက် ရှိသလဲ" "ဆယ့်နှစ်ခန်း၊ ဂျွန်ရဲ့ အိမ်ပေါ့"

"လက်ထောက် အစိုးရရှေ့နေ လခနဲ့ ဝယ်တဲ့ အိမ်တော့ မဟုတ်ပါ ဘူးနော်"

ရစ်ချတ်က ရယ်ပြီး ပြောသည် ။ ကက်သလင်းက ကားတံခါးကို ဖွင့်မည် လုပ်သည် ။ "ထား .. ထား၊ ငါ အောက်ဆင်းပြီး ဖွင့်ပေးမယ်။ လမ်းက တော် ေတာ်ချောတယ်၊ ချော်လဲ နေပါဦးမယ်"

ကက်သလင်းက ရစ်ချတ်အား အိမ်ထဲအထိ ဖိတ်ခေါ်ရန် မရည်ရွယ် ခဲ့။ သို့ေသာ် သူမက သူ့အား တံခါးဝတွင် နှတ်ဆက်ပြီး အိမ်ထဲသို့ သူမ တစ်ယောက်တည်း ဝင်မလို့ လုပ်တုန်း သူက သူမလက်ထဲမှ သော့ကို လှမ်းယူပြီး တံခါးေသာ့ကို ဖွင့်လိုက်သည် ။ ပြီးတော့ သူမ နောက်မှ အိမ် ထဲ ဝင်လိုက်လာသည် ။ "ငါ ကြာကြာမနေပါဘူး၊ မင်းအိမ်ကြီး ခဏဝင်ကြည့်ချင်လို့ ပါ"

သူမက မီးဖွင့်လိုက်သည် ။ သူက အိမ်ခန်းများကို တအံ့တသြ ကြည့် နေသည် ။ ပြီးတော့ လေချွန်လိုက်ပြီး - "သိပ်ကောင်းတဲ့ အိမ်ကြီးပဲ" သူက ဂျွန်၏ ပုံတူပ

နှဲ့ချီကားကို စိုက်ကြည့်နေရင်း - "ငါ ကြံုးဖူးသလောက်တော့ အလွန်တော်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ" "ဟုတ်ပါတယ်၊ အလွန်တော်တဲ့ ပုဂ္ဂိုလ်ပါ" ကက်သလင်းက ထောက်ခံလိုက်သည် ။ စားပွဲတိုင်းတွင် သူတို့ လင်မယား တွဲရိုက်ထားသော ဓာတ်ပုံတွေ ရှိ သည် ။

ရစ်ချတ်က ဓာတ်ပုံတစ်ပုံကို ကြည့်ပြီး - "ဒါက နိုင်ငံခြား ခရီးထွက်တာလား" "ဟုတ်ပါတယ်၊ ပျားရည်ဆမ်း ခရီးပေါ့။ "ဒါနဲ့ မင်းတို့ အိမ်ထောင်ဘက် ဘယ်လောက် ကြာခဲ့သလဲ" "တစ်နှစ်"

သူမ၏ မျက်နှာပေါ်တွင် ဝေဒနာရိပ်တစ်ခု ဖြတ်သန်းသွားသည် ကို မြင်လိုက်ရသည် ။

"သူ မကျန်းမာဘူး ဆိုတာ ဘယ်အချိန်မှ သိရသလဲ။ ကင်ဆာနဲ့ တူ တယ်၊ ဟုတ်လား" "ကျွန်မတို့ နိုင်ငံခြားက ပြန်ရောက်ပြီး မကြာခင်မှာ သိရတယ်" "အဲဒီနောက်ပိုင်း ကတည်းက ဘယ်ခရီးမှ မထွက်ဖြစ်တော့ဘူး

ဆိုပါတော့။ အဲဒီကတည်းက သေမယ့် လူနာကိုပဲ ပြုစုနေခဲ့ရတော့တယ် ဆိုပါတော့။ ငါ အခုလို မေးမိတာ ခွင့်လွှတ်ပါ ကက်သလင်း။ အလုပ်သ

ဘောအရ အကျင့်ပါနေလို့ အခုလို တဲ့ တိုးကြီး မေးမိတာပါ။ ဘယ်လိုမှ မထင်ပါနဲ့ ။ ငါ အခုပဲ ပြန်တော့မှာ ပါ"

သူက ခပ်ဆိုင်းဆိုင်း လုပ်နေပြီးမှ - "ဒါနဲ့ မင်းက တစ်ယောက်တည်း နေတော့ ဒီပြတင်းပေါက်တွေက လိုက်ကာတွေကို အလုံပိတ်ထားဖို့ ကောင်းတယ်"

သူမက ပခုံးတွန့်လိုက်ပြီး - "ဘာဖြစ်လို့ လဲ၊ ကျွန်မအိမ်ထဲ ဘယ်သူမှ ဖောက်မဝင်ပါဘူး" "အဲဒီလို မပြောပါနဲ့ ၊ ခုတစ်လော ဖောက်ထွင်းမှုတွေ တော်တော်ဖြစ် ဟုနေတာ မင်းလည်း သိနေသားပဲ။ မင်းက နေတော့လည်း တစ်ယောက်တည်း၊ နေတဲ့ နေရာကလည်း မြို့ပြင်မှာ ဆိုတော့ သတိတော့ ထား သင့်တယ်။ သတိဆိုတာ ပိုတယ်လို့ မရှိပါဘူး၊ မဟုတ်ဘူး လား။

ငါ ပြန်မယ်၊ မနက်ဖြန်မှ တွေ့ကြတာပေါ့။ ရုံးကို ဘယ်လိုသွားမလဲ။ မင်းကားပြင်ပြီးပြီလား"

"မပြင်ရသေးဘူး။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ မနက်ကျတော့ ဝပ်ရှော့က ကားတစ်စီး လာပို့ပေးမယ် ပြောတယ်"

"ဒါဖြင့် အိုကေ၊ ငါ ပြန်တော့မယ်။ တံခါးတွေလည်း လုံလုံပိတ်ဖို့ မ မေ့ပါနဲ့ "

သူက တံခါးဝတွင် ရပ်ရင်း သူမ၏ ပါးပြင်ကို ငုံ့ပြီး တစ်ချက် နမ်းလို က်သည် ။

ပြီးတော့ တံခါးဆွဲဖွင့်ပြီး ပြန်ထွက်သွားသည် ။

***

တိုင်ကပ်နာရီထိုးသံ စည်းချက်ညီညီ ပေါ်ထွက်လာသည် ။ ပြီးတော့ တစ်အိမ်လုံး တိတ်ဆိတ်မြဲ တိတ်ဆိတ်သွားသည် ။ ကက်သလင်း၏ ရင် ထဲတွင် ဟာသွားသလို ခံစားမိသည် ။ သူမသည် မီးကို ပိတ်ပြီး အပေါ်သို့ တက်လာခဲ့သည် ။ အိပ်ရာထဲ ဝင်မည် လုပ်တုန်း ဖုန်းခေါ်သံ ပေါ်ထွက် လာသည် ။ သူမက ဖုန်းကို ကောက်ကိုင်လိုက်ရင်း မော်လီ ဖြစ်မှာ ပဲဟု တွေးလိုက်မိသည် ။ သို့သော် အသံမှာ ယောကျ်ားအသံ ဖြစ်နေသည် ။ "မစ္စက်ဒီယိုပါလား" "ဟုတ်ပါတယ်" "ကျုပ် ဒေါက်တာဟိုက်ဂလေပါ၊ အခုလို အချိန်မတော်ကြီး ဖုန်းဆ က်တာ ခွင့်လွှတ်ပါ။ ကျုပ် ညနေကတည်းက ဆက်နေတာ။ ခင်ဗျားကို မ တွ့ဘူး။ ခင်ဗျား မတော်တဆ အန္တရာယ်ကြောင့် ကျုပ်တို့ ဆေးရုံကို တစ်ည အိပ် တက်ခဲ့ရတာ ကျုပ် သိပါတယ်။ ခု ဘယ့်နှယ် နေသေးသလဲ

"သက်သာသွားပါပြီ ဒေါက်တာ၊ အခုလို ဖုန်းဆက်တာ ကျေးဇူးတင် ပါတယ်။ "ဒါနဲ့ သွေးသွန်တဲ့ ကိစ္စကကော အခြေအနေ ဘယ်လိုလဲ။ ဆေးမှတ်တမ်းထဲမှာ တော့ မနေ့ညက သွေးသွင်းတယ် ဆိုတာ တွေ့ရတယ်"

"သိပ်မထူးဘူး ဒေါက်တာ၊ ကျွန်မတော့ ရက်လွန်သွားပြီလို့ ထင်နေ တာ။ ဒါပေမဲ့ မနေ့က ပြန်ဖြစ်သေးတယ် ဒေါက်တာ" "အမှန်ကတော့ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတည်းက ဒီကိစ္စ သတိ ထားခဲ့ဖို့ ကောင်းတာ။ ဒါပေမဲ့ မစိုးရိမ်ပါနဲ့ ။ နောက်တစ်ပတ်လောက် ဆိုရင် အားလုံး ကောင်းသွားမှာ ပါ။ နောက်ထပ် တစ်ကြိမ်တော့ သွေး သွင်းဖို့ လိုအပ်သေးတယ်။ ပြီးတော့ စားဆေးလည်း ပေးပါ့မယ်။ မနက်ဖြန် နေ့လယ်လောက် ဆေးရုံလာနိုင်ပါ့မလား"

"ဟုတ်ကဲ့၊ လာနိုင်ပါတယ် ဒေါက်တာ။ တိုက်တိုက်ဆိုင်ဆိုင် ဒေါက် တာ့ဆီကို လည်း ကျွန်မ လာစရာ ရှိနေပါတယ်။ မစ္စက်လူးဝစ်အကြောင်း ဒေါက်တာ သိပြီးရောပေါ့"

"သြော် .. ဟုတ်ကဲ့၊ သိပြီးပါပြီ။ တော်တော် စိတ်မကောင်းစရာပါပဲ။ ကဲ ဒီတော့ မနက်ဖြန်မှ တွေ့ကြတာပေါ့။ မနက်ပိုင်း ဖုန်းလှမ်းဆက် လို က်ပါဦး။ လိုအပ်တာတွေ အဆင်သင့် လုပ်ထားနိုင်တာပေါ့" "ကောင်းပါပြီ ဒေါက်တာ။ အများကြီး ကျေးဇူးတင်ပါတယ် ဒေါက် တာ"

သူမက ဖုန်းကို ပြန်ချလိုက်သည် ။ အိပ်ခန်းမီးကို ပိတ်ပြီး အိပ်ရာပေါ် လှဲချလိုက်သည် ။ တော်တော် ဆန်းတာပဲ။ ငါ ဆေးရုံကို ပ ထမအခေါက် ရောက်တုန်းက ဒေါက်တာဟိုက်ဂလေက ခပ်တည်တည်ကြီးပဲ။ စကားတောင် ကောင်းကောင်း မပြောချင်သလိုဘဲ ။ အင်းလေ၊ ဒါက သူ့စရိုက် ဖြစ်ပါလိမ့်မယ်။ ဒါ

ဟာ လူတွေကို အရမ်းအ ထင်မသေးမိဖို့ သင်ခန်းစာ ယူစရာပေါ့။ ဘာပဲဖြစ်ဖြစ် အခုလို အချိန်မ တော်ကြီး ငါ့ဆီကို ဖုန်းဆက်တာပဲ ကျေးဇူးတင်စရာ ကောင်းပါတယ်။

ထင်နေ

*****

လောက် ? သွေး ပါ့မယ်။

ဒေါက် တယ်။

ရာပါပဲ။

ဝက် လို

ဒေါက်

ပိတ်ပြီး ရုံကို ပ

လေက သလိုဘဲ ခရမ်းအ

အချိန်မ

တယ်။

≈ အခန်း (၁၃)

ဘီလ်ကနေဒီသည် ဗင်ဂျီလူးဝစ်တို့ အိမ်တံခါးဝမှ ဘဲလ်ကို တီးလိုက် သည် ။ သူသည် လီနောက်ဟစ်လ် ဆေးရုံတွင် အရိုးကုဆရာဝန်အဖြစ် လုပ် ကိုင်နေ သည် ။

တစ်နေ့လုံး အလုပ်များ နေခဲ့ပြီး ညနေပိုင်း အိမ်သို့ ပြန်ရောက်လာ တော့မှ ဇော်လီ ပြောပြ၍ ဗင်ဂျီလူးဝစ်အကြောင်းကို သိရသည် ။ "အဲဒါနဲ့ ကျွန်မက ခရစ်ဆီ ဖုန်းဆက်ပြီး အိမ်မှာ ညစာ လာစားဖို့ ပြောတယ်။ ပြီးတော့ ဟိုအိမ်ကြီးမှာ တစ်ယောက်တည်း အိပ်မယ့်အစား ဒီမှာ ပဲ လာအိပ်ဖို့ လည်း ပြောပြတယ်။ ဒါပေမဲ့ သူက သိပ်လာချင်ပုံ မရ ဘူး။ အဲဒါ ရှင်ကိုယ်တိုင် ဆွဲခေါ် လာခဲ့စမ်းပါ။ ဒီမှာ မအိပ်တောင်မှ ညစာ လောက်တော့ စားမှာ ပါ" ဟု ဇော်လီက ခိုင်း၍ ထွက်လာခဲ့ရသည် ။

လမ်းလျှောက်လာရင်းလည်း ဗင်ဂျီနှင့် ခရစ်တို့ အကြောင်းကို အမျိုး မျိုး ဝေဘူးလာခဲ့သည် ။ (အကယ်၍ သူသာ အလုပ်မှ အိမ်ပြန် လာပြီး အိမ်တွင် ဇော်လီ သေ ဆုံးနေသည် ကို တွေ့မြင်ရလျှင် ရင်ကွဲလုမတတ် ခံစားရမည်မှာ သေချာ သည် ။ သို့သော် ခရစ် အနေဖြင့်တော့ ယင်းသို့ ခံစားရလိမ့်မည် မဟုတ်။

ခရစ်တို့ အိမ်ထောင်ရေးနှင့် သူတို့ အိမ်ထောင်ရေးမှာ တခြားစီ ဖြစ်သည် ။။

ခရစ်နှင့် ပတ်သက်၍ သံသယဝင်စရာ အချက်တွေ ရှိသည် ။ တစ် နေ့တုန်းက သူတို့ ဆေးရုံနားက ကဖီးဆိုင်တွင် ခရစ်နှင့် မိန်းကလေးတ စ်ယောက် လက်ဖက်ရည် ဆိုင်သောက်နေသည် ကို သူကိုယ်တိုင် တွေ့မြ င်ခဲ့ရသည် ။ သည် အကြောင်းကို သူက ဇော်လီအား လုံးဝ မပြောခဲ့။ မိန်းကလေးက တော်တော်ချောသည် ။ အသက်ကလည်း ၂၀ ကျော်ကျော်လေးသာ ရှိပေဦးမည်။ သူတို့ အခြေအနေ ကြည့်ရသည် မှာ သာမန်မိတ်ဆွေ အဆင့်ထက် ကျော်လွန်နေပြီ ဖြစ်ကြောင်း သိသာလှသ ည် ။ သည် အကြောင်းကို ဗင်ဂျီသိသွားပြီလား။ သည် အကြောင်းကြော င့်ပင် သူမကိုယ်သူမ သတ်သေလိုက်တာလား။ အပြတ်တော့ မပြောနိုင်။ သတ်သေပုံ သတ်သေနည်းက ရုန့်ရင်းကြမ်းတမ်း လွန်းလှသည် ။

ဗင်ဂျီသည် စိတ်နုသည် ၊ ကြောက်တတ်သည် ။ သူမလို စိတ်နုပြီး ကြောက်တတ်သူ တစ်ယောက်အနေဖြင့် အလွန်ပြင်းသော ဆိုင်ယာနိုက် အဆိပ်ကို သောက်၍ သတ်သေခြင်းမှာ ဘယ်လိုမှ မယုံနိုင်စရာ ဖြစ်နေ သည် ။ သည် အဆိပ်သည် အလွန်ပြင်းသလောက် အလွန်လည်း အသေမြန်သည် ။ သို့သော် ဝေဒ

နာဒဏ်ကိုတော့ မချိမဆံ့ ခံရသည် ။ သ ည် အချက်ကို သာမန် ဗဟု သုတ ရှိသူတိုင်း သိသည် ။ ထို့ ကြောင့် မဖြစ်နိုင်၊ လုံးဝ မဖြစ်နိုင်။

တကယ်လို့ ဗင်ဂျီအနေဖြင့် မလှဲမရောင်သာ ကိုယ့်ကိုယ်ကို အမှန် သတ်သေရတော့မည် ဆိုလျှင်လျှင် အလွန်ညင်သာ သိမ်မွေ့သော အိပ် ဆေးကိုသာ ေသာက်နိုင်စရာ ရှိသည် ။ အင်း .. လူ့စိတ်ဆိုတာ သိဖို့ ရန် မလွယ်သော အရာတစ်ခုပါလား။

လူ့သဘော လူ့မနောကို အတော်ကြီး နားလည်သဘောပေါက်သော သူ့ လို လူ တစ်ယောက်ကပင် ယခုကိစ္စတွင် ဘယ်လိုမှ မစဉ်းစားတတ်အော င် ဖြစ်ေနသည် ။

***

ခရစ်လူးဝစ်က တံခါးလာဖွင့်ပေးသည် ။ ခရစ်အား ကဖီးဆိုင်တွင် ကောင်မေလးတစ်ယောက်နှင့် အကြည်ဆို က်နေသည် ကို မြင်ခဲ့ရကတည်းက ဘီလ်က ခရစ်အပေါ် တွင် တစ်နည်း တစ်ဖုံ အထင်သေးမိခဲ့သည် ။ ကိုယ့်မိန်းမ ကိုယ်ဝန်ရှိလာသောအခါ တခြားမိန်းမတွေနဲ့ လျှောက်ပြီး အပျော်ကြူးနေတတ်ေသာ လူတစ်

ယောက်သည် ရင့်ကျက်သော လူတစ်ယောက် မဟုတ်ဟု သူက ခံယူ ထားေသာကြောင့် ဖြစ်သည် ။

သို့ပေမဲ့ ယခု ခရစ်၏ မျက်နှာကို မြင်လိုက်ရတော့ သူ့ခံယူချက်သည် တစ်မျိုးဖြစ်သွားသည် ။ ခရစ်၏ မျက်နှာမှာ အလွန် ညှို့ဆွဲနေသည် ။ သူသည် ပြင်းထန်သော ဝေဒနာတစ်ရပ်ကို ခံစားနေရသူ ဖြစ်ကြောင်း သူ့မျက်လုံးများက ထင်ထင်ရှားရှား ဖော်ပြနေလေသည် ။ သည် အခြေ အနေကို မြင်လိုက်ရေတာ့ ဘီလ်က ခရစ်အပေါ် တွင် စာနာစိတ်ဖြင့် သ နားလာမိသည် ။

သူက ခရစ်၏ လက်မောင်းနှစ်ဖက်ကို ဖမ်းဆုပ်ပြီး ပြောလိုက်သည်

"ငါ တော်တော် စိတ်မကောင်း ဖြစ်မိတယ် သူငယ်ချင်း။ မော်လီကပြောပြေတာ့ ငါ့နားငါ မယုံနိုင်အောင်ပါဘဲ" ခရစ်က ဘာမျှ ပြန်မပြော။ ခေါင်းကိုသာ မသိမသာ ညိတ်ပြသည် ။ လောလောဆယ်တွင် သူသည် ဘယ်သူနှင့်မျှ ဘာစကားမှ မပြောချင် အောင် ဖြစ်နေသည် ။ သူ့ရင်ထဲတွင် အမည်မဖော် တတ်သော ဝေဒနာ ပေါင်းစုံကို စုပြုံ ခံစားနေရသလို ထင်မိသည် ။ ။

ဗင်ဂျီ အသေဆိုးဖြင့် သေသွားခဲ့ပြီ။ သူတို့ လင်မယား ရန်ဖြစ်ခဲ့တာကြောင့် စိတ်ညစ်ပြီး သတ်သေသွားတာ များ လား။ ဒါ တော့ လုံးဝ မဖြစ်နိုင်။ သူ့အနေဖြင့် ဘယ်လိုမှ မယုံနိုင်။ ။ သို့သော် သူ့ကိုယ်သူ အပြစ်မကင်းသူဟု တော့ ယူဆမိသည် ။ တစ်စုံ တစ်ရာကိုလည်း တွေးကြောက်လာမိသည် ။ အဖော်မဲ့

အိမ်ထီးကျန်အဖြစ် လည်း အားငယ်စိတ် ဝင်လာမိသည် ။ဘီလ်က သူ့အား သူ တို့ အိမ်တွင် ညစာလိုက်စားရန် အတင်းခေါ်နေ သည် ။

သူကလည်း လောလောဆယ်တွင် သည် အိမ်ကြီးထဲ တစ်ယောက်တ ည်း မ နေချင်။ တစ်နေရာသို့ စိတ်ပြေလက်ပျောက် ထွက်သွားလိုက်ချင် သည် ။ သည် အိမ်ကြီးထဲတွင် နေလျှင် ဝေဒနာသာ ပို၍ တိုးပွားလာမည် ။ ဘာကိုမှ လည်း ကည်ကြည်လင်လင် ပြတ်ပြတ်သားသား တွေးနိုင်မ ည် မဟုတ်။ ဘီလ်နှင့် မော်လီတို့ လင်မယားမှာ စိတ်ကောင်းရှိသော မိတ်ဆွေ ကောင်းတွေ ဖြစ်ကြသ ည် ။ သူ သိထားတာတွေကို သူတို့ လင်မယား အား ထုတ်ဖော် ပြောပြလိုက်ရ မလား။ သူတို့ ကို ယုံကြည်ရပါ့မလား။ သူ့အပေါ်တွင် ရော သူတို့ က ယုံကြ ည်နိုင်ကြပါ့မလား။

သူက ဆုံးဖြတ်ချက် မချနိုင်သေးမီမှာ ပင် ဂျာကင်အင်္ကျီကို ဆွဲယူပြီး ဘီလ် နောက်မှ ဆင်းလိုက်လာခဲ့လေသည် ။

***

ဘီလ်က ခရစ်၏ ဖန်ခွက်ထဲသို့ စကော့ချ်ဝီစကီ နှစ်ပက် ထည့်ပေး သည် ။ ခရ စ်က တစ်ဝက်ကို တစ်ကျိုက်တည်း မော့ချလိုက်ပြီး အကျန် ကို ဖြည်းဖြည်းချ င်း သောက်နေသည် ။ ဝီစကီက လည်ချောင်းနှင့် ရင်ဘ တ်ထဲ လောင်ဆင်း သွားပြီး စိတ်လည်း ကြွလာသည် ။

စိတ်ကို ငြိမ်အောင်ထား၊ ငြိမ်အောင်ထား။ သတိမလွတ်စေနဲ့ ။ သူက အရက် မူး ကျွဲခိုးပေါ် တတ်သည် ကို ဆင်ခြင်မိပြီး ကိုယ့်ကိုယ်ကို သတိ ပေးနေသည် ။

ဘီလ်နှင့် မော်လီတို့ ၏ ကလေးမျှား သည် အခန်းထဲ ဝင် လာပြီး အိ ပ်ရာမဝင် ခင် နှုတ်ဆက်စကား လာပြောကြသည် ။ ခရစ်က ပြုံးရုံသာ ပြုံးပြလိုက်သည် ။ ကလေးတွေက တော်တော် လိမ္မာကြသည် ။ ရုပ်ရည် ကလေးတွေကလည်း ချစ်စရာ ကောင်းကြသည် ။

ခရစ်ကလည်း သည် လို ချစ်စရာကောင်းသော သားသမီးလေးတွေ ကို အမြဲ တမ်း တောင့်တခဲ့သည် ။ ယခုတော့ သူမ၏ မမွေးသေးသော သားဦးကလေး မှာ မိခင်နှင့်အတူ အသေဆိုးဖြင့် သေဆုံးသွားခဲ့ရရှာပြီ။ သည် အချက်လည်း မိမိအနေဖြင့် နောက်ထပ် ပြစ်မှုတစ်ခု ထပ်မံ ကျူး လွန်မိသလို ခံစားရသည် ။ ဗင်ဂျီ ဘာကြောင့် သေရတာလဲ။

သူ့ကို ဘယ်သူ သတ်တာလဲ၊ ဘယ်သူလဲ။ သည် အချက်သည် အဓိကအချက် ဖြစ်သည် ။ အဘယ်ကြောင့် ဆို သော် ဗင်ကျီသည် ယမန်နေ့ညက တစ်ယောက်တည်းသာ ရှိနေခဲ့မည် မ ဟုတ်သောကြောင့် ဖြစ်သည် ။ ခရစ်က သည် အကြောင်းတွေကို ရဲအ ရာရှိများအား လုံးဝ မပြောပြခဲ့။ ပြောပြလိုက်လျှင် စစ်လားဆေးလား လုပ် လာပြီး တစ်နှယ်ငင် တစ်စင်ပါ ဖြစ်ကုန်မည်။ အထူးသဖြင့် ဂျုန်း ဆီသို့ မြားဦး လှည့်လာမည်။ ပြီးတော့ သူ့ဆီသို့လည်း ဦးတည်လာမည်။

ညတုန်းက ဟိုတယ်မှ သူ ထွက်လာသည် ကို ဟိုတယ်စာရေး မြင်လို က်သည် ။ သူ့ရည်ရွယ်ချက်မှာ အိမ်သို့ ပြန်ပြီး ဗင်ကျီနှင့် ပြေပြေလည်လ ည် ဆွေးနွေးရန် ဖြစ်သည် ။ ဆွေးနွေးမည့် အချက်အလက်တွေကိုလည်း ခေါင်းထဲ စဉ်းစားထားပြီး ဖြစ်သည် ။

လက်ရှိ အိမ်ကို သူမအား အပိုင်ပေးလိုက်မည်။ ကလေး ၁၈ နှစ်ပြည့် သည် အထိ ဗင်ကျီအား နှစ်စဉ် ဒေါ်လာနှစ်သောင်း ထောက်ပံ့သွားမည်။ သူ့အသက်အာမခံငွေကိုလည်း သူမအား လုံးဝ လွှဲပေးလိုက်မည်။ က လေးကို မိမိကပင် ပညာသင်ပေးမည်။ ဗင်ကျီအနေဖြင့် သူမ အရူးအမူးဖြ စ်နေသော ဂျပန်အမျိုးသား စိတ်ရောဂါ ဆရာဝန်ဆီကိုပင် သူမ သဘော ရှိ သွားချင်သလို သွားနေပါစေတော့။ ဗင်ကျီရေ ..ငါ့ကိုတော့ သွားခွင့်ပြု ပါတော့။ ငါ သွားပါရစေတော့။ ငါ မင်းနဲ့ ဆက်ပေါင်းနေလို့ မဖြစ်တော့ ဘူး။ ဆက်နေရင် တို့ နှစ်ယောက်စလုံး ဘဝပျက်သွားလိမ့်မယ်။

ခရစ်သည် သန်းခေါင်ဝန်းကျင်လောက်တွင် အိမ်သို့ ရောက်လာသ ည် ။ အိမ်ဝင်းထဲသို့ ကားမောင်းဝင် လာပြီး ကားဂိုဒေါင်တံခါးကို ဖွင့်လို က်လျှင် ဖွင့်လို က်ချင်း သူက လွှဲမှားနေသော အချက်တစ်ချက်ကို ချက်ချ င်း သိလိုက်သည် ။

ဗင်ကျီသည် သူမ၏ လင်ကွန်းကွန်တီနင်တယ် ကားကို နေရာမှားပြီး ရပ်ထားသည် ။

သူမ၏ ကားသည် ခရစ်၏ ကားနေရာတွင် ရောက်နေသည် ။ ဒါ လုံးဝ မဖြစ်နိုင်။ ဗင်ကျီ၏ ကားကို တစ်ယောက်ယောက်က မောင်း လာပြီး ကြဲသလို ထိုးသွင်းထားခဲ့တာ ဖြစ်မည်။ အဘယ်ကြောင့် ဆို သော် ဗင်ကျီသည် သူမ၏ ကားကြီးကို သည် လို နေရာကျဉ်းကျဉ်းက လေးတွင် ဘယ်တော့မှ သွင်းထားလေ့မရှိ။ ဘယ်တုန်းကမှ လည်း သ ည် လို မထားခဲ့စဖူးချေ။

ကားဂိုဒေါင်တွင် အခန်းနှစ်ခန်းရှိပြီး ဘယ်ဘက်အခန်းက ကားနှစ် စီးစာမျှ ကျယ်သည် ။ ဗင်ကျီသည် သူမ၏ ကားကို ယင်းအခန်းတွင် အမြဲ တမ်း ထားလေ့သည် ။ ခရစ်၏ ကော်ဗက်ကားလေးကိုတော့ အသေး စားဖြစ်၍ ညာဘက်

အခန်းကျဉ်း ကလေးတွင် အမြဲတမ်း ထားသည် ။ သို့သော် မနေ့ညက ဗင် ဂျီ၏ ကားကြီးကို အခန်းကျဉ်းကလေးထဲတွင် ကျွမ်းကျွမ်းကျင်ကျင် သွင်း ထားခဲ့ပြီ။ ဘယ်သူသွင်းတာလဲ။ ဗင်ဂျီကိုယ် တိုင်လား၊ လုံးဝ မဖြစ်နိုင်။ နော က်တစ်ယောက်ယောက် ဖြစ်ရမည်။

သူသည် အိမ်ထဲသို့ ဝင်လာခဲ့သည် ။ တစ်အိမ်လုံး တိတ်ဆိတ်နေသ ည် ။ ဗင် ဂျီ အိမ်မှာ မရှိ။ သူမ၏ လက်ပွေ့အိတ်ကိုတော့ ဧည့်ခန်းထဲမှ ဆို ဖာခုံရှည်ပေ ါ် တွင် တွေ့ရသည် ။ နည်းနည်းတော့ တွေသွားမိသည် ။ သို့

သော် စိုးရိမ်ခြင်းတော့ မဖြစ်မိ။ ဗင်ဂျီသည် တစ်ယောက်ယောက်နှင့် ည အိပ် ညနေ လိုက်သွားတာ ဖြစ်နိုင်သည် ။ သူမအနေဖြင့် ယခုလို တိုင်ပင် ဖော် တိုင် ပင်ဖက် အမျိုးသမီး မိတ်ဆွေရှိတာကို သူက ဝမ်းသာမိသည် ။ သူမသည် ပင် ကိုအားဖြင့် လှိုက်လှိုက်နှဲ့ဝက်ဝက် နေတတ်သည် ။ မိတ်ဆွေ အပေါင်းအသင်းလ ည်း သိပ်မလုပ်။

လက်ပွေ့အိတ်က မေ့ကျန်ခဲ့တာ ဖြစ်မည်။ သူမက အလွန်မေ့တတ် သည် ။ ဒါ မှ မဟုတ် တမင် ထားပစ်ခဲ့တာလည်း ဖြစ်ချင် ဖြစ်နိုင်သည် ။ သူသည် တိတ် ဆိတ်နေသော အိမ်ကြီးထဲတွင် တစ်ယောက်တည်း ရော က်နေသည် ကို ငြီးငွေ့စရာကြီးလို ထင်လာမိသည် ။ ။ ထို့ကြောင့် ဟိုတယ်သို့ ပြန်သွားရန် ဆုံးဖြ တ် လိုက်လေသည် ။ သို့ သော် သူ အိမ်သို့ သွားသေးကြောင်း ဂျွန်းကို ပြောလို့ ကတော့ လုံးဝ မဖြစ်။ သူက ဂျွန်းရှေ့တွင် ဗင်ဂျီအကြောင်းနှင့် ပတ်သက်၍ ဘာကိုမှ မပြောမိရန် သတိထားပြီး တတ်နိုင်သမျှ ကြိုးစားရှောင်ခဲ့သည် ။ ဂျွ န်း အနေဖြင့် ဗင်ဂျီ၏ နာမည်ကို ကြားလိုက်လျှင် သူမကိုယ်သူမ သူမျှား လ ဲ့ မယား အိမ်ထောင်ရေး ဖြိုခွဲသူအဖြစ် ပိုပြီးတော့ စိတ်မကောင်း ဖြစ်မ ည်မှာ ေ သချာသည် ။

အကယ်၍ သူ ခရီးမထွက်ခင် သူနှင့် ဗင်ဂျီတို့ စကားမျှား ခဲ့သေးကြောင်း၊ ထို့ကြောင့် ဗင်ဂျီက စိတ်ကောက်ပြီး အိမ်တွင် မနေဘဲ အသိအိမ်မှာ သွားနေ ခင်း ဖြစ်နိုင်ကြောင်းကိုသာ ခရစ်က ဂျွန်းအား ပြောလိုက်မည် ဆိုလျှင် ဂျွန်း အနေဖြင့် ရင်နင့်အောင် ခံစားရပေလိမ့်မ ည်။ သို့သော် အဖြစ်မှန်ကတော့ ထို ထက်ပို၍ ဆိုးရွားခဲ့သည် ။ သည် နေ့ မနက် သူ အိမ်ကို ပြန်သွားတော့ ဗင် ဂျီ၏ အလောင်းကိုသာ တွေ့ရတော့ သည် ။ တကယ်တော့ သန်းခေါင်မတိုင်ခ င် ကတည်းကပင် သူမ၏ ကား ကို တစ်ယောက်ယောက်က ကားဂိဒေါင်ထဲ လာပြီး သွင်းထားခဲ့တာ ဖြစ် မည်။ ထို့နောက် သန်းခေါင်ကျော်ပြီးတော့မှ သူမအား တစ်ယောက် ယောက်က အိမ်သို့ လာပို့သွားတာ ဖြစ်နိုင်သည် ။ ပြီးတော့ စီးထားသော ဖိနပ်ကလည်း သူမ စီးနေကျဖိနပ် မဟုတ်။ ခြေထော က်ရောင်ပြီး ကတည်းက သူမသည် သည် ဖိနပ်မျိုးကို လုံးဝ မစီးတော့ချေ။

သူမသည် သက်သောင့်သက်သာ ရှိသည် ဆိုပြီး စွပ်ဖိနပ် ကို ပြောင်းစီးနေတာ တော်တော်ကြာပြီ။ ယခု ယင်းဖိနပ်တွေ ဘယ်ရော က်နေသလဲ။ ခရစ် တစ်အိမ်လုံး ချောင်ကြိုချောင်ကြား မကျန် နေရာအ နုံ့အပြား လိုက်ရှာကြည့်သည် ။ ဘယ်နေရာမှာ မှ မတွေ့။ တကယ်တော့ သူမ စီးနေက၂ ဖိနပ် ဘယ်မှာ ရှိသည် ဆိုတာကို သူမအား အိမ်သို့ ပို့သွား သူမှ သာ သိနိုင်ပေလိမ့်မည်။ သို့သော် သည် အကြောင်းတွေကို သူက ရဲအရာရှိအား ဘာမှ၂ မပြောခဲ့။

ပြောလိုက်လျှင် ဂျုန်းအပေါ် အမှုပတ်လာမည်ကို သူက စိုးရိမ်သည် ။ "ကဲ ခရစ်၊ ထမင်းစားခန်း သွားကြရအောင်။ တစ်ခုခု စားလိုက်ရင် ပိုကောင်းလိမ့်မယ် ထင်တယ်"

မော်လီက ညှင်သာသော လေသံဖြင့် လာပြောသည် ။ ခရစ်က ငိုင်တိုင်တိုင် အမူအရာဖြင့် မော်လီကို မော့ကြည့်လိုက်သည် ။ မော်လီနှင့် ကက်သလင်းတို့ ညီအစ်မနှစ်ယောက် မျက်နှာပေါက်ခြင်း ခွဲတ်စွပ်ဟု နေသည် ကို ယခုမှ သူက ပိုပြီး သတိပြုမိသည် ။ တစ်ချိန်တ ည်းတွင် သူ့ခေါင်းထဲသို့ အသိတစ်ခု လည်း ရုတ်တရက် ဝင်ရောက်လာ သည် ။ ။

ယမန်နေ့ ညတုန်းက သူသည် အိမ်သို့ လာခဲ့ကြောင်းကို ဘီလ်နှင့် မော်လီတို့ လင်မယားအား ပြော၍ မဖြစ်တော့။ မော်လီအနေနှင့် နှုတ် လုံမည် မဟုတ်။ ညီမဖြစ်သူ ကက်သလင်းကို တစ်ဆင့် ပြန်လည် ဖော က်သည် ချမှာ ကြောက်ရသည် ။ ကက်သလင်းက လက်ထောက် အစိုးရ ရှေ့နေ မဟုတ်လား။

ထို့ကြောင့် ကိုယ့်ပြဿနာ ကိုယ်ပဲ အဖြေရာရမည်။ သူက နီရဲသော မျက်လုံးများကို လက်ဖြင့် ပွတ်သပ်လိုက်ပြီးနောက် - "ဟုတ်တယ် မော်လီ၊ ကျွန်တော် တစ်ခုခု စားလိုက်မှ ပဲ။ ဘာပဲဖြစ်ဖြ စ်ပေါ့။ ဗိုက်ပြည့်သွားရင် ပြီးတာပါပဲ။ ဒါပမဲ့ ထမင်းစားပြီးရင်တော့ ကျွန်တော် အိမ်ကို အမြန်ပြန်ရလိမ့်မယ်။ စဏ္ဍာလခေါင်းက ဗင်ကျ အ

လောင်းဆင်ဖို့ အဝတ်အစားတွေ လာယူစရာ ရှိတယ်။ ပြီးတော့ သူ့မိဘ တွေကလည်း မသင်္ကြံဟ်ခင် ကျေနပ်အောင် ကြည့်လိုက်ချင်ကြသေးတ ယ်" "ဘယ်မှာ သင်္ကြံဟ်မှာ လဲ" ဘီလ်က ဝင်မေးသည် ။ "မနက်ဖြန် ညနေမှာ အလောင်းကို လေယာဉ်နဲ့ မင်နီယာပိုလစ်ကို ယူသွားမယ်။ ကျွန်တော်လည်း တစ်ပါတည်း လိုက်သွားမယ်။ သင်္ကြံဟ် တာကတော့ နောက်တစ်နေ့မှ သင်္ကြံဟ်မယ်။ မှုခင်းဆိုင်ရာ ဆရာဝန်က အလောင်းကို ဒီနေ့ ညနေပိုင်းမှ သယ်ယူခွင့်ပြုတယ်"

ခရစ်သည် ညရှစ်နာရီတွင် အိမ်သို့ ပြန်လာခဲ့သည် ။ ရှစ်နာရီခွဲတွင် စဏ္ဍာလခေါင်း ပေါ်ဟာဆွေ ရောက်လာသည် ။ သူက ပေါ်ဟာဆေးအား ဗင်ကျအတွက်

အဝတ်အစားများ ထုတ်ပေးသည် ။

ပေါဟာသေက ခရစ်ကို ကြည့်ပြီး အတော်ကလေး သနားနေပုံရသ ည် ။ သူက ဗင်ဂျီ အသုဘအတွက် လိုအပ်သော အချက်အလက်များကို ခပ်မြန်မြန် ပင် ရေးမှတ်သည် ။

မွေးရက်က ၎ပြီ ၁၅ ရက်၊ သေဆုံးရက်က ဖေဖော်ဝါရီ ၁၅ ရက်၊ အ သက် ၃၁ နှစ်ပြည့်ရန် နှစ်လအလိုတွင် သေဆုံးခြင်း ဖြစ်သည် ။

ခရစ်က ညှိုးငယ်နေသော မျက်လုံးအစုံကို လက်နှင့် ပွတ်လိုက်သည် ။ တစ်ခု ခုတော့ မှားနေပြီ။ တကယ်တော့ တစ်ခုမက အားလုံး မှားနေပြီ။

"မဟုတ်သေးဘူး။ ဒီနေ့က ၁၆ ရက်၊ ၁၅ ရက် မဟုတ်ဘူး " "သေစာရင်းကတော့ မစ္စက်လူးဝစ်ဟာ မနေ့က ညရှစ်နာရီနဲ့ ဆယ် နာရီအကြားမှာ သေဆုံးတာ ဖြစ်တယ်လို့ အတိအကျ ဖော်ပြထားတယ်။ အဲဒီတော့ ဖေဖော်ဝါရီလ ၁၅ ရက်ပဲပေါ့။ ခင်ဗျားက အလောင်းကို ဒီနေ့ တွေ့တာကြောင့် ဒီနေ့ ၁၆ ရက်နေ့မှာ သေတာလို့ ထင်နေတာကိုး။ ဒါ ပေမဲ့ အလောင်းကို ရင်ခွဲ စစ်ဆေးတဲ့ မှူခင်းဆရာဝန်ကတော့ သေဆုံး တဲ့ အချိန်ကို အတိအကျ ထောက်ပြနိုင်ပါတယ်"

ခရစ်က စဏ္ဍာလခေါင်း၏ မျက်နှာကို ကြောင်ကြောင်ကြီး မော့ကြ ည့်လိုက်သည် ။ သူ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြီး ဦးနှောက်ထဲတွင် အလင်းရောင် တစ်ခု ဖျတ်ခနဲ လင်းလက်သွားသလို ထင်လိုက်ရသည် ။သူသည် သန်းခေါင်လောက်တွင် အိမ်သို့ ပြန်လာခဲ့သည် ။ ဗင်ဂျီ၏ ကားကို ကားဂိဒေါင်ထဲတွင် တွေ့ရသည် ။ လက်ပွေ့အိတ်ကိုလည်း ဧည့် ခန်းထဲမှ ဆိုဖာပေါ် တွင် တွေ့ရသည် ။ သူသည် အိမ်ထဲတွင် နာရီဝက်ခန့် နေခဲ့ပြီး နယူးယောက်ရှိ ဟိုတယ်သို့ ပြန်ထွက်လာခဲ့သည် ။

ယနေ့နံနက် သူ အိမ်သို့ ပြန်သွားတော့ ဗင်ဂျီ၏ အလောင်းကိုသာ တွေ့ရတော့သည် ။ ဗင်ဂျီသည် သူ အိမ်မှ ပြန်ထွက်သွားပြီးနောက် မကြာမီတွင် အိမ်သို့ ရောက်ရှိ လာပြီး ကိုယ့်ကိုယ်ကို သတ်သေသွားတာ များ လား။ (သို့သော် မှူခင်းဆရာဝန်၏ စစ်ဆေးချက်အရ ဆိုလျှင် သူမ သေဆုံးခဲ့ သည် မှာ သန်းခေါင်လောက်တွင် သုံးနာရီ၊ လေးနာရီခန့် ရှိခဲ့ပြီ။ သည် အတိုင်းဆိုလျှင် သူ ပြန်ထွက်လာခဲ့ပြီးနောက် သန်းခေါင်ကျော်တွင် သူမ၏ အလောင်းကို တစ်ယောက်ယောက်က ယူ လာပြီး အိပ်ရာပေါ် တွင် တင်ထားခဲ့တာ ဖြစ်မည်။ ဖန်ခွက်ကိုလည်း သူမ၏ နံဘေးတွင် ချထားခဲ့ တာ ဖြစ်မည်။ သဘောကတော့ သူမကိုယ် သူမ သတ်သေတာဟု ထင်

အောင် တစ်ယောက်ယောက်က အကွက်ဆင်ထားခဲ့ခြင်း ဖြစ်နိုင်သည် ။ ဒါမှ မဟုတ် သူမသည် တခြားတစ်နေရာတွင် သတ်သေခဲ့တာမျှား လား ။ တစ်ယောက်ယောက်က အမှုပတ်မခံချင်၍ သူမ၏ အလောင်းကို ယူ လာပြီး အိပ်ရာပေါ် တင်ထားခဲ့တာမျှား လား။ သည် လိုလည်း ဖြစ်နိုင်စ ရာ မရှိ။ ဗင်ဂျီသည် ဝေဒနာ ပြင်းထန်စွာ ခံစားပြီးမှ သူ့ကိုယ်သူ သတ် သေရဲလောက်အောင် သတ္တိရှိသော မိန်းမစားမျိုး မဟုတ်ချေ။

သူမကိုယ်သူမ သတ်သေသလို ထင်ရလောက်အောင် လူသတ်သမား က တမင် အကွက်ဆင် ထားခဲ့ခြင်းသာ ဖြစ်မည်။ "သြော် .. ဘုရား ... ဘုရား၊ ကုသိုလ်ကံ ဆိုးလှချေလား ဗင်ဂျီရယ်" ခရစ်က ကြေကွဲစွာဖြင့် တိုးတိုးကလေး ညည်းလိုက်မိသည် ။ သူသ ည် ဗင်ဂျီ၏ မျက်နှာကို မြင်ယောင်လာသည် ။ လုံးဝ အပြစ်ကင်းစင်သော ဗိုက်ထဲမှ ကလေးငယ်ကို မှန်းကြည့်သည် ။ သူ့မျက်နှာတွင် မျက်ရ ည်များ စီးကျလာသည် ။

သည် လို ကိုယ်ဝန်အရင့်အမာနှင့် အားနဲ့သူ မိန်းမသားတစ်ယောက် အား ရက်ရက်စက်စက် သတ်သွားသော လူသတ်သမားကို ဘယ်သူက ခွင့်လွှတ်နိုင်ပါ့မလဲ။ ဘယ်ယောက်ျားက ခွင့်လွှတ်နိုင်ပါ့မလဲ။

သို့သော် ခက်သည် က သူ့အနေနှင့် ရဲကို ဖွင့်ပြောလိုက်လျှင် စုံစမ်းစ စ်ဆေးမှုတွေ့ လုပ်လာကြတော့မည်။ ခရစ်က သူ့အတွေးနှင့်သူ တွေတွေကြီး ဖြစ်နေသည် ။ စဇ္ဇာလခေါင်းက သူ့မျက်နှာကို စိုက်ကြည့်နေသည် ။

ခရစ်က အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည် ။ "ဖြစ်ချင်သလို ဖြစ်ပစေတော့။ သူတို့ ကို ကျွန်တော် ဖွင့်ပြောလိုက် တော့မယ်"

≈ အခန်း (၁၄)

သူသည် တယ်လီဖုန်းကို ဖြည်းဖြည်းကလေး ပြန်ချလိုက်သည် ။ သူ တော်တော်ဝမ်းသာ သွားသည် ။ ကက်သလင်းက သူ့အား လုံးဝ သံသယ ဖြစ်မိပုံမရ။ ဗင်ဂျီ သေဆုံးမှုနှင့် ပတ်သက်၍ သူနှင့် တွေ့ဆုံ ဆွေးနွေးလို သည် ဆိုရာတွင် လည်း ဗင်ဂျီ၏ စိတ်ဓာတ်အခြေအနေကို သိရုံလောက် သာ ဆွေးနွေးလိုခြင်း ဖြစ်သည် ။ ။

ကက်သလင်းအနေဖြင့် မတော်တဆ အန္တရာယ်ကြုံတွေ့ခဲ့ရသည် မှာ ၂၄ နာရီလောက်သာ ရှိသေးသည် ။ ထို့ကြောင့် သူမ၏ စိတ်ဓာတ်အ နေအထားသည် မူလအခြေအနေသို့ ပြန်ရောက်ဦးမည် မဟုတ်။ သွေး လန့်ပြီး ချောက်ချားနေဦးမည်သာ ဖြစ်သည် ။

ထို့ပြင် သူမ၏ သွေးခုန်နှုန်းကလည်း သိသိသာသာ ကျဆင်းနေသ ည် ။ မနက်ဖြန်တွင် သွေးသွားလမ်းကြောင်း ပိတ်ဆို့စေသော ဆေးကို ကျွေးလိုက်လျှင် နဂိုကလည်း သွေးလွန်နေသူ ဖြစ်နေသောကြောင့် သူမ သည် စိတ်ရောကိုယ်ပါ နှမ်းခွေပျော့ကျသွားပြီး ဘယ်အရာကိုမှ ကြည်ကြည်လင်လင် တွေးခေါ်နိုင်တော့မည် မဟုတ်ခေါ့။ တကယ့်ဖြစ်ရ ပ်လား၊ အိပ်မက်ဆိုးလား ဆိုတာကို လုံးဝ ခွဲခြားနိုင်တော့မည် မဟုတ်။ (သို့သော် ဗင်ဂျီ သေဆုံးမှုကို ကိုယ့်ကိုယ့်ကို သတ်သေမှု မဟုတ်ဘဲ လူသတ်မှုအဖြစ် သံသယဝင် လာပြီး သူမ၏ အလောင်းကိုလည်းသတ်ပြီးမှ အိမ်သို့ လာပို့ထားခြင်း ဖြစ်နိုင်သည် ဟု ရဲဘက်က ယူဆလျှ ငတော့ အခြေအနေ တစ်မျိုးတစ်မည် ဖြစ်လာနိုင်သည် ။ ယင်းသို့ဆိုလျှ င် သူ့အတွက် အန္တရာယ်မကင်းသေး။ စိုးရိမ်နေရဆဲပင် ဖြစ်သည် ။ (ယခု သူသည် ဝက်စ်လိတ်ခ်အိမ်ကြီးရှိ စာကြည့်ခန်းထဲတွင် ရှိနေသ ည် ။ ယခုတော့ ဝက်စ်လိတ်ခ်အိမ်ကြီးသည် သူပိုင်အိမ်ကြီး ဖြစ်ခဲ့ပြီ။ အိ မကြာကျူးဒါဘုရင်မများ ခေတ်က သူကောင်းမျိုးများ ၏ စံအိမ်တော်ကြီးများကဲ့သို့ အဆောင်ဆောင် အခန်းခန်းဖြင့် ကြီးကျယ်ခ မ်းနားစွာ ဆောက်လုပ်ထားခြင်း ဖြစ်၍ ယခုခေတ်တွင် တန်ဖိုးချင်းသော် လည်းကောင်း၊ ဗိသုကာ လက်ရာချင်းသော် လည်းကောင်း ယှဉ်နှိ င်စရာပင် မရှိ။ဝက်စ်လိတ်ခ် စံအိမ်ကြီး၊ ဝက်စ်လိတ်ခ် အထွေထွေ ဆေးရုံကြီး၊ ဝက် စ်လိတ်ခ် သားဖွားဆေးရုံကြီး ..။

သည် နာမည်များ သည် သူ့အတွက် တန်ဖိုးမဖြတ်နိုင်အောင် အကျိုး များ ခဲ့သည် ။ ပိုက်ဆံလည်း မကုန်အောင် ရခဲ့သည် ။ ဂုဏ်သိက္ခာလ ည်း အကြီးအကျယ် တက်ခဲ့သည် ။ သူနှင့် ဝင်နီဖရက် ဝက်စ်လိတ်ခ်တို့ သည် အတ္တလန္တိတ် သမုဒ္ဒရာထဲတွင် လှေလှော်ရွက်တိုက် ထွက်ရာမှ ကျွ မ်းဝင်ရင်းနှီးပြီး လက်ထ

ပ်ခဲ့ကြခြင်း ဖြစ်သည် ။ ထို့နောက် သူက ဝင်နီဖ ရက်၏ ဖခင်ကြီး စတင်ပျိုးထောင်ပေးခဲ့သော လက်ဝှေ့လုပ်ငန်းကြီးကို အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့၍ အကောင်အထည် ဖော်ခဲ့သည် ။

သည် အချက်ပင် အင်္ဂလန်နိုင်ငံမှ ထွက်ခွာလာခဲ့ရခြင်းအတွက် အဓိ က အကြောင်းရင်းပင် ဖြစ်သည် ။ အင်္ဂလန်နိုင်ငံ၊ ဒီဗွန်ရှိုင်းယားနယ်ရှိ လီဗာပူးခရိုက်စ်ဆေးရုံတွင် လုပ်ကိုင်နေခဲ့စဉ်က သူ၏ ကိုယ်ရေးကိုယ် တာ ဘဝဖြစ်စဉ်များကို ဘယ်သူမျှ မသိ။ သူ့ဇနီး ဝင်နီဖရက်ပင် မသိ။

ဝင်နီဖရက် သေဆုံးခါနီး နောက်ပိုင်း ကာလများ တွင် တော့ သူမက လင်တော်မောင် နာမည်ကျော် သမားတော်ကြီး၏ နောက်ခံဘဝ ဖြစ်စဉ် များကို အ ခွင့်သင့်တိုင်း မသိမသာပင် မေးလာခဲ့သည် ။ သို့သော် သူက

တော့ ပွင့်ပွင့်လင်းလင်း ဘာမျှမပြော။ ဝေ့လည်ကြောင်ပတ်နှင့် တစ်စုန်းတစ်စမျှသာ ပြောပြီး စကားကို ဖြတ်ပစ်တတ်သည် ။

ည ၁၁ နာရီပင် ထိုးခါနီးပြီ။ သူသည် ညစာထမင်း လုံးဝ မစားရသေး။

အက်ဒနာ ကိစ္စအတွက် အလုပ်ရှုပ်နေခဲ့သဖြင့် ထမင်းမေ့၊ ဟင်းမေ့ ဖြစ်နေခဲ့ခြင်း ဖြစ်သည် ။

ယခုတော့ ထမင်းဆာလာသည် ။ ထို့ကြောင့် မီးဖိုခန်းထဲ ဝင်လာခဲ့ သည် ။ အိမ်ဖော် ဟီလဒါသည် သူ့အတွက် ညစာကို အဆင်သင့် ပြင် ထားခဲ့သည် ။ လိုအပ်လျှင် ဟင်းတွေကို ပြန်နွေးရုံသာ ရှိသည် ။ ဟီလဒါ မှာ စံပြအိမ်ဖော်တစ်ယောက် ဖြစ်သည် ။ ထမင်းစားခန်းနှင့် တခြားအိမ် ခန်းများကို သူ့နေရာနှင့်သူ သေသပ် သန့်ရှင်းစွာ ပြင်ဆင်ထားသည် ။ မိ မိကလည်း ဘယ်အရာတွင် မဆို သန့်ရှင်း သေသပ်မှုရှိမှ ကြိုက်သည် ။

ပြီးတော့ သူက လွတ်လပ်မှုကိုလည်း အလွန်ကြိုက်သည် ။ ဆေးရုံ ဓာတ်ခွဲခန်းတွင် ဆိုလျှင် လွတ်လပ်မှု မရှိ။ လူဝင်၊ လူထွက်နှင့် ဧည့်သ ည် ကို ရှောင်လို့ မရ။ ယခု အိမ်ကြီးရှိ စာကြည့်ခန်းတွင် မှု တစ်ယောက် တည်း အေးအေးလူလူ ထိုင်ကာ လုပ်စရာများကို စူးစူးစိုက်စိုက် လုပ်ကို င်နိုင်သည် ။ ဟိုတုန်းက အိမ်ဖော်တစ်ယောက် ရှိခဲ့သည် ။ သူမက သူ့ကို အာခံချင်သည် ။ အမှန်က ဝင်နီဖရက်နှင့် သူမ၏ ဖခင်ကြီးတို့ က မြော က်စားထား၍ ရွေရေး ပန်းကန်တက်နေခြင်း ဖြစ်သည် ။

တစ်နေ့တွင် သူမက မျက်ရည်စက်လက်ဖြင့် သူ့ကို အော်ပြောသည် ။

"မစ္စက်ဝင်နီဖရက်ဟာ အိမ်ထောင်မပြုခင်က ဆိုရင် .."

သူက ကိုက်စားတော့မလို မျက်နှာထားဖြင့် ကြည့်လိုက်သောကြော င့် သူမက စကားကို ဆက်မပြောတော့ဘဲ ရပ်ထားလိုက်သည် ။ တကယ်

တော့ သူမက ဆက်ပြောချင်သော စကားမှာ နှာစေး၊ ချောင်းဆိုးတောင် တစ်ခါမှ မဖြစ်ဖူးဘူး” ဟူ၍ ဖြစ်သည် ။ ထို့ကြောင့် ယင်းအိမ်ဖော်ကို သူက ချက်ချင်း ထုတ်ပစ်လိုက်သည် ။ မကြာမီတွင် ဝင်နီဖရက် ရုတ်တရက် သေဆုံးသွားသည် ။ ဝင်နီဖရ က် သေဆုံးခြင်းသည် သူ၏ ပယောဂကြောင့် ဖြစ်သည် ဟု ဆိုကာ ဝင်နီ ဖရက်၏ မောင်ဝမ်းကွဲက သူ့ကို တရားစွဲသည် ။ သို့သော် သူ့တွင် အပြစ် ရှိကြောင်း သက်သေ အထောက်အထား ခိုင်ခိုင်လုံလုံ မပြနိုင်သောကြောင့် တရားရုံးက အမှုကို ပလပ်လိုက်သည် ။

ဝင်နီဖရက် ကွယ်လွန်ပြီးနောက် သူ့အနေဖြင့် ပိုက်ဆံတွေ တော် တော်ရလိုက်သည် ဟု သတင်း ဖြစ်ပေါ် ခဲ့သည် ။ အမှန်တော့ သူ့အနေဖြ င့် ပိုက်ဆံများများ စားစားတော့ မရ။ ဝင်နီဖရက်၏ ရှိသမျှ ပိုက်ဆံ တော်တော်များများမှာ ဆေးရုံကြီး ဝယ်လိုက်ရာတွင် မြုပ်သွားသည် ။ (ယခုဆိုလျှင် သူ၏ ဆေးပညာသုတေသန လုပ်ငန်းအတွက် ငွေကို ရေလို သုံးနေရသည် ။ ယင်းပိုက်ဆံများမှာ ဆေးဝါးကုသ၍ ရရှိခြင်း ဖြ စ်သည် ။ သုတေသနလုပ်ငန်းအတွက် အစိုးရထံမှ ထောက်ပံ့ငွေ

တောင်းခံနိုင်သော်လည်း သူက လုံးဝ မတောင်း။ ကိုယ်ထူကိုယ်ထ လုပ် ငန်းဖြင့်သာ သူ့လုပ်ငန်းကို သူ ရပ်တည် လှုပ်ရှားနေခြင်း ဖြစ်သည် ။ တ ကယ်တော့ သူ့အဖို့ အစိုးရထံတွင် အကူအညီ တောင်းစရာ မလိုပါ။ က လေးမရရှိနိုင်သော အမျိုးသမီးများက ကလေးတစ်ယောက် ရဖို့ အတွ က် သူ တောင်းသမျှကို ပုံပေးနေကြသည် မဟုတ်ပါလား။

သူသည် ရေခဲသေတ္တာထဲမှ ရေခဲစိမ် အရက်ပုလင်းကို ထုတ်ယူပြီး စားပွဲတွင် ထိုင်သည် ။ ပြီးတော့ ညစာစားသောက်ရင်း ကက်သလင်းအကြောင်းကို စဉ်းစားနေလေသည် ။ ကက်သလင်းအား ဘယ်ဆေးတွေကို ဘယ်လောက်အထိ ပေးရမည် ဆိုသည် ကို ချင့်ချိန် ကြည့်နေသည် ။ သွေးကြောပိတ်ဆေးကို ကျွေးလျှင် သူမ သေဆုံးပြီး နောက် ခွဲစိတ်စမ်းသပ် သော်လည်း မည်သည့် သဲလွန်စမျှ တွေ့ရမည် မ ဟုတ်။ သွေးခဲသွားခြင်းမှာ သွေးသွင်းခြင်း အကျိုးဆက်ကြောင့် ဟူ၍ သာ ယူဆကြလိမ့်မည်။ အကယ်၍ သွေးခဲစေသော ထိုးဆေးကို ထိုးလို က်လျှင် ရင်ခွဲ စစ်ဆေးကြည့်သောအခါတွင် ယင်းဆေးနှင့် သွေးကြောပိ တ် စားဆေးတို့ ၏ သဲလွန်စကို တွေ့ ရှိနိုင်သည် မှာ သေချာသည် ။ သို့

သော် ကိစ္စမရှိ။ ယင်းသို့ မဖြစ်အောင် ကာကွယ်ရန် နည်းလမ်းကို သူ စ ဉ်းစားထားပြီး ဖြစ်သည် ။

***

ညစာ စားပြီးတော့ သူသည် ချက်ချင်း အိပ်ရာမဝင်သေးဘဲ အဝတ်ဗီ ရို ရှိရာသို့ လာခဲ့သည် ။ ဗီရိုကို ဖွင့်ပြီးနောက် ချိတ်ထားသော မိုးကာအင်္ကျီအိတ်ထဲသို့ လက်နှိုက်ကာ ပုံပျက်နေသော ဖိနပ် တစ်ဖက် ကို ဆွဲထုတ်လိုက်သည် ။ ပြီးတော့ အခြားလက်တစ်ဖက်ကို မိုးကာအင်္ကျီ တခြားအိတ်ဘက်သို့ အမှတ်မထင် နှိုက်ကြည့်လိုက်ပြန်သည် ။ နောက် ဆုံး သွေးရူးသွေးတန်းဖြင့် မိုးကာအင်္ကျီတစ်ခုလုံးကို ဟိုစမ်းသည် စမ်း လိုက်စမ်းနေသည် ။ သူ လိုချင်သော အရာကို မတွေ့သောအခါ ကြမ်းပြင်တွင် ဒူးထောက် ထိုင်ချလိုက်ပြီးနောက် ဗီရိုအောက်ဆင့်မှ ဖိနပ်ပုံထဲတွင် ဟိုမွှေသည် မွှေ လုပ်နေပြန်သည် ။

ပြီးတော့ မတ်တတ်ပြန် ရပ်လိုက်ပြီး လက်ထဲမှ ဖိနပ်ကို စိုက်ကြည့် နေသည် ။ ဗင်ကျီ၏ ညာဘက်ခြေထောက်မှ ဖိနပ်ကို အတင်းချွတ်ယူနေ သော သူ့ပုံကို သူ ပြန်လည် မြင်ယောင်မိသည် ။ ညာဘက်ခြေထောက်မှ ဖိနပ်။ ယခု သူ့လက်ထဲတွင် ကိုင်ထားသော ဖိနပ်။ သူသည် ရုတ်တရက် ဖြစ်ပေါ် လာသော ကြောက်စိတ်နှင့် ဒေါသစိတ် တို့ ကြောင့် အတွင်းကျိတ်ပြီး ခပ်သဲ့သဲ့ကလေး ရယ်လိုက်မိသည် ။ အမှ နိကတော့ ကိုယ့်ကိုယ်ကို အားတင်းလိုက်ခြင်းပင် ဖြစ်သည် ။ ။

ဖြစ်ရပ်ကတော့ ကားရပ်ကွက်လပ်ထဲသို့ အမည်မသိ ကားတစ်စီး ရု တ်တရက် မောင်းဝင်လာသောအခါ သူက အထိတ်တလန့်ဖြင့် ခုံုပုတ် နား အမှောင်ရိပ်သို့ ပြေးဝင်လိုက်ချိန်တွင် သူ့မိုးကာအင်္ကျီအိတ်ထဲမှ ဖိန ပ်ထွက်ကျသွားခြင်း ဖြစ်သည် ။ နောက်ထပ် သူ ချော်လဲသွားစဉ် အမှတ် မထင် လက်နှင့် စမ်းမိသော ဖိနပ်မှာ လည်း ယင်းဖိနပ်ပင် ဖြစ်သည် ။ ဗ င်ကျီ၏ ဘယ်ဘက် ခြေထောက်မှ ကျွတ်ကျန်ရစ်သော ဖိနပ် မဟုတ်။

ဗင်ကျီ၏ ဘယ်ဘက်ခြေထောက်မှ ဖိနပ်က တစ်နေရာရာတွင် ရှိနေ ကောင်းရှိနေပေလိမ့်မည်။ ယင်းဖိနပ်သည် ပင် သူ၏ လုပ်ရပ်ကို ခြေရာ ကောက် အစဖော်ပေးမည့် သဲလွန်စ ဖြစ်တော့သည် ။

*****

≈ အခန်း (၁၅)

ကက်သလင်းသည် နာရီနှိုးစက်ကို နံနက် ၆ နာရီတွင် ချထားခဲ့သ ည် ။ သို့ေ သာ် သူမသည် နှိုးစက်မကျခင် အစောကြီး နိုးလာခဲ့သည် ။ အ ိပ်ပျော်ခဲ့သမျှ အချိန်မှာ လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ခြင်း မဟုတ် ။ တစ်ချိန်လုံး အ ိပ်မက်ဆိုးတွေကိုသာ မြင်မက်ခဲ့သည် ။ အိပ်မက်တွေက လည်း ဘာတစ်ခုမျှ ပ ီပြင်ပြင် မရှိသော ဝိုးတဝါး အိပ်မက်များ သာ ဖြ စ်နေသည် ။ ယင်းအိပ်မက် ဆိုးများကြောင့် သူမသည် အိပ်ရာမှ ခဏ ခ ဏ လန့်နိုးနေခဲ့သည် ။

အိပ်မပျော်တော့သည့် အဆုံး မီးဖိုခန်း ဆင်းသွားပြီး ကမန်းကတန်း ကော်ဖီေ ဖျော်သည် ။ ပြီးတော့ ကော်ဖီတစ်ခွက် ယူပြီး အပေါ် ထပ် အိပ်ခန်းသို့ ပြန်တက် လာခဲ့သည် ။ ခေါင်းအုံးတွေကို ဆင့်မြှင့်ပြီး စောင်ကို တစ်ကိုယ်လုံး လုံအောင် ြ ခံလိုက်သည် ။ ပြီးတော့ ကော်ဖီပူပူကို ဖြည်းဖြည်းချင်း မှုတ်သောက်နေသည် ။ ယခုမှ နွေးနွေးထွေးထွေး ရှိသွားတော့သည် ။

ကော်ဖီသောက်ရင်း ခုတင်ခြေရင်းရှိ ဗီရိုပေါ် မှ မှန်ထဲတွင် သူမကိုယ် သူမ ကြ ည့်လိုက်သည် ။ သူမ၏ ညို မှောင်မှောင် ဆံပင်များက အဖြူ သား ခေါင်းအုံးေ ပါ် တွင် ဖြာကျနေကြသည် ။ မျက်လုံးအောက်မှ ဒဏ်ရာ များမှာ ဝါကြန့်ကြန့် အနားရေးနှင့် ခရမ်းရောင် ဆောင်နေကြသည် ။ မျ က်လုံးတွေက မို့အစ်နေ ြ ပီး ပါးနှစ်ဖက်က ချိုင့်ဝင်နေကြသည် ။

တကယ်တော့ သူမျက်နှာ သည် မျှအထိ ခုံးကျသွားရခြင်းမှာ မ တော်တဆ အန္တရာယ် ကြုံခဲ့ရပြီးနောက် အအိပ်ပျက်၊ အစားပျက်ကာ စ ိတ်လှုပ်ရှားနေ ခဲ့သောကြောင့်လည်း ဖြစ်သည် ။ ထို့ထက်မက အနာဂ တ်အတွက် တစ်စုံတစ် ရာကို အတွင်းစိတ်က ကြိုတွေးပြီး စိုးရိမ်နေခြင်း

ကြောင့်လည်း ဖြစ်သည် ။ သူမသည် ထူးဆန်းသော အိပ်မက်ဆိုးကို မ နေ့ည ကလည်း ပြန်လည် မြင်မက်ခဲ့သေးသလား။ အိပ်မက်တော့ မက်ခဲ့ သည် ။ သို့သော် ဘယ်လို အိပ်မက်မျိုး ဆိုတာတော့ ဘာမျှ ရေရေရာရာ မသိတော့။ ဗင်ကျိလူးဝစ်ဆီသို့ စိတ်ရောက်သွားသည် ။

တစ်ချိန်တည်းတွင် ဂျွန်၏ အသုဘအခမ်းအနားသို့ မြင်ယောင်လာပြန်သည် ။

သရဏဂုံတင်ရာတွင် ဘုန်းတော်ကြီးက “မလွဲမသွေ သေကြရမှာ ကို သိလျ က်နှင့်ပင် ဂျွန်ပ်တို့ သည် သေခြင်းကို ကြောက်လန့်နေကြသည် ” ဟူ၍ တ ရားဟောခဲ့သည် ။

မှန်ပါသည် ။ လူတိုင်း လူတိုင်း တစ်နေ့တွင် မလွဲမသွေ သေကြေရမ ည်သာ ဖြစ်သည် ။

သို့သော် ဗင်ဂျီသေသလို သေခြင်းမျိုးကတော့ ကြောက်စရာ ကောင်း လှသည် ။ ဗင်ဂျီသည် သူမကိုယ်သူမ သတ်သေခြင်းမှာ လုံးဝ မယုံကြည် နိုင်စရာ ဖြစ်သည် ။ သို့သော် သူမအား တစ်ယောက်ယောက်က အဆိပ် ရည် အတင်းတိုက်၍ သေရခြင်း ဖြစ်သည် ဟူ၍ ဆုံးဖြတ်ရန်ကလည်း ခ က်ခဲလှသည် ။ခရစ်လူးဝစ်အနေဖြင့် သည် လို ရိုင်းစိုင်း ကြမ်းတမ်းသော ရာဇဝတ် မှုမျိုးကို ပြုလုပ်လိမ့်မည်ဟု ကက်သလင်းက လုံးဝ မယုံကြည်။

သူမသည် ဒေါက်တာ ဟိုက်ဂလေထံမှ တယ်လီဖုန်းဆက်သည် ကို စ ဉ်းစားမိပြန်သည် ။ တစ်ဆက်တည်းတွင် သူမ ရောဂါအတွက် ခွဲစိတ်ကု သရမည့် ကိစ္စကိုလည်း သတိရမိသည် ။ ခွဲစိတ်ရန် ကိစ္စမှာ သာမန် အ

သေးအဖွဲကလေးမျှသာ ဖြစ်သည် ။ နှစ်စဉ် အရွယ်မရွေး အမျိုးသမီးပေါ် ငး ထောင်နှင့်ချီ၍ သားအိမ်ခြစ် ကုသခံနေကြသည် ။ အကယ်၍ ဤန ည်းဖြင့် ထွေးလွန်ရောဂါ မသက်သာရင် ဘယ်လို လုပ်မလဲ။ ဒေါက်တာ ဟိုက်ဂလေကတော့ လိုအပ်လျှင် သားအိမ်ကို ဖြတ်ထုတ်ပစ်သင့်က ဖြ တ်ထုတ်ပစ်ရမည်ဟု ပြောခဲ့ဖူးသည် ။ ။

ဂျွန်နှင့် နေခဲ့တုန်းကတည်းက ကိုယ်ဝန်ရှိခဲ့လျှင် ဘယ်လောက်ကော င်း လိမ့်မလဲ။ သို့ပေမဲ့ သူမမှာ ကိုယ်ဝန် မရှိခဲ့။ ပြီးတော့ တစ်နေ့တွင် အိ မ်ထောင်ထပ်ပြုလျှင် ဘယ်လိုလုပ်မလဲ။ အဲဒီအချိန်မှာ ကလေးမရနိုင်တော့လျှင် တော်တော် စိတ်ညစ်စရာ ကောင်းမှာ ပဲ။အို . ဒီကိစ္စ ဘေးချိုတ်ထားလိုက်ပါ။ အဲဒီတော့ သောကြာနေ့ ဆေးရုံ တက်၊ စနေနေ့ သားအိမ်ခြစ်၊ တနင်္ဂနွေနေ့ အိမ်ပြန်၊ တနင်္လာနေ့ အလုပ် ဆင်း၊ သိပ်ပြီး အပန်းမကြီးပါဘူး။ လွယ်လွယ်ကလေးပါ။ သို့ပေမဲ့ မော် လီကတော့ ဆေးရုံတက်ဖို့ ကို သဘောမတူချင့်။ မနေ့ကရုံးရောက် တော့ မော်လီက ဖုန်းလှမ်းဆက်သည် ။ "ကက်သလင်း၊ ရစ်ချတ်ရှေ့မှာ ပြောရင် ညည်းကြိုက်မှာ မဟုတ်ဘူး ထင်လို့ မနေ့က ငါ မပြောလိုက်တာ။ ငါ့သဘောကတော့ ဆေးရုံတက်မ ယဲ့ ကိစ္စကို နောက်တစ်လလောက် ဆိုင်းထားစေချင်တယ်။ ညည်း ကြ ည့်ရတာ တော်တော် အားနည်းနေသးတယ်"

"ဖြစ်ပါတယ်၊ ဒီကိစ္စက အသေးအဖွဲကလေးပါ မော်လီ။ ဒါပေမဲ့ ဒီကို စ္စကို စေစောစီးစီး လုပ်ပစ်လိုက်မှ ကျွန်မစိတ်ထဲ ရှင်းသွားမှာ ။ နို့မဟု

တ်ရင် ဒါကိုပဲ စိတ်စွဲနေပြီး ဘာအလုပ်မှ ဖြောင့်ဖြောင့် လုပ်ဖြစ်မှာ မဟု တ်ဘူး " "အစကတည်းက ညည်း ငါ့ကို ဘာလို့ မပြောတာလဲ" "သြော် ... ဒါကတော့

မမနဲ့ ကျွန်မတို့ နှစ်ယောက်စလုံးက ဘာလေးပဲဖြစ်ဖြစ် သူများ လျှောက်ပြော်ပြီး ညည်းတတ်တဲ့ လူတွေမှ မ ဟုတ်တာ။ ဒါပေမဲ့ တကယ်လို့ နေမရ ထိုင်မရအောင် ဆိုးလာရင်လည်း ကျွန်မက မမကို ပြောမှာ ပေါ့။

"အေးလေ .. မြန်မြန်လုပ်လိုက်တာလည်း တစ်မျိုးတော့ ကောင်းပါ တယ်၊ အဆင်ပြေသွားပါ လိမ့်မယ်။ ဒါနဲ့ ဒီအကြောင်း ရစ်ချတ်ကို ပြော ဖို့ စိတ်ကူးသလား"

သည် စကားကြောင့် ကက်သလင်း အတော်ကလေး ခံပြင်းသွားသ ည် ။ သို့ေသာ်လည်း စိတ်ဆိုးသံမပါအောင် ထိန်းပြောလိုက်သည် ။ "မပြောပါဘူး၊ ကျွန်မက သားအိမ်ခြစ်စရာ ရှိတဲ့ အကြောင်း လူတ ကာ လိုက်ပြီး ပြောဖို့ စိတ်မကူးပါဘူး။ ပြောစရာရှိ ဘီလ်နဲ့ မမတို့ ကိုပဲ ပြောမှာ ပါ။ ကဲပါ ဒီကိစ္စ ဒီလောက်နဲ့ပဲ ဖြတ်လိုက်ပါတော့၊ အိုကေ .." "အိုကေ .. အစစအရာရာ လိမ္မာစမ်းပါ ညီမရယ်"

မော်လီ၏ အသံတွင် ချစ်ခင်ခြင်းနှင့် သြဇာပေးလိုခြင်းတို့ ရောနေသ ည် ဟု ကက်သလင်းက ထင်လိုက်သည် ။ သူမ၏ ကလေးတွေကို ပြော လေ့ပြော ထရှိသော လေသံမျိုး ဖြစ်သည် ။ မမကို ကျွန်မ ချစ်ပါတယ်၊ ဒါပေမဲ့ ကျွန်မက မမသမီးမှ မဟုတ်တာဘဲ။

ကက်သလင်းက ကော်ဖီကို တစ်ကျိုက်ချင်း သောက်ရင်း ပြန်စဉ်း စားနေသည် ။ (အမှန်က စိတ်ဓာတ်ရေးရာနှင့် ပတ်သက်ပြီး သူမအနေဖြင့် ဘီလ်နှင့် မော်လီတို့ လင်မယားအပေါ် မှာ အားထားလွန်းနေသည် ။ သည် လိုပဲ သူ တို့ကို ဆရာတင်ပြီး တစ်ဘဝလုံး ခရီးသွားရတော့မှာ လား။ ။

သည် လိုဆိုတော့လည်း ကွယ်လွန်သူ ချစ်လင်ကြီး ဂျွန်ကို အလွန်သ တိရမိသည် ။ ဂျွန် ရှိနေလျှင် သည် လိုအခြေအနေမျိုးသို့ ဘယ်တော့မှ ရောက်မည် မဟုတ်။ အစိမ်းနုရောင် ညအိပ်ဝတ်ရုံကို ခွုတ်ပြီး ရေချိုးခန်းထဲ ဝင်လာခဲ့သည် ။ ရေနွေးဖြင့် အားရပါးရ ချိုးပစ်လိုက် သောအခါ စိတ်ရောကိုယ်ပါ လန်းဆန်းသွားသည် ။

ယနေ့ နံနက်ကိုးနာရီတွင် အယူခံမှုတစ်ခုကို ထုချေလျှောက်လဲ ရဦး မည်။ ထို့အပြင် နောက်အပတ် ရုံးတင်စစ်ဆေးရန် အမှုတွဲ ၁၂ ခုအတွက် လည်း ကြိုတင်ပြဆင်မှုများ လုပ်စရာ ရှိသေးသည် ။ ယနေ့ပင် ဗုဒ္ဓဟူး နေ့ ရောက်နေပြီ။ အချိန်သိပ်မရှိတော့။ သို့သော် ကိစ္စမရှိ။ အချိန်မီအော င် ကြိုးစားပြီး လုပ်ရမည်။

ရေချိုးပြီးတော့ ကမန်းကတန်း အဝတ်အစားလဲသည် ။ အညိုရောင် သိုးမွေး စကတ်ပျော့နှင့် စိမ်းပြာရောင် လက်ရှည်အင်္ကျီတို့ ကို ဝတ်လိုက် သည် ။ ။

နောက်ထပ် ကော်ဖီတစ်ခွက် ထပ်သောက်နေတုန်း အင်္ဂါးကား ရော က်လာသဖြင့် ရုံးသို့ ထွက်လာခဲ့သည် ။

***

ညပိုင်းတွင် တော်တော် အလုပ်များ သည် ။ ၁၄ နှစ်သမီးလေး တစ် ယောက် မုဒိမ်းကျင့်ခံရသည် ။ အရက်မူးသမား မောင်းလာသော ကား က ကျောင်းသားလေး လေးယောက်အား တိုက်မိရာ ပွဲချင်းပြီး သေဆုံး သွားကြသည် ။ မားပြမှု တစ်မှုအတွက် မသက်သူများအား တန်းစီပြီး စစ်ဆေးရန် ရဲစခန်းမှ ခေါ် ထားသည် ။

အစိုးရရှေ့နေကြီး စကော့မိုင်ယာဆင် သူ့ရုံးခန်းထဲမှ ထွက်လာသည်

"မင်္ဂလာညပါ" ကက်သလင်းက နှုတ်ဆက်လိုက်သည် ။ စကော့က ခေါင်းညိတ်ပြသည် ။

"ခွေးမသားက တော်တော် မူးနေတာပဲ။ သူ့ကိုယ်သူတောင် မသယ်နို င်တော့ဘူး။ ကလေးတွေ စီးလာတဲ့ ကားကို သူ့ကားက ဝင်တိုက်တာ။

ကျောင်းကပဲ့ အစည်းအဝေးတက်ဖို့ သွားကြတုန်း လမ်းမှာ ဖြစ်သွားတာ ။ ဒါနဲ့ ရီတာကို ဝက်စ်လီတ်ခ်ဆေးရုံ လွှတ်ပြီး ဆရာဝန်နှစ်ယောက်နဲ့ သွားတွေ့ခိုင်းမလို့ စီစဉ်ထားတာ။ အခု သူက အရေးပေါ် မုဒိမ်းမှု ကိုင် နေရတယ်။ ငါက ဗင်ဂျီလူးဝစ် သွားနေတဲ့ စိတ်ရောဂါကု ဆရာဝန်ကို တော်တော်စိတ်ဝင်စားတယ်"

"ဗင်ဂျီရဲ့ စိတ်ဓာတ်အခြေအနေနဲ့ ပတ်သက်ပြီး သူ ဘယ်လို ပြောမ လဲဆိုတာ သိပ်ပြီး သိချင်နေတယ်။ ချာလီနဲ့ ဖိလစ် တစ်ယောက်ယောက် လွှတ်လိုက်ရင် လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ အမျိုးသမီးကို လွှတ်တာက ပိုပြီး အဆင်ပြေနိုင်တယ်။ ဗင်ဂျီက သူနာပြု ဆရာမတွေနဲ့ တခြားလူနာ

မိတ်ဆွေတွေကို ဘာပြောခဲ့သလဲ ဆိုတာကိုလည်း မသိမသာ စနည်းနာ နိုင်တယ်။ ဒါပေမဲ့ ဒီနေ့တော့ မလွှတ်နိုင်သေးဘူး။ အခု သူက မုဒိမ်းကျ ငှ့်ခံရတဲ့ ကလေးမလေး ခေါ်ပြီး ရဲစခန်းကို သွားနေတယ်။ အဲဒီမှာ တ ရားခံကို တန်းစီပြီး ရွေးထုတ်မလို့ ။ ရီတာ နေတာက ဒေါက်တာနဲ့ နီးနီး ကလေးလို့ ပြောတယ်"

ကက်သလင်းက ဆုတ်ဆိုင်းဆိုင်း ဖြစ်နေသည် ။

သူမသည် ဒေါက်တာဟိုက်ဂလေ၏ လူနာတစ်ယောက် ဖြစ်ကြောင်း နှင့် ေ သာကြောနေ့ ညတွင် သူမ ဆေးရုံတက်ရမည် ဖြစ်ကြောင်းတို့ ကို စ ကော့အား ပြောပြရန် မရည်ရွယ်ခဲ့။ သို့သော် သူတို့ ရုံးမှ တစ်ယောက် ယောက်က တစ်နည်းနည်းဖြင့် သိသွားလျှင် စကော့အား မပြောပြဘဲ နေမည် မဟုတ်။ "ဒီကိစ္စကို ကျွန်မ လုပ်ရင်လည်း ဖြစ်ပါလိမ့်မည်။ ဒေါက်တာ ဟိုက်ဂ လေက ကျွန်မရဲ့ မီးယပ်ဆရာဝန်ပါ။ ဒီနေ့တောင်မှ သူ့ဆီ သွားပြရဖို့ ရှိ ပါတယ်"

သူမက သားအိမ်ခြစ်ရန် ဆေးရုံတက်ရမည့် ကိစ္စကို ပြောပြလိုက်မ ည် လုပ်ပြီး နှုတ်ခမ်းကို ပြန်စေ့ထားလိုက်သည် ။ စကော့က အံ့သြသွားဟန်ဖြင့် မျက်ခုံးချီပြီး ကြည့်သည် ။ ။ "အဲဒီတော့ မင်းက သူ့ကို ဘယ်လို မြင်သလဲ။ ရစ်ချတ်ကတော့ ဗင်ကျီ ရဲ့ အခြေအနေနဲ့ ပတ်သက်ပြီး မနေ့က သဲလွန်စတစ်ခု ထပ် ရထားတ ယ်။ ဒေါက်တာ ဟိုက်ဂလေဟာ ဗင်ကျီအပေါ်မှာ တစ်နည်းနည်းနဲ့ အခွင့် အရေး တစ်ခုခု ယူနေတာ ဖြစ်ရမယ်လို့ သူက ယူဆထားတယ်"

ကက်သလင်းက ခေါင်းကို ခါယမ်းလိုက်ပြီး -

"ကျွန်မကတော့ ရစ်ချတ်ရဲ့ အယူအဆကို လုံးဝ လက်မခံဘူး။ ဒေါ် က်တာ ဟိုက်ဂလေက မီးဖွားရခက်ခဲတဲ့ ကိုယ်ဝန်ဆောင်ကိစ္စမှာ အထူး ကျွမ်းကျင်တဲ့ ပါရဂူကြီး တစ်ယောက်။ အံ့သြရလောက်အောင် တော်လှ နှးအားကြီးလို့ သူ့ကို တန်ခိုးရှင် တစ်ယောက်လို့ တောင် လူတွေက ထင် နေကြတယ်။ တခြား ဆရာဝန်တွေ လက်လှတ်ရတဲ့ မီးဖွားကိစ္စတွေကို သူက ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်ပေးနိုင်တယ်။ သူဟာ သူ့အလုပ်ကို အလွန်ဂရုစိုက်တဲ့ သမားတော်ကြီးတစ်ယောက် ဆိုတာတော့ ဘယ်သူမှ မငြင်းနိုင်ပါဘူး" " ဒီတော့ သူ့အကြောင်းကို မင်းက ခွေးခါးအုံမ သိထားတယ် ဆိုပါ တော့။ မင်း သူ့ကို သိတာ ဘယ်လောက် ကြာပြီလဲ" "ကျွန်မ သူ့အကြောင်း အမျှားကြီး မသိသေးပါဘူး။ သူနဲ့ သိတာလ ည်း သိပ်မကြာသေး ပါဘူး။ ကျွန်မ အစ်မ မော်လီ ဆက်ပေးလို့ လွန်ခဲ့ တဲ့ တစ်လလောက်မှ စပြီး သိကြတာပါ။ မော်လီကလည်း သူ့မိတ်ဆွေ တစ်ယောက် ဆက်ပေးလို့ သိရတာ။ ကျွန်မ သိရသလောက်တော့ ဒေါ် က်တာဟိုက်ဂလေဟာ သိပ်ပြီး နားလည်မှုရှိတဲ့ ဆရာဝန်တစ်ယောက်ပဲ

သူမအား စမ်းသပ် စစ်ဆေးတုန်းက သူ ပြောလိုက်သော စကားကို လောလောဆယ် သတိရမိသေးသည် ။ ။

"ခင်ဗျား အခုလို လာစမ်းသပ်တာ သိပ်ကောင်းတယ်။ အမှန်က လွန် ခဲ့တဲ့ တစ်နှစ်လောက် ကတည်းက လာပြဖို့ ကောင်းတာ။ ဒါပေမဲ့ မပူပါ နဲ့ ။ မကြာခင် ကောင်းသွားမှာ ပါ။ တကယ်တော့ မိန်းမတစ်ယောက်ရဲ့ ဝမ်းဗိုက်ဟာ ကလေးစီးတဲ့ ပုခက်လိုပါပဲ။ အမြဲတမ်း ဂရုစိုက် စစ်ဆေး ထားသင့်တယ်"

ထိုစဉ်က ဒေါက်တာသည် သူနာပြုဆရာမ၏ အကူအညီ မခေါ်ဘဲ သူကိုယ်တိုင် စမ်းသပ်ခဲ့သည် ကို ကက်သလင်းက တစ်မျိုးတစ်မည် ထ င်မိခဲ့သေးသည် ။ သူမ ဟိုတုန်းက စမ်းသပ်ခဲ့ဖူးသော ဒေါက်တာဆိုလျှင် သူနာပြုဆရာမ၏ အကူအညီကို ယူခဲ့သည် ။ သို့သော် ယင်းဒေါက်တာ က ခေတ်နောက်ကျသော အဘိုးကြီး။ ဒေါက်တာဟိုက်ဂလေကတော့ ခေတ်မီ ဆရာဝန်။ သူ့အသက်က လေးဆယ်ကျော် ငါးဆယ်နီးပါး ရှိပေ ဦးမည်။

"ဒါနဲ့ ဒီနေ မင်း ဘာဆက်လုပ်စရာ ရှိသလဲ" စကော့က ပြန်မေးလိုက်တော့မှ ကက်သလင်း အတွေးပြတ်သွားသ ည် ။

"မနက်ပိုင်း တော်တော် အလုပ်များ မယ်။ ညနေပိုင်းကျတော့ အားပါတယ်"

"ဒီလိုဆို သူနဲ့ သွားတွေ့လိုက်တာပေါ့။ တစ်ပါတည်း ဒေါက်တာ ဖူမီ တိုနဲ့ လ ည်း ဝင်တွေ့ခဲ့ပါ။ ဗင်ဂျီရဲ့ စိတ်အခြေအနေအရ ကိုယ့်ကိုယ်ကို သတ်သေတာ ဖြစ်နိုင်၊ မဖြစ်နိုင် အသေးစိတ် မေးလာခဲ့။ သူတို့ ဆီ နော က်ဆုံး ဘယ်နေ့က ရောက်လာတယ် ဆိုတာလည်း မေးခဲ့ပါ။ ပြီးတော့ သူ့ယောကျ်ားနဲ့ ပတ်သ က်ပြီး သူတို့ ဘာတွေ ပြောခဲ့သေးသလဲ အဲဒါလ ည်း သိချင်တယ်။ ခရစ်လူးဝ စ်ကို စစ်ဆေးဖို့ တော့ ချာလီနဲ့ ဖိလစ်တို့ ကို တာဝန်ပေးလိုက်ပြီ။ ငါ ညက ေ တာ်တော်နဲ့ အိပ်မပျော်ဘူး ရစ်ချတ် ပြောတာကိုပဲ စဉ်းစားနေမိတယ်။ သ တ်သေတာ လုံးဝ မဖြစ်နိုင်ဘူးလို့ ပဲ ယူဆချင်တယ်။ သူနာပြု ဆရာမတွေဆီ ကလည်း ရနိုင်သမျှ မေးလာခဲ့ ပါ" "သူနာပြု ဆရာမတွေကိုတော့ မေးလို့ ရ မှာ မဟုတ်ဘူး ။ အဲဒီမှာ အက်ဒနာဘန်း ဆိုတဲ့ ဧည့်ခန်းစာရေးမကြီး ရှိတယ်။ သူက လူတိုင်း အကြောင်းအကုန် သိတယ်။ ကျွန်မရဲ့ ကိုယ်ရေးရာဇဝင်ကို ေ ဆးမှတ်တ မ်းအတွက် သူ့ကို ပေးခဲ့ရလို့ သူနဲ့ ရင်းနှီးနေပြီ။ ဖြစ်နိုင်ရင် သူ့ကို ပါ သ က်သေခေါ်စေချင်တယ်"

"သက်သေကတော့ တစ်ပုံကြီး ခေါ်ရမှာ ပဲ။ ကဲ ဒီတော့ နောက်မှ ထပ်တွေ့ြ ကသေးတာပေါ့"

***

ကက်သလင်းသည် သူမ၏ ရုံးခန်းသို့ ပြန်လာခဲ့သည် ။ စားပွဲပေါ်တွ င် အမှု တွဲတွေက ပုံနေသည် ။ စွဲချက်တင်ရန် အမှုတစ်ခုအတွက် တရား ခံ ရှေ့နေနှင့် ဆွေးနွေးရန် ချိန်းထား၍ အမှုတွဲကို ကောက်ယူပြီး ကတို က်ကရိုက် ထွက် လာခဲ့သည် ။ သည် အမှုသည် ဘိန်းဖြူမှု ဖြစ်သည် ။ *

ရောင်းချရန် ရည်ရွယ်ချက်ဖြင့် ဘိန်းဖြူ ပိုင်ဆိုင်မှု အဖြစ်မှ “ရိုးရိုးပိုင်ဆို င်မှု အဖြစ်သို့ ပြောင်းလဲစွဲဆိုရန် တရားခံအကျိုးဆောင်၏ တင်ပြချက် ကို သူမက

လက်ခံလိုက်သည် ။

ယင်းကိစ္စပြီးတော့ စီရင်ချက်ချမည့် အမှုတစ်ခုကို ကြားနာရန်အတွ က် ဒုတိယ အထပ်ရှိ တရားရုံး ခန်းမသို့ ပြောင်းခဲ့ရပြန်သည် ။ တရားခံမှာ အသက် နှစ်ဆယ်အရွယ် လူငယ်တစ်ဦး ဖြစ်သည် ။ တရားရုံးမှ ထောင် ဒဏ် ခုနစ်နှစ် ကျခံစေရန် စီရင်ချက် ချလိုက်သည် ။

စင်စစ် သည် အမှုမှာ လက်နက်မှု၊ မားပြမှု၊ အကြမ်းဖက်မှု ဖြစ်၍ တ ရားခံ အား နှစ်ပေါင်း နှစ်ဆယ်အထိ ထောင်ဒဏ်ပေးနိုင်သည် ။ တရားခံလူငယ်သ ည် ယခု ချမှတ်သော ထောင်ဒဏ် ခုနစ်နှစ်အနက် သုံးပုံ နှစ်ပုံ ကာလမျှသာ ေ ထာင်ထဲတွင် နေရပြီးနောက် လမ်းပေါ် ပြန်ရောက်လာ ဦးမည် ဖြစ်သည် ။ သည် လူငယ်၏ နောက်ကြောင်း ရာဇဝင်ကို ကက် သလင်းက တစ်ခုမကျန် သိထားသည် ။ ။

နောက်အမှုတွေက တစ်ပုံကြီး ကျန်သေးသည် ။ ရုံးခန်း ပြန်ရောက် လာတော့ စားပွဲတွင် တယ်လီဖုန်း သတင်းနှစ်ခုက အသင့်စောင့်နေသ ည် ။ နှစ်ခုစလုံး ေ ဒါက်တာရစ်ချတ်ထံမှ ချည်း ဖြစ်သည် ။ ပထမအကြိမ် ကို ၉:၁၅ နာရီတွင် ဆ က်သည် ။ ဒုတိယအကြိမ်ကို ၉:၄၀ နာရီမှာ ဆက် သည် ။

သူမက ဖုန်းကောက်ကိုင်ပြီး ရစ်ချတ်ထံ ပြန်ဆက်သည် ။ သူ ရုံးခန်း မှာ မရှိ။ အမှုတစ်ခုအတွက် အပြင်ထွက်သွားသည် ဟု ဆိုသည် ။ သူ့ဆီ တယ်လီဖုန်း ခေါ် မရတော့မှ နှစ်ကြိမ်တိတိ ဆက်တာ အရေးကြီးလို့ ဖြစ် မှာ ပဲဟု အတွေး ဝင်လာမိသည် ။ ခေတ္တမျှ ဂနာမငြိမ် စိတ်လှုပ်ရှားနေပြီး မှ ဒေါက်တာဟိုက်ဂ လထံ လှမ်းဆက်ပြန်သည် ။ ဧည့်ခန်းစာရေးမကြီး အက်ဒနာ၏ ကြားနေကျ အသံကို ကြားရလိမ့်မ ည်ဟု မျှော်လင့်ထားသော်လည်း တစ်ဖက်မှ အသံက အက်ဒနာ၏ အသံ မဟုတ်ခေျ။ အခြား အမျိုးသမီးတစ်ဦး၏ အသံ ဖြစ်နေသ ည် ။ "ဆရာဝန်များ ရုံးခန်းကပါ" ထိုအမျိုးသမီးက ပြောသည် ။ "အို .. ဟုတ် ကဲ့၊ ကျွန်မ မစ္စက်အက်ဒနာဘန်းနဲ့ စကားပြောချင်လို့ ပါ

တစ်ဖက်မှ ခဏ အသံပြတ်သွားသည် ။ ပြီးတော့မှ -

"မစ္စအက်ဒနာ ဒီနေ့ အလုပ်လာနိုင်မှာ မဟုတ်ပါဘူး။ နေမကောင်း ဘူးလို့ ဖု နန်းဆက်ပါတယ်။ ကျွန်မက မစ္စက်ဖစ်ဂျာရယ်ပါ"

"အို ဟုတ်ကဲ့၊ မစ္စက်အက်ဒနာ နေမကောင်းလို့ လား။ ဒါနဲ့ ဒေါက် တာ ဟိုက် ဂလေက ကျွန်မကို သူ့ဆီ ဖုန်းဆက်ဖို့ ပြောထားလို့ ပါ။ ပြီး တော့ ဒေါက်တာ ဖူမီတိုနဲ့ လည်း တွေ့ချင်ပါတယ်"

တစ်ဖက်မှ ဖုန်းကိုင်ထားရန် ပြုန်ပြောသည် ။ အတန်ကြာမှ အသံပြု နှုတ်လာသည် ။

"ဟုတ်ကဲ့၊ ဒေါက်တာ နှစ်ယောက်စလုံးက အသင့်စောင့်နေတယ်။ ဒေါက်တာဖူမီတို့က နှစ်နာရီနဲ့ ငါးနာရီကြား ဘယ်အချိန်မှာ မဆို ဆယ့် ငါးမိနစ်အထိတွေ့နိုင်ပါတယ်တဲ့ ။ ဒေါက်တာ ဟိုက်ဂလေကိုတော့ ၃ နာရီတိတိမှာ လာတွေ့နိုင်ပါတယ်" "ကျေးဇူးတင်ပါတယ်ရှင်၊ ဒေါက်တာ ဟိုက်ဂလေနဲ့ သုံးနာရီမှာ လာ တွေ့ပါ့မယ်။ ဒေါက်တာ ဖူဂီတို့ကိုတော့ လေးနာရီ ဆယ့်ငါးမိနစ်တိတိ မှာ လာတွေ့ပါ့မယ်လို့ ပြောပေးပါ" (သူမသည် တယ်လီဖုန်းကို ပြန်ချလိုက်ပြီး စားပွဲပေါ်မှ အလုပ်တွေကို တစ်ခုပြီး တစ်ခု ကောက်လုပ်နေသည် ။ နေ့လယ်စာ စားချိန်ကျတော့ အတွင်းရေးမှူး စာရေးမ မော်ရိန်းကရောလီက အသားညှပ်ပေါင်မုန့်နှင့် ကော်ဖီ ယူလာပေးသည် ။ သူမသည် ကော်ဖီကို ဖြည်းဖြည်း သောက်ရင်း လောလောဆယ် ကိုင်နေရသော အမှုအကြောင်းကို ပြန် တွေးနေမိသည် ။ သို့သော် စိတ်က တခြားသို့ ရောက်ရောက်သွားသည် ။ လက်ရှိအမှုကို စိတ်မဝင်စားနိုင်အောင် ဖြစ်နေသည် ။

သူမ မျက်စိထဲတွင် ဗင်ဂျီ၏ မျက်နှာကိုသာ ကွက်ခနဲ ကွက်ခနဲ မြင် ယောင်နေမိသည် ။

≈ အခန်း (၁၆)

ည ၁၁ နာရီ။ တယ်လီဖုန်း မြည်လာသည် ။ ကက်သလင်း၏ အိမ်မှ ပြန်လာခဲ့ပြီးနောက် မိနစ်ပိုင်းမျှသာ ရှိသေး သည် ။

"ရင်ခွဲရုံမှာ ကလေးအလောင်း လေးလောင်း ရောက်နေတယ် ဒေါက် တာ။ ကလေးတွေက ကျောင်းသား အရွယ်တွေပဲ ရှိသေးတယ်"

ဒေါက်တာရစ်ချတ်သည် တယ်လီဖုန်းကို ဖြည်းဖြည်းကလေး ပြန်ချ လိုက်သည် ။

ပြတင်းပေါက်နား လျှောက် လာပြီး အပြင်သို့ လှမ်းကြည့်လိုက်သည် ။ နယူးယောက် မြို့ကြီးသည် ည၏ အမှောင်ထုနှင့် လျှပ်စစ်မီးရောင်များ

အောက်တွင် ပန်းချီရှုခင်းဆန်ဆန် လှပနေသည် ။ သူက မသိမသာ သက်ပြင်းတစ်ချက် ရှိုက်ထုတ်လိုက်သည် ။

အစတုန်းက အိမ်ရောက်လျှင် အရက်တစ်ခွက် သောက်ပြီး တစ်နာရီ ခန့် စာဖတ်ဦးမည်။ ပြီးတော့မှ အိပ်ရာဝင်မည်ဟု စိတ်ကူးထားခဲ့သည် ။ သို့သော် ဧလာလောဆယ် အရေးပေါ် ကိစ္စကြောင့် ယင်းအစီအစဉ်ကို ဖျက်ကာ ရင်ခွဲရုံသို့ သွားရောက်ပြီး အလောင်းများကို စစ်ဆေးခဲ့ရသည် ။အိပ်ခန်းသို့ ပြန်ရောက်တော့ မနက် လေးနာရီပင် ထိုးခါနီးနေပြီ။ အ ဝတ်အစား လဲရင်း ကလေးတွ မျက်နှာကို မြင်ယောင်လာသည် ။ ငယ်ငယ်ရွယ်ရွယ်နှင့် အသေဆိုးဖြင့် ဧသဆုံးသွားကြရသော သူတို့ ကလေးတွေအတွက် အတော်ကလေး ဝမ်းနည်းပက်လက် ဖြစ်မိသည် ။အလောင်း အားလုံးပင် ရုပ်ပျက်ဆင်းပျက် ဖြစ်ကုန်ကြသည် ။ ကား တိုက်ခံထားရသည့် အရှိန် မည်မျှ ပြင်းထန်မည်ကို အလောင်းတွကည့်၍ သိသာနိုင်သည် ။ သို့ပေမဲ့ သည် ကလေးတွေ အသက်ရှင်စဉ်တုန်းက ဘ ယ်လောက်အထိ ချစ်စရာ ကောင်းကြမည်ကိုလည်း မှန်းကြည့်၍ ရသ ည် ။ အထူးသဖြင့် မိန်းကလေးတစ်ယောက် အလောင်းကို မြင်ရတော့ ဒေါက်တာရစ်ချတ်အဖို့ သိသိသာသာကြီး ဆို့ဆို့နင့်နင့် ခံစားမိရသည် ။သူကလေး၏ ဆံပင်တွေက မဟူရာရောင် နက်မှောင်နေသည် ။ နှာ ခေါင်းလေးက သွယ်တန်းဖြောင့်စင်းနေသည် ။ ရုပ်ပျက်နေသော အလောင်းကို မြင်ရတာတောင် ပင်ကိုအလှကလေးက ထင်ထင်ရှားရှား ပေါ် လွင်နေသည် ။ သူကလေးကို မြင်ရတော့ ကက်သလင်းကို သတိရ လာမိသည် ။ တစ်ခါနို့တည်းတွင် တနလ်ာနှ ညက ကက်သလင်း မ တော်တဆ ကားအန္တရာယ် ကြုံခဲ့ရသည် ကို တွေးမိပြီး ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိသည် ။

သူနှင့် ကက်သလင်းတို့ သည် တစ်ယောက်နှင့် တစ်ယောက် အရော တဝင် မရှိလှဘဲ ခပ်တန်းတန်းမျှသာ ဆက်ဆံနေထိုင်ခဲ့ကြပေမယ့် မနေ့ ညက ညစာ စားပွဲတွင် နှစ်နာရီခန့်မျှ မျက်နှာချင်းဆိုင် ထိုင်ပြီး နှီးနှောဖ လှယ်ကြရာမှ တစ်ဦးပေါ် တစ်ဦး ယခင်ကထက် ခင်မင်မှု ပိုမိုး၍ တိုးပွား လာခဲ့ကြသည် ။

သည် သူငယ်မ ဘာတွေမျှား တွေးကြောက်နေပါလိမ့်။ ဘယ်တော့မှ အသက် ပြန်ရှင်မလာတော့ဘဲ သူ့ယောကျ်ား ဂျွန်ဒီမေယိုကို ဘာကြောင့် မျှား ဒီလောက်ထိ စွဲလမ်းနေတာပါလိမ့်။ သူသည် ကက်သလင်းအကြောင်းကို အတွေးဖြတ်ပစ် လိုက်ပြီးနောက် ခုတင်ပေါ် လှဲအိပ်လိုက် သည် ။

ကံဆိုးရှာသော ကလေးတွေ အလောင်းကို မြင်ယောင်လာပြန်သည် ။ သူ့အနေဖြင့် သေသူကို ပြန်ရှင်အောင်လည်း ဘယ်လိုမှ မတတ်နိုင်။ တကယ်တော့ အလွန်ကြေကွဲစရာ ကောင်းတဲ့ ဖြစ်ရပ်ဆိုးတွေပါလား။

သို့သော် သူ့အနေဖြင့် မဆိုစလောက်သော အကူအညီတစ်ခု ပေးနိုင် ခဲ့သည် ကိုတော့ တွေးပြီး ဝမ်းသာမိသည် ။ သေဆုံးသွားသော ကလေး လေးယောက် စလုံးသည် အရှိန်ပြင်းစွာ ကားတိုက်ခံရသောကြောင့် ဘာ ဝေဒနာကိုမျှ မခံစားရဘဲ တစ်ခါတည်း ပွဲချင်းပြီး သေဆုံးသွားခဲ့ကြခြင်း ဖြစ်ကြောင်း ၎င်းတို့၏ မိဘများ ယုံကြည်လောက်အောင် သူက ပြောပြ နိုင်ခဲ့ခြင်းပင် ဖြစ်သည် ။

သူသည် ထိုညက စိတ်လှုပ်ရှားစွာဖြင့် နှစ်နာရီမျှသာ အိပ်ခဲ့ရသည် ။ မနက် ခု နှစ်နာရီကျတော့ ရုံးသို့ ရောက်နေပြီ။ ရုံးသို့ ရောက်ပြီး မိနစ်ပိုင်းအတွင်းတွင် တယ်လီဖုန်း ပေါ် သည် ။ ချက်စတာ မြို့စွန်မှ ဆင်းရဲသား ရပ်ကွက်တစ်ခုတွင် အဘွားကြီးတစ်ဦး ကြိုးဆွဲချ သေနေ သည် ဟု ဆိုသည် ။ ချက်စတာမြို့မှာ နယူးယောက်ခရိုင် မြောက်ဘက် အစွန်မှ မြို့ကလေးတစ်မြို့ ဖြစ်သည် ။ သူသည် အခင်းဖြစ်ပွားရာသို့ ချ က်ချင်း လိုက်သွားသည် ။ အဘွားကြီးမှာ အသက် ၈၁ နှစ် အရွယ်ရှိပြီး အတော်ကြီးကို အိုမင်းရွတ်တွေ ဖြစ်နေပေပြီ။ အလောင်းမျှားတွင် တွေ့ရသော စာမှာ - "ငါ့မှာ အားကိုးစရာ ဘယ်သူမှ မရှိတော့ဘူး။ ကျန်းမာရေးလည်း မ ကောင်းတော့ဘူး။ ကိုယ့်ခန္ဓာကိုယ် မသယ်နိုင်အောင် ဖြစ်နေပြီ။ ငါ “ဆ မ်” ရှိရာကို လိုက်သွားတော့မယ်။ အခုလို ဒုက္ခပေးမိတာ အားလုံးကိုတောင်းပန်ပါတယ်"

အဘွားကြီး ရေးခဲ့သော စာကို ဖတ်ရတော့ ရစ်ချတ်က ဗင်ကျီလူးဝစ် အကြောင်းကို သွားတွေးမိသည် ။ အကယ်၍ ဗင်ကျီသည် သူမကိုယ်သူမ သတ်သေခဲ့လျှင် ယခု အဘွားကြီးကဲ့သို့ပင် စာရေးထားခဲ့ဖို့ သင့်သည် ။ ကိုယ့်ကိုယ်ကို သတ်သေသော အမျိုးသမီးအများစုသည် ယခု အဘွားကြီးကဲ့သို့ပင် စာရေးထားခဲ့လေ့ ရှိကြသည် ။

ရုံးပြန်ရောက်တော့ ကက်သလင်းထံ ဖုန်းဆက်သည် ။ သူသည် သူမ ၏ အသံ ကို ကြားချင်နေသည် ။ မနေ့ညက သူမအား အိမ်ကြီးထဲတွင် တ စ်ယောက်တ ည်း ထားပစ်ခဲ့ရသည် ကို သူက စိတ်ထဲ တစ်မျိုးကြီး ခံစား နေရသည် ။ မ သိုးမသန့် ဖြစ်နေမိသည် ။

သို့သော် ကက်သလင်းက ရုံးတွင် မရှိတော့။ အိမ်သို့ လှမ်းဆက်ကြ ည့် ပြန်တော့ အိမ်တွင် လည်း မရှိ။ သူမသည် တစ်စုံတစ်ရာကို အတွင်း ကျိတ်ခံစားနေရသည် ဟု ရစ်ချတ်က စိတ်ထဲအ လိုလို သိနေသည် ။ ထို့ကြောင့်လည်း သူက သူမအတွက် စိုးရိမ်နေမိခြင်း ဖြစ်သည် ။ သို့သော် ဘာကို စိုးရိမ်နေမှန်းတော့ သူလည်း မသိ။ သူသည် ဓာတ်ခဲ့ခန်းသို့ သွားပြီး ညနေ လေးနာရီခွဲ အထိ အလုပ်လုပ် သည် ။ ထို့နောက် ရုံးခန်းသို့ ပြန်လာခဲ့သည် ။ စားပွဲပေါ် တွင် တယ်လီဖု န်း မက်ဆေ့ချ် ရောက်နေသည် ။ ကက်သလင်းထံမှ ဖြစ်သည် ။ သူသည် အလွန်ဝမ်းသာ သွားသည် ။

သူက ချက်ချင်း ဖုန်းပြန်ဆက်သည် ။ ပထမ ရုံးကို ဆက်သည် ။ ရုံးမှာ မရှိ။ သူမ ဘယ်သွားကြောင်း ဘယ်သူမျှ မသိ။ အိမ်သို့ ဆက်ကြ ည့်ပြန်သည် ။ အိမ်သို့လည်း မရောက်သေး။ အဲဒါမှ ဒုက္ခ။ သည် အတိုင်းဆိုလျှင် သည် နေ့အဖို့ သူမအား တွေ့နိုင်စရာ မရှိတော့။သူသည် သည် နေ့ ညနေတွင် တယ်လီဗးရှင်း ဇာတ်လိုက် မင်းသ မီး ကလိုဗစ်ဆိုင်မှန်နှင့် နယူးယောက်မြို့ ထဲတွင် ညစာစားရန် ချိန်းထား သည် ။ တကယ်တော့ ကလိုဗစ်နှင့် သူ တွဲနေသည် မှာ အပျော်သဘော မျှသာ ဖြစ်သည် ။ ကလိုဗစ်နှင့် နောက်ဆုံး သည် တစ်ကြိမ် သာ တွဲတော့ မည်ဟု ဆုံးဖြတ်လိုက်သည် ။

ထို့နောက် ကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး ရောက် တတ်ရာ ရာ တွေးနေမိသည် ။ ဗင်ဂျီဆီသို့ အတွေးရောက်သွားပြန်သည်

ဗင်ဂျီသည် ဗိုက်ထဲမှ ကိုယ်ဝန်ကို မကြာမီ ရက်ပိုင်းအတွင်း မမွေးဖွားနိုင်ခဲ့လျှင် သူမသည် ကိုယ်ဝန်အဆိပ်တက်ပြီး သေဆုံးသွားနိုင် သည် ။ သည် အကြောင်းကို သူက အစိုးရရှေ့နေကြီး စကော့မိုင်ယာဆ င်အား ပြောပြခဲ့သည် ။ ဝက်စ်လိတ်ခ် သားဖွားဆေးရုံတွင် ဗင်ဂျီလို ကို ယ်ဝန်ဆောင် တွေ့ ဘယ်နေ ယောက် ရှိခဲ့သလဲ။ ကက်သလင်း၏ အစ်မ မော်လီကတော့ ယင်းဆေးရုံက ဒေါက်တာကို အရမ်းကို ချီးမွမ်းနေသ ည် ။ သူ့မိတ်ဆွေ အမျိုးသမီးတစ်ယောက်၏ ခက်ခဲသော ကိုယ်ဝန်ကို လွယ်ကူစွာ မွေးထုတ်နိုင်ခဲ့သောကြောင့် ဖြစ် သည် ။

သို့သော် မအောင်မြင်တဲ့ ကိုယ်ဝန်တွေရော မရှိဘူးလား။ ကျိန်းသေ ရှိရမည်။ ရှိလျှင် ဘယ်လောက်ထိ ရှိသလဲ။ ကိုယ်ဝန်ဆောင် ဘယ်နယောက် သေခဲ့ဖူး

သလဲ။ အောင်မြင်စွာ မွေးဖွားနိုင်သော ကိုယ်ဝန်ဆောင်ဦးရေ အချိုးအစား ဘယ်လိုရှိသလဲ။

သူ့ခေါင်းထဲ အတွေးတစ်ခု ရုတ်တရက် ဝင်လာသည် ။ ရုံးတွင်း တ ယ်လီဖုန်း ကောက်ကိုင်ပြီး သူ၏ အတွင်းရေးမှူး စာရေးမကို လှမ်းခေါ်လိုက်သည် ။

စာရေးမ နာမည်က မာဂျီ။ အသက်က ၅၀ ကျော်နေပြီ။ ဆံပင်လည်း တော်ေ တာ်ဖြူ နေပြီ။ သို့သော် ဝတ်စားဆင်ယင်မှုက ခေတ်မီသည် ။ သူ မက အလုပ် ကို အလွန်စိတ်ဝင်စားသည် ။ ထို့ကြောင့်လည်း သူ့လုပ်ငန်း ကို သူ အလွန် ကျွမ်းကျင်သည် ။

"ဒီလိုပါ မာဂျီ၊ ကျွန်တော် အကြံတစ်ခု ရလို့ ပါ။ အဲဒါ အကောင်အ ထည် ဖော် ချင်လို့ ။ ဝက်စ်လိတ်ခ် ဆေးရုံနဲ့ ပတ်သက်ပြီး တရားမဝင်တဲ့ စုံစမ်းစစ်ဆေးမှု တစ်ခု လုပ်ချင်တယ်။ ဒါပေမဲ့ တစ်ခုလုံး မဟုတ်ပါဘူး။ သားဖွားဌာန တစ်ခု တည်းကိုပဲ လုပ်မှာ ပါ။ အဲဒီ သားဖွားဆေးရုံ ဖွင့် တာ ရှစ်နှစ်လောက် ရှိပြီ။ အဲဒီကာလအတွင်းမှာ ကလေးမီးဖွားရင်း သေဆုံးတဲ့ အမျိုးသမီး ဘယ်နှယောက် ရှိပြီလဲ။ ကိုယ်ဝန်ဆောင်တာ သေဆုံးတာကော ဘယ်နှယောက် ရှိပြီလဲ။ ဒီအချက်တွေကို ကျွန်တော် သိချင်တယ်။ ပြီးတော့ ဆေးရုံတက်တဲ့ ကိုယ် ဝန်ဆောင် အရေအတွက်နဲ့

သေဆုံးတဲ့ အရေအတွက် နှုန်းထားကိုလည်း အတိအကျ သိချင်တယ်။ ဒါပေ မဲ့ ဒီအကြောင်းကို ဘယ်သူမှ မသိစေချင်ဘူး။ ဆိုလိုတာက လှို့ဝှ က်စုံစမ်းဖို့ ပဲ။ ဒါကြောင့်မို့လို့ ကျွန်တော်က စကော့ကို ဘာမှ မပြောဘဲ လှို့ဝှက်ချင် တာပေါ့။ ဆေးရုံက မှတ်တမ်းတွေ တောင်းပေးပါလို့ စ ကော့ကို ပြောလိုက်ရ င် လူတိုင်း သိကုန်လိမ့်မယ်။ အဲဒီမှာ ခင်ဗျားနဲ့ ရင်းနှီးတဲ့ မိတ်ဆွေ တစ်ယော က်ယောက်များ မရှိဘူးလား။ ဆေးရုံမှတ် တမ်းတွေ ကြည့်ခွင့်ရအောင် လုပ်ေ ပးနိုင်မယ့်လူ တစ်ယောက်ယောက် ပေါ့" မာဂျီက မျက်မှောင်တစ်ချက် ကုတ် လိုက်ပြီးနောက် - "ကျွန်မ ကြိုးစားကြည့်မယ်လေ"

"ကျေးဇူးပါပဲ၊ ဒါနဲ့ နောက်တစ်ခုက အဲဒီဆေးရုံက ဆရာဝန် တစ် ယောက်ေ ယာက် အပေါ်မှာ မှားယွင်းကုသမှုနဲ့ တရားစွဲဆိုတဲ့ ဖြစ်ရပ်မျိုး ရှိ၊ မရှိ ဆိုတာ ကိုလည်း သိချင်တယ်။ အမှုနိုင်တာ၊ ရှုံးတာ အဓိက မဟု တ်ဘူး ။ အဲဒီလို အမှု မျိုး ရှိခဲ့ဖူးသလား၊ မရှိခဲ့ဘူးလား ဆိုတာကိုပါ အပြ ည့်အစုံ စုံစမ်းခဲ့စေချင်တ ယ်"

"ကောင်းပါပြီ၊ ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"ရှစ်ချတ်သည် ရုတ်တရ က် ပေါ်လာသော သူ၏ အကြံအတွက် အလွ န် ကျေနပ်နှစ်သိမ့် သွားပြီး ရေ

မိုးချုံး၍ အဝတ်အစားလဲရန် အိမ်သို့ ပြန် လာခဲ့သည် ။ ရုံးခန်းထဲမှ သူ ထွက် သွားပြီး မိနစ်ပိုင်းအတွင်း သူ့ဆီသို့ အ ပြင်မှ တယ်လီဖုန်း မြည်လာသည် ။

တယ်လီဖုန်းကို စာရေးမ မာဂျီက လက်ခံနားထောင်သည် ။ တစ်ဖ က်မှ ဖုန်း ဆက်သူမှာ မောင့်ဆိုင်နိုင်း ဆေးရုံမှ သန္ဓေသား သုတေသနဌာ နမှူး ဒေါက် တာ ဒေဗီဘရုဒ် ဖြစ်သည် ။

"မနက်ဖြန်မနက် သူ ရုံးရောက်ရောက်ချင်း ကျွန်တော့်ဆီ ဖုန်းပြန် ဆက်ပါလို့ သူ့ကို ပြောလိုက်ပါ။ ကိစ္စက အရေးကြီးလို့ ပါ မာဂျီ။ ကျေးဇူး တင်ပါတယ်"

***

≈ အခန်း (၁၇)

ကက်သလင်းသည် သုံးနာရီ ထိုးရန် ဆယ့်ငါးမိနစ်အလိုတွင် ဆေးရုံ သို့ ထွက် လာခဲ့သည် ။ ရာသီဥတုမှာ မိုးနှင်းများ အုံ့ဆိုင်းပြီး ထိုင်းမှိုင်း ချမ်းအေးလှသ ည် ။ သို့သော် တဝီဝီနှင့် အဆက်မပြတ် ပြေးလွှားနေကြ

သော ကားကြီး၊ ကားငယ် အမျိုးစုံတို့ ၏ အပူရှိန်ကြောင့် လမ်းပေါ်မှ ဆီးနှင်း လွှာ များကတော့ တဖြည်းဖြည်း အရည်ပျော်သွားကြသည် ။ တ စ်နေ့က သူမ အန္တရာယ် ကြုံခဲ့ရသော လမ်းကွေ့ကို ရောက်သောအခါ အ ထူးသတိထားပြီး ကားကို ဘီးလှိမ့်ရုံမျှ ဖြည်းဖြည်းလေး ကွေ့မောင်းလာ ခဲ့သည် ။

ဆေးရုံရောက်တော့ ချိန်းထားသည့် အချိန်ထက် မိနစ် အနည်းငယ်ပ င် စောေ နသေးသည် ။ သို့ပေမဲ့ ကိစ္စမရှိ။ နောက်ကျတာထက် စောတာ က ပိုကောင်း သည် ။ ။

လူနာ လက်ခံဌာနသို့ တန်းဝင်လာခဲ့သည် ။ ဧည့်ခန်းစာရေးမ မစ္စက် ဖစ်ဂျာရ ယ်က တည်ငြိမ်သော အပြုံးဖြင့် ကြိုဆို နှုတ်ဆက်သည် ။ "မင်္ဂလာ ညနေခင်း ပါ မစ္စက်ဒီမေယို" "မင်္ဂလာ ညနေခင်းပါ မစ္စက်ဖစ်ဂျာရယ်၊ ဒါနဲ့ မစ္စက်အက်ဒ နာက ဒီ လိုပဲ ခဏခဏ အလုပ်ပျက်တတ်ပါသလား" "အောင်မယ်လေး .. သူက အင်မတန် အလုပ်တက်မှန်တဲ့ မိန်းမပါ၊

ဘယ်တော့မှ အလုပ်မပျက် သလောက်ပါဘဲ"

ကက်သလင်းက မစ္စက်ဖစ်ဂျာရယ် ပြောပုံကို သိပ်ပြီး ဘဝင်မကျ။ လိုအပ်တာ ထက် ပိုပြီး ကာကွယ်ခြေပနေသည် ဟု ယူဆမိသည် ။

သို့သော် သူမက စိတ်ရှည်ရှည်ဖြင့် တတ်နိုင်သမျှ ပျော့ကွက်နှိုက်ရန် ဆုံးဖြတ် လိုက်သည် ။

"မစ္စက်အက်ဒနာ နေမကောင်းတာ ကျွန်မ စိတ်မကောင်းပါဘူး။ ဒါ ပေမဲ့ သ ည်းသည်းသန် သန်တော့ မဟုတ်နိုင်ပါဘူးနော်"

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူး။ အသေးအဖွဲ ဖြစ်တာပါ။ သူ မနက်ဖြ န် ဆက် ဆက်လာမှာ ပါ။ သူ လာမှာ သေချာပါတယ်"

ဧည့်ခန်းထဲတွင် ကိုယ်ဝန်ဆောင် အမျိုးသမီးတွေ့ တစ်ပုံကြီး ထိုင်နေ ကြသည် ။ အားလုံးလိုလို သတင်းစာ၊ မဂ္ဂဇင်းများကို ဖတ်နေကြသည် ။ စကားစမြည် ပြောရန် တစ်ယောက်ယောက်များ ရှိမလားဟု ကက်သလ င်းက လိုက်ကြည့် သည် ။

ပိုက်ကြီးဖောင်းဖောင်း၊ မျက်နှာပွယောင်းယောင်းနှင့် ကိုယ်ဝန်ဆော င် အမျိုး သမီးတစ်ယောက် ဆရာဝန်များ ရုံးခန်းဘက်မှ လျှောက်လာသ ည် ။ ကက်သ လင်းက ထိုအမျိုးသမီးကို စောင့်ကြည့်နေတုန်း ညဲ့ခန်း စားပွဲပေါ် မှ တယ်လီ ဖုန်း မြည်လာသည် ။ မစ္စက်ဖစ်ဂျာရယ်က ဖုန်းကို ကောက်ကိုင်လိုက်သည် ။ "မစ္စက်ဒီမေယို၊ ဒေါက်တာဟိုက်ဂလေက လာနိုင်ပါပြီတဲ့ " သူမ၏ အသံက ေ စာစောကထက် ပို၍ သွက်လက် မြူးကြွသည် ။ ကက်သလင်းသည် စကြံ့လ မ်းအတိုင်း သွက်သွက်ကလေး လျှောက်လာခဲ့သည် ။ ဒေါက်တာ ဟိုက်ဂ လ၏ ရုံးခန်းမှာ ပထမအခန်း ဖြစ်ကြောင်း သူမ မှတ်မိသည် ။ “တံခါးခေါက်ြ ပီးမှ ဝင်ပါ” ဟူ၍ စာတန်း ခ်ိတ်ဆွဲ ထားသည့်အတိုင်း သူမသည် တံခါးကို အ ရင်ခေါက်လိုက်သည် ။ ပြီးတော့မှ တံခါးရွက်ကို တွန်းဖွင့်ပြီး အခန်းထဲ ဝင် လာခဲ့သည် ။

ရုံးခန်းမှာ မကျဉ်းမကျယ် အလယ်အလတ် အခန်းမျိုး ဖြစ်သည် ။ တော်တော် ပင် ခမ်းနား သပ်ရပ်သည် ။ နံရံကပ် စာအုပ်စင်တွင် စာအုပ် တွေ ပြည့်နေသ ည် ။ တခြား နံရံတစ်ခုတွင် မူ မိခင်နှင့် ကလေး တွဲရိုက် ထားသော ကြည်နူး စရာ ဓာတ်ပုံများကို တသီတတန်းကြီး ခ်ိတ်ဆွဲထား သည် ။ လူနာ စမ်းသပ်ခ န်း၊ ရေချိုးခန်းနှင့် အိမ်သာခန်း၊ စားသောက်ခန်းနှင့် ဆရာဝန်သုံး ကိရိယာ များ ၊ ပိုးသတ်ခန်းများမှာ လ ည်း ရုံးခန်းနှင့် တစ်ဆက်တည်း ရှိသည် ကို က က်သလင်းက မှတ်မိနေ သည် ။

ဒေါက်တာဟိုက်ဂလေသည် ခမ်းနားလှပသော စားပွဲခုံကြီးနောက် တွင် ထိုင် လျက် ရှိသည် ။ သူက ထိုင်ရာမှ ထပြီး နှုတ်ဆက်သည် ။

"ဩော် .. မစ္စက်ဒီမေယို ထိုင်ပါ"သူ့လေသံက လှိုက်လှဲပျူငှာ ရှိသည် ။ အင်္ဂလိ ပ်သံ မဝဲတော့သလော က် ဖြစ်သည် ။

သူ့အရပ်က မနိမ့်မမြင့်၊ ငါးပေ ဆယ့်တစ်လက်မခန့်။ မျက်နှာဝိုင်းဝို င်းနှင့် အသားအရေ အတော်လေး ညက်သည် ။ ခန္ဓာကိုယ်ကလည်း

တောင့်တင်း သန်မာပုံရသည် ။ ဖြူစပြုနေသော သဲရောင်ဆံပင် ခပ်ပါး ပါးကို လည်း တစ်ဖက်သို့ သေသေသပ်သပ် ပြီးချထားသည် ။ မျက်လုံးနှ င့် မျက်ေ တာင်များကလည်း သဲရောင်ပင် ဖြစ်သည် ။ မျက်လုံးက ခပ်ပြူး ပြူး၊ မျက် သားက မီးခိုးရောင်။ သူ့ရုပ်ရည်ကို တစ်ခုစီကြည့်လျှင် လူချောတစ်ယောက် ဟူ၍ ထင်စရာမရှိ။ သို့သော် အားလုံး ခြုံကြည့်လျှင်တော့ တည်ကြည်ခ န့်ညားသော ရုပ်သွင် ပေါ် လွင်လာသည် ။ ကက်သလင်း၏ အကြည့်ကို ဒေါက် တာက သတိပြုမိပို ရသည် ။ ထို့ကြောင့် ကက်သလင်းက ရှိုးတိုးရှန့်တန့် ဖြစ် သွားမိသည် ။

သူမသည် ကုလားထိုင်တွင် ဖျတ်ခနဲ ဝင်ထိုင်ပြီး ကျေးဇူးတင်စကား ဆိုသည် ။ "ကျွန်မဆီ ဖုန်းဆက်တာ ကျေးဇူးတင်ပါတယ် ဒေါက်တာ" "ကိစ္စမရှိပါဘူး၊ ကျေးဇူးတင်တာက နောက်မှ တင်ပါ။ ခင်ဗျား စော စောကတည်းက အရေးပေါ် အခန်း ဆရာဝန်ဆီ သွားပြောခဲ့ရင် သူက ခ ငဗျားအတွက် အနောက်ဘက် အခြမ်းမှာ အခန်းပြင်ဆင်ပေးမှာ ပဲ။ အဲဒီ အခန်းက ပိုကောင်းပါတယ်။ အပြင်ရှုခင်းကလည်း အတူတူလောက်ပါ

ကက်သလင်းက လက်ပ္ပေ့အိတ်ထဲမှ မှတ်စုစာအုပ်ကလေးကို ထုတ် ယူလိုက်ရင်းမှ ဒေါက်တာ၏ မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက်ပြီး -

"ရှင် .. အပြင်ရှုခင်း ဟုတ်လား၊ ဟိုညက ကျွန်မ အိပ်ခဲ့ရတဲ့ အခန်းမ ဟုတ်ရင် ဘယ်အခန်း မဆို ကောင်းပါတယ် ဒေါက်တာ။ ဒါနဲ့ "

သူမက စကားကို ရုတ်တရက် ဖြတ်ပစ်လိုက်သည် ။ လက်ထဲမှ မှတ်စုစာအုပ်ကို မြင်တော့ သူမ အလုပ်ကိစ္စနှင့် လာခြင်းဖြစ်ကြောင်း သတိရမိသည် ။ သူမ မြင်မက်ခဲ့သော အိပ်မက်ဆိုး အကြောင်း ပြောပြလိုက်လျှင် ဘယ်လိုမျှား နေလိမ့်မလဲ။

သူမသည် မသိမသာဖြင့် ကုလားထိုင်တွင် နေသားတကျ ပြင်ထိုင်လို က်သည် ။

"ကျွန်မကို ခွင့်ပြုပါ ဒေါက်တာ၊ ဗင်ဂျီလူးဝစ်အကြောင်း အရင်မေးပါရစေ"

သူမက ပြုံးလိုက်သည် ။ "ဒေါက်တာနဲ့ ကျွန်မတို့ ရဲ့ နေရာက ခဏတော့ ြပောင်းပြန်ဖြစ်သွား မှာ ပါ။ ကျွန်မ မေးစရာ ရှိလို့ ပါ။

ဒေါက်တာ၏ အမူအရာသည် တည်ငြိမ်သော အသွင်သို့ ပြောင်းလဲ သွားသည် ။

"ကျုပ်တို့ နေရာပြောင်းသွားပေမယ့် ပျော်စရာကောင်းတဲ့ အကြောင်း ရှိပါတယ်။ အင်း .. ဒီသူငယ်မ တော်တော် သနားစရာ ကော င်းတာပဲ။ ဒါပေမဲ့ ကျုပ်မှာ အလုပ်တွေ မျှား နေတာနဲ့ သူ့အကြောင်း ကောင်းကောင်း စဉ်းစားဖို့ အချိန်တောင် မရခဲ့ပါဘူး" ကက်သလင်းက ခေါင်းညိတ်လိုက်သည် ။ "ဗင်ဂျီကို ကျွန်မ သိရုံလောက် သိတာပါ၊ မရင်းနှီးပါဘူး။ ကျွန်မလ ည်း ဒေါက်တာ့လိုပဲ ခံစားရပါတယ်။ ဒါနဲ့ ဗင်ဂျီကို ဒေါက်တာ ဘယ်အချိ န်မှာ နောက်ဆုံး တွေ့လိုက်ရပါသလဲ"ဒေါက်တာသည် ကိုယ်ကို ကုလားထိုင်တွင် နောက်ပစ် မှီချလိုက်သ ည် ။ ထို့နောက် လက်နှစ်ဖက်ကို ယှက်ကာ မေးတင်ထားလိုက်သည် ။ သူ့လက်သည်းတွေက ထူးထူးခြားခြားပင် သန့်ရှင်းနေသည် ။သူက ဖြည်းဖြည်းကလေး ပြောသည် ။

"လွန်ခဲ့တဲ့ ကြာသပတေးနေ့ ညနေတုန်းက နောက်ဆုံး တွေ့လိုက်ရ တယ်။ သူ့ကိုယ်ဝန် လေးလကျော်ကတည်းက ဆေးရုံကို အပတ်စဉ် မှန် မှန်လာပြဖို့ ကျုပ်က သူ့ကို ပြောခဲ့တယ်။ ဒီမှာ သူ့ဆေးမှတ်တမ်း"

သူက စားပွဲပေါ်မှ မနီလာဖိုင်တွဲကို မေးထိုးပြသည် ။ ဖိုင်ပေါ်တွင် ထ ငါးသော စာလုံးများ ဖြင့် "ဗင်ကျီလူးဝစ်" ဟူ၍ ရေးထားသည် ။ ယင်းမှ တ်တမ်းမှာ လွန်ခဲ့သော တစ်ပတ်တိတိက ဗင်ကျီ ဆေးရုံတက်ပြီး သူမအ တွက် သွေးတိုး တိုင်း၍ သန္ဓေသားအတွက် နှလုံးခုန်နှုန်း တိုင်းခဲ့စဉ်က ပြုလုပ်ခဲ့သော မှတ်တမ်း ဖြစ်သည် ။ "ဗင်ကျီရဲ့ ရုပ်ပိုင်းနဲ့ စိတ်ပိုင်းအခြေအနေ ဘယ်လို တွေ့ရပါသလဲ" "ရုပ်ပိုင်း အခြေအနေကို အရင်ပြောပါရစေ။ အမှန်ကတော့ သောကပါပဲ။ သူ့မှာ ကိုယ်ဝန် အဆိပ်တက်ရောဂါ ဝင်နေတယ်။ စိုးရိမ်စရာ အခြေအနေပဲ။ အဲဒါကို ကျုပ်က ကြပ်ကြပ်မတ်မတ် ဂရုစိုက်ပြီး ကုသ နေပါတယ်။ ဒါပေမဲ့ သူ့မှာ ကိုယ်ဝန်အတွက် တစ်နေ့ထက် တစ်နေ့ စိုးရိ မ်မှုက ကြီးကြီး လာတယ်" "အဲဒီကလေးက လစေ့ရက်စေ့ မွေးနိုင်ပါ့မလား" "ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အဲဒါကြောင့် လာမယ့် နှစ်ပတ်အတွင်း ဆေးရုံတက်ပြီး ကလေးကို မွေးထုတ်ဖို့ အကြောင်းကို ပြီးခဲ့တဲ့ ကြာသပ တေးနေ့ ကတည်းက ကျုပ်က သူ့ကို သတိပေးလိုက် ရတာပေါ့" "အဲဒီတော့ သူက ဘယ်လို တုံ့ပြန်ပါသလဲ" ဒေါက်တာက မျက်မှောင်ကြုတ်လိုက်ပြီး - "သူက သူ့ဗိုက်ထဲက ကလေး အသက်နဲ့ မှ မွေးလာပါ့မလားလို့ သိပ်ပြီး စိုးရိမ်နေတယ်။ မွေးရက် နီး လာလေလ စိုးရိမ်မှုက ပိုကြီး လာလေလေပဲ" "ဟုတ်ကဲ့၊ ကျွန်မ သဘောပေါက်ပါတယ်" သူမက မှတ်စုစာအုပ်တွင် ရေးမှတ်ပြီးနောက် -

" ဒီတော့ ဗင်ကျီအနေနဲ့ စိတ်ဓာတ်ကျနေတဲ့ လက္ခဏာတွေ မတွေ့ရ ဘူးလား ဒေါက်တာ"

"ဒါက ဒေါက်တာဖူမီတို့ ဖြေရမယ့် မေးခွန်းတွေပါ။ တနလ်ာနေ့ည က ဗင်ကျီ သူနဲ့ တွေ့ခဲ့တယ်။ ဗင်ကျီရဲ့ အတွင်းစိတ် အခြေအနေကို သူက ကျုပ်ထက် ပို သိတယ်။ ကျုပ်အနေနဲ့ ခြုံပြီး ပြောရရင်တော့ ဗင်ကျီဟာ ကလေးမွေးရမှာ ကို သိပ်ပြီး ကြောက်နေတယ် ဆိုတာတော့ သိသာတယ် ။

"နောက်ဆုံးအနေနဲ့ တစခုတော့ မေးခွင့်ပြုပါဦး ဒေါက်တာ။ ဒေါက် တော့ ရုံးခန်းနဲ့ ဒေါက်တာ ဖူဂီတို့ရဲ့ ရုံးခန်းက အခန်းချင်း ဆက်နေပါတ ယ်။ အဲဒီတော့ တနလ်ာနေ့ညက ဗင်ကျီကိုများ ဒေါက်တာ တွေ့လိုက်ပါ သေးသလား" "မတွေ့ပါဘူး" "အခုလို ကူညီတာ အများကြီး ကျေးဇူးတင်ပါတယ် ဒေါက်

တာ" မှတ်စုစာအုပ်ကို အိတ်ထဲ ပြန်ထည့်ပြီးနောက် - "ကဲ အခု ဒေါက်တာ့အ လှည့် ရောက်ပါပြီ။ မေးစရာရှိတာ မေးပါ ဒေါက်တာ"

"မေးစရာ မရှိပါဘူး။ မနေ့ညက ဖုန်းဆက်ကတည်းက တော်တော် လုံလောက်နေပါပြီ။ အခု ဒေါက်တာ ဖူဂီတိုနဲ့ သွားတွေ့ပြီးတော့ ဆေးရုံ ဟိုဘက်ခြမ်းက အခန်းနံပါတ် ၁၀၁ ကို သွားပါ။ အဲဒီမှာ ခင်ဗျားကို သွေးသွင်းပေးလိမ့်မယ်။ သွေးသွင်းပြီးတော့ ချက်ခြင်း မပြန်နဲ့ ဦး။ နာရီ ဝက်လောက် စောင့်နေပါဦး" "အဲဒါက ဘာအတွက်လဲ ဒေါက်တာ"

"ဘယ်လို တုံ့ပြန်မှု ရှိမလဲ ဆိုတာ စမ်းသပ်ကြည့်တဲ့ သဘောပါ။ ပြီး တော့ ဒီမှာ .." သူက စားပွဲအံဆွဲ ဖွင့်ပြီး ဆေးပုလင်း တစ်လုံး ယူလိုက်သည် ။ ပုလင်းထဲက ဆေးလုံး ကိုးလုံး၊ ဆယ်လုံးခန့် ရှိမည်။

"ဒီည တစ်လုံးစား၊ မနက်ဖြန်ကျတော့ လေးနာရီခြား တစ်လုံးစီ စား ပါ။ ဒေသာကြာနေ့ကျလည်း အဲဒီအတိုင်းပဲ စား။ အနည်းဆုံးတော့ မနက်ဖြန်နဲ့ ဒေသာကြာနေ့မှာ ဆေးလေးလုံး စားဖြစ်အောင် စားပါ။ အဲဒါ ဆိုရင် ဆေးရုံတက်လို့ ဖြစ်ပြီ။ ဒီဆေးဟာ သိပ်ပြီး အရေးကြီးတယ် ဆို တာတော့ မမေ့ပါနဲ့ ။ တကယ်လို့ ဒီတစ်ကြိမ်နဲ့ မအောင်မြင်ခဲ့လို့ ရှိရင် နောက်တစ်ကြိမ် ပြင်းပြင်းထန်ထန် ကြိုးစားကုသ ရလိမ့်မယ်။ အဲဒါကြောင့် ဆေးလုံးကို ဂရုစိုက်ပြီး စားဖို့ ပြောရတာ"

"စိတ်ချပါ ဒေါက်တာ၊ ဒေါက်တာ ညွှန်ကြားတဲ့ အတိုင်း ကျွန်မ စား ပါ့မယ်"

"ကောင်းပြီ၊ ဒီတော့ သောကြာနေ့ည ခြောက်နာရီမှာ ဆေးရုံ တက်ရ လိမ့်မယ်" ကက်သလင်းက ခေါင်းညိတ်လိုက်သည် ။ "ကဲ ဒီတော့ သွေးသွင်းဖို့ ကိစ္စသာ လုပ်ပေတော့။ ကျုပ် တစ်ပတ်လှ ည့်ရင်း ဝင်ကြည့်မယ်။ ဒါနဲ့ ခင်ဗျား ဘာမှ တော့ မစိုးရိမ်ပါဘူးနော်"

ပထမအကြိမ် ဆေးရုံလာတုန်းက သူမ ဆေးရုံတက်ရမှာ ကြောက် တတ်ကြောင်း ပြောပြခဲ့ဖူး၍ ဒေါက်တာက မေးလိုက်ခြင်း ဖြစ်သည် ။ "မစိုးရိမ်ပါဘူး ဒေါက်တာ၊ ကျွန်မ မစိုးရိမ်ပါဘူး"

ဒေါက်တာက သူမအတွက် တံခါးဖွင့်ပေးရင်း လေသံအေးအေးဖြင့် ပြောလိုက်သည် ။ "သောကြာနေ့ ဆေးရုံတက်ဖို့ တော့ မမေ့ပါနဲ့ မစ္စက်ဒီမေယို" "ဟုတ်ကဲ့ စိတ်ချပါ ဒေါက်တာ၊ ကျွန်မ မမေ့ပါဘူး"

*****

≈ အခန်း (၁၈)

ဖိလစ်ကန်နင်ဂမ်နှင့် ချာလီနုဂျင့်တို့ ပါဝင်သော စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်များ သည် ညနေ လေးနာရီတွင် ပြန်ရောက်လာကြသည် ။ ခရီး ရောက်မဆိုက်ပင် အစိုးရရှေ့နေကြီး စကော့မိုင်ယာဆင် အား ၎င်းတို့ ၏ တွေ့ရှိချက်များကို စိတ်အားထက်သန်စွာ တင်ပြကြသည် ။ "ခရစ်လူးဝစ်က လူညာပဲ" ဖိလစ်က အသံမာမာနှင့် ပြောသည် ။ "သူက မနေ့က မနက်အထိ ပြန်လာခွင့် မရှိသေးဘူး။ ဒါပေမဲ့ သူတို့ လေယာဉ်ပျံဟာ စက်ပျက်သွားတာကြောင့် ခရီးသည်အားလုံး ချီကာဂို မှာ ဆင်းကြရတယ်။ သူနဲ့ လေယာဉ် အမှုထမ်းတွေက နယူးယောက်ကို ပြန်ခွင့်ရကြတယ်။ သူက တနလ်ာနေ့ ညနေမှာ ရောက်လာတယ်" "တနလ်ာနေ့ ညနေ ဟုတ်လား" စကော့က ဖြတ်မေးသည် ။

"ဟုတ်ပါတယ်။ ပြီးတော့ အနောက် ၅၇ လမ်းက "ဟောလီးဒေးအင်း " ဟိုတယ်မှာ တည်းတယ်" "အဲဒါ ခင်ဗျား ဘယ်လိုလုပ် သိသလဲ" "ကျွန်တော်တို့ က တနလ်ာနေ့ လေယာဉ်ပျံနဲ့ လိုက်ရမယ့် အမှုထမ်းစာရင်းရတယ်။ သူတို့ အားလုံးနဲ့ လည်း တွေ့ခဲ့တယ်။ စတိုမ္မူးက နယူးယောက်မှာ နေတယ်။ ခရစ်က စတိုမ္မူးကို မင်ဟက်တန် ရောက်

အောင် ကားနဲ့ လိုက်ပို့ပြီး နှစ်ယောက် အတူတူ ညစာစားကြတယ်။ ခရ စ်က သူ့မိန်းမ အိမ်မှာ မရှိလို့ ဒီည ဟိုတယ်မှာ ပဲ အိပ်မယ်ဆိုပြီး စတိုး ကို ညာပြောတယ်" "သူက စတိုမ္မူးကို အဲသလိုပဲ ပြောသလား" "ဟုတ်တယ်၊ အဲဒီအတိုင်းပဲ ပြောတယ်။ ခရစ်က ဟိုတယ်မှာ ကားရ ပ်ပြီး အခန်းငှားတယ်။ ပြီးတော့ သူတို့ နှစ်ယောက် ညနေစာ သွားစားကြတယ်။ ညခုနစ်နာရီမှ စတိုမ္မူး ပြန်သွားတယ်။ အဲဒီနောက် ခရစ်က အိမ်က သူ့ကားကို ပြန်ယူတယ်။ ကားအခြေအေန ကြည့်တော့ သူဟာ အဲဒီကားကို နှစ်နာရီလောက် အသုံးပြုထားတာ တွေ့ရတယ်။ ဆယ်နာရီကျတော့ ကားကို အိမ်ပြန်ပို့တယ်။ ပြီးတော့ သန်းခေါင်လေ ာက်မှာ ပြန်ထွက်သွားပြီး မနက် နှစ်နာရီမှာ အိမ်ပြန်လာတယ်"

"ဒီတော့ သူက လေယာဉ်ခရီးစဉ်နဲ့ ပတ်သက်ပြီး တို့ ကို လိမ်ပြောတ ယ် ဆိုပါတော့။ ဒါဖြင့် သူဟာ ရှစ်နာရီနဲ့ ဆယ်နာရီ ကြားမှာ ရော၊ ဆယ့် နှစ်နာရီနဲ့ နှစ်နာရီကြားမှာ ရော သူ့ကားနဲ့ တစ်နေရာရာမှာ ရောက်နေ ခဲ့တာ ဖြစ်ရမယ်။ ရစ်ချတ်က ဗင်ဂျီသေတာ ဘယ်အချိန်လို့ ပြောသလဲ" "ရှစ်နာရီနဲ့ ဆယ်နာရီအကြား" အက်ဒွပ်က ဝင်ဖြေသည် ။ တစ်ချိန်လုံး ငြိမ်နေခဲ့သော ချာလီနုဂျင့်က -

"ပြီးတော့ ရှိသေးတယ်။ ခရစ်မှာ အမျိုးသမီးမိတ်ဆွေ တစ်ယောက် ရှိတယ်။ “ပင်အမေရိကန် လေကြောင်းဌာန” က လေယာဉ်မယ်ကလေး ပဲ။ နာမည်က ဂျုန်းမိုးတဲ့ ။ နယူးယောက်အရှေ့ ၈၇ လမ်း၊ တိုက်အမှတ် ၂၀၁ မှာ နေတယ်။ မနေ့က မနက်ပိုင်းမှာ ခရစ်က အဲဒီကလေးမကို လေယာဉ်ကွင်းကနေ ကားနဲ့ အိမ်ကို လာပို့တယ်လို့ ဒရဝမ်က ပြောတ ယ်။ ကောင်မလေးက ဒရဝမ်ဆီမှာ လက်ဆွဲအိတ် အပ်ထားခဲ့ပြီး သူတို့ နှ စ်ယောက် လမ်းတစ်ဖက်က လက်ဖက်ရည်ဆိုင်ကို ထွက်သွားကြတယ် လို့ ပြောတယ်" စကော့က စားပွဲကို ခဲတံနှင့် ဒေါက်ခနဲ တစ်ချက် ခေါက်လိုက်သည် ။ သူ တစ်စုံတစ်ရာကို အမိန့်ပေးတော့မည် ဆိုသည့် အမှတ်အသား ဖြစ်သ ည် ။ သူ့လူတွေက မှတ်စုစာအုပ် ကိုယ်စီ ဖင့် သူ့အမိန့်ကို စောင့်နေကြသ ည် ။ ။

"အခု လေးနာရီ ထိုးသွားပြီ။ (စကော့က အသံမာမာဖြင့် ပြောလိုက် သည် ။)

တရားသူကြီးတွေ့ မကြာခင် ပြန်ကုန်ကြတော့မယ်။ တစ်ယော က်ယောက်ဆီ ဖုန်းလှမ်းဆက် စမ်းပါ။ တို့ ရှာဖွေရေး ဝရမ်းထုတ်ချင်လို့ ၁၅ မိနစ်လောက် စောင့်ပါဦးလို့ ပြောလိုက်"

ဖိလစ်က ကုလားထိုင်မှ ငေါက်ခနဲ ထကာ တယ်လီဖုန်းဆီသို့ လျှော က်သွား သည် ။

"မောင်ရင်က (စကော့က ချာလီဘက်သို့ လက်ညှိုး ထိုးလိုက်ပြီး) မင် နီယာ ပို လစ်မှာ ဗင်ဂျီအလောင်းကို ဘယ်စဏ္ဍာလ ခေါင်းက တာဝန်ယူ တယ် ဆိုတာ ကို စုံစမ်းပြီး သူနဲ့ သွားတွေ့ပါ။ အလောင်းကို သင်္ဂြိဟ်လို့ မဖြစ်သေးဘူး။ အဲဒါ ခရစ်က မီးသင်္ဂြိဟ်ဖို့ မဆုံးဖြတ်ဘူး ဆိုတာ

သေချာအောင် စုံစမ်းပါ။ ဒီအလောင်းနဲ့ ပတ်သက်ပြီး တို့ ဘက်က လုပ်စ ရာ တွေ အများကြီး ရှိလာနိုင်သေးတယ်။ ဒါနဲ့ ခရစ်က သူ ပြန်လာမယ် လို့ ပြော သွားသလား" ချာလီက ခေါင်းညိတ်လိုက်သည် ။

"သင်္ဂြိဟ်ပြီး ချက်ချင်း ပြန်လာမယ်လို့ ပြောသွားတယ်" "ဒါဖြင့် သူ ပြန်လာမ ယ့် လေယာဉ်ကို စောင့်ပြီး ဒီကို ခေါ်လာခဲ့" "ဆရာက သူ ရှောင်ပြေးမယ်လို့ ထင်လို့ လား" ချာလီက မေးလိုက်သည် ။ "မထင်ပါဘူး၊ သူက ပြောင်ပြောင် တင်းတင်း ရင်ဆိုင်မှာ ပါ။ သူသာ စိတ်ကူးဉာဏ်ရှိရင် တို့ က သူ့အပေါ် သိပြီး အလေးအနက် မထားဘူး ဆိုတာ သိနိုင်ပါတယ်။ သူ့မိတ်ဆွေ ကောင်မလေး ဆိုတာကိုလည်း စစ် ဆေးရဦးမယ်။ သူ့အကြောင်း ဘာတွေ သိရပြီးပြီလဲ"

"သူက တခြား လေယာဉ်မယ် နှစ်ယောက်နဲ့ ပေါင်းပြီး အခန်းငှားနေ တယ်။ မီ ယာမီ ဌာနခွဲက ထွက်ပြီး ပင်အမေရိကန် လေကြောင်းဌာနရဲ့ လက်တင်အမေ

ရိုက ဌာနခွဲကို ပြောင်းဖို့ အမိန့်ကျနေပြီ။ အခု သူ “ဖို့ ဒ်လော်ဒါဒေး” ကမ်းခြေကို အပန်းဖြေခရီး ထွက်နေပါတယ်။ သောကြာ နေ့ ညနေ ပြန်လာလိမ့်မယ်"

"သူ့ကိုလည်း လေဆိပ်မှာ သွားတွေ့ပြီး ခေါ်လာခဲ့။ ဒါနဲ့ တနလ်ာနေ့ ညက သူ ဘယ်မှာ ရှိနေသလဲ" "နယူးယောက်ကို လာနေတဲ့ လေယာဉ်ပေါ် မှာ ရှိနေတယ်။ အဲဒါ တော့ သေချာပါတယ်" "ကောင်းပြီလေ၊ အဲ တစ်ခု ကျန်သေးတယ်။ ခရစ်လူးဝစ်တို့ အိမ်က တယ်လီဖုန်း မှတ်တမ်းကို လိုချင်တယ်။ မောင်ရင်တို့ သွားစစ်ဆေးတဲ့ အခါ ဖုန်းဖျက်စက် ရှိ၊ မရှိ ဆိုတာလည်း သတိထားပြီး ရှာကြည့်ပါ။ ဒီ လူက လေယာဉ်မှူးဆိုတော့ အဲဒါတွေ ဘာတွေ သုံးချင် သုံးနိုင်တယ်" ဖီလစ်က တယ်လီဖုန်းကို ပြန်ချရင်း -

"တရားသူကြီး ဟေးဝုဒ် စောင့်နေလိမ့်မယ် ဆရာ" ဟု လှမ်းပြောလိုက်သည် ။ စကော့က တယ်လီဖုန်းကို ကောက်ကိုင်ပြီး ဒေါက်တာရစ်ချတ် ရုံးသို့ ကမန်း ကတန်း ဆက်သည် ။ "အဲဒါမှ ဒုက္ခ၊ သူက ဒီနေ့မှ ရုံးက စောစော ပြန်သွားရသတဲ့ " "သူနဲ့ ဒီနေ့ ချက်ချင်း စကားပြောချင်သလား ဆရာ" ချာလီက ရုတ်တရက် မေးလိုက်သည် ။ "သူ ဘဝင်မကျနိုင်တဲ့ အချက်တစ်ချက် ရှိတယ်ဆိုတာကို သိချင်လို့ ပါ။ အဲဒီလို သူပြောတာ မှတ်မိကြသေးသလား။ အဲဒါ ဘာလဲဆိုတာ အ ရေးကြီးတယ်။ ကောင်းပြီလေ၊ တို့ တော့ အလုပ်များ ကြဦးမှာပါ။ ဒါနဲ့ ခရစ်တို့ အိမ်ကို သွားရာတဲ့ အခါ ဝက်မှင်ဘီး နှုနှကလေးကို သုံးပြီး ဆို ငယာနိုက် အဆိပ်ကို ရှာကြည့်ပါ။ ဗင်ဂျီအနေနဲ့ ဆိုင်ယာနိုက် အဆိပ်ကို ဘယ်က ရသလဲဆိုတာ အမြန်ဆုံး သိဖို့ လိုတယ်။ ဒါမှ မဟုတ် ကပ္ပတိန် ခရစ်လူးဝစ်အနေနဲ့ အဲဒါကို ဘယ်က ရသလဲဆိုတာ အမြန်ဆုံး သိမှ ဖြစ် မယ်"

*****

≈ အခန်း (၁၉)

ဒေါက်တာ ဖူဂီတိုဇ်၏ ရုံးခန်းက ဒေါက်တာ ဟိုက်ဂလေ၏ ရုံးခန်းထ က် ကျယ် လည်း ကျယ်သည် ။ ခမ်းလည်း ခမ်းနားသည် ။ စားပွဲ၊ ကုလား ထိုင်နှင့် ဗီရိ များမှာ ခေတ်မီ အကောင်းစား တွေ့ချည်း ဖြစ်သည် ။ရုံးခန်း နံရံများ တွင် ေ တာ့ ဒေါက်တာ ဟိုက်ဂလေ ရုံးခန်းလို မိခင်နှ င့် ကလေးပုံများ ဆွဲချိတ် မထား ဘဲ နာမည်ကျော် ဂျပန် ပန်းချီပညာရှင်ကြီး ယူကီယိုအေ၏ အဖိုးတန် သစ်ထွ င်း ပန်းချီကားများ ကို ချိတ်ဆွဲထားသည် ။

ဒေါက်တာဖူမီတိုမှာ သာမန် ဂျပန်အမျိုးသား တစ်ယောက်ထက် ပို၍ အရပ်ရှ ည်သည် ။ သူ့အရပ်သည် အနည်းဆုံး ၅ ပေ ၁၀ လက်မလောက် ရှိမည်ဟု ထ င်ရသည် ။ ဒေါက်တာ ဟိုက်ဂလေက့ဲသို့ပင် အဖိုးတန် ဝတ် စုံကို သပ်ရပ်စွာ ဝ တ်ဆင်ထားသည် ။ ဆံပင်ကို ကျကျနန ဖြဲထားပြီး နှ တ်ခမ်းမွေးကိုလည်း သ ပ်သပ်ရပ်ရပ် ညှ်ပ်ထားသည် ။ မျက်လုံးက အညို ရောင်၊ အသားအရေက ရွှေ ဝါရောင်။ ထူးထူးခြားခြား ရုပ်ရည်ချောမောသော အရှေ့တိုင်းသား တစ်ဦးပ င်။

ထို့ပြင် အလွန်တော်သော စိတ်ရောဂါကု သမားတော်ကြီးလည်း ဖြစ် သည် ။ ကက်သလင်းက မှတ်စုစာအုပ်ကို ထုတ်ကာ ဒေါက်တာကို အကဲခတ်နေသည် ။

ဒေါက်တာက ပြုံးပြီး ပြောသည် ။ "လူ့ခန္ဓာကိုယ်မှာ ဝမ်းဗိုက်ဟာ အင်မတန် နူးညံ့သိမ်မွေ့ပြီး အ့ဲသြစ ရာ ကောင်းတဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်တယ်။ ဒါ ကာင့်မို့ ဝမ်းဗိုက်ရဲ့ သဘာဝ လုပ်ရပ်တွေ့ ကမောက်ကမ ဖြစ်ပြီး နဂိုအခြေ အနေမျိုးမှာ မရှိ တဲ့ အခါ စိတ်ဝေဒနာတစ်ခုခု ဖြစ်ပေါ် လာတတ်တယ်"

"ဒီအချက်ကို ကျွန်မတော့ သံသယနဲ့ ပဲ ယုံချင်ပါတယ် ဒေါက်တာ။ ကျွန်မရဲ့ အမေလည်း နှစ်ပေါင်း တော်တော်ကြာကြာ ကျွန်မလိုပဲ ဖြစ်ခဲ့ ပါတယ်။ ဒါ ဟာ မျိုးရိုးလိုက်လို့ ဖြစ်တဲ့ ရောဂါလို့ တော့ ကျွန်မ လက်မခံ ချင်ဘူး။ ဒါပေမဲ့ ဖြစ်ချင်လည်း ဖြစ်မှာပေါ့လေ"

သူမသည် လွန်ခဲ့သော လကတည်းက ဒေါက်တာနှင့် ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ပြီး ဖြစ်သည် ။ ထိုစဉ်က သူမ၏ ကိုယ်ရေး ရာဇဝင်ကို ဒေါက်တာ အား ပြောပြခဲ့သည် ။

"တစ်နေ့နေ့မှာ သားအိမ် ဖြတ်ထုတ်ပစ်ရမယ့် အခြေအနေမျိုး ကြုံချ င် ကြုံ လာမယ်။ အဲဒီလိုဆိုရင် ဘယ်လို သဘောရသလဲ"

"အဲဒီလိုဆိုရင် ကျွန်မတော့ သိပ်ပြီး စိတ်မချမ်းမသာ ဖြစ်မှာ ပဲ ဒေါ် ကံတာ။ ကျွန်မက သားသမီး လိုချင်ပါသေးတယ်"

" ဒီတော့ အိမ်ထောင် ထပ်ပြုဖို့ မျှား အစီအစဉ် ရှိသလား။ တစ်ယော က်ယော က်နဲ့ မျှား အဆက်အဆံကော ရှိသလား"

"မရှိပါဘူး" "ဘာဖြစ်လို့ လဲ"

"ဘာဖြစ်လို့ လဲ ဆိုတော့ လောလောဆယ်မှာ ကျွန်မအနေနဲ့ အလုပ် ကိုပဲ စိ တ်ဝင်စားနေလို့ ပါ။

သူမ ရုတ်တရက် စကားဦး လွှဲပစ်လိုက်သည် ။ "ကျွန်မအပေါ်မှာ စေတနာ ထားတာကို အမျှားကြီး ကျေးဇူးတင်ပါ တယ် ဒေါက်တာ။ ဒါပေမဲ့ ကျွန်မမှာ စိတ်နဲ့ ပတ်သက်လို့ ဘာရော ဂါမှ ကြီးကြီး ကျယ်ကျယ် မရှိပါဘူး။ ဒါတော့ တ ကယ်အမှန်ပါ။ ကျွန်မ အခု ခံစားနေရတာက ရုပ်ပိုင်းဆိုင်ရာ ဝေဒနာပါ"ဒေါ က်တာက ခေါင်းတညိတ်ညိတ် လုပ်ရင်း -

"ကောင်းပြီလေ၊ အခု လောလောဆယ်တော့ ခင်ဗျားက ဒေါက်တာ ဟိုက်ဂ လရဲ့ ဝေဒနာရှင်ပေါ့။ ဒါပေမဲ့ တစ်ချိန်ချိန်မှာ စိတ်ရောဂါနဲ့ ပ တ်သက်လို့ အကူအညီ လိုလာရင်တော့ ကျုပ်ဆီကို လာဖို့ မမေ့ပါနဲ့ ။ ကျုပ် ဒီမှာ အမြဲတ မ်း ရှိပါတယ်"

"ဟုတ်ကဲ၊ ကျေးဇူးတင်ပါတယ် ဒေါက်တာ။ ကျွန်မ အကူအညီလိုရ င် ဒေါက် တာ့ဆီ လာပါ့မယ်"

သူမက ကုလားထိုင်တွင် နေရာ ပြန်ထိုင်ပြီး ဖောင်တိန်ကို ထုတ်လို က်သည် ။ ပြီးတော့ လာရင်းကိစ္စကို စတင်သည် ။ "ဒေါက်တာ၊ ဗင်ဂျီလူးဝစ်ဟာ ဒေါက် တာနဲ့ ဒေါက်တာ ဟိုက်ဂလေ တို့ နှစ်ဦးစလုံးဆီမှာ ကုသခံနေတဲ့ ဝေဒနာရှင် ဆိုတာ သိရပါတယ်။ အခု သူ သေဆုံးသွားပါပြီ။ တနလ်ာနေ့ ညတုန်းက သေ ဆုံးသွားတာ ဖြစ်ပါ တယ်"

ဒေါက်တာ၏ မျက်ခုံးမျှား မသိမသာ မြင့်တက်သွားသည် ။ ဗင်ဂျီသည် ကိုယ့် ကိုယ်ကို သတ်သေနိုင်သည့် စိတ်ချွတ်ယွင်းမှု အခြေအနေမျိုး ရှိ ကြောင်း သူက ကြိုး၍ မျှား သိနေလေသလား။ ကက်သလင်းက ဆက်မေးသည် ။ "ဒေါ က်တာ၊ ဗင်ဂျီကို အဲဒီညက ရှစ်နာရီလောက်မှာ ဒေါက်တာ တွေ့လိုက်ရတယ် ဆိုတာ ဟုတ်ပါသလား"

ဒေါက်တာက ခေါင်းညိတ်ရင်း - "ဟုတ်ပါတယ်၊ ကျုပ် ရှစ်နာရီတိတိမှာ သူ့ကို တွေ့လိုက်ရပါတယ်" "သူ ဒေါက်တာ့ဆီမှာ ဘယ်လောက်ကြာကြာ နေသွား

ပါသလဲ" "မိနစ်လေးဆယ်လောက် ကြာမယ် ထင်တယ်။ သူက တနလ်ာနေ့ နေ့လယ်ပိုင်းမှာ ဖုန်းဆက်ပြီး လာတွေ့ချင်တယ်လို့ ချိန်းတယ်။ ကျုပ်က တနလ်ာနေ့တိုင်း ရှစ်နာရီအထိ အလုပ်လုပ်လေ့ရှိတယ်။ အဲဒါနဲ့ အင်္ဂါနေ့ မနက်မှ လာခဲ့ပါလို့ ကျုပ်က ပြန်ပြောတော့ .." "အဲဒီတော့ သူက ဘယ်လို တုံ့ပြန်ပါသလဲ"

"သူက တယ်လီဖုန်းထဲက ငိုပြီး ပြောတယ်။ သူ့ပုံက သိပ်ပြီး စိတ်ညစ်နေတဲ့ပုံမျိုး။ ဒါနဲ့ ကျုပ်က လာခဲ့ပါလို့ ပြောလိုက်တယ်။ အဲဒါကြောင့် သူက ၈ နာရီလောက်မှာ ရောက်လာတာပဲ" "သူက ဘာကြောင့် စိတ်ညစ်နေရတာလဲ ဒေါက်တာ" ဒေါက်တာက စကားလုံးကို ရွေး၍ ချင့်ချင့်ချိန်ချိန် ပြောသည် ။ "သူက ယောကျ်ားနဲ့ ရန်ဖြစ်ထားတယ်။ သူ့ယောကျ်ားက သူ့ကိုလည်း မချစ်ဘူး၊ ကလေးကိုလည်း မလိုချင်ဘူးလို့ စိတ်ထဲမှာ စွဲနေ တယ်။ ရုပ်ပိုင်း အခြေအနေအရ ပြောရရင် သူ့ဗိုက်ထဲက သန္ဓေသားဟာသူ့ကို အင်မတန် လှုပ်မိုးနေတယ်။ တကယ်တော့ သူဟာ ရင့်ကျက်မှု မ ရှိဘူး။ တစ်ဦးတည်းသော သမီးဖစ်လို့ နွဲ့ဆိုး ဆိုးခဲ့တဲ့ အကျင့်လည်း စွဲ နေတယ်။ ကိုယ်ဝန်ကြောင့် အနေအထိုင် ကျဉ်းကျပ်ပြီး စိတ်မချမ်းမသာ ဖြစ်နေတယ်။ ကလေးမွေးရက် နီးလာလလေ သူ့စိတ်ထဲမှာ ကြောက် လာလေလေပဲ"

ဒေါက်တာသည် သူ့စားပွဲ လက်ယာဘက်ရှိ ကုလားထိုင်လွတ်ကို အ မှတ်မထင် စောင်းကြည့်လိုက်သည် ။ တနလ်ာနေ့ညက ထိုကုလားထိုင် တွင် ဗင်ထိုင်သွားခဲ့သည် ။ သူမသည် ကလေး အလွန်လိုချင်သော်လ ည်း ဗိုက်ဖုံးအကျီ ဝတ်ရမှာ ကိုတော့ အလွန်မုန်းသည် ။ ပြီးတော့ က လေးမွေး၍ သူမ အလှပျက်သွားမည့် အရေးကိုလည်း အလွန် တွေးကြောက်နေသည် ။ ။

လွန်ခဲ့သော လကစပြီး သူမ၏ ကိုယ်ဝန်သည် ပုံပျက်ပန်းပျက် ကြီး ထွားလာခဲ့သည် ။ ခြေထောက်တစ်ဖက်လည်း ဖောရောင်လာသည် ။ ယ င်းအခြေအနေကို သူမ အလွန် စိတ်မကောင်း ဖြစ်နေသည် ။ ထို့ကြောင့် ခြေဖမိုး ဖုံးသည်အထိ ဂါဝန်ပွပွကြီးကို ဝတ်လာခဲ့သည် ။ ကက်သလင်းက ဒေါက်တာဖူခီတို အား ငေးကြည့်နေမိသည် ။ သည် ပုဂ္ဂိုလ်ကြီးသည် စိတ်လှုပ်ရှားနေပုံရသည် ။ ဗင်ဂျီအား ကိုယ့်အိမ်ကို အမြန်ပြန်ပြေးပြီး ကိုယ့်ကိုယ်ကို သတ်သေ အောင်သည် ပုဂ္ဂိုလ်ကြီးက ဘယ်လို အကြံဉာဏ်တွေကိုမျှား ပေးလိုက် ပါလိမ့်။ ဒါမှမဟုတ် ရစ်ချတ်တွက်သလို လူသတ်သမား တစ်ယောက် လက်ထဲ ဘယ်လိုမျှား ရောက်သွားတာပါလိမ့်။ ပြီးတော့ သူတို့ လင်မယားက ရန်လည်း ဖြစ်ခဲ့ကသေးသတဲ့ ။

ဒါပေမဲ့ ခရစ်က သည် အကြောင်း တစ်ခွန်းတစ်ပါဒမျှ မပြောခဲ့ပါလား။

"ဒေါက်တာ ဒေါက်တာနဲ့ မစ္စက်ဗင်ဂျီလူးဝစ်တို့ အဲဒီညက ပြောခဲ့ကြတာတွေ ဟာ ကိုယ်ရေးကိုယ်တာ ကိစ္စတွေ ဖြစ်တယ်ဆိုတာ ကျွန်မ သိပါတယ်။ ဒါပေ မဲ့ အခုကိစ္စက အစိုးရအလုပ်ကိစ္စမို့ ကျွန်မက မ လွဲမရှောင်သာ မေးရတာပါ။ သူတို့ လင်မယား ဘာကြောင့် ရန်ဖြစ်ရတဲ့ အကြောင်း ဒေါက်တာသိရင် ကျွန် မကို ပြောပြစေချင်ပါတယ်"သူသည် ဗင်ဂျီက သူ့အား ကြောက်စိတ်မွန်နေ သော မျက်လုံးများ ဖြင့် စိုက်ကြည့်နေသည် ကို မြင်ယောင်လာမိသည် ။ စိတ်ကို တင်းကာ လ ည်ချောင်းကို ရှင်းလိုက်ပြီးနောက် ကက်သလင်း၏ မျက်လုံးများကို ရင် ဆိုင်လိုက်သည် ။

"မစ္စက်လူးဝစ်က သူ့ယောကျ်ားဟာ တခြားမိန်းမတစ်ယောက်နဲ့ ချစ် နေတယ်လို့ ကျုပ်ကို ပြောပြတယ်။ သူကလည်း ယောကျ်ားဖြစ်သူကို အဲ သလို ဖြစ်နေကြောင်း စွပ်စွဲတယ်။ သူက သူ့ယောကျ်ားကို သိပ်ပြီး ချစ် တယ်။ သူ့ယောကျ်ားနဲ့ ဖြစ်နေတဲ့ မိန်းမကို သိရရင် ဖြစ်ချင်ရာဖြစ် အပြ တ်လုပ်ပစ်မယ်လို့ လည်း ပြောတယ်။ သူ့ကြည့်ရတာ သိပ်ပြီး ဒေါသဖြစ် နေသလိုပဲ။ စိတ်လည်း သိပ်ပြီး လှုပ်ရှားနေတယ်၊ ကြောက်စိတ်တွေလ ည်း မွန်နေတယ်" "အဲဒီတော့ ဒေါက်တာက သူ့ကို ဘယ်လို ပြန်ပြောလိုက်ပါသလဲ" "ကျုပ်က ကလေးမမွေးမီနဲ့ မွေးနေတဲ့ ကာလအတောအတွင်းမှာ စိ တ်ကို တတ်နိုင်သမျှ အေးအေးထားနိုင်အောင် ကြိုးစားပါလို့ ပြောလိုက် တယ်။ ပြီးတော့ သူ့အနေနဲ့ အလွန်ကို လှုံ့ချင်နေတဲ့ ကလေးကို ကျန်းကျ န်းမာမာ မွေးစေချင်ရင် စိတ်ချမ်းသာအောင် နေပါ။ ကလေးမွေး လာရင်အိမ်ထောင်ရေးလည်း အဆင်ပြေသွားလိမ့်မယ်လို့ ပြောလိုက်တယ်" "သူက ဘာပြန်ပြောသလဲ" "သူ အတော်ကလေး စိတ်ငြိမ်သွားတယ်။ ဒါပေမဲ့ ကလေးမွေးပြီးလို့ အခြေအနေ ပိုကောင်း မလာရင်တော့ သူ့အခြေအနေလည်း ပိုဆိုးလာ လိမ့်မယ် ဆိုတာ ကျုပ် တွေးမိတယ်" "နောက်တော့ ဘယ်လို ဖြစ်ပါသေးသလဲ" "သူ ဒေါသူပုန် ထလာတယ်။ သူ့ယောကျ်ားကို တစ်သက် လက်လွှတ် မခံနိုင်ဘူးလို့ ပြောတယ်။ ပြီးတော့ ထိုင်ရာက ထပြီး ကုလားထိုင်ပေါ် က ကုတ်အင်္ကျီကို ကောက်ယူလိုက်တယ်" "ဒေါက်တာ ဘာလုပ်ပါသေးသလဲ" "ကျုပ်က ဘာလုပ်စရာမှ မရှိတော့ပါဘူး။ အိမ်ပြန်ပြီး အိပ်ပျော်အော င် အိပ်၊ မနက်ကျတော့ ကျုပ်ဆီ ဖုန်းပြန်ဆက်လို့ ကျုပ်က ပြောလိုက်တယ်"

"ပြီးတော့ သူ ပြန်ထွက်သွားရောလား" "ဟုတ်တယ်၊ သူ့ကားကို ကားရပ်ကွက်လပ် နောက်ပိုင်းမှာ ရပ်ထား တယ်။ ခါတိုင်းဆိုရင် ကျုပ်ရဲ့ ကိုယ်ပိုင်သုံး ဝင်ပေါက်က သူ ထွက်သွား လို့ ရနိုင်မလား ဆိုတာ မေးလေ့ ရှိတယ်။ တနလ်ာနေ့ကတော့ အဲဒီလို မ မေးဘူး။ ဒီရှေ့က တံခါးပေါက်ကပဲ ထွက်သွားတယ်" "နောက်ပိုင်း သူ့ကို လုံးဝ မတွေ့တော့ဘူး ဆိုပါတော့" "လုံးဝ မတွေ့တော့ဘူး" "ကောင်းပါပြီ"

ကက်သလင်းက ကုလားထိုင်မှ ထပြီး ပန်းချီကားများ ခိုတ်ထား သော နံရံဆီသို့ လျှောက်သွားသည် ။ သူမက ဒေါက်တာကို စကားပြော စေချင်သည် ။ သို့သော် ဒေါက်တာက တစ်စုံတစ်ရာကို နောက်ဆံတင်း နေပုံ ရသည် ။ သူအတော်ကလေး ဂနာမငြိမ် ဖြစ်နေသည် ။

"ကျွန်မကိုယ်တိုင်လည်း တနလ်ာနေ့က ဒီဆေးရုံမှာ လူနာအဖြစ် တ က်ခဲ့ရတယ် ဒေါက်တာ။ မတော်တဆ ကားအက်စီးဒင့်ဖြစ်လို့ ဒီကို ရော က်လာတာ။ ဒါပေမဲ့ ဒဏ်ရာက မပြင်းထန်ပါဘူး" "တော်ပါသေးရဲ့ ၊ ကံကောင်းလို့ ပေါ့" "ဟုတ်ကဲ့" သူမက ပန်းချီကားတစ်ချပ်ရှေ့တွင် ရပ်လိုက်သည် ။

ကားနာမည်က “ယာဘူတိုကျီ အကာဂိုရှိတာမှ လမ်းကလေးတစ်လမ်း။ ။

"သိပ်လှတဲ့ ကားကလေးပဲ ဒေါက်တာ။ ဒါဟာ ယေဒိုရှူခင်းတစ်ရာ စီးရီးထဲက မဟုတ်လား ဒေါက်တာ"

"ဟုတ်ပါတယ်၊ ခင်ဗျားက ဂျပန်အနုပညာအကြောင်း တော်တော် သိတာပဲ"

"ကျွန်မက သိပ်မသိပါဘူး။ ကျွန်မ ခင်ပွန်းကတော့ ဒီဘက်မှာ ပါရဂူ တစ်ယောက်ပဲ။ သူ ပြောပြလို့ နည်းနည်းပါးပါး သိတာပါ။ ကျွန်မမှာ လ ည်း ဒီစီးရီးစ်ထဲက တခြား ကားတွေ ရှိပါတယ်။ ဒါပေမဲ့ ဒီကားက ပိုပြီး လှတယ်။ တစ်နေရာတည်းကို ရှုခင်းပေါင်း တစ်ရာ ရေးဆွဲပြီး သုံးသပ် တဲ့ အမြင်ကလည်း ေတာ်တော် စိတ်ဝင်စားစရာ ကောင်းပါတယ်" သူက ကက်သလင်းအား မျက်ခြည်မပြတ် အကဲခတ်၍ စောင့်ကြည့်နေသည် ။ ကက်သလင်းက သူ့ကို ကျော်ခိုင်းရပ်နေသည် ။ သူက နှတ်ခမ်းလှာကို တင်းတင်းကလေး ဖိထားလိုက်သည် ။ ကက်သလင်းက ကိုယ်ကို ပြန်လှည့်လိုက်သည် ။ ။ "ဒေါက်တာ၊ တနလ်ာနေ့ည ဆယ်နာရီလောက်မှာ ကျွန်မကို သူတို့ က ဒီဆေးရုံကို ယူလာကြပါတယ်။ အဲဒီနေ့ညက ဗင်ဂျီဟာ ဒေါက်တာနဲ့ တွေ့ပြီးတော့ ချက်ချင်း ပြန်မသွားသေးဘဲ တစ်ကြောင်းကြောင်းကြောင့် ဒီဆေးရုံမှာ ပဲ ရှိနေသေးတယ်ဆိုရင် ဒေါက်တာ ယုံနိုင်ပါ့မလား။ ပြီးတော့ ကျွန်မက ဆယ်နာရီမှာ ဆေးရုံကို ယူလာတော့ ကျွန်မ သတိ မရ တစ်ချက် ရတစ်ချက်နဲ့ သူ့ကို မြင်မိနိုင်မယ့် အခြေခအနေကော ရှိနိုင်ပါသ လား"

ဒေါက်တာဖူဂီတိုက ကက်သလင်းကို စိုက်ကြည့်နေသည် ။ စိတ်ထဲ တွင် လည်း ကြောက်သလိုလို၊ လန့်သလိုလို ဖြစ်လာမိသည် ။ သူက အားတင်းပြီး ပြုံးလိုက်သည် ။ "ကျုပ်တော့ ဘာမှ မစဉ်းစားတတ်တော့ပါဘူး" ထို့နောက် သူက ကုလားထိုင်တွင် ကိုယ်ကို ပြန်ထိုင်လိုက်သည် ။ ထိုစဉ် သူ့မျက်လုံးများ ထဲတွင် ဒေါသရိပ်လား၊ စိုးရိမ်ရိပ်လား ဆို တာ မခွဲခြားနိုင်သော အရောင်တစ်မျိုး ဖျတ်ခနဲ ဖုံးလွှမ်းသွားသည် ကို ကက်သလင်းက သတိပြုလိုက်မိလေသည် ။

***

ညနေ ငါးနာရီတိတိတွင် မစ္စက်ဖစ်ဂျာရယ်သည် အလုပ်စားပွဲကို သော့ခတ်လိုက်သည် ။ ပြီးတော့ မစ္စက်အက်ဒနာအိမ်သို့ ဖုန်းဆက်သည် ။ တစ်ဖက်မှ ဖုန်းကို ဘယ်သူမျှ လာ၍ နားမထောင်။ ဟုတ်ပါပြီ။ အက်ဒနာ အရက်မူးနေ ပါပြီ။ သို့သော် သူမက ပျော်ပျော်နေတတ်သည် ။ စိတ်ကောင်းလည်း ရှိ သည် ။ သူမကို လူတိုင်းက ခင်မင်သည် ။ သူမကလည်း လူတိုင်းကို ခင် မင်တတ်သည် ။

မစ္စက်ဖစ်ဂျာရယ်နှင့် အက်ဒနာတို့ သည် နှေ့လယ်စာ အတူစားလေ့ ရှိကြသည် ။ များ သောအားဖြင့် ဆေးရုံစားသောက် ရိပ်သာတွင် စားကြ သည် ။ တစ်ခါတလေမှာ လည်း အက်ဒနာက “ကျွန်မတို့ အပြင်ထွက်ပြီး

ကောင်းကောင်း ကလေး သွားစားကြစို့လား” ဟူ၍ ပြောတတ်သည် ။ (သူမ ဆိုလိုသည် မှာ ဆေးရုံနားမှ အရက်ဆိုင်သွားပြီး မင်ဟက်တန် အရက်တစ်ခွက်လောက် သွားသောက်ရန် ဖြစ်သည် ။ သည် လိုအခါမျိုး တွင် မစ္စက်ဖစ်ဂျာရယ်က သူမကို အမြဲတမ်း ထိန်းရသည် ။ များများ မ သောက်ဘဲ တစ်ခွက်တစ်ခပ်မျှဖြင့် ကျေနပ်ရန် အမြဲတမ်း ဖျောင်းဖျရသည် ။

မစ္စက်အက်ဒနာအတွက် အရက်လိုအပ်ကြောင်း မစ္စက်ဖစ်ဂျာရယ် က နားလည်သည် ။ သူမ ကိုယ်တိုင်တော့ လုံးဝ မသောက်။ သို့သော် အ က်ဒနာလို အိမ်နှင့် အလုပ်တွင် ဘဝတစ်ခုလုံး မြဲပ်နှံထားရသော အထီး ကျန် အမျိုးသမီး တစ်ယောက်အဖို့ အရက်သည် အဖော်ကောင်း တစ် ယောက် ဖြစ်နေသည် ။ အားလပ်ခိုန်များ တွင် အရက်ဆီသို့ အာရုံမရော က်နိုင်အောင် ယောဂကမ္မဌာန်း ထိုင်ခြင်း၊ တင်းနစ်ကစားခြင်း၊ ငှက်သုတေသန ကလပ်သို့ ဝင်ကာ ငှက်အမျိုးမျိုးကို စောင့်ကြည့်လေ့လာခြင်း နှင့် အခြားသင်တန်းတစ်ခုခု တက်ခြင်းတို့ ကို ပြုလုပ်လျှင် ကောင်းမည် လားဟု နှစ်ယောက်သား တိုင်ပင်ခဲ့ဖူးသည် ။ သို့သော် နှစ်ယောက်စလုံး ပင် ယင်းလုပ်ငန်းများကို တစ်စက်ကလေးမျှပင် စိတ်မဝင်စားကြ။ စိတ် မဝင်စားသည့်အပြင် အက်ဒနာက -

"ကျွန်မက ဒီလောက်ထားတဲ့ ခြေထောက်ကြီးတွေနဲ့ ဘယ်လိုလုပ်ပြီး တင်ပျဉ်ခွေ ထိုင်နိုင်ပါ့မလဲ။ ထိုင်တာတောင်မှ ဒူးနှစ်လုံးကို ကြမ်းပြင် ပေါ် အရင်ချပြီးမှ ထိုင်လို့ ရတဲ့ ဥစ္စာ။ ငှက်သုတေသန လုပ်ငန်းကလည်း ကျွန်မနဲ့ တစ်စက်ကလေးမျှ မဖြစ်ဘူး။ ငှက်တွေ မြင်ရင် ကျွန်မက တစ် ကိုယ်လုံး ယားလာတတ်တယ်။ ရှေးဟောင်းဂရိသမိုင်း သင်တန်း သွား တက်ပြန်တော့လည်း ပျင်းစရာကြီး"

မစ္စက်ဖစ်ဂျာရယ်က မုဆိုးမ၊ ယောကျ်ား ဆုံးသွားတာ ခုနစ်နှစ် ရှိပြီ။ သို့ပေမဲ့ သူမမှာ သားသမီးတွေ ရှိသည် ။ မြေးတွေ ရှိသည် ။ ထို့ကြောင့် သူမဘဝသည် အထီးကျန်ဘဝ မဟုတ်။ ၆၂ နှစ် ရှိပြီ ဖြစ်ပေမယ့် ကျန်း မာရေး ကောင်းသေးသည် ။ ထို့ကြောင့် သူမဘဝသည် အက်ဒနာ၏ ဘ ဝနှင့် မတူ။ ဘဝတွင် နေပျော်နိုင်သေးသော အခြေအနေ ရှိသူ ဖြစ်သည်

သူမက “မစ္စက်အက်ဒနာ နေမကောင်း၍ အလုပ်မလာနိုင်ပါဟု ဖုန်း ဆက်ြကောင်း” ဒေါက်တာ ဟိုက်ဂလေအား ပြောခဲ့သည် ။ သူမ ပြော တာကို ဒေါက်တာက ယုံကြည်မည် မဟုတ်ကြောင်း သူမ အတပ်သိသည် ။

အက်ဒနာအား အရက်လျော့သောက်ရန် ဒေါက်တာဟိုက်ဂလေ အကြိမ်ကြိမ် သတိပေးခဲ့ဖူးသည် ။ သည် အကြောင်းကို အက်ဒနာက မစ္စက်ဖစ်ဂျာရယ်အား ပြန်ပြောခဲ့ဖူးသည် ။ သို့သော်လည်း သူမက အလုပ် ကိုတော့ အလွန် လေးစားသည် ။ ကျွမ်းလည်း ကျွမ်းကျင်သည် ။

သူမသည် နာတာရှည် မိဘများအား ငွေကို တင်းနှင့် ခြင်ပြီး ပြုစုခဲ့ရ သည် ။ သို့သော် သူမက သည် အကြောင်းနှင့် ပတ်သက်၍ တစ်ခါမျှ မ ညည်းစဖူး။ သူမ စိတ်အထိခိုက်ရဆုံးကတော့ သူမ၏ အချစ်ဆုံး မိဘနှစ် ပါး ဆုံးပါးသွားခဲ့ရခြင်းပင် ဖြစ်သည် ။ သည် စိတ်ကို အခုထိ ဖြေ၍ မရ သေးချေ။ ထို့ကြောင့်လည်း သူမသည် အရက်ကို သည် မျှ စွဲနေရခြင်း ဖြ စ်သည် ။ အက်ဒနာ တကယ်ပင် အရက်မူးနေတာလား၊ ဒါမှ မဟုတ် တ ကယ်နေမကောင်း ဖြစ်နေတာလား။ ဒါမှ မဟုတ် တခြား ဘာပြဿနာမျှား ရှိနေလို့ လဲ။

ကေန္တ တစ်ခုခုတော့ ဖြစ်နေပြီ။ သွားကြည့်မှ ဖြစ်တော့မည်။ တက ယ်လို့ အရက်သောက်နေတာ ဖြစ်လျှင် ချော့မော့ပြီး ပြောပြရမည်။ ဖျား နာနေလျှင်လည်း ပြုစုတန် ပြုစုရှည်။

အခုမှ စိတ်ငြိမ်သွားသည် ။ စားပွဲမှ ကမန်းကတန်း ထလိုက်သည် ။

အင်း .. ဟိုသူငယ်မ နာမည်က ဘာတဲ့ ၊ အဲ ကက်သလင်း ဒီမေယို၊ ဟုတ်ပြီ။ သူက လက်ထောက် အစိုးရရှေ့နေမကလေး။ သူ့ကြည့်ရတာ မဆိုးပါဘူး။ စိတ်ကောင်းရှိမယ့် မိန်းကလေးပါ။ ဒါပေမဲ့ သူက အက်ဒ နာနဲ့ သိပ်ပြီး တွေ့ချင်နေတဲ့ ပုံမျိုးပဲ။ မနက်ဖြန်ဆိုရင် သူက အက်ဒနာ ဆီ ဖုန်းဆက်ချင် ဆက်လိမ့်မယ်။ သူက အက်ဒနာကို ဘာကိစ္စ တွေ့ချင် ရတာလဲ။ အက်ဒနာက ဗင်ဂျီလူးဝစ်အကြောင်းနဲ့ ပတ်သက်ပြီး သူ့ကို ဘာတွေမျှား ပြောပြနိုင်မှာ တဲ့ လဲ။

မစ္စက်ဖစ်ဂျာရယ်သည် ခြောက်မိုင်ဝေးသော အက်ဒနာ၏ အိမ်ခန်း သို့ ကားမောင်းထွက်လာ ခဲ့သည် ။ တစ်လမ်းလုံး ကက်သလင်းအကြောင်းကိုပင် စဉ်းစားလာခဲ့သည် ။ သို့သော် ဘာအဖြေမျှ မည်မည်ရရ ပေါ်မလာ။

ကားကို တိုက်ခန်းအနောက်ဘက်တွင် ရပ်ထားခဲ့ပြီး အိမ်ရှေ့တံခါး ဘက်သို့ လျှောက်လာခဲ့သည် ။ အိမ်မီးတွေအားလုံး လင်းနေကြသည် ။ တံခါးနားသို့ ကပ်သွားသောအခါ အိမ်ထဲမှ အသံသဲ့သဲ့ ကြားနေရသည် ။ တကယ်တော့ တယ်လီဖေးရှင်းစက်သံ ဖြစ်သည် ။

တစ်ချက်တော့ ရုတ်တရက် ဒေါသဖြစ်သွားမိသည် ။ အက်ဒနာသည် ဇိမ်ခံ ပက်လက်ကုလားထိုင်ပေါ် ထိုင်ပြီး တစ်ချိန်လုံး အရက်မှန်း မှိန်း နေတာကြောင့် တယ်လီဖုန်းတောင် ကောက်ကိုင်ဖို့ သတိမရတာ ဖြစ်နိုင်သည် ။ မိမိကတော့ သူ ရက်ပျက်မရှိရလေအောင် ဆိုပြီး စေတနာနှင့် သူ့အလုပ်တွေကို ကူလုပ်ပေးခဲ့ရသည် ။ ယခုလည်း သူ့အတွက် ဘာမျှ အကျအညီပေးရမလဲ ဆိုတဲ့ စေတနာနှင့် ခရီးဝေးကြီးကို ကားမောင်း လာခဲ့ရသည် ။

မစ္စက်ဖစ်ဂျာရယ်က စိတ်ပေါက်ပေါက်ဖြင့် လူခေါ် ခေါင်းလောင်းကို တအား နှိပ်လိုက်သည် ။

ခေါင်းလောင်းမြည်သံ တစ်အိမ်လုံး ညံသွားသည် ။ တံခါးလာအဖွင့်ကို စောင့်နေလိုက်သည် ။ ကမန်းကတန်း ပြေးလာ သော ခြေသံများ နှင့် ခါတိုင်း ကြားနေက၂ အသံဖြစ်သည့် “မှော်နေတာနဲ့ အဆင်သင့်ပါပဲ။ လာပါပြီ၊ လာပါပြီ” ဟူသော အသံများကို ကြားရလေ မလားဟု တံခါးဝသို့ နားရွက်ကပ်ပြီး နားစွင့်နေသည် ။

အတန်ကြာသည် အထိ ဘာသံမှ မကြားရ။ ဇကန္တတော့ သူ အရက်ခွက်ထဲ မှာနေပါပြီ။

သူမက ဒေါက်တာ ဟိုက်ဂလေနှင့် ဒေါက်တာဖူမီတိုတို့ တစ်ယောက် ယောက်က လာပြီး အရေးပေါ် အလုပ်ဝင်ပေးမည်ကို အလွန် ကြောက် သည် ။ သည် အဖြစ်မျိုးက မကြာခဏပင် ကြုံရတတ်သည် ။ ဤသို့ဖြင့် ဒေါက်တာ ဟိုက်ဂလေသည် အက်ဒနာ၏ ဘဝပြဿနာကို ပထမဆုံး သတိပြုမိခဲ့ခြင်း ဖြစ်သည် ။

မစ္စက်ဖစ်ဂျာရယ်က နောက်ထပ်တစ်ကြိမ် လူခေါ် ခေါင်းလောင်းကို နှိပ်လိုက်ပန်သည် ။ သည် အကြိမ်တွင် လည်း ဘယ်လိုမှ တုံ့ပြန်မှု မရှိ။ အက်ဒနာ အိပ်ပျော်နေတာ ဖြစ်နိုင်သည် ။ အေးလိုက်တာကလည်း အရိုးပင် ကွဲလုမတတ်။ အိမ်ပြန်သွားရ ကောင်းမလားဟု ပင် စိတ်ကူး လိုက်သေးသည် ။ လေးကြိမ်တိုင်တိုင် ခလုတ်နှိပ်၍ ဘာမျှ မထူးခြား သောအခါ မစ္စက်ဖစ်ဂျာရယ်က စိုးရိမ်စိတ် ဝင်လာသည် ။

သည် အတိုင်းနေလို့ မဖြစ်တော့ဘူး။ တစ်ခုခုတော့ လုပ်မှ ဖြစ်တော့ မည်။ လာပြီးမှ တော့ အိမ်ထဲ မဝင်ရဘဲနှင့် ပြန်လို့ မဖြစ်တော့ဘူး။ အ ထဲမှာ တစ်ခုခုများ ဖြစ်နေလျှင် ဒုက္ခ။သို့ဖြင့် တစ်ဖက်လမ်းရှိ တိုက်ခန်းအုပ်ချုပ်ရေးမှူး မစ္စတာဂရုပရှက် ထံသို့ ကမန်းကတန်း ပြေးလာခဲ့သည် ။ မစ္စတာဂရုပရှက်မှာ ထမင်းစား ရင်းတန်းလန်း ဖြစ်နေသည် ။ မစ္စက်ဖစ်ဂျာရယ်က အကျိုးအကြောင်း ပြောပြတော့ သူက မထုံတက်သေး လုပ်နေသည် ။ သို့သော် သူ့မိန်းမက ငေတာ့ နံရံတွင် ချိတ်ထားသော သော့တွဲကို လှမ်းယူပြီး ` ကျွန်မ လိုက်ခဲ့မ ယ်” ဆိုပြီး ချက်ချင်း လိုက်လာခဲ့သည် ။ မစ္စက်ဂရုပရှက်က သော့ခလော က်ကို ဖွင့်ပြီး တံခါးရွက်ကို တွန်းဖွင့်လိုက်သည် ။

ထိုအချိန်တွင် ပင် အက်ဒနာကို သူတို့ နှစ်ယောက် မျက်ဝါးထင်ထင် မြင်လိုက်ကြရသည် ။

အက်ဒနာသည် ကြမ်းပြင်ပေါ်တွင် မှောက်လျက်ကြီး လဲနေသည် ။ ဆံပင်ေတွက ဖားလျားကြီး ပြန့်ကျဲနေကြသည် ။ ဦးခေါင်းတွင် လည်း သွေးတွေ ပေကျံနေသည် ။

"ဘုရား ... ဘုရား၊ မြင်မကောင်း ရှုမကောင်းပါလား။ ဘယ်လိုမျှား ဖြ စ်တာပါလိမ့်"

မစ္စက်ဖစ်ဂျာရယ်က မျက်လုံးမျက်ဆန် ပြူးကာ ပါးစပ်ကို လက်ဝါးပိ တ်ပြီး ညည်းတွားလိုက်သည် ။ မစ္စက်ဂရုပရှက်မှာ လည်း ပါးစပ်ဟောင်းလောင်းနှင့် အံ့အားသင့်ကာ ကြက်သေ သေနေမိသည် ။ ခဏကြာတော့မှ သူမက ပြောလိုက်သည် ။

"ဖြစ်မှ ဖြစ်ရလေ အက်ဒနာရယ်၊ မနေ့ညကပဲ ကျွန်မနဲ့ ဒီအခန်းထဲမှာ ထိုင်ပြီး စကားပြောနေခဲ့ကြသေးတယ်။ သူက ကိုယ့်ကို ယဲကို သတ်သေတဲ့ လူနာ အမျိုးသမီးတစ်ယောက် အကြောင်း ကျွန်မကို ပြောပြတယ်။ ပြီးတော့ အဲဒီမိန်းမရဲ့ ယောကျ်ားဆီလည်း ဖုန်းဆက် သေးတယ်။ ခုတော့ .. ခုတော့ .." သူမက တစ်ချက် နှစ်ချက် ရှိုက်လိုက်ပြီး - "သူလည်း သေပါရောလား၊ မယုံနိုင်စရာပါကလား အက်ဒနာရယ်"

*****

≈ အခန်း (၂၀)

ဗင်ဂျီ၏ မိဘများက ခေါင်း၏ လက်ယာဘက်တွင် ရပ်နေကြသည် ။ ခရစ်လူး ဝစ်ကတော့ သူတို့ ဘေးတွင် တွေတွေကြီး ရပ်လျက်၊ မိတ်သင်္ဂ ဟများက အသုဘသတင်း လာမေးကြသည့် ကိုပင် သူက စကားဖြင့် မ တုံ့ပြန်နိုင်။ ခေါင်းညိတ်ရုံမျှသာ ညိတ်နိုင်ရှာသည် ။ဗင်ဂျီ ရုတ်တရက် သေဆုံးသွားကြောင်း သူက ဗင်ဂျီ၏ မိဘများ ထံ ချက်ချင်း တယ်လီဖုန်း ဆက်၍ အကြောင်းကြားခဲ့သည် ။ သူတို့ က သ မီးဖြစ်သူ၏ အလောင်းကို ကျွန်ုပ်အောင် ကြည့်လိုက်ချင်ကြသည် ။ ထို့ကြောင့် သရဏဂုံတင်ပြီးလျှင် ကြီးကြီးကျယ်ကျယ် မဟုတ်ဘဲ သီးသ နှ် မိသားစု အသုဘအခမ်းအနားမျိုးဖြင့်သာ သင်္ဂြိဟ်ရန် သဘောတူခဲ့ကသည် ။

သို့သော် မင်နီယာပိုလစ်မြို့သို့ ခရစ် ရောက်သွားသောအခါ မူလအစီ အစဉ်အတိုင်း မဟုတ်တော့ဘဲ အခြေအနေအရ တစ်မျိုး ပြောင်းနေသ ည် ကို တွေ့ရသည် ။ ဗင်ဂျီ မိဘများ ၏ အစီအစဉ်အရ ယနေ့ညတွင် အလောင်းကို အမျာ း ကြည့်ရှုနိုင်ရန် ပြသထားပြီး မနက်ဖြန်မနက်မှ သရ ဏဂုံတင်ပြီးနောက် သင်္ဂြိဟ်မည်။

"တို့ သမီးကလေး မျက်နှာကို လူတိုင်း ကြည့်ချင်ကြသေးတယ်။ ကြ ည့်ကြပါစေ။ သူတို့ ဝအောင် ကြည့်ပြီးမှ သမီးလေးကို သင်္ဂြိဟ်မယ်။

အောင်မယ်လေး .. အဖြစ်ကဖြင့် ဆိုးလှချေလား သမီးရယ်။ မနေ့ တစ်နေ့ကပဲ အသက်နဲ့ ကိုယ် မြဲနေသေးတာ။ ခုတော့ .. ခုတော့ သမီး လေး မရှိတော့ဘူး .. မရှိတော့ဘူး။ မေမေတို့ ကို ခွဲသွားပြီ။ အဟီး .. ဟီး

ဗင်ဂျီ၏ မိခင်ကြီးက ရှိုက်ကြီးတငင် ငိုနေသည် ။ ဗင်ဂျီသေတာ သ ည် နေ့ပါမှ သုံးရက်သာ ရှိသေးသည် ။ သို့ပေမဲ့ ခရစ်ကတော့ မနေ့က မ နက် အလောင်းကို တွေ့ရသည့် အချိန်ကစပြီး နေ့ရက်တွေ တော်တော်ကြာခဲ့ပြီဟု ပင် ထင်မှတ်နေသည် ။ ။ "ကျွန်မသမီးလေးကို ကြည့်ကြပါဦးရှင်၊ သေတာတောင်မှ ချစ်စရာ ကောင်းနေပါသေးတယ် ရှင်။ ကြည့်ကြပါဦး၊ ကျွန်မ သမီးချောလေးကို ကြည့်ကြပါဦး၊ အဟီး .. အဟီး"

ဗင်ဂျီ၏ မိခင်ကြီးက ခေါင်းနားသို့ ကပ်ကြည့်သော လူတစ်ယောက် ကို ပြောရင်း ငိုပြန်သည် ။

အင်း .. တကယ်လို့ မသေဘဲ အသက်ရှည်နေခဲ့ရင်လည်း အခြေအ နေကတော့ ထင်သလောက် ကောင်းလာနိုင်မှာ မဟုတ်ပါဘူးဟု ခရစ် က တွေးမိသည် ။ ဗင်ဂျီ၏ မိဘများက သူ့အပေါ် လုံးဝ မကျေနပ်ကြော င်း ခရစ်က အကဲခတ်မိသည် ။ သူတို့ က အများ ရှေ့တွင် ဒေါသစိတ်ကို ချုပ်တည်းထားသည့် ကားမှ မိခင်ကြီးက ပေါက်ကွဲလာသေးသည် ။

"ဒီလောက် စိတ်ချမ်းသာနေတဲ့ မိန်းကလေးတစ်ယောက် အနေနဲ့ ကို ယ့်အသက်ကိုယ် သတ်သေရသေးသတဲ့ လား"

သူမ၏ လေသံတွင် တစ်စုံတစ်ဦးကို စွပ်စွဲသံမျိုး ပါနေသည် ။ ဗင်ဂျီ၏ မိဘများမှာ အသက်အရွယ် ကြီးကြပြီ။ လောကဓံ လှိုင်းတံပိုး၏ အရိုက်အထောင်းကို နှစ်ပေါင်း ရှည်ကြာစွာ ခံစားခဲ့ကြရသောကြောင့် ဘဝတွင် တော်တော်ပင် မောပန်းနွမ်းလျနေကြပြီ။ သူတို့ သည် တစ်ဦးတည်းသော သမီးချော လေးကို ငုံထားမတတ်ပင် ချစ်ခဲ့ကြသည် ။ သမီးကလေး စိတ်ချမ်းသာမ ည်ဆိုလျှင် မိမိတို့ က ခြိုးခြံ ဒုက္ခခံပြီး လိုချင်တာကို ရအောင် ဝယ်ပေးခဲ့ကြသည် ။

သူတို့ ၏ သမီးကို တစ်စုံတစ်ယောက်က သတ်သွားခြင်း ဖြစ်ကြောင်း အမှန်အတိုင်း သိရလျှင် အဘိုးကြီးနှင့် အဘွားကြီး ဘယ် လိုများ ခံစားကြရလိမ့်မလဲ။ သူတို့ အား အဖြစ်မှန်ကို လုံးဝ မပြောဘဲ သည် အတိုင်းပင် ထင်ချင်သလိုထင် အလိုက်သင့် နေလိုက်ရ ကောင်းမ လား။

အဘွားကြီးကတော့ သူ့ဆင်ခြေနှင့်သူ စိတ်သက်သာအောင် ဖြေသိမ့် ရှာသည် ။

"ဖြစ်ပုံက အဲဒီအချိန်မှာ ခရစ်ကလည်း ခရီးထွက်နေရတယ်။ ကျွန်မ တို့ ကလည်း အဝေးကြီးမှာ ။ ဒီကြားထဲ သမီးလေးက သိပ်ပြီး နေထိုင်မ

ကောင်း ဖြစ်လာတော့ စိတ်သက်သာရာ သက်သာကြောင်းနဲ့ တစ်ခုခုကို သွားသောက်မိတာ ဖြစ်မှာ ပဲ"

သော် .. လောက လောက၊ လူတိုင်းက အမှန်တရားကို လှည့်ဖြား လိ မ်ညာနေတဲ့ လောက။ ခရစ်က မသိမသာ သက်မတစ်ချက် ချလိုက်မိသ ည် ။

သူက ဂျူန်းအား အမှန်ကို ပြောပြလိုက်သည် ။ ဗင်ဂျီ အကြောင်း ကြားရတော့ သူမသည် အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်သွားခဲ့သ ည် ။ အတန်ကာသည် အထိ စကားပင် မပြောနိုင်အောင်ပင် ခံစားခဲ့ရသည် ။ ပြီးတော့မှ သူမက စိုးရိမ်တကြီးနှင့် မေးသည် ။ "ကျွန်မတို့ အကြောင်း သူ သိသွားသလားဟင်" "အတိအကျတော့ မသိဘူး၊ သံသယတော့ ဝင်နေတယ်"

သောကြာနေ့ ညနေဆိုလျှင် ဖလော်ရီဒါမှ ဂျူန်း ပြန်ရောက်လာတော့ မည်။ သူလည်း အသုဘ သဂြိုဟ်ပြီးလျှင် နယူးဂျာစီသို့ မနက်ဖြန်ညနေ ပြန်သွားရမ

ည်။

ဂျွန်းနှင့် အရင်တွေ့ရမည်။ သည် အမှုထဲ သူမပါ ပါဝင်ပတ်သက် လာနိုင်ြ
ကာင်း သတိပေးရမည်။ ပြီးတော့မှ ရဲဌာနသွားပြီး အဖြစ်မှန် ကို ပြောသင့် ြ
ပါရမည်။

ဗင်ကျီအား သူ သတ်ကြောင်း ခိုင်လုံသော အကြောင်းတစ်ခုခု ရရှိရန် ရဲဘက်
က ရှာဖွေနေသည် ။ သူသည် ဂျန်းနှင့် နေချင်၍ ဗင်ကျီကို သတ်

တာ ဖြစ်ရမည်ဟု သူတို့ က ယူချင်နေကြသည် ။ သည် အမှုထဲ စျာန်းပါ ပါဝင်
လာလျှင် ဗင်ကျီ၏ မိဘများ အနေဖြင့် သူ့အပေါ် တွင် ပို၍ ဒေါသထွ က်မိကြမ
ည်မှာ သေချာသည် ။ ဘာပဲဖြစ်ဖြစ် သူတစ်ယောက်တည်း ကျုံးခံလိုက်တာပဲ
ကောင်းမည် ထင်သည် ။ နို့မဟုတ်လျှင် အပြစ်မဲ့သော ဂျုန်းအပေါ် မတရား
ရာ ကျလိမ့်မည်။ ဒါနဲ့ ဗင်ကျီဟာ တခြားယောကျ်ား တစ်ယောက်ယောက်နဲ့
များ အဆက်အသွယ် ရှိနေခဲ့လေသလား။ ခရစ် က ခေါင်းဖွင့်ထားသော အေ
လာင်းကို မသိမသာ တစ်ချက် စောင်းကြည့် လိုက်သည် ။ ဗင်ကျီသည် ရင်ဘ
တ်ပေါ် တွင် လက်နှစ်ဖက်ယှက်ကာ မနိုး

သော အိပ်ခြင်းဖြင့် ငြိမ်သက်စွာ အိပ်စက်လျက် ရှိသည် ။ သူမ၏ မျက်နှာက
လည်း ပကတိ ငြိမ်းချမ်းသော အသွင်ကို ဆောင်နေသည် ။ သူနှင့် ဗင်ကျီတို့
သည် လင်နှင့်မယား ပုံစံမျိုးဖြင့် မနေခဲ့ကြသည် မှာ သုံး လေးနှစ် ရှိခဲ့ပြီ။ နှစ်ေ
ယာက်သား တကျက်ကျက်ပင် ရန်ဖြစ်ခဲ့ကြရသည်

။ သူက အခန်းပြောင်း၍ တစ်ယောက်တည်း အိပ်ရန် ပြောပြသောအခါ ဗင်ကျီ
မှာ ယမ်းပုံမီးကျ ဖြစ်ခဲ့ရသည် ။ ဗင်ကျီက ကလေး လိုချင်သည် မှာ အရူးအမူး ြ
ဖစ်နေသည် ။

သည် လိုနှင့် သူတို့ နယူးဂျာစီသို့ ပြောင်း လာပြီးနောက် နှစ်လအကြာတွင် ဗ
င်ကျီမှာ ကိုယ်ဝန် ရှိလာသည် ။ ။

ပထမတော့ သူက အိမ်ထောင်ရေး ပြေလည်အောင် နောက်ဆုံးအကြိမ်အဖြစ်
အစွမ်းကုန် ကြိုးစားကြည့်သေးသည် ။ ဗင်ကျီ အပေါ် တွင် လည်း တတ်နိုင်သ
မျှ လိုက်လိုက်လျောလျော ဆက်ဆံသည် ။ သို့သော် နွေရာသီရောက်တော့
အခြေအနေက ပြန်လည် တင်းမာလာပြန်သည် ။ ဩဂုတ်လထဲ ရောက်တော့
နှစ်ယောက်သား စ ကားပင် မပြောတော့။ သည် အတောအတွင်း သူသည် ဗ
င်ကျီနှင့် တစ်အိ ပ်ရာတည်းတွင် တစ်ညသာ အိပ်လိုက်သည် ။ဆယ်နှစ်လုံးလုံး
ကိုယ်ဝန် လုံးဝ မရှိဘဲ နေခဲ့ပြီးတော့မှ ယခု ကော က်ကာင်ကာ ဖြုန်းခနဲ ကို
ယ်ဝန်ရှိလာသည် မှာ အံ့ဩစရာတော့ ကော င်းလှသည် ။ ရိုးမှ ရိုးပါရဲ့ လား။

သူက တစ်နေ့ထက် တစ်နေ့ သံသယ ဝ င်လာမိသည် ။ဗင်ကျီဟာ တခြားလူတ စ်ယောက်နဲ့ တိတ်တဆိတ်ဖြစ်ပြီး ရတဲ့ ကိုယ် ဝန်များ ဖြစ်လေသလား။ သူတို့ နှစ်ယောက် ရန်ဖြစ်ပြီး ဟိုလူက ဗင်ကျီနဲ့ ကလေးကို တာဝန်မယူဘဲ ပစ်ထားခဲ့ တာမျှား လား။ ဗင်ကျီက သူ့ကို ယူခို င်းတော့ ဟိုလူက မယူနိုင်တာကြောင့် စိ တ်ညစ်ပြီး သူ့ဘဝကိုသူ အဆုံးစီ ရင် သွားတာမျှား လား။

ခရစ်သည် အသုဘရှု လာရောက်ကြသော မိတ်သင်္ဂဟများ နှင့် လ က်ဆွဲ နှုတ် ဆက်လိုက်၊ ခေါင်းညိတ်လိုက်၊ ကျေးဇူးတင်စကား ပြောလိုက် လုပ်နေသော် လည်း သူ့စိတ်ကတော့ လွင့်ချင်တိုင်း လွင့်နေသည် ။ ထိုပုဂ္ဂိုလ်များ ၏ မျ က်နှာကိုပင် မမြင်မိနိုင်အောင် ဖြစ်နေသည် ။ "ကျုပ် အမျှားကြီး စိတ်မကော င်း ဖြစ်မိပါတယ် ခရစ်" သူ့အား လူကြီးတစ်ယောက်က လက်ဆွဲနှုတ်ဆက်ရ င်း လာပြောသ ည် ။

ထိုပုဂ္ဂိုလ်မှာ အသက်ခြောက်ဆယ်လောက် ရှိပြီ။ ကိုယ်လုံးကိုယ်ထ ည် ခပ်သွ ယ်သွယ်နှင့် ကျက်သရေရှိသော ရုပ်ရည်မျိုး ဖြစ်သည် ။ သူ့ဆံ ပင်က တော်ဝ တာ် ဖြူနေပြီ။ မျက်ခုံးထူထူနှင့် စူးရှတောက်ပသော မျက် လုံးပိုင်ရှင် ဖြစ်သ ည် ။ သူက ဆက်ပြောသည် ။

"ကျုပ်က ဒေါက်တာဆလင်းပါ၊ အင်မက်ဆလင်း။ ဗင်ကျီဟာ ကျုပ် မွေးပေးခဲ့ တဲ့ မိန်းကလေးတွေထဲမှာ အလှဆုံး မိန်းကလေး တစ်ယောက် ပဲ။ သူ့ရုပ်က ဘယ်တော့မှ မပြောင်းဘူး။ မွေးခါစကလည်း ချောတာပဲ။ ခုလည်း ချောတုန်း ပဲ။ တနလ်ာနေ့က ကျုပ်ဆီ သူ ဖုန်းဆက်တော့ ကျုပ် က ဆေးခန်းမှာ မရှိ ဘူး။ အဲဒါပဲ တွေ့ပြီး ကျုပ် စိတ်မကောင်းဖြစ်လို့ မ ဆုံးဘူး" ခရစ်က ဒေါက် တာဆလင်းအား စိုက်ကြည့်လိုက်ပြီး - "သူက တနလ်ာနေ့က ဒေါက်တာ့ဆီ ဖု နှ်းဆက်တယ် ဟုတ်လား" "ဟုတ်တယ်၊ သူ ဆက်တယ်။ ကျုပ်ရဲ့ သူနာပြု ဆရာမနဲ့ စကားပြော ဖြစ်တယ်။ သူ တော်တော် စိတ်ညစ်နေပုံရတယ်လို့ သူ နာပြု ဆရာမက ကျုပ်ကို ပြန်ပြောတယ်။ သူက ကျုပ်ကို တော်တော် တွေ့ချ င်နေတယ်။ အဲဒီနေ့က ကျုပ်က ဒက်ထရိုက်မှာ အစည်းအဝေး သွားတက်ရ နရတယ် ။ ကျုပ်နဲ့ သာ တွေ့လိုက်ရရင် သူ ဒီလိုဖြစ်ချင်မှ ဖြစ်လိမ့်မယ်"

"ဗင်ကျီက ဒေါက်တာဆလင်းနဲ့ ဘာကြောင့် တွေ့ချင်ရတာလဲ။ ဘာကြောင့် တွေ့ချင်ရတာလဲ" ခရစ် စဉ်းစားလို့ မရအောင် ဖြစ်မိသည် ။

နှစ်ပေါင်းများ စွာ အဆက်အသွယ် ပြတ်နေတဲ့ ဆရာဝန်တစ်ယော က်ဆီ သူက ဘာဖြစ်လို့ ပြန်လာချင်ရတာလဲ။

သူမက ကျန်းမာရေးတော့ မကောင်းဘူး။ အဲဒီလို ဆိုလျှင်လည်း ဘ ယ်ဆရာ ဝန်နှင့်မဆို အချိန်မရွေး သွားတွေ့နိုင်တာပဲ။ အခုလို ၁၃ မိုင်ခ ရီးက ဆရာဝ

နဲ့နှင့်မှ ဘာဖြစ်လို့ တွေ့ချင်ရတာလဲ။ "ဗင်ကျီ တော်တော်ပဲ နေမကောင်း ဖြစ်နေလို့ လား"

ဒေါက်တာဆလင်းက ခရစ်၏ မျက်နှာကို တအံ့တသြ ကြည့်ရင်း မေးလိုက်သည် ။ ။

သူက ခရစ်၏ အဖြေကို စောင့်နေသည် ။ "သူ နေမကောင်း မဖြစ်ပါဘူး။ ဒေါက်တာ သိတဲ့ အတိုင်း သူ့မှာ ကို ယ်ဝန်ရှိနေတော့ ကိုယ်ဝန်ဆောင်တိုင်း ခံစားရတဲ့ ဝေဒနာလောက်တော့ ရှိမှာ ပေါ့။ သူ့ကိုယ်ဝန်က အစကတည်းက မလွယ်တဲ့ ကိုယ်ဝန်ပါ" "ဘာ ဘာ ဘယ်လို ..." ဒေါက်တာက ကမန်းကတန်း မေးလိုက်သည် ။ "သူ့အကြောင်း ကျွန်တော် အားလုံး သိပါတယ်။ သူ ကိုယ်ဝန်မဆော င်နိုင်တော့ဘူး ဆိုတာ သူ စိတ်တုံးတုံး ချထားပြီးပါပြီ။ ဒါပေမဲ့ နယူးဂျာ စီရောက်တော့ သူက ဝက်စ်လိတ်ခ် သားဖွားနှင့် ကိုယ်ဝန်ဆောင် ဆေးရုံနဲ့ အဆက်အသွယ် လုပ်တယ်။ အဲဒီက ဒေါက်တာ ဟိုက်ဂလေ၊ ဒေါက်တာ အက်ဂါဟိုက်ဂလေ ဆိုတာ ဒေါက်တာ ကြားဖူးပါလိမ့်မယ်"

ထိုအခိုက် သူတို့ အနားသို့ စဏ္ဍာလခေါင်း ရုတ်တရက် ရောက် လာပြီး - "ကပ္ပတိန်လူးဝစ်၊ ခင်ဗျားနဲ့ ကျုပ် စကားတစ်ခွန်း ပြောပါရစေ" "ကျွန်တော့်ကို ခွင့်ပြုပါ ဒေါက်တာ" ခရစ်က ဒေါက်တာဆလင်းအား တောင်းပန်ပြီး စဏ္ဍာလခေါင်းနော က်သို့ လိုက်လာခဲ့သည် ။ စဏ္ဍာလခေါင်းက ခရစ်အား အသုဘပြင်ဆင်ထားသော အခန်းနှင့် ကပ်လျက် သီးသန့်ခန်းသို့ ခေါ် လာခဲ့သည် ။

"ကျုပ်ဆီကို အခုပဲ တယ်လီဖုန်းလာတယ်။ နယူးဂျာစီပြည်နယ်၊ ဗ ယ်လီခရိုင်၊ အစိုးရ ရှေ့နေကြီးရုံးက ဆက်တာ။ တရားဝင်စာတော့ နော က်မှ ရောက်လာလိမ့်မယ်။ တယ်လီဖုန်းဆက်တဲ့ အကြောင်းရင်းက

တော့ ခင်ဗျားဇနီးအလောင်းကို သင်္ဂြိုဟ်ခွင့်မပြုတဲ့ အကြောင်းပဲ။ အဲဒါ မနက်ဖြန် သရဏဂုံတင် အခမ်းအနား ပြီးရင် ပြီးချင်း အလောင်းကို လေယာဉ်နဲ့ တင်ပြီး ဗယ်လီခရိုင်၊ မှုခင်းဆိုင်ရာ ဆရာဝန်ကြီးရုံးသို့ အ ရောက် ပြန်ပို့ရမယ်လို့ ညွှန်ကြားလိုက်တယ်"

အင်း .. ဒီအတိုင်းဆိုရင် ဒီအမှုဟာ ကိုယ့်ကိုယ်ကို သတ်သေတဲ့ အမှု မဟုတ်ဘူး ဆိုတာ သူတို့ သိသွားကြပြီဟု ခရစ်က တွေးလိုက်မိသည် ။

သူတို့ အားလုံး သိကုန်ကြပြီ။ ဘာမှ ဘူးကွယ်စရာ မရှိတော့ဘူး။ သောကြာနေ့ညမှာ ဂျွန်းနဲ့ တွေ့ပြီးတော့ အကြောင်းစုံ ပြောပြမယ်။ ပြီး တော့ ခရိုင်အစိုးရရှေ့နေရုံး သွားပြီး သူ သိထားတာတွေ အားလုံး ပြောပြလိုက်တော့မယ်။ သံသယ ဖြစ်စရာတွေကိုလည်း တစ်ခုမကျန် ဖွ င့်ပြောလိုက်တော့မယ်။ သူက စဏ္ဍာလခေါင်းအား ဘာစကားမှ ပြန်မပြောတော့ဘဲ အခန်းထဲမှ ကမန်းကတ

နဲ်း လှည့်ထွက်လာခဲ့သည် ။ သူက ဒေါက်တာဆလင်းနှင့် စကားပြော်ချင်သေး သည် ။

ဒေါက်တာ့ ရုံးခန်းမှ သူနာပြု ဆရာမကို ဗင်ဂျီက တယ်လီဖုန်းဖြင့် ဘာတွေ ြေ ပါသွားသလဲ ဆိုတာကို သူ သိချင်သည် ။

သို့ပေမဲ့ အခန်းထဲတွင် ဒေါက်တာဆလင်း မရှိတော့။ ပြန်ထွက်သွားပြီ။

ဒေါက်တာက ဗင်ဂျီ၏ မိဘများ နှင့်ပင် ဘာစကားမျှ မပြောတော့ဘဲ တစ်ချိုး တည်း လှည့်ပြန်သွားသည် ။ ဗင်ဂျီ၏ မိခင်ကြီးမှာ မျက်ရည်တွေ့ ကို လက်ကို င်ပဝါနှင့် သုတ်ရင်း တရှုပ်ရှုပ် ငိုရှိုက်နေသည် ။

သူမက ခရစ်၏ မျက်နှာကို စေ့စေ့ကြည့်ပြီး ဒေါသသံဖြင့် မေးလိုက် သည် ။ ။

"မင်းက ဒေါက်တာဆလင်းကို ဘာတွေ့ ပြောလိုက်တာလဲ။ သူက ဘာမပြော ညာမပြောနဲ့ ချက်ချင်း ပြန်ထွက်သွားတယ်။ သူ စိတ်မကော င်းဖြစ်အောင် မ င်းက ဘာတွေ့ ပြောလိုက်ရတာတုန်း .. ဟင် "

*****

≈ အခန်း (၂၁)

သူသည် ဗုဒ္ဓဟူးနေ့ ညနေတွင် အိမ်သို့ ၆ နာရီ ရောက်သည် ။ အိမ် ဖော် ဟီလ ဒါလည်း အလုပ်ပြီး၍ အိမ်ပြန်ရန် ထွက်ခွာစ ရှိသေးသည် ။ သူမသည် သူမ၏ မျက်နှာကြီးကို တည်သည် ထက် တည်အောင် တ င်းထားသည် ။

သူက ဟီလဒါကို ဘယ်တော့မှ အရောမဝင်။ အမြဲတမ်း မှန်မှန်တင်း တင်းသာ ဆက်ဆံသည် ။ သူမသည် လက်ရှိအလုပ်ကို သဘောကျကြော င်း သူ သိသ ည် ။ ဆွဆူပူပူ လုပ်မည့် ကလေးလည်း တစ်ယောက်မှ မရှိ၊ တစ်ချက်ကလေး မှ အငြိမ်မနေရအောင် လက်ညှိုးတငေါက်ငေါက်နှင့် ဩဇာပေးမည့် အိမ်ရှင် မကလည်း မရှိ၊ ပြီးတော့ သိပ်ပြီး ပင်ပင်ပန်းပန်း လုပ်စရာ သိပ်မလိုသော၊ အြ မဲတမ်း သန့်ရှင်းသပ်ရပ်နေသော သည် လို အိမ်ကြီးမျိုးတွင် အလုပ်မလုပ်ချင် တဲ့ အိမ်စေ ဟူ၍ ရှိပါ့မလား။

သူသည် စာကြည့်ခန်းထဲသို့ ဝင်လာခဲ့သည် ။ ဝီစကီအရက် တစ်ခွက် ငဲ့ပြီး ပြ တင်းပေါက်တွင် ရပ်ကာ အပြင်သို့ ကြည့်လိုက်သည် ။ ဟီလဒါ သည် သူမ၏ လမ်းပေါ် တွင် အိပဲ့ အိပဲ့ လျှောက်ရင်း ဘတ်စ်ကား ဂိတ်ဘ က်သို့ သွားနေသ ည် ။ မကြာမီတွင် သူမကို မျက်ခြည်ပြတ်သွားသည် ။ အရက်ကို တစ်ကျိုက်ချ င်း ဖြည်းဖြည်း သောက်ရင်း သူ့စိတ်က အတိတ် ကာလဆီသို့ ပြန်ရောက်သွား သည် ။

သူ့မိခင်သည် သူ့ကိုမွေးပြီး ချက်ချင်း ကွယ်လွန်သွားခဲ့သည် ။ ထို့ကြောင့် သူက ဆေးပညာကို ယူခဲ့သည် ။ သူ စကားတတ်သည့် အရွ ယ်မှ စ၍ သူ့ဖခင် က သူ့မိခင်အကြောင်းကို ပုံပြောသလို မကြာခဏ ပြောပြခဲ့သည် ။

"သားမေမေက သားကို သိပ်ချစ်တာ။ သားကို မွေးရင် သူ့အတွက် အသက် အန္တရာယ် ရှိတယ် ဆိုတာ သူ သိတယ်။ ဒါပေမဲ့ သူက သူ့အသ က်ထက် သား ကို ပိုချစ်ခဲ့တယ်"

သူ့ဖခင်က ပရဆေးဆရာ။ ဘရိုက်တန်မြို့တွင် ပရဆေးဆိုင် ဖွင့် ထားသည် ။ သူသည် ဆေးဆိုင်၌ ဖခင်အနီးတွင် ထိုင်ကာ တွတ်တီးတွ တ်တာဖြင့် မေးခွ န်းတွေ တရစပ် မေးတတ်သည် ။

"ဒါက ဘာဆေးလဲ ဖေဖေ။ ဒီဆေးလုံးက ဘာအတွက်လဲဟင်။ ဒီပု လင်းတွေ မှာ အထူးသတိ ဆိုတဲ့ တံဆိပ်တွေ ဘာလို့ ကပ်ရတာလဲ ဖေဖေ

သူက သူ့ဖခင် ဆေးဖော် ဆေးစပ် လုပ်နေသည် ကို ကြည့်ပြီး အလွန် စိတ်ဝင်စားနေသည် ။ ဖခင်ဖြစ်သူ ပြောပြသမျှကိုလည်း စိတ်ပါလက်ပါ မှတ်သားသည် ။ ဖခင်ကလည်း သားငယ်အား နားလည်အောင် စိတ်ရှ ည်လက်ရှည် ရှင်းပြသည် ။သူ့ဖခင်သည် တစ်လောကလုံးတွင် ဆေးဖော်ဆေးစပ် ပညာရပ် တစ်ခုတည်းကိုသာ တတ်ကျွမ်းသည် ။ ဆေးပညာသည် သူ့ဘဝ၊ သူ့လော က။

သူသည် လည်း ဖအေတူ သားမို့ ငယ်စဉ်ကပင် ဆေးပညာကို ဝါသ နာပါခဲ့သည် ။ သို့ဖြင့် အထက်တန်းအောင်တော့ ဆေးတက္ကသိုလ် တက် သည် ။ တစ်တန်းလုံးတွင် ဆယ်ရာခိုင်နှုန်းသာ အောင်မြင်သည့်အနက်သူက ထိပ်ဆုံးမှ ပါသည် ။ ဆေးပညာဘွဲ့ ရရှိပြီးနောက် လန်ဒန်နှင့် ပ လက်စကိုမြို့မှားမှ နာမ ည်ကြီး ဆေးရုံမှား ၌ အလုပ်သင် ဆရာဝန်အဖြ စ် ဝင်လုပ်ရန် ကမ်းလှမ်းခြင်း ခံရသည် ။ သို့သော် သူက ဒီဗွန်မြို့မှ ခရိ က်စ်ဆေးရုံကိုသာ ရွေးချယ်ခဲ့လေ သည် ။

ယင်းဆေးရုံမှာ ခေတ်မီပစ္စည်းကိရိယာမျှား ပြည့်စုံသော ဓာတ်ခွဲခန်း ကြီး ရှိသည် ။ ထို့ကြောင့် သူ့အဖို့ သုတေသနနှင့် လက်တွေ့ ပညာရပ်မျှား စွာကို ထိရောက်စွာ လေ့လာလုပ်ကိုင်နိုင်ခွင့် ရခဲ့သည် ။ နောက်တော့ ယင်းဆေးရုံတွင်ပင် အမြဲတမ်း အလုပ်ဝင်ခဲ့သည် ။

ကျွမ်းကျင်သော သားဖွားပါရဂူ သမားတော်အဖြစ် နာမည်ကျော်ကြား လာခဲ့သည် ။သူသည် ကိုယ်ပိုင်တီထွင်ချက် အဖြစ်ဖြင့် စမ်းသပ်မှုတစ်ရပ်ကို စီမံ ကိန်းချ၍ စတင် လုပ်ကိုင်ခဲ့သည် ။ သို့သော် လက်တွေ့ စမ်းသပ်ရန် အခါ က်အခဲတွေ့ ရှိနေ၍ မှန်းသလောက် မပေါက်ရောက်ဘဲ နှောင့်နှေးကြန့်ကြာ နေခဲ့ရသည် ။ ။ အသက်နှစ်ဆယ့်ခြောက်နှစ် အရွယ်တွင် “ကလျာ” ဆိုသော မိန်းကလေးနှင့် လက်ထပ်သည် ။ ကလျာသည် ဆပ်ဆက်နယ်စားနှင့် ဝမ်းကွဲ မောင်နှမ တော်စပ်သော သူကောင်းမျိုးဝင် အထက်တန်းလွှာ အမျိုးသ မီးကလေး ဖြစ်သည် ။ ။

ဇာတိပုည ဂုဏ်မာနအားဖြင့် သူ့ထက် အလွန်မြင့်သော်လည်း သူ၏ ထူးချွန်မှု ဂုဏ်သတင်းနှင့် အနာဂတ် အလားအလာတို့ ကြောင့် သူတို့ နှ စ်ယောက် ချွေနှင့်မြလို ဂဟေဆက်၍ ပန်းတင့်ခဲ့ကြသည် ။

သို့သော် သူတို့ မောင်နှံအဖို့ ဖူးစာဆုံသော်လည်း ကံကြမ္မာက မတ ရားဖန်ခဲ့သည် ။

ကလျာသည် ဘယ်တော့မှ ကလေးမရနိုင်သော အမြဲမကလေး။ သူ က ကလေးတွေ့ မွေးထုတ်ပေးရသော သားဖွားပါရဂူ ဆရာဝန်။ သူ့ရုံးခါ နီးထဲတွင် ဆိုလျှင် ချစ်စရာကောင်းသော မွေးခါစ ကလေးငယ်မျှားကို အမျိုးစုံ ဓာတ်ပုံရို

က်ခဲ့ ချိတ်ဆွဲထားသည် ။ သို့ပါလျှက် သူကတော့ တစ် သက်လုံး သာသမီး မ ရနိုင်သော လူတစ်ယောက်အဖြစ်ဖြင့် ဘဝတုံးရ တော့မည်။

နောက်ပိုင်းတွင် သည် အကြောင်း အပါအဝင် အခြားသော အကြော င်းအမျိုး မျိုးကြောင့် သူတို့ လင်မယား ဆက်ဆံရေး ပြိုကွဲလာခဲ့သည် ။ တကယ်တော့ ကလျာက သူ့ကို ညာခဲ့သည် ။ သူမ တစ်သက်တွင် ဘယ်

တော့မှ ကလေးမရနိုင်ကြောင်း သူတို့ လက်မထပ်ခင်ကပင် သူမ သိခဲ့ သည် ။ သို့သော် သည် အကြောင်းကြောင့်ပင် သူက သူမအပေါ် ကြည့်မ ရအောင် အ မုန်းပွားခဲ့ခြင်း ဖြစ်သည် ။သူသည် စိတ်မချမ်းသာစွာဖြင့် ပြတင်းပေါက်မှ မျ က်နှာလွှဲလိုက်သည် ။ ။

သည် ညလည်း လေထန်ပြီး အရိုးကွဲမတတ် ချမ်းအေးတဲ့ ည ဖြစ်ဦး မှာ ပဲ။ ၁၂ လရာသီတွင် ဖေဖော်ဝါရီလသည် အတိုဆုံးလ ဖြစ်သည် ။ သို့ သော် သူ့အဖို့ တော့ အရှည်ဆုံးလ ဖြစ်နေသည် ။

သည် ကိစ္စတွေ အားလုံး အေးငြိမ်းသွားလျှင်တော့ အပန်းဖြေ ခရီးရှ ည်ထွက် မှ ဖြစ်တော့မည်။ သူ တော်တော် ပင်ပန်းနေပြီ။ စိတ်ရော ကိုယ် ရော အနားမ ရအောင် ပင်ပန်းနေပြီ။

ယနေ့မနက် အက်ဒနာ နေမကောင်းရှိ အလုပ်မလာနိုင်ကြောင်း ဖုန်းဆက်သ ည် ဟု မစ္စက်ဖစ်ဂျာရယ်က သူ့ကိုပြောတော့ သူ့အနေဖြင့် ဣန္ဒြေမပျက်အော င် မနည်း ထိန်းထားလိုက်ရသည် ။ စိတ်လှုပ်ရှားလွန်းသဖြင့် စားပွဲဇနီးကို လ က်ဆုပ်ကိုင်ပြီး စိတ်ငြိမ်အောင် ထိန်းထားလိုက် ရသည် ။

သူက မစ္စက်ဖစ်ဂျာရယ်အား မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး - "ဒီနေ့ အ က်ဒနာ မလာနိုင်တာ တော်တော် ဆိုးတာပဲ။ ဒါပေမဲ့ မနက် ဖြန်တော့ လာနို င်ကောင်းပါရဲ့ "

သူ့စကား တော်တော် အလုပ်ဖြစ်သွားသည် ။ မစ္စက်ဖစ်ဂျာရယ်က နှုတ်ခမ်း ကို လျှာနှင့် လျက်ပြီး မျက်စိ ပေကလတ် ပေကလတ်နှင့် ကြည့် နေသည် ။ အ က်ဒနာ မလာ၍ ဒေါက်တာ ဒေါသထွက်နေသည် ဟု သူမ က ယူဆသည် ။ ပြ ီးတော့ အက်ဒနာ အရက်သောက်လွန်သည့် ကိစ္စနှင့် ပတ်သက်၍ ဒေါက်တာ က ရက်ရက်စက်စက် ပြစ်တင် ပြောဆိုခဲ့တာ တွေကိုလည်း သူမ သိထားသည် ။ တကယ်တော့ မစ္စက်ဖစ်ဂျာရယ်သ ည် သူ့အတွက် မဟာမိတ် ဖြစ်နိုင်သည် ။ သူ့အတွက် အသုံးဝင်နိုင်သည်

"မစ္စက်အက်ဒနာ မလာနိုင်ကြောင်း အန်တီက ဒေါက်တာ ဟိုက်ဂ လေကို ေ ပါပြီတော့ သူက ဘယ်လို တုံ့ပြန်ပါသလဲ" ဟု ရဲအရာရှိက မေးသောအခါ မစ္စ

ကဲဖစ်ဂျာရယ်က - "ဒေါက်တာ တော်တော်ပဲ စိတ်ဆိုးပါတယ်။ သူက အင်မတန် စနစ်ကြီးတဲ့ ပုဂ္ဂိုလ်"

ဟူ၍ ပြန်ဖြေခဲ့သည် ။ မစ္စက်ဖစ်ဂျာရယ် ဖြေပုံကောင်းသည် ။ သူ့အတွက် [illegible] ကိုတင်ကာကွ ယ်ပြီးသား ဖြစ်သွားသည် ။ ပြီးတော့ ပျောက်နေသော ဖိနပ်တစ်ဖက်။ သူ သည် နေ့မနက် အစောကြီးက ဆေးရုံသို့ သွားပြီး ကားရပ်ကွက်လပ်မှာ ရော ရုံးခန်းထဲမှာ ပါ ထပ်ရှာခဲ့သေးသည် ။

တနလ်ာနေ့ညက သူ့ရုံးခန်းထဲ ဗင်ဂျီဝင်လာသောအခါ ယင်းဖိနပ် ပါမှ ပါပါရဲ့လား။ သည် အချက်ကို သူက သေသေချာချာ မသိ။ သူ မှတ် မိတာကတော့ ဗင်ဂျီသည် ထိုညက ဂါဝန်အင်္ကျီရှည်ကြီးနှင့် အနွေးထည် အပေါ် အင်္ကျီတို့ ကို ဝတ်လာခဲ့သည် ။ ဂါဝန်ကလည်း အဆမတန် ပွနေ သည် ။ အပေါ် အင်္ကျီက လည်း ဗိုက်ပေါ် တွင် တင်နေသည် ။

သူမက ဂါဝန်မ၍ ရောင်နေသော ညာဘက် ခြေထောက်ကို ပြသည် ။ ယင်းခြေထောက်တွင် စွပ်ဖိနပ် စီးထားသည် ကို သူ သတိပြုမိသည် ။ သို့သော် ဘယ်ဘက် ခြေထောက်တွင် ဖိနပ်စီးထား၊ မထား ဆိုတာကို

တော့ သတိမပြုမိလိုက်။ (အကယ်၍ သူမ၏ အလောင်းကို ကားထဲသို့ သယ်ယူတုန်းက ကားရ ပ်ကွက်လပ်တွင် ကျွတ်ကျကျန်ရစ်ခဲ့တာ ဖြစ်လျှင်တော့ ယင်းဖိနပ်ကို တစ်ယောက်ယောက် ကောက်သွားနိုင်သည် ။ ဒါမှ မဟုတ် အဆောက် အအုံ ပြုပြင်ရေးလုပ်သားက တွေ့ပြီး လှုင့်ပစ်လိုက်တာလည်း ဖြစ်နိုင်သ ည် ။)

ဗင်ဂျီအား ကားနောက်ခန်းထဲမှ ထုတ်ပြီး ကားရုံထဲမှ တစ်ဆင့် အိမ် ထဲ သယ်ယူသွားချိန်တွင် တစ်စုံတစ်ရာနှင့် တိုက်မိပြီး ဖိနပ်ကျွတ်ကျ ကျ နှ်ခဲ့တာမျှားလား။

ဒေါက်တာဖူဂီတို ရုံးခန်းမှ ဗင်ဂျီ ပြန်ထွက်လာကတည်းက ဖိနပ်ပါမ လာခဲ့လျှင်လည်း ဘယ်ဘက်ခြေထောက်မှ ခြေအိတ်တွင် ညစ်ပေစွန်းထ င်းနေမည် ဖြစ်သည် ။ အကယ်၍ ယင်းသို့ ရှိနေခဲ့လျှင် သူမ၏ အလောင်းကို အိပ်ရာပေါ် ချသောအချိန်တွင် သူက သတိပြုမိဖို့ ကောင်း သည် ။

ဗင်ဂျီ၏ ညာဘက်ခြေထောက်မှ သူ ချွတ်ယူလာခဲ့သော ဖိနပ်တစ်ဖ က်ကို ရဲက တွေ့သွားမှ ဖြင့် ဟူသော အတွေးကြောင့် အတော်ကလေး တုန်လှုပ်သွားမိသည် ။ အမှန်ကတော့ သူ အလွန်မှားခဲ့သည် ။ သည် မှျ စွန့်စားရသော ရာဇဝတ်မှုကြီးကို ကျူးလွန်ခဲ့ပြီးမှ သဲလွန်စ ဖြစ်နိုင်သော သည် ပစ္စည်းကို ယူလာခဲ့မိတာ သူ စိတ်ကူးဉာဏ် မရှိရာ ရောက်နေသ ည် ။ ။

ယခု ယင်းဖိနပ်သည် သူ့ကားနောက်ခန်းမှ လက်ဆွဲအိတ်ထဲတွင် ရှိ နေသည် ။ ယင်းဖိနပ်ကို ဘယ်လို လုပ်ပစ်ရမလဲ။ သူ ဘာမျှ မဆုံးဖြတ်နိုင်အောင် ဖြစ်နေသည် ။ ပျောက်နေသော ဖိနပ် ပြန်မရမချင်း၊ ဒါမှ မဟုတ် ယင်းဖိနပ် ဘယ် သူ့လက်ထဲမှ မရောက်ဘူး ဆိုတာကို အတိအကျ သိ ရပြီးမှ သာ သူ့လက်ထဲမှ ဖိနပ်ကို ဘယ်လို ထုတ်ပစ်ရမည် ဆိုတာ ဆုံးဖြ တ်နိုင်မည် ဖြစ်သည် ။

ယခုအချိန်တွင် ရဲအဖွဲ့မှ ပိုက်စိပ်တိုက်၍ ထောက်လှမ်း စစ်ဆေးနေ သည် ။ သို့သော် သူ့ကို ဖမ်းဆီးနိုင်လောက်အောင် ဘာအထောက်အ ထားမျှ ခိုင်ခိုင် လုံလုံ မရနိုင်ကြသေး။ သည် အတိုင်းဆိုလျှင် သူ့ကို ဘယ်

တော့မှ ဖမ်းမိနိုင်စရာ မရှိ။ သူ့လုပ်ရပ်က အလွန်ပိရိသည် ။ အလွန်စေ့စ ပ်သည် ။ သူ့ရုံးခန်းထဲတွင် ဗင်ကျီ၏ ဆေးမှတ်တမ်း အပြည့်အစုံ ရှိသည်

သို့သော် တကယ့်အဖြစ်မှန် အတွင်းရေး မှတ်တမ်းကိုတော့ လုံခြုံခန်းထဲတွင် လျှို့ဝှက် သိမ်းဆည်းထားသည် ။ ယင်းလုံခြုံခန်း အ နားသို့ မည်သူ့ကိုမျှပင် ကပ်ခွင့်မပြု။ မူလအိမ်ကြီး ဆောက်လုပ်စဉ်က ရေးဆွဲခဲ့သော အိမ်ပုံစံတွင် လ ည်း ယင်းလုံခြုံခန်းကို လုံးဝ မဖော်ပြခဲ့။ ဝင်နီဖရက်၏ ဖခင်ကြီး ဒေါက်တာဝ က်စ်လိတ်ခ် ကိုယ်တိုင်ပင် လျှို့ဝှက်တပ်ဆင်ခဲ့ခြင်း ဖြစ်ပေသည် ။ သည် အခ နန်းကို ဝင်နီဖရက် တစ်ယောက်သာလျှင် သိခဲ့သည် ။

သူ့ပြစ်မှုကို ကက်သလင်းမှ တစ်ပါး မည်သူမျှ သံသယဖြစ်စရာ မရှိ။ ကက်သ လင်းသည် သူနှင့် လာတွေ့စဉ်က တစ်စုံတစ်ရာကို ထုတ်ပြော

တော့မည့် အခြေအနေအထိ ရောက်ခဲ့သည် ။ သို့သော် နောက်ပိုင်းတွင် သူမ က ရုတ်တရက် စိတ်ပြောင်းသွားသည် ။ အမှန်က သူမ စိတ်ထဲတွင် မတင် မကျ ဖြစ်နေသော အရာမှာ ဆေးရုံပြတင်းပေါက်မှ မြင်ခဲ့ရသော မြင်ကွင်းပင် ဖစ်သည် ။ သည် အကြောင်းကို သူမ အနေဖြင့် ထုတ်မပြောရဲအောင် ဖြစ်နေပုံ ရသည် ။

တစ်စုံတစ်ရာကို နောက်ဆံတင်းနေပုံ ရသည် ။ထိုနေ့ညက အိမ်ပြန်ရန် အခ နန်းတံခါး ပိတ်နေစဉ် သူ့ဆီသို့ ဒေါက် တာ ဖူမီတို ရောက်လာသည် ။ သူ့ကို ကည့်ရသည် မှာ လည်း တော် တော် စိတ်လှုပ်ရှားနေပုံ ရသည် ။ "မစ္စက်ကက် သလင်း ဒီမေယို ရောက်လာတယ်။ မေးခွန်းတွေ တစ်ပုံ ကြီး မေးသွားတယ်။ သူတို့ က ဗင်ကျီလူးဝစ် သေတာကို သတ်သေတာ လို့ မထင်ဘူး။ အဲဒါ ဖြစ်နိုင် သလား"သူက ဒေါက်တာဖူဂီတို စိတ်လှုပ်ရှားနေသည် ကို ဝမ်းသာကျေနပ်မိ သည် ။ ဘာကြောင့် ယင်းသို့ ဖြစ်နေသည် ဆိုတာကိုလည်း သူ သိသည် ။

"ဒါနဲ့ နယူးစ်မိတ်ကား မဂ္ဂဇင်းနဲ့ ဒေါက်တာတို့ တွေ့ဆုံ ဆွေးနွေး ထားတယ် မ ဟုတ်လား။ အဲဒီ ဆောင်းပါး မနက်ဖြန် ထွက်လာတော့မယ်။

သူက ဒေါက်တာဖူဂီတိုအား မျက်နှာကြော် တင်းတင်းဖြင့် ကြည့်လိုက်သည် ။

"ဟုတ်တယ်၊ ကျုပ်က စိတ်ရောဂါလုပ်ငန်းကို အသားပေးပြီး ပြောပြ လိုက်တယ်။ ဒါပေမဲ့ ခင်ဗျားနာမည်ကို ဆောင်းပါးထဲ မဖော်ပြပါဘူး"

ဒေါက်တာဖူခီတိုက မျက်နှာပျက်သွားသည် ။ "ဘာပဲဖြစ်ဖြစ် ဒီဆေးရုံအ ကောင်းတော့ လူသိရှင်ကြား ဖြစ်သွား တော့မှာ ပဲ။ ကျွန်တော်တို့ ကို လူတွေ သိပ်ပြီး မျက်စိကျကုန်တော့မယ်" "ဘာလဲ ခင်ဗျားအပေါ်မှာ လား။ ခင်ဗျား ကို လူတွေ သိပ်ပြီး သိသွား မှာ ကို ပြောတာလား"

သူက ဒေါက်တာဖူဂီတို၏ မျက်နှာပေါ်မှ စိုးရိမ်စိတ်များကို သဘော ကျစွာ ကည့်ပြီး အသံထွက်အောင်ပင် ရယ်လိုက်မိသည် ။

***

သူသည် ဖန်ခွက်ထဲမှ အရက်လက်ကျန်ကို မော့သောက်လိုက်သည်

ဟုတ်ပြီ၊ တခြား ထွက်ပေါက်တစ်ခု ရပြီ။

ဗင်ဂျီသည် လူသတ်ခံရတာ ဖြစ်သည် ဟု ရဲအဖွဲ့က ဆုံးဖြတ်ချက် ချပြီး ဝက်စ်လိတ်ခ် ဆေးရုံကို လာရောက် စစ်ဆေးခဲ့သော် ဘာမျှ ကြောက်စရာ မလိုတော့။ ဒေါက်တာဖူဂီတို အပေါ်ကိုပဲ အားလုံး လှဲချလိုက်ရုံ သာ ရှိတော့သည် ။ အထူးသဖြင့် သူ၏ အတိတ်ရာဇဝင် အမည်းကွက်များကို ဖော်ထုတ်ပြီး အ သာလေး ပခုံးပြောင်း ပေးလိုက်ရုံသာ ရှိတော့သည် ။

နောက်ဆုံးတော့ ဗင်ဂျီလူးဝစ်အား အသက်နှင့်ကိုယ် မြဲလျက် နော က်ဆုံး မြင် လိုက်ရသူမှာ ဒေါက်တာဖူဂီတိုပင် မဟုတ်လား။

*****

≈ အခန်း (၂၂)

ကက်သလင်းသည် ဒေါက်တာဖူဂီတို၏ ရုံးခန်းမှ ထွက်ခဲ့ပြီးနောက် သွေးသွင်းရန်အတွက် ဆေးရုံအရှေ့ဘက်ခြမ်းသို့ လာခဲ့သည် ။ အရေး ပေါ် လူနာခန်း အနီးမှ အခန်းတစ်ခန်းတွင် ခန်းဆီးလိုက်ကာ ဆင်၍ နေ ရာချပေးသည် ။ သူမသည် ခုတင်ပေါ် တွင် လှဲအိပ်နေသည် ။ အက်ိ်လက် ကို ပင့်တင်ပြီး လက်မောင်းတွင် အပ်လာစိုက်သည် ။

တနလ်ာနေ့ ညက သူမ ဆေးရုံတက်ခဲ့သည့် ကို ပြန်လည် သတိရ လာမိသည် ။ ထိုညက သူမ တက်ခဲ့ရသော အခန်းသည် သည် အခန်းပင် ဖြစ်လေမလား ဟု ပြန်တွေးကြည့်သည် ။

သို့သော် မမှတ်မိတော့။ လက်မောင်းမှ ဒဏ်ရာကို ချုပ်ပေးခဲ့သော ဆရာဝန်က သူမ မျက်နှာကို စေ့စေ့ကြည့်ရင်း -

"အား .. ခင်ဗျားကို ကျွန်တော် ဧည့်ခန်းမှာ မြင်လိုက်သလိုပဲ။ သွေး အားနည်းနေလို့ ဒေါက်တာဟိုက်ဂလေက သွေးထပ်သွင်းခိုင်းတာ မဟု တ်လား"

"ဟုတ်ပါတယ်၊ ကျွန်မ ဒေါက်တာဟိုက်ဂလေရဲ့ လူနာပါ" "ကောင်းတယ်၊ ကောင်းတယ်။ မှန်း .. လက်မောင်း ခဏပေးစမ်းပါဦး။

သူက ဒဏ်ရာကို ပတ်တီး ပြန်စည်းပေးသည် ။

"မဆိုးဘူး၊ တော်တော် ကောင်းတယ်။ အနာကျက်သွားရင် ခင်ဗျား မြေးကလေးတွေကို ပြဖို့ ချုပ်ရာတောင် ရှိတော့မှာ မဟုတ်ဘူး " "ရှိရင်တော့ ပြချင်ပါတယ် ဒေါက်တာ" သူမက ပြုံးပြီး ပြောသည် ။ "ဒါနဲ့ ဒေါက်တာ၊ တနလ်ာနေ့ညက ကျွန်မ ဒီခုတင်မှာ ပဲ အိပ်ခဲ့ရတ ယ်လို့ ထင်ပါတယ်" "မှန်တာပေါ့၊ ခင်ဗျားကို ဒီမှာ ပဲ ဓာတ်မှန်ရိုက်တယ်လေ။ မမှတ်မိ တော့ဘူး ထင်တယ်" "ဟုတ်ကဲ့၊ ဝါးတားတား ဖြစ်နေသလိုပဲ ဒေါက်တာ" "အဲဒီညက ခင်ဗျားက သိပ်ပြီး ငေသွးထွက်လွန်တာကိုး။ နောက်ပြီး မ တော်တဆ အန္တရာယ်ကြောင့် အတော်လည်း ကြောက်နေပုံရတယ်" "ဟုတ်ပါတယ် ဒေါက်တာ" မကြာမီတွင် သွေးသွင်း၍ ပြီးသွားသည် ။ ဒေါက်တာဟိုက်ဂလေက အိမ်မပြန်ခင် နာရီဝက်လောက် စောင့်ပါဦးဟု မှာ လိုက်သည် ကို သတိ ရမိသည် ။ ထို့ကြောင့် လူနာလက်ခံခန်းသို့ လာခဲ့ပြီး အတွင်းလူနာ ပုံစံများ တွင် လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းလိုက်သည် ။ သောကြာနေ့ ညနေ ဆေးရုံလာတက်သော အခါ အချိန်မကုန်ရအောင် ကြို တင် ဖြည့်ထားလိုက်ခြင်း ဖြစ်သည် ။ ။

သူမ ဆေးရုံမှ ပြန်ထွက်လာတော့ ညနေ ၆ နာရီ ထိုးခါနီးနေပြီ။ ကိုယ့်အတွေးနှင့်ကိုယ် ကားမောင်းလာရင်း အတော်လေး လွန် လာပြီးတော့မှ မော်လီတို့ အိမ် ဝင်ရန်ကိစ္စကို သတိရသည် ။

ရှိပါစေတော့။ ဒီည မဝင်တော့ပါဘူး။ မနက်ဖြန်ညမှ သူတို့ အိမ်မှာ ထမင်းဝင်စားတော့မည်။ ကားကို ပစောက်ပုံ ကွေ့လိုက်ပြီး ပါလီဆိတ် ပန်းခြံလမ်းအတိုင်း မောင်းလာခဲ့သည် ။ ဗိုက်ထဲက တကြုတ်ကြုတ် မြ ည်လာသည် ။ အတော်လေး ထမင်းဆာနေပြီ။ အိမ်သို့ ပြန်ချင်စိတ်လည်း မရှိသေး။

တစ်ကိုယ်တော် နေရခြင်း၏ ပျော်စရာကောင်းပုံ ကဗျာကို စပ်ခဲ့တာ ဘယ်က ဗျာဆရာ ပါလိမ့်။ သူ့ကဗျာအဆုံးမှာ ရေးထားတာ ရှိပါသေးတ ယ်။ သဘောကတော့ ငါးနာရီထိုးပြီးနောက် အိမ်ကို တစ်ယောက်တည်း မပြန်ပါနဲ့ တဲ့ ။ အိမ်မှာ တစ်ယောက်ယောက်က စောင့်မျှော်မနေရင် အိ မ်ပြန်ရတာ အလကားပါပဲတဲ့ ။ ။

သူမသည် သူမ၏ တစ်ကိုယ်တော် ဘဝကို စတီရီယို သီချင်းတွေနှင့် ဖြေဖျော်နေခဲ့သည် ။ သို့သော် ထင်သလောက်တော့ မပျော်။ အခု နော က်ပိုင်းရက်များ တွင် ပို၍ နေမထိ ထိုင်မထိ ဖြစ်လာသည် ။

သူမနှင့် ရစ်ချတ်တို့ တစ်နေ့ညက ထမင်းစားခဲ့သော စားသောက်ဆို င်ရှေ့ ရောက်လာသောအခါ ကားကို ရုတ်တရက် ဘရိတ်အုပ်မိလျက် သား ဖြစ်သွားသည် ။ စားသောက်ဆိုင်ထဲ နွေးနွေးထွေးထွေး တစ်ခုခုကို တွေးနေရတာ ပျော်စရာ ကောင်းသည် ။ စားသောက်ဆိုင်ရှင်က သူမကို မြင်မြင်ချင်း မှတ်မိသည် ။ သူက လှိုက်လဲပျူငှာစွာ ပြုံးလိုက်ပြီး - "မင်္ဂလာညပါ ..မဒမ်၊ ဒေါက်တာရစ်ချတ်ကတော့ ကြိုတင်ပြီး ဘွတ် ကင် လုပ်မထားသေးဘူး။ ဒါပေမဲ့ ရပါတယ်။ မီးဖိုနားက နွေးနွေးထွေး ထွေး တစ်နေရာ ချန်ထားပါတယ်။ သူက ကားရပ်ဖို့ နေရာရှာနေတုန်း ထင်တယ်"

"သူ မပါပါဘူး၊ ဒီည ကျွန်မ တစ်ယောက်တည်းပါ" စားသောက်ဆိုင်ရှင်က မျက်နှာအမူအရာ တစ်မျိုးပြောင်းသွားပြီး - "ဩော် ဟုတ်လား၊ ဒါဖြင့် ကျွန်တော်တို့ အချင်းချင်းပဲ မိတ်ဖွဲ့ကြတာ ပေါ့။ အခုလို ချောမောလှပတဲ့ အမျိုးသမီးတစ်ယောက်နဲ့ သိကျွမ်းရတာ လူတိုင်း ဂုဏ်ယူမှာ ပါ။

ထို့နောက် သူက ကက်သလင်းအား မီးဖိုနားမှ စားပွဲလွတ်သို့ ခေါ် လာခဲ့ပြီး နေရာချပေးသည် ။

"ဘာသောက်မလဲ၊ ဘာဂန်ဒီ ဝိုင်တစ်ခွက်လောက် သောက်သုံးလိုက် ပါလား"

"ကျေးဇူးပါပဲ"

***

ကက်သလင်းသည် လက်ပွေ့အိတ်ထဲမှ မှတ်စုစာအုပ်ကို ထုတ်ယူပြီး စားပွဲပေါ် ဖြန့်တင်လိုက်သည် ။

ဒေါက်တာဟိုက်ဂလေ။ ဗင်ဂျီလူးဝစ်သည် ဗိုက်ထဲမှ ကိုယ်ဝန်နှင့် ပတ်သက်၍ ပြင်းပြင်းထန် ထန် သောက ဖြစ်နေသည် ဟု ဒေါက်တာဟိုက်ဂလေက မလွဲမသွေ ပြောလိမ့်မည် ဆိုသည် ကို ကက်သလင်းက မဆုကပင် ကြိုတင် မျှော်လ င့်ထားခဲ့ပြီး ဖြစ်သည် ။ သူကလည်း သူမ မျှော်လင့်ထားသည့် စကားကို ပင် တကယ်ပြောခဲ့သည် ။ သူ့ပြောပြချက်များမှာ ယုတ္တိတော့ ရှိသည် ။

သည် တော့ ဘာလုပ်ရမှာ လဲ။ ဒေါက်တာ ဟိုက်ဂလေအပေါ် ဘယ် လို မှတ်ချက်ချရမှာ လဲ။ သူမက ဒေါက်တာဝိန်းရိုက်ကို သွား၍ သတိရမိ လေသည် ။ ဒေါက်တာဝိန်းရိုက်က နယူးယောက်မှ ကင်ဆာပါရဂူ၊ သူမ ၏ ခင်ပွန်း ဂျွန် ဒီမေယိုကို ကုသခဲ့သူ။

ဂျွန် သေဆုံးသွားသောအခါ ဒေါက်တာဝိန်းရိုက်က ကက်သလင်း အား ညှိုးငယ်သော မျက်နှာဖြင့် ပြောခဲ့သည် ။

"သူ့အသက်ကို သေမင်းလက်က လုယူဖို့ ကျုပ်တို့ အစွမ်းကုန် ကြိုး စားခဲ့ကြတယ်။ သိသမျှ တတ်သမျှ ဖြစ်နိုင်သမျှ လက်ကုန် ကြိုးစားခဲ့ကြ တယ်။ ဒါပေမဲ့ ဘုရားသခင်ရဲ့ အမိန့်တော်ကို ကျုပ်တို့ မလွန်ဆန်နိုင်ခဲ့ကြပါဘူး"

သူ့အသံက တကယ်လည်း ကြေကွဲသံပါနေသည် ။ ။

ဒေါက်တာဟိုက်ဂလေကလည်း ဗင်ဂျီအတွက် ဝမ်းနည်းကြောင်း ထု တ်ဖော်ပြောခဲ့သည် ။ သို့သော် သူ့အသံနှင့် သူ့အမူအရာတွင် ဝမ်းနည်းခြ င်း အရိပ်အယောင် ဟူ၍ တစ်ကွက်မျှ မမြင်ခဲ့ရ။ တကယ်တော့ သူက ဓ မ္မဓိဋ္ဌာန်ကျကျ တွေးခေါ်ကြည့်သောကြောင့်လည်း ဖြစ်နိုင်သည် ။ ဆရာ ဝန် လုပ်လျှင် ဓ မ္မဓိဋ္ဌာန်ကျကျ သုံးသပ်တတ်ဖို့ လိုသည် ဟု ဘီလ်နှင့် ရစ် ချတ်တို့ ဆွေးနွေးနေကြသည် ကို ကြားရဖူးသည် ။ သို့မဟုတ်လျှင် ပြ ဿနာတစ်ခုကို ကြည်လင်သော အမြင်ဖြင့် မဆုံးဖြတ်နိုင်ဘဲ ရှိတတ်သည် ။

သူမက မှတ်စုစာအုပ်ကို ကြည့်လိုက်ပြန်သည် ။ ဒေါက်တာဖူမီတို။

တစ်ခုခုတော့ ထူးခြားနေသည် ။ သူက စကားလုံးတိုင်းကို ချင့်ချင့်ချို နှ်ချိန် ပြောသည် ။ သူသည် တစ်စုံတစ်ရာကို ကြောက်နေပုံရသည် ။ ဘာ ကို ကြောက်နေတာလဲ။ လူနာနှင့် ဆရာဝန် ဆက်ဆံရေးတွင် နှစ်ဖက်စလုံး ဆက်ဆံရေး

ပြေပြစ်နေလျှင် ဆရာဝန်ဘက်က ဘာမျှား စိုးရိမ်စရာ ရှိသလဲ။ ယခုတော့ သူ့အမူအရာကို ကြည့်ရသည် မှာ ယခုပဲ ဗင်ဂျီက သခ်ျိုင်းမှ ထ လာပြီး သူ့လ ည်ပင်း လာညှစ်တော့မလို ကြောက်လန့်နေပုံ မျိုးကြီးနှင့် ...။

ပြီးတော့ သူမ ထိုည ၁၀ နာရီက ဆေးရုံရောက်လာချိန်တွင် ဗင်ဂျီလ ည်း ဆေးရုံထဲတွင် ရှိနေနိုင်မည့် အလားအလာ ရှိပါသလားဟု မေးကြ ည့်သောအ ခါတွင် လည်း ဒေါက်တာက သူမကို စိတ်ဆိုးချင်သေးသည် ။

ဟုတ်နိုင်သည် ။ ဗင်ဂျီကို သူမ အမှတ်မထင် မြင်လိုက်တာ ဖြစ်နိုင် သည် ။ ထို အချိန်က ဗင်ဂျီသည် ဒေါက်တာဖူဂီတို၏ ရုံးခန်းမှ ထွက်လာ ခါစ ဖြစ်နိုင်သည် ။ သည် အချက်သည် သူမ အိပ်မက်ဆိုးထဲတွင် မြင်လို က်ရသော ဗင်ဂျီ၏ မျ က်နှာနှင့် ဆက်စပ်နေသည် ။

ဗင်ဂျီသည် သူ၏ သီးသန့်ရုံးခန်း တံခါးပေါက်မှ ပြန်ထွက်သွားသည် ဟု ဒေါ က်တာဖူဂီတိုက ပြောသည် ။ သို့သော် သူမ ထွက်သွားတာကို ဘ ယ်သူမျှ မမြ င်လိုက်။ ထွက်မသွားဘဲ ဆေးရုံထဲမှာ ပဲ ရှိနေတာကော မဖြ စ်နိုင်ဘူးလား။ ဒေါက်တာနှင့်ပဲ အတူရှိနေတာကော မဖြစ်နိုင်ဘူးလား။ ဒါမှ မဟုတ် ဒေါက်တာ က ဗင်ဂျီနှင့်အတူ အိမ်ကို လိုက်လာတာကော မဖြစ်နိုင်ဘူးလား။ ဒါမှ မဟုတ် ဗင်ဂျီသည် ကိုယ့်ကိုယ်ကို သတ်သေခြင်းဖြစ်ကြောင်း သူ့အနေနှင့် အတိ အကျ သိထားသော်လည်း သူ့အပေါ် အမှုပတ်လာမည်စိုး၍ တမင်ရောင်ဖယ် ပြောဆိုနေတာကော မဖြစ်နိုင်ဘူးလား။ သည် အကြောင်းတွေကြောင့်ပင် သူက အကြောက် လွန်ပြီး စိတ်လှုပ်ရှားနေတာ ဖြစ်နိုင်သည် ။ "စားစရာ ဘာ မှာ မလဲ မဒမ်" စားပွဲထိုး ရောက် လာပြီး မေးလိုက်သည် ။ သူမက စားပွဲထိုး ကို ပြန်မဖြေမီ မှတ်စုစာအုပ်တွင် စာတစ်ကြောင်း ရေးလိုက်သည် ။ "ဒေါက် တာဖူဂီတို၏ နောက်ကြောင်းရာဇဝင်ကို ထောက်လှမ်းရန်"

*****

≈ အခန်း (၂၃)

ဗုဒ္ဓဟူးနေ့ ညနေ။

တကယ်တော့ သူသည် မင်းသမီးကလိုဗစ်နှင့် ချိန်းဆိုထားချက်ကို ဖျက်ပစ်ခဲ့ဖို့ ကောင်းသည် ။ ဒေါက်တာရစ်ချတ်သည် သည် အတွေးကို ကားမောင်းရင်း ဂျော့ဝါရှင်တန် တံတားသို့ ရောက်ခါနီးတော့မှ စိတ်ကူး မိခဲ့သည် ။

သူ့စိတ်က ဗင်ဂျီကီစ္စကိုသာ စွဲနေသည် ။ ရင်ခွဲ စစ်ဆေးခဲ့တုန်းက သူ့ အနေ ဖြင့် တစ်ခုခုကို မလုပ်မိဘဲ မေ့ကျန်ရစ်ခဲ့သည် ဟု သူ၏ မသိစိတ် က ပြောနေသည် ။ အလောင်းကို နောက်ထပ် သေသေချာချာ စစ်ဆေးစ ရာ ကျန်သေးသည် ၊ ဘာကို စစ်ဆေးမှာ လဲ။

သူက ကက်သလင်းအတွက်လည်း တွေးပူနေသည် ။ မနေ့ညက သူ မကို ကြည့်ရတာ သိပ်ပြီး နေကောင်းပုံမရ။ လူကလည်း အတော်က လေး ပိန်နေသည် ။ ပါးချောင်နားချောင် ကျပြီး မျက်နှာတွေ ဖြူဖြပ်ဖြူ ရော် ဖြစ်နေသည် ။ ဝိုင် အရက်နှစ်ခွက် ဝင်သွားတော့မှ သာ သူမ မျက်နှာတွင် သွေးရောင် သန်းလာသည် ။

ကက်သလင်း ကျန်းမာရေး ချို့တဲ့ နေသည် ။ ဒါဟာ အချက်ပဲ ဖြစ်သ ည် ။ သူက ဆရာဝန် တစ်ယောက်။ ဒါကို သူ မကြာမီ ရိပ်မိသွားနိုင်သ ည် ။ ပြီးေတာ့ မတော်တဆ အန္တရာယ်လည်း ကြုံလိုက်ရသေးသည် ။ သူမကို သေသေချာချာမှ စမ်းသပ် စစ်ဆေးကြပါရဲ့ လား။ ဆရာဝန် စစ် ဆေးတွေ့ရှိတာထက် ထိခိုက်သွားတာမျှား ရှိနေသလား။ အတွင်း ဒဏ် ရာတွေမျှား ရှိနေသလား။ အက်ဖ်ဒီအာလမ်းမကြီးမှ ထွက်ပြီး ၅၃ လမ်း ဘက်သို့ ကားကို ကွေ့လိုက်သည် ။ ကလိုဗစ်၏ တိုက်ခန်းမှာ တစ်ပြေ လောက်သာ ဝေးတော့သည် ။

ကလိုဗစ်က သူ့အား မာတီနီပုလင်းထောင်ကာ အဆင်သင့် ထိုင်စော င့်နေသည် ။

စားပွဲပေါ်မှ အမြည်းပန်းကန်ကလည်း အငွေ့တထောင်းထောင်းနှင့်။ အရပ်သွယ်သွယ်၊ နွဲ့နွဲ့ နှောင်းနှောင်းဖြင့် ရုပ်ရည်ချောမောလှသော ကလိုဗစ်ကို တွေ့လိုက်ရတော့ ရစ်ချတ်က ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးကြီး အင်းဂရစ်ဘတ်ခ်မင်း၏ ငယ်ငယ်က ရုပ်ကို မြင်ယောင်မိသည် ။ ကလိုဗစ်က ဉာဏ်လည်း ထက်သည် ၊ စိတ်အားထက် သန်မှုလည်း ရှိသည် ။ စိတ်ဓာတ်လည်း ကောင်းသည် ။ သို့သော် သူက ကလိုဗစ်ကို ကက်သလင်းလောက် မစွဲလမ်းချေ။ ချစ်

တော့ နှစ်ယောက်လုံးကို ချစ်သည် ။ သို့သော် ကလိုဗစ်ကို ချစ်ရုံသက်သ က်သာ ချစ်သည် ။ ကက်သလင်းကိုတော့ မြတ်နိုးမှုလည်း ပါသည် ။

သူတို့ နှစ်ယောက် အနမ်းချင်း ဖလှယ်လိုက်ကြသည် ။ "ကျွန်မ အိမ်ရောက်တာ ဆယ်မိနစ်လောက်ပဲ ရှိသေးတယ်။ ရီဟာ ဆယ် ရှိနေလို့ ကြာနေတာ။ ဇာတ်ညွှန်းက ပြန်ပြင်ရတာ အမျှားကြီး။ ဒါ နဲ့ အိမ်ရောက်တော့ ကမန်းကတန်း အမြည်းတစ်ခွက် လုပ်ပြီး ရှင့်ကို စောင့်နေတာပဲ။ ကျွန်မ အဝတ်လဲနေတုန်း ရှင် အပန်းဖြေရအောင်လို့ ။ ဟိုး .. ဆရာကြီး၊ ဒီက ပြောနေတာ ကြားရဲ့လား။ ရော့ ဒါလေး သောက် လိုက်ပါဦး"

ရစ်ချတ်က ရှက်အမ်းအမ်းဖြင့် အရက်ခွက်ကို ယူလိုက်ရင်း - "ဆောရီးပဲ .. အချစ်ရေ၊ ကိုယ်က အမှုတစ်ခုနဲ့ ပတ်သက်ပြီး အတွေး နက်နေမိလို့ ပါ။ ဒါနဲ့ ကိုယ် ဖုန်းဆက်လို့ ရပါ့မလား" "ရပါတယ်ရှင်၊ ကြိုက်သလောက် ဆက်စမ်းပါ"

သူမက အရက်ခွက် ကောက်ကိုင်ပြီး ရေချိုးခန်းဘက်ဆီသို့ လျှောက် သွားသည် ။

သူက ကက်သလင်း ဖုန်းနံပါတ်ကို လှည့် လိုက်လေသည် ။ တစ်ဖက် မှ တယ်လီဖုန်းသံ အကြာကြီး မြည်နေသည် ။ နောက်ဆုံးတော့ သူက လက်လျှော့လိုက်သည် ။ သူမ အိမ်မှာ မရှိ။ မော်လီတို့ အိမ်သို့ ဆက်ကြ ည့်ပြန်သည် ။ ကက်သလင်း လမ်းကြုံဝင်စားနိုင်သည် ။ သို့သော် မော် လီက "သူလည်း ကက်သလင်းနဲ့ တစ်နေ့လုံး မတွေ့ရသေးဘူး" ဟု ပြန်ပြောသည် ။

"ဒီနေ့ သူ လာမယ် မထင်ဘူး။ မနက်ဖြန် ညတော့သာ နှစ်ယောက်စ လုံး လာဖို့ မမေ့ပါနဲ့ ။ ညကျတော့မှ သူ ဆက်ချင် ဆက်နိုင်တယ်"

"ဒါနဲ့ မော်လီ၊ ကျွန်မ မရှင်းတာ တစ်ခု မေးခွင့်ပြုပါ။ ခုတစ်လော က က်သလင်း ဘာဖြစ်နေတာလဲဟင်။ ကျွန်တော် သိပ်ပြီး သိချင်နေလို့ ပါ"

"အို .. ဘာမှ မဖြစ်ပါဘူး။ ကျွန်မ ပြောတာ ယုံစမ်းပါ။ ဒါပေမဲ့ သူက အဲဒီအကြောင်း ဘာမှ မပြောချင်ဘူး။ ကျွန်မ ပြောတာ လွဲနိတောင် လွဲန် သွားပြီ။ ကဲ မနက်ဖြန်မှ တွေ့ကြစို့"

တစ်ဖက်မှ တယ်လီဖုန်း ပြန်ချသွားသည် ။ ရစ်ချတ်က လက်ထဲမှ တယ်လီဖုန်းကို မျက်မှောင်ကြုတ်ပြီး စိုက်ကြည့်နေမိသည် ။ တယ်လီဖု နး ပြန်ချမလို့ လုပ်တုန်း စိတ်ကူးတစ်ခု ပေါ် လာသဖြင့် သူ့ရုံးခန်းသို့ လှမ်းဆက်လိုက်သည် ။ သူ၏ ညဆိုင်းလက်ထောက်က လက်ခံ စကားပြောသည် ။ "ဘာထူးသေးသလဲဟေ့" သူက မေးလိုက်သည် ။ "အခုပဲ တယ်လီဖုန်းနဲ့ ကားတောင်းတယ် ဆရာ။ အက်ဂျီရီးဗား ရပ် ကွက်ထဲက တိုက်ခန်း တစ်ခန်းမှာ မိန်းမတစ်ယော

က် သေနေလို့ တဲ့ ။ ပုံပန်းကတော့ မတော်တဆ အန္တရာယ်ပဲ ထင်ပါတယ်။ ဒါပေမဲ့ ရုပ်ကွက် ရဲကတော့ ကျွန်တော်တို့ ကိုယ်တိုင် လာကြည့်စေချင်တယ်။ အခု အစိုးရ ရှေ့နေရုံးက လူတွေတော့ အဲဒီကို ထွက်သွားကြပြီ" "ငါ့ကို စကော့ရုံးခန်း ဆက်ပေးစမ်းပါ" စကော့က အချိန်မဆွဲဘဲ လိုရင်းကို တိုက်ရိုက်မေးသည် ။ "အခု ခင်ဗျား ဘယ်မှာ ရှိနေသလဲ" "နယူးယောက်မြို့ထဲ တစ်နေရာမှာ ၊ ကျွန်တော် လာခဲ့ရမလား" "လာခဲ့ပါ၊ အခု သေသွားတဲ့ မိန်းမက ဝက်စ်လီတ်ခ်ဆေးရုံက ညှဉ်ခ နဲး စာရေးမဗျ။ ကက်သလင်းက ဗင်ကျီအမှုနဲ့ ပတ်သက်ပြီး ဒီနေ့ပဲ အဲဒီမိ နဲးမကို သွားတွေ့ဖို့ ချိန်းထားတယ်။ သူ့နာမည်က အက်ဒနာဘန်းတဲ့ ။ သူက နေမကောင်းလို့ အလုပ်မဆင်းနိုင်ဘူးလို့ ဒီနေ့ မနက်ပဲ ဖုန်းဆက် တယ် ပြောတယ်။ ဒါပေမဲ့ သူ သေနေတာက ၂၄ နာရီတောင် ရှိနေပြီ။ သူ့အလောင်းကို တွေ့တဲ့ လူကလည်း ဝက်စ်လီတ်ခ်ဆေးရုံမှာ သူနဲ့ အလုပ်အတူတူလုပ်တဲ့ အမျိုးသမီးတစ်ယောက်ဗျ။ အခု ကျုပ် ကက်သလင်းကို လိုက်ရှာနေတယ်။ ကျုပ် သူ့ကိုလည်း အဲဒီ လိုက်ကြည့် စေချင်တယ်"

"ကျွန်တော့်ကို လိပ်စာပေးပါ" သူက မြန်မြန်ကလေး လိုက်ရေးပြီးနောက် ဖုန်းကို ပြန်ချလိုက်သည်

ကက်သလင်းက အက်ဒနာဘန်းအား ဗင်ကျီကိစ္စအတွက် မေးမြန်းစ ရာ ရှိသည် ။

ယခု အက်ဒနာဘန်း သေသွားပြီ။ သူက ထိုင်ရာမှ ဆတ်ခနဲ ထ လာပြီး ရေချိုးခန်းတံခါးကို ခေါက်လိုက်သည် ။ ကလိုဗစ်က ရေချိုးဝတ် ရုံကြီးကို ကိုယ်ပေါ်မှာ မလုံတလုံ ပတ်ထားပြီး တံခါးတစ်ခြမ်းကို ဖွင့်ကြည့်သည် ။ "ဟိုး .. ဆရာကြီး ဘာဖြစ်တာလဲ၊ လောလှချေလား။ ကျွန်မ ခုပဲ ပြီး တော့မလို့ ဘဲ" "အချစ်ကိုယ့်ကိုတော့ ခွင့်လွှတ်ရမှာ ပဲ။ ခုပဲ အရေးပေါ်ကိစ္စ ပေါ်လာ လို့ ပါ"

ဆိုပြီး သူက အကြောင်းရင်းကို အတိုချုပ် ရှင်းပြလိုက်သည် ။ ကလိုဗစ်က မျက်နှာပျက်သွားပြီး - "အေးလေ .. ဒါဆိုလည်း ဘယ်တတ်နိုင်မလဲ။ ဒါပေမဲ့ ရှင့်ကို ကျွန်မ သိပ်တွေ့ချင်နေတယ် ဆိုတာတော့ မမေ့ပါနဲ့ ။ မတွေ့ရတာ နှစ်ပတ်

တောင် ရှိသွားပြီ မဟုတ်လား။ ဒီလိုဆို မနက်ဖြန်ည ဘယ်လိုလဲ၊ ကတိ ပေးမယ် မဟုတ်လားဟင်"

သူက မယုတ်မလွန် ပြန်ပြောလိုက်သည် ။ "ကောင်းပြီလေ၊ အမြန်ဆုံး စကားပြန်မယ်"

သူက ပြန်လှည့်ရန် ခြေလှမ်း ပြင်လိုက်သည် ။ ကလိုဗစ်က လက်မောင်းလိုက် ဆွဲပြီး တစ်ချက် စုပ်နမ်းလိုက်ရင်း - "ဒါပဲနော်၊ မနက်ဖြန်ည ဆက်ဆက်၊ သိလား"

*****

≈ အခန်း (၂၄)

ကက်သလင်းသည် စားသောက်ဆိုင်မှ အိမ်သို့ ကားမောင်းပြန်လာခဲ့ သည် ။ေ ဒါက်တာဟိုက်ဂလေထံသို့ သူမ ပထမဆုံးအကြိမ် သွားရောက်ခဲ့တု နှ်းက မစ္စ က်အက်ဒနာဘန်းနှင့် ပြောခဲ့သော စကားမျှားကို ပြန်သတိရမိ သည် ။ အက်ဒ နာသည် ချိုးကျူးရ လောက်အောင် စိတ်ရှည်သူ ဖြစ်သည် ။ သူတစ်ပါး စ ကားပြောလျှင် စိတ်ရှည်ရှည်ဖြင့် နားထောင်သည် ။ (ပထမတွင် ကက်သလ င်းက သူမ၏ ကိုယ်ရေးကိုယ်တာ ကိစ္စအကြောင်းကို လုံးဝ မပြောရန် ဆုံးဖြတ် ထားခဲ့သည် ။ သို့သော် ပြောရင်းပြောရင်း စကားပြော ရှည် လာပြီး အက်ဒနာ အား သူမ၏ အ တွင်းရေးမျှားကို ပြောမိလျက်သား ဖြစ်သွားသည် ။ သူမသ ည် ကွယ်လွန် သူ ခင်ပွန်း ဂျွန်ဒီမေယို အကြောင်းကိုလည်း တော်တော်လေး ပြောလို က်မိသည် ။ဗင်ဂျီကကော အက်ဒနာကို ဘာတွေ ပြောခဲ့သလဲ။ ဘယ် အတိုင်းအ တာအထိ သိထားပါသလဲ။ သူမသည် လွန်ခဲ့သော နှစ်ရာသီကတ ည်းက ပင် ဝက်စ်လိတ်ခ် ဆေးရုံသို့ မှန်မှန်သွားနေခဲ့သည် ။ အက်ဒနာကရော ဒေါက်တာဖူဂီတို့အကြောင်းကို ဘယ်အတိုင်းအတာအထိ သိထားပါသ လဲ။ ဒေါက်တာသည် ကက်သလင်းနှင့် စကားပြောစဉ် စိတ်လှုပ်ရှားနေသည် ။ သူ ဘာကြောင့် စိတ်လှုပ်ရှားနေရပါသလဲ။

ကက်သလင်းသည် ကားကို အိမ်ရှေ့တွင် ထိုးရပ်လိုက်သည် ။ ယနေ့ သည် ဗု ဒ္ဓဟူးနေ့။ ယနေ့ သူမ၏ အိမ်သို့ မစ္စက်ဘာ့ဂ်် လာသွားပြီ ဖြစ် သည် ။ မစ္စက်ေ ဟာ့ဂ််သည် ဂျွန်ရှိတုန်းက အမြဲတမ်း အိမ်နေဖော် ဖြစ်ခဲ့ သည် ။ အသက် ၇၀ ကျော်ပြီ။ အခုတော့ ပင်စင်ယူပြီး တစ်ပတ်မှာ တစ် ရက်သာ လာ၍ အိမ်ကြီး ကို သန့်ရှင်းပေးနေသည် ။ ။

မစ္စက်ဟော့ဂ််က သိပ်ပြီး အသက်ကြီးနေပြီ။ အလုပ်ကြောကြော မလုပ် နိုင်ေ တာ့။ သူ မရှိတော့ရင် ဒီအိမ်ကြီးကို ဘယ်သူက လာပြီး သန့်ရှင်း ပေးပါ့မလဲ။ တော်ရုံလူ မတတ်နိုင်။ အိမ်က ကြီးလွန်းသည် ။ စိတ်ရှည်ဖို့ လိုသည် ။ အလု ပ်ကျွမ်းကျင်ဖို့ လိုသည် ။ အဘွားကြီးက အားလုံးကို မျှ က်နှာလွှဲရသည် ။ ဒီအိ မ်ကြီး မြန်မြန်ရောင်းပစ်မှ ကောင်းလိမ့်မည် ထင်တယ်။

ကက်သလင်းက ယင်းသို့ တွေးရင်း ကုတ်အင်္ကျီကို ချွတ်ကာ ကုလား ထိုင်ေ ပါ် ပစ်တင်လိုက်သည် ။ အချိန်က ရှစ်နာရီ ၁၅ မိနစ်သာ ရှိသေးသ ည် ။ ။ တ စ်ညကုန်အောင် နေရဦးမှာ က အကြာကြီး။ အက်ဒနာက သူမအား လိပ်စာေ ပးဖူးသည် ။ အက်ဂျီရီဗားတွင် နေ သည် ဟု ဆိုသည် ။ ကားမောင်းသွားလျှင်

မိနစ်နှစ်ဆယ်ပင် မကြာ။ အဲ ဒီ သွားပြီး အချိန်ဖြုန်းရလျှင် ကောင်းလိမ့်မည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောဖြင့် လုပ်ငန်းပြီးသွားမည်။

တယ်လီဖုန်းနှင့် အရင်ဆက်ကြည့်ရ ကောင်းမလား။ မစ္စက်ဖစ်ဂျာရ ယ်ကတော့ မစ္စက်အက်ဒနာ မနက်ဖြန် အလုပ်ဆင်းမည်ဟု ပြောသည် ။

သည် အတိုင်းဆိုလျှင် ကြီးကြီးကျယ်ကျယ် နေမကောင်းတာ မဟုတ်နိုင် ။ သူနှင့် တွေ့လျှင် ဗင်ဂျီအကြောင်း ကရားရေလွှတ် ပြောပြမည်မှာ သေ ချာသည် ။

သို့ဖြင့် မစ္စက်အက်ဒနာ၏ တယ်လီဖုန်းနံပါတ်ကို ကောက်လှည့်လို က်သည် ။

အသံတစ်ချက် မြည်သွားပြီး တစ်ဖက်မှ ဖုန်းကို ကောက်ကိုင်သည် ။ "ဟယ်လို .. မစ္စက်အက်ဒနာပါလား" "ပြောပါ" အသံက ယောက်ျားအသံ။ "မစ္စက်အက်ဒနာနဲ့ စကားပြောချင်လို့ ပါရှင်။ ကျွန်မက အစိုးရရှေ့ နေရုံးက မစ္စက်က က်သလင်း ဒီမေယိုပါ" "ဟား . ကက်သလင်းလား" အခုမှ သူမက အသံကို မှတ်မိသွားသည် ။ ချာလီနဲ့ဂျင့် ဖြစ်နေသည် ။ သူက ဆက်ပြောသည် ။ "မင်းနဲ့ အခုလို မမျှော်လင့်ဘဲ အဆက်အသွယ်ရတာ အတော်ပဲ။ ရှေ့ နေကြီးက မင်းကို သွေးရူးသွေးတန်း လိုက်ရှာနေတာ။ ဒါနဲ့ မင်း ခုချက် ချင်း ဒီကို လာနိုင်မလား" "ခုချက်ချင်း ဟုတ်လား" သူမက အံ့အားသင့်သွားပြီး - "ရှင်တို့ အဲဒီမှာ ဘာလုပ်နေကြတာလဲဟင် "

"အိုး ... မင်း မသိသေးဘူးလား။ အက်ဒနာ သေပြီလေ။ အခု ဒီမှာ သူ့ အလောင်းကြီး ရှိနေတယ်။ လူသတ်သွားတာလား၊ လဲကျလို့ ရေဒီယို တာစက်နဲ့ တိုက်မိပြီး သေသွားတာလားတော့ မသိရသေးဘူး။ သူ့ခေါင်း မှာ လည်း ဒဏ်ရာကြီးနဲ့ (သူက အသံကို နှိမ့်လိုက်ပြီး ဒီအချက် သေ သေချာချာ မှတ်ထားပါ ကက်သလင်း။ သူ့ကို မနေ့က ညရှစ်နာရီလော က်မှာ ပဲ အသက်ရှင်ရက် နောက်ဆုံး မြင်လိုက်ရတယ်။ အဲဒီအချိန်မှာ အိ မ်နီးချင်း မိန်းမတစ်ယောက် သူနဲ့ အတူတူ ရှိနေတယ်။ အဲဒီမိန်းမ အပြောတော့ အက်ဒနာဟာ အဲဒီညက ဗင်ဂျီလူးဝစ်ရဲ့ ယောက်ျားဆီကို ဖုန်းဆက်တာ တွေ့သတဲ့ ။ အက်ဒနာက ဗင်ဂျီသေတာနဲ့ ပတ်သက်ပြီး သူ သိတာတွေ အားလုံး ရဲကို ပြောပြမယ်လို့ ပြောသွားတယ်ဆိုပဲ"

*****

≈ အခန်း (၂၅)

သူသည် စကော့ချ်ဝီစကီ ဒုတိယခွက် ကုန်ပြီးနောက် မီးဖိုခန်းထဲ ဝင် လာခဲ့ပြီး ရေခဲသေတ္တာကို ဖွင့်ကြည့်သည် ။ဟီလဒါက လတ်ဆတ်သော သိုးကလေး သား၊ ကြက်ရင်ပုံသားနှင့် ဟင်းသီးဟင်းရွက်များကို အရသာရှိရှိ ချက်ထားခဲ့ ကြောင်း တွေ့ရသော အခါ သူက ခေါင်းတညိတ်ညိတ်နှင့် အလွန် ကျေနပ်သွား သည် ။

သူ၏ ထူးခြားသော စရိုက်တစ်ခုမှာ စိတ်ပန်းကိုယ်ပန်း ရှိသောအခါ အလွန် ဝ မ်းဆာတတ်သော အကျင့် ဖြစ်သည် ။ ကလျာ သေဆုံးသော ည က ဆေးရုံမှ ၁၂ လမ်းကျော်လောက် ဝေးသော တိတ်တိတ်ဆိတ်ဆိတ် စားသောက်ဆိုင် ကလေး တစ်ဆိုင်သို့ သွားပြီး ညစာကို အဝအပြဲ စား လိုက်သည် ။ ဆေးရုံသို့ ြ ပန်ရောက်သောအခါ သူ့ကို စောင့်နေကြသော မိတ်သင်္ဂဟများမှာ တအံ့တ သြ ဖြစ်နေကြရသည် ။

"ဟင် .. အက်ဂါ၊ ခင်ဗျား ဘယ်သွားနေတာလဲ။ ကျုပ်တို့ က ခင်ဗျား အတွက် တွေးပူနေကြတာ" "ကျုပ် ဘာမှ မသိဘူး။ ဘာမှ မမှတ်မိဘူး။ ဒီလိုပဲ ကျုပ် သွားချင်တာ လျှောက်သွားနေတာ" ဝင်နီရက် ကွယ်လွန်တုန်းကလည်း သည် အတိုင်းပင် ဖြစ်သည် ။ အ သုဘ သဂြိုဟ်ပြီးတော့ မိတ်ဆွေအပေါင်းအသင်း များက သူတို့ နှင့်အတူ ညစာ လိုက်စားရန် သူ့ကို ဖိတ်ခေါ် ကြသည် ။ သို့ေ သာ် သူက -

"ကျုပ် မလိုက်ချင်ဘူး။ ကျုပ်တစ်ယောက်တည်း အေးအေးဆေး ဆေး နေပါ ရစေ"

ဟု ပြောကာ သုသာန်မှ ထွက်လာခဲ့သည် ။ အိမ်သို့ ရောက်တော့ သူ့ ထံ တ ယ်လီဖုန်း ဆက်သူ သုံးလေးယောက်နှင့် လက်ခံစကားပြောသည် ။ ပြီးတော့ တယ်လီဖုန်း အော်ပရေတာအား “နောက်ထပ် ကျုပ်ဆီ ဖုန်း ဆက်တဲ့ လူတွေ ကို ပြောလိုက်စမ်းပါ။ ကျုပ် အေးအေးဆေးဆေး အနား ယူနေတယ်။ နောက် မှ ပြန်ဆက်မယ်လို့ ” ဟု ပြောလိုက်ပြီးနောက် နယူးယောက်မြို့ ထဲမှ ကာလို င်းဟိုတယ်သို့ ကားမောင်းပြီး ထွက်လာခဲ့သည် ။ဟိုတယ်ရောက်တော့ လူရှ င်းသော စားပွဲတစ်လုံးတွင် ထိုင်ကာ ည စာ မှာ လိုက်သည် ။ စားသောက်၍ တစ်ဝက်လောက် ရောက်တော့ ခပ် လှမ်းလှမ်းမှ စားပွဲတစ်လုံးတွင် ဂလင်းနစ် ကာဆင် ကို လှမ်းမြင်လိုက်ရ သည် ။ ဂလင်းသည် ဖန်ခွက်ကို မြှောက်ပြီး နှုတ် ဆက်သည် ။ မျက်နှာ က စပ်ဖြဲဖြဲနှင့် သရော်တော်တော် ပုံမျိုး။

သူက ဂလင်း၏ စားပွဲသို့ လျှောက်သွားပြီး - "ဟေ့ .. ဂလင်း၊ မင်းက ငှါးကို မြင်ရက်သားနဲ့ ဘာလို့ အစကတည်း က မခေါ်တာလဲ။ ငါနဲ့ အတူ လာပြီး စားရာပေါ့။ မင်း ဒီဟိုတယ်ကို လာတတ်ကြောင်း ငါ လုံးဝ မသိဘူး။ ဒီဟိုတယ်ကတော့ မင်းအစ်မနဲ့ ငါ တို့ ရဲ့ ဖေးဖရိတ် ဟိုတယ်ပဲ။ တို့ နှစ်ယောက် ဒီဟိုတယ်မှာ ပဲ စေ့စပ်ကြောင်းလမ်း ခဲ့ကြတာ။ ဒီအကြောင်း မင်းအစ်မက မင်းကို တစ် ခါမှ မပြောခဲ့ဘူးလား။ ငါက ဂျူးတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါ ပေမဲ့ ဂျူးလူမျိုးတွေရဲ့ ထုံးစံတစ်ခုကိုတော့ တော်တော် သဘောကျမိတ ယ်။ သူတို့ က မိသားစုထဲက တစ်ယောက်ယောက် သေသွားရင် ကြွက်ဥ ကို စားလေ့ရှိကြတယ်။ အဓိပ္ပာယ်ကတော့ ဘဝဆက်တိုင်း ကြုံကြိုက်ကြရပါစေ ဆိုတဲ့ သဘောပါပဲ။ ငါလည်း အခု ဒီနေရာကို တစ် ယောက်တည်း အေးအေးဆေးဆေး လာပြီးတော့ မင်းအစ်မအပေါ် တစ်သက်လုံး မေတ္တာရှိနေမယ် ဆိုတာ သက်သေထူတဲ့ အထိမ်းအမှတ်ပွဲ လေး ကျင်းပနေတာ" ဂလင်းက သူ့မျက်နှာကို စိုက်ကြည့်နေသည် ။

ထို့နောက် နေရာမှ ထရပ်ကာ စားပွဲထိုးအား ပိုက်ဆံလာရှင်းရန် လှ မ်းခေါ်လိုက်သည် ။

"ခင်ဗျားက ဒီလိုအချိန်မျိုးမှာ ဒီစကားမျိုး ပြောနိုင်တာကို ကျွန်တော် လေးစားဂုဏ်ယူပါတယ် အင်ဂါ။ ဒီဟိုတယ်ကို ကျွန်တော် ခဏခဏ မ လာတတ်ပါဘူး။ အမှန်ကို ပြောရရင် ကျွန်တော်က ခင်ဗျားနောက်ကို လိုက်လာတာပဲ။ ခင်ဗျားဆီလာတော့ ခင်ဗျားက ကားမောင်းပြီး ထွက် သွားတာကိုး။ လောလာဆယ် အခြေအနေအရ ခင်ဗျားကို စောင့်ကြည့် ဖို့ လိုအပ်တယ်လို့ ထင်လို့ ပါ။ ကျွန်တော် ပြောတာ မမှန်ဘူးလား"သူက နေရာမှ ချာခနဲ လှည့်ပြီး သူ့စားပွဲသို့ ပြန်လာခဲ့သည် ။ ဂလင်း ကို လုံးဝ ပြန်လှည့် မကြည့်တော့။ သို့သော် အတော်လေး ကြာတော့ ဂ လင်း ပြန်ထွက်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရသည် ။

***

နောက်တစ်ပတ်လောက် ကြာတော့ ဒေါက်တာအလန်လီဗင်က သူ့ ထံ ဖုန်းဆက်သည် ။ ဒေါက်တာလီဗင်မှာ ဝင်နီဖရက် ဆေးရုံတက်နေစ ဉ် ကုသပေးခဲ့သော တာဝန်ခံ ဆရာဝန် ဖြစ်သည် ။ ။

"ခင်ဗျားယောက်ဖတော်က ကျုပ်ဆီ ပေါက် လာပြီး ဝင်နီဖရက်ရဲ့ ဆေးမှတ်တမ်း တောင်းတယ်ဗျ။ ကျုပ်က သူ့ကို ရုံးခန်းထဲက မောင်းထုတ်ပစ် လိုက်တယ်။ ဝင်နီဖရက်က ဆို့နာရှိကြောင်း၊ ဆေးသုတေသန လေ့လာချက်အရ အသက်ငါးဆယ်ဝန်းကျင် အမျိုးသမီးတွေဟာ ဒီရောဂါမျိုး ဖြစ်လေ့ရှိတဲ့ အကြောင်း ကျုပ်က သူ့ကို ပြောပြလိုက်တယ်။ ဒါ

တောင် သူက မကျေနပ် ချင်သေးဘူး။ သူက ရိုးရိုးသေတာ မဟုတ်ဘူး ဆိုပြီး ရဲကို တိုင်ထားတယ်တဲ့ ။ ဒါနဲ့ ရဲက ကျပ်ဆီ ဖုန်းဆက်ပြီး မေးတ ယ်။ ကျပ် ကလည်း ဝင်နီဖရက်ဟာ အမှန်တကယ် နှလုံးရောဂါနဲ့ သေ ဆုံးတာပါ။ မယုံ ရင် ဆေးမှတ်တမ်း လာကြည့်နိုင်ပါတယ်လို့ ပြောမှ သူ တို့ က နောက်ဆုတ် သွားကြတာဗျ"အမှန်ကတော့ သူကိုယ်တိုင်က ဝင်နီဖရက် ရောဂါတိုးသည် ထက် တိုးလာအောင် အစာထဲတွင် ဆေးထည့်ပြီး တဖြည်းဖြည်း ညှဉ်းသတ်ခဲ့ ခင်း ဖြစ်သည် ။ ဆေးရုံမှတ်တမ်းတွင် လည်း ဝင်နီဖရက် ၏ ရောဂါကို နှလုံးရောဂါဟု သာ ဖော်ပြခဲ့သည် ။ ထို့ကြောင့် ဘယ်သူမှ သံသယမဖြစ်ခဲ့။ ရင်ခွဲစစ်ဆေး ကြည့်ရန်လည်း ဘယ်သူမှ မတောင်းဆို ခဲ့။ ရင်ခွဲစစ်ဆေးကြည့်သည့် တိုင်အောင်လည်း သူ့အနေဖြင့် ကြောက်စ ရာ မလို။ သို့သော် ကလျာ သေတုန်းကတော့ သက်ဆိုင်ရာက ရင်ခွဲစစ် ဆေး ကြည့်သောကြောင့် သူ့အနေဖြင့် အတော်လေး ရင်တထိတ်ထိတ် ဖြစ်ခဲ့ရသည် ။

***

ရေခဲသေတ္တာထဲမှ ဟင်းခွက်များ နှင့် အရက်ပုလင်းကို ထုတ်ယူပြီး စားပွဲတွင် ထိုင်သည် ။

"ကလင် .. ကလင်"

မီးဖိုခန်းနှင့် ကပ်လျက် အခန်းထဲမှ တယ်လီဖုန်းမြည်သံ ပေါ်ထွက် လာသည် ။ ပထမတွင် သွား၍ နားမထောင်ရန် စိတ်ကူးသော်လည်း နောက်တော့မှ အခု လို အခြေအနေမျိုးတွင် အပြင်မှ တယ်လီဖုန်း လာ တာကို နားမထောင်လျှင် အကျိုးယုတ်နိုင်သည် ဟု တွေးမိပြီး စားပွဲမှ ကမန်းကတန်း ထလာခဲ့သည် ။ "ဒေါက်တာ ဟိုက်ဂလေပါ" တစ်ဖက်မှ ရှိုက်သံတစ်ချက် ကြားလိုက်ရပြီး - "ဒေါက်တာ၊ ကျွန်မ ဖစ်ဂျာရယ်ပါ။ ဒေါက်တာ၊ ကျွန်မ အလုပ်က အပြန်မှာ အက်ဒနာဆီ ဝင်ကြည့်တော့ .."

ဒေါက်တာက တယ်လီဖုန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည် ။။

"အက်ဒနာ သေသွားပြီ ဒေါက်တာ။ အခု ဒီမှာ ရဲတွေလည်း ရောက် နေတယ်။ သူ လဲကျပြီး သေသွားတာ။ အဲဒါ ဖြစ်နိုင်ရင် ဒေါက်တာ အခု ချက်ချင်း လာ ကည့်စေချင်ပါတယ်။ သူတို့ က သူ့အလောင်းကို ရင်ခွဲရုံပို့ပြီး စစ်ဆေးကြည့် ဖို့ ပြောနေကြတယ်။ အက်ဒနာက ရင်ခွဲတာ ကို သိပ်ပြီး ကြောက်တာ။ သေပြီး တဲ့ အလောင်းကောင်ကြီးကို လှီးဖြ တ်ခဲ့စိတ်တာကို သူ သိပ်ကြောက်တယ် လို့ ခဏခဏ ပြောဖူးပါတယ်။ အက်ဒနာ အရက်သိပ်သောက်တာကို ဒေါက် တာ သိပါတယ်။ ကျွန်မက အက်ဒနာအိမ်ကို ဒေါက်တာ လာဖူးတဲ့ အကြော

င်း၊ သူ အရက် အမူးလွန် နေတာ တွေ့လို့ ခဏခဏ သတိပေးဖူးတဲ့ အကြောင်း သူတို့ ကို

ပြောပြပါတယ်။ အဲဒါ ဒေါက်တာ ဒီကို လာပြီး ပြောပြရင် ကောင်းမယ်။ အက်ဒနာဟာ အရက်မူးလွန်ပြီး လဲကျလို့ သေတာပါ။ ရင်ခွဲစစ်ဆေးစ ရာ မလိုပါဘူး ဆိုတာ ပြောပြမှ ဖြစ်မယ် ဒေါက်တာ"

大大大大大

≈ အခန်း (၂၆)

ကက်သလင်းသည် အိမ်မှ မထွက်မီ ကော်ဖီတစ်ခွက် ဖျော်ပြီး ကား ဆီသို့ လာခဲ့သည် ။ လက်တစ်ဖက်ဖြင့် လက်ကိုင်ဘီးကို ထိန်းလျက် ကျ နတစ်ဖက်ဖြင့် ကော်ဖီခွက်ကို ပါးစပ်တွင် တေ့ကာ မောင်းထွက်လာခဲ့ သည် ။ မူလကတော့ သူမ အိမ်က ကိတ်မုန့်ယူသွားပြီး အက်ဒနာအိမ်သို့ ရောက်မှ ကော်ဖီဖျော်၍ နှစ်ယောက်အတူ သောက်မည်ဟု ရည်ရွယ် ထားခဲ့သည် ။ ခုတော့ အက်ဒနာ ငေးသွားရှာပြီ။

သူမသည် အက်ဒနာနှင့် တစ်ကြိမ်သာ တွေ့ဖူးသေးသည် ။ သို့သော် တွေ့တွေ့ချင်း မိတ်ဆွေဟောင်းများ ပမာ ခင်မင်သွားခဲ့ကြသည် ။ အက် ဒနာသည် စိတ်ကောင်းရှိသည် ။ လူနာတွေကို ဂရုစိုက်သည် ။ ပြီးခဲ့သ ည့် တစ်လတွင်းက ဆေးရုံသို့ တစ်ကြိမ်ရောက်ပြီး အက်ဒနာနှင့် တစ်ကြိ မ်မျှ စကားပြော ရရုံနှင့် သူတို့ နှစ်ဦး အလွန် ရင်းနှီးသွားခဲ့ကြသည် ။ ထို့ကြောင့်လည်း သူမက အက်ဒနာအား ဂျန်အကြောင်းကိုပင် လိုအပ် သည် ထက် ပို၍ ပြောမိခဲ့ခြင်း ဖြစ်သည် ။ အက်ဒနာက နားလည်မှု ရှိသည် ။ ကိုယ်ချင်းစာတရား ရှိသည် ။ "ကိုယ် ချစ်ခင်တဲ့ လူတစ်ယောက် သေသွားတာကို မြင်ရခံစားရတာ ဟာ လွယ်တဲ့ အလုပ် မဟုတ်ဘူး ။ ဂျန်မ မေမေနဲ့ ဖေဖေတို့ ဆုံးသွားတော့ မိတ်ဆွေ အပေါင်း အသင်းတွေက နှစ်သိမ့် အားပေးကြတယ်။ “အ ခုမှ တစ်ကိုယ်တည်း လုတ်လုတ်လပ်လပ်နဲ့ အေးအေးဆေးဆေး နေရ တာပေါ့ အက်ဒနာရယ်” တဲ့ ။ အဲဒီတော့ ဂျန်မက “ဘာလွတ်လပ်တာလဲ ၊ ဘယ်လို လွတ်လပ်တာကို ဆိုလိုတာလဲ” လို့ စိတ်ပေါက်ပေါက်နဲ့ ပြန် မေးလိုက်မိတယ်။ ရှင်လည်း ဂျန်မလိုပဲ ခံစားရမယ်ဆိုတာ ဂျန်မ သ ဘောပေါက်ပါတယ်" အက်ဒနာက ယင်းသို့ပင် ပြောခဲ့ဖူးသည် ။ ပြီးတော့ သူမက ဒေါက်တာ ဟိုက်ဂလေအကြောင်းကိုလည်း ပြော လိုက်သေးသည် ။

"မီးယပ်နဲ့ သားဖွားကိစ္စ အတွက်တော့ သူ့ထက်ကောင်းတဲ့ ဆရာဝန် မရှိတော့ပါဘူး။ ဒါကြောင့်မို့လည်း သူ့ကို အပြစ်ပြောတဲ့ လူတွေကို ဂျန် မက သိပ်ပြီး ဒေါသထွက်မိတာပေါ့။ သူ့အပေါ် မှာ လူနာကို ဂရုမစိုက်ဘဲ ပေါ့ပေါ့ဒေ လျှော့လျှော့ ကုသမှုနဲ့ ပတ်သက်ပြီး တရားစွဲဆိုကြတဲ့ လူတွေကို ပြောတာပါ။ လူတစ်ယောက်ဟာ နာမည်ကြီးလာရင် ဒီအတိုင်းပဲ။ သူ့အ နေနဲ့ ဘာကိုမဆို မလုပ်နိုင်တာ မရှိဘူးလို့ အထင်ခံရတော့တာပဲ။ ဒီနေ့ ဆရာဝန် တစ်ယောက် အနေနဲ့ သူ လက်ခံကုသနေတဲ့ လူနာတစ်ယော က် သေဆုံးသွားခဲ့ရင် မောကာပဲ။ ဟိုတုန်းက လူပေါင်းတစ်သောင်း သက်သာပျောက်ကင်းခဲ့တာကို မထောက်ထား ကြတော့ဘူး။ တစ်ခါတ ည်း ရစရာ မရှိလေအောင် ဝေဖန်ထိုးနှ

ကဲကြဲတော့တာပဲ။ ဘယ့်နယ် တော် ဘယ်ဆရာဝန်ကမျှား ကိုယ့်လူနာကို ေ
သစေချင်ပါ့မလဲ"

ချာလီနုဂျင့်၏ အပြောအရ အက်ဒနာသည် လွန်ခဲ့သော ညက ခရစ် လူးဝစ်ထံ
ဖုန်းဆက်ခဲ့သည် ဟု ဆိုသည် ။ ယင်းသို့ ပြောတာ ချာလီက ဘယ်လို ရည်ရွ
ယ်ချက် ရှိလို့ လဲ။ သူ့အခြေအနေ ကြည့်ရတာတော့ ဗင်ဂျီသေမှုကို လူသတ်မှု
အဖြစ် ယူဆချင်နေပုံရသည် ။ "ကျွန်မတော့ လုံးဝ မယုံနိုင်ဘူး၊ မယုံဘူး"

ကက်သလင်းက အမှတ် ၄ လမ်းမကြီးကို ကွေ့ပြီး အက်ဂျီရီးဗာဘ က်သို့ ဦး
တည်မောင်းနှင် ရင်း ပါးစပ်မှ အသံထွက်အောင် တစ်ကိုယ်တ ည်း ပြောလိုက်
မိသည် ။

တကယ်တော့ အက်ဒနာက ခရစ်လူးဝစ်အား လူမှုရေးအရ နှစ်သိမ့် စကား ေြ
ပါကြားရန် ဖုန်းဆက်ခြင်း ဖြစ်နိုင်သည် ။ ချာလီကတော့ အ က်ဒနာသည် ခရ
စ်လူးဝစ်အား တစ်နည်းနည်းဖြင့် ခြိမ်းခြောက်လို၍ သာ ဆက်တာ ဖြစ်နိုင်သ
ည် ဟု လည်း ယူဆချင်ပုံရသည် ။ကက်သလင်းသည် စောစောက တယ်လီဖု
န်း ဆက်တုန်းက ချာလီ ပြောပြခဲ့သည့်အတိုင်း ကားကို တိုက်တန်း နောက်ဘ
က်ဆီသို့ ဘီးလှိမ့် လာခဲ့သည် ။ ထိုအချိန်တွင် အခြားတစ်လမ်းမှ ကားတစ်စီး
မောင်းဝင် လာသည် ကို သတိပြု လိုက်မိသည် ။ ထိုကားသည် သူမ၏ ကား
ကို

ကျော်တက်ပြီး ရှေ့ဘက် တစ်နေရာတွင် စက်သတ်သွားသည် ။ ယင်း ကားက
မကြီးမငယ် အလယ်အလတ်စား အနက်ရောင်ကား။ ကားမော င်းလာသူသ
ည် ကားပေါ်မှ မဆင်းဘဲ ငြိမ်နေသည် ။ ကက်သလင်းက ယ င်းကားကို ပတ်
တက်ပြီး သူမကားကို ရပ်လိုက်သည် ။ အက်ဒနာ၏ အခါ နှ်းမှာ လက်ဝဲဘက်
မှ အစွန်ဆုံးအခန်း ဖြစ်သည် ။ သူမသည် အခန်းအ နေအထားကို အနီးကပ် ြ
ကည့်ချင်သည် ။

သူမသည် ကားပေါ်မှ ဆင်းလိုက်သည် ။ အက်ဒနာ၏ တိုက်ခန်း နောက်ဘက်
ပြတင်းပေါက်ကို ရပ်ကြည့်နေမိသည် ။ ပြတင်းတံခါးရွက် မှာ တစ်လက်မခန့်
ဟနေသည် ။ ပြတင်း လိုက်ကာကို ပန်းအိုးပေါ် သို့ ဆွဲချထားသည် ။ အခန်း
ထဲမှ ခပ်မှန်မှန် မီးရောင်ကို မြင်နေရသည် ။

နောက်ဘက်မှ ခြေသလုံးလိုလို ကြားလိုက်ရသဖြင့် ဖျတ်ခနဲ လှည့်ကြ ည့်လိုက်
သည် ။ ဓာတ်မီးတိုင်မှ နောက်ခံမီးရောင်ဖြင့် လူရိပ်တစ်ခုကို လှမ်းမြင်ရသည်
။ ထိုအရိပ်သည် သူမဆီသို့ လျှောက်လာနေသည် ။

"ခွင့်လွှတ်ပါ မစ္စက်ဒီမေယို၊ ရုတ်တရက်ဆိုတော့ ဘာလိုလိုနဲ့ လန့်မျှား သွား သလား၊ မလန့်ပါနဲ့ ။ ကျုပ် အဲဒီလို မရည်ရွယ်ပါဘူး" "ဟင် .. ဒေါက်တာ ဟို က်ဂလေပါလား" "ဟုတ်ပါတယ်၊ ကျုပ်တို့ အခုလို အခြေအနေမျိုးမှာ မမျှော် လင့်ဘဲ တွေ့ရမယ်လို့ လုံးဝ မထင်မိဘူး"

"ဒီလိုဆို ဒေါက်တာလည်း သိပြီးပြီပေါ့။ ကျွန်မတို့ ရုံးက သတင်းပို့ သလား ဒေါက်တာ " "ကဲ လာပါ၊ ဒီမှာ အေးလှပါတယ်" သူက ကက်သလင်း၏ လက်ကို ဆွဲကိုင်ပြီး တိုက်ခန်းဘက်သို့ ဆက် လျှောက်လာခဲ့သည် ။ "ကျုပ်ကို မစ္စက်ဖ စ်ဂျာရယ် ဖုန်းဆက်လို့ သိရတာ။ သူက ဒီနေ့ မစ္စ အက်ဒနာ မလာနိုင်လို့ လူစား ဝင်လုပ်ရတာ။ အဲဒါ သူက သွေးရူးသွေး တန်းနဲ့ လှမ်းခေါ်လို့ ကျုပ်လ ည်း ဘုမသိ ဘမသိနဲ့ ကမန်းကတန်း ထွက်

လာခဲ့ရတာပဲ။ ဘယ်လိုက ဘယ်လို ဖြစ်ရတယ် ဆိုတာ ကျုပ် ဘာမှ မသိ ရ သေးဘူး" "ကျွန်မလည်း မသိရသေးပါဘူး ဒေါက်တာ"

သူတို့ နှစ်ယောက် တိုက်ခန်းရှေ့သို့ ရောက်လာစဉ် နောက်ဘက်မှ တစ်စုံတ စ်ယောက်က လှမ်းခေါ်သံ ကြားလိုက်ရသည် ။

"ကက်သလင်း

ဒေါက်တာက သူမ၏ လက်မောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင် ထားသည် ။ သူမက ခေါ်သံလာရာသို့ ပြန်ကြည့်လိုက်သောအခါ ဒေါက် တာက လက်ကို ပြန်လွှတ်လိုက်သည် ။

ဒေါက်တာ ရစ်ချတ်ကာရိုး။ သူ့ကို တွေ့ရတော့ ကက်သလင်း ဝမ်း သာသွား သည် ။

သူက ကက်သလင်း၏ ပခုံးနှစ်ဖက်ကို အားရပါးရ ဆုပ်ကိုင်လိုက်ပြီး

"မင်း စကော့နဲ့ တွေ့ပြီးပလား" "ဟင့်အင်း မတွေ့ရသေးဘူး။ ကျွန်မက အက် ဒနာဆီ ထွက်လာမလို့ ပြင်နေတုန်း ဒီသတင်း ကြားရတာပဲ။ သြော် .. ဒါနဲ့ ရစ် ချတ်၊ ဒါက ဒေါ် က်တာ အက်ဂါဟိုက်ဂလေ"

သူတို့ နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည် ။ ထို့နောက် သူတို့ အား ချာလီ က အိမ်ခန်းထဲသို့ ခေါ်လာခဲ့သည် ။ "ဒေါက်တာ့လူတွေ့ မကြာခင် လာကြလိ မ့်မယ်။ ကျွန်တော်တို့ ဓာတ် ပုံတွေ့လည်း ရိုက်ထားပြီးပြီ။ ဒါပေမဲ့ ဒေါက်တာ လည်း သေသေချာချာ ဝင်ကြည့်ပါဦး"

ချာလီက ဒေါက်တာရစ်ချတ်အား ပြောသည် ။ တကယ်တော့ ကက်သလင်း အနေဖြင့် လူသေအလောင်းတစ်ခုကို ကြည့်ရသည်မှာ အဆန်း မဟုတ်တော့။

သွေးရဲရဲဖြင့် မြင်မကောင်း ရှုမ ကောင်း သေဆုံးနေသော အလောင်းပေါင်း များ စွာကို လုပ်ငန်းသဘောအရ အကြိမ်ကြိမ် တွေ့ခဲ့ရပြီး ဖြစ်သည် ။ သို့သော် ယခု အက်ဒနာ၏ အ လောင်းကတော့ သူမအတွက် အဆန်းဖြစ်နေသည် ။ စိတ်ထဲတွင် တော် တော် ခံစားရမိသည် ။ အက်ဒနာသည် ဖလန်နယ် ညဝတ်ရုံကြီး ဝတ်ပြီး အရုပ်ကြိုးပြတ် ပုံလျက်သား သေဆုံးနေသည် ။ စားပွဲပေါ်တွင် လည်း အမြည်းခွက်နှင့် အရက်မရှိတော့သော ဖန်ခွက်တစ်လုံး။ သူ့ခေါင်းမှ ဒ ဏ်ရာတွင် သွေးစို့နေတုန်း ရှိသေးသည် ။

မစ္စက်ဖစ်ဂျာရယ်သည် အက်ဒနာ၏ အလောင်းကို မကြည့်ချင်သည့် အလား အခန်းတစ်နေရာရှိ ဆိုဖာပေါ်တွင် ထိုင်ကာ တရှုပ်ရှုပ် ငိုနေသ ည် ။ ဒေါက်တာရစ်ချတ်က အလောင်းများသို့ သွားပြီး စေ့စေ့စပ်စပ် ကြည့်ရှုနေသည် ။ ကက်သလင်းက မစ္စက်ဖစ်ဂျာရယ်၏ ဘေးတွင် ဝင်ထိုင် လိုက်သည် ။ ဒေါက်တာ ဟိုက်ဂလေကလည်း သူတို့ အနီးမှ ကုလားထို င်လွတ် တစ်လုံးတွင် ဝင်ထိုင်သည် ။ ။

မစ္စက်ဖစ်ဂျာရယ်က စတင် စကားပြောသည် ။ "အောင်မယ်လေး . မြင်ရတာ အဖြစ်ဆိုးလှချေလား ဒေါက်တာ။ အဖြစ်ဆိုးလှပါကလား မစ္စက်ဒီမေယိုရယ်"

သူမက ပြောရင်း ရှိုက်ငိုနေပြန်သည် ။ ကက်သလင်းက သူမ၏ ပခုံးပေါ်လက်တင်ရင်း - "ဟုတ်ပါတယ် အန်တီရယ်၊ ကျွန်မလည်း အများကြီး စိတ်မကောင်း ဖြစ်မိပါတယ်။ အန်တီဆိုရင် ပိုပြီး ခံစားရတော့မှာ ပေါ့။ အန်တီက မစ္စ အက်ဒနာကို သိပ်ပြီး ခင်တယ် မဟုတ်လား"

"သူဟာ သိပ်ပြီး ကောင်းရာပါတယ်ကွယ်။ ပျော်ပျော်ရွှင်ရွှင်လည်း နေတတ်တယ်။ ဘယ်တော့မှ စိတ်မညစ်တတ်ဘူး။ သူနဲ့ နေရရင် အမြဲတမ်း ရယ်နေရတာချည်းပဲ။ ဟုတ်ပါတယ်၊ သူ့မှာ အားနည်းချက် တစ်ခု တော့ ရှိပါတယ်။ တကယ်တော့ လူတိုင်းမှာ အားနည်းချက် တစ်ခုစီ တော့ ရှိကြတာချည်းပါပဲ။ ဒါပေမဲ့ သူက ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူး။ စိ တ်ညစ်အောင် မလုပ်ဘူး။ အက်ဒနာဟာ ဒေါက်တာ့အတွက် အများကြီး တန်ဖိုးရှိပါတယ် ဒေါက်တာ"

ဒေါက်တာက မျက်နှာညှိုးသွားပြီး - "ဟုတ်ပါတယ် မစ္စက်ဖစ်ဂျာရယ်၊ အက်ဒနာဟာ အလွန်တော်တဲ့ အ မျိုးသမီး တစ်ယောက်ပါ။ သူ့အလုပ် အပေါ်မှာလည်း အလွန်ဂုဏ်ယူတ ယ်။ လူနာတွေ အပေါ်မှာ လည်း သိပ်ပြီး ကြင်နာမှုရှိတယ်။ သူနဲ့ စကားပြောရတာ လူနာတွေကလည်း အလွန်စိတ်ချမ်းသာ ကြတယ်။ ဒါကြောင့်မို့လို့ ဒေါက်တာဖူဂီတိုနဲ့ ကျုပ်တို့ တောင် ရယ်စရာလုပ်ပြီး

ပြောဖူးသေးတယ်။ ဒီအတိုင်းသာ ဆိုရင် ဒေါက်တာဖူဂီတိုရဲ့ စိတ်ရောဂါ ကုလုပ်ငန်းကို ထိခိုက်ပြီး ဒေါက်တာဖူဂီတိုတောင် အလုပ်လက်မဲ့ ဖြစ် သွားနိုင်တဲ့ အခြေအနေမျိုး ကြုံလာနိုင်တယ် ဆိုပြီး ရယ်စရာ ပြောကြရ ပါသေးတ

ယ်။ အက်ဒနာက အဲသလောက်ထိ အားထားရတဲ့ အမျိုးသမီး တစ်ယောက်
ပါ"

"ဒေါက်တာ၊ ကျွန်မက ဒေါက်တာ ဒီကို ရောက်ဖူးတယ် ဆိုတာ သူ တို့ ကို ြ
ပါပြလိုက်တယ်။ အက်ဒဂုံအကြောင်းကို ဒေါက်တာ အသိဆုံး ပါ။ တကယ်
တာ့ အခုလို ဖြစ်ရတာ အရက်မူးပြီး လဲကျတာပဲ ဖြစ်ရမ ယ်။ တခြား ဘယ်လို
မှ မဖြစ်နိုင်ဘူး။ သူ့လို စိတ်ကောင်းရှိတဲ့ မိန်းမသား တစ်ယောက်ကို ဘယ်သူ
မှ လက်ဖျားနဲ့ တောင် မထိပါဘူး"

ဒေါက်တာ ဟိုက်ဂလေက ကက်သလင်းဘက်သို့ လှည့်ကြည့်ရင်း - "ဟုတ်ပါ
တယ်၊ မစ္စက်ဖစ်ဂျာရယ် ပြောတာ အမှန်ဆုံးပါပဲ။ အက်ဒနာမှာ က တင်ပါးနဲ့
ခါးကြော ကိုက်ခဲတဲ့ ရောဂါလည်း ရှိတယ်။ ပြီး တော့ အရက်ကလည်း တစ်
နေ့မပြတ် သောက်နေတယ်" ကက်သလင်းက ထိုင်ရာမှ ထကာ အက်ဒနာ၏
အလောင်းရှိရာသို့ လျှောက်လာသည် ။ သူမ၏ လည်ချောင်းထဲတွင် အလုံး ြ
ကီး တစ်ဆို့နေ သလို ခံစားရမိသည် ။ ။ "ဘာများ တွေ့ရသလဲ" သူမက ရစ်ချ
တ်အား မေးလိုက်သည် ။ ရစ်ချတ်က ပခုံးကို တွန့်လိုက်ပြီး - "ခေါင်းက ဒဏ်
ရာကို သေသေချာချာ စစ်ဆေးကြည့်ပြီးမှ အတိအ ကျ ပြောနိုင်မယ်။ လောေ
လာဆယ်မှာ တော့ နှစ်မျိုး ပြောလို့ ရတယ်။ တစ်မျိုးက အရက်မူးပြီး ထရပ်
လိုက်ရင်း လဲကျတာ ဖြစ်နိုင်တယ်။ သူက ဝလည်း တော်တော် ဝတယ်။
သူ့ကိုယ်အလေးချိန် သူ မသယ်နိုင်ဘူး။ နောက်တစ်မျိုးကတော့ ကားတိုက်
တာနဲ့ မီးရထားကြိတ်တာ မတူသလို ဘဲ အများကြီး ခြားနားမှု ရှိတယ်။ အဲဒီ ြ
ခါးနားချက်ကို ကျုပ်တို့ သေ သေချာချာ စစ်ဆေးကြည့်ရမယ်"

"ဒါနဲ့ တစ်ယောက်ယောက်က အိမ်ထဲ ဖောက်ဝင် သတ်ဖြတ်တဲ့ လ ကွဲဏာ
များ တွေ့ရသလား"

"မတွေ့ရပါဘူး၊ ဒါပေမဲ့ ဒီအခန်းက သော့ခလောက်က ဖွင့်ရတာ လွ ယ်ပါတ
ယ်။ သူက အိမ်ခန်းထဲ လူမှန်းမသိအောင် မူးနေချိန်မှာ ဘယ်သူ မဆို အသာ
ကလေး ဝင်လာလို့ ဖြစ်နိုင်ပါတယ်"

"ဘယ်သူက ဘာဖြစ်လို့ သူ့ကို လာသတ်ရမှာ လဲ။ ဒါနဲ့ ခရစ်လူးဝစ်နဲ့ ကော
ဘယ်လို ပတ်သက်နိုင်လို့ လဲ"

"တိုက်ခန်းကြီးကြပ်ရေးမှူးရဲ့ မိန်းမ။ သူ့နာမည်က ဂါနာကရပ်ပရှ က်တဲ့ ။
အဲဒီအမျိုးသမီးက မစ္စက်ဖစ်ဂျာရယ်နဲ့ တွေ့ကြတယ်။ မလာခင် လေးတင်ဘဲ
တို့ က သူ့ကို အိမ်ပြန်လွှတ်လိုက်တယ်၊ သူ တော်တော်က လေး ခံစားနေရတ
ယ်။ ဆိုလိုတာကတော့ သူဟာ မနေ့ညက ရှစ်နာရီ ကျော်ကျော် အထိ ဒီအခ
နေ်းထဲမှာ အက်ဒနာနဲ့ အတူ ရှိနေခဲ့တယ်။ အဲဒီ တုန်းက အက်ဒနာက ဗင်ဂျီလူး

ဝစ် သတ်သေတာကို သူ့ကို ပြော်ပြခဲ့တ ယ်" "သူက ဘယ်လို ပြောခဲ့သလဲ" "အတိအကျတော့ မသိဘူး။ ဗင်ဂျီ သိပ်လုတဲ့ အကြောင်း၊ အခုလို မ မျှော်လင့်ဘဲ သတ်သေတာ မယုံနိုင်စရာ ကောင်းကြောင်း ပြောခဲ့တယ်။ အဲဒီနောက် မစ္စက်ကရပ်ပရက် မီးဖိုထဲ ဝင်သွားတုန်းမှာ အက်ဒနာက တစ်ယောက်ယောက် ဆီ တယ်လီဖုန်းဆက်သံကို ကြားတယ်။ တယ်လီဖု နှ်း ဆက်သံကို မစ္စက်ကရပ်ပရက်က မီးဖိုထဲကနေ အားလုံး ကြားနေရ တယ်။ အက်ဒနာက သူ သိတာတွေကို မနက်ဖြန်ဆိုရင် ရဲကို အားလုံး ဖွ င့်ပြောလိုက်တော့မယ်လို့ ကပ္ပတိန် လူးဝစ်ကို ပြောတယ်။ ပြီးတော့ ဒီ နေရာကို ဘယ်လိုလာရတယ် ဆိုတာကိုလည်း အက်ဒနာက ကပ္ပတိန် လူးဝစ်ကို ပြောလိုက်သေးတယ်။ ဒါက မစ္စက်ကရပ်ပရက်ရဲ့ ထွက်ဆိုချ က်ပဲ" "သက်သေကတော့ ဒိဋ္ဌမျက်မြင် သက်သေပဲ" ချာလီက ဝင်ပြောသည် ။ "အဲဒီတော့ .." ရစ်ချတ်က ထပ်ပြောသည် ။

"ဒီအမှုကို လူသတ်မှုအဖြစ် သဘောထားလို့ ရတယ်။ စကော့က ခရ စ်လူးဝစ်ကို မသင်္ကာဘူး။ ဒါကို ကျုပ်လည်း သဘောတူတယ်"

သူက မစ္စက်ဖစ်ဂျာရယ်ဆီသို့ လှမ်းကြည့်လိုက်ပြီး - "အဘွားကြီး အခြေအနေ သိပ်မဟန်ဘူး။ တော်တော် စိတ်မချမ်း သာ ဖြစ်နေပုံရတယ်။ မင်း သူနဲ့ စကားပြောကြည့်ပြီးပလား ကက်သလင်း။

"အခြေအနေ မကောင်းဘူး။ လောလောဆယ် ဘာမှ မမေးတာဘဲ ကောင်းပါတယ်" "သူ့ကို ရဲကားနဲ့ လိုက်ပို့လိုက်မယ်" ချာလီက ပြောသည် ။ "သူ့ကားကိုတော့ ကျွန်တော်တို့ အထဲက တစ်ယောက်ယောက်က မောင်းပြီး ပို့လိုက်တာပေါ့" ကက်သလင်းက အတွေးနက်နေသည် ။ ခရစ်လူးဝစ်အနေဖြင့် အက်ဒနာအပေါ် သည် လောက် ရက်ရက်စက် စက် မလုပ်နိုင်ပါဘူး။ သူ့မိန်းမကို သတ်တာလည်း သူ မဖြစ်နိုင်ပါဘူး။

သူမက ချာလီဘက်သို့ လှည့်လိုက်ပြီး - "အခြေအနေ အားလုံးကို သေသေချာချာ စစ်ဆေးကြည့်ပြီးပြီလား" "အားလုံး ရှာကြည့်ပြီးပါပြီ။ ဘာမှ အခြေအနေ မပျက်ပါဘူး။ ပိုက် ဆံအိတ်က မှတ်စုစာအုပ် ကြားထဲမှာ စုစုပေါင်း ဆယ့်ရှစ်ဒေါ်လာ တွေ့ရ တယ်။ ကုန်ဝယ်လက်မှတ်တွေလည်း မူမပျက် ရှိနေတယ်။ တိုက်ခန်း ဖောက်ဝင်တဲ့ လက္ခဏာ ဘာမှ မတွေ့ရပါဘူး"

သူမက ဒေါက်တာ ဟိုက်ဂလေနှင့် မစ္စက်ဖစ်ဂျာရယ်ဘက်သို့ လှည့်ပြီး - "ကဲ ဒီလိုဆို အန်တီကို ကျွန်မတို့ လိုက်ပို့ပေးပါ့မယ်" "သူတို့ က အက်ဒနာကို ဘာလုပ်ကြမတဲ့ လဲ" "ခေါင်းက ဒဏ်ရာကို စစ်ဆေးကြည့်မယ်။ တကယ်လို့ မျှား တစ် ယောက်ယောက် ပယောဂကြောင့် ဖြစ်ရသလား ဆိုတာ အတိအကျ သိ

ရအောင်လို့ ပါ။ ဒီလုပ်ရပ်ကြောင့် မစ္စက်အက်ဒနာ အပေါ်မှာ ကျွန်မတို့ အားလုံး ခင်မင် လေးစားကြတယ် ဆိုတာ သက်သေပြလိုက်တဲ့ သဘော ပါပဲ။

အဘွားကြီးက နှာခေါင်းရှုံ့လိုက်ပြီး - "အေးလေ၊ ကောင်းသလို လုပ်ကြပေါ့" သူမက ဒေါက်တာ ဟိုက်ဂလေဘက် လှည့်ရင်း - "အို .. ဒေါက်တာ၊ ဒေါက်တာ့ကို ကျွန်မ ဒီကိုခေါ်မိတာ ခွင့်လွှတ်ပါ ဒေါက်တာ။ ကျွန်မ တောင်းပန်ပါတယ် ဒေါက်တာ"

"တောင်းပန်စရာ မလိုပါဘူး မစ္စက်ဖစ်ဂျာရယ်။ အခုလို ကျုပ်ကို ခေါ်တာ ကျုပ်ကတောင် ပြန်ပြီး ကျေးဇူးတင်ရမှာ ပါ။ မစ္စက်အက်ဒနာ က ကျုပ်ဆီမှာ အလုပ်လုပ်နေတာ မဟုတ်လား။ (သူက အက်ဗီအိတ်ထဲ သို့ လက်နှိုက်ရင်း) ဒါနဲ့ ကျုပ်ဆီမှာ စိတ်ငြိမ်ဆေးတွေ ပါလာတယ်။ ခင် ဗျားအတွက် လိုလိုမည်မည် သဘောနဲ့ ထည့်ယူလာခဲ့တာပါ။ အိမ်အပြန် မှာ တစ်လုံးလောက် စားလိုက်ပါလား" "ကျွန်မလည်း ရေတစ်ခွက် သောက်ဦးမယ်"

ကက်သလင်းက ရေချိုးခန်းထဲမှ ရေစင်သို့ လာခဲ့သည် ။ သူမသည် ရေစင်မှ ရေငဲ့ရင်း ခရစ်လူးဝစ်အကြောင်းကို တွေးမိသည် ။ ယခုလို မိန်းမနှစ်ယောက် ထူးဆန်းစွာ သေဆုံးမှုတွင် ခရစ်လူးဝစ်အား သက်ဆိုင်မှ ကင်း ဖြစ်နေသည် ကို သူမအနေဖြင့် ဘဝင်မကျနိုင်အောင် ဖြစ်နေသည်

သူမသည် ရေတစ်ခွက် ခပ် လာပြီး မစ္စက်ဖစ်ဂျာရယ် ဘေးတွင် ပြန် ထိုင်သည် ။

"အခြေအနေအရ ဆက်စပ်တွေးကြည့် ရသလောက် ဆိုရင်တော့ မစ္စ က်အက်ဒနာဟာ အသတ်ခံရတာ မဟုတ်နိုင်ဖို့ များ ပါတယ် အန်တီ။ ဒါ နဲ့ အန်တီ သိပါသလား။ သူ့မှာ အဖိုးတန် ပစ္စည်းတွေ ဘာများ ရှိပါသလဲ ။ စိန်ရွှေရတနာ ပစ္စည်းတစ်ခုခု ပြောတာပါ"

"ဩော် .. ဟုတ်သားပဲ၊ ကျွန်မ မှတ်မိတယ်။ သူ့မှာ လက်စွပ်တစ်ကွင်းနဲ့ ရင်ထိုးတစ်ခု ရှိတယ်။ အဲဒါတွေကို သူက သိပ်မြတ်နိုးတာပဲ။ အ ထူးပါတီပဲမျိုး ကျမ ဝတ်ဆင်တတ်တယ်။ ဒါပေမဲ့ သူ ဘယ်မှာ သိမ်းထား မှန်းတော့ ကျွန်မ မသိဘူး။ ကျွန်မက ဒီအိမ်ကို ဒီတစ်ခါပဲ ရောက်ဖူး သေးတာ။ ဩော် .. သတိရပြီ။ ဒေါက်တာ၊ တစ်ခါတုန်းက အဲဒီလက်စွပ် နဲ့ ရင်ထိုးကို အက်ဒနာက ဒေါက်တာ့ကို ထုတ်ပြသေးတယ် မဟုတ်လား ။ အက်ဒနာ ပြောပြလို့ သိရတာပါ။ အဲဒီတုန်းက ပစ္စည်းတွေ သိမ်းထား တဲ့ နေရာကိုလည်း ဒေါက်တာ့ကို သူက ပြတယ်လို့ ကျွန်မကို ပြောဖူးလို့ ပါ။ အဲဒါ ဒေါက်တာသိရင် မစ္စက်ဒီမေယိုကို ပြောပါလိုက်ပါလား"

ကက်သလင်းက ဒေါက်တာ့မျက်နှာကို လှည့်ကြည့်လိုက်မိသည် ။ သူ့မျက်လုံးများ တွင် မကျေနပ်သော အရိပ်အယောင်များကို မြင်ရ သည် ။

ကက်သလင်းက ရုတ်တရက် စိတ်ကူးနယ်ချဲ့လိုက်သည် ။ ဒေါက် တာနှင့် အက်ဒနာတို့ ဘယ်လို အဆက်အသွယ် ရှိကြသလဲ။ သူတို့ နှစ် ယောက် တိတ်တိတ်ပုန်း စခန်းသွားနေကြတာလား။ "ကျုပ် အတိအကျ မသိပါဘူး" သူက အသံမာမာနှင့် ပြောသည် ။ "ကျုပ်ကို ပြုတုန်းကတော့ အိပ်ရာစားပွဲ အံဆွဲထဲက ထုတ်ပြတာပဲ" "အဲဒီ သွားကြည့်ကြရအောင် ဒေါက်တာ"

ကက်သလင်းနှင့် ဒေါက်တာဟိုက်ဂလေတို့ နှစ်ယောက် အိပ်ခန်းထဲ ဝင်လာခဲ့ကသည် ။

ကက်သလင်းက စားပွဲတင် မီးခလုတ်ကို ဖွင့်လိုက်သည် ။ "အဲ .. ဟိုမှာ ... အဲဒီထဲမှာ ပဲ" ဒေါက်တာဟိုက်ဂလေက ခုတင်ညာဘက် ဘေးမှ စားပွဲကို ညွှန်ပြသည် ။။

ကက်သလင်းက စားပွဲအံကို ဆွဲဖွင့်လိုက်သည် ။ အံဆွဲက တော် တော်လေး နက်သည် ။ သူမသည် အံဆွဲထဲသို့ လက်နှိုက်ပြီး အပြာရော င် ပလတ်စတစ် ဘူးလေးတစ်ဘူးကို ထုတ်ယူလိုက်သည် ။ သူမက အဖုံး ကို ဖွင့်လိုက်သော အခါ ဂွမ်းအောက်ခံဖြင့် ထည့်ထားသော ရင်ထိုးတစ်ခု နှင့် စိန်လက်စွပ်လေး တစ်ကွင်းကို တွေ့ရသည် ။ "ဒါတွေက သူ့မှာ ရှိသမျှ ရတနာတွေပဲ ဖြစ်မယ် ထင်တယ်" ကက်သလင်းက ပြောသည် ။ "ဒီအတိုင်းဆိုရင် သူ့ကို ပစ္စည်းလိုချင်လို့ လူသတ်သွားတာ မဟုတ်နိုင်တာ ထင်ရှားနေပြီ ဒေါက်တာ။ ဒီပစ္စည်းတွေကို ကျွန်မ ရုံးမှာ ပဲ သိမ်း ထားပြီးတော့ ဆွေမျိုးသားချင်း တစ်ယောက်ယောက် ပေါ် လာတော့မှ ပေးကြတာပေါ့"

သူမက အံဆွဲကို ပြန်ပိတ်မလို့ လုပ်ပြီးမှ မပိတ်သေးဘဲ အံဆွဲထဲ စိုက် ကြည့်နေသည် ။ "ဒီမှာ ကြည့်ပါဦး ဒေါက်တာ"

သူမက ရတနာဘူးကို ခုတင်ပေါ် တွင် ထားလိုက်ပြီး အံဆွဲထဲသို့ လ က်နှိုက်လိုက်ပြန်သည် ။

"ကျွန်မ မေမေဟာ သူ့အမေ ဆောင်းခဲ့တဲ့ ဦးထုပ်အဟောင်း တစ်ခု ကို အံဆွဲထဲမှာ အမြဲ သိမ်းထားခဲ့တယ်။ မစ္စအက်ဒနာလည်း မေမေ့လိုပဲ အမြဲတ်တနိုး သိမ်းထားတာနဲ့ တူပါတယ်"

ယင်းသို့ ပြောပြီး သူမသည် အံဆွဲထဲမှ အညိုရောင် စွပ်ဖိနပ်တစ်ဖ က်ကို နှိုက်ယူလိုက်သည် ။ ဖိနပ်က တော်တော်ကလေး ဟောင်းနေပြီ။ ဘယ်ဘက်စီး ဖိနပ်။ဒေါက်တာဟိုက်ဂလေသည် ဘာမျှ မပြောဘဲ ဖိနပ်ကိုသာ ကြောင်ကြောင်

ကီး စိုက်ကြည့်နေသည် ။ ကက်သလင်းက ပြောသည် ။ "ဒီဖိနပ်ဟာ သူ့အမေ စီးခဲ့တဲ့ ဖိနပ် ဖြစ်နိုင်တယ်။ အမှတ်တရအဖြစ် သူ့လက်ဝတ်လက်စား ပစ္စည်းတွေနဲ့ အတူ သိမ်းဆည်းထားတာနဲ့ တူတ ယ်။ အင်း ဒီလို အမှတ်တရ သိမ်းထားတဲ့ ပစ္စည်းတွေကသာ စကားပြော တတ်မယ်ဆိုရင် သိပ်စိတ်ဝင်စားစရာ ကောင်းတဲ့ ဇာတ်လမ်းတွေ နား ထောင်ကြရမှာ ပဲ ဒေါက်တာ"

*****

≈ အခန်း (၂၇)

အင်္ဂါနေ့ နံနက် ရှစ်နာရီတိတိတွင် ဗယ်လီခရိုင်၊ လူသတ်မှု ထောက် လှမ်းရေး ဌာန အဖွဲ့ဝင်များ ခရစ်လူးဝစ်တို့ အိမ်သို့ ရောက်လာကြသည် ။ သူတို့ အ ဖွဲ့တွင် ဖိလစ်ကန်နင်ဂမ်နှင့် ချာလီနဂျင့်တို့ အပြင် အခြား စုံ ထောက် လေးဦး လည်း ပါဝင်သည် ။

လက်ဗွေ စုံထောက်များက အိပ်ခန်း၊ ရေချိုးခန်းနှင့် မီးဖိုခန်းများ တွ င် အထူး ဂရုစိုက်ပြီး လက်ဗွေများ နှိပ်ယူကြသည် ။ လက်ဗွေများ တွင် ခ ရစ်လူးဝစ်နှင့် ဗင်ဂျီလူးဝစ်တို့ ၏ လက်ဗွေများမှ တစ်ပါး၊ အခြား တစ်စုံ တစ်ယောက်၏ လ က်ဗွေကို ရရှိဖို့ ကိစ္စမှာ များ စွာ မျှော်လင့်စရာတော့ မရှိလှ။ သို့သော်လည်း ဓာတ်ခဲခန်း အစီရင်ခံစာအရ စဉ်းစားစရာ တစ်ချက် တော့ ပေါ် လာသည် ။ ဗ င်ဂျီလူးဝစ်၏ လက်ဗွေများကို ဖန်ခွက်ပေါ် တွင် တွေ့ရသည် ။ သို့သော် ယင်း လက်ဗွေများ နှင့် ပတ်သက်ပြီး သံသယဖြစ် စရာများ ရှိနေသည် ။ ဗင်ဂျီသည် ညာသန်သူ ဖြစ်သည် ။ ထို့ကြောင့် သူ မသည် ဖန်ခွက်ထဲသို့ ဆိုင်ယာနိုက် အ ဆိပ်ရည် ဖျော်ထည့်သောအခါ ဖ နှ်ခွက်ကို ဘယ်လက်နှင့် ကိုင်ထားပြီးမှ အ ဆိပ်ရည်ကို ညာလက်နှင့်

လောင်းထည့်မည် ဖြစ်သည် ။ သို့သော် ယခု ဖန်ခွက်ပေါ် တွင် ညာဘက် လ က်ဗွေများကိုသာ တွေ့ရသည် ။ ဤအချက်သည် ယုတ္တိမရှိခေ။ ဆက်စပ်၍ မ ရသော ကွဲလွဲချက် ဖြစ်သည် ။ သူမကိုယ် သူမ သတ်သေခြင်း ဖြစ်သည် ဟူ သော အဆိုကို သံသယဝင်စရာ ဖြစ်ရသော အချက်တစ်ရပ်လည်း ဖြစ်သည် ။

အိမ်သုံးဆေးများ ထားသော ဆေးသေတ္တာကိုလည်း စေ့စေ့စပ်စပ် ရှာဖွေကြ သည် ။ ပုလင်းတိုင်းကို ဖွင့်ပြီး အနံ့ခံကြည့်သည် ။ သို့သော် ဆို င်ယာနိုက် အ ဆိပ်ကို တစ်ခုခုမှာ ထည့်ပြီး သိမ်းထားနိုင်သည် ပဲ။

ချာလီက ထင်မြင်ချက်ပေးသည် ။ ။ "ဒါကတော့ သူ ဖန်ခွက်မှာ ထည့်ပြီး ဖျော် တာထက် ပိုနေသေးရင် တော့ ဖြစ်နိုင်တာပေါ့။ နောက်ပြီးတော့ အဆိပ်ထည့် တဲ့ စာအိတ်၊ ဒါမှ မ ဟုတ် ပုလင်းကို အိမ်သာထဲ ပစ်မထည့်လိုက်ဘူး ဆိုရင်လ ည်း ဖြစ်နိုင် တာပဲ" ဖိလစ်က အကြောင်းပြသည် ။

ထို့နောက် အိပ်ခန်းကို ပိုက်စိပ်တိုက်၍ ရှာဖွေကြပြန်သည် ။ ဗင်ဂျီန ့် ခရစ် တို့ မှ တစ်ပါး အခြား သူစိမ်းတစ်ယောက်ယောက်၏ ဆံပင်များ တွေ့ရမလား ဟု ရည်ရွယ်၍ ရှာဖွေခြင်း ဖြစ်သည် ။ ဤတွင် လည်း ဖိလစ်က အကြောင်းပြု ပန်သည် ။ "ဘယ်အိမ်မှာ မဆို ဆံပင်ကတော့ ရှာရင် တွေ့မှာ ပဲလေ။ အိမ်ကို

လာတဲ့ ညေ့သည် တွေ့ဆဳ ကလည်း ကျွတ်ကျန်ရစ်နိုင်တယ်။ လူတိုင်း အ ချိန် မရွေး ဆံပင်ကျွတ်တယ်။ ဒါပေမဲ့ အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေပဲ စ်ဖြစ် ဘယ် အိမ်ရှင်ကမှ အိပ်ခန်းထဲ ခေါ် သွင်းမှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ အိပ်ခန်းထဲ မှာ သူစိမ်းလူ ဆံပင်တွေ့ဖို့ မလွယ်ပါဘူး။ တွေ့ ရင်လည်း အဲဒါ မရိုးသားဘူး ဆိုတာ ထင်ရှားတယ်"

ပြီးတော့ ကားရုံကို ဆက်လက် ရှာဖွေကြပြန်သည် ။ ထုံးစံအတိုင်း ကားရုံထဲ တွင် အိမ်သုတ် ဆေးဘူးခွံများ ၊ တာပင်တိုင် ဆီဘူးများ ၊ ဥယျာဉ်သုံး ကီရိယာပစ္စည်းများ ၊ ပိုးသတ်ဆေးများ အများ အပြား တွေ့ကြရသည် ။ ဟိုကား သည် ကြား လျှောက်ကြည့်ရင်း နံရံကပ်စင် ပေါ် တင်ထားသော ခက်ရင်းခွနှင့် ဖိလစ်၏ ဂျာကင်အင်္ကျီစကို ချိတ်မိသွားသည် ။ သူက ချိတ်နေသော အင်္ကျီစကို ဖြုတ်ရန် ငုံလိုက်စဉ် တွင် ခက်ရင်းခွတွင် ကပ်နေသော အခြားပိုး ထည်စ တစ်ခုကို သွားမြင်မိ သည် ။ ဤတွင် ဖိလစ်က တစ်စုံတစ်ရာကို ဖျတ်ခနဲ သွား၍ သတိရမိသည် ။

ယင်းပိုးထည်စမှာ ဗင်ကျီ သေတုန်းက ဝတ်ထားသော အင်္ကျီမှ ချည်စ ဖြစ်နိုင် သည် ။

သူက ရဲဓာတ်ပုံဆရာကို လှမ်းခေါ် လိုက်သည် ။ "ဒါကလေးကို အနီးကပ် ပုံတ စ်ပုံလောက် ရိုက်လိုက်စမ်းပါ"

ဓာတ်ပုံရိုက်ယူပြီးနောက် သူက ယင်းချည်ကို ခက်ရင်းခွမှ ဖြုတ်ယူ လိုက်ပြီး စာအိတ်ထဲ ထည့်၍ သိမ်းဆည်းလိုက်သည် ။ ထိုအချိန်တွင် ချာ လီနှင့် အခြား အဖွဲ့ဝင်များက ညေ့ခန်းထဲမှ စားပွဲကို ရှာဖွေနေကြသည် ။ ညေ့ခန်းစားပွဲတွင် အသက်အာမခံ စာရွက်စာတမ်းများ ၊ ဘဏ်စာရင်းများ နှင့် ပေးစာများကို စန စ်တက္ဟ အက္ခရာစဉ်၍ ဖိုင်တွဲ ထားသည် ။ ပေးစာဖိုင်တွဲကို ဖွင့်ကြည့်ရာ ခရစ် လူးဝစ်၏ မိခင်ထံမှ စာ များကို တွေ့ရသည် ။ စာတစ်စောင်တွင် - ပေးလိုက် တဲ့ ချက်လက်မှတ်ရ၍ အလွန်ကျေးဇူးတင်ပါသည် သား။ ကျေးဇူးသိတတ်တဲ့ သားအတွက် မေမေတို့ ဝမ်းသာလို့ မဆုံးပါဘူး

ဟူ၍ ရေးထားသည် ။ လွန်ခဲ့သော နှစ်ပတ်လောက်က ရေးသော စာတစ်စော င်တွင် မူ - အိပ်ခန်းတွင် သုံးရန် ဝယ်ပေးလိုက်သော တယ်လီဗေးရှင်းကို ကော င်းမွန်စွာ ရသည် ။ အဖေကြီးတော့ ဝမ်းသာမဆုံး တပြုံးပြုံး ဖြစ်နေသည် ။ ဟု ရေးထားသည် ။ နောက်တစ်စောင်တွင် တော့ - လေအေးစက်သစ်အတွက် .. မေမေနှင့် ဖေဖေတို့ ကျေးဇူးတင်လို့ မဆုံးနိုင်ပါ သား။ ဟူ၍ ရေးထားသည် ။ သူ လိုချင်သောစာမျိုး မတွေ့ရ၍ ချာလီက စိတ်တိုနေသည် ။ သို့ သော် မိအို ဖအိုများအား အမြဲ ကူညီထောက်ပံ့နေသော ခရစ်လူးဝစ်၏ မိ ဘကျေးဇူး သိ တတ်သော စိတ်ထားကိုတော့ ကျိတ်ပြီး ချီးကျူးမိသည် ။

ဗင်ဂျီအကြောင်းနှင့် ပတ်သက်၍ သဲလွန်စများ တွေ့လိုတွေ့ငြား စာ တွေကို ေ
လ့ျာက်မ့ေကြည့် ပြန်သည် ။ သို့သော် မကြာမီက အဘွားကြီး ထံမှ ပေးခဲ့ေ
သာ စာများ တွင် -

ဗင်ဂျီနေမကောင်းဘူး သိရ၍ စိတ်မကောင်းကြပါ။ မိန်းမများ အ နေဖြင့် ကို
ယ်ဝန်ရှိလ့ျင် သည် လိုပင် ခ့ျုခ့ျာတတ်ကြသည် ။

ကျန်းမာစေကြောင်း မေမေတို့ က ဆုတောင်းနေကြောင်း ဗင်ဂျီကို ပြောပြပါ။

ဟူ၍ ရေးသားခ့ျက်များကို တွေ့ရသည် ။

နေ့လယ်ပိုင်းက့ျတော့ အခြားလူများအား ဆက်လက်ရှာဖွေရန် ထား ပစ်ခဲ့ပြီး
ခ့ျာလီနှင့် ဖိလစ်တို့ ရုံးသို့ ပြန်လာခဲ့ကြသည် ။ သူတို့ သည် ည နေ ခြောက်နာ
ရီတွင် ခရစ်လူးဝစ်အား လေယာဉ်ကွင်းတွင် သွားတွေ့ရ န် စီစဉ်ထားသည် ။
ဗင်ဂျီ၏ အမ္ကို ဖောက်ထွင်း ဝင်ရောက် သတ်ဖြတ် မှု မဟုတ်ကြောင်း ကော
က်ခ့ျက်ခ့ျကြသည် ။ ဆိုင်ယာနိုက် အဆိပ်ကိုလ ည်း အိမ်ထဲမှာ ရော ကားရုံထဲ
မှာ ပါ လုံးဝ မတွေ့ကြရ။ရင်ခွဲစစ်ဆေး အစီရင်ခံစာအရ ဗင်ဂျီသည် တနလ်ာေ
နွ့ည မသေဆုံး မီ ငါးနာရီလောက်က လက်ဖက်ရည်နှင့် မုန့်ကိုသာလ့ျင် စား
ထားကြော ငး် တွေ့ရသည် ။ ကြောင်အိမ်ထဲရှိ ပေါင်မုန့်တွင် ပေါင်မုန့် နှစ်ခ့ျပ်
စာ

လ့ျောနေသည် ။ ပန်းကန်ဆေး စက်ထဲတွင် ပန်းကန်ပြားတစ်ခ့ျပ်၊ လက် ဖက်
ရည် ပန်းကန်တစ်လုံး၊ မုန့်ပန်းကန်တစ်ခ့ျပ် တွေ့ရသည် ။ တနင်္္နေ့ ည
ကတည်းက ထားပစ်ခဲ့တာ ဖြစ်မည်။ ထို့ပြင် ဖန်ခွက်တစ်လုံး၊ လက်ဖက်ရည်
ပန်းကန်တစ်လုံးတို့ မှာ တနလ်ာနေ့ မနက်စာ စားခဲ့တာ ဖြစ်မည်။ ပြီးတော့
လက်ဖက်ရည် ပန်းကန်တစ်လုံး၊ မုန့်ပန်းကန် တစ်ခ့ျ ပ်နှင့် အခ့ျဉ်ရည် ပန်းက
နပြား တစ်ခ့ျပ်ကတော့ တနလ်ာနေ့ ညစာ စား ခဲ့တာ ဖြစ်နိုင်သည် ။

ဗင်ဂျီသည် တနင်္္နေ့နေ့ ညတုန်းကလည်း တစ်ယောက်တည်း ည စာ စားခဲ့ေ
ကာင်း ခန့်မှန်းရသည် ။ တနလ်ာနေ့ ညနေတွင် လည်း တစ်

ယောက်တည်းပင် စားခဲ့သည် ။ ဆက်လက်ပြီး အိမ်ရှေ့ ကားဝင်လမ်းန ှင့် ခြံဝ
င်းအတွင်း အသေးစိတ် ရှာဖွေကြသည် ။

သို့သော် ဘာသဲလွန်စမ့ျ မတွေ့ရ။ နောက်ဆုံးတော့ ခ့ျာလီက တယ် လီဖုန်း
ရုံကြီးသို့ ဆက်ပြီး လွန်ခဲ့သော တနလ်ာနေ့မှ စ၍ ဗင်ဂျီနှင့် ခရစ်တို့ လင်
မယားထံ မည်သူတွေ့ထံမှ ဖုန်းဆက်ခဲ့ကြောင်း စုံစမ်းသည် ။

ချာလီက လက်ထဲတွင် ဖောင်တိန်ကိုင်ပြီး အသင့်စောင့်နေသည် ။ ဖိလစ်က သူ့နောက်မှ ရပ်ကြည့်နေသည် ။

တနလ်းနေ့၊ ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၄:၀၀ နာရီ။ အနောက်မြောက် အိုးရီးယင့် ဟိုတယ်မှ ဖုန်းဆက်သည် ။ ဗင်ကျီသည် အင်္ဂါနေ့၊ ဖေဖော်ဝါရီ ၁၆ ရက်၊ ညနေ ၄:၀၀ နာရီတွင် လေယာဉ်အ မှတ် ၂၅ ဖြင့် လာဂွါဒီယာ လေဆိပ်မှ မင်နီယာပိုလစ်မြို့သို့ ထွက်ခွာရ န် ဖြစ်သည် ။ ။ ဖိလစ်က တိုးတိုးလေး ေလချွန်လိုက်သည် ။ "အဲဒီ မက်ဆေ့ချ်ကို မစ္စလူးဝစ် ရသလား" ချာလီက အော်ပရေတာကို မေးလိုက်သည် ။ "ဩော် ... ဟုတ်ကဲ့၊ ရပါတယ်ရှင့်"

အော်ပရေတာက ပြန်ပြောသည် ။ "တနလ်းနေ့ညက တယ်လီဖုန်း စားပွဲမှာ ကျွန်မ ရှိနေပါတယ်။ ည ၇:၃၀ နာရီမှာ အဲဒီမက်ဆေ့ချ်ကို သူ့ကို ပေးလိုက်ပါတယ်။ သူ့အသံ နား ထောင်ရတာ တော်တော်လေး ဝမ်းသာနေပုံပါပဲ။ သူက “အောင်မယ် လေး၊ ဘုရားသခင် ကျေးဇူးပါပဲ” လို့ တောင် ပြောလိုက်ပါသေးတယ်" "နောက်တော့ကော ဘာသတင်းတွေ ရသေးလဲ" "တနလ်းနေ့ ဖေဖော်ဝါရီ ၁၅ ရက် ညကိုးနာရီခွဲမှာ ဒေါက်တာဖူဂီ တိုက ဗင်ကျီဆီ ဖုန်းဆက်တယ်။ ဗင်ကျီ အိမ်မရောက်သေးဘူး။ ဒါနဲ့ ဒေါ က်တာ ဗင်ကျီ ရောက်ရောက်ချင်း သူ့ဆီဆက်ဖို့ မက်ဆေ့ချ် ထားခဲ့တယ်။

ဗင်ကျီက သူ့အိမ်ဖုန်းနံပါတ်ကို သိပါတယ်လို့ လည်း ဒေါက်တာက ပြော

တယ်။

"ဒါပဲလား" ချာလီက ပြန်မေးလိုက်သည် ။ "ခဏနေပါဦး၊ ပြီးတော့ တနလ်းနေ့မှာ ပဲ ည ဆယ်နာရီမှာ မစ္စက်အ က်ဒရာဘန်း ဆိုတဲ့ အမျိုးသမီးက မစ္စက်လူးဝစ်ဆီ လှမ်းဆက်တယ်။ သူ ကလည်း မစ္စက်လူးဝစ်ကို အိမ်ရောက်ရောက်ချင်း ဖုန်းပြန်ဆက်ဖို့ မှာ သွားတယ်။ ဘယ်လောက်ပဲ ညဉ့်နက် ညဉ့်နက် ဆက်ဆက် ပြန်ဆက်ပါ လို့ ပြောသွားတယ်။ အင်္ဂါနေ့နဲ့ ဗုဒ္ဓဟူးနေ့တွေမှာ တော့ ဖုန်းဆက်တာ လုံးဝ မရှိပါဘူး။ ဩော် .. ဒါနဲ့ အင်္ဂါနေ့ ညပိုင်းမှာ တော့ ဖုန်းတစ်ကြိမ် ခေါ်ပါသေးတယ်။ အဲဒီဖုန်းကို ကပ္ပတိန် လူးဝစ်က လက်ခံ စကားပြောပါပါတယ် ။

"ဒါနဲ့ ဒေါက်တာဖူဂီတိုနဲ့ မစ္စက်အက်ဒနာတို့ ဆက်တဲ့ မက်ဆေ့ချ်ကို မစ္စက်လူးဝစ် ရသွားသလား"

"မရပါဘူး၊ မစ္စက်လူးဝစ်က တနလ်းနေ့ ည ၇:၃၀ နာရီကတည်းက လုံးဝ အဆက်အသွယ် မရတော့ပါဘူး"

"အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်။ နောက်ပိုင်း ဖုန်းအဆက် အသွယ် စာရင်း အပြည့်အစုံကို လိုအပ်ခဲ့ရင် သက်ဆိုင်ရာက တောင်းပါ လိမ့်မယ်"

သူက ဖုန်းကို ပြန်ချပြီး ဖိလစ်ကို ကြည့်လိုက်သည် ။ "ကဲ တို့ သွားကြစို့၊ စကားကို အကြောင်းစုံ အစီရင်ခံကြရအောင်" "ခင်ဗျားက ဘယ်လို သဘောရသလဲ"

ဖိလစ်က မေးသည် ။ ချာလီက နှာခေါင်းတစ်ချက် ရှို့လိုက်ပြီး - "ငါက ဘယ်လို သဘောရရမှာ လဲ။ ဗင်ဂျီက မင်နီယာပိုလစ်မြို့ကို သွားဖို့ တနလ်းနေ့ည ခုနစ်နာရီခွဲမှာ အစီအစဉ်ဆွဲတယ်။ နောက်နှစ်နာ ရီ လောက်ကျတော့ သူ ငသနေပြီ။ တနလ်းနေ့ ညဆယ်နာရီမှာ မစ္စအ က်ဒနာဘန်းက ဗင်ဂျီဆီ အရေးတကြီး ဖုန်းဆက်တယ်။ နောက်တစ်နေ့ ည ကျတော့ မစ္စအက်ဒနာလည်း ငသသွားပြန်တယ်။ မစ္စအက်ဒနာကို နောက်ဆုံးအသက်နဲ့ မြင်လိုက်ရသူက မစ္စက်ကရပ်ပရက်။ မစ္စက်ကရပ် ပရက်ရဲ့ အဆိုအရ မစ္စအက်ဒနာဟာ ဗင်ဂျီရဲ့ ငယာက်ျား ခရစ်ဆီ တယ် လီဖုန်းဆက်ပြီး “သူ သိတာတွေ ရဲကို ဖွင့်ပြောလိုက်တော့မယ်” လို့ ပြော သွားခဲ့တယ်။ ဒါတွေဟာ တို့ သိရတာတွေပဲ။ အဲဒါတွေအပေါ်မှာ ကြည့်ပြီး ဆက်ပြီး လိုက်ရဦးမယ်"

"ဒါနဲ့ တနလ်းနေ့ညက ဗင်ဂျီဆီ ဖုန်းဆက်တဲ့ အဲဒီ ဂျပန်ဆရာဝန် အကြောင်းကော ဘယ်လို ယူဆမလဲ"

"ကက်သလင်းက မနေ့က သူနဲ့ သွားတွေ့ပြီးပြီ။ ကက်သလင်းနဲ့ တွေ့တော့ သိရပါလိမ့်မယ်"

*****

≈ အခန်း (၂၈)

ဗုဒ္ဓဟူးနေ့ညသည် ကက်သလင်းအတွက် မဆုံးနိုင်သော ညတစ်ည ဖြစ်သည် ။

သူမသည် မစ္စအက်ဒနာ၏ အခန်းမှ ပြန်ရောက်ရောက်ချင်း အိပ်ရာ ဝင်သည် ။ အိပ်ရာမဝင်ခင် ဒေါက်တာ ဟိုက်ဂလေ ပေးထားသော ဆေး လုံးတစ်လုံးကို သောက်လိုက်သည် ။ ။

လူကတော့ တုံးခနဲ အိပ်ပျော်သွားပါ၏။ အတွင်းစိတ်ကတော့ လုံးဝ အိပ်မပျော်။ တစ်ညလုံး အိပ်မက်တွေ တစ်ခုပြီး တစ်ခု မက်နေသည် ။ အိပ်မက်ထဲတွင် ဗင်ဂျီ၏ မျက်နှာတွေကို တသီတတန်းကြီး မြင်နေရသ ည် ။ ။

နောက်ဆုံး အိပ်မက်တွင် တော့ မစ္စအက်ဒနာ၏ အသေမျက်နှာကို မြင်ရသည် ။ ဒေါက်တာ ဟိုက်ဂလေနှင့် ဒေါက်တာရစ်ချတ်တို့ က သူမ ၏ မျက်နှာကို ငုံ့ကည့်နေကြသည် ။ ကက်သလင်းသည် ဝိုးတဝါး အသိဖြင့် အိပ်ရာမှ နိုးလာခဲ့သည် ။ ဘာကိုမျှ အာရုံစိုက်၍ မရ။ ဘယ်အ ရာကိုမျှ ဆုံးဖြတ်ချက် ချ၍ မရ။ သူမအဘွား၏ ဦးထုပ်အဟောင်းကြီးကို သတိရမိသည် ။ ယင်းဦးထုပ်ကို သူမ၏ မေမေသည် တစ်သက်လုံး အမြဲ တ်တနိုး သိမ်းဆည်းထားခဲ့သည် ။

သည် အကြောင်းကို သူမ ဘာကြောင့် သွားပြီး တွေးမိရတာလဲ။

အကြောင်းကတော့ အက်ဒနာအကြောင်း စိတ်ရောက်သွားရာမှ တစ်န့ယ် ယင်တစ်စင်ပါ သွားတွေးမိခြင်း ဖြစ်သည် ။

အက်ဒနာသည် ဘာမှု တန်ဖိုးမရှိသော ဖိနပ်စုတ် တစ်ဖက်တည်းကို အမြတ်တနိုး သိမ်းထားခဲ့သည် ။ ဘာကြောင့်များ သိမ်းထားရတာပါလိ မ့်။ သူမသည် ခုတင်ပေါ်မှ လူးလဲထလိုက်သည် ။ တစ်ကိုယ်လုံး ရိုက် ထားသလို နာကျင်နေသည် ။ ရေချိုးပစ်လိုက်လျှင် သက်သာမည် အထ င်နှင့် ရေချိုးခန်းထဲ ဝင်လာခဲ့သည် ။ ။

ခေါင်းထဲက မိုက်ခနဲ ဖြစ်ပြီး လဲကျတော့မလို ဖြစ်သွားသဖြင့် ရေစ ည်အစုန်းကို လက်နှစ်ဖက်ဖြင့် လှမ်းကိုင်ထားလိုက်ရသည် ။ အတော် လေး ကြာတော့မှ နေသာထိုင်သာ ရှိသွားသည် ။ နောက်သို့ ဖြည်းဖြည်း လေး လှည့်ပြီး နံရံပေါ်မှ မှန်ထဲတွင် ကြည့်လိုက်သည် ။

သူမ မျက်နှာတစ်ခုလုံး သွေးမရှိသလို ဖြူရော်နေသည် ။ နဖူးပေါ်တွင် လည်း ချွေးတွေ စို့နေကြသည် ။ ကေန္တတော့ သွေးလွန်ခဲ့တဲ့ရောဂါကြောင့် အားနည်းနေလို့ ဖြစ်မှာ ပဲဟု တွေးလိုက်မိသည် ။ မနက်ဖြန်ညမှ ဆေးရုံ မတက်ရင်တော့ အားပြတ်ပြီး မှောက်လဲသွားမ လား မသိဘူး။

ရေနွေးနှင့် ကမန်းကတန်း ရေချိုးပစ်လိုက်သည် ။ ပြီးတော့ အခန်း ထဲ ပြန်ဝင်လာပြီး ဒေါက်တာဟိုက်ဂလေ ပေးထားသော ဆေးတစ်လုံး ကို လိမ္မော်ဖျော်ရည်နှင့် သောက်ချလိုက်သည် ။

ဆေးသောက်ပြီး ဆိုဖာပေါ် မှန်းနေရင်း အက်ဒနာ၏ မျက်နှာကို မြင်ယောင်လာပြန်သည် ။ မနေ့ညက အက်ဒနာ၏ အိပ်ခန်းမှ အပြန်တွင် သူမနှင့် ဒေါက်တာရစ်ချတ်တို့ သည် လမ်းတွင် ကော်ဖီဝင်သောက် ကြ သေးသည် ။ ရစ်ချတ်က နယူးယောက်တွင် ညစာ သွားစားရန် ချိန်းထားကြောင်း ပြောသည် ။

ဟုတ်တာပေါ့။ သူက လူချောတစ်ယောက်ပဲ။ သူနဲ့ ညစာ လိုက်စားချ င်တဲ့ မိန်းမတွေ တစ်လှေကြီး ရှိမှာ ပါ။ သူ့အနေနဲ့ အိမ်မှာ ပဲ တစ်ယော က်တည်း စားရတာ ဘယ်ပျော်နိုင်ပါ့မလဲ။ မော်လီတို့ အိမ်ကျပြန်တော့ လည်း ကလေးတွေက ဆူလွန်းတယ် မဟုတ်လား။

"ဒါနဲ့ ကျွန်မ ပါလီဆိတ် စားသောက်ဆိုင်ကို တစ်ယောက်တည်း သွားစားသေးတယ်။ ရှင် အားမှာ မဟုတ်ဘူး ထင်တာနဲ့ မခေါ်ဖြစ်တော့ ဘူး" "ဟုတ်လား၊ ကိစ္စမရှိပါဘူး၊ ရပါတယ်။ ကောင်းတယ် ကောင်းတယ်

ရစ်ချတ်က အံ့အားလည်း သင့်မိသည် ။ ဝမ်းလည်း သာမိသည် ။ ထို့နောက် သူက အတွေးနက်နေသည် ။

သူ့စိတ်ထဲတွင် စွဲနေသော မေးခွန်းတစ်ခုကို ကက်သလင်းအား မေးကြည့်ရန် အားတင်းလိုက်ပြီးတော့မှ ရုတ်တရက် စိတ်ပြောင်းသွား သည် ။

လက်ဖက်ရည် သောက်ပြီးတော့ ရစ်ချတ်က ကက်သလင်းအား အိမ် အထိ လိုက်ပို့ပါရစေဟု ပြောသည် ။ ကက်သလင်းက ငြင်းဆန်သည် ။ သို့သော် ရစ်ချတ်က လက်မခံဘဲ မဖြစ်မနေ လိုက်ပို့သည် ။ အိမ်ရောက်

တော့ ရစ်ချတ်က တံခါးပေါက်နှင့် ပြတင်းပေါက်များကို ဂရုတစိုက် လို က်ကြည့်ပြီး ပြောသည် ။

"ဒီအိမ်ကြီးထဲ မင်းတစ်ယောက်တည်း နေနေတာကို ငါတော့ ဘယ် လိုမှ သဘောမတူချင်ဘူး"

သူက စိုးရိမ်သံဖြင့် ပြောသည် ။ ကက်သလင်းက ပခုံးကို တစ်ချက် တွန့်လိုက်သည် ။ "ဘာလဲ၊ ရှင်က ကျွန်မကို အက်ဒနာလို ဖြစ်မှာ စိုးလို့ လား" "ဒီလိုလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီအိမ်ကြီးထဲမှာ အမျိုးသမီး တစ် ယောက်တည်း နေတာ မသင့်တော်လို့ ပြောတာပါ။ ဒါနဲ့ ကက်သလင်း၊ ဟို .. ဒေါက်တာ ဟိုက်ဂလေကို မင်းသိတယ်နော်"

"ဒီနေ့ နေ့ခင်း ဗင်ကျိအကြောင်းနဲ့ ပတ်သက်ပြီး သူ့ဆီ ကျွန်မ ရောက် ခဲ့သေးတယ်လေ"

"ဟုတ်ပါတယ်။ ကိုင်း .. ဒါဖြင့် မနက်ဖြန်မှ ပြန်တွေ့ကြတာပေါ့။ မ နက်ဖြန် အက်ဒနာ ကိစ္စအတွက် စကော့က အစည်းအဝေး ခေါ် လိမ့်မယ် ထင်တယ်" "ဟုတ်တယ်၊ ခေါ် မယ် ထင်တာပဲ" ရစ်ချတ်က သူမကို စိုက်ကြည့်နေသည် ။ သူ့မျက်လုံးများ တွင် စိုးရိမ်ရိပ်များ ပေါ် လွင်နေသည် ။ "တံခါးပေါက်တွေကို လုံလုံခြုံခြုံ ပိတ်ထားဖို့ မမေ့နဲ့ နော် "

သူက သည် မျှသာ ပြောပြီး ပြန်ထွက်သွားသည် ။ နှတ်ဆက်အနမ်း ပင် နမ်းမသွားခဲ့တော့။

***

ကက်သလင်းသည် လိမ္မော်ရည် ဖန်ခွက်ကို ပန်းကန်ဆေးစက်ထဲ သွားထည့်လိုက်ပြီးနောက် အပေါ် အင်္ကျီနှင့် လက်ဆွဲအိတ်ကို ယူပြီး အိမ် ထဲမှ ကမန်းကတန်း ထွက်လာခဲ့သည် ။

ရုံးသို့ ရောက်ချိန်တွင် ခုနစ်နာရီပင် မခဲ့တတ်သေး။ မော်ရိန်းလည်း အစောကြီး ရောက်နေပြီ။ မော်ရိန်းက အလွန် အလုပ်ကြိုးစားပြီး သွက် လက် ဖျတ်လတ်သော အတွင်းရေးမှူး စာရေးမကလေး ဖြစ်သည် ။ သူ မသည် အရွယ်နှင့် မလိုက်အောင် တော်သည် ။ ပေးအပ်သော တာဝန်ကို ထိထိရောက်ရောက် ထမ်းဆောင်နိုင်စွမ်း ရှိသည် ။

ကက်သလင်းက မော်ရိန်း၏ စားပွဲနားသို့ လာခဲ့သည် ။ "မော်ရိန်းရေ၊ မမတော့ ညည်းအတွက် အလုပ်တစ်ခု ရလာခဲ့ပြီ။ အားရင် မမအခန်းထဲ ခဏလာခဲ့ပါဦး" "ဟုတ်ကဲ့ပါ မမ" သူမက ချက်ချင်း ထလာသည် ။ "နေကောင်းတယ်နော် မမ၊ ကော်ဖီ သောက်ဦးမလား" "နေကောင်းပါတယ်၊ သောက်ကြတာပေါ့"

ကက်သလင်းက ရုံးခန်းထဲ ဝင် လာပြီး အပေါ် အင်္ကျီကို ချိတ်တွင် ချိ တ်လိုက်သည် ။ ပြီးတော့ မှတ်စုစာအုပ်ကို စားပွဲပေါ် တင်လိုက်သည် ။ မော်ရိန်းက ကော်ဖီပန်းကန် ယူပြီး ဝင်လာသည် ။ ကုလားထိုင်တွင် ဝင် ထိုင်ကာ လက်ရေးတို စာအုပ်ကို ပေါင်ပေါ် တင်ရင်း အသင့်စောင့်နေသည် ။

"ပြဿနာက ဒီလို ညီမရဲ့ "

ကက်သလင်းက တဖြည်းဖြည်းချင်း ပြောသည် ။ "ဗင်ကျီလူးဝစ်အမှုကို မမတို့ သတ်သေမှုလို့ မယုံနိုင်သေးဘူး။ ဒါနဲ့ ဆက်စပ်ပြီး စဉ်းစားနိုင်မယ့် အချက်အလက်တွေ ရလိုရငြား မနေ့က မ မ ဝက်စ်လိတ်ခ် ဆေးရုံသွားပြီး ဒေါက်တာ ဟိုက်ဂလေနဲ့ ဒေါက်တာဖူဂီ တိုတို့ နဲ့ သွားတွေ့ခဲ့တယ်"

မော်ရိန်းက သက်ပြင်းတစ်ချက် ရှိုက်လိုက်သည် ။ ကက်သလင်းက ဖျတ်ခနဲ မော်ကြည့်လိုက်သည် ။

မော်ရိန်းမျက်နှာတွင် သွေးမရှိသလို ဖြူရော်သွားသည် ။ "မော်ရိန်း ဘာဖြစ်သွားသလဲဟင်" "ဘာမှ မဖြစ်ပါဘူး မမ။ ပြောပါ မမ၊ ကျွန်မ နားထောင်နေပါတယ်"ကက်သလင်းက စားပွဲပေါ် မှ မှတ်စုစာအုပ်ကို ငုံ့ကြည့်ရင်း ဆက်ပြောသည် ။

"ဒေါက်တာ ဖူမီတိုက ဝက်စ်လိတ်ခ် ဆေးရုံက စိတ်ရောဂါကု ဆရာဝန်ကြီး၊ ဗင်ကျီကို အသက်ထင်ရှား နောက်ဆုံး မြင်လိုက်ရတဲ့ ပုဂ္ဂိုလ် ဆို ပါတော့။ အဲဒါကြောင့်မို့ သူ့အကြောင်းကို အပြည့်အစုံ သိချင်တယ်။ ဗ ယ်လီခရိုင် ဆရာဝန်များ အသင်းနဲ့ အမေရိကန် ဆရာဝန်များ အသင်း တွေမှာ စုံစမ်းကြည့်ရင် ရလိမ့်မယ်။ သူဟာ ဗယ်လီဗီန်း ဆေးရုံမှာ လည်း လုပ်ခဲ့ဖူးတယ်လို့ ပြောတယ်။ အဲဒီကို သွားကြည့်ရင်လည်း တစ် ခုခုတော့ သိရမှာ ပဲ။ အတွင်းရေးကိစ္စကို ရအောင် စုံစမ်းပါ။ ဒါပေမဲ့ ဘ ယ်မှာ မွေးတယ်၊ ဘယ်မှာ ပညာသင်ခဲ့တယ်၊ ဘယ်ဆေးရုံတွေမှာ လုပ်ခဲ့ တယ် ဆိုတာတွေပါ အစုံ သိချင်တယ်။ သူနဲ့ ပတ်သက်တဲ့ ကိုယ်ရေးနော က်ကြောင်း အားလုံးပဲ ဆိုပါတော့"

"ဝက်စ်လိတ်ခ် ဆေးရုံက တစ်ယောက်ယောက်ဆီမှာ စုံစမ်းလို့ ကော ဖြစ်မှာလား" "ဘုရားရေ .. သွားမလုပ်နဲ့ ၊ မဖြစ်ဘူး။ ဒေါက်တာ ဖူမီတိုအကြောင်း တို့က လှျို့ဝှက်စုံစမ်း နေတယ် ဆိုတာ ဘယ်သူမှ မသိစေချင်ဘူး" "ကောင်းပါပြီ မမ၊ ကျွန်မ အစုံမ်းကုန် ကြိုးစားပါ့မယ်" "မနက်အစောကြီး အလုပ်ပိုခိုင်းတာ စိတ်တော့မရှိပါနဲ့ မော်ရိန်းရယ် ။ တို့ ရုံးက အချိန်ပိုလည်း မရဘူး မဟုတ်လား"

"ကိစ္စမရှိပါဘူး မမ၊ ကျွန်မအဖို့ တော့ အလုပ်များများ လုပ်ရလေ ကောင်းလေပါပဲ။ အတွေ့ အကြုံ ရတာပေါ့။ နောက်ဆိုရင် ဥပဒေဘွဲ့ယူချင်လည်း ယူရမှာ ပေါ့။ ဒါပေမဲ့ ဘွဲ့ရဖို့ အတွက် လေးနှစ်၊ ဥ ပဒေကျောင်း လက်တွေ့သင်တန်းအတွက် သုံးနှစ်ဆိုတော့ ကျွန်မအနေ နဲ့ လွယ်တော့ မလွယ်ပါဘူး"

"မော်ရိန်းက ရှေ့နေကျော်တစ်ဦး ဖြစ်နိုင်ပါတယ်၊ ကြုံးစားစမ်းပါ။ ညည်း ကောလိပ်မတက်တာ မမတော့ အံ့သြလို့ မဆုံးဘူး"

"ကျွန်မ အထက်တန်း အောင်တဲ့ နှစ်မှာ စေ့စပ်ကြောင်းလမ်း လိုက် တာ မှား တာပဲ မမ။ ကျွန်မ မိဘတွေက စီးပွားကုန်သွယ်ရေး ကျောင်းပဲ တက်ခိုင်းတယ်။ အလုပ်ရရင် အိမ်ထောင်ချမယ် ဆိုတဲ့ သဘောပေါ့။ သူ တို့ တွက်တာ အားလုံး တလွဲစီ ဖြစ်ကုန်တာပဲ။ ခုတော့ စေ့စပ်ကြောင်း လမ်း ထားတာလည်း ပျက်သွားပြီ"

ထိုအခိုက် စားပွဲပေါ်မှ တယ်လီဖုန်း မြည်လာသည် ။ ရစ်ချတ်ထံမှ ဖြ စ်သည် ။

"ဟဲလို .. ကက်သလင်း၊ မောင့်ဆိုင်နိုင်း ဆေးရုံက ဒေါ်ဘရုန့် ခုပဲ အဆက်အသွယ် ရတယ်။ ငါက စိတ်ထဲက မသက်ာဖြစ်တာနဲ့ ဗင်ဂျီ ဗိုက်ထဲ က သန္ဓေသားကို စစ်ဆေးကြည့်ဖို့ သူ့ဆီ ပို့လိုက်တယ်။ ငါ တွက်တာ မှ နှ်နေတယ် ကက်သလင်း။ ဗင်ဂျီရဲ့ ကိုယ်ဝန်ဟာ ခရစ်နဲ့ ရတဲ့ ကိုယ်ဝန် မဟုတ်ဘူး ။ သူ့ဗိုက်ထဲက ငါခွဲထုတ်လိုက်တဲ့ သန္ဓေသားဟာ သိသိသာ သာကြီး အရှေ့တိုင်းသားရုပ်လက္ခဏာ ပေါ်လွင်နေတယ်"

*****

≈ အခန်း (၂၉)

ကက်သလင်းက ဖိနပ်ကို လက်ထဲတွင် ကိုင်ကာ ဒေါက်တာဟိုက်ဂ လေကို ြ ပနေသည် ။ ဒေါက်တာ ဟိုက်ဂလေက သူမကို စိုက်ကြည့်နေသ ည် ။ ကက် သလင်းသည် သူ့ကို နောက်ပြောင်နေတာလား။

နောက်ပြောင်နေခြင်း မဟုတ်။ သူမ စိတ်ထဲက ခံစားရသည့်အတိုင်း ရိုးသား စွာ ပြနေခြင်းသာ ဖြစ်သည် ။ သည် ဖိနပ်သည် အက်ဒနာက အမြတ်တနိုး သိ မ်းဆည်းထားခြင်း ဖြစ်ကြောင်း သူမက ယုံကြည်သည်

သည် ဖိနပ်ကို ဖြစ်သည့်နည်းနှင့် ရအောင် ယူရမည်။ မှခင်းဆရာဝန် နှင့် စုံ ထာက်များအား သည် ဖိနပ်အကြောင်း ဘာမှျ မပြောပါစေနှင့်။ တကယ်လို့ သူမက သူတို့ အား ဖိနပ်အကြောင်း ပြောပြလိုက်လျှင်ကော ဘယ်လိုလုပ်မ လဲ။

သည် ဖိနပ်ကို မစ္စက်ဖစ်ဂျာရယ် မှတ်မိသွားနိုင်သည် ။ ဗင်ကျီ ဆေးရုံ လာသ ည့် အချိန်များ တွင် သူမသည် ည့်ခန်းစားပွဲတွင် အကြိမ်များစွာ ရှိနေဖူးသည် ။ ပြီးတော့ သည် ဖိနပ်အကြောင်းနှင့် ပတ်သက်ပြီး အက်ဒ နာက ဗင်ကျီအား ေ နာက်ပြောင် ပြောဆိုခဲ့တာတွေကိုလည်း သူ တစ်ကြိ မ်မက ကြားဖူးသည် ။

ကက်သလင်းက ဖိနပ်ကို အံဆွဲထဲ ပြန်ထည့်ပြီး အံဆွဲကို ပြန်ပိတ်လိုက်သည် ။ ပြီးလျှင် ရတနာထည့်ထားသော ပလတ်စတစ်ဘူးလေးကို ယူပြီး အပြင်ဘက် သို့ ပြန်ထွက်လာခဲ့သည် ။

သူက သူမနောက်မှ လိုက်လာခဲ့သည် ။ စိတ်ထဲကလည်း ကက်သလ င်းက သူ့ လူများအား ဘာတွေများ ပြောလိမ့်မလဲဟု အလွန်တွေးပူနေသ ည် ။ ေ တာ်ပါသေး၏။ သူမက ရတနာဘူးကို ချာလီအား ကမ်းပေးရင်း - "ဟောဒီမှာ လက်စွပ်နဲ့ ရင်ထိုး၊ ပစ္စည်းလိုချင်လို့ လူသတ်သွားတာ တော့ ဘယ်နည်းနဲ့ မှ မဖြစ်နိုင်တော့ဘူး ထင်တယ်။ အဝတ်ဗီရိုကိုတော့ ကျွန်မ ကြည့်မိခဲ့တော့ဘူး"

"အဲဒါက အရေးမကြီးပါဘူး။ တကယ်လို့ ဒေါက်တာရစ်ချတ်က သံ သယမက င်းသေးဘူး ဆိုရင် မနက်ကျတော့ ကျုပ်တို့ တစ်အိမ်လုံးကို အ သေးစိတ် ထပ်ရှာကြတာပေါ့"

ထိုအခိုက် အပြင်ဘက်မှ တံခါးခေါက်သံ ကြားရသည် ။ ကက်သလ င်းက တံခါးဖွင့်ပေးလိုက်ရာ လူနာတင်ကပ် ယူလာသော လူနှစ်ယောက် ဝင်လာကြ သည် ။

ဤတွင် ဒေါက်တာ ဟိုက်ဂလေသည် မစ္စက်ဖစ်ဂျာရယ် အနီးသို့ လျှောက်သွားပြီး - "ရေထပ်သောက်လိုပါဦးလား မစ္စက်ဖစ်ဂျာရယ်၊ ကဲ ဖန်ခွက်ပေး၊ ကျုပ် သွားယူလိုက်မယ်"

သူက တခြားလူများကို နောက်ပြန်တစ်ချက် လှည့်ကြည့်လိုက်သည် ။ အလောင်းကို လူနာတင် ကပ်ပေါ် သို့ တင်ရာတွင် ဝိုင်းကြည့်နေကြသဖြင့် သူ့ကို ဘယ်သူမျှ ဂရုမစိုက်နိုင်ကြ။ သည် အချက်သည် ပင် သူ့အတွက် အခွင့်ကောင်း ဖြစ်သည် ။

သူသည် ဖိနပ်ကို သွားယူရန် အရဲစွန့်ပြီး ဆုံးဖြတ်လိုက်သည် ။

သို့ဖြင့် ရေချိုးခန်းဘက်သို့ ခပ်မြန်မြန် လျှောက်သွားပြီးနောက် အိပ် ခန်းဘက်သို့ ပြန်လှည့် လာခဲ့သည် ။ ထို့နောက် လက်ဗွေရာ မထင်အော င် လက်ကို င်ပဝါကို အသုံးပြုပြီး စားပွဲအံဆွဲကို ဖွင့်လိုက်သည် ။ ။အံဆွဲထဲ လက်နှိုက်လိုက်စဉ်မှာ ပင် အပြင်ဘက်မှ ခြေသံများ ကြား လိုက်ရသဖြင့် အံဆွဲကို ကမန်းကတန်း ပြန်ပိတ်လိုက်ရသည် ။ သူက လ က်ကိုင်ပဝါကို အိတ်ထဲ ပြန်ထည့်ပြီး အိပ်ခန်းထဲမှ ပြန်ထွက်လာရာ တံခါးဝ ရောက်သောအခါ အပြင်မှ ခြေသံများ ရပ်သွားကြသည် ။

သူက မျက်နှာအမူအရာ မပျက်အောင် စိတ်ကိုထိန်းကာ အပြင်ဘက် သို့ ထွက်လာခဲ့သည် ။ ဒေါက်တာရစ်ချတ်ကို ရေချိုးခန်းနှင့် အိပ်ခန်းကြားရှိ ကြား အဆောင်တွင် ရပ်လျက် တွေ့ရသည် ။

ရစ်ချတ်၏ မျက်လုံးများ တွင် သံသယရိပ်များ မြင်ရသည် ။ ။ "အတော်ပဲ ဒေါက်တာ၊ မစ္စအက်ဒနာနဲ့ ပတ်သက်ပြီး ဒေါက်တာကို နှည်းနည်း မေးပါရစေ" "ဟုတ်ကဲ့၊ မေးပါ၊ မေးပါ။ သိသလောက် ပြောပါ့မယ်" သူက အသံကို ထိန်းပြီး ပြောသည် ။ "ကျုပ်လည်း ဒီမှာ ရပ်ပြီး သူ့အကြောင်းပဲ စဉ်းစားနေတယ်။ တန်ဖိုး ရှိတဲ့ အမျိုးသမီး တစ်ယောက် အခုလို ဆုံးရှုံးသွားတာ သိပ်ပြီး နှမြောစ ရာ ကောင်းပါတယ်" "နှမြောစရာ ကောင်းတယ် ဟုတ်လား" "ဟုတ်ပါတယ်၊ အက်ဒနာက အလွန်တော်တဲ့ သချိုင်္ဂဒိုးနှောက် ရှိတဲ့အမျိုးသမီး တစ်ယောက်ပဲ။ အခုလို ကွန်ပျူတာခေတ်မှာ အက်ဒနာအ နေနဲ့ သူ့အစွမ်းအစကို အများကြီး အသုံးချလို့ ရတာပေါ့။ ဒါပေမဲ့ သူက အဝလွန်ပြီး အရက်ပဲ မူးနေတာ နှမြောဖို့ ကောင်းတယ်။ သူ့အကြောင်း အခုလို ပြောရတာ ကျုပ် တကယ် စိတ်မကောင်းပါဘူး။ ကျုပ်က သူ့ကို တကယ်ခင်ပါတယ်။

အမှန်အတိုင်း ပြောရရင် သူ အခုလိုအဖြစ်ဆိုးနဲ့ သေသွားတာကို ကျ ပ် ယူကျုံးမရ ဖြစ်မိပါတယ်။ သော် .. ကျုပ်ကို ခဏခွင့်ပြုပါဦး၊ မစ္စက်ဖ စ်ဂျာရယ်

အတွက် ရေသွားယူလိုက်ဦး မယ်။ သူ့ခမျာ တော်တော်ကလေး စိတ်ထိခိုက်နေရှာတယ်၊ သနားစရာပဲ"

ထို့နောက် သူက ရေချိုးခန်းထဲ သွားပြီး ဖန်ခွက်နှင့် ရေယူလာခဲ့သည် ။ ထိုအခါနှင့်တွင် သူနာပြုများက အလောင်းကို သယ်ထုတ်သွားကြပြီ။ ကက်သလင်းကိုလည်း အခန်းထဲမှာ မတွေ့ရ။ "မစ္စက်ဒီမေယို ပြန်သွားပြီလား" သူက ချာလီကို မေးကြည့်သည် ။ "မပြန်သေးဘူး၊ ကြီးကြပ်ရေးမှူး မိန်းမဆီ သွားပြီး မေးစရာရှိတာ မေးနေပါတယ်။ သူ ပြန်လာပါလိမ့်မယ်"

သူက သည် နေရာမှ အမြန်ဆုံး ပြန်ထွက်ချင်လှပြီ။ သို့သော် ကက် သလင်းက မစ္စက်ဖစ်ဂျာရယ် ရှေ့တွင် ဖိနပ်အကြောင်း ပြောများ ပြောပြ ဦးမှာ လား ဟူသော စိုးရိမ်စိတ်က သူ့ကို ဟန့်တားထားသည် ။ ခဏကြာတော့ ကက်သလင်း ပြန်ရောက်လာသည် ။ သို့သော် သူမက ဖိ နပ်အကြောင်း တစ်ခွန်းတစ်ပါဒမျှ မပြော။ သည်တော့မှ သူ့ရင်ထဲ အေး သွားသည် ။

***

သူတို့ အားလုံး တိုက်ခန်းအပြင်သို့ ပြန်ထွက်လာခဲ့ကြသည် ။

လောလောဆယ်တွင် တိုက်ခန်းကို စုံစမ်းစစ်ဆေးမှုများ ပြီးသည် အ ထိ နယ်မြေဆိုင်ရာ ရဲအဖွဲ့က ထိန်းသိမ်းထားမည် ဖြစ်သည် ။

ဒေါက်တာ ဟိုက်ဂလေသည် ကက်သလင်းနှင့်အတူ ကားရပ်ထား သော နေရာသို့ လျှောက်လာခဲ့သည် ။ သူတို့ နောက်မှ ဒေါက်တာရစ်ချိတ် လိုက်လာသည် ။ "တို့ ကော်ဖီသွားသောက်ရင် ကောင်းမယ်ထင်တယ်။ ဂိုးလ်ဒင်းဗယ် လီဆိုင်ကို သိတယ် မဟုတ်လား"

ရစ်ချတ်က ကက်သလင်းအား ကော်ဖီသောက် ခေါ်သည် ။ "ကဲ မင်္ဂလာပါ ဒေါက်တာ၊ ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်"

ထို့နောက် ရစ်ချတ်နှင့် ကက်သလင်းတို့ နှစ်ယောက် ကားမောင်းပြီး ထွက်သွားကြသည် ။

***

ဒေါက်တာဟိုက်ဂလေသည် ကားမောင်းလာရင်း ဒေါက်တာရစ်ချတ် နှင့် ကက်သလင်းတို့ အကြောင်းကို တွေးလာသည် ။ သူတို့ နှစ်ယောက် ၏ ဆက်ဆံရေးသည် သာမန်ဆက်ဆံရေးမျိုး မဟုတ်ကြောင်း သူက အ ကဲခတ်မိသည် ။

အကယ်၍ သာ ကက်သလင်း သေဆုံးသွားခဲ့ပါက ယင်းသို့ သေဆုံး သွားရခြင်းကို ရစ်ချတ်အနေဖြင့် အကြောင်းနှစ်မျိုးနှင့် စိတ်ဝင်စားနိုင်စ ရာ ရှိသည် ။ ပထမအကြောင်းက လုပ်ငန်းတာဝန်အရ စိတ်ဝင်စားခြင်း၊ ဒုတိယအကြောင်းက ပုဂ္ဂလိကဆက်ဆံရေးအရ စိတ်ဝင်စားခြင်း။

ထို့ကြောင့် သူ့အနေဖြင့် သည် ကိစ္စကို ပေါ့ပေါ့လုပ်၍ မဖြစ်။ ဂရုစို က်ရမည်၊ အထူးဂရုစိုက် ရမည်။ ရစ်ချတ်၏ အမူအရာကို အကဲခတ်ရသ ည် မှာ လည်း မိမိအပေါ် လိုလိုလားလား ရှိပုံမရ။

ပြီးတော့ အက်ဒနာ ပြောခဲ့သောစကား။ အက်ဒနာက မိမိသည် သူမ ၏ အခန်းသို့ မကြာခဏ ရောက်ဖူးကြောင်း၊ မစ္စက်ဖစ်ဂျာရယ်ကလည်း အက်ဒနာ၏ လက်ဝတ်လက်စားများ ထားသော နေရာကို မိမိ သိကြော င်း ကက်သလင်း အား ပြောခဲ့ပြီးပြီ။

သို့ဆိုလျှင် အက်ဒနာအမှုကို လူသတ်မှုဟု သူတို့ က ဆုံးဖြတ်ခဲ့သော် လည်း ယင်းလူသတ်မှုသည် အက်ဒနာ အလုပ်လုပ်နေသော ဆေးရုံနှင့် ဆက်စပ်နေရ မည်ဟု ယူဆကြမည်လား။ အက်ဒနာက တခြားလူတွေ့ကို ဘာတွေ့များ ပြော ခဲ့သေးသနည်း။ သည် အတွေးကြောင့် သူ့ရင်သည် တဖျပ်ဖျပ် ခုန်လာမိသည် ။

အမှန်ကတော့ ပြဿနာတစ်ခုလုံးတွင် ကက်သလင်းသည် သာ အခါ ရာဖြစ် သည် ။ ကက်သလင်းသည် သာ သော့ချက် ဖြစ်သည် ။ သူမကို ပိပိရိရိ ရှင်းပ စ်လိုက်နိုင်လျှင် ဗင်ကျီ အမှုလည်း ရှင်းသွားမည်

သူသည် အတွေးကို ရပ်ကာ ကားကို အိမ်ရှေ့သို့ ကွေ့ဝင်လိုက်သည် ။ ကား ကို ကားရုံသို့ သွင်းသည် ။ အိမ်ထဲသို့ ဝင်လာခဲ့သည် ။ စောစော က ခူးခပ် ထားခဲ့သော ဟင်းခွက်တွေ အေးစက်နေကြပြီ။ ဟင်းတွေ့ကို ပြ န်နွေးရင်း အတော်လေး စိတ်ငြိမ်သွားသည် ။ ကြောက်စိတ်တွေ့ တဖြည်းဖြည်း လွှင့်ပြ ယ်သွားသည် ။

မကြာမီတွင် မိမိ၏ ပါရမီအစွမ်းကို ကမ္ဘာတစ်ဝန်းလုံး သိကြရတော့ မည်။ မိမိ သည် အောင်မြင်မှုတွေ့ အများကြီး ရရှိထားပြီးပြီ။

ယင်းတို့ ကို သက်သေ အထောက်အထား ခိုင်လုံစွာဖြင့် ကမ္ဘာသို့ တင်ပြနိုင်တော့မည်။

ယနေ့ မတင်ပြနိုင်သေးသော်လည်း မကြာမီ တစ်နေ့တွင် တင်ပြနိုင် တော့မည်။ မိမိလက်ဝယ်တွင် တိကျသော မှတ်တမ်းမှတ်ရာတွေ့လည်း ရှိနေပြီ။ သိပ္ပံသုတေသန အထောက်အထားများ ၊ ဓာတ်ပုံများ ၊ ဓာတ်မှန်များ နှင့် နေ့စဉ် တွေ့ကြုံရသော ပြဿနာများ နှင့် ပတ်သက်သော မှတ်တမ်းများ လည်း အ

ပည့်အစုံ ရှိနေပြီ။ ယခုအခါ ၎င်းတို့ အားလုံးသည် မိမိ၏ လျှို့ဝှက်လုံခြုံခန်းထဲတွင် ရောက်ရှိနေကြပြီ။ ။အချိန်ရောက်သောအခါ မအောင်မြင်ခဲ့သော အမှုတွဲ မှတ်တမ်းအား လုံးကို မီးရှို့ပစ်လိုက်ပြီး အောင်မြင်မှုသရဖူကို ရယူရန်သာ ရှိတော့သည်

မိမိအတွက် အနာဂတ်သည် ဖြောင့်တန်းပြီး ခလုတ်ကန်သင်း ရှင်း နေပြီ။

တကယ်တော့ ဗင်ကျီကြောင့်သာ အရာရာကို အောင်မြင်မှု ရရှိခဲ့ခြင်း ဖြစ်သည်။ ဒေါက်တာဖူဂီတို ရုံးခန်းက ဗင်ကျီ ထွက်လာချိန်တွင် သူနှင့် မတွေ့လိုက်ရလျှင် ဘယ်လိုနေမလဲ။ ဗင်ကျီက သူမသည် မင်နီယာပိုလစ်မြို့သို့ သွားပြီး ဒေါက်တာအင်မက်ဆလင်း ထံတွင် က လေးမီးသွား ဖွားမည့်အကြောင်း မိမိအား မပြောခဲ့ပါလျှင် ဘယ်လို ဖြစ် သွားနိုင်သလဲ။

တိုက်ဆိုင်မှုဟု ပင် ဆိုရမှာ လား၊ ကုသိုလ်ကံဟု ပင် ဆိုရမှာ လား။ ဆိုချင်သလိုဆို။ သူ့အဖို့ တော့ တန်ဖိုးမဖြတ်နိုင်သော အခွင့်အရေးကြီး တစ်ခုကို လက်ဝယ်ပိုင်ပိုင် ရရှိလိုက်ခြင်းပင် ဖြစ်တော့သည် ။

သို့သော် ဗင်ကျီ၏ အလောင်းကို ဆေးရုံပေါ်မှ သယ်ယူသော ညတွင် ကက်သလင်းက ဆေးရုံပြတင်းပေါက်မှ လှမ်းမြင်သွားခြင်းသည် လည်း တိုက်ဆိုင်မှုပင် ဖြစ်သည် ။ ဆိုးရွားသော တိုက်ဆိုင်မှု။သူသည် စားပွဲပေါ်တွင် ထိုင်ချလိုက်ပြီး ညစာကို ဖြည်းဖြည်းချင်း စားလိုက်သည် ။ အစားကောင်းကောင်း စားလိုက်ရလျှင် သူသည် အမြဲ တမ်း အားအင်ပြည့်ပြီး စိတ်အား၊ ဉာဏ်အား တက်ကြွလာစမြဲ ဖြစ်သ ည် ။ လုပ်စရာ ရှိတာတွေကို မြန်မြန်လုပ်ရမည်။ သို့မှ သာ အောင်မြင်မှု သရဖူကို မြန်မြန် ရရှိနိုင်မည်။

မနက်ဖြန် ဆိုလျှင် ကြာသပတေးနေ့။ နယူးစ်မိတ်ကား သတင်းမဂ္ဂဇင်း ထွက်မည့်နေ့။

ယင်းမဂ္ဂဇင်းထွက်လာလျှင် မိမိအဖို့ လူမှုရေးအရရော၊ ဆေးပညာအ ရပါ ဂုဏ်သိက္ခာတွေ့ တိုးသည် ထက် တိုးလာပေတော့မည်။ မိမိအနေဖြ င့် အိမ်ထောင်မရှိသော မုဆိုးဖိုတစ်ဦး ဖြစ်နေခြင်း သည် လည်း အလွန် ကံကောင်းသော အချက်ပင် ဖြစ်သည် ။

မိမိထံ ဆေးလာကုသော အမျိုးသမီးတွေ့ ပြောသံကို မကြာခဏ ကြားရပေသည် ။

"ဒေါက်တာ ဟိုက်ဂလေက သိပ်တော်တာပဲ။ ရုပ်ကလည်း ချော၊ ပ ညာကလည်း တစ်ဖက်ကမ်းခတ်၊ “ပါ့ခ်ဝုဒ်” က သူ့အိမ်ကြီးကလည်း လှ လိုက်တာ မ

ပါနဲ့ တော့"

ဝင်နီဖရက် သေပြီးသည့်နောက်တွင် သူသည် သူမနှင့် ပတ်သက် သော အပေါ်
င်းအသင်းများကို တဖြည်းဖြည်း ဖြတ်ပစ်ခဲ့သည် ။ ထို့ကြောင့်လည်း သူတို့ က
သူ့အပေါ် တွင် မလိုမုန်းထား ဖြစ်လာခဲ့ကြခြင်း ဖြစ်သည် ။

အထူးသဖြင့် ဝင်နီဖရက်၏ မောင်ဝမ်းကွဲ နှောင့်ယှက်မှုကို ခံခဲ့ရသ ည် ။

သို့သော် ယင်းအနှောင့်အယှက်သည် သူ့ဘဝကို မဖျက်ဆီးနိုင်ခဲ့။ သူ ၏
တစ်ရှိန်ထိုး ကျော်ကြားနေသော ဂုဏ်သတင်းများ အောက်တွင် ကြ က်ပျော
က် ငှက်ပျောက် ပျောက်သွားခဲ့ကြသည် သာ ဖြစ်သည် ။

သူသည် ထိုအချိန်မှ စ၍ ယခုထက်တိုင် မိန်းမတွေနှင့် ကင်းကင်းရှင်းရှင်း နေ
လာခဲ့သည် ။ ကိုယ်နှင့်စိတ်ကို သူ၏ ကြီးကျယ်

သော လုပ်ငန်းတွင် သာ မြှုပ်နှံထားခဲ့သောကြောင့်လည်း ယင်းသို့ နေနို င်ခဲ့ခြ
င်း ဖြစ်သည် ။ ။

သူ့အပေါ် မကောင်းဝေဖန်ခဲ့ကြ သူများကပင် သူ၏ အနေအထိုင် ပိ ရိမှု၊ ဂု
ဏ်သတင်း ကျော်ကြားမှုတို့ ကြောင့် သူ့ကို အကောင်း ဝေဖန်လာ ခဲ့ကြသည်
။

သူသည် အလွန်တော်သော ဆရာဝန်တစ်ဦး ဖြစ်ကြောင်း။

သူ့ဆေးရုံသည် နောက်ဆုံးပေါ် ခေတ်မီပစ္စည်းကိရိယာများ ပြည့်စုံ သော စံ
ပဆေးရုံကြီး ဖြစ်ကြောင်း။ ဝက်စ်လိတ်ခ် သားဖွားဆေးရုံသည် အခြားအ
ခါးသော ဆရာဝန်များကပင်

အတုယူရလောက်အောင် တိုးတက်အောင်မြင်နေကြောင်း။

***

နယူးစ်မိတ်ကား သတင်းမဂ္ဂဇင်းမှ သတင်းထောက် အမျိုးသမီး လေးအား သူ
ပြောပြခဲ့သော စကားများကို ပူပူနွေးနွေး မှတ်မိနေတုန်းပ င် ရှိသေးသည် ။
"ကျုပ်လူနာတွေကို ကိုယ်ဝန်ဆောင် ကာလအတွင်းမှာ အရက် သောက်ခွင့်
လုံးဝ မပြုဘူး။ ဆေးလိပ်လည်း လုံးဝ မသောက်ရဘူး။ အ စားအသောက်ကို
လည်း ညှန်ကြားတဲ့ အတိုင်း အတိအကျ လိုက်နာ စားသုံးစေတယ်။
သားသမီးမရတဲ့ မိန်းမတွေ တော်တော်များများ ဟာ အားကစားသမား တွေ
လို စည်းကမ်းကို အတိအကျ လိုက်နာနိုင်တဲ့ အတွက် သားသမီး ရလာကြတ
ယ်။ မတည့်တဲ့ ဆေးနဲ့ ၊ မတည့်တဲ့ အ စားအစာကိုသာ ရှောင်မယ်ဆိုရင် ဒီ

ကနေ့ မိန်းမတွေ ခံစားနေကြရတဲ့ နာတာရှည် ရောဂါတွေအားလုံး ပျောက်ကင်းနိုင်ပါတယ်။ ကိုယ်ဝန်

ဆောင်တွေကို ကျေးလေ့ရှိတဲ့ သာလီဒိုပိုက် စိတ်ငြိမ်ဆေးကြောင့် အမျိုးသမီးတွေ အများ အပြားပဲ ဒုက္ခရောက်ကြရပါတယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး ကျုပ်တို့ မှာ အထောက်အထား ပြစရာတွေ တစ်ပုံကြီး ရှိ ပါတယ်။

မူးယစ်ဆေးဝါး စွဲနေတဲ့ ကိုယ်ဝန်ဆောင် မိခင်က ဗီဇကတည်းက မူးယစ်ဆေးဝါး စွဲလာတဲ့ ကလေးကို မွေးတယ်။ အရက်စွဲနေတဲ့ မိခင် က စိတ်ထားမမှန်၊ ကိုယ်အင်္ဂါ အချိုးမကျတဲ့ ကလေးကို မွေးတယ်။ ဒီ အချက်ကို ကျုပ်တို့ က အကြွင်းမဲ့ လက်ခံထားတယ်။ ဒါပေမဲ့ မွေးက တည်းက လည်ချောင်းပြွန်ရောင်နာ၊ စာမဖတ်တတ်တဲ့ ခွတ်ယုင်းမှု၊ အလုပ်ကို အလွန်အကြူး လုပ်တတ်တဲ့ အကျင့်၊ ပန်းနာရင်ကျပ် စတဲ့ ခွတ်ယုင်းမှုတွေကို စွဲလာတဲ့ လူတွေ ဒုနဲ့ ဒေး ရှိနေတယ်။ ဒီရောဂါ တွေကို ဓာတ်ခွဲခန်းထဲမှာ ကုသလို့ မရနိုင်ဘူး။ အဓိဝမ်းထဲမှာ ကတ ည်းက ကုသမှ လုံးဝ ပျောက်ကင်းနိုင်မယ်လို့ ကျုပ်ယုံကြည်တယ်။

ကျုပ် ညွှန်ကြားတဲ့ အတိုင်း မလိုက်နာတဲ့ လူနာကို ကျုပ်ဆေးရုံမှ လုံးဝ လက်မခံဘူး။ အကြိမ်ကြိမ် ကလေးပျက်ကျခဲ့တဲ့ မိန်းမတွေ ဒါဇ င်ပေါင်းများ စွာ ကျုပ်ဆီမှာ လာကုကြတဲ့ အတွက် သားသမီးတွေ ထွန်းကားလို့ ပျော်ရွှင်နေ ကတာကို လက်တွေ့ ခေါ်ပြနိုင်ပါတယ်။ သူ တို့ ရဲ့ အရက်သောက်ကျင့်နဲ့ အစာစားကျင့်ကို ကျုပ် ညွှန်ကြားသလို လိုက်နာမယ်ဆိုရင် ဘယ်သူမဆို ဒီအကျိုးကျေးဇူးကို ခံစားနိုင်ပါတယ် ။ ကျုပ်တို့ 'ဝက်စ်လိတ်ခ် သားဖွားဆေးရုံ' ရဲ့ အခြေခံ သဘောတရား ကတော့ ဒါပါပဲ"

ဒေါက်တာ ဟိုက်ဂလေ၏ စကားကြောင့် “နယူးမိတ်စ်ကား” သတင်း ထောက် အမျိုးသမီးသည် တော်တော် စိတ်ဝင်စားသွားသည် ။ သို့သော် သူမ မေးလိုက်သော မေးခွန်းကြောင့် ဒေါက်တာ ဟိုက်ဂလေအဖို့ အ တော်လေး အောင့်သွားရသည် ။ "ဒေါက်တာ၊ ဒေါက်တာ့ကို ဆေးဖိုးဝါးခ အဆမတန် ယူတတ်တယ် လို့ လူတွေက ဝေဖန်နေကြပါတယ်။ အဲဒါ ဟုတ်ပါသလား"

"အဆမတန် ယူတယ် ဟုတ်လား။ ဘာလို့ မယူရမှာ လဲ။ ကျုပ်က လူ နာကို အထက်တန်း ကျကျ ပြုစုတယ်။ ပညာကုန်ကုတယ်။ ဆေးရုံကို တိုးချဲ့ရတယ်။ တိုးချဲ့ သုတေသနလုပ်ငန်းတွေ လုပ်ရတယ်" "ပြီးတော့ နောက်တစ်ခုက ဒေါက်တာ၊ ဒေါက်တာက လူနာတစ် ယောက်ကို ဒေါ် လာတစ်သောင်း ယူတယ်လို့ သိရပါတယ်။ ဒေါက်တာ စောစောက ပြောခဲ့တဲ့ အတိုင်း အကောင်းဆုံး

ဆေးတွေနဲ့ အကောင်း ဆုံး ကုသတာတောင်မှ ကိုယ်ဝန်ပျက်ကျတာ ရှိသေးတယ်လို့ ဆိုပါတယ်

"မွေးရမလွယ်တဲ့ ကိုယ်ဝန်ဆောင်တိုင်း အောင်အောင်မြင်မြင် မွေးရ မယ်လို့ ကျုပ် မကြွေးကြော်ပါဘူး။ အဲဒီလို ကြွေးကြော်ရင်လည်း ကျုပ် အနေနဲ့ အရူးပဲ ဖြစ်မှာ ပဲ။ ဟုတ်ပါတယ်၊ ပျက်တဲ့ ကိုယ်ဝန်တွေလည်း ပျ က်ကျကြတာတွေ ရှိပါတယ်။ အဲဒီလို အပျက်အပြု များ တဲ့ အမျိုးသမီး တွေကို ကျုပ်က သင့်တော်တဲ့ ကလေးကို မွေးစားဖို့ အကြံပေးပါတယ်။ မွေးစားနိုင် အောင်လည်း လိုအပ်တဲ့ အကူအညီတွေ ပေးပါတယ်" "အဲဒီ အတွက်လည်း ပိုက်ဆံယူသေးတာပေါ့" "ဒီမှာ သူငယ်မ၊ မင်းကို ကျုပ်နဲ့ တွေ့ဆုံမေးမြန်းဖို့ အတွက် မဂ္ဂဇင်းတိုက်က ပိုက်ဆံပေးထားတယ် မဟုတ်လား။ မင်းက ဘာကြောင့် တခြားမှာ ဇ စတနာ့ဝန်ထမ်း အလုပ် သွားမလုပ်တာလဲ"

တကယ်တော့ သတင်းထောက် တစ်ဦးအား ယင်းသို့ ပြန်လှန်တိုက် ခိုက်ခြင်း သည် မကောင်း။ တိုက်ခိုက်သူအတွက် အကျိုးယုတ်တတ်သည် ။ သတင်းထောက် တစ်ဦးနှင့် ရန်ဖြစ်ခြင်း၊ မိမိ ဂုဏ်သိက္ခာ ထိခိုက်စေမ ည့် စကားကို ပြောခြင်း၊ မိမိ၏ ကိုယ်ရေးရာဇဝင်ကို အသေးစိတ် ပြောပြခြင်းတို့ သည် အကျိုးယုတ်တတ်သည် ။

သူက ထိုနေ့က သတင်းထောက်မလေးအား သူ၏ ကိုယ်ရေးရာဇဝင် တချို့ကို ပြောပြခဲ့သည် ။ ဝင်နီဖရက်နှင့် လက်မထပ်မီ လီဗာပူးဆေးရုံ တွင် သားဖွား ဌာန တာဝန်ခံ သမားတော်အဖြစ် လုပ်ကိုင်ခဲ့ကြောင်း

ပြောပြခဲ့သည် ။ သို့သော် ဒီဗွန်မြို့ ခရိုက်စ်ဆေးရုံ၌ လုပ်ခဲ့သော ကာလ ကိုတော့ တမင် လျှို့ဝှက်ထားခဲ့သည် ။

သတင်းထောက် အမျိုးသမီးကလေးက နောက်ထပ် ဆက်မေးသည်

"ဒေါက်တာ၊ ဒေါက်တာဟာ သန္ဓေသားဖျက်ချတဲ့ လုပ်ငန်းကိုလည်း လုပ်ပေးတယ်လို့ သိရပါတယ်။ ဟုတ်ပါသလား" "ဟုတ်ပါတယ်၊ အဲဒါကို ကျုပ် လုပ်တယ်" "ဒါဆိုရင် သားဖွားဆရာဝန် တစ်ယောက်အနေနဲ့ ဆန့်ကျင်ဘက် အလုပ်နှစ်ခုကို တစ်ပြိုင်တည်း လုပ်နေတာ သင့်တော်ပါ့မလား။ တစ်ဖက် က သန္ဓေသားကို မွေးဖွားပေးပြီး တစ်ဖက်က သန္ဓေသားကို ဖျက်ချနေ တာ" "ကျုပ်က မိန်းမဝမ်းဗိုက်ကို ပုခက်လို သဘောထားပါတယ်။ ကျုပ်အ နေနဲ့ သားဖျက်ချတာကို မလိုလားပါဘူး။ မကျွမ်းကျင်တဲ့ ဆရာဝန်တွေ နဲ့ အကြိမ်ကြိမ် သားဖျက်ချထားပြီးလို့ သားသမီး မရနိုင်တော့တဲ့ အမျိုး သမီးတွေ ကျုပ်ဆီ လာပြီး မျက်ရည်စက်လက်နဲ့ ရှိခိုးဦးတင် လာတောင်းပန်ကြတယ်။ ဒါတွေ မြင်ရတော့ ကျုပ်က ကိုယ်ချင်းစာပြီး အမျာကြီး စိတ်မချမ်းမသာ ဖြစ်မိတ

ယ်။ ကလေး မလိုချင်လို့ သန္ဓေ သား လာဖျက်ကြတဲ့ အမျိုးသမီးတွေ အများ အပြား ရှိတယ်။ ကျုပ်ရဲ့ ခံ ယူချက်ကတော့ ကျန်းမာသန်စွမ်း တဲ့ အိမ်ထောင် သည် အမျိုးသမီးတိုင်း ကလေးမွေးရမယ်။ အဲ အကြောင်းအမျိုးမျိုးကြောင့် သားသမီး မလိုချင်တဲ့ အမျိုးသမီးတွေ အနေနဲ့ လည်း ဖျက်ချသင့်ရင် ဖျက်ချ ရမယ်။ သို့

သော် လိုချင်တဲ့ အချိန်ကျတော့လည်း ရစေရမယ်။ အဲသလို ရအောင် ကျုပ် လုပ်ပေးနိုင်တယ်"

သည် အချက်ကိုလည်း သတင်းထောက် အမျိုးသမီးကလေးက ကောင်းစွာ လက်ခံသည် ။ တစ်ချိန်တည်းတွင် သူမ၏ ခံယူချက်လည်း ပြောင်းလဲသွားပုံရ သည်

***

သူသည် ညစာ စားပြီးသွားသည် ။ ကုလားထိုင်တွင် နှောက်မှိချလို က်သည် ။ ဝိုင်အရက်ခွက်ကို ထပ်ဖြည့်သည် ။ သူ အလွန်ပျော်ရွှင်နေသည် ။ သူသည် ဥ ပဒေနှင့် လုံးလုံးလျားလျားကြီး ဆန့်ကျင်သော ရာဇဝတ်မှု များကို သိလျက်နှ င့် တစ်ခုပြီးတစ်ခု ကျူးလွန်နေသည် ။ ဥပဒေကို

ကြောက်စရာမလိုဘဲ၊ တရားစွဲဆိုခြင်း ခံရမည်ကို ကြောက်စရာမလိုဘဲ သူ၏ ထူးခြွန်သော စွမ်းဆောင်ချက် လုပ်ရပ်ကြီးကို မကြာမီ နှစ်များ အ တွင်း တစ် ကမ္ဘာလုံးသို့ တင်ပြနိုင်တော့မည်။ ဗင်ဂျီလူးဝစ်၊ အက်ဒနာဘန်း၊ ဝင်နီဖရက်၊ [ပီးတော့ ကလျာ။

သူတို့ အားလုံးသည် သခ်ၤာင်းမှ ဘယ်တော့မှ ပြန်ထလာနိုင်ကြတော့ မည် မ ဟုတ်။

သူ့ကို ဘယ်တော့မှ ခြောက်လှန့်နိုင်ကြတော့မည် မဟုတ်။သူသည် သူ့အ တွေးနှင့်သူ ကျေနပ်စွာ အရက်ခွက်ကို မော့သောက်လို က်သည် ။ ပြီးတော့ ထ ပ်ဖြည့်သည် ။ ထပ်သောက်လိုက်သည် ။ သူ တော်တော်ပင်ပန်းနေပြီ။ မနက် [ဖန် မနက်တွင် အခက်ခဲဆုံးသော ကိုယ် ဝန်တစ်ခုကို ခွဲစိတ်မွေးထုတ်ရန် စီစဉ် ထားသည် ။ ခွဲစိတ်မှု အောင်မြင် လျှင် သူ့အဖို့ ဂုဏ်သိက္ခာအကြီးအကျယ် တ က်ပေဦးမည်။ ကိုယ်ဝန်က တော်တော်ခက်ခဲသော ကိုယ်ဝန်၊ သို့သော် သန္ဓေ သားက နှလုံးအား

ကောင်းသည် ။ အောင်အောင်မြင်မြင် မွေးထုတ်နိုင်ဖို့ အလားအလာ အ များ [ကီး ရှိသည် ။

ကိုယ်ဝန်ဆောင် အမျိုးသမီးက အမေရိကန် ပြည်ထောင်စု လူမှုရေး လောက တွင် မသိသူ မရှိသော “ဝိန်း’ မိသားစု မျိုးဆက်ဝင်တစ်ဦး။ သူမ ၏ ခင်ပွန်း 'ဒီ လာနိုအောလ်ဒရစ်” ဆိုတာကလည်း ကမ္ဘာကျော် “ရော့ခ်ဖဲ လား ဖောင်ဒေးရှင်း” မှ ထိပ်တန်းအရာရှိကြီး တစ်ဦး။ ။

ထို့ကြောင့် သူတို့ ၏ ကလေးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့လျှင် တစ်ချိန် တုန်းက ဒီဗွန် ဆေးရုံတုန်းက မိမိ ကျူးလွန်ခဲ့သော ပြစ်မှုမျှားမှ နေရောင်ေ အာက်တွင် ဆီးနှင်းပျောက်သလို လုံးဝ ပျောက်ကွယ်သွားမ ည်မှာ မြေကြီးလ က်ခတ်မလွဲ။

သူ့အဖို့ အခက်အခဲတစ်ခုသာ ကျန်တော့သည် ။ သူသည် ဆေးရုံရှိ ကက်သ လင်းဒီမေယိုး၏ ဆေးမှတ်တမ်းဖိုင်ကို အိ မ်သို့ ယူထားခဲ့သည် ။

ထို့ကြောင့် ကက်သလင်း သေဆုံးသွားပြီးနောက် ရဲကို ပြနိုင်ရန်အ တွက် အစားထိုး မှတ်တမ်းတစ်ခု ပြန်လည် ရေးသားစရာ ရှိသေးသည် ။ ယင်းလုပ်ငန်းကို ယခု လုပ်မှ ဖြစ်မည်။

လွန်ခဲ့သော နှစ်မှ စ၍ အဆက်မပြတ် သွေးလွန်ခဲ့သည် ဟု မူလမှတ် တမ်းဌ ေ ရးသွင်းထား သည် ကို “အချိန်မှန်မှန် မဟုတ်ဘဲ အခါအားလျော်စွာ အလိုအေ လျောက် သွေးလွန်တတ်သည် ” ဟု ပြန်လည် ရေးသားရမည်။ သာမန်မျှဖြစ်ေ သာ ဆီးလမ်းကြောင်း နံရံမှ ရေမြှုပ်ထွ က်ခြင်းအစား “သွေးကြောပိတ် လက္ခ ဏာများ တွေ့ရသည် ” ဟု ပြန်လ ည် ရေးသားရမည်။ ဟီမိုဂလိုဗင် သွေးနီဥ များ မသိမသာ နည်းနေခြင်း အစား “ဟီမိုဂလိုဗင် သွေးနီဥများ စိုးရိမ်ရလော က်အောင် နည်းပါးနေသ ည် ” ဟု ပြန်လည် ရေးသားရမည်။)

သူသည် စာကြည့်ခန်းထဲသို့ ဝင်လာခဲ့သည် ။ ဆေးရုံမှ ယူလာခဲ့သော ဖိုင်တွဲ သည် စားပွဲပေါ် တွင် အသင့်ရှိနေသည် ။ အပေါ် ဖုံးတွင် “ကက်သ လင်းဒီမေ ယို” ဟူ၍ ထင်ရှားစွာ ရေးမှတ်ထားသည် ။ စားပွဲအံဆွဲထဲမှ ဖို င်တစ်ခု ဆွဲထု တ်လိုက်သည် ။ အပေါ် ဖုံးတွင် ကက်သလင်း၏ နာမည်အပြည့်အစုံကို ရေးသ ည် ။ ။

ထို့နောက်တွင် ဖြည်းဖြည်း မှန်မှန်ဖြင့် စတင် အလုပ်လုပ်သည် ။ က က်သလ င်း၏ မူလဆေးမှတ်တမ်းပါ အချက်အလက်များကို ဆေးရုံမှ ယူ လာသော ဖိုင် တွဲမှ ဂရုတစိုက် ကူးယူ ရေးသွင်းသည် ။ နာရီဝက်အကြာ တွင် ပြီးစီးသွားသ ည် ။ ယခု ပြန်ရေးထားသော ဖိုင်တွဲကို ဆေးရုံသို့ ပြန် ယူသွားရမည်။ ယင်းသို့ ကားထဲသို့ သယ်ရပ်နေစဉ် ဆေးရုံမှ ယူလာသော မူလဖိုင်တွဲတွင် လည်း အချ က်အ လက်များ စွာကို ထပ်မံ ဖြည့်သွင်းသည် ။ အားလုံး ပြည့်စုံသောအခါ ဤ ဖိုင်ကို နံရံကပ် လှျို့ဝှက်အံဆွဲထဲတွင် သိမ်းဆည်းထားရန် ဖြစ်သည် ။

***

လူနာသည် ဖေဖော်ဝါရီ ၁၅ ရက်၊ တနလ်ာနေ့ညက မတော်တဆ ကားအန္တ
ရာယ် ကြုံတွေ့ရသည် ။ သို့သော် သာမန်မှုသာ ထိခိုက်ဒဏ် ရာ ရသည် ။ ဒေ
နာက်နေ့ နံနက် ၂:၀၀ နာရီတွင် လူနာသည် မူးဝေထိုင်းမှ င်းစွာဖြင့် ဆေးရုံပြ
တင်းဝင်၌ ရပ်နေစဉ် မိမိက ဗင်ဂျီ၏ အလော င်းကို ဆေးရုံပေါ် မှ ကားထဲသို့ သ
ယ်ယူသွားသည် ကို လှမ်းမြင်လိုက်ရ သည် ။ ယင်းသို့ သူမမြင်တွေ့လိုက်ရ
သာ မြင်ကွင်းသည် အမှန်တ ကယ်လား၊ မြင်ယောင်မှားခြင်းလား ဆိုသည် မှာ
လူနာသည် လုံး၀ မခွဲခြားနိုင်ခဲ့။

ယင်းသို့ဖြစ်ရသည်မှာ ကြုံခဲ့ရသော မတော်တဆ ကားအန္တရာယ်ကြောင့် ထိ
တ်လန့်နေခြင်းနှင့် အဆက်မပြတ် သွေးလွ န်နေခြင်းတို့ ကြောင့်ဖြစ်သည် ။

သူမသည် တစ်နေ့သောအခါ အဆိုပါဖြစ်ရပ်မှန်ကို အမှန်အတိုင်း သိမြင်လ
က်ခံ လာနိုင်မည်ကို သံသယဖြစ်စရာ မလို။ ထိုအချက်သည် မိမိအတွက် ကြီး
စွာသော အန္တရာယ်ဖြစ်သည် ။ ထို့ကြောင့် သည် အန္တ ရာယ်ကို ဖြစ်သည့်နည်း
ဖင့် ရှင်းလင်းပစ်ရမည်။ လူနာသည် တနလ်ာ နေ့ညက ဆေးရုံအရေးပေါ်
လူနာခန်းတွင် သွေးသွင်းခဲ့သည် ။ စနေ နေ့တွင် ခဲ့စိတ်ကုသမှုအတွက်ဟု
အကြောင်းပြကာ ဒုတိယအကြိမ် သွေးထပ်သွင်းရန် မိမိက ညွှန်ကြားခဲ့သည် ။

ထို့ပြင် သွေးကြောပိတ်၍ သွေးခဲစေသော ထိုးဆေးနှင့် စားဆေးမျှားကိုလည်း
သောကြာနေ့ ညအထိ အချိန်မှန်ထိုးခြင်း၊ စားခြင်း ပြုလုပ်ရန် မိမိက ညွှန်ကြ
ကားခဲ့သေးသည် ။

သူသည် နှုတ်ခမ်းကို စုပြီး လက်ထဲမှ ကလောင်တံကို ပြန်ချလိုက်သ ည် ။ ဆ
က်လက်၍ ရေးသားရန် အချက်မျှားကို ခေတ္တမျှ စဉ်းစားနေသသည် ။

ထို့နောက် မှတ်တမ်းကို အပြီးသတ် ရေးမှတ်လိုက်သည် ။

လူနာသည် ဖေဖော်ဝါရီလ ၁၉ ရက်၊ သောကြာနေ့ ညနေ ၆:၀၀ နာ ရီတွင်
ဆေးရုံတက်သည် ။ မူးဝေခြင်းနှင့် အထွေထွေ အားနည်းခြင်းတို့ ကြောင့်
ဟူ၍ အကြောင်းပြသည် ။ ။

ည ၉:၀၀ နာရီတွင် လူနာ သွေးလွန်နေသည် ကို မိမိနှင့် သူနာပြုဆ ရာမ ရင်ကျီတို့ က တွေ့ရှိရသည် ။ သွေးတိုးနှန်းသည် လျင်မြန်စွာ ကျဆ င်းနေသည် ။

ည ၉:၄၅ နာရီတွင် အရေးပေါ် ခွဲစိတ်ကုသမှု ပြုလုပ်သည် ။ ။ ကက်သလင်း နိုဝယ်ဒီယို အမည်ရှိ လူနာသည် ၁၀ နာရီတိတိတွ င် သေဆုံးသွားသည် ။

အလွန်တရာ အန္တရာယ် များ ပြားလွသော ပြဿနာကြီးတစ်ရပ် အောင်မြင်စွာ ပြီးဆုံးသွားတော့မည့် အရေးကို ကြိုတွေးပြီး သူက လှိုက် လှိုက်လဲလဲ ပြုံးလိုက်သည် ။

ယခုအခါ အရာခပ်သိမ်း အဆင်သင့် ဖြစ်နေကြပြီ။ သောကြာနေ့ည တွင် ကက်သလင်း အခန်း၌ တာဝန်ထမ်းဆောင်ရန် သူနာပြုဆရာမ

လေး ရင်ကျိကို ညှစ်ကြားထားပြီး ဖြစ်သည် ။ ရင်ကျိက ငယ်သေးသည် ။ အေတွ့အကြုံလည်း နုသေးသည် ။ သူ့ကိုလည်း အလွန်ကြောက်သည် ။ဖိုင်တွဲကို ယာယီ လှို့ဝှက်နေရာဖြစ်သည့် အပေါ် ဆုံး စားပွဲအံဆွဲတွင် သိမ်းဆည်းထားလိုက်သည် ။ ထို့နောက် အိပ်ရာဝင်ရန် အပေါ် ထပ်သို့ တက်လာခဲ့သည် ။

***

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်သည် ။ နံနက် ၆ နာရီ ထိုးတော့မှ အိ ပ်ရာမှ နိုးလာသည် ။ နောက် သုံးနာရီ အကြာတွင် မစ္စက်ဒီလာနီအော် လ်ဒရစ်၏ ဝမ်းဗိုက်ထဲမှ ကျန်းမာသန်စွမ်းသော သားယောကျ်ားကလေး ကို အောင်မြင်စွာ ဗိုက်ခွဲ မွေးထုတ်နိုင်ခဲ့သည် ။

မိဘနှစ်ပါးတို့ မှာ ဝမ်းသာလွန်း၍ မျက်ရည်များ ပင် အသွယ်သွယ် ကျကြသည် ။

သူတို့ ၏ အတိုင်းမသိ ကျေးဇူးတင်ခြင်းကို သူက ကျေနပ်ဝမ်းသာစွာဖြင့် လက်ခံသည် ။

***

≈ အခန်း (၃၀)

ဗင်ဂျီအတွက် သရဏာဂုံတင် အခမ်းအနားကို ကြာသပတေးနေ့ နံနက် ၁၀ နာရီတွင် မင်နီယာပိုလစ်မြို့ သုသာန်ရှိ ဝတ်ကျောင်း၌ ပြုလုပ်သည် ။ ။

ခရစ်သည် ဗင်ဂျီ၏ မိဘများ ဘေးတွင် ရပ်ကာ ရင်နှင့်အောင် ခံစား နေရသည် ။ အဘိုးကြီးနှင့် အဘွားကြီးတို့ အား သနားကြင်နာစိတ်တို့ ဖြ င့် ယူကျုံးမ ရဖြစ်မိသည် ။ ၎င်းတို့ ၏ ခပ်အုပ်အုပ် ငိုရှိုက်သံကို ကြားရ သောအခါ သူ့နှ လုံးသားကို တူနှင့် လာထုသလို ခံစားရသည် ။

သည် ပြဿနာသည် မိမိကြောင့် ဖြစ်ခဲ့ရတာလား။ အစကတည်းက ဗင်ဂျီနှင့် ကျေကျေအေးအေး ဖြစ်အောင် ကြိုးစားခဲ့လျှင် သည် လိုအဖြစ် မျိုး ကြုံရပါ့ မလား။ မိမိကသာ ဗင်ဂျီအား စိတ်ရောဂါဆရာဝန်ထံ သွား ရောက် ကုသခံရန် မဖြစ်မနေ တိုက်တွန်းခဲ့လျှင် ယခုလို အဖြစ်ဆိုးလှသော သေကွဲကွဲခြင်းမျိုးနှင့် ကြုံချင်မှ ကြုံရပေလိမ့်မည်။ တကယ်တော့ သူက ဗင်ဂျီအား စိတ်ရောဂါကု ဆရာဝန်ထံ သွားပြရန် တိုက်တွန်းခဲ့ဖူး ပါသည် ။ သို့သော် ဗင်ဂျီက လက်မခံ။ လက်မခံရုံသာ မဟုတ်။

"စိတ်ရောဂါကု ဆရာဝန်ကြီး သွားပြဖို့ မလိုပါဘူး။ ကျွန်မ ခံစားနေ ရတာက စိတ်ရောဂါ မဟုတ်ပါဘူး။ အခြားရောဂါပါ။ ရှင်က ဘာကိုမှ မပူဘူး။ ဘယ် သူ့ကိုမှ ဂရုမစိုက်ဘူး။ ပြဿနာက ရှင့်ပြဿနာပါ။ ကျွန်မ ပြဿနာ မဟုတ်"

သော် .. ဗင်ဂျီ၊ ဗင်ဂျီ။ အမှန်တရားကို ရှာမတွေ့ခဲ့ကြ၍ သည် ဖြစ်ရပ်မျိုးနှင့် ကြံတွေ့ခဲ့ရခြင်း ဖြစ်သည် ။

တစ်ယောက်နှင့် တစ်ယောက် နားလည်ခွင့်လွှတ်မှု မရှိခဲ့ကြ၍ သည် လို ဖြစ်ခဲ့ကရသည် ။

သူတို့ အိမ်ထောင်ရေးဗိမာန်သည် အစောကြီးကတည်းကပင် အက် ကွဲ ပြိုပျက်သွားခဲ့သည် ။

သူတို့ သမီး အလောင်းကို သင်္ဂြိုဟ်ခွင့် မပြုသေးဘဲ ဆေးရုံသို့ ပြန်ပို့ ရမည်ဟု အမိန့်ရောက်လာသောအခါ ဗင်ဂျီ၏ မိဘများက ယမ်းပုံမီးကျ ဒေါသထွက်ကသည် ။ "သူတို့ ဘာဖြစ်လို့ သင်္ဂြိုဟ်ခွင့် မပြုတာလဲ ပြောစမ်းပါဦး" "အဲဒါတော့ ကျွန်တော်လည်း ဘာမှ မသိဘူး" သူက သည် မျှသာ ပြန်ဖြေနိုင်ခဲ့သည် ။ သည် ထက် ပိုပြော၍ လည်း ဘာမျှ ထူးလာမည် မဟုတ်။ "တစ်ချိန်သောအခါက ငါ့ကိုယ်ငါ ရှာမတွေ့ခဲ့။ ယခုသော်ကား ငါ့ ကိုယ်ငါ ရှာတွေ့ခဲ့လေပြီ" "တစ်ချိန်သောအခါက ငါသည် အကန်းပကတိ ဖြစ်ခဲ့၏။ ယခု သော်ကား ငါမြင်ရ

လပြီ" သံဝေဂ ဓမ္မဂီတသံသည် ဝတ်ကျောင်းခန်းမထဲတွင် ဟိန်း၍ ပေါ်ထွက်လာသည် ။

လွန်ခဲ့သော လပေါင်း တော်တော်ကြာကြာ ကတည်းက သူ့ဘဝသ ည် ငြီးငွေ့ဖွယ် ဖြစ်နေခဲ့သည် ။ စိတ်ပျက်ဖွယ် ဖြစ်နေခဲ့သည် ။ ထို့နော က်တွင် သူသ ည် ဟာဝိုင်ယီသို့ ခရီးထွက်ခဲ့သည် ။ ပါတီပွဲတစ်ခုတွင် ဂျုန်းနှင့် တွေ့ခဲ့သည် ။ ထို့နေ့၊ ထို့ည၊ ထို့ခဏကို ယနေ့တိုင် ပြက်ပြက် ထင်ထင် အမှတ်ရနေသေးသ ည် ။

သူမသည် လသာဆောင်မှ လူအုပ်ကြားထဲတွင် ရောက်နေသည် ။ သူ မ ပြော သမျှကို လူတွေက တသောသောနှင့် ရယ်ကြသည် ။ သူမကလ ည်း အားပါးတရ ပြန်ရယ်သည် ။ သူက အရက်တစ်ခွက် မှာ သောက်ပြီး နောက် လူအုပ်ထဲသို့ ဝင်လာခဲ့သည် ။ ဂျုန်း၏ နံပါးမှ ဘယ်တော့မှ မခွာ တော့။ ဗင်ကျီ သေဆုံးခြင်းသည် ရိုးရိုးသေဆုံးခြင်း မဟုတ်ဟု ယူဆသောကြောင့် မှုခင်းဆိုင် ရာ ဆရာဝန်က အလောင်းကို လောလော ဆယ် သင်္ဂြိဟ်ခွင့် မပြု သေးဘဲ ဆို င်းငံ့မိန့်ဖြင့် တားထားခဲ့သည် ။

သူတို့ က ယင်းသို့ ဘာကြောင့် ယူဆရသလဲ။ အက်ဒနာထံမှ တယ်လီဖုန်းဆ က်သည် ကို သတိရမိသည် ။ အက်ဒ နာက တခြားလူတွေကို ဘာတွေများ ြေ ပါခဲ့ပြီး ဖြစ်လေမလဲ။ ဗင်ကျီ သေဆုံးရခြင်း အကြောင်းရင်းကို သူမ သိများ သိ ထားလေသလား။

သူသည် မင်နီယာပိုလစ်မြို့မှ မပြန်ခင် ဒေါက်တာအင်မက်ဆလင်းနှ င့် သွားေ တွ့ရဦးမည်။ ဗင်ကျီနှင့် ပတ်သက်၍ ဒေါက်တာဆလင်းက ဘာ တွေများ သိ ထားတာ ရှိလေမလဲ။ ဗင်ကျီက သူနှင့် တွေ့ရအောင် ဘာကြောင့်များ ချိန်းရ တာလဲ။ ဗင်ကျီသည် တစ်ယောက်ယောက်နှင့် အ ဆက်အသွယ် ရှိနိုင်သည် ။ ထိုသူရှေ့တွင် သူမကိုယ်သူမ သတ်သေတာကို ထိုသူက အလောင်းကို အိမ် မှာ လာထားသွားတာ ဖြစ်နိုင်သည် ။ သူ မတွင် အခြားယောက်ျား တစ်ယော က်နှင့် အဆက်အသွယ် ဖြစ်နိုင်သော အခွင့်အရေး အခြေအနေတွေ တစ်ပုံကြီး ရှိသည် ။

မိမိသည် တစ်လတွင် ၁၅ ရက်လောက် ခရီးထွက်နေရသည် ။ ဟုတ်ပြီ။ (သူမ သည် နယူးဂျာစီသို့ ပြောင်း လာပြီးနောက် တစ်ယောက်ယော က်နှင့် တွေ့ခဲ့ တာ ဖြစ်မည်။ သို့သော် ဗင်ကျီလို စိတ်ပျော့သော မိန်းမတစ် ယောက်က သူ့ကို ယ်သူ သတ်သေရဲပါ့မလား။ သည် မျှဒုက္ခကြီးသော အ လုပ်မျိုးကို လုပ်ရဲပါ့မ လား။ ဘယ်တော့မှ လုပ်ရဲမည် မဟုတ်ပါ။ ". မျက်ရည်များ အားလုံး ခန်းခြော က်သွားပြီးနောက် " ဓမ္မဆရာ၏ နောက်ဆုံး ရွတ်ဖတ်သံကို တစ်ပိုင်းတစ်စသာ ကြားလို က်မိတော့သည် ။

ခရစ်က ဗင်ကျီ၏ မိဘများအား ညှဉ်းဆဲခဲ့လာခဲ့သည် ။ မိတ် ဆွေ အပေါ်
င်းအသင်းများ က နှစ်သိမ့်အားပေးစကား ပြောကြသည် ။ ဗ င်ကျီ၏ မိဘများ
က လောလောဆယ် ဆွေမျိုးများ ထံ သွားနေရန် ဆုံးဖြ တ်ကြသည် ။ ဗင်ကျီ၏
အလောင်းကိုလည်း နယူးဂျာစီတွင် မီးသင်္ဂြိုဟ်ပြီး

နောက် အရိုးပြာကို မိသားစု သခ်ၤါင်းမြေ၌ ဂူသွင်းမြှုပ်နှံရန် သဘောတူကြသ
ည် ။

နောက်ဆုံးတွင် ခရစ်သည် ဝတ်ကျောင်းမှ ပြန်ထွက်လာခဲ့သည် ။ သူ သည် မ
င်နီယာပိုလစ် မြို့ လယ်ရှိ အားကစားကလပ် အသင်းတိုက်သို့ လာခဲ့သည် ။
အခြိန်မှာ ၁၁ နာရီ ထိုးနေပြီ။ ၁၁ ထပ်သို့ ဓာတ်လှေကားနှင့် တက်လာခဲ့သည်
။ အရက်တစ်ခွက် မှာ သောက်ပြီး တယ်လီဖုန်း ဆ က်သည် ။

"ကျွန်တော် ဗင်ကျီလူးဝစ်ရဲ့ ခင်ပွန်းပါ။ အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ ပ တ်သက်ပြ
ီး ဒေါက်တာနဲ့ စကားပြောချင်လို့ ပါ" "ဝမ်းနည်းပါတယ်ရှင်" သူနာပြု
ဆရာမက ပြန်ပြောသည် ။ "ဒေါက်တာဆလင်း ခရီးထွက်သွားပါတယ်။ န
ယူးယောက်မှာ ကျင်း ပမယ့် အမေရိကန် ဆရာဝန်များ အသင်း ညီလာခံကို
သွားပါတယ်။ သူ နောက်အပတ် အတွင်းမှာ မှ ပြန်ရောက်ပါလိမ့်မယ်"

"နယူးယောက်ကို ဟုတ်လား။ သူ ဘယ်မှာ တည်းမှာ ပါလဲ။ ကျေးဇူး ပြုပြီး
သိပါရစေ။ ကျွန်တော် အဲဒီကို ဆက်သွယ်ချင်လို့ ပါ"

သူနာပြုဆရာမက ခေတ္တ တုံ့ဆိုင်းနေသည် ။ ပြီးတော့မှ - "ဒေါက်တာဆလင်း
ကလည်း ရှင့်ကို တွေ့ဖို့ အစီအစဉ်ရှိပါတယ်။ သူ က နယူးဂျာစီက ရှင့်ဖုန်းနံပါ
တ်ကို ရှာပေးဖို့ ပြောပါတယ်။ ပြီးတော့ ရှင့် ဇနီးရဲ့ ဆေးမှတ်တမ်းကိုလည်း
သူနဲ့ တစ်ပါတည်း ယူသွားပါတယ်။ ဒါ ပေမဲ့ သူက ရှင့်ဆီ အဆက်အသွယ် မ
ရခဲ့လို့ ရှိရင် ရှင်က သူ့ဆီကို ဆက် သွယ်နိုင်ဖို့ ဖြစ်ပါတယ်။ သူက စင်ထရယ်
ပတ် လမ်းပေါ် က အက်ဆက် ဟိုတယ်မှာ တည်းပါမယ်။ သူ့လိုင်းခွဲ နံပါတ်က
၁၂၁၉ ပါရှင် "

ခရစ်က ပိုက်ဆံအိတ်ထဲတွင် ထည့်ထားသော မှတ်စုစာအုပ်ငယ်ကို ကမန်းက
တန်း ထုတ်ပြီး ဖုန်းနံပါတ်ကို မှတ်သည် ။ သူ ရေးထားသော စာမျက်နှာ အ
ပေါ်ပိုင်းတွင် မစ္စအက်ဒနာဘန်း၏ လိပ်စာ ရှိသည် ။ အက် ဂျီရီဗားရှ် သူမ၏
တိုက်ခန်းသို့ ရောက်သွားနိုင်သည့် ခရီးလမ်းညွှန် အမှ

တ်အသားများကိုလည်း ရေးမှတ်ထားသည် ။

*****

≈ အခန်း (၃၁)

အစိုးရရှေ့နေကြီး စကော့၏ ရုံးခန်းထဲတွင် နေ့လယ်ပိုင်း အစည်းအ ဝေး ပြုလုပ်သည် ။ ယနေ့ အစည်းအဝေးမှာ ခါတိုင်း အစည်းအဝေးများ နှင့် မတူဘဲ တစ်မျိုး ထူးခြားနေသည် ကို ကက်သလင်းက အကဲခတ်မိ သည် ။

အတွင်းရေးမှူး စာရေးမကလေး မော်ရိန်းသည် စကော့၏ စားပွဲရှေ့ ၌ ထိုင်ကာ မှတ်တမ်းရေးရန် အသင့်ရှိနေသည် ။ စကော့က စတင်ပြောသည် ။

"ကျုပ်က တစ်နာရီခွဲမှာ တရားရုံးသွားစရာ ရှိသေးတယ်။ အဲဒီတော့ ဒီကိစ္စ မြန်မြန်ကလေး ဆွေးနွေးကြရအောင်။ အရေးကြီးတာက ကပ္ပတိ န် ခရစ်လူးဝစ် ကိစ္စကို မြန်မြန်ရှင်းပစ်ဖို့ ပဲ" "အင်း ..ငါထင်တဲ့ အတိုင်းပါပဲ။ ဟု ကက်သလင်းက တွေးလိုက်သည် ။ စကော့က ခရစ်ပေါ်တွင် သာ သဲကြီးမဲကြီး ဖြစ်နေသည် ။

ကက်သလင်းက မော်ရိန်းကို ကြည့်လိုက်သည် ။ သည် သူငယ်မ အ မူအရာ တစ်မျိုး ဖြစ်နေသည် ။ ဂနာမငြိမ် ဖြစ်နေသည် ။ သည် နေ့မန က် သူ့ကို ငါ တာဝန်ပေးတုန်းကလည်း သည် အတိုင်းပင် ဖြစ်နေသည် ။

မော်ရိန်းက ပြုံးတစ်ဝက်ဖြင့် ပြန်ကြည့်သည် ။ "ဒါနဲ့ တယ်လီဖုန်းဆက်တာ အလုပ်ဖြစ်ရဲ့ လား မော်ရိန်း"

မော်ရိန်းက စကော့ကို ကြည့်သည် ။ စကော့က ခေါင်းငုံ့ပြီး ဖိုင်တွဲ ရှာနေသည် ။

သူတို့ ကို ဂရုမစိုက်အား။ "အခုထိတော့ ဘာမှ သိပ်မထူးခြားသေးဘူး မမ။ ဒေါက်တာဖူဂီတို က အမေရိကန် ဆရာဝန်များ အသင်းဝင်လည်း မဟုတ်ဘူး ။ ဗယ်လီခ ရိုင် ဆရာဝန်များ အသင်းဝင်လည်း မဟုတ်ဘူး ။ ဒါပေမဲ့ ဗယ်လီဝိန်းစ် စိတ်ရောဂါကု ဆေးကုဌာနမှာ တော့ စေတနာ့ဝန်ထမ်းအဖြစ် တော် ဝင်တက်ကြာကြာ လုပ်ခဲ့တယ် ဆိုတာတော့ သိရတယ်" "ညည်းကို ဘယ်သူက ပြောပါတာလဲ"

မော်ရိန်းက ခဏ တွေနေပြီးတော့မှ - "ကျွန်မ တစ်နေရာမှာ ကြားဖူးလို့ ပါ"

မော်ရိန်း ဖြေပုံကို ကက်သလင်းက သိပ်ပြီး သဘောမကျချင်။ သို့ သော် နောက်ထပ် မေးမလို့ လုပ်တုန်း ရစ်ချတ်၊ ချာလီနှင့် ဖိလစ်တို့ ဝင် လာကြသည် ။ ။

သူတို့ က ရောက်ရောက်ချင်း မော်ရိန်းအား နေ့လယ်စာ မှာ ခိုင်းသ ည် ။ ထို့ေ နာက် ကုလားထိုင်တွင် ဝင်ထိုင်ကြသည် ။ ရစ်ချတ်က ကက် သလင်း ဘေးမှ ကုလားထိုင်တွင် ထိုင်သည် ။

"ကိုင်း ... ဒီတော့၊ ဗင်ဂျီရဲ့ ဗိုက်ထဲက ကလေးဟာ အာရှတိုက်သား ရှ ပ်လက္ခ ဏာ ပေါက်နေတယ် ဆိုတာတော့ ခင်ဗျားတို့ အားလုံး သိကြပြီပဲ။ ဒီတော့ ဒီ အချက်ကို အခြေခံပြီး ဖြစ်နိုင်စရာ အချက်နှစ်ချက် ပေါ် လာ တယ်။ ပထမအ ချက်က သူ့ဗိုက်ထဲက ကလေးဟာ အာရှတိုက် သားက

လေး မွေးလာမယ် ဆိုတာ ကြိုသိထားလို့ ဗင်ဂျီဟာ သွေးရူးသွေးတန်း ဖြစ်ပြီး သူ့ကိုယ်သူ သတ်သေလိုက်တာလည်း ဖြစ်နိုင်တယ်။

ဒုတိယအချက်က ခရစ်က သူ့မိန်းမ တခြားယောကျ်ား တစ်ယောက် နဲ့ ဖော က်ပြန်နေတာကို သိသွားလို့ သတ်လိုက်တာလည်း ဖြစ်နိုင်တယ်။ ဒီအချက်ကို ပြန်ပြီး စဉ်းစားကြည့်ကြရအောင်။ ဆိုပါစို့၊ တနလ်းနေ့ည က ခရစ်ဟာ အမှ တ်မထင် အိမ်ပြန်ရောက်လာတယ်။ လင်မယား ရန်ဖြ စ်ကြတယ်။ ဗင်ဂျီက မ င်နီယာ ပိုလစ်ကို ဘာကြောင့် ကမန်းကတန်း ထွ က်သွားဖို့ လုပ်တာလဲ။ ခရစ် ကို ရင်မဆိုင်ရဲတော့လို့ ထွက်ပြေးဖို့ လုပ် တာလား။ သူ့မိန်းမဟာ မိဘအိမ်ကို ပြန်သွားဖို့ ကြံစည်နေတယ် ဆိုတာ ကိုရော ခရစ်က ကျပ်တို့ ကို ဘာတစ်ခုမှ ထုတ်မပြောခဲ့ဘူး။ ကက်သလ င်း ပြောတဲ့ အတိုင်း ဆိုရင် ဗင်ဂျီဟာ ဒေါက် တာဖူဂီတို့ရဲ့ ရုံးခန်းထဲက သွေးရူးသွေးတန်းနဲ့ ပြေးထွက်သွားတယ်လို့ သိရ တယ်"

"အဲဒီ ဂျပန်ဆရာဝန်နဲ့ ပတ်သက်ပြီး နောက်ကြောင်း ရာဇဝင် အပြ ည့်အစုံကို စုံစမ်းဖို့ မော်ရိန်းကို ကျွန်မ တာဝန်ပေးထားပါတယ်"

"ဒီလိုဆိုရင် ဗင်ဂျီနဲ့ ဒီဆရာဝန်နဲ့ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်နိုင်စရာ ရှိ တယ်လို့ မ င်းက ဆိုလိုတာလား" စကော့က ဖြတ်မေးသည် ။ "ကျွန်မက အဲဒီလို မဆိုရေ သးပါဘူး။ ဒေါက်တာက အာရှတိုက်သားဖြစ်လို့ သူနဲ့ ဗင်ဂျီနဲ့ ဖြစ်နေရမယ် လို့ မပြောနိုင်ပါဘူး။ ဗ င်ဂျီက တခြား အာရှတိုက်သား တစ်ယောက်ယောက် နဲ့ လည်း ဖြစ်နိုင် သေးတာပဲ။ ဒါပေမဲ့ စဉ်းစားစရာ တစ်ခုက မနေ့က သူ့ကို ကျွန်မ သွားတွေ့တော့ သူ အတော်ကလေး အမူအရာ ပျက်နေတာ တွေ့ရတ ယ်။ စ ကားကိုလည်း ဆင်ဆင်ခြင်ခြင်နဲ့ သတိထားပြီး ပြောတယ်။ ကျွန်မတ တော့ သူနဲ့ တွေ့ရတာ ဘယ်လိုမှ မဆိုးဖြတ်တတ်အောင်ဘဲ" "ဒါနဲ့ အက်ဒနာဘ နန်း ကိစ္စက ဘယ်လိုလဲ ရစ်ချတ်။ ရိုးရိုး လဲကျတာ လား၊ တွန်းပစ်ခံရတာလား" "လဲကျတာတော့ မဖြစ်နိုင်ဘူး။ သူ့သွေးထဲက အရက်ပမာဏကလ ည်း အမူး လွှန်နိုင်တဲ့ ပမာဏ မရှိဘူး" "ဒါပေမဲ့ သူဟာ အသတ်ခံရတာတော့ ဖြစ်နိုင်တ

ယ် မဟုတ်လား" "သိပ်ဖြစ်နိုင်တာပေါ့။ ဒါပေမဲ့ တရားခံက ဖြောင့်ချက်ပေးမှ တရားခံ ပေါ် မယ့် အမှုမျိုး ဖြစ်နေတယ်"

ကက်သလင်းက ကြားဖြတ်ပြီး - "ဒါပေမဲ့ အက်ဒနာက ခရစ်ဆီ ဖုန်းဆက်တာက ဘာသဘောလဲ။ ဗ င်ကျီနဲ့ ဒေါက်တာနဲ့ ဖြစ်နေကြတာကို ပြောချင်လို့ လား။ ကျွန်မတော့ လုံး ဝ မယုံဘူး" "မင်းက ဘာကို မယုံတာလဲ" ဟု စကော့က မေးလိုက်သည် ။ "အက်ဒနာ ဒီလောက် ဆိုးလိမ့်မယ်လို့ ကျွန်မ မယုံဘူး။ သူဟာ အင် မတန် စိတ်ကောင်းရှိတဲ့ မိန်းမတစ်ယောက်ပါ။ ဗင်ကျီသေပြီးတဲ့ နောက်

တော့မှ ဗင်ကျီနဲ့ ဒေါက်တာနဲ့ အဆက်အဆံ ရှိနေကြတာကို သူက ခရစ် ကို ဘ ယ်နည်းနဲ့မှ ပြောမှာ မဟုတ်ဘူး " "သူက ခရစ်အတွက် နှစ်သိမ့်စကား ပြောချ င်တာလည်း ဖြစ်နိုင်တာရစ်ချတ်က ထင်မြင်ချက် ပေးသည် ။ "ဒါမှ မဟုတ် သူက ငွေညှစ်ချင်လို့ လုပ်တာလည်း ဖြစ်နိုင်တာပဲ" ချာလီက ပြောသည် ။ "ဗ င်ကျီက တနလ်းနေ့ညမှာ သူ့ကို တစ်ခုခု ပြောပြလိမ့်မယ်။ ခရစ်နဲ့ ဗင်ကျီတို့ ဘာကြောင့် ရန်ဖြစ်ကြတယ် ဆိုတာ သူ သိချင် သိနိုင်တယ်။ အဲ ဒီမှာ သူက အ ကွက်ကောင်း ဖမ်းပြီး ငွေညှစ်တာ ဖြစ်နိုင်တယ်။ ဘာဖြစ် လို့ လဲဆိုရင် အက်ဒ နာဟာ လောလောဆယ်မှာ အကြွေးတွေ ကုန်းဆပ် နေတယ်။ သူ့မိဘတွေကို ဆေးကုလိုက်ရလို့ အကြွေးတွေ တင်ကျန်ရစ်ခဲ့ တယ်။ ဒါကြောင့် သူက ရဲကို ဖွင့်ပြောလိုက်မယ် ဆိုပြီးတော့ ခရစ်ဆီမှာ ငွေညှစ်တာ ဖြစ်ရမယ်"

"တိုက်ခန်း ကြီးကြပ်ရေးမှူးရဲ့ မိန်းမ အပြောအရတော့ အက်ဒနာ က သူ့မှာ ရဲ ကို ပြောစရာ တစ်ခု ရှိတယ်လို့ ပဲ ခရစ်ဆီကို ဖုန်းဆက်တ ယ်လို့ ဆိုတယ်"

ဟု ကက်သလင်းက ဝင်ထောက်သည် ။ "ဒါနဲ့ လူးဝစ်တို့ အိမ်ကို ရှာဖွေတော့ ဘာတွေ့သလဲ" စကော့က မေးလိုက်သည် ။ ချာလီက ပခုံးတစ်ချက် တွန့်လို က်ပြီး -"ဘာမှ မည်မည်ရရ မတွေ့သေးဘူး။ မီးဖိုခန်း ဖုန်းနားက မှတ်စုစာ ရွ က်ပေါ် မှာ ဖုန်းနံပါတ် တစ်ခုတော့ တွေ့တယ်။ နံပါတ်ကတော့ အဝေးပြော နံ ပါတ်ပဲ ၆၁၂။ ဒါဟာ ဗင်ကျီမိဘတွေရဲ့ နံပါတ်တော့ မဟု တ်ဘူး ။ အဲဒါ အခု ေ ခါ်ကြည့်ရင် ကောင်းမယ်။ ဗင်ကျီက မီတ်ဆွေတစ် ယောက်ဆီ ဆက်ပြီး သူ့အ စီအစဉ်ကို ပြောတာလည်း ဖြစ်ချင် ဖြစ်နိုင်တယ်။ နောက်တစ်ခုကတော့ ဗင်ကျီ ဝတ်ထားတဲ့ အပေါ် အင်္ကျီက ချည်မျှင်စ တစ်ခုကို ကားရုံထဲက ခက်ရင်းခွမှာ ကပ်နေတာ တွေ့ရတယ်"

"ဗင်ကျီဝတ်ထားတဲ့ အပေါ် အင်္ကျီ ဆိုတာ ဘာအင်္ကျီလဲ" စကော့က ဖြတ်မေးသ ည် ။ "သူ့အလောင်းမှာ ဝတ်ရက်တွေ့တဲ့ အင်္ကျီကို ပြောတာပါ" စကော့က ရစ် ချတ်ဘက်သို့ လှည့်ပြီး - "အခု သူ့အဝတ်အစားတွေ ဘယ်မှာ ရှိသလဲ" "ဓာတ်

ခဲ့ခန်းမှာ ရှိပါတယ်၊ စစ်ဆေးနေတုန်းပဲ" စကော့က ချာလီ၏ လက်ထဲမှ ဖုန်းနံပါတ်စာရွက်ကို လှမ်းယူပြီး က က်သလင်းဆီသို့ ထိုးပေးရင်း -

"ဒီနံပါတ် ဆက်ကြည့်စမ်းပါ။ တစ်ဖက်ကလူက အမျိုးသမီးဆိုရင် မ င်းနဲ့ သူ စကားပြောရတာ ပိုအဆင်ပြေတာပေါ့"

ကက်သလင်းက ဖုန်းနံပါတ် လှည့်လိုက်သည် ။ ခဏငြိမ်နေပြီးမှ အသံကြားရ သည် ။ "ဒေါက်တာဆလင်း ရုံးခန်းကပါ" ကက်သလင်းက စကားပြောခွက်ကို လက်ဝါးနှင့် ပိတ်ထားပြီး - "ဆရာဝန်တစ်ယောက် အခန်းပဲ" ဟု တိုးတိုးကလေး ပြောလိုက်သည် ။ ။

ထို့နောက် တစ်ဖက်မှ ပုဂ္ဂိုလ်သို့ ဆက်ပြီး - "ကျွန်မ အကူအညီတစ်ခု တောင်းချင်လို့ ပါ။ ကျွန်မနာမည် ကက်သလင်း ဒီမေယိုပါ။ နယူးဂျာစီပြည်နယ်၊ ဗယ်လီခရိုင် အစိုးရရှေ့နေရုံးကပါ။ အကြောင်းက ဒီလိုပါ။

ပြီးခဲ့တဲ့ တနလ်ာနေ့တုန်းက ဗင်ကျီလူးဝစ် ဆိုတဲ့ အမျိုးသမီး သေဆုံး သွားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မတို့ က လိုအပ်တဲ့ စစ်ဆေးမှုတွေ ပြု လုပ်နေပါတယ်။ အခု သူ့စားပွဲပေါ်မှာ ဒေါက်တာရဲ့ ဖုန်းနံပါတ်တွေ့ရလို့ လှမ်းဆက်ကြည့်တာပါ။ အဲဒါ "

တစ်ဖက်မှ ရုတ်တရက် ဖြတ်ပြောသည် ။ "အို တိုက်တိုက်ဆိုင်ဆိုင်ပဲရှင်။ ကျွန်မ အခုပဲ ကပွတိန်လူးဝစ်နဲ့ စ ကားပြောခဲ့ပါသေးတယ်။ သူကလည်း ဒေါက်တာနဲ့ စကားပြောချင်လို့ လှမ်းဆက်ပါတယ်။ ဒါပေမဲ့ ဒေါက်တာ ဆရာဝန်များ ညီလာခံ အစည်း အဝေးတက်ဖို့ ခရီးထွက်သွားပါတယ်။ သူ့ကို နယူးယောက်မြို့က အက် ဆက်ဟိုတယ်မှာ ဆက်သွယ်နိုင်ပါတယ်ရှင်"

"ကောင်းပါတယ်။ ကျွန်မတို့ အဲဒီကိုပဲ ဆက်သွယ်ပါ့မယ်။ ဒါနဲ့ မစ္စ က်လူးဝစ် ဆီက ဖုန်းခေါ်တာနဲ့ ပတ်သက်ပြီး ဘာများ သိပါသလဲ။ သူ ဒေါက်တာနဲ့ စကားပြော ဖြစ်ပါသေးသလား"

"ဟင့်အင်း မပြောဖြစ်ပါဘူး။ သူက တနလ်ာနေ့မှာ ဖုန်းဆက်ပါတ ယ်။ ဗုဒ္ဓဟူးနေ့မှ ဒေါက်တာ ရုံးပြန်တက်မယ် ဆိုတာနဲ့ သူ တော်တော် လေး စိတ်မကောင်း ဖြစ်သွားပါတယ်။ ဒါနဲ့ ကျွန်မက ဗုဒ္ဓဟူးနေ့မှာ ဒေါ က်တာနဲ့ အရေးပေါ် တွေ့ရအောင် ရက်ချိန်း ပေးလိုက်ပါတယ်။ သူက " ဆက်ဆက် လာတွ့်ပါ့မယ်" ပြောပြီး ဖုန်းပြန်ချသွားပါတယ်"

"တစ်ခု မေးပါရစေဦးရှင်၊ ဒေါက်တာဆလင်းက ဘယ်လို ဒေါက် တာပါလဲ။

တစ်ဖက်မှ အမျိုးသမီးက ဂုဏ်ယူဝင့်ကြွားသံဖြင့် - "ညောင် .. သူက နာမည်ကျော် သားဖွားနဲ့ မီးယပ် ပါရဂူပါရှင်" "ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ရှင်" ကကသလင်းက ဖုန်းပြန်ချလိုက်ပြီးနောက် တစ်ဖက်မှ အမျိုးသမီး ပြောပြချက်များကို အခန်းထဲမှ ပုဂ္ဂိုလ်များအား ပြန်လည် ပြောပြလိုက် သည် ။

"ဒီအတိုင်းဆိုရင် ..." စကော့က ပြောသည် ။

"သူ့မိန်းမက ဒေါက်တာ့ဆီ ဖုန်းဆက်တာကို ခရစ် သိတယ်။ သူက လည်း ဒေါက်တာနဲ့ စကားပြောချင်တယ် ဆိုပြီး ဖုန်းပြန်ဆက်တယ်။ ကျုပ်တော့ သိပ်မစောင့်နိုင်တော့ဘူး။ ဒီညမှာ သူ့ကို အမိဖမ်းပြီး တစ်ခု မကျန် မေးရမယ်"

တံခါးခေါက်သံနှင့်အတူ မော်ရိန်း ဝင်လာသည် ။ သူမသည် ကော်ဖီ၊ မုန့်ပန်းကန်များကို လင်ပန်းပေါ် တင်ပြီး ယူလာသည် ။ ထိုအခိုက် တယ်လီဖုန်းမြည်သံ ပေါ် လာသည် ။မော်ရိန်းက လင်ပန်းကို ချပြီး တယ်လီဖုန်းကို နားထောင်လိုက်သည်

"ဘော့စတွန်က ဆက်တာ မမ"

ကကသလင်းက တယ်လီဖုန်း လှမ်းယူလိုက်သည် ။ ထို့နောက် သူမ မည်သူမည်ဝါ ဖြစ်ကြောင်း ပြောပြလိုက်သည် ။ သူမသည် မက်ဆာချူး ဆက် တက္ကသိုလ် ဆေးကောလိပ်မှ ဌာနမှူးနှင့် အဆက်အသွယ် ရသည်

"ဒေါက်တာဖူဂီတိုဟာ ကျွန်တော်တို့ တက္ကသိုလ်က တတိယဆင့် ဂု ဏ်ထူးနဲ့ ဆေးပညာဘွဲ့ ရခဲ့ပါတယ်။ ဘွဲ့ရပြီးတော့ မက်ဆာချူးဆက် အ ထွေထွေဆေးရုံကြီးမှာ အလုပ်သင် ဆရာဝန်အဖြစ် ဝင်လုပ်ပါတယ်။ နောက်တော့ အဲဒီမှာ ပဲ လက်ထောက် ဆရာဝန်အဖြစ် အမှုထမ်းခဲ့ပါတ ယ်။ တစ်ဖက်ကလည်း ပြင်ပမှာ ကိုယ်ပိုင်ဆေးခန်း ဖွင့်ပြီး ကုသပါတယ် ။ သူဟာ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက် ကတည်းက မက်ဆာချူးဆက် ဆေးရုံက အလုပ် ထွက်သွားခဲ့ပါတယ်"

"ဘာဖြစ်လို့ ထွက်သွားတာပါလဲရှင်။ ဖြစ်နိုင်ရင် သိချင်တယ်။ အခု ကိစ္စက ရဲကိစ္စ ဖြစ်လို့ ပါ။ အတိအကျ သိဖို့ လိုအပ်လို့ ပါ။ သိရသမျှကို လျှို့ဝှက်ထားမှာ ပါ"

တစ်ဖက်မှ ခေတ္တ ငြိမ်နေသည် ။ ပြီးတော့မှ - "ဒေါက်တာဖူဂီတိုကို အလုပ်ကထုတ်ပစ်လိုက်တာပါ။ ဆရာဝန် မှ တ်ပုံတင်ကိုလည်း တစ်နှစ် ရပ်စဲထားခဲ့ပါတယ်။ သူ့ကို မှားယွင်းစွာ ကု သမှုအတွက် တရားစွဲခံရပါတယ်။ အဲဒီမှာ သူအမှုရှုံးတာကြောင့် အကျ င့်ပျက်မှုနဲ့ ထုတ်ပစ်လိုက်တာပါ" "အကျင့်ပျက်မှုဆိုတာက ဘယ်လို အမှုမျိုးပါလဲ" "လူနာဟောင်း အမျိုးသမီးတစ်ယောက်က

သူ့ကို တရားစွဲတာ ဖြစ်ပါတယ်။ အဲဒီအမျိုးသမီးက ဒေါက်တာ့ဆီမှာ စိတ်ဓာဂါ လာကုနေ တုန်း ဒေါက်တာက သူ့ကို အလိုမတူဘဲ အဓမ္မပြုကျင့်ပါတယ်လို့ တရား စွဲပါတယ်။ အမျိုးသမီးက မကြာမီက ယောက်ျားနဲ့ ကွာရှင်းထားတဲ့ အမျိုးသမီးပါ။ သူက အတော်ကလေး စိတ်သောက ရောက်နေပါတယ်။ ဒေါက်တာနဲ့ ဆက်ဆံခဲ့တဲ့ အတွက် သူ့မှာ ကလေးတစ်ယောက် မွေးခဲ့ပါတယ်။

"ဟုတ်ကဲ့၊ ဒီလောက်ဆိုရင် လုံလောက်ပါပြီရှင်၊ ကျေးဇူးတင်ပါတယ် ။

≈ အခန်း (၃၂)

"ကက်သလင်းနဲ့ ရစ်ချတ်တို့ ကတော့ ဘာကလေတို့ လင်မယားနဲ့ အတူ ညစာ လာစားရတာ သိပ်ပျော်ကြမှာ ပဲ။ ဂျင်ဘာကလေက သိပ် တော်တာ။ ရယ်စရာလည်း သိပ်ပြောတတ်တယ်။ ကြော်ငြာလုပ်ငန်းမှာ လုပ်တဲ့ လူတိုင်း လိုလို စကားတတ်ကြတာပဲနော်"

မော်လီက မီးဖိုခန်းထဲတွင် ဟင်းရွက်သင်ရင်း ပြောလိုက်သည် ။ "စကားတတ်မှာ ပေါ့။ အဲဒါက သူတို့ အလုပ်ပဲ။ ဒါပေမဲ့ အချို့ ကြော်ငြာသမားတွေ ကျတော့လည်း တစ်ခါကြားရရင် နောက်ထပ် ပြန် မကြားချင်လောက်အောင် ငြီးငွေ့စရာ ကောင်းတာပဲ"

ဘီလ်က ကော်ဖီသောက်နေရာမှ ထင်မြင်ချက် ပေးသည် ။ ကလေးတွေ ကျောင်းသွားကုန်ကြပြီမို့ သူတို့ လင်မယား နှစ်ယောက် အေးအေးလူလူ စကားပြောနေကြခြင်း ဖြစ်သည် ။ ဘီလ်သည် ယနေ့ည တွင် နယူးယောက်သို့ သွားရန် ရှိသည် ။ နယူးယောက်မြို့တွင် အမေရိ ကန် ဆရာဝန်များ အသင်း ညီလာခံကျင်းပရန် စီစဉ်နေကြသည် ။

"ဟုတ်တာပေါ့။ အဲသလို လူမျိုးတွေလည်း တစ်ပုံကြီးပေါ့။ ဒါနဲ့ လစ် ဇ်ဘာကလေကတော့ ဒီနေ့ညနေလာရင် တစ်ချီနှံလုံး သူ့သမီးလေးအကြောင်းချည်း ပြောမနေပါစေနဲ့ လို့ ဆုတောင်းရမှာ ပါပဲ ။ ဒါပေမဲ့ အခုတော့ အရင်လောက် မဆိုးတော့ပါဘူး။ အိမ်မှာ ညစာလာစားဖို့ အတွက် တစ်နေ့က သူ့ဆီ ကျွန်မ ဖုန်းဆက်တော့ သူ့သမီးကလေး မေရီအန်းအကြောင်း မိနစ် ၂၀ လောက်ပဲ ပြောဖြစ်တယ်။ သူ ကျွန်မနဲ့ စကားပြောနေတုန်း ကလေးက ထမင်းခွက်ကို မှောက်ပစ်လို့ တစ်ခန်း လုံး ပေကျံကုန်တော့တာပေါ့။ အဲဒါသာ ကြည့်တော့ သူ့အဖြစ်က ."

"မင်းလည်း ဒီအတိုင်းပဲပေါ့။ သားဦး၊ သမီးဦး ဆိုပြီး မိဘတိုင်း အဖြ စ်သည်းတတ်ကြတာပဲ"

"ညနေကျတော့ လစ်ဇ်က သူ့သမီးကလေး အကြောင်းပဲ တစ်ပြော တည်း ေပါနေတာတောင်မှ ကက်သလင်းနဲ့ ရစ်ချတ်တို့ အနေနဲ့ အနှော င့်အယှက်ေတာ့ ဖြစ်မယ် မထင်ပါဘူး။ တစ်နည်းအားဖြင့် အားတောင် ကျချင် ကျမိကြလိမ့်မယ် ထင်တယ်"

"သူတို့ ကိစ္စ မင်းအနေနဲ့ ဒီအတိုင်း ကြည့်နေလို့ မဖြစ်တော့ဘူး မော် လီ။ ဒီအတိုင်းနေရင် သူတို့ နှစ်ယောက် တဖြည်းဖြည်းနဲ့ တစ်နေ့ထက် တစ်နေ့ အဆ

ကံပြတ်သွားလိမ့်မယ်"

"အဲဒါ မဖြစ်နိုင်ပါဘူး။ သူတို့ နှစ်ယောက် ကြည့်ပုံကို ရှင် အကဲမခ တ်မိဘူးလား။ သူတို့ အခြေအနေက မီးခဲပြာဖုံး အခြေအနေမျိုးပါ။ ကြ ည့်ပါလား၊ မနေ့ညက ရစ်ချတ်က ကျွန်မဆီ ဖုန်းလှမ်းဆက်တယ်။ “က က်သလင်း ခင်ဗျားတို့ အိမ်မှာ ရှိသလား” တဲ့ ။ ပြီးတော့လည်း “ခုတစ်လော ခင်ဗျားညီမ ကြ ည့်ရတာ ကျွန်တော် အားမရဘူးဗျာ” တဲ့ ။ “သူ ဘာ ဖြစ်နေသလဲ မသိဘူး။ ခ င်ဗျားကို ဘာမှ မပြောဘူးလား” တဲ့ ။ သူ့လေသံ က တကယ့်စိုးရိမ်နေတဲ့ ေ လသံမျိုးရှင့်။ ရစ်ချတ်ဟာ ကက်သလင်းကို အရူးအမူး ဖြစ်နေတယ် ဆိုတာ ကျွန်မ အတပ်ပြောရဲပါတယ်။ ဒါပေမဲ့ သူက သိက္ခာထိန်းပြီး ဟန်လုပ်နေတ ယ်။ အမှန်က ကက်သလင်းကို သူ က လန့်နေတာပါ"

"ဒါနဲ့ ကက်သလင်း ဆေးရုံတက်မယ့်ကိစ္စ သူ့ကို မင်း ပြောလိုက် သေး သလား"

"မပြောပါဘူး။ တစ်နေ့မနက်က အဲဒီအကြောင်း ကျွန်မက ကက်သ လင်းကို မေးကြည့်တော့ သူက ကျွန်မကိုတောင် စိတ်ဆိုးသေးတယ်။ တ ကယ်ဆိုရင် ဒီကောင်မက သူ့ကို အမှန်အတိုင်း ပြောလိုက်ဖို့ ကောင်းတ ယ်။ ခုတော့ သူ့ခ မျာ ဘုမသိ ဘမသိနဲ့ ကျိတ်ပြီး စိုးရိမ်နေရှာတယ်။ ဒါ

တော့ ဒီကောင်မ မတရားဘူး"ဘီလ်က ထိုင်ရာမှ ထကာ လက်ဖက်ရည် ပန်း ကန်ကို ရေဆေးစင် ပေါ် သွားတင်ထားလိုက် သည် ။ "သူက တစ်သက်လုံး ေ ယာကျ်ားမယူဘဲတော့ မနေပါဘူး။ ဒါတော့ သေချာပေါက် တွက်လို့ ရပါတ ယ်။ အရှယ်က ရှိသေးတာပဲ။ ဒါပေမဲ့ သူ့ မှာ က ကြီးကျယ်တဲ့ ဝေဒနာနှစ်ရပ် ကို ရင်ဆိုင်မတတ် ခံစားခဲ့ရတယ်။ သူ အချစ်ဆုံး၊ အမြတ်နိုးဆုံး လူနှစ်ယောက် ဆုံးသွားတာကို အခုထက်ထိ

လို့ မပြေနိုင်သေးဘူး။ သူ ရှစ်နှစ်သမီးမှာ အဖေ ဆုံးသွားတယ်။ ၂၄ နှစ်သမီး မှာ ယောကျ်ားဆုံးတယ်။ ဒီအကြောင်း ပြောတော့ ငါက လေရူး သုန်သုန်' ဝ တ္ထုထဲက ဇာတ်သိမ်းခန်းမှာ ရက်ဘတ်တလာက စကားလ က်ကို ပြောတဲ့ စကား သွားပြီး သတိရမိတယ်။ ရက်ဘတ်တလာက ဘာပြောသလဲ ဆိုတော့ 'ပထမဆုံး ငါနှလုံးသားကို မင်းကို ပေးတယ်။ မင်းက ထုခွဲပစ်လိုက်တယ်။ ေ နာက် ဘဉ်နီကို ပေးတယ်။ သူက ထုခွဲပါ စ်လိုက်တယ်။ ဒါကြောင့် တတိယ အကြိမ်တော့ ငါ ဘယ်သူ့မှ မပေးရဲတော့ဘူး' ဆိုပြီး ပြောခဲ့တယ်။ အခု ကက် သလင်းရဲ့ ပြဿနာကလည်း အဲဒီအတိုင်းပဲ ဖြစ်နေပြီ။ ဒါပေမဲ့ တစ်နေ့ကျ ေ တာ့ သူ့ဟာသူ ပြေပျောက် သွားပါလိမ့်မယ်။ မင်းက သူ့အပေါ် မှာ ကြက်မ ကီးလို အစစအရာရာ သိပ်ပြီး ဂရုစိုက်နေတာတော့ မသင့်တော်ဘူးလို့ ထင်

တယ်။ ငါကတော့ သူ့ ကို ရစ်ချတ်နဲ့ အဆင်ပြေတာကို အမြင့်ချင်ဆုံးပဲ။ ရစ်ချတ်ဟာ သူ့အတွ က် လင်ကောင်းသားကောင်း တစ်ယောက် ဖြစ်နိုင်တယ်" " ဒါတော့ ကျွန်မလည်း ယုံကြည်ပါတယ်" ဘီလ်က မော်လီရှေ့မှ နံနံပင်တစ်ပင် ကို လှမ်းယူပြီးပါးစပ်တွင် တမြို့ မြို့ ကိုက်နေသည် ။ ပြီးတော့မှ သူက - "ငါ အကြံတစ်ခု ပေးချင်တယ်။ ကက်သလင်းက သူ ခွစ်တ်ကုသရမ ယ့် အကြောင်း ရစ်ချတ်ကို မပြောစေချင်ရင် မပြောပါနဲ့ ။ ပြောရင် သူ့အ ပေါ် မတရားရာ ရောက်လိမ့်မယ်။ တကယ်လို့ ရစ်ချတ်အနေနဲ့ ကက်သ လ အ ပေါ် တည်တည်တံ့တံ့ ဆက်ဆံတာ ဆိုရင်တော့ ကက်သလင်းကိုယ်တိုင် ဖွင့်ပြောသင့် ပြောရလိမ့်မယ်။ မင်းက အရေးကြီးတယ်။ သူတို့ နှစ်ယောက်ကို ပူးပေးရမယ်" "ဆွပေးရမယ်လို့ ပြောတာလား" "အဲဒီသဘောမျိုးလို့ ပေါ့။ မနက်ဖြန်ည က က်သလင်း ဆေးရုံသွား တော့ တို့လိုက်စရာ မလိုပါဘူး။ သူ့ဘာသာသူပဲ သွားပါစေ။ တစ်ယော က်တည်း အေးအေးဆေးဆေး အနားယူပြီး စဉ်းစားချိန် ရတာပေါ့။ တို့ က “အိုသယ်လို” ပြဇာတ် သွားကြည့်ကြမယ်။ စနေနေ့ မနက်ကျတော့မှ မင်း သွားကြည့်ပေါ့။ ။ "ဘယ့်နှယ် သူတစ်ယောက်တည်း ဆေးရုံသွားရမတဲ့လား" "တစ်ယောက်တည်း ဘာဖြစ်သလဲ။ သူက သူငယ်နှပ်စားမှ မဟုတ် တာဘဲ"

ထိုအခိုက် တယ်လီဖုန်း မြည်လာသည် ။ "ဘုရားရေ .. ကျောင်းက ဆရာမ ကလေးတွေ နေမကောင်း ဖြစ်နေ လို့ ဆိုပြီး ဆက်တာတော့ မဟုတ်ပါစေနဲ့ " ။

မော်လီက တယ်လီဖုန်း ကောက်ကိုင်ရင်း ပြောလိုက်သည် ။ ပြီးတော့မှ - "ဟယ်လို၊ သြော် .. ငါက ဘယ်သူပါလိမ့်မလဲလို့ ။ လက်စသတ်တော့ လစ်ဇ်ကိုး။ ဟေး .. လစ်ဇ်၊ ဒီည ညစာစားပွဲတော့ လာဖြစ်အောင် လာခဲ့ နော်။ ဆက်ဆက်နော်။ ဒါပဲ၊ မလာရင်တော့ "

တစ်ဖက်မှ လစ်ဇ်က လုပြောသဖြင့် ပြောလက်စ ဖြတ်ထားလိုက်ရ သည် ။ "အတော်ကလေး ကြာတော့မှ သူမက ဆက်ပြောသည် ။" "အောင်မယ်လေး .. လစ်ဇ်ရယ်၊ အရေးမကြီးပါဘူး၊ ရပါတယ်။ က လေးပါ ခေါ် လာခဲ့ပါ။ ဒါပေမဲ့ ခေါက်ပုခက်တော့ ယူလာဖို့ မမေ့နဲ့ သိ လား။ အပေါ် ထပ်က တို့ အခန်းမှာ သိပ်ထားရင် ဖြစ်ပါတယ်။ အို .. ကိစ္စ မရှိပါဘူး။ အားမနာပါနဲ့ ။ အားနာစရာ လူတွေမှ မဟုတ်ဘဲ။ သူ နိုးလာ ရင်လည်း အောက်ခေါ် ချပြီး တို့ နဲ့ အတူ နေပစေပေါ့။ ဟုတ်ပါတယ်။ အေးပါ၊ ည ခုနစ်နာရီနော်၊ ဆက်ဆက်နော်။ အေး .. ဒါပဲ .. ဘိုင်"

မော်လီက တယ်လီဖုန်း ပြန်ချလိုက်သည် ။ ပြီးတော့ ဘီလ်ဘက်သို့ လှည့်ပြီး ပြောသည် ။

"လစ်ဇီက သူတို့ ကလေးထိန်း မိန်းမ ဒီနေ့ မလာလို့ တဲ့ ။ တခြားလူ နဲ့ ထားပစ်ခဲ့ဖို့ ကလည်း စိတ်မချတာကြောင့် ကလေးပါ ခေါ် လာမလို့တဲ့ ။

"ကောင်းပါတယ်" ဘီလ်က မီးဖိုခန်းနံရံမှ နာရီကို ကြည့်လိုက်ပြီး - "ကဲ ဒါဖြင့် ကိုယ်သွားလိုက်ဦးမယ်၊ နောက်တောင်ကျနေပြီ" သူက မော်လီ၏ ပါးကို တစ်ချက် နမ်းလိုက်သည် ။ "မင်းညီမအတွက်လည်း သိပ်ပူမနေနဲ့ ဦး"

မော်လီက နှုတ်ခမ်းကိုက်လိုက်ပြီး - "ကျွန်မက မပူလို့ မဖြစ်ဘူး။ ကက်သလင်းကို ကျွန်မ စိတ်မချဘူး။ တစ်ခုခုများ ဖြစ် လာလေမလား ဆိုပြီး ကျွန်မစိတ်ထဲက အမြဲတမ်း စိုးရိ မ်နေမိတယ် ဘီလ်"

≈ အခန်း (၃၃)

ဒေါက်တာရစ်ချတ်ကရိုးသည် ရုံးခန်းသို့ ပြန်လာခဲ့ပြီးနောက် စားပွဲ တွင် မထိုင်သေးဘဲ ပြတင်းပေါက်တွင် ရပ်ကာ အပြင်သို့ လှမ်းကြည့်နေ သည် ။ ခပ်လှမ်းလှမ်းတွင် ခရိုင်ထောင်နှင့် တရားရုံးတို့ ကို မြင်နေရသ ည် ။ အပြင်ဘက်တွင် ဆီးနှင်းတွေ တော်တော်ကျနေသည် ။

ယနေ့ မွန်းလွဲ နှစ်နာရီခွဲတွင် ဗင်ကျီ၏ အလောင်းကို မင်နီယာပိုလစ်မြို့မှ နယူးအတ်ခ်မြို့သို့ လေယာဉ်ဖြင့် ပြန်လည် သယ် ယူလာမည်။ ည ၇ နာရီတွင် လေယာဉ်ကွင်းသို့ သွားကာ အလောင်းကို သယ်ယူပြီး ရင်ခွဲရုံသို့ ပို့ရမည်။ မနက်ဖြန် မနက်တွင် အလောင်းကို ပြန် လည် စစ်ဆေးရမည်။

ယခင် တွေ့ရှိပြီး အချက်အလက်များ ထက် ပို၍ အချက်အလက်သစ် များ ထပ်မံ တွေ့ရှိရလိမ့်မည်ဟု သူက မမျှော်လင့်။ အလောင်းပေါ် တွင် ဒဏ်ရာဒဏ်ချက်လည်း တစ်ခုမျှ မတွေ့ရ။ သို့သော် သူမ၏ ဘယ်ဘက် ခြေထောက်တွင် တော့ ထူးခြားချက်တစ်ခု တွေ့ရသည် ။

သူသည် ယင်းအတွေးကို ခေါင်းထဲမှ ဖယ်ထုတ်ပစ်လိုက်သည် ။ အ လောင်းကို ပြန်လည် မစစ်ဆေးမချင်း ဘယ်အချက်ကိုမှ ခိုင်ခိုင်မာမာ ပြောနိုင်မည် မဟုတ်။ ဗင်ကျီသည် မသေမီ ရက်ပိုင်းအတွင်းက အလွန် စိ တ်လှုပ်ရှားနေခဲ့တာကတော့ သိသာ ထင်ရှားလှသည် ။

ဒေါက်တာဖူခီတို၏ ပယောဂကြောင့် စိတ်ညစ်ပြီး ကိုယ့်ကိုယ်ကို သ တ်သေတာများ လား။ တကယ်လို့ ဗင်ကျီ၏ ကိုယ်ဝန်သည် ဒေါက်တာဖူ ဒီတို့ကြောင့် ရသော ကိုယ်ဝန်သာ ဖြစ်ခဲ့လျှင်တော့ သူ့အနေဖြင့် ဆရာဝ န်လုပ်ငန်းကို ရာသက်ပန် စွန့်လွှတ်ရမည်မှာ သေချာနေသည် ။

သို့သော် စဉ်းစားစရာ တစ်ချက်က ခရစ်လူးဝစ်မှာ အမျိုးသမီးမိတ် ဆွေ တစ်ယောက် ရှိနေခြင်းပင် ဖြစ်သည် ။ သည် အချက်သည် သူ့မိန်းမ ကို သတ်ပစ်နိုင်သော ခိုင်လုံသည့် အကြောင်းရင်း ဖြစ်သည် ။ သို့သော် ဒါကိုလည်း အပိုင်တော့ မပြောနိုင်သေး။

ရစ်ချတ်သည် ရုံးတွင်း တယ်လီဖုန်းကို ကောက်ကိုင်ပြီး အတွင်းရေး မှူး စာရေးမ မာဂျိအား သူ့ရုံးခန်းသို့ လာခဲ့ရန် ခေါ် လိုက်သည် ။

စကော့၏ ရုံးခန်းမှ သူ ပြန်ရောက်တော့ မာဂျီက နေ့လယ်စာစား ထွ က်သွား သည် ။

***

မာဂျီသည် လက်ထဲတွင် စာရွက်စကလေးတွေ တစ်ထပ်ကြီး ကိုင် ကာ ဝင်လာ သည် ။

"ဒါတွေက တယ်လီဖုန်း မက်ဆေ့ချ်တွေ။ အရေးကြီးတာတော့ ဘာမှ မပါပါ ဘူး။ ဩော် .. ဒါနဲ့ ဆရာ၊ မစ္စတာစကော့ရုံးသို့ သွားနေတုန်း ဒေါ် က်တာဆလ င်း ဆိုတဲ့ လူတစ်ယောက် ဖုန်းဆက်သေးတယ်။ သူက ဆ ရာ့နာမည်ကို မမေး ပါဘူး။ မှုခင်းဆရာဝန်နဲ့ စကားပြောချင်တယ် လော က်ပဲ ပြောတယ်။ ပြီးေ တာ့ ဗင်ဂျီလူးဝစ် အလောင်းကို ရင်ခွဲစစ်ဆေးပြီးပြီလား ဆိုပြီး မေးတယ်။ ကျွ နမ်မက ဆရာ့နာမည်ပြောပြပြီး ဆရာကိုယ်တိုင် စစ်ဆေးပြီးပြီလို့ ပြန်ပြောလို က်တယ်။ သူက နယူးယောက်ကို သွားစရာရှိလို့ ငါးနာရီလောက်ဆိုရင် အက် ဆက်ဟိုတ ယ်ကို ဆက်ရင် သူနဲ့ တွေ့နိုင်တယ်တဲ့ ။ သူ့ကြည့်ရတာ ဆရာနဲ့ ေ တာ် တော် တွေ့ချင်နေပုံရတယ်" "အေး ငါလည်း သူနဲ့ တွေ့ချင်တာပဲ" "ဒါနဲ့ ဝက်စ်လိတ်ခ်ဆေးရုံနဲ့ ပတ်သက်ပြီး အချက်အလက်တွေ ကျွန် မ ရထားပြီးပြီ ဆရာ။ ရှစ်နှစ်အတွင်းမှာ ကိုယ်ဝန်ဆောင် ဆယ့်ခြောက် ယောက် သေဆုံးခဲ့ တယ်။ တချို့က ကိုယ်ဝန်အဆိပ်တက်လို့ သေတာ" "ဆယ့်ခြောက်ယောက် ဟုတ်လား" "ဟုတ်ပါတယ်၊ ဆယ့်ခြောက်ယောက်ပါ။ ဒါပေမဲ့ တစ်ခုလုံး ခြုံ ကြ ည့်ရင်တော့ လုပ်ငန်းက သိပ်ပြီး အောင်မြင်တာကို တွေ့ရပါတယ်။ ဒေါ် က် တာဟိုက်ဂလေကိုလည်း ပြုံင်ဘက်ကင်းတဲ့ ဒေါက်တာဆိုပြီး သိပ်ပြီး အထင် ကီးကြတယ်။ တချို့ ဘယ်လိုမှ ရှင်းလမ်းမရှိတဲ့ ကိုယ်ဝန်တွေကို

တောင် အံ့သြရလောက်အောင် အောင်အောင်မြင်မြင်နဲ့ မွေးထုတ်ပေးနို င်ခဲ့ တယ်။ သေသွားတဲ့ မိန်းမတွေကလည်း တော်တော်ခက်ခဲတဲ့ ကိုယ်ဝ န်တွေ ဖစ်နေတယ်လို့ သိရပါတယ်။ တခြား ဆရာဝန်တွေတောင် လက် လွှတ်ရတဲ့ ကိုယ်ဝန်တွေလို့ ပြောတယ်"

"အဲဒီ သေသွားတဲ့ ကိုယ်ဝန်ဆောင်တွေနဲ့ ပတ်သက်ပြီး ငါ အသေးစိ တ် သိချ င်တယ်။ ဒါပေမဲ့ ဆေးရုံက မှတ်တမ်းတွေ တောင်းပေးပါလို့ စ

ကော့ကိုတော့ မပြောချင်ဘူး။ အဲဒီလိုလုပ်ရင် အားလုံး လူသိကုန်မယ်။ ငါက ဒီကိစ္စ လူမသိ သူမသိ ကျိတ်ပြီး လုပ်ချင်တယ်။ နောက် ဘာမျှား ကျန်သေး သလဲ" "ကျန်သေးတယ် ဆရာ။ အဲဒီ ရှစ်နှစ်အတွင်းမှာ ဒေါက်တာ ဟိုက်ဂ လေကို တရားစွဲမှု နှစ်မှု ပေါ် ပေါက်ခဲ့တယ်။ နှစ်မှုစလုံး လွှဲမှားကုသမှုချ ည်းပဲ။ ဒါပေမဲ့ နှစ်မှုစလုံး ပယ်ချခံခဲ့ရတယ်။ သူ့မိန်းမရဲ့ မောင်တစ်ဝမ်း ကွဲ တစ်ေ ယာက်ကလည်း တရားစွဲမလို့ လုပ်ခဲ့သေးတယ်။ သူက ဝင်နီဖ ရက်ဟာ နှ

လုံးရောဂါနဲ့ သေတာ မဟုတ်ဘူး ။ ဒေါက်တာဟိုက်ဂလေရဲ့ မသမာတဲ့ ပ
ယောဂတစ်ခုခုကြောင့် သေရတာလို့ ယူဆတယ်။ ဒါနဲ့ အစိုးရရှေ့နေရုံးက သ
က်ဆိုင်ရာ ဆရာဝန်ကို မေးကြည့်တော့ “အဲဒီလူ က အလကား လျှောက်ရမ်းဇ
နတာပါ” လို့ ဆရာဝန်က ပြန်ပြောသတဲ့ ။ ဝင်နီဖရက်က ဒေါက်တာဟိုက်ဂ
လကို လက်ထပ်လိုက်တော့ သူ့အတွ က် အမွေရလမ်း ပိတ်သွားလို့ အဲဒီမော
င်ဝမ်းကွဲတော်သူက ဒေါက်တာ ဟိုက်ဂလေကို အကြီးအကျယ် မကျေမနပ် ဖြ
စ်နေတယ်လို့ ပြောပါတ ယ်။ "ဝင်နီဖရက်ရဲ့ မိသားစုဒေါက်တာက ဘယ်သူ
လဲ" "ဒေါက်တာအလန်လီဗင်" "ဒီလူက ထိပ်တန်း ဆရာဝန်ပဲ၊ ငါ သူနဲ့ စ
ကားပြောဦးမယ်" "တရားစွဲတဲ့ လူတွေကို သိချင်သေးသလား" "သိချင်တာ
ပါ။ သူတို့ က ဘယ်သူတွေလဲ" "ဒီမှာ သူတို့ လိပ်စာ၊ ကျွန်မ မှတ်ထားတာ" မာ
ဂျီက စာရွက်တစ်ရွက် ကမ်းပေးသည် ။ ရစ်ချတ်က ရေးထားသော လိပ်စာ
များကို ဖတ်ကြည့်လိုက်သည် ။ “အန်ထော်နီကော်ခွဲ၊ အော်လ်ကန်းထရီးလ
မ်း၊ ပက်မြို့၊ နယူးဂျာစီ ပြည်နယ်” နှင့် “အန်နာဟိုရန်၊ ၄၁၅-ဝေါလ်နပ်လမ်း၊
ရိတ်ချ်ဖီးလ်ဖတ်ခ်မြို့၊ နယူးဂျာစီပြည်နယ်'။

"မင်း တော်တော် ပင်ပန်းခံထားတာပဲ။ ကျေးဇူးပဲ မာဂျီ၊ အခုဆိုရင် စကော့
တရားရုံးမှာ ရှိလိမ့်မယ်။ ရုံးပြန်ရောက်ရင် ငါ့ဆီ ဖုန်းဆက်ပါလို့ လှမ်းဆက်
ထားလိုက်ပါ။ ပြီးတော့ မာတ်ခွဲခန်းလည်း ဆက်လိုက်ပါဦး။ မနက်ဖြန် မနက်
မှာ ဗင်ဂျီရဲ့ အဝတ်အစားတွေ ငါ လိုချင်တယ်လို့ ပြော လိုက်"

မာဂျီ ရုံးခန်းထဲမှ ပြန်ထွက်သွားသည် ။ ရစ်ချတ်က စားပွဲပေါ်မှ အ လုပ်တွေ
ကို ဆက်လုပ်သည် ။ ညနေ ၄ နာရီကျော်ကျော်တွင် စကော့က တယ်လီဖုန်း
ဆက်သည် ။

ဒေါက်တာ ဟိုက်ဂလေအား တရားစွဲခဲ့သူများအား တွေ့ဆုံမေးမြ န်းလို
ကာင်း ရစ်ချတ်က ပြောပြသည် ။ သို့သော် သူက များ စွာ စိတ်ဝ င်စားပုံမရ။

"ဒီခေတ်မှာ လွဲမှားကုသမှုနဲ့ တရားစွဲမခံရတဲ့ ဒေါက်တာ နည်းပါတ ယ်ဗျာ။ ဇ
တာပျော် ဆရာဝန်ကြီး ဒေါက်တာရွိုက်ဇာ အခုထိ ရှိနေသေးရ င် သူလည်း
တစ်နေ့မဟုတ် တစ်နေ့ တရားစွဲခံရမှာ ပဲ။ ဒါပေမဲ့ ခင်ဗျား

ကောင်းတယ် ထင်ရင် လုပ်သာလုပ်ပါ။ ခင်ဗျားဆန္ဒရှိရင် ဆေးရုံမှတ်တ မ်းဇ
တွေ တောင်းပေး ဆိုလည်း တောင်းပေးပါ့မယ်။ လိုချင်တဲ့ အခါ ပြော

သာ ပြောပါ။ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေ့ အသေအပျောက်များ တဲ့ အချ
က်ကိုတော့ ကျွပ်လည်း စိတ်ဝင်စားမိတယ်။ ဒါပေမဲ့ ဒါကိုလည်း သူတို့ က
အကြောင်းတော့ ပြနိုင်မှာ ပဲ။ မွေးဖွားရ ခက်တဲ့ ကိုယ်ဝန်ဆိုပြီး အကြောင်းဇ
တော့ ပြဦးမှာ ပဲ။ ။ကျွပ် ပိုပြီး စိတ်ဝင်စားတဲ့ အချက်ကတော့ အဲဒီ ဒေါက်တာ

ဆလင်း ဆိုတဲ့ ပုဂ္ဂိုလ်ပြောမယ့် စကားပဲ။ ခင်ဗျား သူနဲ့ ဆက်ပြီး စကားပြော
က ညှဉ်ပါ။ ပြီးရင် ကျုပ်ကို ပြောပြပါ။ ကျုပ်က လုပ်သင့်တာတွေကို ဆက်လုပ်
သွားမယ်။ နောက်တစ်ချက်က ကပွတိန်လူးဝစ် ကိစ္စကိုလည်း အမြဲ နှဆုံး ရှင်း
မှ ဖြစ်လိမ့်မယ်။ တနလ်ာနေ့ ညက သူ့လုပ်ရပ်တွေဟာ သံသ ယဝင်စရာ ရှိ
တယ်ဆိုတာ ကျုပ်တို့ သိတယ်။ အင်္ဂါနေ့ညမှာ အက်ဒနာ ဘန်းက သူ့ဆီ ဖုန်း
ဆက်တာကိုလည်း သိရတယ်။ အဲဒီနောက်ပိုင်းမှာ သူဟာ တစ်ယောက်တည်း
ဖြစ်နေတယ်။ သွားချင်တာ သွားလို့ ရတယ်။ သူဟာ အက်ဒနာဘန်းဆီ သွား
ချင်လည်း သွားမယ်။ သူ့ကားရုံထဲမှာ သံ ထည်လက်နက် ကိရိယာမျိုးစုံ ရှိတ
ယ်လို့ ချာလီက ပြောတယ်။ သူ့ကို တယ်လီဖုန်းဆက်ခိုန်မှာ အက်ဒနာဟာ ဇ
တ်တော်ကလေး မူးနေပြီ။ အိမ်နီးချင်း မိန်းမက အဲဒီလိုပဲ ပြောတယ်။ ။ ဒီဇ
တ့် သူဟာ အက်ဒနာဆီ ကားမောင်းသွားပြီး အခန်းထဲ တိတ်တိ တ်ကလေး
ဝင်၊ အက်ဒနာ မူးနေချိန်မှာ နောက်က ရိုက်ထည့်လိုက်တာ လည်း ဖြစ်ချင် ဖြ
စ်နိုင်တယ်။ ကျုပ်တော့ ဒီအတိုင်းပဲ တွေးမိတာပဲ။ ဒီ နေ့ည သူ့ကို လေယာဉ်
ကွင်းက ခေါ်လာပြီး အပြတ်မေးရမှာ ပဲ" "ရှေ့နေကြီး ပြောတာလည်း မှန်နိုင်
ပါတယ်။ ဒါပေမဲ့ ကျွန်တော်က တော့ တရားစွဲတဲ့ လူတွေကိုလည်း စုံစမ်းကြ
ည့်ချင်သေးတယ်"

***

ဒေါက်တာအလန်လီဗင် ရုံးဆင်းခါနီးကလေးတွင် ရစ်ချတ်က ဖုန်းနှ င့် အဆ
က်အသွယ် ရသည် ။

"ဒေါက်တာ .. အဲဒီမှာ အရက်သောက်ပြီး စောင့်နေပါ။ ကျွန်တော် ဆယ့်ငါးမိ
နစ်အတွင်း ရောက်လာမယ်"

ဟု ရစ်ချတ်က ပြောလိုက်သည် ။ သူတို့ ချိန်းသော နေရာမှာ ပတ်ခ်ဝုဒ်ကလပ်
ဖြစ်သည် ။ လူသူ အ ရောက်အပေါက်နည်းပြီး အေးဆေးသော နေရာလည်း ြ
ဖစ်သည် ။ ထို့ကြောင့် ကိုယ်ပြောချင်သည့် စကားကို စိတ်ချလက်ချ ပြောနိုင်
သည် ။ အလန်လီဗင်မှာ အသက် ၅၅ နှစ် ရှိပြီ။ ရုပ်ရှင်မင်းသားကြီး ဂျင်မီစ
တီးဝ ပ်နှင့် ရုပ်ချင်းဆင်သည် ။ ထို့ကြောင့်လည်း လူနာအမျိုးသမီးကြီးများ
က သူ့ကို စွဲမက်နေကြခြင်း ဖြစ်သည် ။

ရစ်ချတ်က ရောက်ရောက်ချင်းပင် နိဒါန်းချီမနေတော့ဘဲ လိုရင်းအ ချက်ကို
တိုက်ရိုက် မေးတော့သည် ။

"ဝက်စ်လိတ်ခ်ဆေးရုံနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ စိတ်ဝင်စားတာ ကတော့
အကြောင်းတွေ အများကြီး ရှိပါတယ်။ လောလောဆယ် သိချင် တာက ဝင်နီ
ဖရက်နဲ့ ပတ်သက်တဲ့ ကိစ္စပါ။ ဝင်နီဖရက်ကို ဒေါက်တာ ကုသခဲ့တယ်လို့ သိရ

တယ်။ သူဆုံးသွားတော့ သူ့မောင်ဝမ်းကွဲက မကျေနပ်လို့ တရားစွဲဖို့ လုပ်သေးတယ်။ သူက ဝင်နီဖရက်ဟာ နှလုံးရောဂါကြောင့် သေတာ မဟုတ်ဘူး လို့ ယူဆတယ်။ ဒါနဲ့ ပတ်သက်လို့ ဒေါက်တာ့အနေနဲ့ ဘယ်လို ထင်မြင်ပါသလဲ"

ဒေါက်တာလီဗင်က မာတီနီ အရက်ချို ကို တစ်ကျိုက် စုပ်လိုက်သည်

ပြီးတော့ နှုတ်ခမ်းကို လျှာနှင့် လျက်လိုက်သည် ။ "ဒီမေးခွန်းကို ကျုပ်က နှစ်မျိုး ဖြေလို့ ရတယ်" သူက တဖြည်းဖြည်းချင်း ပြောသည် ။ "ပထမအချက်က ဟုတ်ပါတယ်။ ဝင်နီဖရက်ကို ကျုပ် ကုသခဲ့တယ်။

သူ့မှာ တော်တော်ကြာ ကြာကတည်းက အစာအိမ်ပြည့်တည်နာ ဖြစ်ချင် တဲ့ လက္ခဏာတွေ ရှိနေခဲ့တယ်။ ဒါပေမဲ့ ဓာတ်မှန်ရိုက်ကြည့်တော့လည်း မတွေ့ရဘူး။ အစာအိမ်ထဲက မကြာခဏ နာတတ်တာနဲ့ ကျုပ်က ဓာတ် မှန် အကြိမ်ကြိမ် ရိုက်ကြည့်ပေမယ့် ဘာရောဂါလက္ခဏာမှ မတွေ့ရဘူး။ ဒါနဲ့ ကျုပ်က သင့်တော်တဲ့ အစာကျွေးပြီး ကုတာ အမျှားကြီး သက်သာ သွားတယ်။ စိုးရိမ်ရတဲ့ အဆင့် မရှိတော့ဘူး။ နောက်ပိုင်း ဟိုက်ဂလေနဲ့ အိမ်ထောင်မကျခင် တစ်နှစ်လောက်က အစာအိမ်နဲ့ အူရောင်ရောဂါ ဖြစ်တယ်။ နှလုံးရောဂါမျှား ဖြစ်ချင်သလား ဆိုပြီး စစ်ဆေးကြည့်တော့ ကာဒီယိုဂရမ်မှာ လည်း ဘာမှ မတွေ့ရဘူး"

"ဒါဖြင့် ဒေါက်တာ ဆိုလိုတာက သူ့အနေနှင့် နှလုံးရောဂါ ရှိချင်လ ည်း ရှိနိုင်တယ်။ မရှိချင်လည်း မရှိနိုင်ဘူးလို့ ဆိုလိုပါသလား"

"ကျုပ်ကတော့ ရှိတယ်လို့ မထင်ဘူး။ အကြိမ်ကြိမ် စစ်ဆေးကြည့် ပေမယ့် ရောဂါလက္ခဏာ ဘာမှ ကို မတွေ့ရဘူး။ ဒါပေမဲ့ သူ့အမေက တော့ ၅၈ နှစ်မှာ နှလုံးရောဂါနဲ့ သေသွားခဲ့တယ်။ ဝင်နီဖရက်က သေ တော့ ၅၂ နှစ် ရှိပြီ။ သူက ဟိုက်ဂလေထက် ဆယ်နှစ်လောက် ကြီးတယ် ။ သူတို့ အိမ်ထောင်ကျပြီးကတည်းက ကျုပ်ဆီ ခဏ ခဏ ရောက်လာတ တ်တယ်။ ရင်ဘတ်ထဲက နာနာနေတယ်လို့ ပြောတယ်။ စစ်ဆေးကြည့်

တော့လည်း ဘာမှ ထူးခြားချက် မတွေ့ရဘူး။ ဒါကြောင့် ကျုပ်က ဆေးနဲ့ မကုဘဲ ဓာတ်စာနဲ့ ပဲ ကုခဲ့ရတယ်"

"အဲဒီနောက်ပိုင်းတော့ အကြီးအကျယ် ဖြစ် လာပြီး သေဆုံးသွားတ ယ် ဆိုပါတော့"

ဒေါက်တာလီဗင်က ခေါင်းညိတ်သည် ။ "တစ်ညနေ ထမင်းစားနေတုန်း ရောဂါဖောက်လာတာပဲ။ ဟိုက်ဂလေက ကျုပ်ဆီ ဖုန်းဆက်ပြီး အမြန်လာဖို့ ခေါ်

တယ်။ ဝင်နီဖရက်ဟာ ထမင်းစားနေရင်း ကုလားထိုင်ပေါ်က ခွေကျသွားတ
ယ်လို့ ပြောတယ်" "သူ သေသွားတဲ့ အချိန်မှာ ဒေါက်တာ ရှိနေသလား"

"ဟုတ်တယ်၊ ကျုပ် ရှိနေတယ်။ ဟိုက်ဂလေက တတ်သမျှ မတ်သမျှ နဲ့ အစွမ်း
ကုန် ကြိုးစားပြီး ဆေးတွေ့ ထိုးခဲ့သေးတယ်။ ဒါပေမဲ့ နောက် ကျသွားပြီ။ မိန
စ်ပိုင်းအတွင်းမှာ ပဲ အသက်ထွက်သွားတယ်"

"အဲဒီတော့ သူဟာ နှလုံးရောဂါကြောင့် သေတာလို့ ဒေါက်တာက ယူဆပါ
သလား"

ဒေါက်တာလီဗင်က ခေတ္တမျှ တုံ့ဆိုင်းနေပြီးမှ - "သူက နှစ်နဲ့ ချီပြီး ရင်ဘတ်
နာနေခဲ့တယ်။ နှလုံးရောဂါ လက္ခဏာ ကတော့ ကာဒီယိုဂရမ်မှာ ဘာမှ မပေါ်
ဘူး။ မသေခင် နှစ်နှစ်လောက်က သွေးတိုးရောဂါ ပေါ်လာပြန်တယ်။ ဟုတ်
ပါတယ်၊ အဲဒီတုန်းကတော့ ကျုပ်က အဲဒီအတိုင်းပဲ ယူဆခဲ့တယ်" "အဲဒီတုန်း
က ဆိုတာက ..." "အဲဒါက ဒီလိုပါ။ ဝင်နီဖရက်ရဲ့ မောင်ဝမ်းကွဲ ဂလင်းနစ်ကာ
ဆင်က သူ့အစ်မ သေတာ ရိုးရိုးသေတာ မဟုတ်ဘူး လို့ ပြောခဲ့ဖူးတယ်။ အဲဒါ
လှန်ခဲ့တဲ့ သုံးနှစ်လောက်က ပြောခဲ့တာ။ အဲဒီကတည်းက ကျုပ်လည်း စိ တ်
ထဲမှာ မရှင်းမရှင်းနဲ့ တော်တော်ကလေး မကြည်မလင် ဖြစ်ခဲ့ရတယ်။ အဲဒီတု
န်းက ဂလင်းက ကျုပ်ရုံးခန်းထဲ ဝင် လာပြီး ကျုပ်ကို ဆေးမှတ်တ မ်း အမှားဂ
ရေးသွင်းမှုနဲ့ စွပ်စွဲတော့ ကျုပ်က သူ့ကို မောင်းထုတ်လိုက်တ ယ်။ သူက သူ
အမွေမရနိုင်တော့ တဲ့ အတွက် ဟိုက်ဂလေအပေါ်မှာ အခဲ မကျေ ဖြစ်နေတာ
ဆိုပြီး ကျုပ်က ယူဆခဲ့တယ်။

ဒါပေမဲ့ တကယ်တော့ ဂလင်းက လူကောင်းပါ။ ဘာသာတရားလည်း အင်မ
တန် ကိုင်းရှိုင်းတယ်။ မြို့နယ်ကောင်စီမှာ ဆိုရင်လည်း တက်ကြွတဲ့ အမှုဆော
င် တစ်ယောက်။ အမွေမရတာနဲ့ ကွဲမြိုးတိုပြီး ထင်ရာ လျှောက်ရမယ့် လူစား
မျိုးတော့ မဟုတ်ပါဘူး။ ဝ င်နီဖရက်က အမွေတွေအားလုံး ဟိုက်ဂလေကို
ပုံပေးပစ်ခဲ့တယ်။ ဒီမိန်း မကလည်း ဟိုက်ဂလေကိုပဲ တမ်းတမ်းစွဲ ဖြစ်နေတာ
ပဲ။ ဘာကြောင့်မျှား ဒီလောက် စွဲသလဲ ဆိုတာ ကျုပ်ဖြင့် စဉ်းစားလို့ တောင် မ
ရပါဘူး" "သူ့ကို ဒေါက်တာ မကြိုက်ဘူး ထင်တယ်" ဒေါက်တာလီဗင်က အရ
က်ခွက်ကို အကုန် မော့ချလိုက်သည် ။ "ဟုတ်တယ်၊ ကျုပ်က သူ့ကို လုံးဝ မ
ကိုက်ဘူး။ ဒါနဲ့ "နယူးစ်မိတ် ကား" ထဲက ဆောင်းပါး ခင်ဗျား ဖတ်ပြီး
ပီလား။ ဒီနေ့ပဲ ထွက်တယ်။ အဲ ဒီထဲမှာ ဟိုက်ဂလေကို ဘုရားငယ် တစ်ဆူဂ
လာက် ချီးကျူးခန်း ဖွင့်ထား တယ်။ ဒါပေမဲ့ သူ့ပညာရပ်မှာ တော့ စံတင်ရဂ
လာက်အောင် တော်တဲ့လူပါ"

"ကိုယ့်မိန်းမကိုယ် ဓာတ်ဆေးတွေ ကျွေးပြီး နှလုံးရောဂါနဲ့ သေပါတ ယ်လို့ ပြော ပါနိုင်အောင် လုပ်တဲ့ နေရာမှာ တော်တာလား"

ဒေါက်တာလီဗင်က ရစ်ချတ်မျက်နှာကို တည့်တည့်ကြီး ကြည့်လိုက် သည် ။

"ဟုတ်တယ်၊ ကျုပ်က ရင်ခွဲစစ်ဆေးကြည့်ရင် ကောင်းမယ်လို့ တော င် ခဏ ခဏ စိတ်ကူးပေါ် ခဲ့သေးတယ်"

ရစ်ချတ်က စားသောက်ခစားရင်း လှမ်းတောင်းလိုက်သည် ။ "အမျှားကြီး ေ ကျးဇူးတင်ပါတယ် ဒေါက်တာ၊ ဒေါက်တာ ပြောပြတာတွေ ကျွန်တော်တို့ အ တွက် အလွန် တန်ဖိုးရှိပါတယ်"

ဒေါက်တာလီဗင်က ပခုံးတစ်ချက် တွန့်လိုက်ပြီး - "ကျုပ်တော့ ဘာမှ မသိ ဘူး။ ဒါတွေ သိရတော့ကော ခင်ဗျားအတွက် ဘာအသုံးဝင်မှာ တဲ့ လဲ"

"လက်ငင်းအကျိုးကတော့ ကျွန်တော် တခြားလူတွေနဲ့ တွေ့ဆုံဆွေး နွေးတဲ့ အခါ ဘက်စုံ ဆက်စပ်ပြီး စဉ်းစားနိုင်တာပေါ့။ နောက်ပိုင်းတော့ ဘယ်လို အသုံးဝင်လာမယ် ဆိုတာ မပြောတတ်သေးဘူး" ထို့နောက် ကလပ်တံခါးဝမှ ထွက်လာကြပြီး လူချင်း ခွဲလိုက်ကြသည် ။

ရစ်ချတ်က အက်ဗီအိတ်ထဲမှ ပိုက်ဆံအကြွေ နှိုက်ယူလိုက်ပြီး အမျှား

ပြော တယ်လီဖုန်း ရှိရာသို့ လျှောက်လာခဲ့သည် ။ သူက နယူးယောက်မှ အက် ဆက်ဟိုတယ် ဖုန်းနံပါတ်ကို လှည့်လိုက်သည် ။ "ဒေါက်တာ အင်မက်ဆလင်း နဲ့ ပြောပါရစေ" တစ်ဖက်မှ တယ်လီဖုန်းမြည်သံ ကြားရသည် ။ သုံးကြိမ်၊ ေ လးကြိမ်၊ ငါးကြိမ်၊ ခြောက်ကြိမ်။ သို့သော် တယ်လီဖုန်း ကို မည်သူမျှ မကိုင်။

တယ်လီဖုန်း အော်ပရေတာက ဖြတ်ပြောသည် ။ "ဝမ်းနည်းပါတယ်ရှင်၊ ဒေါ က်တာဆလင်း အခန်းထဲက တယ်လီဖုန်း မကိုင်ပါဘူး"

"ဒါနဲ့ ဒေါက်တာဆလင်း အဲဒီမှာ တည်းနေတာတော့ သေချာပါတ ယ်နော်"

"ဟုတ်ကဲ့၊ သေချာပါတယ်ရှင်။ သူ့ဆီ အရေးကြီးတဲ့ တယ်လီဖုန်း လာစရာရှိ တယ်လို့ တောင် ကျွန်မကို ပြောထားပါသေးတယ်။ ဟုတ်ကဲ့၊ အဲဒါ မိနစ်နှစ် ဆယ်လောက် ရှိသွားပါပြီရှင်။ သူ မေ့သွားလို့ လား။ ဒါမှ မဟုတ် စိတ်ပြောင်း သွားသလား မသိပါဘူး။ ဘာဖြစ်လို့ လဲဆိုရင် သူ့အ ခန်းထဲမှာ တယ်လီဖုန်း ြ မည်နေတာ လုံးဝ မကိုင်ပါဘူးရှင်"

*****

≈ အခန်း (၃၄)

ကက်သလင်းသည် စကော့၏ ရုံးခန်းမှ ပြန်ရောက်လာသောအခါ အ တွင်းေ
ရးမှူး စာရေးမကလေး ရီတာအား ရုံးခန်းထဲသို့ ခေါ် လိုက်ပြီး ရုံး တင်ရန်ရှိေ
သာ အမှုတွဲများကို နှစ်ယောက်သား စစ်ဆေးပြင်ဆင်ကြသည် ။

"ဩော် .. ဒါနဲ့ ရီတာ၊ ဒီနေ့ မော်ရိန်း ကြည့်ရတာ တစ်ခုခုကို မကျေမ နပ် ဖြစ်ေ
နသလိုပဲ။ အကြောင်းတစ်ခုခုတော့ ရှိမယ်ထင်တယ်။ သူ့ရည်း စားနဲ့ ကဲတာ
အခုထိ ခံစားနေရတုန်းပဲလား" ရီတာက ခေါင်းခါလိုက်ပြီး - "ရည်းစားနဲ့ ကွဲ
လို့ မဟုတ်ပါဘူး မမ။ နောင်တရလို့ ခံစားနေရတာပါ။ သူတို့ နှစ်ယောက် ကွဲ
ပီးမှ သူ့မှာ ကိုယ်ဝန်ရှိနေတာ သိရတယ်။ ဒါနဲ့ သူက ဖျက်ချပစ်လိုက်တယ်။
အဲဒီအတွက် သူ ယူကျုံးမ ရဖြစ်ပြီး ခံစားနေရတာပါ။ အဲဒီကလေးအကြောင်း
ကို အိပ်မက် ခဏခါ ဏ မက်တယ်လို့ သူက ကျွန်မကို ပြောဖူးတယ်"ကက်သ
လင်းသည် လည်း ဂျွန် ရှိနေစဉ်တုန်းက ကလေးလိုချင်စိတ် အလွန် ပြင်းပြခဲ့
သည် ။ ဂျွန် သေဆုံးသွားတော့ ကလေး မကျန်ရစ်တာ သူမအဖို့ ကံကောင်း
သည် ဟု လူတွေက ပြောသောအခါ သူမ အလွန်ဒေါသ ဖြစ်ခဲ့ရသည် ။

"အင်း .. လောကကြီးဟာ သိပ်ပြီး ကမောက်ကမ နိုင်တာပဲနော်။ က လေးလို
ချင်တဲ့ လူက ကလေးမရနိုင်၊ မလိုချင်တဲ့ လူကျတော့လည်း မွေး လိုက်တာမှ
တစ်ပြု့ တစ်ခေါင်းကြီး။ အခုလို သိရတာ ကျေးဇူးတင်ပါတ ယ် ရီတာ" ရီတာ
က ဖိုင်တွဲတွေ့ ပိုက်ပြီး အခန်းထဲမှ ပြန်ထွက်သွားသည် ။

ကက်သလင်းက ကုလားထိုင်တွင် နောက်မှီ ထိုင်ချလိုက်ပြီး ဘာလု ပ်ရမလဲ
ဟု စဉ်းစားနေသည် ။ ရုတ်တရက် စိတ်ကူးပေါ် လာသဖြင့် မစ္စ က်ကရပ်ပရ
က်ထံသို့ တယ်လီဖုန်း ကောက်ဆက်သည် ။ မစ္စတာကရပ်ပရက်က တယ်လီ
ဖုန်း လာကိုင်သည် ။ "သူ အိမ်မှာ မရှိဘူး၊ အပြင်ထွက်သွားတယ်၊ ငါးနာရီေ
လာက်မှ ပြန် ရောက်မယ်" ကက်သလင်းက နာရီကို လှမ်းကြည့်လိုက်သည် ။
လေးနာရီ ခွဲပြီ။ "ကျွန်မ အလုပ်ကအပြန် သူနဲ့ ခဏဝင်တွေ့ခွင့်ပါတယ်။ စ
ကားပြော စရာ နည်းနည်းရှိလို့ ပါ။ သူ ရောက်လာရင် ကျေးဇူးပြုပြီး ပြောပြ
ပါရှင်။ ကျွန်မ မကြာခင် ရောက်လာမှာ ပါ" "ခင်ဗျား ကြိုက်သလို လုပ်ပါ"
သူက ခပ်ပြတ်ပြတ် ပြန်ပြောသည် ။ ပြီးတော့ - "ဒါနဲ့ အက်ဒနာ တိုက်ခန်းက
ဘာဖြစ်နေတာလဲဗျ။ ဒီလိုပဲ တစ်သက် လုံး သော့ပိတ်ထား တော့မှာ လား"
"အဲဒီအခန်းက လောလောဆယ်တော့ ဒီအတိုင်းပဲ ပိတ်ထားရဦးမှာပဲ။ သူ့ကို
စွဲအားလုံး ရှင်းသွားပြီးတော့မှ သင့်သလို ကြည့်လုပ်ရမှာ ပေါ့။

သူမကလည်း ခပ်မာမာပင် ပြန်ပြောလိုက်ပြီးနောက် တယ်လီဖုန်း ပြန်ချလိုက်သည် ။ ထို့နောက် အမှုတွဲအချို့ကို ထည့်ကာ အပေါ်အက်ျီကို ယူပြီး ရုံးခန်းထဲမှ ထွက်လာခဲ့သည် ။

ပထမ မစ္စက်ကရပ်ပရက်နှင့် ဝင်တွေ့မည်။ ပြီးတော့ အိမ်ပြန်ပြီး ရေ မိုးချိုး၊ အဝတ်အစား လဲမည်။ မော်လီတို့ အိမ်တွင် သည် ည ကြာကြာ

နေ၍ မဖြစ်။ မနက်ဖြန် ဆေးရုံတက်ခဲ့ရမည် ဆိုတော့ သည် ည အိပ်ရေး ဝေအာင် အိပ်လိုက်မှ ဖြစ်မည်။ ဆေးရုံတွင် သူမ အိပ်၍ မရ။

ကိုယ့်အကြောင်း ကိုယ်အသိဆုံး။

***

"ကိစ္စကတော့ တခြားမဟုတ်ပါဘူး မစ္စက်ကရပ်ပရက်။ မစ္စအက်ဒ နာနဲ့ ပတ်သက်လို့ မေးစရာ မြန်းစရာလေး နည်းနည်းရှိလို့ ပါ။ မနေ့ည က မစ္စက်ကရပ်ပရက်က တော်တော်ကလေး စိတ်လှုပ်ရှားနေလို့ ပြည့်ပြည့်စုံစုံ မမေးခဲ့နိုင်ဘူးမဟုတ်လား။ အဲဒီတော့ အခု ကျွန်မ မေး တာတွေကို ကျေးဇူးပြုပြီး သိသလောက် ပြည့်ပြည့်စုံစုံ ပြောပြစေချင်ပါ တယ်။

အဲဒီညက မစ္စက်ကရပ်ပရက်ဟာ မစ္စအက်ဒနာနဲ့ ဘယ်လောက် ကြာကြာ နေခဲ့သလဲ။ ဘာတွေ ပြောကြသလဲ။ မစ္စအက်ဒနာက ကပ္ပတိန် လူးဝစ်ဆီ ဖုန်းဆက်တဲ့ အခါ သူတို့ နှစ်ယောက် နောက်ထပ် ချိန်းဆိုတာ မျှား ကြားလိုက်ရပါသလား"

မစ္စက်ကရပ်ပရက်က ကုလားထိုင်တွင် နောက်မှီထိုင်လိုက်ပြီး ကက် သလင်း၏ မျက်နှာကို စေ့စေ့ကြည့်နေသည် ။ မျက်လုံးမျှားကို မှေ့ထားပြီး နှုတ်ခမ်းကိုလည်း ကိုက်လိုက်သည် ။ "က် ဒီတော့ ဘယ်လို ပြောရမလဲ။ အဲ အဲဒီညက ရှစ်နာရီလောက်မှာ သူ့ဆီ ကျွန်မ ရောက်သွားတယ်" "ဟုတ်ကဲ့" "အဲဒီအချိန်မှာ သူ အရက်သောက်နေတယ်။ မင်ဟက်တန် အရက် တ စ် က မ္ဘာ တစ်ဝက်ပဲ ကျန်တော့တယ်။ အတော်ကလေး အရှိန်ရနေပြီ" "သူက ဘာတွေ ပြောသွားသေးသလဲ" "သူက သေသွားတဲ့ မိန်းကလေးအကြောင်း ပြောတယ်။ သိပ်ပြီး ချစ်တဲ့ မိန်းကလေးတဲ့ ။ အဲဒီမိန်းကလေးဟာ တော်တော်စိတ်မချမ်းမသာ ဖြစ်တဲ့ အကြောင်း၊ အဲဒီမိန်းကလေးနဲ့ ပတ်သက်ပြီး သူက ရဲကို ပြောပြနိုင်တာတွေ အများကြီး ရှိကြောင်းတွေကို ပြောတယ်" "ဟုတ်ကဲ့၊ ပြီးတော့ .." "ပြီးတော့ ကျွန်မလည်း အရက်နှစ်ခွက် သောက်ပြီး ပြန်လာခဲ့တယ်။ အဲ မပြန်ခင် မီးဖိုထဲ ဝင်သွားပြီး သူ စားဖို့ စားစရာတွေ ပြင်ပေးခဲ့သေး တယ်။ ဘာမှ မ

စားဘဲ အရက်ချည်း သောက်နေရင် မနက်ကျတော့ အ လုပ်မသွားနိုင်မှာ စိုး လို့ ပါ။

"အဲဒီတော့ မစ္စက်ကရပ်ပရှက် မီးဖိုထဲ ဝင်သွားချိန်မှာ သူက ကပွတိ နှ် လူးဝစ် ဆီ ဖုန်းဆက်တယ် ဆိုပါတော့"

"ဟုတ်ပါတယ်"

"နောက်ဆုံး တစ်ခု မေးပါရစေဦး မစ္စက်ကရပ်ပရှက်ရယ်။ မစ္စအက် ဒနာဟာ သူ့အမေ အဝတ်အစားတွေကိုမျှား အမှတ်တရ သိမ်းဆည်း ထားတတ်ပါ သလား။ တွေ့မျှား တွေ့မိသလားလို့ မေးကြည့်တာပါ။

"သူ့အမေ အဝတ်အစား ဟုတ်လား။ အဲဒါတော့ မတွေ့မိပါဘူး။ ဒါ ပေမဲ့ သူ့မှာ စိန်လက်စွပ်နဲ့ ရင်ထိုးတစ်ခုတော့ ရှိတယ်။ သိပ်လှတာပဲ" "ဩော် .. ဟုတ်ကဲ့၊ ဟုတ်ကဲ့။ အဲဒါတွေတော့ မနေ့ညက ကျွန်မတို့ တွေ့ပါတယ်။ သူ့စားပွဲ အံဆွဲထဲမှာ ဖိနပ်ဟောင်း တစ်ဖက်လည်း တွေ့ရ ပါတယ်။ အဲဒီဖိနပ် မစ္စက်က ရပ်ပရှက်ကို သူ ပြဖူးသလား"

မစ္စက်ကရပ်ပရှက်က ကက်သလင်း မျက်နှာကို စေ့စေ့ကြည့်ပြီး - "ဟင့်အင်း လုံးဝ မပြဖူးပါဘူး၊ ပြောလည်း မပြောဖူးပါဘူး"

*****

≈ အခန်း (၃၅)

ကြာသပတေးနေ့ နံနက်တွင် “နယူးစ်မိတ်ကား” မဂ္ဂဇင်း ထွက်လာ သည် ။ ဝက်စ်လိတ်ခ် သားဖွားဆေးရုံနှင့် ဒေါက်တာဟိုက်ဂလေ အကြောင်း ဆောင်းပါးမှာ နာရီပိုင်းအတွင်း လူတိုင်း ပါးစပ်သို့ ရောက် သွားသည် ။ ဒေါက်တာ ဟိုက်ဂလေသည် မစ္စက်အောလ်ဒရစ်၏ ခက်ခဲ

သော ကိုယ်ဝန်ကို အောင်မြင်စွာ မွေးဖွားပေးခဲ့ပြီးနောက် သူ့ရုံးခန်းသို့ ပြန် လာခဲ့သည် ။ တယ်လီဖုန်းခေါ် သံတွေ့ ဆက်တိုက် ပေါ် ထွက်လာသည် ။ သူ့အကြောင်း၊ သူ့ဆေးရုံ အကြောင်းနှင့် ပတ်သက်၍ ပြည်သူတို့ ၏ ထင်မြင် ချက်များကို သူ အလွန်သိချင်၊ ကြားချင်နေသည် ။ ကြားရသည် များမှာ သူ ထင်တာထက် အားရစရာ ကောင်းလှသည် ။

"ဒေါက်တာ၊ ဒေါက်တာနဲ့ အမြန်ဆုံး တွေ့ချင်ပါတယ်။ ဘယ်နေ့ တွေ့နိုင်ပါမ လဲ။ ကျွန်မခင်ဗျန်းနဲ့ ကျွန်မတို့ ကလေးသိပ်ပြီး လိုချင်နေကြပါတယ် ဒေါက် တာ။ ကျွန်မတို့ ကို ကူညီပါ ဒေါက်တာ။ ဒေါက်တာ ချိန်းတဲ့ နေ့မှာ ကျွန်မတို့ ဆက်ဆက်လာခဲ့ပါ့မယ်" ဒါက ရပ်ဝေးမှ အမျိုးသမီး တစ်ယောက်က ဆက် တာ။

နောက် ဒတ်မောက်ဆေးကျောင်းမှ ဆက်သည် ။ "သူတို့ ဆေးကျောင်းတွင် ဖာပြောပွဲ လုပ်ချင်၍ ဒေါက်တာ ဘယ်နေ့လောက် ကြွရောက် ချီးမြှင့်နိုင်ပါမ လဲ" တဲ့ ။ ပြီးလျှင် .. “အမျိုးသမီး သီရိဂေဟာဂျာနယ်” မှ ပင်တိုင် ဆောင်း ပါးရှင် တစ် ယောက်က ဆောင်းပါးရေးရန် တွေ့ဆုံဆွေးနွေး ပါရစေဟု မေ တ္တာရပ်ခံ သည် ။

“မျက်မြင်ကိုယ်တွေ့ သတင်းကဏ္ဍ” အတွက် ဒေါက်တာဟိုက်ဂလေ နှင့် ဒေါ် က်တာဖူဂီတို့တို့ နှစ်ဦးစလုံးအား တယ်လီဗေးရှင်း ကုမ္ပဏီတစ်ခု က ရုပ်မြင် သံကြား ရိုက်ကူးလိုပါသည် ဟု စကားကမ်းလှမ်းလာသည် ။

သည် အချက်ကြောင့် သူ့အဖို့ အတော်ကလေးပင် ကသိကအောက် ဖြစ်သွား သည် ။ “နယူးစ်မိတ်ကား” မဂ္ဂဇင်းမှ သတင်းထောက် လာရော က်တွေ့ဆုံစဉ် က ဝက်စ်လိတ်ခ် ဆေးရုံတစ်ခုလုံးကို မိမိတစ်ဦးတည်းက သာ ကြီးကြပ်အုပ် ချုပ်နေကြောင်း၊ သို့သော် စိတ်ရောဂါကု ဆရာဝန်များ ၏ အကူအညီကိုလ ည်း လိုအပ်သည့်အခါ ယူရကြောင်း၊ ယင်းသို့ ယူရခြင်းမှာ ဥပဒေ ပညာရှင်တ စ်ယောက်သည် မိမိ ကိုင်ရသော အမှုအတွက် အခြား ဥပဒေပညာရှင်များ ၏

အကြံဉာဏ် ကိုလည်း ယူသင့်လျှင် ယူရ သည့် သဘောပင် ဖြစ်ကြောင်း သူက ဂရုတစိုက် ပြောပြခဲ့သည် ။

သို့သော် သတင်းထောက်က လူနာများ နှင့် တွေ့ဆုံသောအခါ ဒေါ် က်တာဖူဂီတို၏ အကြောင်းကိုပါ အသေးစိတ် စုံစမ်းသွားပြီး ဒေါက်တာ ဖူဂီတိုအား ဝက်စ်လိတ်ခ် ဆေးရုံတွင် ဒေါက်တာဟိုက်ဂလေနှင့်အတူ အ စကတည်းက ပူးတွဲ လုပ်ကိုင်လာသူအဖြစ် အသားပေး၍ ဖော်ပြထားသ ည် ကို တွေ့ရသည် ။

ယခုကဲ့သို့ လူသိရှင်ကြား ဖြစ်မည်ကို ဒေါက်တာဖူဂီတို အနေဖြင့် အကြောက်ဆုံး ဖြစ်သည် ။ ထို့ကြောင့်လည်း သူ့အား ဒေါက်တာဟိုက်ဂလေက တမင်ရွေးချယ် ခန့်ထားခဲ့ခြင်း ဖြစ်သည် ။ သည် ဆေးရုံ၏ လုပ် ရပ်များ နှင့် ပတ်သက်၍ တစ်စုံတစ်ရာ သံသယဖြစ်စရာ တွေ့ရှိလာသ ည့် တိုင်အောင် ဒေါက်တာဖူဂီတိုအနေဖြင့် လုံးဝ နှုတ်ပိတ်နေရမည်သာ ဖြစ်သည် ။

ဝက်စ်လိတ်ခ်ဆေးရုံ သိက္ခာကျရန် အကြောင်းတစ်ခုခုအတွက် ဒေါ် က်တာဖူမီတိုမှာ ဘာမျှ ဝင်ရောက် စွက်ဖက်ပိုင်ခွင့် မရှိ။ အကယ်၍ ဝင် ရောက် စွက်ဖက်လျှင်လည်း သူ့အနေဖြင့် ကိုယ့်သေတ္တင်း ကိုယ်တူးသ လို ဖြစ်ပေလိမ့်မည်။

ယခုအခါ ဒေါက်တာဖူဂီတိုသည် သူ့လုပ်ငန်းအတွက် အဟန့်အတား တစ်ရပ် ဖြစ် လာလေပြီ။ သို့သော် သူ့အား ပထုတ်ရန်မှာ လွယ်ကူသော အလုပ်တစ်ခုသာ ဖြစ်သည် ။ ယခုအခါ သူသည် ဆေးရုံ တာဝန်များ အပြင် ဗယ်လီပိန်း ဆေးခန်းတွင် လည်း စေတနာဆရာဝန်အဖြစ် သွား ရောက် ကုသနေသည် ။ လခစား အမှုထမ်းပင် ဖြစ်ကောင်း ဖြစ်လိမ့်မ

သူ့ကို ဆက်ထား၍ မဖြစ်တော့။ ပထုတ်ပစ်ရတော့မည်။

ယင်းသို့ ဆုံးဖြတ်ချက် ချလိုက်ပြီးနောက် အသင့်စောင့်နေသော လူ နာများကို ခေါ် လိုက်သည် ။ စုစုပေါင်း အမျိုးသမီး သုံးယောက်၊ နောက် ဆုံး အမျိုးသမီးကို သူ စိတ်ဝင်စားဆုံး ဖြစ်သည် ။

သူမ၏ သားအိမ်အနေအထားသည် တစ်သက်လုံး ကိုယ်ဝန်ဆောင်နို င်မည့် အနေအထားတွင် မရှိ။ ခွဲစိတ်ကုသရမည့် အနေအထားမျိုး ဖြစ် သည် ။ သည် အချက်သည် သူ့အတွက် ကံကောင်းသည် ။

သူမကိုလည်း တစ်နေ့တွင် ဗင်ကျီလူးဝစ် ပုံစံမျိုးပင် မလွဲမသွေ ဖန် တီးရမည် ြ ဖစ်သည် ။

***

နေ့လယ်စာ သွားစားရန် ရုံးခန်းထဲမှ ထွက်လာခိုက် အပြင်မှ တယ် လီဖုန်း လာသည် ။

ည့်ခန်းစားပွဲတွင် တာဝန်ကျ ညသူနာပြု ဆရာမက တယ်လီဖုန်း ကို လှမ်းေ ပးရင်း -

"အဝေးပြော တယ်လီဖုန်းပဲ ဒေါက်တာ။ မင်နီယာပိုလစ်မြို့က ဒေါ က်တာ အ င်မက်ဆလင်းတဲ့ ။ သူ အခု လေဆိပ်က ဆက်နေတာ။ ဒေါက် တာနဲ့ စကားြေ ပါချင်လို့ တဲ့ " သူက တယ်လီဖုန်း လှမ်းယူလိုက်သည် ။ "အက်ဂါ ဟိုက်ဂလေ ပါ" "ဒေါက်တာ ဟိုက်ဂလေလား။ ဒီဗွန်က ခရိုက်စ်ဆေးရုံမှာ လုပ်ခဲ့တဲ့ ဒေါက် တာ ဟိုက်ဂလေလား" "ဟုတ်ပါတယ်" သူ့အသံက ဟန်ဆောင်၍ မရအောင် တုန်နေသည် ။ "ဒီလိုပါ ဒေါက်တာဟိုက်ဂလေ။ မစ္စက်ဗင်ဂျီလူးဝစ်ဟာ ကျုပ် ရဲ့ လူ နာဟောင်းပါ။ အဲဒါ သူမသေခင်က ခင်ဗျားဆီမှာ ကုသခံခဲ့ကြောင်း ကျုပ် မနေ့က သိရတယ်။ ကျုပ်က အခု နယူးယောက်ကို သွားမယ့်ဆဲ ဆဲ ေ လဆိပ်က လှမ်းဆက်လိုက်တာ။ ကျုပ် နယူးယောက်ရောက် တော့ 'အင်ဆ က်' ဟိုတယ်မှာ တည်းမယ်။ ကျုပ်ပြောချင်တာက မစ္စက်

လူးဝစ် သေဆုံးတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး နယူးဂျာစီက မှူခင်းဆရာဝန်နဲ့ ကျုပ် တို့ တွေ့ဆုံဆွေးနွေးဖို့ စီစဉ်ထားတယ်။ မစ္စက်လူးဝစ်နဲ့ ပတ်သ က်တဲ့ ဆေးမှ တ်တမ်းတွေလည်း ကျုပ်နဲ့ အတူပါလာတယ်။ ကျုပ် အမှ နအတိုင်း ပြောရရ င် ခင်ဗျားအပေါ် မှာ စွဲချက်မတင်ခင် သူ့ကိစ္စကို ကျ ပ်တို့ က ပြတ်ပြတ်သား သား လေ့လာချင်လို့ ပါပဲ" "ဒေါက်တာ၊ ဒေါက်တာ ပြောပုံ မဟုတ်သေးပါ ဘူး" သူက အသံမာမာနှင့် ပြန်ပြောလိုက်သည် ။ "ကျုပ်လေယာဉ် ထွက်တော့ မယ်ဗျ။ ကျုပ် "အက်ဆက်' ဟိုတယ်အခါ နး ၃၂၁၉ ကို ငါးနာရီမထိုးခင် ရော က်မယ်။ ခင်ဗျား အဲဒီကို ဆက်နိုင်တယ်။

တစ်ဖက်မှ တယ်လီဖုန်း ချသွားသည် ။

***

ဒေါက်တာအင်မက်ဆလင်း အင်္ဂါးကားပေါ်မှ ဆင်းလာသည် ကို သူ က ဟိုတ ယ်ထဲမှ စောင့်ကြည့်နေသည် ။

ဓာတ်လှေကားထဲ ကမန်းကတန်း ပြေးဝင်ပြီး ၃၂ ထပ်သို့ တက်လာ ခဲ့သည် ။ အခန်းနံပါတ် ၃၂၁၉ ရှေ့ ဖြတ်လျှောက် လာပြီး လက်ယာဘ က်သို့ ကွေ့လို က်သည် ။ တခြား ဓာတ်လှေကားတစ်ခု ရပ်သွားသံနှင့် တံ ခါးဖွင့်သံ ကြားလို က်ရသည် ။ သူက အခန်းထောင့်နား အသာပြေးကပ်ပြီး ကွယ်နေလိုက်သည် ။

"ဒီအခန်းပဲ ဒေါက်တာ" ထို့နောက် လူနှစ်ယောက် အခန်းထဲ ဝင်သွားကြသည် ။ ခဏအကြာတွင် “ကျေးဇူးတင်ပါတယ် ဒေါက်တာ” ဟူသော အသံနှင့်အတူ ဟိုတယ် အလုပ်သမား ပြန်ထွက် လာပြီး ဓာတ်လှေကား ဆင်း အလာကို ရပ်စောင့်နေသည် ။

စကြံခန်းများ တွင် လူသွားလူလာ ပြတ်ပြီး တိတ်ဆိတ်နေကြသည် ။ သို့သော် ကြာကြာတော့ တိတ်ဆိတ်နေမည် မဟုတ်။ သည် ဟိုတယ်တ င် ဆရာဝန်များ အသင်း ညီလာခံတက်ရန် လာရောက်ကြသော ကိုယ် စားလှယ်များ တည်းခိုနေကြလေသည် ။ ထို့ကြောင့် သည် နေရာတွင် သည် အခွင့်အရေးကို မရအရ ယူရတော့မည်။ ဒေါက်တာဆလင်းကို တ စ်သက်လုံး နှုတ်ပိတ်သွားအောင် လုပ်ရတော့မည်။

ဓာတ်လှေကား ရပ်သံ ကြားရသည် ။ ဟိုတယ် အလုပ်သမား ပြန်ဆင်းသွားသည် ။

သူက လက်ဆွဲအိတ်ကို အလျင်အမြန် ဖွင့်ပြီး စက္ကူဖြ ဖန်လုံးကို ထု တ်ယူလိုက်သည် ။ အင်း .. လောကကြီးက တော်တော်တော့ ဆန်းကြယ် သား။ လူ့အသက်ကို ကယ်တင်နေသော ဆရာဝန်ကြီးက ယခုတော့ လူ့ အသက်ကို ပြန်သတ်ရတော့မည်။

စက္ကူဖြ ဖန်လုံးကို ကုတ်အင်္ကျီထဲ ထည့်လိုက်သည် ။ လက်နှစ်ဖက် တွင် လက်အိတ်စွပ်သည် ။ ထို့နောက် လက်ဆွဲအိတ်ကို ဘယ်လက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး အခန်းတံခါးကို ခေါက်လိုက်သည် ။ ဒေါက်တာဆလင်းက အတွင်းဘက်မှ တံခါးရွက်ကို ဆွဲဖွင့်လိုက်သည် ။

သူသည် အပေါ် ဂျက်ကက်အင်္ကျီကို ချွတ်ပြီးခါစ ရှိသေးသည် ။

"ဘာမှေကျန်ရစ်လို့ လဲ" သူက ဟိုတယ်လုပ်သား ပြန်လာသည် အထင်ဖြင့် မေးလိုက်သည် ။ "အိုး ... ဒေါက်တာဆလင်း"

သူက လက်ကမ်းရင်း ရှေ့သို့ တိုးဝင်သွားရာ ဒေါက်တာဆလင်းက အခန်းတွင်းသို့ နောက်ပြန်ဆုတ်သွားသည် ။ သူ့နောက်တွင် အခန်းတံခါး ကျိန်းခန် ပြန်ပိတ်သွားသည် ။

"ဒေါက်တာ ဒေါက်တာဟိုက်ဂလေပါ။ ဒေါက်တာနဲ့ ပြန်တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျား။ ကျွန်တော်က ပြန်ပြောမလို့ လုပ်နေတုန်း ဒေါ် က်တာ ဖုန်းချသွားတာကိုး။ ညီလာခံ လာတက်တဲ့ မိတ်ဆွေဟောင်းတွေ နဲ့ ဒီညနေ ညစာစားမလို့ ချိန်းထားတာ သိပ်တော့ အချိန်ရမှာ မဟုတ် ဘူး ။ ဒီတော့ ရှင်း စရာရှိတာ ခပ်မြန်မြန်လေး ရှင်းလိုက်ကြရအောင်"

သူက စကားပြောရင်း ရှေ့သို့ တိုးလာသည် ။ ဒေါက်တာဆလင်းက နောက်ဆုတ် နောက်ဆုတ် ဖြစ်နေသည် ။ ဒေါက်တာဆလင်း၏ နောက် တည့်တည့်မှ အခန်းပြတင်းမှာ ပွင့်နေသည် ။ ဟိုတယ် အလုပ်သမားကို သူက ဖွင့်ခိုင်းတာ ဖစ်သည် ။ အခန်းက အလွန်ပူအိုက်သည် ။ ပြတင်း ပေါက် ကလည်း နိမ့်နိမ့်လေး။

သူက မျက်လုံးကို မှေးပြီး ကြည့်ရင်း ပြောသည် ။ "ကျွန်တော် ဒေါက်တာ့ဆီ ဖုန်းဆက်သေးတယ်။ ဒါပေမဲ့ ဆရာ့လိုင်း ခဲ့က လုံးဝ ဆက်လို့ မရဘူး" "မဖြစ်နိုင်ဘူး၊ ကျုပ် ခုနကပဲ အော်ပရေတာကို ပြောပြခဲ့သေးတာပဲ"

သူ့မျက်နှာသည် သက််မကင်းသည့် အသွင်ကို ရုတ်ခြည်း ပြောင်းလဲ သွားသည် ။

"ဒီလိုဆိုရင်လည်း ကျွန်တော် တောင်းပန်ပါတယ် ဒေါက်တာ။ ဒါပေ မဲ့ ဒါက ပဿနာ မဟုတ်ပါဘူး။ အရေးကြီးတာက ဗင်ဂျီလူးဝစ်ရဲ့ ဆေး မှတ်တမ်း ကို စွပါ။ အဲဒါကို ဒေါက်တာနဲ့ ကျွန်တော်တို့ မြန်မြန်ကလေး လုပ်လိုက်ကြရအောင်။ ဒီမှာ ကျွန်တော့် လက်ဆွဲအိတ်ထဲ ပါလာတယ်" သူက ဖန်လုံးကို အင်္ကျီအိတ်ထဲ နှိုက်စမ်းလိုက်ပြီး - "ဟာ .. ဒေါက်တာ၊ ဟိုမှာ နောက်မှာ .. နောက်မှာ ..။ ဒေါက်တာဆလင်းက ကိုယ်ကို နောက်သို့ ဆတ်ခနဲ လှည့်လိုက်သည် ။

သူက ဖန်လုံးကို လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ဒေါ က်တာဆလင်း၏ နောက်စေ့ တည့်တည့်ကို တအား ထုရိုက်လိုက်သည် ။ ဒေါက်တာဆလင်းသည် ပြတင်းပေါင်ပေါ် သို့ ဟပ်ထိုးလဲကျသွားသည်

ဖန်လုံးကို အင်္ကျီအိတ်ထဲသို့ ပြန်ထည့်လိုက်ပြီးနောက် ဒေါက်တာဆ လင်း၏ ခြေထောက်နှစ်ဖက်ကို စုကိုင်ကာ အပြင်သို့ တွန်းချလိုက်သည်

"အိုး .. အိုး.. မ .. မလုပ် .."

ဒေါက်တာဆလင်းမှာ စကားပင် ဆုံးအောင် မပြောနိုင်ခဲ့တော့ဘဲ ပြ တင်းပေါက်မှ အောက်သို့ ထိုးကျသွားလေတော့သည် ။ ပြတင်းပေါက် နား သို့ ကမန်းကတန်း ပြေးသွားပြီး အောက်ဘက်သို့ လှမ်းကြည့်လိုက် သည် ။

ဒေါက်တာဆလင်းကား ၁၅ ထပ်မှ ဆောင်ကပ် ခေါင်မိုးပေါ် တွင် စန့် စန့်ကြီး ဖစ်နေလေပြီ။

တစ်ယောက်ယောက်များ မြင်သွားပြီလား။ လုပ်စရာရှိတာ မြန်မြန်လုပ်မှ ဖြစ်မည်။

ဒေါက်တာဆလင်း၏ အပေါ်ဂျာကင် အင်္ကျီမှာ ခုတင်ပေါ်တွင် ရှိနေ သည် ။

အင်္ကျီအိတ်ထဲမှ သော့တွဲကို နှိုက်ယူလိုက်သည် ။ အသေးဆုံးသော သော့ဖြင့် လက်ဆွဲသေတ္တာကို ဖွင့်သည် ။ ဗင်ဂျီလူး ဝစ်၏ ဆေးမှတ်တမ်းကို ယူပြီး သူ့လက်ဆွဲအိတ်ထဲသို့ ပြောင်းထည့်သ ည် ။ ဒေါက်တာဆလင်း၏ သေတ္တာကို ပြန်ပိတ်သည် ။ သော့တွဲကို အင်္ကျီအိတ်ထဲ ပြန်ထည့်ထားလိုက်သည် ။သူတော်တော် ကံကောင်းသည် ။ ဒဏ်ရာမှာ သွေးတစ်စက်မျှ မထွ က် ။ ။ ဒဏ်ရာက နောက်စေ့ထဲ ချိုင့်ဝင်သွားတာကြောင့် ဖြစ်မည်။

လက်ဆွဲအိတ်ကို ပြန်ပိတ်ပြီး အခန်းထဲသို့ မျက်လုံးကစား ကြည့်လို က်သည် ။ တစ်ခန်းလုံး ခြေရာလက်ရာ မပျက် ရှိနေသည် ။ ပြတင်းပေါ် ငတွင် လည်း ေသွးစသွေးန လုံးဝ မရှိချေ။ အဖြစ်အပျက်က လျင်မြန်လှ သည် ။ နှစ်မိနစ်အ တွင်း ကိစ္စအားလုံး ပြီးသွားသည် ။

အခန်းတူခါးကို သတိနှင့် ဖွင့်ပြီး အပြင်သို့ ကြည့်လိုက်သည် ။ စပြီ တွင် လူ သွားလူလာ တစ်ယောက်မျှ မရှိ။ အခန်းထဲမှ လှမ်းထွက်လိုက် သည် ။ တံခါးရွက် ပြန်ပိတ်ပြီးသောအခါ အခန်းထဲမှ တယ်လီဖုန်းမြည် သံ ကြားရသ ည် ။ တစ်ယောက်ယောက်က ဒေါက်တာဆလင်းထံ ဆက် တာ ဖြစ်မည်။ လူ မင်ခံ၍ မဖြစ်။ “နယူးစ်မိတ်ကား” မဂ္ဂဇင်းမှ သူ့ဓာတ်ပုံကိုလူတိုင်း မှတ်မိနိုင် သည် ။ စကြံ့ အစ့ဉ်ဆုံးတွင် မီးအန္တရာယ် အရေးပေါ် ထွက် လှေကားရှိသည် ။ ယင်းလှေကားမှ လှေကား လေးထစ် ဆင်းပြီး ၂၈ ထပ်သို့ လာခဲ့သည် ။

အဆင်သင့်ပင် ဓာတ်လှေကား ထိုးရပ်သည် ။ ဓာတ်လှေကားထဲ က မန်းကတန်း ဝင်လိုက်သည် ။ သူ့ဘေးမှ လူတွေကို မသိမသာ အကဲခတ် ကြည့်လိုက်သ ည် ။ အဘိုးကြီး လင်မယား နှစ်ယောက်၊ လူရွယ် လင်မ ယားနှစ်ယောက်နှင့် အမျိုးသမီးများ ။ သူ့အသိ တစ်ယောက်မျှ မပါ။ ရင် အေးသွားသည် ။

ဧည့်ခန်းမှ ဖြတ်ပြီး ၅၈ လမ်း ထွက်ပေါက်မှ ထွက်လာခဲ့သည် ။ အ နောက်ဘက် လျှောက် လာပြီး တောင်ဘက် ပြန်လျှောက်သည် ။ ဆယ်မိ နှစ်လောက် ေလျှာက် လာပြီးနောက် အနောက် ၅၄ လမ်းပေါ် ရှိ ကားရပ် ထားရာနေရာသို့ ေရာက်လာသည် ။

လက်ဆွဲအိတ်ကို ကားနောက်ခန်းထဲ ပစ်ထည့်လိုက်သည် ။ ထို့နောက် အရှိန်နှင့် မောင်းထွက်လာခဲ့သည် ။

≈ အခန်း (၃၆)

ကပ္ပတိန် ခရစ်လူးဝစ်သည် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် 'တွင် စီး တီးစ်" လေ ဆိပ်သို့ ဆိုက်ရောက်သည် ။ လေယာဉ်သည် နောက်တစ်နာ ရီတွင် မှ နယူးအ တ်ခ်မြို့သို့ ထွက်ခွာမည် ဖြစ်သည် ။ ဗင်ဂျီ၏ အလောင်းကိုလည်း ယင်းလေ ယာဉ်ဖြင့်ပင် တင်ဆောင်သွားမည် ဖြစ်သ ည် ။

ယနေ့ည နယူးအတ်ခ်တွင် လေယာဉ်ဆိုက်လျှင် ဗင်ဂျီ၏ အလောင်း ကို သယ် ယူရန် မှူခင်းဆရာဝန်နှင့် သူ့လူများ စောင့်နေကြလိမ့်မည်။ ပြီး

တော့ အစိုးရ ရှေ့နေကြီးကလည်း ခရစ်အလာကို စောင့်နေလိမ့်မည်။ သူ့ကို မေးခွန်းများ ထုတ်ကြလိမ့်မည်။ ဖမ်းချင်လည်း ဖမ်းကြလိမ့်မည်။ သည် အ တာအတွင်း ဒေါက်တာဆလင်းနှင့် သွားတွေ့မှ ဖြစ်မည်။ သူ့ ကိုဖမ်းလျှင် ဒေါ က်တာဆလင်းနှင့် စကားပြောခွင့် ရတော့မည် မဟုတ်။ သို့သော် ဒေါက်တာ ဆလင်း အကြောင်းကိုတော့ အစိုးရရှေ့နေကြီးကို ပြော၍ မဖြစ်။

မော်လီနှင့် ဘီလ်ကနေဒီတို့ လင်မယားကို သွား၍ သတိရမိသည် ။ သူတို့ ကို ပြောပြလျှင် ဖြစ်ပါ့မလား။ မဖြစ်နိုင်စရာ မရှိ။ သူတို့ လင်မ ယားက ရိုးသား သည် ။ စိတ်ကောင်းရှိသည် ။ ပြီးတော့ ကျွန်းကိုလည်း ပြောပြရမည်။

သူသည် တယ်လီဖုန်းရုံးသို့ သွားပြီး နံပါတ်ကို လှည့်လိုက်သည် ။ဂျွန်းနှင့် အတူ အခန်းပေါင်းနေသော လေယာဉ်မယ်လေး ကေးကော် ရီဂျန်က တယ် လီဖုန်း လာကိုင်သည် ။ "ကေး .. ဂျွန်း ရှိသလား၊ ငါ ခရစ်ပါ။ "ဩော် ... ခရစ် ယား၊ ဂျွန်းတောင် ရှင့်ဆီ ဖုန်းဆက်မလို့ ပြောသေးတ ယ်။ နယူးယောက်က တီနာဆီက လှမ်းဆက်တယ်။ အစိုးရရှေ့နေရုံးက ရှင်တို့ နှစ်ယောက်ကို မေး မန်းစရာ ရှိလို့ တဲ့ ။ အဲဒါ ဂျွန်းခမျာ အတော် ကလေး စိတ်ညစ်နေရှာတယ်။ အခု သူ မရှိဘူး။ မီယာမီက ကုမ္မဏီရုံးခွဲ ကို သွားတယ်" "ဘယ်တော့ ပြန်ရော က်မလဲ" "ဒီည ရှစ်နာရီမှ ရောက်မယ်" "သူ့ကို ပြောပြလိုက်ပါ။ ပြန်ရောက်ရင် ငါ ဖုန်းပြန်ဆက်ဦးမယ်။ သူ့ ကို ငါ စကားပြောစရာ ရှိတယ်လို့ ပြောလိုက်ပါ"

သူက တယ်လီဖုန်းကို ပြန်ချလိုက်ပြီး နေရာတွင် မတ်မတ်ကြီး ရပ်ပြီး ဘာလုပ် ရမှန်း မသိ ဖြစ်နေမိသည် ။ နောက် နာရီပိုင်းအတွင်းတွ င် သူ အဖမ်းခံ ရ တော့မည်။ ဗင်ဂျီအား သတ်မှုဖြင့် သူ့ကို ဖမ်းကြတော့မ ည်။ သူ အဖို့ တခြားန ည်းလမ်း မရှိတော့။ လာဂါဒီးယားသို့ လေယာဉ်ပြောင်းစီးမှ ဖြစ်တော့မည်။ အချိန်ရှိသေးသည် ။ ယင်းကမှ မ ငဟက်တန်သို့ သွားမည်။ ။ဟိုတယ်သို့ ဒေါ

ကံတာဆလင်း ရောက်ချိန်နှင့် မရှေးမနှောင်းတွင် သူလည်း ရောက်သွားမည်။ ဒေါက်တာနှင့် တွေ့လျှင် သူ့အတွက် တစ်ခန ည်းနည်းဖြင့် အကျိုးရှိနိုင်သည် ။

သို့ဖြင့် သူသည် လာဂျဒီယား လေယာဉ်ပေါ်သို့ တက်လာခဲ့သည် ။ သူ့ပစ္စည်းတွေအတွက် ပူစရာမလို။ နယူးအတ်စ်ခ်ရောက်မှ ပြန်ရွေးယူ တော့မည်။ လေယာဉ်ပေါ်တွင် သူက အရက်တစ်ခွက် သောက်သည် ။ ပြီးတော့ " နယူးစ်မိတ်ကား" မဂ္ဂဇင်းကို ဟိုလှန်ဒီလှန် ကြည့်လာခဲ့သည် ။ သိပ်မနှင့် ဆေးပညာကဏ္ဍ ရောက်တော့ ခေါင်းစဉ်တစ်ခုကို သွားပြီး အာရုံစိုက်မိ သည် ။ ကလေးမရနိုင်သူများ အတွက် ဝက်စ်လိတ်ခ်ဆေးရုံက ကူညီနိုင်ပြီ။ သူက ပထမဆုံး စာပိုဒ်ကို ဖတ်ကြည့်သည် ။ တစ်ချိန်က နယူးဂျာစီနယ်မှ ပုဂ္ဂလိက ဆေးခန်းကလေးတစ်ခု ဖြစ်ခဲ့ သော "ဝက်စ်လိတ်ခ်' သားဖွားဆေးရုံသည် လွန်ခဲ့သော ရှစ်နှစ်အတွင်း အံ့သြဖွယ် အောင်မြင်မှုများကို ရရှိခဲ့သည် ။ ကလေးမရနိုင်သော မိန်းမ များအား နောက်ဆုံးပေါ် သိပ္ပံနည်းသစ်အရ ပဋိသန္ဓေရှိလာအောင် လုပ်ပေးနိုင်ခဲ့ပြီး နယူးဂျာစီပြည်နယ်မှ နာမည်ကျော် သားဖွားဆရာဝန်ကြီး ဒေါက်တာဖရန်ကလင် ဝက်စ်လိတ်ခ်၏ အမည်ဖြင့် တည်ထောင်ခဲ့သော ယင်းဆေးရုံကြီးကို ၎င်း၏ သားသမက်ဖြစ်သူ မီးယပ်နှင့် သားဖွားဆရာ ဝန် ဒေါက်တာ အက်ဂါဟိုက်ဂလေက ကျွမ်းကျင်စွာ အုပ်ချုပ်ကွပ်ကဲလျ က် ရှိသည် ။ ဒေါက်တာ အက်ဂါဟိုက်ဂလေ ဆိုပါကလား။ သူက ဗင်ဂျီ၏ ဆရာဝန်။ ဗင်ဂျီက သူ့အကြောင်း ဘာမျှ မပြောခဲ့။ သ ည် အချက် တော်တော်ဆန်းသည် ။ သူမက စိတ်ရောဂါကု ဆရာဝန်အကြောင်းကိုသာ တစ်ပြောတည်း ပြောနေခဲ့သည် ။

"ဒေါက်တာဖူဂီတိုနဲ့ ကျွန်မတို့ ဒီနေ့ တော်တော် စကားပြောဖြစ်ကြ တယ်။ တခြားမဟုတ်ပါဘူး။ မေမေနဲ့ ဖေဖေ့အကြောင်း ပြောကြတာပါ။ သူက ရှင့်အကြောင်းကိုလည်း မေးသေးတယ်" "မင်းက ဘယ်လို ပြန်ပြောလိုက်သလဲ" "ရှင်က ကျွန်မကို သိပ်ချစ်တယ်လို့ ပြောလိုက်တယ်" ဗင်ဂျီ၏ ဒေါက်တာ နှစ်ယောက်စလုံးကိုလည်း ရဲက တွေ့ဆုံမေးမြန်းမည်လား မသိဟု ခရစ်က ငေးတူးမိသည် ။ ဗင်ဂျီသည် လွ န်ခဲ့သော လက တော်တော်လေး ကျန်းမာရေး ချ့တ်ယွင်းခဲ့သည် ။ စိတ် ရောဂါကု ဆရာဝန်နှင့် သွားပြကြည့်ရန် ခရစ်က အကြံပေးသည် ။ သူ တို့ လေယာဉ်ကုမ္ပဏီမှ ဆရာဝန်နှင့် သွားတွေ့၊ သူက သင့်တော်သော စိ တ်ရောဂါကုဆရာဝန် ညွှန်နိုင်သည် ။ သို့မဟုတ်က ဘီလ်ကေနဒီထံ သွားလျှင်လည်း ဖြစ်သည် ။ သူက သူတို့ လီနောက်ဟစ်လ် ဆေးရုံမှ စိတ်ရောဂါကု ဆရာဝန် တစ်ယောက်ယောက်ကို ညွှန်နိုင်သည် ။

သို့သော် ဗင်ကျိုက သူ့စကားကို နားမထောင်။ ဘယ်ဆရာဝန်ဆီမှ မ သွားချင်ဟု ငြင်းဆန်နေသည် ။ နောက်ပိုင်းကျတော့ သူ့စိတ်ကူးနှင့်သူ ဒေါက်တာဆလင်းနှင့် သွားတွေ့ရန် ရက်ချိန်းယူခဲ့သည် ။

လေးနာရီခွဲတွင် လေယာဉ်ဆိုက်သည် ။ ခရစ်သည် လေဆိပ်ရုံးရှေ့ သို့ ခပ်မြန်မြန်လေး ထွက်လာခဲ့ပြီး အင်္ဂေးကားကို လှမ်းခေါ် လိုက်သည် ။ "အက်ဆက် ဟိုတယ် မောင်းပါ" သူက ကားဒရိုင်ဘာကို ပြောလိုက်သည် ။ ငါးနာရီနှင့် နှစ်မိနစ်တိတိတွင် ဟိုတယ်သို့ ရောက်သည် ။ ညှဉ့်ခန်းထဲ ဝင်သွားပြီး တယ်လီဖုန်း ဆက်သည် ။

"ဒေါက်တာဆလင်း အခန်းကို ကျေးဇူးပြုပါ။ "ဟုတ်ကဲ့၊ ခဏစောင့်ပါရှင်" သူက စောင့်နေသည် ။ "လိုင်းမအားသေးပါဘူးရှင်"

သူက တယ်လီဖုန်းကို ပြန်ချလိုက်သည် ။ ဒေါက်တာ ဆလင်းသည် ဟိုတယ်သို့ ရောက်နေပြီ ဆိုတာတော့ သေချာသည် ။ သူသည် ဒေါက် တာဆလင်း၏ အခန်းနံပါတ်နှင့် လိုင်းခွဲနံပါတ်ကို မှတ်စုစာအုပ်တွင် ရေးထားခဲ့သည် ကို သတိရသည် ။

သို့ဖြင့် မှတ်စုစာအုပ်ကို ကြည့်ပြီး လိုင်းခွဲနံပါတ် ၃၂၁၉ ကို တိုက်ရိ က် ဆက် လိုက်သည် ။ တစ်ဖက်မှ တယ်လီဖုန်း မြည်နေသည် ။ သို့သော် ဘယ်သူမျှ လာမကိုင်။ ခြောက်ကြိမ်တိတိ အသံမြည်ပြီးနောက် သူက လို င်းဖြတ်ပြီး ဒေါ်ပရေတာဆီသို့ ပြန်ဆက်သည် ။

"ကျွန်တော် တိုက်ရိုက်လှမ်းဆက်တာ ဘယ်သူမှ တယ်လီဖုန်း မကိုင် ဘူး ခင်ဗျာ။ အဲဒါ ကျေးဇူးပြုပြီး ခဏဆက်ကြည့်ပါဦး"

ဒေါ်ပရေတာက ချက်ချင်း စကားမပြန်သေး။ တစ်စုံတစ်ယောက်နှ င့် စကားပြောနေသံ ကြားသည် ။ ခဏကြာတော့မှ -

"ဟုတ်ကဲ့ရှင့်၊ ခုနကလည်း ဒေါက်တာဆလင်းဆီ တစ်ယောက် ဖုန်း ဆက်ပါသေးတယ်။ ဒေါက်တာဆလင်း ဒီဟိုတယ်မှာ တည်းတာတော့ သေချာပါတယ်။ အရေးကြီးတဲ့ ဖုန်းလာစရာ ရှိတယ်လို့ တောင် ကျွန်မ ကို ပြောခဲ့ပါသေးတယ်။ အဲဒီနောက်ပိုင်း အပြင်မှာ ထွက်သွားသလား မသိဘူး။ ခဏနေရင် ပြန်ဆက်ပါလားရှင်၊ ကျေးဇူးတင်ပါတယ်ရှင့်" "ဟုတ်ကဲ့၊ ကျွန်တော် ပြန်ဆက်ပါ့မယ်၊ ကျေးဇူးပါပဲ"

သူက တယ်လီဖုန်းကို ချလိုက်သည် ။ ပြီးတော့ ညှဉ့်ခန်းတစ်နေရာရှိ ကုလားထိုင်တွင် သွားထိုင်နေလိုက်သည် ။ ဓာတ်လှေကားတွင် တံခါးပွ င့်လာလိုက်၊ [illegible]

ပန်ပိတ်သွားလိုက်ဖြင့် လူတွေ လှုပ်လှုပ်ရွရွ တက်လိုက်၊ ဆ ငိးလိုက် လုပ်နေ
ကသည် ။

သူက ဓာတ်လှေကားတစ်ခုကို မျက်စိရောက်သွားသည် ။ အထဲမှ လူ တစ်ေ
ယာက်ကို ဝိုးတဝါး မြင်ဖူးသလိုလို ရှိ၍ လှမ်းကြည့်နေသည် ။ ဒေါ် ကိတာ ဆ
လင်းမျှား လား။ ထိုသူသည် တခြား လူတွေကြားထဲမှ ခပ်မြန်မြန်လေး ရောဝ
င်သွားသည် ။ မိန်းမ သုံးယောက်၊ အဘိုးကြီး၊ အ ဘွားကြီး လင်မယားနှစ်ေ
ယာက်၊ ကုတ်အင်္ကျီကော်လံမြင့်နှင့် လူလတ်ပို င်း အရွယ်တစ်ယောက်၊ ကျန်
တာက ကလေးတွေ။ မဟုတ်ဘူး ၊ မဟုတ် ဘူး ။ ဒီလူ ဒေါက်တာဆလင်း မဟု
တ်ဘူး ။ ကြည့်နေရင်းမှ သူတို့ အားလုံး ထွက်သွားကြသည် ။ ငါးနှာရီခွဲတိတိ
တွင် သူက ဖုန်းပြန်ဆက်သည် ။ ဘာမျှ မထူးခြား။ ခြောက်နာရီထိုးရန် ဆယ့်
ငါးမိနစ်အလိုတွင် နောက်တစ်ကြိမ် ဆက်ပြန် သည် ။ သည် တစ်ကြိမ်တွင် လ
ည်း ဖုန်းကို ဘယ်သူမျှ လာမကိုင်။ ခြော က်နာရီ ငါးမိနစ်လောက်တွင် တော့
ည့်ခန်းထဲတွင် လူတွေ တီးတိုး စ ကားပြောသံတွေ ကြားရသည် ။ "လူတစ်ေ
ယာက် ပြတင်းပေါက်က ခုန်ချလို့ တဲ့ ။ အလောင်းကြီးက ဆောင်ကပ် ခေါင်
မိုးပေါ်မှာ တင်နေတယ်"

တစ်ဆက်တည်းလိုလိုပင် လူနာတင်ကားနှင့် ရဲကားသံများ ဆူညံစွာ ပေါ်ထွ
က်လာကြသည် ။ ခရစ်က ဟိုတယ်အလုပ်သမား ကြီးကြပ်ရေးမှူး စားပွဲသို့ ေ
လှျောက်သွားပြီး အထက်စီး လေသံဖြင့် မေး လိုက်သည် ။

"ပြတင်းပေါက်က ခုန်ချတာ ဘယ်သူတဲ့ တုန်း" "ဒေါက်တာ အင်မက်ဆလင်း
တဲ့ ။ အမေရိကန် ဆရာဝန်မျှား အသင်းမှာ အရေးပါဆုံး ပုဂ္ဂိုလ်ကြီး တစ်ေ
ယာက်ပေါ့။ သူ့အခန်းနံပါတ် က ၃၂၁၉"

ခရစ်သည် နေရာမှ ပြန်လှည့်ကာ ၈၅ လမ်း တံခါးပေါက်မှ ပြန်ထွ က်လာခဲ့သ
ည် ။

ထိုအခိုက် အရှေ့မှ အနောက်သို့ အင်္ဂါကားတစ်စီး ဖြတ်မောင်းသွား သဖြင့်
လှမ်းခေါ်လိုက်သည် ။ "လာဂါဒီးယားလေဆိပ် မောင်းပါ" ခုနစ်နာရီတိတိတွ
င် မီယာမီသို့ လေယာဉ်ရှိသည် ။

နောက် သုံးနာရီဆိုလျှင် ဂျန်းနှင့် တွေ့ရတော့မည်။ အကြောင်းစုံကို ဂျုန်း
အား ပြောပြလိုက်တော့မည်။ သူ အဖမ်းမခံရခင် အခြေအနေမှန်ကို ဂျုန်း
သဘောပေါက်သွား အောင် ပြောပြရတော့မည်။

*****

≈ အခန်း (၃၇)

ကက်သလင်း လျှောက်လာတာ မြင်တော့ ဘီလ်နှင့် မော်လီတို့ ၏ ၁ ၂ နှစ် အရွယ် သမီးငယ် ဂျင်နီဖာက အားရဝမ်းသာ ပြေး လာပြီး အိမ်ရှေ့ တံခါး ဖွင့်ပေးသည် ။ "အယ် .. အန်တီလေး လာပြီ၊ အန်တီလေး လာပြီ" သူကလေးက ကက်သလင်းကို ပြေးဖက်လိုက်သည် ။ "ဟိုင်း ... ဂျင်နီ၊ နေကောင်းတယ်နော်" "ကောင်းပါတယ် အန်တီလေးရဲ့ ။ ဒါနဲ့ အန်တီလေး ဘယ်လို နေ သေးသလဲ ဟင်။ အန်တီလေး အကြောင်း မေမေ ပြောပြတော့ သမီး စိုး ရိမ်လိုက်တာ။ အခု တကယ်နေကောင်း သွားပြီနော် အန်တီလေး"

"တကယ် ကောင်းသွားပါပြီ သမီးရဲ့ ။ ဒါနဲ့ ဘယ်သူတွေ ရောက်နေပြီလဲဟင်"

"အကုန်ရောက်နေပြီ။ အန်ကယ်ရစ်ချတ်လည်း ရောက်နေပါပြီ။ သူ က ရောက်ရောက်ချင်း ဘယ်လို မေးသလဲ အန်တီလေး သိရဲ့လား" "ဘယ်သိမလဲ၊ ဘယ်လို မေးသလဲဟင်"

"ကက်သလင်း မရောက်သေးဘူးလားတဲ့ ။ သူက အန်တီလေးကို သိ ပ်ပြီး ချစ်နေတယ် အန်တီလေးရဲ့ ။ မေမေနဲ့ ဖေဖေတို့ ပြောနေကြတာသမီးကြားတယ်။ အန်တီလေးကရော သူ့ကို မချစ်ဘူးလားဟင်" "ကြည့်စမ်း ဒီကောင်မလေး၊ ဘာတွေ လျှောက်ပြောနေရတာလဲ"

သူမက ပြုံးတစ်ဝက်၊ ပဲ့တစ်ဝက်နှင့် ပြန်ပြောလိုက်ပြီး ဧည့်ခန်းထဲ သို့ လျှောက်လာသည် ။ "တခြားကလေးတွေ မမြင်ပါလား၊ ဘယ်သွားကြသလဲ" "မေမေက ရုပ်ရှင်ကြည့်ခိုင်း လိုက်တယ်။ အန်တီလစ်ဇ်ရဲ့ ကလေးပါ လာလို့ တစ်အိမ်လုံး ဆူနေရင် သူ့ကလေးတွေ စိတ်ညစ်နေမှာ တဲ့ " "ဩော် .. ဟုတ်လား၊ ကောင်းတယ်၊ ကောင်းတယ်" ကက်သလင်းကို မြင်တော့ ရစ်ချတ်ထိုင်ရာမှ ကမန်းကတန်း ထ လာပြီး -

"ဟော .. ကက်သလင်း လာပြီ။ ငါက တံခါးဝက ဘဲလ်မြည်သံ နားစွ င့်နေတာ"

ထို့နောက် အချင်းချင်း အပြန်အလှန် နှတ်ဆက်သံများ ဖြင့် တစ်ခန်း လုံး ဆူညံသွားသည် ။ သူတို့ အားလုံး ထမင်းစားခန်းသို့ လျှောက်လာကြ သည် ။ "ဒါနဲ့ ဒေါက်တာဆလင်းနဲ့ တွေ့ပြီးပလား" ကက်သလင်းက ရစ်ချတ်ကို မေးလိုက်သည် ။ "ဟင့်အင်း .. မတွေ့သေးဘူး။ ငါးနာရီက သူ့ဆီ ဖုန်းဆက်တာ ဆက် လို့ မရဘူး။ ခြောက်နာရီ တစ်ခါ ထပ်ဆက်တော့လည်း ဆက်လို့ မရဘူး

။ ဒါနဲ့ ဟိုတယ်က အော်ပရေတာကို ငှါးဖုန်းနံပါတ် ပေးထားလိုက်တယ်။ ဒေါ်ကတာ ဆလင်းဘက်က ဘာပြောမလဲ ဆိုတာကို ငါ သိပ်ပြီး သိချင်နေတယ် "

သူတို့ သည် ညစာ စားပြီးသွားသည် အထိ ဗင်ကျီလူးဝစ် သေဆုံးမှုအကြောင်းကို မည်သူမျှ မပြောကြ။

နောက်ဆုံးတော့ လစ်ဇ်ဘာကလေက စပြောသည် ။ "တော်ပါသေးရဲ့ ၊ ကျွန်မဖြင့် ထမင်းစားသာ စားနေရတယ်။ ရင်ထဲ ကတော့ တထိတ်ထိတ်ပဲ။ သမီးလေးမျှား နိုးလာမလား ဆိုပြီး စိုးရိမ်နေ မိတယ်"

ဂျင်ဘာကလေက ရယ်ပြီး - "သမီးလေး မွေးခါစက ဆယ့်ငါးမိနစ်မှာ တစ်ကြိမ်စီ လစ်ဇ်က သွားပြီး နို့ကြည့်တာဗျ။ သူက ကလေးအသက်မရှူဘူး ထင်လို့တဲ့ လေ ။ အဖြစ်ကတော့ အဲသလောက်ကို သည်းတာ "

လစ်ဇ်က သူ့ယောကျ်ားကို မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး - "မသည်းဘဲနေနိုင်ပါ့မလား ရှင်ရေ။ သမီးလေးက ကျွန်မ အသက် သုံးဆယ်ကျော်မှ ရထားတာ မဟုတ်လား။ ဒေါက်တာ ဟိုက်ဂလေရဲ့ ကျေးဇူးကတော့ ဆပ်လို့ကုန်နိုင်စရာတောင် မရှိပါဘူး။ အံ့သြစရာ ကောင်းလောက်အောင် တော်တဲ့ဆရာဝန်ကြီးပါပဲ" ရစ်ချတ်က မျက်ခုံးနှစ်ဖက် မှေးလိုက်ပြီး - "ခင်ဗျားက အဲသလိုပဲ တကယ်ထင်လို့ လား" "တကယ်ထင်လို့ ပြောတာပေါ့။ သူက ကမ္ဘာပေါ်မှာ အတော်ဆုံး ဆ ရာဝန်" "အမှန်က ဒီပုဂ္ဂိုလ်က တစ်ကိုယ်ကောင်း သမားကြီးပါ။

ဂျင်ဘာကလေက ကြားဖြတ် ပြောလိုက်သည် ။ "ဒါပေမဲ့ အဲဒီအချက်ကို ဘယ်သူမှ အလေးအနက် မထားကြဘူး။ ဘာဖြစ်လို့ လဲ ဆိုတော့ သူက သူ့အလုပ်ကို အင်မတန် ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ပဲ။ လစ်ဇ် မီးဖွားတုန်းက သူ ဘယ်လောက်ထိ ဂရုစိုက်တယ်ဆို တာ ကျွန်တော့် ကိုယ်တွေ့ပဲ။ သူက လစ်ဇ်ကို မမှေးခင် နှစ်လလောက် ကတည်းက ဆေးရုံတင်ပြီး ကိုယ်သေသေချာချာ ဂရုစိုက် ပုံစုထားတ ယ်။ သူကိုယ်တိုင် တစ်နေ့မှာ သုံးလေးကြိမ် အမြဲ လာကြည့်တယ်" "သူက အမွေးရခက်တဲ့ ကိုယ်ဝန်သည် တိုင်း အဲဒီလို ဂရုစိုက်တာ" လစ်ဇ်က ပြောသည် ။ "ကျွန်မ တစ်ယောက်တည်းကိုသာ မဟုတ်ဘူး ။ ကျွန်မတော့ ကျေး ဇူးတင်လွန်းလို့ ညအိပ်ရာဝင်တိုင်း သူ့အတွက် မေတ္တာပို့နေတာပဲ။ သမီး

လေး မွေးလာလို့ ကျွန်မတို့ ဘဝမှာ ဘယ်လောက် ပြောင်းလဲလာတယ် ဆိုတာ ကျွန်မ ပြောပြဖို့ တောင် မတတ်တော့ပါဘူး" "အဲဒါကတော့ အမှန်ပါပဲ။ ဂျင်က ထောက်ခံလိုက်သည် ။ "ဗင်ကျီလည်း အသက်မသေဘဲနဲ့ သူ့ကလေးကို မွေးဖွားခွင့် ရခဲ့ရင် အဲဒီလိုပဲ ခံစားရမှာ ပဲ" ကက်သလင်း၏ အတွေးကို ေ

မော်လီက ဝင်ပြောလိုက်သည် ။ ရစ်ချတ်က ကက်သလင်းကို အဓိပ္ပာယ်ပါပါ ကည့်လိုက်သည် ။ ကက်သလင်းက ခေါင်းကို မသိမသာ ခါယမ်းလိုက်သည် ။ ရစ်ချတ်က အလိုက်သိစွာဖြင့် စကားဝိုင်း ခေါင်းစဉ် ပြောင်းလိုက်သည် ။ ။ "ဒါနဲ့ စကားမစပ် ခင်ဗျားတို့ က ဆန်ဖရန်စစ္စကိုမှာ နေခဲ့ဖူးတယ်လို့ ပြောတယ်။ ကျွန်တော်လည်း အဲဒီမှာ ကြီးပြင်းခဲ့တယ်။ ကျွန်တော့်အဖေ ဆိုရင် ဆန်ဖရန်စစ္စကို ဆေးရုံကြီးမှာ အခုအထိ လုပ်နေတုန်းပဲ" "ဆန်ဖရန်စစ္စကိုကတော့ ကျွန်တော့်ရဲ့ “ဖေးဘရိတ်' မြို့တစ်မြို့ပေါ့

ဂျင်က ပြောသည် ။ "ကျွန်တော်တို့ ရက်ပိုင်းအတွင်းမှာ အဲဒီ ပြန်သွားကြမယ်" တခြားလူတွေ ရောက်တတ်ရာရာ ပြောနေကြစဉ် ကက်သလင်းက တော့ ကားတစ်ချက် မကြားတစ်ချက်ဖြင့် အလိုက်အထိုက် ဝင်ပြောနေ ရသည် ။ သူမသည် အတွေးနှက်နေသည် ။ တွေးစရာတွေ တစ်ပုံကြီး ရှိ နေသည် ။ ဆေးရုံတက်လျှင် ပိုပြီး တွေးခြီန်ရဦးမည်။

သူမသည် ခေါင်းထဲက မူးနောက်နောက် ဖြစ်ပြီး မောပန်းလာသလို ခံစားမိသည် ။ သို့သော်လည်း စကားကောင်းနေကြသော တခြားလူတွေ့ အတွက် အနှောင့်အယှက် မပေးလို၍ သူမက ကျိတ်ပြီး သည်းခံနေရသ ည် ။ ထမင်းဝိုင်း သိမ်း၍ ဧည့်ခန်းပြောင်းထိုင်ရန် လုပ်ကြတော့မှ သူမ အတွက် အခွင့်အရေး ပေါ် လာသည် ။

"ကျွန်မကို ခွင့်ပြုကြပါဦး။ ဒီအပတ်ထဲမှာ ကျွန်မ အိပ်ရေးဝအောင် တစ်ရက်မှ မအိပ်ရသေးဘူး။ တစ်ကိုယ်လုံး နုံးချည့်နေသလို ဖြစ်နေလို့

မော်လီက သူမအား အလိုက်သိစွာ လှည့်ကြည့်လိုက်သည် ။ ညီမဖြစ်သူအား ဆွဲထားရန် လုံးဝ စိတ်မကူး။

"ငါ ကားအထိ လိုက်ပို့မယ်လေ" ရစ်ချတ်က ပြောသည် ။ "ကောင်းပါတယ်"

ညလေသည် အေးစိမ့်နေသည် ။ ကက်သလင်းမှာ လမ်းလျှောက်လာ ရင်း ခိုက်ခိုက်တုန်နေသည် ။ ရစ်ချတ်က သတိပြုမိသဖြင့် -

"ကက်သလင်း မင်းအတွက် ငါ စိုးရိမ်တယ်။ မင်း ကျန်းမာရေး တော်တော် ချို့တဲ့ နေတယ်။ မင်းကလည်း ဒီအကြောင်းနဲ့ ပတ်သက်လို့ ဘာမှ မပြော ဘူး။ ဘာပဲဖြစ်ဖြစ် မနက်ဖြန် ညနေမှာ တို့ နှစ်ယောက် အပြင်ထွက်ပြီး ညစာ သွားစားကြရအောင်လား။ မနက်ဖြန်ဆိုရင် ဗင်ကျီ အမှုကလည်း တရားခံ ပေါ် တော့မယ်။ အစိုးရ ရှေ့နေရုံးမှာ တော့ လူ တွေ ဝိုင်းနေတော့မှာ ပဲ"

"ရစ်ချတ် ဘယ်လိုမှ စိတ်မရှိပါနဲ့ ။ ကျွန်မ တောင်းပန်ပါတယ်။ ဒီအ ပတ် ရက်အား မှာ ကျွန်မ အလုပ်နားတော့မလို့"

"ဘယ်လို ... ဒီလောက် အမှုအခင်းတွေ မျှား နေတဲ့ အထဲ၊ စကော့ သိပြီး ပီလား" "ပြောလို့ မဖြစ်လို့ ပါ၊ ဒါပေမဲ့ ..." ထိုအခိုက် သူတို့ ဘက်မှ အိမ်ရှေ့တံခါး ဖွင့်သံ ကြားလိုက်ရပြီး - "အန်ကယ်ရစ်ချတ် .. အန်ကယ်ရစ်ချတ်" ဂျင်နီဖာက သူတို့ နောက် ပြေးလိုက်လာရင်း - "ကလိုဗစ်ဆိုင်မွန်ဆီက ဖုန်း လာနေတယ်" "ကလိုဗစ်ဆိုင်မွန် ဟုတ်လား"

ကက်သလင်းက မေးလိုက်သည် ။ "ဟို .. တယ်လီဗေးရှင်း မင်းသမီး မဟုတ်လား" "ဟုတ်တယ်၊ အေး ဟုတ်သားပဲ။ ငါသူ့ဆီ ဖုန်းပြန်ဆက်ဖို့ မေ့သွားတယ်။ ခဏနေပါဦး။ ငါ ခုချက်ချင်း ပြန်လာခဲ့မယ်"

"နေပါစေ၊ မနက်ကျတော့မှ ပဲ တွေ့ကြတာပေါ့။ ရှင် လုပ်စရာရှိတာ လုပ်ပါ။ ကျွန်မ ပြန်တော့မယ်" ကက်သလင်းက ကားပေါ် တက်ပြီး တံခါးဆွဲပိတ်လိုက်သည် ။ ရစ်ချတ်က ခေတ္တရပ်ကြည့်နေပြီးမှ အိမ်ဘက်ဆီသို့ အပြေးကလေး ေလျှောက်လာခဲ့သည် ။ တံခါးဝရောက်တော့ ကက်သလင်း ကားမောင်း ထွက်သွားသံကို ကြားရသည် ။ "ဟယ်လို .. ကလိုဗစ်" သူ့အသံက အနည်းငယ် မာနေသည် ။ "ဟယ်လို .. ဘယ့်နယ် ဆရာဝန်ကြီး။ ကျွန်မဖြင့် ရှင့်နောက် ြေခရာ ကောက် လိုက်ရှာလိုက်ရတာ ဖတ်ဖတ်ကို မောနေတာပဲ။ ညစာက ဘယ်ရောက်နေမှန်းတောင် မသိတော့ဘူး" "ဆောရီး .. ကလိုဗစ်၊ ငါ တောင်းပန်ပါရစေ" "ရပါတယ်၊ အခု အချိန်လည်း မရှိတော့ပါဘူး။ ကျွန်မလည်း တိတ်ခွေ့ သွင်းတာက ခုပဲ ပြန်ရောက်တာ။ ရှင် တစ်ညလုံး စောင့်နေရတာ တောင်းပန်မလို့ " ရစ်ချတ်က သူ့ဘေးတွင် ရပ်နေသော ဂျင်နီဖာကလေးကို တစ်ချက် စောင်းကြည့်လိုက်ပြီး တော့မှ -

"ကလိုဗစ်၊ ဒီလိုလုပ်ကြရအောင်လား။ မနက်ဖြန်တော့မှ ငါ ဖုန်းဆ က်မယ်။ အခု ငါ့မှာ အချိန်မရလို့ ပါ။

တစ်ဖက်မှ လိုင်းပြတ်သွားသည် ။ ရစ်ချတ်က တယ်လီဖုန်းကို ဖြည်းဖြည်းေလး ပြန်ချလိုက်သည် ။ ကလိုဗစ် စိတ်ဆိုးသွားပြီ။ စိတ်ဆိုး ရုံတင်မက သူမ စိတ်နာသွားပြီ။

ငါ ဘယ်လိုလုပ် ရှင်းပြရပါ့မလဲ။ ငါက သူ့အပေါ်မှာ လေးလေးနက်နက် ထားခဲ့တာ မဟုတ်ဘူး ။ ဒါကြောင့်မို့လည်း သူ့ခံစားချက်ကို ဂရုမစို က်ခဲ့မိတာ။ မနက်ဖြန်မှ ဖုန်းဆက်ပြီး တောင်းပန်ရတော့မှာ ။ ငါ့မှာ ရ ည်မှန်းထားတဲ့ ရည်းစားရှိနေတယ် ဆိုတာလည်း အမှန်အတိုင်း ဖွင့်ပြောလိုက်တော့မယ်။

ကက်သလင်း .. ဒီအပတ်အတွင်းမှာ ခွင့်ယူတော့မယ်တဲ့ ။ သူ့မှာ ရည်မှန်းထားတဲ့ ချ စ်သူများ ရှိနေပြီလား။ သူ့ကြည့်ရတာ သိပ်ပြီး စိုးရိမ်နေသလိုပဲ။ ဘာကို စိုးရိမ်နေတာလဲ၊ ဘာကြောင့် စိုးရိမ်နေတာလဲ။ ငါက သူ့အပေါ် အသဲအ မဲ ဖြစ်နေတာကြောင့်လား။

အို ... ဘာပဲဖြစ်ဖြစ် ဒီညနေ သူ့အနေနဲ့ ငါ့အပေါ် စိမ်းစိမ်းကားကား မရှိဘူး။ လိုက်လိုက်လျောလျော ရှိတယ်။

ရစ်ချတ်သည် ယင်းသို့လျှင် ကိုယ့်ကိုယ်ကို ဖြေသိမ့်ရင်း ဧည့်ခန်းဆီ လာခဲ့သည် ။ ဒေါက်တာ ဆလင်းထံလည်း ဖုန်းဆက်ရန် ရှိသေးသည် ။ ဧည့်ခန်းထဲတွင် မော်လီ၊ ဘီလ်နှင့် ဘာကလေတို့ လင်မယား စကား ကောင်းနေကြတုန်းပင် ဖြစ်သည် ။ လစ်ဇ်က သမီးလေး မေရီအန်းကို ပေါင်ပေါ် တင်ကာ ချော့မြူနေသည်။

"မေရီလေးကလည်း ကျွန်မတို့ ဝိုင်းထဲ ဝင်ရောချင်သတဲ့ လေ" လစ်ဇ်က ရစ်ချတ်ကို ကြည့်ပြီး ပြောသည် ။ "ဒီမှာ ကျွန်မသမီးလေးကို ကြည့်ပါဦး ဒေါက်တာရဲ့ "ရစ်ချတ်က သူတို့ သားအမိ သားအဖ သုံးယောက်ကို စေ့စေ့ကြည့်ရ င်း ငေတ္ဆးနေမိသည် ။ မဂ္ဂဇင်းအဖုံးအတွက် ဓာတ်ပုံရိုက်လျှင် အလွန် ကောင်းမည်။ အပြုံးပန်း ဝေနေသော မိဘများ နှင့် အလှပန်းပွင့်နေသော သမီးက လေး။

မိဘများကလည်း ရုပ်ရည်ချောမောကြသည် ။ သံလွင်ရောင် အသား အရေ၊ အညို ရောင် မျက်လုံးလေးနှင့် လေးထောင့်စပ်စပ် မျက်နှာတို့ ၏ ပိုင်ရှင်များ ။ သမီးလေးကတော့ အသားအရေ ဆွတ်ဆွတ်ဖြူနေသည် ။ ဆံပင်က နီရွှေရောင်။ မျက်လုံးက စိမ်းစိမ်း။

သူတို့ ရင်သွေးစစ်စစ်ဟု ဘယ်သူက ထင်ပါ့မလဲ။ ဧကန္တ သည် ကလေးဟာ ငေမွးစားတဲ့ ကလေးပဲ ဖြစ်ရမည်ဟု ရစ်ချ တ်က တွေးလိုက်သည် ။

*****

≈ အခန်း (၃၈)

နယူးအော်ခ်လေဆိပ် ဂိတ်နံပါတ် ၁၁ မှ ဧည့်ခန်းဆောင်ထဲသို့ ဝင် လာသူများအား ဖိလစ်ကန်နှင်ဂမ်နှင့် ချာလီနှဂျင့်တို့ က စိတ်ပျက်လက် ပျက် အမူအရာဖြင့် အကဲခတ် ကြည့်ရှုနေကြသည် ။

ချာလီက ပခုံးတစ်ချက် တွန့်လိုက်ပြီး - "ဒီအတိုင်းပဲ ဖြစ်ရမှာ ပဲ။ တို့ ဒီမှာ စောင့်နေမယ် ဆိုတာ ခရစ်က ကြိုတွက်ထားပြီးသား နေမှာ ပါ။ ကဲ ပြန်ကြစို့"

သူက တယ်လီဖုန်း ရှိရာသို့ လျှောက်သွားပြီး စကော့၏ နံပါတ်ကို လှည့်လိုက်သည် ။

"ဆရာ၊ အိမ်ပြန်တာ ကောင်းလိမ့်မယ်။ ဒီည လေယာဉ်မှာ ခရစ် ပါမ လာဘူး"

"ဟင် .. သူ မပါဘူး ဟုတ်လား၊ ဒါနဲ့ အလောင်းကရော" "အလောင်းတော့ ပါတယ်။ ဒေါက်တာရစ်ချတ်ရဲ့ လူတွေ သယ်သွားကြပြီ။ ကျွန်တော်တို့ စောင့်ကည့်နေရဦးမှာ လား။ တခြားက ရောက်လာမယ့် လေယာဉ်နှစ်စင်းတော့ ကျန်နေသေးတယ်။ တစ်စင်းစ င်းနဲ့ ပါချင်ပါလာနိုင်တယ်" "ဒီကိစ္စ ဘေးချိတ်လိုက်တော့။ ဒီလူ မနက်ဖြန်ထိ တို့ ဆီ လာမတွေ့ရင် သူ့ကို ဖမ်းဝရမ်း ထုတ်လိုက်တော့မယ်။ ဒါနဲ့ မနက်ကျတော့ မင်းတို့ နှစ်ယောက် ပထမဆုံး လုပ်စေချင်တာက အက်ဒနာ တိုက်ခန်းသွားပြီး အသေးစိတ် ထပ်ရှာပါဦး။ သဲလွန်စ တစ်ခုခုများ တွေ့လိုတွေ့ငြားပေါ့"

ချာလီက ဖုန်းကို ပြန်ချပြီး ဖိလစ်ဘက်သို့ လှည့်ရင်း - "မနက်ဖြန် ခရစ် ပေါ်မလာရင် ဖမ်းဝရမ်း ထုတ်တော့မယ်တဲ့ " ဖိလစ်က ခေါင်းညိတ်လိုက်ပြီး - "ခရစ်ကို ဖမ်းပြီးရင် ဟိုစိတ်ရောဂါကု ငနဲကြီးကို ဆက်ကိုင်ရမှာ ပဲ။ ဗင်ဂျီ ကိုယ်ဝန်ရအောင် လုပ်တာ သူပဲ ဆိုရင်တော့ သေချာပြီပေါ့"

နှစ်ယောက်သား ထွက်ပေါက်သို့ လျှောက်လာခဲ့ကြသည် ။ ပစ္စည်း ရွေးဌာနတွင် လူတွေ တန်းစီ ရပ်စောင့်နေကြသည် ။ မကြာမီတွင် လူ တွေ ရှင်းသွားသည် ။ ပစ္စည်းတွေလည်း ရှင်းသွားပြီ။ သို့သော် ပစ္စည်းတင် စင်ပေါ် တွင် လက်ဆွဲအိတ်တစ်လုံးတော့ ကျန် သေးသည် ။ စုံထောက် နှစ်ယောက်သည် ပစ္စည်းစင်နားသို့

လျှောက်သွားပြီး ခွိတ်ထားသော လိပ်စာကတ်ကလေးကို ကြည့်လိုက်သ ည် ။ “ကပ္ပတိန်ခရစ်စတိုဖာလူးဝစ်။ အမှတ် ၄၊ ဘရုတ်ခ်လိန်းလမ်း၊ ချက်ပင်ရီးဗား၊ နယူးဂျာစီ'။

*****

≈ အခန်း (၃၉)

ဒေါက်တာရစ်ချတ်ကရိုးသည် မော်လီနှင့် ဘီလ်တို့ အိမ်မှ ပြန်လာခဲ့ ပြီးနောက် သူ့တိုက်ခန်းသို့ ပြန်ရောက်လျှင် ရောက်ချင်း "အက်ဆက်' ဟို တယ်သို့ တယ်လီဖုန်း ဆက်သည် ။

သို့သော် ယခင်အတိုင်းပင် ဒေါက်တာဆလင်း၏ အခန်းမှ ဘာမျှ စ ကားပြန် မရ။

သူက အော်ပရေတာကို လှမ်းပြောလိုက်သည် ။ "အော်ပရေတာ၊ ကျွန်တော် ဖုန်းဆက်ကြောင်း ဒေါက်တာဆလင်း ကို ပြောလိုက်သေး သလား။ ကျွန်တော်က ဒေါက်တာရစ်ချတ်ကာရိုးပါ" "ဟုတ်ကဲ့၊ ကျွန်မ ကြည့်လိုက်ဦးမယ်ရှင့်"

တစ်ဖက်မှ ပြန်ကြားချက်ကို စောင့်နေရင်း ရစ်ချတ်က စားပွဲပေါ်မှ တယ်လီဖုန်းကို ဖွင့်လိုက်သည် ။ ပိတ်ကားပေါ် တွင် "မျက်မြင်ကိုယ် တော့ သတင်းကဏ္ဍ" စတင်ပေါ် လာသည် ။ "ဟဲလို .. ဟဲလို .. ကျွန်မတို့ ကြီးကြပ်ရေးမှူးနဲ့ စကားပြောပါရှင်"

အော်ပရေတာ၏ အသံကို ကြားရသည် ။ ထိုအခိုက် ရုပ်မြင်သံကြား မှ သတင်းထောက် ဂလိုရီယာရောဂျာစ်၏ အသံကိုလည်း တစ်ဆက်တ ည်း ကြားလိုက်ရသည် ။

"ဒီနေ့ ညနေပိုင်းတုန်းက အမေရိကန် ဆရာဝန်များ အသင်း ညီ လာခံ ကျင်းပရာ ဌာနချုပ်ဖြစ်တဲ့ 'အက်ဆက်' ဟိုတယ်မှာ မင်နီယာပို လစ်မြို့က နာမည်ကျော် မီးယပ်နှင့် သားဖွား ဆရာဝန်ကြီး ဒေါက်တာ အင်မက်ဆလင်းဟာ ပြတင်းပေါက်မှ လိမ့်ကျပြီး ရုတ်တရက် သေဆုံး သွားခဲ့ပါတယ်ရှင်။ တမင်ခုန်ချတာလား၊ မတော်တဆ လိမ့်ကျတာ လား ဆိုတာတော့ မသိရသေးပါဘူးရှင်"

*****

≈ အခန်း (၄၀)

ဂျူန်းသည် တယ်လီဖုန်း အနီးတွင် ထိုင်ကာ ဂနာမငြိမ် ဖြစ်နေသည်

သူမ၏ မျက်နှာတွင် လည်း စိုးရိမ်ရိပ်တွေ ပေါ်လွင်နေသည် ။ "ဒါနဲ့ ကေး၊ သူက ဘယ်အချိန် ဆက်မယ် ပြောသလဲ" သူမ၏ အသံက တုန်နေသည် ။ "မင်းကို ကိုယ်ပြောပြီးပြီပဲ ဂျုန်း"

ကေး ပြန်ပြောသည် ။ "ဒီနေ့မနက် ဆယ့်တစ်နာရီခွဲမှာ သူ့ဆီက ဆက်တယ်။ ဒီည မင်းနဲ့ တွေ့မယ်တဲ့ ။ သူဖုန်းဆက်တာကို မင်းက စောင့်နေပါတဲ့ ။ သူက အဲဒါပဲ ပြောသွားတယ်။ သူ့အသံက စိတ်ညစ်နေတဲ့ အသံမျိုးပဲ"

ထိုအခိုက် တံခါးဝမှ လူခေါ် ခေါင်းလောင်းသံ ပေါ်ထွက်လာသဖြင့် နှ စ်ယောက်သား အလန့်တကြား ထရပ်လိုက်ကြသည် ။ "ဘယ်သူပါလိမ့်"

ကေးက ပြောသည် ။ "ဘယ်သူနဲ့ မှ ချိန်းမထားပါလား"

ဂျုန်းက တံခါးဆီသို့ ပြေးထွက်သွားပြီး တံခါးရွက်ကို ဆွဲဖွင့်လိုက်သ ည် ။ ။ "ဟင် .. ခရစ်"

သူမက ခရစ်ကို ပြေးဖက်လိုက်သည် ။ ခရစ်၏ မျက်နှာတွင် သွေးမ ရှိသလို ြ ဖူရော်နေသည် ။ မျက်လုံးတွေလည်း နီရဲနေသည် ။ သူ့ကိုယ်က ယိုင်လဲတော့မလို နှ မ်းလျဉ့်ရော်နေသည် ။ ။ "ဘာဖြစ်လာလို့ လဲ ခရစ်၊ ဟင် . ပြောစ မ်းပါဦး၊ ဘာဖြစ်လာတာလဲ

ဟင် "

"အို ... ဂျုန်းရယ်" သူ့အသံက ရှိုက်သံပါနေသည် ။ သူက ဂျွန်းတစ်ကိုယ်လုံးကို သူ့ဆီသို့ ဆွဲကပ်လိုက်ပြီး - "ဘာဖြစ်နေမှန်း ငါလည်း ဘာမှ မသိတော့ဘူး။ ဗင်ဂျီ သေတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး တစ်ခုခုတော့ ဖြစ်နေပြီ။ အဲဒီအကြောင်း ပြောပြနိုင်တဲ့ တ စ်ယောက်တည်းသော ပုဂ္ဂိုလ်ကလည်း အခုပဲ သေသွားပြန်ပြီ"

*****

≈ အခန်း (၄၁)

သူသည် ပထမတွင် “အက်ဆက်’ ဟိုတယ်မှ အိမ်သို့ တန်းပြန်ရန် စီ တ်ကူးခဲ့သည် ။ သို့သော် ကားအသွားအလာ ရှုပ်ယှက်ခတ်နေသော ဝက် စ်ဆိုက် လမ်းမကြီးပေါ် သို့ ရောက်လာတော့ သူ့စိတ်သည် တစ်မျိုး ပြော င်းသွားခဲ့ပြန်သည် ။

သူ အလွန် ထမင်းဆာနေပြီ။ ဗိုက်ထဲက တဖြုတ်ဖြုတ် မြည်နေပြီ။ တစ်နေ့လုံး မည်မည်ရရ ဘာအစာမျှ မစားခဲ့။ သူ့အကျင့်က ခွဲစိတ်ခြင်း မပြုမီ အစာစားလေ့မရှိ။ မနက်တုန်းကလည်း နေ့လယ်စာ သွားစားမ လို့ လုပ်တုန်း ဒေါက်တာဆလင်းထံမှ ဖုန်းလာသောကြောင့် သွေးရူးသွေးတန်း ဖြစ်ကုန်ပြီး ထမင်းလွတ်သွားခဲ့ရသည် ။

ညစာကိုလည်း အိမ်မှာ မစားချင်ပေ။ နယူးယောက်မြို့ထဲက “ကာလိ င်း” ဟိုတယ်မှာ သွားစားမည်ဟု ဆုံးဖြတ်လိုက်သည် ။ အကယ်၍ သည် နေ့ည သူဘယ်သွားနေသလဲဟု စစ်လားဆေးလား လုပ်လာလျှင်လည်း နယူးယောက်သို့ သွားနေပါသည် ဟု အမှန်အတိုင်း ပြောလိုက်ရုံသာ ရှိ သည် ။ ။

ထို့ပြင် မိမိသည် ဤဟိုတယ်သို့ မကြာခဏ လာရောက် စားသောက် လေ့ရှိသော ပုဂ္ဂိုလ်ကြီး ဖြစ်ကြောင်း စားပွဲထိုးမှူးကလည်း အခိုင်အမာထွက်ဆိုမည်မှာ သေချာသည် ။

မနက်ဖြန် ဆိုလျှင်လည်း သက်စွန့်ဆံဖျား အလုပ်ကြီးတစ်ခုကို လုပ် ရဦးမည်။ ကက်သလင်း သေသွားသောအခါ သက်ဆိုင်ရာက အကြီးအ ကျယ် စစ်လားဆေးလား လုပ်ဦးမည်မှာ မြေကြီး လက်ခတ်မလွဲ။ သို့

သော် ပူစရာ မရှိ။ သူမ၏ မီးယပ်ကု ဆရာဝန်ဟောင်း ဖြစ်သူမှာ ယခုအ ချိန်တွင် အငြိမ်းစားယူပြီး နေရပ်ပြောင်းသွားခဲ့ပြီ။ ထို့ကြောင့် သူမ၏ ဆေးမှတ်တမ်း ဟောင်းများကို အချိန်ကုန်ခံပြီး မည်သူမျှ လိုက်ရှာနေ

တော့မည် မဟုတ်။ သည် အတိုင်းဆိုလျှင် သူ့အနေဖြင့် ဘာမျှ ကြောက် စရာမလိုတော့။ အန္တရာယ် လုံးဝ ကင်းရှင်းသွားပြီ။ယခုအချိန်တွင် အမေရိကန် ဆရာဝန်များ အသင်း ညီလာခံသို့ တ ကိုရောက်လာကြသော ဆရာဝန်များအားလုံးပင် “နယူးစ်မိတ်ကား” မဂ္ဂ ဇင်း ဆောင်းပါးကို ဖတ်ပြီး အမျိုးမျိုး ဝေဖန်နေကြမည်မှာ မလွဲ။ သူတို့ အနေဖြင့် သူ့အပေါ် တွင် လိုလိုလားလား ချီးကျူးထောမနာ ပြု ကြမည် ဟု တော့ မျှော်လင့်စရာ မရှိ။ သို့တိုင်အောင် နော

င်အခါ ပြုလုပ်မည့် ဆ ရာဝန်များ အသင်း ညီလာခံများ ၌ ကြုံရောက် ဟောပြော ပါပါရန် မိမိအား လိုလိုလားလား ဖိတ်ခေါ် ကြဦးမည်မှာ တော့ သေချာသည် ။

သူသည် ထင်ပေါ် ကျော်ကြားမှု လမ်းမပေါ် သို့ ရောက်နေပေပြီ။ သူ့ဘ ဝနှင့် သူ့လုပ်ရပ်ကို ထိထိရောက်ရောက် ဟန့်တားဖျက်ဆီးနိုင်မည့် တစ် ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်သည့် ဒေါက်တာဆလင်းမှာ လည်း ယခုအချိန် တွင် မပြန်လမ်းသို့ မြန်းသွားခဲ့ချေပြီ။

ဒေါက်တာဆလင်းထံမှ ရခဲ့သော ဗင်ကျီ၏ ဆေးမှတ်တမ်းသည် မိမိ ၏ အနာဂတ်သုတေသန လုပ်ငန်းအတွက် တန်ဖိုးမဖြတ်နိုင်သော မှတ် တမ်းပင် ဖြစ်သည် ။ ယင်းမှတ်တမ်းနှင့် မိမိ မှတ်တမ်းတို့ ကို တိုက်ဆိုင် စစ်ဆေးကာ လိုအပ်သလို ဖြည့်စွက်ပြင်ဆင် ရပေဦးမည်။

ပြီးတော့ သည် နေ့မနက် ရောက်လာသော ကိုယ်ဝန်ဆောင် အမျိုး သမီး။ သူမသည် သူ့လုပ်ငန်းအတွက် မားစာခံ သားကောင်သစ် တစ်ဦး ပင် ဖြစ်သည် ။ ကံကောင်းလေစ။ မခေါ် ပင့်ဘဲ ရောက်လာသော သား ကောင်၊ ပြောင်းလာရပ်သော သားကောင်။ “ကာလိုင်း” ဟိုတယ်ရှေ့မှ လမ်းမပေါ် တွင် ကားကို ထိုးရပ်လိုက်သ ည် ။ အချိန်က ၆ နာရီခွဲသာ ရှိသေးသည် ။ သည် နေရာတွင် ခုနစ်နာရီ ထိုးမှ တရားဝင် ကားရပ်ခွင့် ရှိသည် ။ တစ်မျိုးတော့ ကောင်းသည် ။ ကားထဲမှာ ပင် ထိုင်စောင့်နေလိုက်မည်။ စိတ်ငြိမ်အောင် ထိန်းဖို့ အချိန်ရသည် ။ သူ့လက်ဆွဲအိတ်ကို ကားနောက်ပိုင်းတွင် သော့ခတ် သိမ်းထားမည်။ ယင်းအိတ်ထဲတွင် ဗင်ကျီ၏ ဆေးမှတ်တမ်း၊ စက္ကူဖြူ ဖန်လုံးနှင့် ဖိန ပ်တစ်ဖက် ရှိသည် ။

ဖိနပ်နှင့် ဖန်လုံးကို ဘယ်လိုလုပ်ပြီး ဖျောက်ဖျက်ပစ်ရမည်နည်း။ မြို့ တွင်း တစ်နေရာမှ အမှိုက်ပုံးထဲ ပစ်ထည့်လိုက်လျှင် ကိစ္စပြတ်နိုင်သည် ။ လူဦးရေ ရှစ်သန်းကျော် ရှိသော သည် မြို့မှ အိမ်ထောင်စုပေါင်း များ စွာတို့ က ၂၄ နာရီ အတွင်း စွန့်ပစ်သော စက္ကူစုတ်နှင့် အမှ က်သရိုက်များ ကြားထဲ ရောက်သွားလျှင် ဘယ်သူက တွေ့နိုင်ဦးမည်နည်း။ဟုတ်ပြီ။ အိမ်အပြန် အမှောင်ထုထဲတွင် သူ့လုပ်ရပ်ကို မည်သူမျှ ရိပ် မိနိုင်မည် မဟုတ်။ အရာခပ်သိမ်း ချောမောပြေပြစ်နေသော သူ့လုပ်ရပ် ကို တွေးပြီး အတော်ပင် ကျေနပ်သွားသည် ။ ကိုယ်ကို ဘေးသို့ ကိုင်းပြီး နောက်ကြည့်မှန်ထဲတွင် သူ့မျက်နှာကို သူ ကြည့်မိသည် ။ သူ တော်

တော် အိုသွားပြီ။ အသားအရေတွေ တွန့်စပြု လာပြီ။ ဆံပင်တွေ ဝဲရော င်သန်းခဲ့ပြီ။ အသက် ၄၀ ကျော်ကတည်းက သူ့ရုပ်ရည်မှာ ပြောင်းလဲစပြုခဲ့သည်

။ ယခု သူ့အသက် ၄၅ နှစ် ရှိပြီ။ တကယ်တော့ ၄၅ နှစ်ဆိုတာ လူလတ်ပိုင်း အရွယ်သာ ရှိသေးသည်

“လူ့ဘဝအစ အသက်လေးဆယ်က’ ဆို မဟုတ်လား။ ကလျာနှင့် အိမ်ထောင်ပြုတုန်းက သားသမီးလိုချင်စိတ် ဖြစ်ပေါ် ခဲ့သ ည် ။ သို့သော် အချိန်လွန်ပေမယ့် ကလျာမှာ သားသမီး မရခဲ့။ သည်

တော့ သူက သူ၏ သုက်ပိုးကို စစ်ဆေးကြည့်သည် ။ ခွဲတ်ယွင်းချက် တွေ့ရသည် ။ သူ့ကိုယ်သူ ကျိန်ဆဲမိသည် ။ သူ့ဘက်က ခွဲတ်ယွင်းသောကြောင့် ကလျာတွင် သားသမီး မရခြင်းသာ ဖြစ်သည် ။ ကလျာ၏ ခွဲတ်ယွင်းချက် မဟုတ်။

နောက်ပိုင်း ကလျာ ဖောက်ပြန်တော့ သူက သူ့နည်းသူ့ဟန်နှင့် က လျာကို ရှင်းပစ်ခဲ့သည် ။ သူ၏ သမိုင်းဝင်မည့် ဆေးပညာ စူးစမ်းရှာဖွေ မှု လုပ်ရပ်ကြီး အတွက် အကျိုးရှိခဲ့သည် ။

ထို့နောက် ဝင်နီဖရက်နှင့် အိမ်ထောင် ထပ်ပြုသည် ။ သည် တစ်ကြိ မ်တွင် ေတာ့ သူက ကလေးလိုချင်စိတ် မရှိတော့။ ရှိလည်း မရနိုင်တော့ ဆိုသည် ကို သူ သိပြီး ဖြစ်သည် ။ ဝင်နီဖရက်မှာ သူနှင့် လက်ထပ်တော့ အရွယ်လွန်နေပြီ ြ ဖစ်သည် ။

သူ့လုပ်ငန်းကြီး အောင်မြင်သွားပြီး နောက်ပိုင်းတွင် တော့ သင့် တော်သော မိန်းမတွေ့လျှင် လက်ထပ်ချင်သေးသည် ။ သူ့ကို လုပ်ငန်းအ ရ၊ လူမှုရေးအရ၊ စိတ်ဓာတ်ရေးရာအရ ကူညီနိုင်မည့် မိန်းမမျိုး ဖြစ်ရမည်။

မကြာမီ တစ်နေ့သောအခါတွင် မိမိ၏ လုပ်ငန်းများကို လူသိရှင်သိလုပ်နိုင်ေသာ အခြေအနေသို့ ရောက်လာလိမ့်မည်။ တစ်နေ့သောအခါ မိ မိ၏ လုပ်ငန်းနှင့် ထိုက်တန်သော ကျော်ကြားမှုကြီးကို မလွဲမသွေ ရရှိလိ မ့်မည်။ ထိုအခါတွင် မှ သူ့လုပ်ငန်းကို လုံးဝ မဖြစ်နိုင် ဟူ၍ သားပုပ်လေ လွင့် ဝေဖန် ပြောဆိုခဲ့ကြသော အရူးများက သူ့ကို ဝိုင်း၍ ဂုဏ်တင် ချီး ကျူးလာကြ လိမ့်မည်။ ခုနစ်နာရီ ထိုးသွားပြီ။ ကားပေါ် မှ ဆင်းလိုက်သည် ။ သေသေချာချာ သော့ခတ်လိုက်သည် ။ ထို့နောက် ဟိုတယ်တံခါးဝသို့ လျှောက်လာခဲ့သည် ။ တံခါးစောင့်က တံခါးဖွင့်ပေးသည် ။ "မင်္ဂလာပါ ဒေါက်တာ၊ ရာသီဥတုကလည်း ေတာ်တော်ဆိုးတယ် နော်"

သူက ခေါင်းညိတ်ရုံမျှသာ တုံ့ပြန်ပြီး ထမင်းစားခန်းထဲ ဝင်လာခဲ့သ ည် ။အခန်းထောင့် စားပွဲလုတ် တစ်လုံးတွင် ထိုင်ပြီး အစားအသောက်နှ င့် ယမကာများ မှာ လိုက်သည် ။ ဝိုင်အရက် ဝင်သွားသောအခါ သူသည် တစ်ကိုယ်လုံး လန်းဆန်းသွားသည် ။ ဦးနှောက်ကလည်း ကြည်လင်လာ သည် ။ ထမင်းကို

အားရပါးရ စားပစ်လိုက်သည် ။ တအားပြည့်သွားသ လို ထင်ရသည် ။ ကက်သလင်း ကိစ္စကို အကြံထုတ်သည် ။ သွေးလွန်ပြီး သေဆုံးခြင်း သဘောမျိုး ရောက်အောင် လုပ်ဆောင်ရမည့် အဆင့်ဆင့် အစီအစဉ်များကို အသေးစိတ် စဉ်းစားသည် ။ စိတ်ကူးထားသော အစီ အစဉ်အတိုင်း ချောချောမောမော ဖြစ်သွားပေလိမ့်မည်။ သူသည် ဘာကို မဆို မသေချာဘဲနှင့် ဘယ်တော့မှ မလုပ်တတ်။ အရာခပ်သိမ်းတွင် စေ့

စပ်သေချာသော သိပ္ပံပညာရှင်၊ အထူးသဖြင့် ဆေးသိပ္ပံပညာရှင် တစ် ယောက် မဟုတ်လား။

သူက စားသောက်ခ ရှင်းရန် ချက်လက်မှတ်ပေါ်တွင် လက်မှတ်ထိုး နေစဉ် သူ့စားပွဲသို့ စားထိုးမှူး အပြေးကလေး ရောက်လာသည် ။ "ဒေါက်တာ ပြဿနာတစ်ခုခုတော့ ပေါ်နေပြီ" သူက ဖောင်တိန်ကိုင်ပြီး စားပွဲထိုးမှူးကို မော်ကြည့်လိုက်၏။ "သိပ်မကြာသေးဘူး ဒေါက်တာ၊ ခုတင်ကလေးတွင် ပဲ ဖြစ်သွားတာ ။ ခပ်ငယ်ငယ် လူတစ်ယောက်က ဒေါက်တာ့ကားနောက်ခန်းနားမှာ ရစ်သီ ရစ်သီ လုပ်နေတာကို တံခါးစောင့်က မြင်တယ်။ အဲဒီလူငယ်က ကား နောက်မြီးဖုံးကို ကမန်းကတန်း ဖွင့်ပြီး အထဲက လက်ဆွဲအိတ်ကို ယူပြေးသွားတယ်။ အချိန်က မြန်လွန်းတော့ တံခါးစောင့်က ဘာမှ မလု ပ်နိုင်ဘူး။ ဝင်းအပြင်ဘက်မှာ ရှိနေတဲ့ ရဲကလည်း မသိလိုက်ဘူး"

ရုတ်တရက် သူ့ပါးစပ် ဟောင်းလောင်းပွင့်သွားသည် ။ ဘာစကား ပြောရမှန်း မသိ ဖြစ်နေသည် ။ အိတ်ထဲမှ ပစ္စည်းတွေကို စဉ်းစားကြည့် လိုက်သည် ။

သွေးစွန်းနေသော စက္ကူ ဖိ ဖန်လုံး၊ အဖုံးပေါ်တင် ဒေါက်တာဆလင်း နာမည်ရေးထားသော ဗင်ကျီ၏ ဆေးမှတ်တမ်းဖိုင်၊ ပြီးတော့ ဖိနပ်တစ်ဖက်။ ။

သူက သတိနှင့် ထိန်းပြီး ပြန်ပြောလိုက်သည် ။ "ကျုပ်အိတ်ကို ပြန်ရနိုင်မယ်လို့ ရဲက ပြောသလား"

"ကျွန်တော်လည်း အဲဒီအတိုင်းပဲ ရဲကို မေးကြည့်ပါတယ် ဒေါက်တာ ။ ဒါပေမဲ့ သူတို့ လည်း အတိအကျ မပြောနိုင်သေးဘူးတဲ့ ။ သူခိုးက အိတ်ထဲက သူ လိုချင်တာ ယူပြီး တစ်နေရာမှာ လွှင့်ပစ်ခဲ့ချင်ရင်လည်း လွှ င့်ပစ်ခဲ့မယ်၊ ဒါမှ မဟုတ် သူနဲ့ တစ်ပါတည်း ယူသွားရင်လည်း ယူသွားနိ ုင်တယ်လို့ သူတို့ ပြောပါတယ်။ တကယ်တော့ အချိန်ကပဲ စကားပြောမှာ ပဲ ဒေါက်တာ"

*****

≈ အခန်း (၄၂)

ကက်သလင်းက အိပ်ရာမဝင်ခင် အဝတ်အစားတွေကို အိတ်ထဲ ထ ည့်သည် ။ မနက်ဖြန်ဆိုလျှင် သူမသည် တစ်ညအိပ် ဆေးရုံတက်ရတော့ မည်။ ဆေးရုံမှာ အိမ်နှင့်ရုံး ခရီးတစ်ဝက်တွင် ရှိသည် ။

ဆေးရုံတက်ရမည့် အရေးကို တွေးပြီး သူမ တော်တော်ကလေး ပျော် နေမိသ ည် ။ သည် ရောဂါ ရှင်းသွားမှ ပဲ တစ်သက်လုံး စိတ်အေးရမည် ဖြစ်သည် ။ သို့မဟုတ်လျှင် ရင်ထဲ အလိုလို လေးနေပြီး ဘာပဲလုပ်လုပ် စိ တ်မဖြောင့်ဘဲ ဖြ စ်နေသည် ။

ထုပ်ပိုး ပြင်ဆင်ပြီးတော့ ရေချိုးခန်းထဲ ဝင်ပြီး သွားတိုက်သည် ။ ပြီးတော့ ခေါ င်းဖြီးပြီး အိပ်ရာထဲ ဝင်လိုက်သည် ။ ခဏကြာတော့ သတိရလာသဖြင့် လက် ဆဲ့အိတ် လှမ်းယူပြီး ဒေါက် တာဟိုက်ဂလေ ပေးထားသော ဆေးပုလင်းကို ယူကာ ဆေးတစ်လုံးကို မျိုချလိုက်သည် ။ ပြီးတော့ စားပွဲပေါ်မှ ရေခွက်ကို လှမ်းယူပြီး ရေနှင့် မျှောချလိုက်သည် ။ ထို့နောက် မီးပိတ်ပြီး မျက်စိ မှတ်လို က်တော့သည် ။

*****

≈ အခန်း (၄၃)

နံနက် လေးနာရီ။ ဒေါက်တာရစ်ချတ်သည် အိပ်မပျော်တော့သဖြင့် အိပ်ရာမှ ထသည် ။

ကော်ဖီ ဖျော်သောက်ရင်း စိတ်ကူးနေသည် ။ ဒေါက်တာဆလင်း ရုတ်တရက် သေဆုံးကြောင်း သူက အစိုးရရှေ့ နေကြီး စကော့ထံ ညနေပိုင်းက ဖုန်းဆက် သတင်းပို့ခဲ့သည် ။ စကော့ က နယူးယောက် ရဲအဖွဲ့သို့ ချက်ချင်း ဖုန်းဆက်ပြီး မိမိတို့ ဌာန၏ စုံစမ်း စစ်ဆေးရေး လုပ်ငန်းများ တွင် လိုအပ်သလို ကူညီရန် မေတ္တာရပ်ခံခဲ့သ ည် ။

မင်နီယာပိုလစ်မြို့ရှိ မစ္စက်ဆလင်းထံ ဖုန်းဆက်သောအခါ မစ္စက်ဆ လင်းက အိမ်မှာ မရှိ။ ရစ်ချတ်သည် မှတ်စုစာအုပ် ထုတ်ပြီး ရေးမှတ်သည် ။ ။ (၁) ဒေါ က်တာဆလင်းက ငါ့ဆီကို ဘာကြောင့် ဖုန်းဆက်တာလဲ။ (၂) ဗင်ကျီက ဒေါက် တာဆလင်းနဲ့ ဘာကြောင့် ချိန်းတာလဲ။ (၃) လစ်ဇနှင့် ဂျင်ဘာကလေတို့ ၏ သမီးကလေး ပြဿနာ။

ဘာကလေတို့ ၏ သမီးငယ်သည် “သော့ချက်” ဖြစ်ပေသည် ။ “ဝက်စ် လိတ် ခ်” သားဖွားဆေးရုံသည် သတင်းကြီးသည့်အတိုင်း လုပ်ဆောင်ချက်များ တ ကယ်ပင် အောင်မြင်ပါသလား။ ဒါမှ မဟုတ် ကိုယ်ဝန်မဆော င်နိုင်သော မိန်း မများ ၊ ကိုယ်ဝန်ပျက်ကျသော မိန်းမများ နှင့် အသေဖွား

သော မိန်းမများအား တခြားလူများ ၏ ကလေးငယ်များကို မွေးစားစေခြင်းဖြ င့် အယောင်ဆောင်ထားသော လုပ်ရပ်မျိုး ဖြစ်လေသလား။ အမျိုးသမီးများ အား ကလေးမမွေးမီ နှစ်လအလိုကပင် ဆေးရုံတ ငထားခြင်းသည် ဘာသ ဘာလဲ။ကလေးတစ်ယောက် မွေးစားဖို့ ဆိုသည် မှာ လွယ်ကူသော အလုပ်မ ဟုတ်ချေ။ သို့သော် ဘာကလေတို့ လင်မယားကတော့ ယင်းနည်းဖြင့် င် က လေးရယူခဲ့ကြသည် ။ ဒေါက်တာ ဟိုက်ဂလေက သူတို့ လင်မယား အား “ခင် ဗျားတို့ အနေနဲ့ ကိုယ့်သွေးကိုယ့်သား ရနိုင်ဖို့ အခြေအနေ ဘ ယ်တော့မှ မရှိ ဘူး။ ဒါပေမဲ့ ရအောင် ကျုပ်လုပ်ပေးနိုင်တယ်။ ပိုက်ဆံ

တော့ အများကြီး ကုန်လိမ့်မယ်။ ဒီကိစ္စ ဘယ်သူမှ မသိအောင် လှို့ဝှက် ထား မှ ဖြစ်မယ်” ဟူ၍ ပြောခဲ့ကြောင်း ပြောခဲ့ပေလိမ့်မည်။

သို့သော် ဗင်ကျီလူးဝစ်ကတော့ တကယ်ပင် ကိုယ်ဝန်ရှိခဲ့သည် ။ ထို့ကြောင့် သူမအနေဖြင့် သူတစ်ပါးကလေးကို မွေးစားရန် မလို။ သူမ သည် ကလေး အ လွန် လိုချင်နေသည် ။ သို့သော် အရှေ့တိုင်းသားရုပ် ပေါက်နေသော ကလေး

မျိုးကို မေးဖွားရဲပါမည်လား။ ဗင်ကျီ၏ မျိုးရိုးတွေ ငံ ဖြစ်စေ၊ ခရစ်၏ မျိုးရိုးတွင် ဖြစ်စေ ယခုလို အရှေ့တိုင်းသား ရုပ်မျိုးနှ င့် သားသမီးတစ်ယောက် ယောက်မျှား မွေးဖွားခဲ့လေသလား။ ဒါတော့ လုံးဝ မဖြစ်နိုင်ဟု သူက ယုံကြည်သည် ။ ပြီးတော့ တရားစွဲမှုမျှား ။ ဒေါက်တာဟိုက်ဂလေအား ဘာကြောင့် တရားစွဲကြသလဲ။ အကြောင်းရင်းကို သိအောင် ရှာရမည်။

ဒေါက်တာဆလင်းသည် ဗင်ကျီ၏ ဒေါက်တာ ဖြစ်ခဲ့ဖူးသည် ။ သူ့ရုံးတွင် သူမနှင့် ပတ်သက်သော ဆေးမှတ်တမ်းများ ရှိမည်။ ယင်းမှတ်တမ်းသည် ခြေရာကောက်ရန် ပထမလုပ်ငန်းပင် ဖြစ်သည် ။

ဗင်ကျီ၏ အလောင်းသည် လေယာဉ်နှင့် ပြန်ရောက် လာပြီ။ သို့သော် ယင်းလေယာဉ်တွင် ခရစ် ပါမလာ။ မနက်ကျရင် အလောင်းကို ပြန်လ ည်စစ်ဆေး ရမည်။ တစ်ခုခုတော့ ထပ်တွေ့နိုင်သည် ။ ယခင် စစ်ဆေး တုန်းက သူ့အနေနှင့် သန္ဓေသားနှင့် ဆိုင်ယာနိုက်အဆိပ် လောင်ထား သော ဒဏ်ရာများကိုသာ အဓိက အာရုံစိုက်ခဲ့သည် ။ ဗင်ကျီသည် စိတ်အလွန် လှုပ်ရှားနေသောကြောင့် လက်မငြိမ်၍ အ ဆိပ်ရည် ဖိတ်ကျသွားတာလား။ သူမသည် ဖန်ခွက်ထဲတွင် အဆိပ်ရည် ဖျော်ထည့်လျှင် ဖန်ခွက်ပေါ် တွင် လက်ဗွေရာတွေ့ ယခုထက် ပို၍ ရှိရမ ည်။ ထို့ပြင် အိပ်ရာပေါ် ရှိ ဖန်ခွက်ဘေးတွင် ဖြစ်စေ၊ တခြား တစ်နေရာ တွင် ဖြစ်စေ အဆိပ်ဆေးမှုန့် ထည့်ထားသော စာအိတ်၊ သို့မဟုတ် ပုလ င်း တစ်ခုခု တွေ့ရမည်။

ယခုတော့ ယင်းအရာတွေကို ဘာမျှ မတွေ့ရ။ နံနက် ငါးနာရီ ခွဲသွားပြီ။

ရစ်ချတ်သည် မီးကို ပိတ်လိုက်သည် ။ စက်ကို ခုနစ်နာရီတိတိမှာ ချထားလိုက်သည် ။ ပြီးတော့ ပြန်အိပ်သည် ။ သူ အိပ်မက်မက်သည် ။ ကက်သလင်းက မစ္စအက်ဒနာ၏ တိုက်ခန်းပြတင်းပေါက်ဝတွင် ရပ်ကာ အပြင်သို့ ကြည့်နေသည် ။

ဒေါက်တာဟိုက်ဂလေက သူမအား တံခါးဝမှ မျက်တောင်မခတ် စို က်ကြည့်နေသည် ။

*****

≈ အခန်း (၄၄)

သောကြာနေ့ နံနက်တွင် ဖိလစ်ကန်နှင်ဂမ်နှင့် ချာလီနဂျင့်တို့ ဦး ဆောင်သော စုံထောက်အဖွဲ့က မစ္စအက်ဒနာ၏ တိုက်ခန်းကို အသေးစိ တ် ထပ်မံရှာဖွေကြသည် ။

မစ္စအက်ဒနာမှာ စာရင်းကိုင် စာရေးမ ဖြစ်သည့်အလျောက် မှတ်စုမှ တ်တမ်းများကို စနစ်တကျ ထိန်းထားသည် ကို တွေ့ကြရသည် ။ သံဗီရို တစ်လုံးထဲ၌ တွေ့ရသော မှတ်တမ်း၊ သို့မဟုတ် သေတမ်းစာမှာ အော က်ပါအတိုင်း ဖြစ်သည် ။

ကျွန်မတွင် မိဘများ ကွယ်လွန်ပြီးကတည်းက သားချင်းဆို၍ တစ် ယောက်သာ ရှိပါတော့သည် ။ သို့သော် ထိုသူသည် ကျွန်မ၏ မိဘများ မကျန်းမမာ ဖြစ်နေစဉ်က သော်လည်းကောင်း၊ ကွယ်လွန်သွားကြသောအခါ၌ သော်လည်းကောင်း လာရောက် သတင်းမေးရန်ကို မဆို ထားဘိ၊ စာကလေးတစ်စောင် ပေးဖော်၊ သတင်းမေးဖော်ပင် မရခဲ့ပါ။ ထို့ကြောင့် ကျွန်မ ကွယ်လွန်သောအခါ ကျွန်မပိုင် ပစ္စည်းများကို ကျွန်မ၏ အရင်းနှီးဆုံး မိတ်ဆွေနှစ်ဦးဖြစ်တဲ့ မစ္စက် ဖစ်ဂျာရယ်နှင့် မစ္စ ဂ်ဂါနာကရပ်ပရှက်တို့ အား ခွဲဝေပေးနိုင်ရန် ဤသေတမ်းစာကို ရေး ထားခဲ့ခြင်း ဖြစ်ပါသည် ။ မစ္စက်ဖစ်ဂျာရယ်သည် ကျွန်မ၏ စိန်လက်စွ ပ်နှင့် အခြားသူ အလိုရှိသော အိမ်သုံးပစ္စည်းများကို ရယူရန် ဖြစ်ပါသည် ။ မစ္စက်ဂါနာကရပ်ပရှက်ကမူ ကျွန်မ၏ စိန်ရင်ထိုး၊ သားမွေးအပေါ် အင်္ကျီနှင့် မစ္စက်ဖစ်ဂျာရယ်မှ မယူသော အိမ်သုံးပစ္စ ည်းများကို ယူရန် ဖြစ်ပါသည် ။ ကျွန်မ၏ အသုဘကိစ္စအတွက်ကိုလ ည်း ကျွန်မ၏ မိဘများ အသုဘကိစ္စကို ဂေကာင်းမွန်စွာဆောင်ရွက်ခဲ့ကြသော အာဇာပိုင်ပုဂ္ဂိုလ်များ နှင့် စီစဉ်ခဲ့ပြီး ဖြစ်ပါသ ည် ။ ကျွန်မသည် ဒေါ်လာ ၁၀၀၀၀ နှင့် အာမခံထားရှိပါသည် ။ ထို့ပြင်မှ ကျွန်မ၏ အသုဘစရိတ်ကို နုတ်၍ ကျန်ငွေကို ကျွန်မ၏ မိဘများ မ ကျန်းမာစဉ်က စေတနာဖြင့် ပြုစုကုသပေးခဲ့သော သူနာပြုရိပ်သာသို့ ပေးလှူစေလိုပါသည် ။

ရှာဖွေရေးအဖွဲ့ဝင်တို့ သည် လက်ဗွေယူခြင်း၊ ဆံပင်နှင့် ချည်မျှင်စများ ရှာဖွေခြင်း၊ ဖောက်ထွင်းဝင်ရောက်မှု သဲလွန်စ ရှာဖွေခြင်းတို့ ကို စနစ်တကျ ပြုလုပ်ကသည် ။ ။အိပ်ခန်းပြတင်းပေါက်ဝမှ ပန်းစိုက်အိုးဘေးတွင် အစွန်းအထင်းရာ တစ်ခုကို ရုတ်တရက် မြင်လိုက်ရသောကြောင့် ဖိလစ်က မျက်မှောင်ကြုတ်ကာ သေသေချာချာ ကြည့်ရှုသည် ။ ထို့နောက် တိုက်ခန်းနောက်ဘက် သို့ သွားပြီး အနေအထား ပျက်နေသော ရေခဲလှောများကို စေ့စေ့စပ်စပ် စ စ်ဆေး

ကည့်ရှုကြသည် ။ "ဖြစ်နိုင်တယ်ဗျ၊ ဖြစ်နိုင်တယ်" သူက ချာလီအား ပြောလိုက်သည် ။ "တစ်ယောက်ယောက်က ပြတင်းပေါက်ကို ကျော်တက်ပြီး ဝင်တာဖစ်ရမယ်။ ဒါပေမဲ့ မြေကြီးက ရေခဲဖုံးနေလို့ အထောက်အထား ပြဖို့ တော့ မလွယ်ဘူး" ထို့နောက် သူတို့ သည် အနီးနားဝန်းကျင်မှ တိုက်ခန်းများ သို့ ဝင်ရောက်၍ မေးမြန်းစုံစမ်း ကြသည် ။ မေးခွန်းကတော့ တစ်ခုတည်းပင် ဖြစ်သည် ။

"အင်္ဂါနေ့ ညက ဒီတစ်ဝိုက်မှာ သူစိမ်းတစ်ယောက်ယောက်များ မြင် လိုက်မိကြသလား"

မမြင်မိသူက များ သည် ။ ထိုညက လလည်း မရှိ။ ဆီးနှင်းလည်း တော်တော်ကျသည် ။ ပြီးတော့ အရွက်မဖြတ်ရသေးသော ပန်းချဉ် တွေက လည်း ရှိနေသည် ။ တိုက်အရိပ်ကလည်း ရှိသည် ။ နောက်ဆုံး တိုက်ခန်းတစ်ခုတွင် အမျိုးသမီးတစ်ဦးအား မေးမြန်းနေတုန်း ဆယ့်တ စ်နှစ်သားအရွယ် ကလေးတစ်ယောက် အိမ်သို့ ထမင်းစား ပြန်လာသည်

ထိုကလေးက ဝင်ပြောသည် ။ "လူတစ်ယောက် ကျွန်တော့်ကို မေးတယ်။ မစ္စအက်ဒနာ အခန်းဘ ယ်မှာ တဲ့ လဲ။ မေမေက သားကို အိပ်ရာမဝင်ခင် ခဏလမ်းလျှောက်ခိုင်း တယ် မဟုတ်လား။ အဲဒီတုန်းက ကျွန်တော် တွေ့လိုက်တာပေါ့" "အဲဒီအချိန်ဆိုရင် ကိုးနာရီခွဲလောက် ရှိလိမ့်မယ်" ကလေး၏ မိခင်က ပြောပါသည် ။ "အဲဒီတုန်းက သားက မေမ့ေကို ဘာလို့ မပြောတာလဲ" "သားက ဘယ်သိမလဲ မေမေရဲ့ ။ သူက ကားပေါ်က ဆင်းပြီး လျှောက်လာတယ်။ “မစ္စအက်ဒနာအခန်း ဘယ်မှာ လဲ” လို့ သားကို မေးတော့ သားက လက်ညှိုးထိုးပလိုက်တာပေါ့" "သူ့ရုပ်က ဘယ်လိုလဲ"

ချာလီက မေးသည် ။ "သူက တော်တော်ချောတယ်။ ဆံပင်က အနက်၊ အရပ်ရှည်ရှည်၊ ကားကလည်း တော်တော် ကောင်းတယ်၊ ခွက်ဗလက်ကား"ချာလီနှင့် ဖိလစ်တို့ က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လို က်ကြသည် ။ "ခရစ်လူးဝစ်ပဲ ဖြစ်ရမယ်" ချာလီက ကောက်ချက်ချလိုက်သည် ။

*****

≈ အခန်း (၄၅)

ကက်သလင်းသည် သောကြာနေ့ နံနက် ခုနစ်နာရီခန့်တွင် ရုံးသို့ ရောက် လာ ပြီး သူမ စွဲချက်တင်ရမည့် အမှုကို ပြန်လည် ဖတ်ရှုနေသ ည် ။ တရားခံများမှာ ၁၈ နှစ်နှင့် ၁၇ နှစ်အရွယ် ညီအစ်ကိုနှစ်ယောက် ဖြစ် သည် ။ စွဲချက်က စာသင်ကျောင်း နှစ်ကျောင်းကို မီးရှို့ ဖျက်ဆီးမှု၊ စုစု ပေါင်း စာသင်ခန်း ၁၂ ခန်း တိတိ မီးလောင်ပျက်စီးသွားသည် ။

ရှစ်နာရီခွဲတွင် အတွင်းရေးမှူး စာရေးမ မော်ရိန်းသည် ကော်ဖီယူ ကာ ရုံးခန်း ထဲသို့ ဝင်လာသည် ။ ကက်သလင်းက မော်ရိန်းအား မော့ကြည့်လျက် - "ဒီလူ ဆိုးလေး နှစ်ယောက်ကိုတော့ နောင်ကြဉ်သွားအောင် ပညာ ပေး လိုက်ရ တော့မှာ ပဲ။ မီးရှို့တာကလည်း ပျော်လို့ ရှို့တာတဲ့ လေ။ တော့ပဲ ကြည့်စမ်းပါ ဦး။ ဘယ်လောက်များ မေတ္တာပျက်ဖို့ ကောင်းလို က်သလဲ ဆိုတာ။ မိဘတွေ က ကျောင်းတွေ ဆောက်ဖို့ ပိုက်ဆံတွေ မရှိမဲ့ ရှိမဲ့ ပေးကြရတယ်။ သူတို့ က တော့ ပျော်လို့ ကျောင်းကို မီးတင်ရှို့ကြသ တဲ့ ။ တော်တော့်ကို ဆိုးရွားတဲ့ အဖြစ်ပဲ။ ဒါဟာ သာမန်ရာဇဝတ်မှု မဟု တ်ဘူး ။ သာမန် ရာဇဝတ်မှုထက် ကြီးကျယ်တဲ့ ရာဇဝတ်မှုပဲ"

မော်ရိန်းက ကက်သလင်းအတွက် ကော်ဖီငဲ့ပေးသည် ။ "ကျွန်မတို့ ရပ်ကွက်ထဲက ကျောင်းတစ်ကျောင်းလည်း ပါသွားတယ်မမရဲ့ ။

ကျွန်မတို့ အိမ်နီးချင်းကလေးတွေ တက်နေတဲ့ ကျောင်းပေါ့။ ဆ ယ်နှစ်သား ကျောင်းသားလေးတစ်ယောက် ဆိုရင် သိပ်ပြုပဲ့အတွက် နေ ရောင်ခြည် ယူ ပေးတာနဲ့ ပတ်သက်ပြီး ဓာတ်ခွဲခန်းထဲမှာ လပေါင်းများ စွာ စမ်းသပ်ထားတာ ပြီးခါစပဲ ရှိသေးတယ်။ ခုတော့ အဲဒါတွေ အားလုံး မီးထဲ ပါသွားပြီလေ။ ဘ ယ်လောက်များ ရင်နာစရာ ကောင်းလိုက်သလဲ

ကက်သလင်းက သူမ လျှောက်လဲချက် စာရွက်ဘေးတွင် ရေးမှတ် ထားလိုက် ပြီးနောက် -

"ကျေးဇူးပဲ မော်ရိန်း၊ စွဲချက်အတွက် ထပ်ဆင့် အချက်အလက် တစ် ခု ရတာ ပဲ" "ဒါနဲ့ မမ ."

မော်ရိန်းက ဆက်မပြောဘဲ စကားကို ရပ်ထားလိုက်သည် ။ သူမ မျက်နှာညှိုး သွားသည် ကို ကက်သလင်းက သတိပြုလိုက်မိသ ည် ။ "ဘာပြောမလို့ လဲဟင် မော်ရိန်း" "ဟို .. ဟို .. ကျွန်မ ကလေးအကြောင်း ရီတာက မမကို ပြောပြတယ်

"ဟုတ်ပါတယ်၊ မမကို သူ ပြောပြတယ်။ မမ စိတ်မကောင်းပါဘူး ညီမရယ်"

"ဒီအဖြစ်ကို ကျွန်မ မေ့ပစ်ဖို့ အမြဲ ကြိုးစားပါတယ် မမရယ်။ ဒါပေမဲ့ ဘယ်လို မှ မေ့လို့ မရအောင် ဖြစ်နေပါတယ်။ အခုတစ်ခါ ဗင်ဂျီကီစ္စ ဖြစ် လာပြန်တော့ သတိရအောင် ဖော်ပေးသလို ဖြစ်ရပြန်တယ် မမရယ်"

ကက်သလင်းက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရာမှ - "မမ ကိုယ်ချင်း စာပါတယ် မော်ရိန်း။ မမလည်း ဂျွန် ဆုံးသွားတော့ သူ့ကိုယ်ဟန်းကလေး တစ်ယောက် လိုချင်လိုက်တာ မပြောပါနဲ့ တော့။ ဒါ ပေမဲ့ ပူမနေပါနဲ့ ညီမရယ်။ တို့ က အချိန်အရှယ် ရှိပါသေးတယ်။ ကံ ကောင်းရင် သားသမီး ရနိုင်ပါသေးတယ်။ မမ ပြောတာ မဟုတ်ဘူးလား"

မော်ရိန်း၏ မျက်လုံးအစုံတွင် မျက်ရည်တွေ ဝိုင်းလာသည် ။ "ဟုတ်ပါတယ် မမရယ်၊ ဒါပေမဲ့ ဗင်ဂျီအကြောင်း တွေးမိတိုင်း .." ထိုအခိုက် စားပွဲပေါ်မှ တယ်လီဖုန်း မြည်လာသည် ။ ကက်သလင်းက တယ်လီဖုန်းကို ကောက်ကိုင်ကာ နားထောင်လိုက် သည် ။ စကော့ထံမှ ဖြစ်သည် ။ "မင်း ရောက်နေမှ ကိုး၊ အတော်ပဲ။ ငါ့အခန်း ခဏလောက် လာခဲ့ပါ လား" "ဟုတ်ကဲ့၊ ကျွန်မ ခုချက်ချင်း လာခဲ့ပါ့မယ်" သူမက ထိုင်ရာမှ ထရပ်လိုက်ပြီး - "မမကို စကော့ ခေါ် နေတယ်။ ဒီကိစ္စ နောက်မှ ဆက်ဆွေးနွေးကြ တာပေါ့၊ ဟုတ်လား"

သူမသည် မော်ရိန်းအား ချစ်ခင်ကြင်နာစွာဖြင့် ပခုံးနှစ်ဖက်ကို ဖက် ယမ်းလိုက်ပြီးနောက် အခန်းထဲမှ ထွက်လာခဲ့သည် ။ စကော့သည် ပြတင်းပေါက်တွင် ရပ်ကာ အပြင်သို့ လှမ်းကြည့်နေသည် ။ ကက်သလင်း အခန်းထဲ ဝင်လာတော့ သူက လှည့်ကြည့်ပြီး -

"အိုဒင်ဒယ် ညီအစ်ကိုအမှုကို ဒီနေ့ မင်း စွဲချက်တင်ရမယ် မဟုတ် လား" "ဟုတ်ကဲ့၊ ဒီအမှုကတော့ ကျွန်မတို့ ဘက်က အပိုင်ပါပဲ" "ဘယ်လောက် ကြာမလဲ" "ဒီနေ့ တစ်နေကုန်မှာ ပဲ။ သူတို့ က အကျင့်စာရိတ္တ သက်သေတွေလည်း ခေါ် ထားတယ်။ ဒါပေမဲ့ ကျွန်မတို့ ဘက်က စွဲချက်ကို မချေဖျက်နိုင် ပါဘူး"

"ဟုတ်ပါတယ်၊ မင်းကို သူတို့ မလွှန်နိုင်ပါဘူး။ မင်းဘက်က ပိုင်နေ ပါတယ်။ ဒါနဲ့ ဒေါက်တာဆလင်းအကြောင်း မင်း သိပြီးပြီလား"

"ဟို . ရစ်ချတ်ဆီ ဖုန်းဆက်တဲ့ မင်နီယာပိုလစ်က ဒေါက်တာဆလင်းကို ပြောတာလား။ သူ ဘာဖြစ်လို့ လဲ။ ကျွန်မ ဘာမှ မသိရသေးဘူး။ ဒီနေ့မနက် ဘယ် သူနဲ့မှ ဖုန်းမဆက်ရသေးဘူး။ အိပ်ရာ က နိုးနိုးချင်း ရုံးကို တန်းလာခဲ့ပြီး အိုဒင်ဒယ်အမှုတွဲကို ပြန်ဖတ်နေတာ"

"သူက မနေ့က ညနေ အင်္ဂါဆင်္ဂါဟိုတယ်မှာ လာတည်းတယ်။ သူ ရောက် လာပြီး မိနစ်ပိုင်း အတွင်းမှာ ပဲ ပြတင်းပေါက်က လိမ့်ကျပြီး သေဆုံးသွားတ ယ်။ လိမ့်ကျတာလား၊ တွန်းချခံရတာလား ဆိုတာတော့ အတိအကျ မသိရ သေးဘူး။ နယူးယောက် ရဲအဖွဲ့က လိုက်နေတုန်းပဲ ရှိ သေးတယ်။ တိုက်တိုက် ဆိုင်ဆိုင် မနေ့က ညနေမှာ ပဲ ဗင်ကျီလူးဝစ် အ

လောင်းကိုလည်း မင်နီယာပိုလစ်ကနေ လေယာဉ်နဲ့ ပြန်တင်လာတယ်။ ဒါပေ မဲ့ အဲဒီလေယာဉ်ပေါ်မှာ ခရစ်လူးဝစ် ပါမလာဘူး"

"ဆရာ ဘာကို ဆိုလိုတာပါလဲ၊ ကျွန်မ သဘောမပေါက်သေးလို့ ပါ။

"ငါ ဆိုလိုတာက ခရစ်လူးဝစ်ဟာ လာဂ္ဂါဒီးယားကို သွားတဲ့ လေယာ ဉ်နဲ့ လို က်သွားတာ ဖြစ်ရမယ်။ အဲဒီကမှ နယူးယောက်ကို ဝင်လာတာ ဖြ စ်ရမယ်။ အဲ ဒါဆိုရင် တို့ ဘက်က ကျိန်းသေပေါက် တွက်လို့ ရပြီပေါ့။ ဗ င်ကျီဟာ သူ့ကိုယ် သူ သတ်သေတာ မဖြစ်နိုင်ဘူး။ အက်ဒနာလည်း သတ်

သေတာ မဖြစ်နိုင်ဘူး။ အခု နောက်ဆုံး ဒေါက်တာဆလင်း သေပြန်ပြီ။ ဒါလ ည်း မတော်တဆ လိမ့်ကျတာ မဖြစ်နိုင်ဘူး။ တစ်ယောက်ယောက် က တွန်းချ တာ ဖြစ်ရမယ်"

"ကျွန်မတော့ ခရစ်လူးဝစ် သတ်တာလို့ လုံးဝ မထင်ဘူး။ သူ ဒီလို လူစားမျိုး မဖြစ်နိုင်ဘူး။ အခု သူ ဘယ်မှာ ရှိနေမယ် ထင်သလဲ" စကော့က ပခုံးနှစ်ဖက် ကို တွန့်လိုက်ပြီး - "နယူးယောက်မြို့ထဲ တစ်နေရာရာမှာ ပုန်းနေမှာ ပေါ့။ သူ့အဆက် ကောင်မလေးကို အပ်လိုက်ရင် အားလုံး သိရမှာ ပါ။ အဲဒီ သူငယ် မက အခု ဖလော်ရီဒါ ရောက်နေတယ်။ ဒီနေ့ည လေယာဉ်နဲ့ ပြန်လာဖို့ ရှိတ ယ်။ မင်း ဒီညနေ အားမလား"

ကက်သလင်းက ခေတ္တ စဉ်းစားနေပြီးတော့မှ - "ကျွန်မ ဒီအပတ် ရက်အားမှာ တော့ အနားယူမှ ဖြစ်တော့မယ် ဆ ရာ။ ကျွန်မ တော်တော် ပင်ပန်းနေပြီ။ ဘာကိုမှ လေးလေးနက်နက် စဉ်း စားလို့ မရအောင် ဖြစ်နေပြီ။ ဒါပေမဲ့ အခု ကျွင်းမီးရှို့မှုကိုတော့ ပြီးအောင် လိုက်သွားပါ့မယ်။ အချက်အလက်တွေလ ည်း အားလုံး ခိုင်ခိုင်လုံ လုံ ရထားပြီးသားပါ။ ဒီနေ့ အမှုပြီးရင်တော့ ကျွန်မ နှ စ်ရက်လောက် အ နားယူပါရစေ ဆရာ" စကော့က ကက်သလင်းအား စိုက်

ကည့်နေသည် ။

ပြီးတော့မှ -

"ဒီတစ်ပတ်လုံးလုံး ရုံးကို မလာပါနဲ့ လို့ မင်းကို ငါပြောသားပဲ။ မင်း ရုပ် ကြည့်ရတာ ဖြူဖပ်ဖြူရော်နဲ့ အားနည်းနေသလိုပဲ။ ကောင်းပြီလေ၊ ဒီအမှုကိုတော့ ပတ်အောင် ကိုင်သွားပေါ့ ဟုတ်လား။ နောက်အပတ်ဆို ရင် ဗင်ကျီအမှုနဲ့ ပတ်သက်ပြီး လက်မလည်အောင် အလုပ်များ လိမ့်မယ်။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ တို့ ကြည့်ပြီး လုပ်လိုက်မယ်။ ကျောင်းမီးရှို့မှုက

တော့ မင်းဘက်က သေချာပေါက်နိုင်မှာ ပါ" "သေချာပါတယ် ဆရာ" "ကျန်းမာရေးအတွက်တော့ အထွေထွေ စမ်းသပ်စစ်ဆေးမှု လုပ်လို က်ရင် ကောင်းလိမ့်မယ်"

"ဟုတ်ပါတယ်၊ လာမယ့် စနေနေ့မှာ ဆရာဝန်နဲ့ တွေ့ဖို့ စီစဉ်ထားပြီးပါပြီ"

"ကောင်းတယ်၊ ကောင်းတယ်" ထို့နောက် ကက်သလင်းသည် သူမ၏ ရုံးခန်းသို့ ပြန်လာခဲ့သည် ။ အ ချိန်မှာ ကိုးနာရီပင် ထိုးတော့မည်။ တရားရုံးသို့ သွားရန် အချိန် ရောက်နေပြီ။

သူမသည် ဒေါက်တာဟိုက်ဂလေ ပေးထားသော ဆေးလုံးများကို သ တိရမိသည် ။ လွန်ခဲ့သော ညက တစ်လုံးသောက်ခဲ့သည် ။ သည် နေ့ မနှ က် ၆ နာရီက လည်း တစ်လုံး သောက်လာခဲ့သည် ။ သည် နေ့တွင် သုံး နာရီခြားစီ သောက်ရန် စီတ်ကူးထားသည် ။ တရားရုံးမသွားခင် ယခု တစ်လုံးထပ် သောက်လျှင် ကောင်းမည်ဟု စဉ်းစားမိသည် ။ ထို့ကြောင့် စားပွဲပေါ် တွင် ရှိနေသေးသော ကော်ဖီခွက်ကို ကောက်ယူပြီး ကော်ဖီလက်ကျန်နှင့် ဆေးတစ်လုံး မျှောချလိုက်သည် ။ ထို့နော က် စားပွဲပေါ် မှ အမှုတွဲဖိုင်ကို ကောက်ယူလိုက်သည် ။

သူမ၏ လက်ချောင်းထိပ်ကို စက္ကူစွန်း ရှသွားသဖြင့် စစ်ခနဲ နာကျင် မှုကို ခံစားလိုက်ရသည် ။ သို့ဖြင့် စားပွဲအံဆွဲထဲမှ စက္ကူပျော့တစ်စယူပြီး လက်ထိပ်မှ အနာပေါ် တွင် ပတ်စည်းလိုက်သည် ။ ပြီးတော့ ရုံးခန်းထဲမှ ကမန်းကတန်း ထွက်လာခဲ့သည် ။

နောက်နာရီဝက်ခန့် အကြာတွင် တရားခွင်၌ လူစုံ ရောက်ရှိနေကြပြီ

တရားသူကြီး ဝင်ရောက်လာသောအခါ ကက်သလင်းကလည်း အမျှား နည်းတူ ထိုင်ရာမှ ထရပ်လိုက်သည် ။ ထိုအချိန်တွင် သူမလက်မှ အနာပတ်စက္ကူမှာ သွေးတွေ စိုရွဲနေဆဲပင် ရှိသေးသည် ကို သတိပြုလို က်မိသည် ။

*****

≈ အခန်း (၄၆)

အက်ဒနာဘန်း၏ အသုဘကို သောကြာနေ့ နံနက် ၁၁ နာရီတွင် စိန့် ဖရန့်စစ်ဇေဗီးယား ကျောင်းတော်၌ သရဏာဂုံတင်ကာ ကျောင်းတော်အ နီးရှိ သချိုင်းတွင် မိဘများ ၏ မြေပုံနှင့် ကပ်လျက် မျှုပ်နှံသင်္ဂြိုဟ်လိုက် သည် ။ မစ္စက် ကရပ်ပရှက်နှင့် မစ္စက်ဖစ်ဂျာရယ်တို့ သည် တစ်ယောက် လက်ကို တစ်ယော က် ကိုင်ကာ သချိုင်းအထိ လိုက်ပို့ကြသည် ။ အသုဘ ချပြီးတော့ ဘုန်းတော်ြ ကီး ဒေါကင်က အမျိုးသမီးကြီး နှစ်ယောက်တို့ အား ကားရပ်ထားသော နေ ရာအထိ လိုက်ပို့သည် ။ "ဒကာမကြီးတွေ ကော်ဖီသောက်လိုက်ကြပါဦးလား" ဟု ဘုန်းတော်ကြီးက ဖိတ်ခေါ် သည် ။ ။ "နေပါစေ ဘုရား၊ တပည့်တော်မမှာ အလုပ်လုပ်စရာ ရှိနေသေးလို့ ပါ။ တပည့်တော်မက အက်ဒရာနေရာမှာ လူစားမရမချင်း ဝင်လုပ်နေရ ဦးမှာ ပါ ဘုရား။ ပြီးတော့ ဒီနေ့ နေ့လယ်ပိုင်း မှာ ဒေါက်တာနှစ်ယောက် စလုံး လူနာတွေ ချိန်းထားတာလည်း ရှိပါသေးတ ယ်"

ဟု မစ္စက်ဖစ်ဂျာရယ်က ပြန်ပြောသည် ။ မစ္စက်ကရပ်ပရှက်က - "ဘုန်းဘုန်း ကားနဲ့ တပည့်တော်မ လမ်းကြုံလိုက်ပါရစေ ဘုရား။ မ စ္စက်ဖစ်ဂျာရယ်နဲ့ လို က်သွားရင် သူ အလုပ်နောက်ကျနေမှာ စိုးလို့ ပါ"

"လိုက်ခဲ့ပါ၊ လိုက်ခဲ့ပါ၊ ရပါတယ်" မစ္စက်ကရပ်ပရှက်က မစ္စက်ဖစ်ဂျာရယ်ဘ က်သို့ လှည့်ပြီး - "ဒီနေ့ ညစာ ကျွန်မတို့ နဲ့ အတူတူ လာစားပါလား။ အသားဖ ပါင်း ငံး ကောင်းလို့ ပါ။

မစ္စက်ဖစ်ဂျာရယ်က အလုပ်ပြီးလျှင် သူမ တစ်ယောက်တည်း နေ သော တိုက် ခန်းဆီသို့ ပြန်ရမည့် အရေးကို တွေးပြီး စိတ်လေးနေသည် နှင့် အဆင်သင့် ဖြ စ်သွားသဖြင့် မစ္စက်ကရပ်ပရှက်၏ ဖိတ်ခေါ် ချက်ကို လှယ်လှယ်ကူကူပင် လ က်ခံလိုက်သည် ။ ပြီးတော့ သူမက မစ္စအက်ဒနာအကြောင်းကိုလည်း မိတ်ဖ ဆွတစ် ယောက်နှင့် အေးအေးဆေးဆေး ပြောချင်နေသည် ။ မစ္စအက်ဒနာ၏ အ သုဘသို့ ဒေါက်တာ ဟိုက်ဂလေရော၊ ဒေါက်တာဖူဂီတိုပါ တစ်ယောက်မျှ မလာကြသည် ကိုလည်း သူ လုံးဝ မကျေနပ်။ ဒေါက်

တာဖူဂီတိုထံမှ ပန်းကုံးတော့ ပို့သည် ။ သို့သော် မိမိတို့ ဆေးရုံမှ အရေး ပါဖ သာ အမှုထမ်း တစ်ယောက်၏ အသုဘသို့ တာဝန်ရှိ ဆရာဝန်ကြီး နှ စ်ယော က်စလုံး လုံးဝ မလာရောက် နိုင်သည် ကိုတော့ သူမအနေဖြင့် ဘ ယ်နည်းနှင့်

မျှ ခွင့်မလွှတ်နိုင်။ တွေးကြည့်မိလျှင် ရှက်စရာလည်း ကောင်းသည် ဟု သူမ က ယူဆသည် ။ ။

ထို့ပြင် မစ္စအက်ဒနာ ပြောခဲ့တဲ့ စကားတစ်ခွန်းနှင့် ပတ်သက်၍ လ ည်း သူမ ခေါင်းထဲ မရှင်းမလင်း ဖြစ်နေရာ မစ္စက်ကရပ်ပရှက်နှင့် ဆွေး နွေးလိုက်လျှင် ယင်းကိစ္စလည်း ရှင်းလင်းသွား နိုင်သည် ဟု မျှော်လင့်မိ သည် ။

မစ္စက်ကရပ်ပရှက်နှင့် ဘုန်းတော်ကြီး ဒေါကင်တို့ အား နှုတ်ဆက်ပြီး နောက် ကားပေါ် တက်ကာ စက်နှိုးလိုက်သည် ။ သူမ၏ စိတ်သည် ရုတ်တရက် ဒေါက် တာ ဟိုက်ဂလေဆီသို့ ရောက်သွားသည် ။ ဒေါက်တာ ဟို က်ဂလေ၏ မျက်နှာ ကို မြင်ယောင်လာသည် ။

သူ့မျက်လုံးတွေက ငါးမျက်လုံးလို ပြူးကျယ် အေးစက်နေကြသည် ။သူက ငှါ အပေါ်မှာ တော့ ကောင်းရှာသားပဲ။ ဗုဒ္ဓဟူးနေ့က အက်ဒနာ အလောင်းကို သွားကြည့်ကြတော့ သူက ငါ စိတ်လှုပ်ရှားနေတာ အကဲခ တ်မိလို့ စိတ်ငြိမ်ဆေးတောင် တိုက်လိုက် သေးတယ်။ ဒါပေမဲ့ အဲဒီညက သူ့အမူအရာ အကဲခ တ်ရတာ တစ်မျိုးကြီးလိုပဲ။ သူက ငှါအတွက် ရေယူ ဖို့ သွားတော့ ငါက အား နာပြီး သူ့နောက်က မသိမသာ လိုက်သွားတယ်။ သူက ရေအိုးခေါင်းကို ဖွင့်ပြီးတော့ အက်ဒနာရဲ့ အိပ်ခန်းထဲ ဝင်သွားတ ယ်။ နောက်ကို လုံးဝ လှည့်မကြည့်ဘူး။ ဒါနဲ့ ငါက ဆက်မသွားတော့ဘဲ ခပ်လှမ်းလှမ်းက ရပ်ကြည့်နေလိုက်တယ်။ သူဟာ အင်္ကျီအိတ်ထဲက လ က်ကိုင်ပဝါထုတ်ပြီး အက်ဒနာရဲ့ ခုတင်ဘေးက စားပွဲအံဆွဲကို ဖွင့်တာ တွေ့ရတယ်။

အဲဒီအချိန်မှာ ဒေါက်တာရစ်ချတ်ကာရိုး လှေကားလာတော့ သူက စားပွဲကို ဆတ်ခနဲ ပြန်ပိတ်လိုက်ပြီး လက်ကိုင်ပဝါကို အင်္ကျီအိတ်ထဲ က မန်းကတန်း ပြန်ထည့်လိုက်တယ်။ ပြီးတော့ အခန်းတံခါးဝကို ပြန်လှေကား လာပြီး ဘာမှ မဖြစ်သလို ဟန်မပျက် ရပ်နေတယ်။

ငါက သူတို့ နှစ်ယောက် လှုတ်လှုတ်လပ်လပ် ပြောချင်ရာ ပြောကြပါ စေဆိုပြီး ဧည့်ခန်းထဲ ပြန်လာခဲ့တယ်။ ဒေါက်တာဟိုက်ဂလေက အဲဒီ စားပွဲထဲက ဘာ ကို လိုချင်တာလဲ။ လိုချင်တာရှိရင် တခြားလူတွေကို

ပြောပြီးတော့ ဘာလို့ မယူတာလဲ။ လူမသိ သူမသိ ဘာလို့ တစ်ယောက် တ ည်း တိတ်တိတ်ကလေး သွားဖွင့်ရတာလဲ။ အံဆွဲဖွင့်တော့လည်း ဘာဖြစ်လို့ သူ့လက်ထဲမှာ လက်ကိုင်ပဝါ အုပ်ပြီး ဖွင့်ရတာလဲ။ အက်ဒနာ အခန်းက သူ့လက်နဲ့ မထိချင်လောက်အောင် ညစ်ပတ်နေတယ် ထင် လို့ လား။ ဒါလည်း လုံးဝ မဖြစ်နိုင်သေးပါဘူး။ အက်ဒနာလောက် သန့်ရှ င်းတာ ကြိုက်တဲ့ လူ အက်ဒနာပဲ ရှိတယ်။

ဒေါက်တာဟိုက်ဂလေက လူဆန်းတော့ လူဆန်းပဲ။ သူ့ကို အကဲခတ် ရတာ လွယ်တော့ မလွယ်ဘူး။ ငါလည်း သူ့ကို အက်ဒနာ ကြောက်သလို ကြောက် တာပဲ။ အက်ဒနာရဲ့ နေရာမှာ ငါ့ကို အမြဲတမ်း ခန့်ပေမယ့် ငါ တော့ မလုပ်နိုင် ဘူး။ ထို့နောက် သူမသည် ကားကို သုသာန်ထဲမှ လမ်းမပေါ်သို့ မောင်းထွ က် လာခဲ့သည် ။

*****

≈ အခန်း (၄၇)

အသက်ဝိညာဉ် ကင်းမဲ့နေသော ဗင်ဂျီလူးဝစ်၏ အလောင်းကို ရင်ခွဲ ရုံထဲမှ ခု တင်ပေါ် တွင် စန့်စန့်ကြီး တင်ထားသည် ။ရင်ခွဲရုံ လက်ထောက်က ဗင်ဂျီ၏ ကိုယ်ပေါ် တွင် လွှမ်းထားသော ပိုး သားဝတ်ရုံလွှာကို ခွာလိုက်သည် ။ သရဏာဂုံတင်စဉ်က ရုပ်မပျက်သေး ဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဟန်ဖြင့် တစ်မျိုး လှနေခဲ့သော သူမ၏ ရုပ်သွင်မှာ ယခုအခါ ကုန်ပဒေသာတိုက် မှန်ပြ ပတင်းမှ ဖက်ရှင်မယ် ရုပ် တုန့်သာ တူနေတော့သည် ။

တစ်ချိန်က စိုအိပြောင်လက်နေသော သူမ၏ ရွှေဝါရောင် ဆံပင်များ မှာ လ ည်း ယခုအခါ မွဲခြောက်ခြောက်ဖြင့် ကောက်ရိုးမျှင်များ လို့ သာ ထင်ရတော့ သည် ။ ဒေါက်တာရစ်ချတ်သည် ဗင်ဂျီ၏ အဝိညာဏက ရုပ် ခန္ဓာကို တစိမ့်စိ မ့် ကြည့်နေရင်းမှ သူတော်စင် စိန့်ဖရန်စစ်ဘော်ဂျာ အကြောင်းကို သွား၍ သတိရမိသည် ။ စိန့်ဖရန်စစ်ဘော်ဂျာသည် အသ က်ထင်ရှား ရှိစဉ်က အလွန်အလွန် ချောမောလှပသော အမျိုးသမီးတစ်

ယောက်၏ အသုဘအလောင်းကောင်ကို မြင်ရပြီးသည့်နောက် မတည်မြဲ သော သခ်ါရသဘောတရားကို ဆင်ခြင်မိသောကြောင့် တရား ရုံး ရှေ့နေဘဝ ကို စွန့်လွှတ်ကာ ရဟန်းဘောင်သို့ ဝင်သွားခဲ့သည် ။

ဒေါက်တာရစ်ချတ်သည် သူ့အတွေးကို သူ သတိရမိသောကြောင့် စိတ်အာရုံ ကို လောလောဆယ် ပြဿနာပေါ် သို့ အတင်း ပြောင်းလဲလိုက် သည် ။ သူသ ည် အင်္ဂါနေ့ ညနေက ဗင်ဂျီ၏ အလောင်းကို စစ်ဆေးရာတွင် ဂ အချက်တစ်ချ က် မေ့ကျန်နေရစ်ခဲ့သည် ။ ထိုအချက်ကို ယခုမှ သတိပြုမိလေသည် ။ ထိုအ ချက်မှာ ဗင်ဂျီ၏ ခြေထောက်နှင့် ပတ်သက် နေသည် ။

ဆယ့်ငါးမိနစ်ခန့်မျှ စစ်ဆေးကြည့်ရှုပြီးသောအခါ ထိုအချက်ကို သူ တွေ့ရှိရ သည် ။ ယင်းအချက်မှာ တခြားမဟုတ်။ ဗင်ဂျီ၏ လက်ဝဲဘက် ခြေထောက်ပေါ် မှ ခြစ်ရာကို မျက်စိလျှမ်းသွားခဲ့ခြင်း ဖြစ်သည် ။ ယင်း ခြစ်ရာမှာ အသားမ ကျက်သေးဘဲ လောလောလတ်လတ်ပင် ရှိသေးသည် ။ ယင်းအချက်သည် တွေးစရာ ဖြစ်သည် ။ ဗင်ဂျီသည် မသေမီ မိနစ်ပိုင်း အတွင်းတွင် သူမ၏ ခြေ ထောက်ကို တစ်ခုခုနှင့် ခြစ်မိခဲ့ခြင်း ဖြစ်နိုင်သ ည် ။

သူမ သေဆုံးပြီးနောက် သူမ၏ အိမ်သို့ သွားရောက်၍ စစ်ဆေးရာ တွင် ကား ဂိုဒေါင်ထဲမှ သံချွန်တစ်ခုတွင် သူမ၏ အဝတ်မှ ချည်မျှင်တစ်စ ကို စုံထောက် ချာလီက အမှတ်မထင် တွေ့ရှိခဲ့သည် ။ ယင်းချည်မျှင်မှာ သူမ သေဆုံးစဉ်က

ဝတ်ထားသော အဝတ်မှ ချည်မျှင်နှင့် အတူတူ ဖြစ် နေသည် ။ ဤအချက်မှာ လည်း စဉ်းစားစရာ ဖြစ်သည် ။ ဒေါက်တာရစ် ချတ်သည် ရင်ခွဲရုံ လက်ထောက်ဘက်သို့ ရုတ်တရက် လှည့်ပြီး ပြောလို က်သည် ။

"သူ့ သေတုန်းက ဝတ်ထားတဲ့ အဝတ်အစားတွေကို ပြန်ဝတ်ပြီး စစ် ဆေးကြည့်ဦးမယ်။ အဲဒီတော့ အဲဒီအဝတ်တွေ သွားယူပြီး သေတုန်းက အတိုင်း ပြန်ဝတ်ပေးလိုက်ပါ။ အဆင်သင့်ဖြစ်တော့ ငါ့ကို လာပြော"

ထို့နောက် သူသည် ရုံးခန်းသို့ ပြန်လာခဲ့ကာ စားပွဲတွင် ဝင်ထိုင်လိုက်သည် ။ ပြီးတော့ မှတ်စု စာအုပ်ထဲ၌ အောက်ပါအတိုင်း ရေးမှတ်လို သည်။

သေတုန်းက စီးထားသော ဖိနှိပ်သည် ခြေဖမိုးလုံ ဖိစုပ်ဖိနပ် ဖြစ်သ ည် ။ ထို့ကြောင့် ခြေထောက်တွင် ဒဏ်ရာခြစ်မိသော အချိန်တွင် ဖိနပ် ကို စီထားတာလုံ။ ဖြစ်နိုင်။ ။

ထို့နောက် သူသည် ညတုန်းက မှတ်ထားခဲ့သော မှက်ဖျားများကို ပြန် လည် ဖတ်ရှုသည် ။ ဘာကလေဘို့ ၏သမီလေး။ သည် ကိစ္စကိုလည်း ဆက်လက် စုံစမ်းရမည်။ ဂျင်ကလေးကို ခေါ်ပြီး မေးကြည့်ရမည်။ သူတို့ ကလေးသည် ကောင်းဖြစ်ကြောင်း အမှန်အတိုင်း ဝန်ခံခိုင်းရမည်။ သည်လို လုပ်တော့ ကောဘာထူးမှာမို့လဲ။ သူတို့အတွက်တော့ မထူးနိုင် ။

သို့သော် သည် ပြဿနာကြောင့် ရုံတစ်ခု လုံး စုံစမ်းစစ်ဆေးရေး ဝင်လာနိုင်သည် ။ ဤသို့ဖြင့် ဝက်စ်လိတ်၌ သားဖွားဆေးရုံ တစ်ခုလုံး၏ အလိမ်အညာ လုပ်ရပ်တွေ တူသလို တော့မည်။ သူတို့ ၏ အလိမ်အညာ လုပ်ရပ် ပေါ်နိုင်အောင် တစ်ယောက်ယောက်က စိန်ညိုးနည်းဖြင့် ဖုံးဖိ ကာကွယ်ရန် ကြိုးစားနိုင်သည်။

ယင်းအချက်ကို ရှင်းရှင်းလင်းလင်း သိမှ ဖြစ်မည်။

ထို့ပြင် ဗင် ဂျီ၏ ရောဂါအခြေအနေနှင့် ပတ်သက်သော ဒေါက်တာ ဆလင်း၏ မှတ်တမ်းကိုလည်း စစ်ဆေးကြည့်ရမည်။ သည် အချိန်လောက်ဆိုလျှင် ကားအနေဖြင့် ဒေါက်တာ ဆလင်း၏ ရုံးနှင့် အဆ အသွယ် ရောက်ပြီ။

သို့ဖြင့် သူသည် စကော့၏ ရုံးခန်းသို့ ချက်ချင်း ဖုန်းကောက်ဆက်သည်။

"ခင်ဗျား ဒေါက်တာဆလင်းရဲ့ သူနာပြုဆရာမနဲ့ စကားပြောပြီးပြီ လား" "ပြောပါပြီး ပြီ၊ သူ့ မိန်းမနဲ့ လည်း ပြောရတယ်။ သူတို့ နှစ်ယောက်စလုံး တော့ အကြီးအကျယ် စိတ်မကောင်း ဖြစ်နေကြတယ်။ သူတို့ က ဒေါက် တော့ သတင်းကြားရတော့ လုံးဝ မယုံကြည်နိုင်အောင် ဖြစ်တယ်။ ဒေါက် တော့်မှာ သွေး

တိုးရောဂါ လုံးဝ မရှိဘူး။ နှလုံးရောဂါလည်း လုံးဝ မရှိဘူး။ ငွေရေး ကြေးရေး ပြဿနာလည်း လုံးဝ မရှိဘူးလို့ သိရတယ်။

သူ့အနေနဲ့ ဘာအကြောင်းကြောင့်မှ ကိုယ့်ကိုယ်ကို သတ်သေစရာ မ ရှိဘူး ဆိုပြီး သူတို့ က ကျိန်တယ်ပြီးတောင် ပြောကြတယ်။ ပြီးတော့ ဒေါက်တာဟာ မကြာခင်မှာ တစ်ပြည်လုံး ခရီးလှည့်ပြီး ခြောက်လတိတိ ဟောပြောပွဲတွေကို လုပ်ဖို့ တောင် အစီအစဉ်တွေ လုပ်ထားပြီးပြီလို့ ပြောတယ်။ အဲဒီတော့ ကျုပ် အနေနဲ့ တော့ ဒီအမှုကို ကိုယ့်ကိုယ်ကို သတ် သေမှုလို့ လုံးဝ မထင်ဘူး" "ဒါနဲ့ ဗင်ကျိန့် ပတ်သက်ပြီး သူနာပြုဆရာမဆီက ဘာတွေများ ရ သေးသလဲ"

"သူနာပြု ဆရာမ ပြောတာကတော့ မနေ့ မနက်က ဗင်ကျိရဲ့ ဆေးမှ တ်တမ်း ကို ဒေါက်တာက သူ့ဆီမှာ တောင်းတယ်။ အဲဒီနောက် သူ လေ ယာဉ်ပျံနဲ့ ခရီးမထွက်ခင် တစ်ယောက်ဆီကို အဝေးပြော တယ်လီဖုန်း ခေါ်တယ်လို့ ြေ ပါတယ်" "အဲဒါ ကျွန်တော့်ဆီ ခေါ်တာဖြစ်မယ်"

"ဖြစ်နိုင်တယ်၊ ဒါပေမဲ့ သူက တခြားတစ်ယောက်နဲ့ လည်း ပြောစရာ ရှိသေး တယ်လို့ ဆရာမကို ပြောသေးတယ်။ ဒါပေမဲ့ အချိန် မရှိတော့တာနဲ့ လေယာ ဉ်ကွင်းရောက်မှ ပဲ ဆက်တော့မယ်လို့ ပြောသွားသတဲ့ "

"အဲဒီတော့ ဆရာမဆီက ဗင်ကျိရဲ့ ဆေးမှတ်တမ်း ပို့လိုက်ပြီလား။ အဲ ဒါ ကျွန်ေ တာ် ကြည့်ချင်တယ်"

"ဆေးမှတ်တမ်းက ကျုပ်တို့ ဆီမှာ မရှိဘူး။ ဒေါက်တာ ယူသွားတယ် လို့ ဆရာမ ပြောတယ်။ သူ့အတက်ချီကော့စ်ကိုတော့ ဟိုတယ်က သူ့အခါ နီးထဲ မှာ တွေ့ရတယ်။ ဒါပေမဲ့ ဗင်ကျိရဲ့ ဆေးမှတ်တမ်း ဖိုင်ကိုတော့ အဲဒီ အထဲမှာ မတွေ့ရဘူး။ ဒါနဲ့ ခင်ဗျား စဉ်းစားစရာ အချက်တစ်ချက် ကျုပ်ပြောမယ်။ ေ သသေချာချာ စဉ်းစားကြည့်ပါ။ မနေ့က ဒေါက်တာဆလင်း နယူးယောက်ကို ထွက်သွားပြီး မိနစ်ပိုင်းအတွင်းမှာ ပဲ ခရစ်လူးဝစ်က ဒေါက်တာ့ရုံးခန်းကို ဖုန်း လှမ်းဆက်တယ်တဲ့ ။ သူက ဒေါက်တာနဲ့ တွေ့ ချင်တယ်လို့ ပြောတော့ ဆရာမက ဒေါက်တာ ခရီးထွက်သွားတယ်၊ ဒေါ က်တာနဲ့ စကားပြောချင်ရင်ေ တာ့ နယူးယောက်ကို လှမ်းဆက်ပါဆိုပြီး ဒေါက်တာ့ ဖုန်းနံပါတ်ကို ပေးလိုက် တယ်။ ဒီမယ် ရစ်ချတ်၊ ကျုပ် ပြောချ ငိတာကတော့ ကျုပ်တို့ လူးဝစ်ကို ဒီည အမိဖမ်းဖို့ ပဲ"

"အဲဒီတော့ ခင်ဗျား ဆိုလိုတာက လူးဝစ်ဟာ အဲဒီဖိုင်တွေကို ဖျောက် ဖျက်ပစ် ချင်တဲ့ သဘောပေါ့။ ကျွန်တော်တော့ အဲဒီလို မထင်ဘူး"

"ဒါပေမဲ့ တစ်ယောက်ယောက်ကတော့ အဲဒီဖိုင်တွဲကို လိုချင်နေတာ သေချာ တယ်ဗျ။ အဲဒါကတော့ ဘယ်လိုမှ ငြင်းလို့ မရဘူး" ရစ်ချတ်သည် ဖုန်းကို ပြန်

ချလိုက်သည် ။

တစ်ယောက်ယောက်ကတော့ အဲဒီဖိုင်တွဲကို လိုချင်နေတာ သေချာ တယ်ဗျ။

အဲဒါကတော့ ဘယ်လိုမှ ငြင်းလို့ မရဘူး။

အင်း .. ဗင်ဂျီရဲ့ ဆေးမှတ်တမ်းဖိုင်။ ဆေးမှတ်တမ်းဖိုင်။ အဲဒီအထဲမှာ ဘာတွေ ရှိတယ်ဆိုတာ ဘယ်သူမှ မသိဘူး။ သိတာကတော့ အဲဒီဖိုင် ယူလာတဲ့ ဒေါက်တာတစ်ယောက် သေခြင်းဆိုးနဲ့ သေသွားရပြီ။ ဒါပဲ သိရတယ်။ သိရတာကလည်း ဘာမှ မပြည့်စုံဘူး။ သံ သယ ဝင်စရာကြီးပဲ။

ဒါနဲ့ ဒေါက်တာဟိုက်ဂလေကိုရော ဘယ်လိုစဉ်းစားမလဲ။ ကက်သ လင်းကတော့ စိတ်ရောဂါကု ဆရာဝန်ကိုပဲ သံသယ ဝင်နေတယ်။ တက ယ်တော့ ဒေါက်တာဟိုက်ဂလေက ဝက်စ်လိတ်ခ် နာမည်ခံပြီး နယူးဂျာစီ ပြည်နယ်က ပြောင်းလာတဲ့ ပုဂ္ဂိုလ်။ သူ့နောက်ကြောင်း သမိုင်းက သိပ်မရှင်းဘူး။

ဆက်စပ်နေသမျှ အကြောင်းအရာတွေကို မီးခိုးကြွက်လျှာက် စဉ်း စားစရာတွေ တစ်ခုပြီး တစ်ခု ပေါ် လာတယ်။ မာဂျီပေးထားသော လိပ် စာနှစ်ခုကို ရုတ်တရက် သတိရလာသည် ။ စားပွဲပေါ် တွင် ကမန်းကတန်း မွှေနှောက်ရှာဖွေပြီး စာရွက်တစ်ရွက်ကို ဆွဲထုတ်လိုက် သည် ။ လွဲမှားစွာ ကုသမှုနှင့် ပတ်သက်ပြီး ဒေါက်တာဟိုက်ဂလေအပေါ် မကျေနပ်၍ တရားစွဲဆိုခဲ့သော ပုဂ္ဂိုလ်နှစ်ယောက်။

အန်ထော်နီကောဇဲ၊ အိုးလ်ဒ်ကန်ထရီးလမ်း၊ ပီပဒရစ်။

အန်နာဟိုရန်၊ ၄၁၅၊ ဝေါလ်နပ်လမ်း၊ ရိတ်ချ်ဖီးလ်ပတ်ခ်။

ဒေါက်တာရစ်ချတ်သည် ရုံးတွင်း တယ်လီဖုန်းကို ကောက်ကိုင်ပြီး မာဂျီထံသို့ လှမ်းဆက် လိုက်သည် ။

"မာဂျီ၊ ဒေါက်တာဟိုက်ဂလေကို တရားစွဲထားတဲ့ အမှု နှစ်မှု ရှိတယ် မဟုတ်လား။ ဒီမှာ ငါ့ဆီမှာ မင်းပေးထားတဲ့ သူတို့ လိပ်စာတွေ ရှိတယ်။

သူတို့ ဆီ ဆက်ပြီး ငါ့ဆီ အကျိုးအကြောင်း ပြန်ပြောစမ်းပါ"

နောက် အတော်ကလေး ကြာတော့မှ ရုံးခန်းထဲသို့ မာဂျီဝင်လာသ ည် ။ "ကဲ ဆိုစမ်းပါဦး၊ သူတို့ ဆီ ဆက်လို့ ရသလား" "ဟုတ်ကဲ့၊ ရပါတယ် ဆရာ။ အန်ထော်နီကာခဲ့ကတော့ လိပ်စာ ဟောင်းမှာ မရှိတော့ဘူး။ မနှစ်ကတည်းက မစ်ရှီဂန်ကို ပြောင်းသွားပြီ တဲ့ ။ ဒါနဲ့ ကျွန်မက အိမ်နီးချင်း အမျိုးသမီးတစ်ယောက် နဲ့ အဆက်အ သွယ်ရတယ်။ သူပြောလို့ သိရတာက မစ္စတာကောဒွါရဲ့ မိန်း

မက ကိုယ်ဝ နဲ့ဆောင် ရောဂါနဲ့ ဆုံးသွားတယ်။ အဲဒါကို ရိုးရိုးဆုံးတာ မဟုတ်ဘူး ဆိုပြီး ဆရာဝန်ကို တရားစွဲတယ်။

ဒါပေမဲ့ တရားရုံးက အမှုကို ပယ်ချလိုက်တယ်။ ကျွန်မနဲ့ စကားပြော တဲ့ အမျိုးသမီးက ဒီကိစ္စကို တော်တော် စိတ်ဝင်စားတယ် ဆရာမ။ မစ္စ က်ကောဒ္ဒါဟာ ဆရာဝန်နှစ်ယောက်ဆီမှာ သွားပြီး အစမ်းသပ်ခံတော့ သူ့အနေနဲ့ တစ်သက်လုံး ကလေးမရနိုင်တော့ဘူးလို့ ဆရာဝန်တွေကပြောလိုက်သတဲ့ ။ ဒါနဲ့ သူက ဝက်စ်လိတ်ခ်ဆေးရုံကို သွားပြတော့မှ မကြာခင်မှာ ပဲ ကိုယ်ဝန်ရှိလာတယ်။ ဒါပေမဲ့ ကိုယ်ဝန်ရှိတဲ့ နေ့ကစပြီး မကျန်းမမာ ဖြစ်လိုက်တာ ကိုယ်ဝန်လေးလလည်း ရရော အသက်ပါ တ စ်ပါတည်း ဆုံးရှုံးသွားတော့တာပဲတဲ့ " ။

"အဲ ... အဲဒါပဲ ငါ သိချင်နေတာ။ ဒါတို့ အတွက် အရေးကြီးတဲ့ သဲလွန် စပဲ။ တို့က ဆေးရုံမှတ်တမ်းတွေကို ဆိုင်ရာကတစ်ဆင့် တောင်းကြည့် ဖို့ပဲ လိုတော့တယ်။ ကဲ ပြီးတော့ မစ္စက်ဟိုရန်အကြောင်း ပြောစမ်းပါဦး

"သူနဲ့ မတွေ့ဘူး ဆရာ၊ သူ့ယောက်ျားနဲ့ ပဲ တွေ့တယ်။ သူ့ယောက်ျားက ဥပဒေကျောင်းသား၊ ရတ်ဂါးစ်ကောလိပ်မှာ တက်နေတယ်။ သူ့မိန်း မက ကွန်ပျူတာဌာနတစ်ခုမှာ အလုပ်လုပ်နေတယ်လို့ ပြောတာနဲ့ ကျွန် မ တယ်လီဖုန်းနံပါတ် ပေးပါလို့ တောင်းတယ်။ ဒီမှာ ကျွန်မမှာ တယ် လီဖုန်းနံပါတ် ရှိပါတယ်။ ကျွန်မ လှမ်းဆက်ရမလား ဆရာ" "ကဲ ဆက်ကြည့်စမ်းပါ"

မာဂျိသည် ဒေါက်တာရစ်ချတ်၏ တယ်လီဖုန်းကို ကောက်ကိုင်ကာ မစ္စက်ဟိုရန်ထံသို့ လှမ်းဆက်သည် ။

"မစ္စက်ဟိုရန်ပါလား၊ ခဏလေးစောင့်ပါရှင်။ ဒေါက်တာရစ်ချတ်နဲ့ စ ကားပြောပါပါရှင်"

ဒေါက်တာရစ်ချတ်က မာဂျိထံမှ ဖုန်းကို လှမ်းယူလိုက်ပြီး - "မစ္စက်ဟိုရန်ပါလား" "ဟုတ်ပါတယ်ရှင် " "ဒီကိစ္စက ဒီလိုပါ မစ္စက်ဟိုရန်၊ မှားယွင်းကုသမှုနဲ့ ပတ်သက်လို့ ဒေါ က်တာဟိုက်ဂလေကို မစ္စက်ဟိုရန် တရားစွဲခဲ့ဖူးတယ် ဆိုတာကို ကျွန်

တော်တို့ သိရပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး နည်းနည်းပါးပါး မေးချ ငစရာလေးတွေ ရှိလို့ ပါ။ အဲဒါ မစ္စက်ဟိုရန် အချိန်ရမယ်ဆိုရင် ...." "ဟုတ်ကဲ့ရှင်၊ ဖြစ်တော့ဖြစ်ပါတယ်။ ဒါပေမဲ့ တယ်လီဖုန်းနဲ့ ပြောလို့ တော့ မဖြစ်ပါဘူး" "ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ် မစ္စက်ဟိုရန်။ ကိစ္စက အရေးတကြီး ဖြစ်နေလို့ ပါ။ ဖြစ်နိုင်ရင် ဒီနေ့ ရုံးဆင်းတော့ ကျွန်တော့် ရုံးခန်းကို ကျေးဇူးပြုပြီး ဝင်ခဲ့စေချင်ပါတယ်"

"ဟုတ်ကဲ့၊ ဖြစ်ပါတယ်၊ ကျွန်မ ဝင်ခဲ့ပါ့မယ်" ဒေါက်တာရစ်ချတ်က ရုံးလိပ်စာနှင့် ဘယ်လို လာရမည် ဆိုသည် ကို ပြောပြသောအခါ မစ္စက်ဟိုရန်က -

"ဒေါက်တာ့ရုံးခန်းကို ကျွန်မ လာတတ်ပါတယ်။ ငါးနာရီခွဲမှာ ကျွန်မ ဆက်ဆက် လာခဲ့ပါ့မယ်"

တစ်ဖက်မှ ဖုန်းပြန်ချသွားသည် ။ ။ ရစ်ချတ်က မာဂျီအား ကြည့်ပြီး ပခုံးကို တွန့်လိုက်သည် ။ "သူက သိပ်တော့ ကူညီချင်ပုံ မရဘူး။ ဒါပေမဲ့ လာတော့ လာပါလိမ့်မယ်။

ထိုအချိန်တွင် နေ့လယ် ၁၂ နာရီ ထိုးပြီ။ ရစ်ချတ်သည် တရားရုံးတွင် လျှောက်လဲချက် တင်နေသော ကက်သလင်းထံသို့ သွား၍ နှစ်ယောက် အတူ နေ့လယ်စာ သွားစားမည်ဟု ဆုံးဖြတ်လိုက်သည် ။ သူက ဒေါက် တာဟိုက်ဂလေနှင့် ပတ်သက်၍ သိချင်တာတွေကိုလည်း ကက်သလင်း ထံတွင် မေးမြန်းကြည့်ချင်သည် ။ ကက်သလင်းသည် တမြန်နေ့က ဒေါ် က်တာဟိုက်ဂလေနှင့် သွားတွေ့ဆုံခဲ့သည် ။ သူမက ဘယ်လိုမျှား ထင်မြင်ချက် ပေးမလဲ။ "ဝက်စ်လိတ်ခ်' ဆေးရုံနှင့် ပတ်သ က်၍ မသက်သာစရာ တစ်ခုခု ရှိနေပြီ ဆိုတာကို သူမ အနေနှင့် သဘောတူ နိုင်ပါ့မလား။ ကလေးမွေးဖွားခြင်းနှင့် ပတ်သက်၍ ငသာ်လည်းကောင်း၊ ကိုယ်ဝန်ဆောင်မှား မကြာခဏ သေဆုံးခြင်းနှင့် ပတ်သက်၍ သော် လ ည်းကောင်း မသက်သာစရာ တစ်ခုခုတော့ အမှန်ပင် ရှိနေပြီ။

ဤအချက်ကို သူက ခြွင်းချက်မရှိ ယုံကြည်ထားသည် ။ တရားရုံးသို့ ရစ်ချတ်ရောက်သွားချိန်တွင် တရားခွင်၌ ကက်သလင်းမှ တစ်ပါး မည်သူမျှ မရှိတော့။ ကက်သလင်းသည် အစိုးရ ရှေ့နေစားပွဲ ၌ ထိုင်ကာ မှတ်စုများကို စိတ်ဝင်စားစွာ ဖတ်ရှုနေသည် ။ ရစ်ချတ်က စားပွဲရှေ့တွင် သွားရပ်မှ သူမက ခေါင်းကို မော့ကြည့်သည် ။

ရစ်ချတ်က နေ့လယ်စာ သွားစားရန် ခေါ်တော့ သူမက ခေါင်းခါပြ သည် ။

"ကျွန်မ စားချင်စိတ်တောင် မရှိဘူး ရစ်ချတ်။ ဒီအမှုကြောင့် ခေါင်းမ ဖော်နိုင်အောင် ဖြစ်နေပြီ။ တရားခံတွေက တရားခွင်ထဲ ရောက်တော့မှ မူလဖြောင့်ချက်ကို ပြန်ပြီး ငြင်းဆိုကြတယ်။ ကျောင်းကို မီးရှို့တာ သူတို့ မဟုတ်ဘူး ။ တခြားလူ တစ်ယောက်ယောက် ရှို့တာပါ ဆိုပြီး ဇောင်လိ မ်နေကြတယ်။ ဂျူရီအဖွဲ့ကလည်း သူတို့ ဘက် ပါချင်သလိုလိုပဲ။ သူတို့ ကို ကျွန်မ ပြန်လှန် မေးခွန်းမေးပြီး ချေဖျက်ရဦးမယ်"

သူမက မှတ်စုများကို ပြန်ကြည့်နေပြန်သည် ။ ရစ်ချတ်က သူမကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်နေသည် ။ သူမ၏ အသားအရေသည် ယခင်ကနှင့် လုံးဝ မတူတော့။ သွေးရောင်မဲ့ကာ ဖြူ ဖပ်ဖြူရော် ဖြစ်နေသည် ။ သူ့ကို ကြည့်သော

မျက်လုံးအရောင်တွေကလ ည်း အားနည်းလှသည် ။ သူမ၏ လက်ခလယ်ထိ ပ်တွင် စက္ကူပတ်ထား သည် ကို ရစ်ချတ်က သတိပြုမိလိုက်သည် ။ သူက သူမ၏ လက်ကို ညင် သာစွာ ကိုင်ကာ စက္ကူပတ်ကို ခွာလိုက်သည် ။

"အို .. အဲဒါ မခွာနဲ့ ၊ သွေးတွေ ထွက်လာလိမ့်မယ်။ စက္ကူ၊ ဇောင်း ရှ တာပါ။ တစ်မနက်လုံး သွေးတွေ ထွက်နေတယ်"ရစ်ချတ်က ဘာမျှ ပြန်မပြောဘဲ စ က္ကူပတ်ကို ခွာကာ ဒဏ်ရာကို သေသေချာချာ ကြည့်သည် ။ ဒဏ်ရာမှ သွေး တွေ ထွက်လာသည် ။ စ က္ကူပတ်ကို ပြန်ပတ်ပြီး သားရေကွင်းနှင့် စည်းထားလို က်သည် ။

"ဘာမှ မလုပ်နဲ့ ။ ဒီအတိုင်း ထားလိုက်။ နောက် မိနစ်နှစ်ဆယ်လော က် ဆိုရ င် လုံးဝ သွေးတိတ်သွားလိမ့်မယ်။ ဒါနဲ့ ကက်သလင်း၊ မင်းမှာ သွေးခဲတဲ့ ရော ဂါ ရှိသေးသလားဟင်"

"ဟုတ်ကဲ့၊ နည်းနည်းတော့ ရှိသေးတယ်။ ဒါပေမဲ့ ဒီကိစ္စ ထားလိုက် ပါဦး ရစ် ချတ်။ လောလောဆယ်တော့ အခုကိစ္စအတွက်ပဲ ကျွန်မ စိတ်ပူ နေတယ်။ ဒီ အမှုကို ကျွန်မ လက်လွတ်မခံနိုင်ဘူး"ရစ်ချတ်က ကိုယ်ကိုကုန်းကာ ကက်သ လင်းအား သိုင်းဖက်လိုက်သည် ။

ပြီးတော့ သူမ၏ ဦးခေါင်းကို သူ့ရင်ဘတ်တွင် အပ်ကာ သူမ၏ ဆံပ င်မျှားကို သူ့နှုတ်ခမ်းဖြင့် ပွတ်နမ်းရင်း - "ကက်သလင်း၊ ငါ့စိတ်ထဲမှာ ရှိတာကို အမှန် အတိုင်း ပြောပါရစေ တော့။ ဒီအပတ် စနေ၊ တနင်္ဂနွေမှာ မင်း ဘယ်ပဲသွား သွား၊ ငါ ပြော တာကိုတော့ သေသေချာချာ စဉ်းစားစေချင်တယ်။ မင်းကို ငါ ချစ်မိ နေပြီ။ မင်းကို ငါ ယုယုယယ ပြုစုချင်ပြီ။ မင်းမှာ တခြားလူ ရှိနေတယ် ဆိုရင်လည်း အဲဒီလူနဲ့ ပြိုင်ပြီး မင်းမေတ္တာကို အရယူမှာ ပဲ။ အတိတ် က ဖြစ်ရ ပ်တွေကိုတော့ မေ့ပစ်လိုက်ပါတော့ အချစ်ရယ်။ ပစ္စုပ္ပန်သက် သက်ကိုပဲ ရှု ကပါစို့နော်"

ကက်သလင်းက ဘာမျှ ပြန်မပြောဘဲ ရစ်ချတ်၏ ရင်ခွင်တွင် ပါးပြင် အပ်ပြီး ငြိ မ်နေသည် ။ ရစ်ချတ်က ဆက်ပြောသည် ။ "ဒီအမှုအတွက် ဘာမှ မပူနဲ့ ။ လုပ် စရာရှိတာသာ ဆက်လုပ်ပါ။ မင်း ဘက်က နိုင်မှာ သေချာပါတယ်။ လာမယ့် စနေ၊ တနင်္ဂနွေ နှစ်ရက်တော့ကောင်းကောင်း အနားယူလိုက်ပါ။ တနင်္လာ နေ့ကျတော့ ဗင်ဂျီရဲ့ အမှုနဲ့ ပတ်သက်ပြီး ငါတွေ့ထားတဲ့ အချက်ကို မင်းကို ပြော ပါပြမယ်။ အဲဒီတော့ မှ မင်းရဲ့ ထင်မြင်ချက်ကို ပေးပါ"

သူမသည် အနွေးထည် အပေါ်အင်္ကျီ ဝတ်ထားသည့် ကြားမှ တစ်မန က်လုံး ချမ်းစိမ့်နေခဲ့ရာမှ ယခု ရစ်ချတ်၏ ရင်ငွေ့ကို လှုံရသောအခါတွင် မူ နွေးနွေးေ

ထူးထူး ရှိလာခဲ့သည် ။ ရစ်ချတ်က သူ့ရင်ဘတ်ပေါ်တွင် အ ပ်ထားသော သူမ၏ဦးခေါင်းကို အသာအယာ ပြန်ဆွဲလိုက်သည် ။

ထို့နောက် ပြန်ထွက်သွားရန် ခြေလှမ်းပြင်လိုက်သည် ။ ကက်သလင်းက ရစ်ချတ် လက်ကို ရုတ်တရက် လှမ်းဆွဲထားလိုက်ပြီး သူမ၏ မျက်နှာတွင် ကပ်ထားလိုက်သည် ။ ပြီးတော့ ရစ်ချတ်၏ မျက်နှာကို မော့ကြည့်ကာ တိုးတိုးကလေး ပြော လိုက်သည် ။ "တနလ်ာနေ့နော်" "ဟုတ်တယ်၊ တနလ်ာနေ့" ထို့နောက် ရစ်ချတ် အခန်းထဲမှ ပြန်ထွက်သွားသည် ။

*****

≈ အခန်း (၄၈)

မစ္စအက်ဒနာ၏ တိုက်ခန်းကို ရှာဖွေစစ်ဆေးပြီးနောက် ချာလီနှင့် ဖိ လစ်တို့သည် မစ္စက်ကရပ်ပရှက်၏ တိုက်ခန်းသို့ လာခဲ့ကြသည် ။ သူတို့ ရောက်သွားချိန်တွင် မစ္စက်ကရပ်ပရှက်မှာ အက်ဒနာ အသုဘမှ ပြန် ရောက်ခါစ ရှိသေးသည် ။ "သူ့အခန်းကို ကျွန်တော်တို့ အားလုံး ရှာဖွေပြီးသွားပါပြီ" ချာလီက မစ္စက်ကရပ်ပရှက်အား ပြောပြသည် ။ "အခုချိန်က စပြီး အန်တီတို့ ဝင်နိုင်၊ ထွက်နိုင်ပါပြီ" သူက မစ္စအက်ဒနာ ရေးထားခဲ့သော စာကို ထုတ်ပြပြီးနောက် - "ဒါပေမဲ့ ဒီစာဟာ သေတမ်းစာသဘော သက်ရောက်၊ မရောက် သေ ချာအောင် စစ်ဆေး ကြည့်ရဦးမယ်။ ပစ္စည်းကတော့ ဒေါ် လာတစ်ထော င်တောင် မတန်ပါဘူး။ ဘာပဲဖြစ်ဖြစ် အဲဒီလက်စွပ်နဲ့ ရင်ထိုးကို ရချင်းရ ရင် အန်တီတို့ ပဲ ရမယ်လို့ ကျွန်တော် ထင်ပါတယ်။ တခြား အိမ်ထောင် ပစ္စည်းတွေကိုလည်း အန်တီနဲ့ မစ္စက်ဖစ်ဂျာရယ်တို့ ပဲ ခွဲဝေယူရမှာ ပဲ။ ဒီ ကြားထဲမှာ တော့ ပစ္စည်းတွေကို မပြောင်းရွေ့ပါနဲ့ ဦး။ ဒီအတိုင်းပဲ ခဏ ထားပါဦး။ အန်တီတို့ နှစ်ယောက် ခွဲဝေယူသင့်တဲ့ အချိန်ကျတော့ ကျွန် တော်တို့ က တရားဝင် အကြောင်းကြားပါ့မယ်" ထို့နောက် သူတို့ နှစ်ယောက်သည် ဓာတ်ခွဲခန်းသို့ လာခဲ့ကြပြီး အက်ဒနာ၏ အိပ်ခန်း ကြမ်းပြင်မှ တွေ့ရှိရသော သဲမှုန့် ဖုန်မှုန့်များ ၊ ပြတင်းဝ တွင် ထားရှိသော ပန်းအိုးနှင့် မြေကြီး နမူနာများကို ဓာတ်ခွဲခန်း တာဝန် ခံအား ပေးအပ်သည် ။

ဖိလစ်က ဓာတ်ခွဲခန်း တာဝန်ခံအား - "အဲဒါတွေကို သေသေချာချာစစ်ဆေးကည့်ပါ။ ဦးစားပေး လုပ်ငန်း အနေနဲ့ လုပ်ပေးပါ"

ဟု ညွှန်ကြားပြီးနောက် စကော့၏ ရုံးခန်းသို့ လာခဲ့ကြသည် ။ စကော့သည် ၎င်းတို့ အား အသင့်စောင့်နေသည် ။ အခင်းဖြစ်ပွား သော အဂၢါနေ့ညက အက်ဒနာ၏ တိုက်ခန်းဝန်းကျင်ကို ခရစ်လူးဝစ် ရောက်ရှိခဲ့ကြောင်း သိရသော အခါ စကော့က အလွန် ကျေနပ်သွားသ ည် ။

"ဒီအတိုင်းဆိုရင် ဒီအပတ်အတွင်းမှာ ဒီလူဟာ နေရာတကာ ရောက် နေတာပဲ။ သူ ရောက်သွားတဲ့ နေရာတိုင်းမှာ လည်း လူတစ်ယောက် ယောက် သေဆုံးသွားတာချည်းပဲ။ ဒီနေ့ မနက်က ရီတာကို ကျုပ် နယူး ယောက်ကို လွှတ်ပြီး စုံစမ်းခိုင်းခဲ့သေးတယ်။ ခရစ်လူးဝစ်ရဲ့ ဓာတ်ပုံ တ စ်ပုံကိုလည်း ပေးလိုက်တယ်။ အက်ဆက်ဟိုတယ်က တံခါးစောင့်နှစ်

ယောက်က သူ့ဓာတ်ပုံကို မြင်မြင်ချင်း မှတ်မိကြတယ်။ အဲဒီနေ့က ခရစ် လူးဝစ်ကို ညနေ ငါးနာရီလောက်က ဟိုတယ်ည့်ခန်းမှာ သူတို့ မြင်လို က်ရတယ်

လို့ အရိပ်အမြဲက် ထွက်ဆိုကြတယ်။ ဒီတော့ ကျုပ်တို့ လုပ်ရမှာ က သူ့ကို ဖမ်းဝရမ်း ထုတ်ဖို့ ပဲ ကျန်တော့တယ်"

ထိုအခိုက် စားပွဲပေါ်မှ တယ်လီဖုန်း မြည်လာသည် ။ "ဟုတ်ကဲ့၊ ဗယ်လီခရိုင် အစိုးရ ရှေ့နေရုံးကပါ။ ဟုတ်ပါတယ်၊ ကျုပ်ပါပဲ"

သူက စကားပြောခွက်ကို လက်ဝါးနှင့် အုပ်ကာ - "ခရစ်ရဲ့ အဆက် ကောင်မလေးဆီ သူ ဖလော်ရီဒါက လှမ်းဆက်နေတာ"

ထို့နောက် လက်ကို ပြန်ခွာပြီး - "ဟုတ်ပါတယ်၊ ကျုပ်တို့ ကပ္ပတိန်လူးဝစ်နဲ့ တွေ့ချင်နေပါတယ်။ အ ခု ဘယ်မှာ ရှိတယ်ဆိုတာ ခင်ဗျား သိပါသလား"

ချာလီနှင့် ဖိလစ်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည် ။ စကော့က မျက်မှောင်ကုတ်ပြီး နားထောင်ရာမှ - "ဟုတ်ကဲ့ .. ဟုတ်ကဲ့၊ အလွန်ကောင်းတဲ့ အစီအစဉ်ပါပဲ။ သူ ဒီနေ့ ည နေ ခုနစ်နာရီမှာ နယူးအက်ခ်လေဆိပ်ကို ရောက်မယ် ဟုတ်လား။ အခု လို မိမိဆန္ဒအလျောက် အဖမ်းခံရတာ သူ့အတွက် အလွန်ကောင်းပါတ ယ်။ ကျုပ်တို့ ဘက်ကလည်း တတ်နိုင်သမျှ အကူအညီပေးပါ့မယ်။ သူ့ နှုတ်ရိုရင် ဒီမှာ ရှေ့နေဌားချင်လည်း ဌားနိုင်ပါတယ်။ ကျေးဇူးတင်ပါတယ်

စကော့က ဖုန်းကို စားပွဲပေါ် ပြန်ချပြီး သူ့တပည့် နှစ်ယောက်အား ပြောလိုက်သည် ။ "ကပ္ပတိန်လူးဝစ် အဖမ်းခံဖို့ လာနေပြီတဲ့ ။ ဒီအတိုင်းဆိုရင် ဒီအမှု ဒီညပဲ တရားခံပေါ်ပြီ"

≈ အခန်း (၄၉)

ဒေါက်တာဟိုက်ဂလေသည် တစ်ညလုံး အိပ်ပျော်နိုင်။ သူ့စိတ်ထဲက ပျောက်ဆုံးသွားသော လက်ဆွဲ သားရေအိတ်ကိုသာ စွဲနေသည် ။

သည် အတိုင်းဆိုလျှင် သားရေအိတ်ကို ပြန်ရဖို့ လမ်းမမြင်တော့။ အ ကယ်၍ သူခိုးက တစ်နေရာတွင် လှည့်ပစ်ခဲ့လို့ တစ်ယောက်ယောက်က ကောက်ယူသွားတောင်မှ သူ့ဆီကို ပြန်ရောက်လာဖို့ အကြောင်းမရှိ တော့။ ကောက်ရသူအနေဖြင့် အိတ်ထဲက ပစ္စည်းတွေ လှည့်ပစ်ပြီး အိတ် ကို သိမ်းထားကောင်း သိမ်းထားနိုင်သည် ။ တကယ်လို့ ယင်းအိတ်ကို နယူးယောက် ရဲအဖွဲ့က လက်ရာမပျက် ပြန်လည် ရရှိခဲ့သည် ဆိုလျှင်

တော့ ဘယ့်နယ်လုပ်မလဲ။ အိတ်ထဲတွင် သူ့နာမည်နှင့် ဆေးရုံလိပ်စာ တွေ့ ရှိသည် ။ ရဲဌာနက သူ့ထံ ဖုန်းဆက်ပြီး အိတ်ထဲတွင် ဘာပစ္စည်း တွေ့ ပါသလဲ ဟု မေးလျှင် ဘယ်လို ဖြေရမှာ လဲ။

ဒါက ဘာမှ မခက်ပါဘူး။ လှယ်လှယ်ကလေးပါ။ ဆေးပုလင်းအချို့နှ င့် စာရွက်စာတမ်း တချို့၊ အပြင်လူနာ ဆေးမှတ်တမ်းဖိုင် တချို့ ပါဝင်ကြောင်း ပြောလိုက်လျှင် ဖြစ်နိုင်သည် ။ ဖိုင်တွဲပေါ်တွင် “ဗင်ဂျီလူး ဝစ်” ဟူ၍ စာတန်းရေးထားသော ဆေးမှတ်တမ်းကလည်း သူတို့ အတွ က် ဘာမှ အဓိပ္ပာယ် မရှိပါဘူး။ သူ့ကိုယ်ပိုင် ရုံးသုံးဖိုင်တွဲလို့ပဲ သူတို့ ထ င်ကြမှာ ပါ။

ဒါပေမဲ့ ဖိနပ်တစ်ဖက်နဲ့ သွေးစွန်းနေတဲ့ စက္ကူဖိဖန်လုံးကို မေးလျှင် ဘယ်လို ဖြေမလဲ။ ဒါလည်း လှယ်လှယ်လေးပါ။ အဲဒါတွေကို လုံးဝ မသိ ပါဘူး။ သူခိုးက ကျုပ်အိတ်ထဲ ထည့်ထားခဲ့တာတွေ့ ဖြစ်မှာ ပါလို့ ပြန်ပြောလိုက်ရင် တစ်ခါတည်း ပြီးရော။ ဟုတ်ပြီ၊ သည် အတိုင်းဆို ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး။ သူသည် မနက်ငါးနာရီ ထိုးတော့ အိပ်ရာမှ ထကာ ဆယ်မိနစ်ကြာမှု ရေနွေးဖြင့် ရေဝဝ ချိုးပစ်လိုက်သည် ။ ထို့နောက် သိုးမွေးဝတ်ရုံကြီး ခြုံပြီး မီးဖိုခန်းထဲ ဝင်လာခဲ့သည် ။ သည် နေ့ နေ့လည် ၁၂ နာရီထိုးမှဆေးရုံသို့ သွားမည်ဟု ဆုံးဖြတ်လိုက်သည် ။ သည် ကြားထဲတွင် သူ၏ သုတေသန စမ်းသပ်ချက်များကို ပြန်လည် စစ်ဆေးရမည်။

ယမန်နေ့က စမ်းသပ်ခဲ့သော ကိုယ်ဝန်ဆောင် အမျိုးသမီးသည် သူ့ အတွက် နောက်ထပ် သုတေသန ပြုလုပ်စရာ စမ်းသပ်မှုအသစ်ပင် ဖြစ် သည် ။ သည်

တစ်ဆင့် ပြီးလျှင် သူ၏ လှို့ဝှက် လုပ်ငန်းကြီးများအောင်မြင်လာတော့မည်။
သူလည်း ကမ္ဘာကျော် သမားတော်ကြီး ဖြစ် လာတော့မည်။

*****

≈ အခန်း (၅၀)

ညနေ လေးနာရီတွင် ရစ်ချတ်၊ စကော့၊ ချာလီနှင့် ဖိလစ်တို့ သည် ဓာတ်ခဲ့ခန်း သို့ လာခဲ့ကြပြီး ဗင်ဂျီ၏ အလောင်းကို ထပ်မံ စစ်ဆေးကြသ ည် ။ ဗင်ဂျီအား သေဆုံးစဉ်က ဝတ်ထားသော အဝတ်အစားများကို ပြန် လည် ဝတ်ပေးထား သည် ။ကားဂိုဒေါင်ထဲမှ သံချွန်ပေါ် တွင် တွေ့ရသော ချည်မျှင်စမှာ ဗင်ဂျီဝ တ်ထားသော ပုဝဲ့ရိုက် ဂါဝန်အသားနှင့် တစ်မျိုးတစ်စားတည်း တူညီနေ သ ည့်အပြင် စုတ်ပြဲသွားသော နေရာနှင့်လည်း စေ့သားကိုက် ဖြစ်နေသ ည် ။ ထို့ ပင် သူ့ဘယ်ဘက်ခြေထောက် ခြစ်ရာတည့်တည့်ရှိ ခြေအိတ်ပေါ် တွင် လည်း နှစ်လက်မခန့် စုတ်ပြဲနေသည် ကို တွေ့ကြရသ ည် ။

"ခြေအိတ်မှာ သွေးစသွေးန လုံးဝ မရှိတာကို ထောက်ရင် သံချွန်နဲ့ ခြေထော က် ခြစ်မိတဲ့ အချိန်မှာ သူ သေနေပြီ ဆိုတာ ထင်ရှားတယ်"ရစ်ချတ်က ခြေအိ တ်ပေါ် မှ စုတ်ပြဲရာကို စေ့စေ့စပ်စပ် ကြည့်ပြီး မှ တ်ချက်ချသည် ။ "အဲဒီသံချွ န်တင်ထားတဲ့ နံရံကပ်စင်က ဘယ်လောက် မြင့်သလဲ" စကော့က ဝင်ထောက် လိုက်သည် ။ "ကြမ်းပြင်က နှစ်ပေလောက် မြင့်လိမ့်မယ်"

ဖိလစ်က ပြန်ဖြေသည် ။ "ဒီလိုဆိုရင် တစ်ယောက်ယောက်က ဗင်ဂျီရဲ့ အ လောင်းကို ကားဂို ဒေါင်ထဲက တစ်ဆင့် အိမ်ထဲ သယ် လာပြီး အိပ်ရာပေါ် ချ ထားခဲ့တာ ဖြစ် ရမယ်။ သဘောကတော့ ကိုယ့်ကိုယ်ကို သတ်သေတယ်လို့ ထင်ရအောင် အကွက်ဆင်တဲ့ သဘောပဲ" စကော့က ထင်မြင်ချက်ပေးသည် ။ "အဲဒါ ဖြစ်နိုင်တယ်" ရစ်ချတ်က ထောက်ခံလိုက်သည် ။ သို့သော် သူက မျ က်မှောင်ကြုတ်ကာ စဉ်းစားလိုက်ပြီး - "ဒါနဲ့ ခရစ်လူးဝစ်ရဲ့ အရပ်က ဘယ်လောက် ရှည်သလဲ" စကော့က ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီးနောက် - "ဒီမောင် က လူရှည်ကြီးပဲ။ အနည်းဆုံး ခြောက်ပေ လေးလက်မ လောက်တော့ ရှိလိမ့် မယ်။ ဘာဖြစ်လို့ လဲ" "စဉ်းစားစရာ တစ်ချက် ပေါ် လာလို့ ပါ။ ခဏနေပါဦး" ရစ်ချတ်က အခန်းထဲမှ ထွက်သွားပြီး ပေတံတစ်ချောင်း ယူလာသ ည် ။ ထို့ နောက် အခန်းနံရံကို ပေတံနှင့် တိုင်းကာ နှစ်ပေ၊ သုံးပေ၊ လေး ပေ စသည် ဖြင့် မှတ်လိုက်သည် ။ "တကယ်လို့ သာ ဗင်ဂျီအလောင်းကို ယူလာတဲ့ လူဟာ ခရ စ်လူးဝစ် သာ ဖြစ်ခဲ့မယ်ဆိုရင် ခြေထောက်ကို သံချွန်နဲ့ ခြစ်မိစရာ အကြောင်း မရှိဘူး"

သူက ဖိလစ်ဘက်သို့ လှည့်လျက် -

"သံချွန် တင်ထားတဲ့ စင်ဟာ မြေကြီးက နှစ်ပေ မြင့်တယ် ဆိုတာ သေချာပါတယ်နော်" ဖိလစ်က ပခုံးတွန့်လိုက်ပြီး - "ဟုတ်ပါတယ်၊ သေချာပါတယ်" ချာလီက ခေါင်းညိတ်ပြီး ထောက်ခံလိုက်သည် ။ "ဒီလိုဆို ကောင်းပြီ၊ စမ်းကြည့်ရအောင်"

ရစ်ချတ်က ဗင်ကျီ၏ လည်ပင်းအောက်နှင့် ဒူးဆစ်အောက်ဆီသို့ လ က်တစ်ဖက်စီ သွင်းကာ အလောင်းကို မြှောက်ချီလိုက်သည် ။ ပြီးတော့ နံရံနားသို့ ေလ့ျာက် လာပြီး -

"ကဲ ဒီမှာ ကြည့်ကြပါ။ ကျွန်တော့်အရပ်က ခြောက်ပေနှစ်လက်မ ရှိ တယ်။ သူ့ခြေထောက် ဘယ်မှာ သွားထိတယ်ဆိုတာ ကြည့်ပါ။ ဒီအတိုင်းဆိုရင် သူ့ေ ခထောက်နဲ့ သံချွန်နဲ့ ထိစရာ လုံးဝ မရှိဘူး။ အ

လောင်းသယ်လာတဲ့ သူက အရပ်ရှည်တယ်။ ဗင်ကျီက အရပ်ပုနေတယ်။ အဲဒီတော့ အနည်းဆုံး သုံးပေအမြင့်မှာ တင်ထားတဲ့ ပစ္စည်းနဲ့ သူ့ခြေ ထောက်တိုက်မိနိုင်စရာ ရှိတယ်။ နောက်တစ်နည်း တွေးကြည့်ရင် .." သူက ဖိလစ်အနီးသို့ လ့ျာက် လာပြီး - "ခင်ဗျား အရပ် ဘယ်လောက် ရှိသလဲ။ အနည်းဆုံး ငါးပေ ဆယ်လ က်မလောက်တော့ ရှိမယ် ထင်တယ်" "ဟုတ်ပါတယ်၊ အဲဒီလောက်ပါပဲ" "ဟုတ်ပြီ၊ ဒီအတိုင်းဆိုရင် ခရစ်လူးဝစ်က ခင်ဗျားထက် ခြောက်လ က်မ ပိုရှည်တယ်။ ကဲ ဒီတော့ ဒီအလောင်းကို ချီပြီး စမ်းကြည့်ပါ။

သူ့ခြေထောက် ဘယ်အထိ ရောက်မလဲ ဆိုတာ ကြည့်ကြရအောင်"

ဖိလစ်က ရစ်ချတ်လက်ထဲမှ အလောင်းကို သတိနှင့် လှမ်းယူလိုက်ပြီးနောက် နံရံနားသို့ လ့ျာက်သွားသည် ။ ဗင်ကျီ၏ ခြေ ထောက်သည် ရစ်ချတ်သတ်မှတ်ထားသော ပထမဆုံး အမှတ်အသားကို သွား၍ ထိသည် ။ ဖိလစ်က အလောင်းကို ခုတင်ပေါ် သို့ ကမန်းကတန်း ပြန်တင်ထားလိုက်သည် ။ စကော့က ခေါင်းကို ခါယမ်းရင်း ပြောလိုက်သည် ။ "ဒီလောက်နဲ့ မပြည့်စုံသေးဘူး။ အတိအကျ ပြောလို့ မဖြစ်နိုင်သေး ဘူး။ သူက ကိုယ်ကို ကုန်းပြီး အလောင်းကို သယ်ယူတာကော မဖြစ်နိုင် ဘူးလား"

သူက အနီးရှိ ဓာတ်ခဲခန်း လက်ထောက်ဘက်သို့ လှည့်လျက် - "တို့ က ဒီအဝတ်အစားတွေကို အဓိက သက်သေခံ ပစ္စည်းအဖြစ် တ င်ပြရမယ်။ အဲဒီတော့ ဒါတွေကို သေသေချာချာ သိမ်းဆည်းထားပါ။ ခြေ အိတ်ပေါ် က စုတ်ပြဲနေတဲ့ နေရာနဲ့ အဝတ်အစားတွေကို တစ်ခုမကျန် ဓာတ်ပုံရိုက်ထားပါ"

ထို့နောက် သူနှင့် ရစ်ချတ်တို့ သည် ရုံးခန်းဘက်သို့ ပြန်လ့ျာက်လာ ခဲ့ကြသည် ။

သူက ရစ်ချတ်အား မေးလိုက်သည် ။ "ခင်ဗျားက အဲဒီ စိတ်ရောဂါကု ဆရာဝန်ကိုပဲ သံသယဖြစ်နေသေး တယ် ဆိုပါတော့။ သူ့အရပ်ကလည်း ငါးပေ ဆယ်လက်မလောက်ပဲ ရှိ တယ်လေ"

ရစ်ချတ်က ဘာမျှ ပြန်မပြော။ သူက ဆုံးဖြတ်ချက် မချခင် လိုအပ်ချက် အားလုံးကို စုဆောင်းချင်သေးသည် ။ ဂျင်ဘာကလေ စကားပြောကြည့် ချင်သေးသည် ။ ပြီးတော့ ဒေါက်တာ ဟိုက်ဂလေ ပေါ် တရားစွဲခဲ့သော မစ္စက်ဟိုရန်နှင့်လည်း တွေ့ချင်သေးသည် ။ ထို့ကြောင့် သူက စကားပြောင်းပြီး မေးလိုက်သည် ။ "ဒါနဲ့ ဒီနေ့ ကက်သလင်း လိုက်နေတဲ့ အမှုက ဘယ်လို အခြေအ ရှိသလဲ" စကော့က ခေါင်းကို ခါယမ်းလိုက်ပြီး - "ပြောလို့ မရသေးဘူး။ အမှုက တော်တော် ရှုပ်နေတယ်။ တရာ ချာတိတ်တွေက သူတို့ လုပ်တာ မဟုတ်ဘူး ။ သူတို့ သူငယ်ချင်း ဝ

ယောက် လုပ်တာပါ ဆိုပြီး ထွက်ဆိုနေကြတယ်။ အဲဒီမိတ်ဆွေ ဆို ချာတိတ်ကလည်း မရှိတော့ဘူး။ ပြီးခဲ့တဲ့ နှိဝင်ဘာလတုန်းက မော်ဝေ ဆိုင်ကယ် တိုက်လို့ သေသွားပြီ။ သူတို့ က အခုလို တစ်မျိုးပြောင်းပြီး က်ဆိုတော့ ဟို .. သေသွားပြီးတဲ့ ကလေးမိဘတွေမှာ ခေါင်းမီးတော နေရပြီပေါ့" "ဒီလိုဆို ကက်သလင်းအနေနဲ့ မလွယ်ဘူးပေါ့" "လွယ်တော့ မလွယ်ဘူး။ ဒါပေမဲ့ သူ့ဘက်က ခိုင်လုံတဲ့ စွဲချက် အများကြီး ရှိပါတယ်။ သူ နိုင်မှာ သေချာပါတယ်။ ကဲ ဒါပါပဲ။ နောက ပြန်တွေ့ကြတာပေါ့"

ထိုနေ့ ညနေ လေးနာရီခွဲတွင် ဂျင်ဘာကလေထံမှ ရစ်ချတ်ဆီ ဖုန်းပြန်ဆက်သည် ။ "ခင်ဗျား ကျွန်တော့်ဆီ ဖုန်းလှမ်းဆက်တယ်ဆို" "ဟုတ်ပါတယ်၊ ခင်ဗျားဆီ ကျွန်တော် ဖုန်းဆက်တယ်"

"ဆိုပါဦး၊ ဘာကိစ္စ .." "ကိစ္စက တော်တော် အရေးကြီးတယ်။ အဲဒါ ခင်ဗျားနဲ့ အေးအေး ဆေးဆေး ဆွေးနွေးချင်တယ်။ ဒီညနေ ခင်ဗျားရုံးက အပြန် ကျွန်တော့် ဆီ လှည့်ဝင်လာခဲ့ပါလား။ ကျွန်တော် ရုံးက စောင့်နေမယ်"

"ကောင်းပြီလေ၊ ကျွန်တော် ဝင်လာခဲ့မယ်။ ခင်ဗျား ကျွန်တော့်ကို ဘာကိစ္စနဲ့ တွေ့ချင်တယ် ဆိုတာ ကျွန်တော် သိပြီးပါပြီဗျာ"

*****

≈ အခန်း (၅၁)

"ကဲ ပြီးသွားပြီ၊ အဝတ်ပြန်ဝတ်တော့"

ဒေါက်တာဟိုက်ဂလေက စမ်းသပ်ခန်း တစ်ခုပေါ်တွင် ပက်လက်လှဲ နေသော မိန်းကလေးအား ပြောလိုက်ခြင်း ဖြစ်သည် ။

မိန်းကလေးက သူမကိုယ် သူမ အသက်နှစ်ဆယ်ပြည့်ပြီဟု ပြောသ ည် ။ သို့ေ သာ် သူ့ရုပ်သွင် ကြည့်ရသည် မှာ ၁၆ နှစ်၊ ၁၇ နှစ်လောက်သာ ရှိပေဦးမည်။

သူကလေးက မဝံ့မရဲဟန်ဖြင့် - "ဒါနဲ့ .. ဒေါက်တာ၊ ကျွန်မမှာ .." "ဟုတ်ပါတ ယ် သူငယ်မ၊ မင်းမှာ ကိုယ်ဝန်ရှိနေပြီ။ ခန့်မှန်းခြေအရ ဆိုရင် ငါးပတ်လော က်တော့ ရှိပြီ။ မနက်ဖြန် မနက် ပြန်လာခဲ့ပါ။ အဲဒီ တော့မှ ငါ ရက်အတိအက္ ကျ တွက်ပေးမယ်" "ဒါနဲ့ ကျွန်မ မသိလို့ မေးပါရစေဦး ဒေါက်တာ။ ကျွန်မ ဒီကေ လးကို မွေးလို့ ဖြစ်ပါ့မလား ဒေါက်တာ " "မင်း မိဘတွေ ဒီအကြောင်း သိပြီး ြ ကပြီလား"

"လုံးဝ မသိသေးဘူး ဒေါက်တာ။ သူတို့ သိရင် သိပ်ပြီး စိတ်မကောင်း ဖြစ်ကြ လိမ့်မယ် ဒေါက်တာ"

"ဒီလိုဆိုရင် မင်းအနေနဲ့ ဒီကလေးကို မမွေးဖို့ ငါ အကြံပေးချင်တယ် ။ မနက်ြ ဖန် မနက် ဆယ်နာရီကိုသာ ဆက်ဆက် ပြန်လာခဲ့ပါ"

ထို့နောက် သူသည် စမ်းသပ်ခန်းမှ ထွက်ပြီး သူ့ရုံးခန်းထဲသို့ ဝင်လာ ခဲ့သည် ။ ယမန်နေ့က သူ ရွေးချယ်ထားခဲ့သော ကိုယ်ဝန်ဆောင် အမျိုး သမီး၏ ဖုန်းနံ ပါတ်ကို ကောက်လှည့်လိုက်သည် ။

"မစ္စက်အိန်ဂျယ်ဟတ်ပါလား၊ ကျုပ် ဒေါက်တာဟိုက်ဂလေပါ။ ကျုပ် တို့ ကု သမှု စကြရအောင်။ မနက်ဖြန်မနက် ရှစ်နာရီခွဲမှာ ဆေးရုံကို ဆ က်ဆက်လာ ပါ။ ပြီးတော့ တစ်ညအိပ်ဖို့ အတွက်လည်း လိုအပ်တာတွေ ယူလာခဲ့ဖို့ မမေ့ပါ နဲ့ "

≈ အခန်း (၅၂)

ဂျူရီလူကြီးများ ဆွေးနွေးခန်း ဝင်နေချိန်တွင် ကက်သလင်းသည် တ ရားရုံးစားသောက်ဆိုင် သို့ ထွက်လာခဲ့သည် ။ သူမသည် တခြားစားပွဲများကို နော က်ခိုင်းပြီး အခန်းအစွန်ရှိ စားပွဲတစ်လုံးတွင် ဝ င်ထိုင်လိုက်သည် ။ သူမသည် လောလောဆယ်တွင် ဘယ်သူနှင့်မှ လည်း မတွေ့ချင်၊ သူမကို ဘယ်သူမှ လ ည်း မမြင်စေချင်။ တစ်ယောက် တည်း ထိုင်ကာ ခေါင်းအေးအေးဖြင့် စဉ်းစား ချင်သေးသည် ။

သူမသည် စိတ်ရောကိုယ်ပါ နွမ်းနယ် မောပန်းနေသည် ။ ခေါင်းထဲ တွင် လ ည်း ကျပ်ခဲနေသလို ခံစားနေရသည် ။ စားချင် သောက်ချင်စိတ် လည်း လုံးဝ မရှိ။ သို့သော် လက်ဖက်ရည် တစ်ခွက်လောက်တော့ သော က်လိုက်မည်ဟု စိ တ်ကူးမိသည် ။ မေမေက အမြဲတမ်း ပြောဖူးသည် ။ လက်ဖက်ရည် တစ်ခေါ် က် သောက်လိုက်လျှင် ရင်ထဲ ကျပ်ခဲနေတာတွေ အားလုံး ပြေပျောက်သွားနိုင် သည် တဲ့ ။ ဂျွန်ရဲ့ အသုဘကို သင်္ဂြိဟ်တဲ့ နေ့က သုသာန်မှ အိမ်ပြန်လာကြေ တော့ လေသံအေးအေးဖြင့် မေမေ ပြောသော စကားကို ကြားယောင်လာမိသ ည် ။

"သမီး လက်ဖက်ရည်ပူပူကလေး တစ်ခွက်လောက် သောက်လိုက်ပါ လား။ ရ င်ထဲ ကျပ်ခဲနေတာတွေ ရှင်းသွားလိမ့်မယ်" ရစ်ချတ်မျက်နှာကို မြင်ယောင် လာမိသည် ။ မေမေက ရစ်ချတ်ကိုသဘောကျလိမ့်မည်။ ကျားကျားလျှား လျှား ယောက်ျားပီသသော လူတိုင်းကို မေမေက သဘောကျသည် ။ "သမီးဖေ ဖေက လူဖလံကလေး။ သိပ်ပြီး ပိန်တယ်။ ဒါပေမဲ့ သူက ယောက်ျားပီသပါ တယ် သမီးရယ်"ဟုတ်ပါသည် ။ ဖေဖေသည် ဥပဓိရုပ်အားဖြင့် ပုညက်သော် လည်း စိ တ်နေသဘောထား အားဖြင့် အလွန်ယောက်ျားပီသသူ ဖြစ်ပါသည် ။အိစတာ ပွဲတော်ရက်တွင် မေမေ ရောက်လာလိမ့်မည်။ နောက်တစ် လခဲ့သာ ရှိတော့သည် ။ အဲဒီအချိန်ကတော့ သူ့သမီးနှင့် ရစ်ချတ်တို့ တွဲ နေကြသည် ကို မြင်ရလျှင် မေမေ အလွန် ကျေနပ်ဝမ်းသာပေလိမ့်မည်။

ငါကအဲဒီလိုပဲ နေချင်တာ။ ငါဘဝက အလွန် အထီးကျန်နိုင်တဲ့ ဘဝ။ သူမသ ည် လက်ဖက်ရည် တစ်ကျိုက်ချင်း သောက်နေရင်း အတွေးနက် နေသည် ။ လာမည့် စနေ၊ တနင်္ဂနွေကျတော့ ဆေးရုံတက်ရတော့မည်။ အဲဒီတော့မှ စဉ်း စားစရာတွေ ခေါင်းအေးအေးနှင့် စဉ်းစားခွင့် ရတော့မ ည်။ ငါးနှာရီထိုးတော့ တရားခွင်သို့ သူမ ပြန်ဝင်လာခဲ့သည် ။ ဂျူရီအဖွဲ့ ၏ ဆုံးဖြတ်ချက်ကို တရား သူကြီးထံ ပို့လိုက်ပြီ။

နောက်ငါးမိနစ်ခန့် ကြာသောအခါ တရားရုံးစာရေးက စီရင်ချက်ကို ကြေညာသည် ။

". ယခုအမှုတွင် တရားစွဲဆိုခြင်း ခံရသော ရောဘတ်အိုဒင်ဒယ်နှင့် ဂျိုနေသန်အိုဒင်ဒယ်တို့ နှစ်ယောက်စလုံးတွင် လုံးဝ အပြစ်မရှိကြောင်း ရုံးတော်က စစ်ဆေးတွေ့ရှိရသည် ..." " ငါတော့ လုံးဝ မယုံဘူး" ကက်သလင်းက လွှတ်ခနဲ ပြောလိုက်မိသည် ။

သို့သော် သူမ၏ အသံက အပြင်သို့ ထွက်မလာ။

တရားသူကြီးက တရားခံ နှစ်ယောက်အား မတ်တတ်ထရပ်ရန် အမိ နှိပ်ပေးလိုက်သည် ။

"မောင်တို့ ကံကောင်းတယ်။ ဒီထက် ကံကောင်းတဲ့ အခြေအနေမျိုး နောက်ထပ် ကြုံရဖို့ မလွယ်တော့ဘူး။ ကိုင်း .. ပရိသတ်အားလုံး တရား ခွင်ထဲက ထွက်သွားနိုင်ကြပြီ။ မောင်တို့ လည်း ကိုယ့်အိမ်ကို ပြန်ကြ

တော့။ နောက်တစ်ကြိမ် တရားရုံးကို ရောက်မလာဖို့ ကိုတော့ ကြပ်ကြပ် သတိထားကြပေတော့"

ကက်သလင်းသည် ထိုင်ရာမှ ထရပ်လိုက်သည် ။ စီရက်ချက် မမှန်ကြောင်း တရားသူကြီးလည်း သိပုံရသည် ။ သို့သော် သူမအနေဖြင့်

တော့ အမှုရှုံးခဲ့ပြီ။ သူမ ဘာမျှ မတတ်နိုင်တော့။ တရားခံ အကျိုးဆောင် ရှေ့နေက အောင်မြင်သော အပြုံးဖြင့် သူမဆီသို့ လှမ်းကြည့်နေသည် ကို သတိပြုမိလေသည် ။ သူမ လည်း ချောင်းထဲ အလုံးကြီး ဆို့ကျပ်လာသ လို ခံစားရသည် ။ မျိုချလို့ မရ။ သူမသည် မျက်ရည်မကျအောင် စိတ်ကို အနိုင်နိုင် ထိန်းထားရသည် ။

သည် ရာဇဝတ်သားလေး နှစ်ယောက်သည် တရားရုံးတော်ကို တစ် ပတ်လှည့် လိမ်ညာကာ လမ်းပေါ် သို့ ပြန်ရောက်သွားကြတော့မည်။ ဘု မသိ ဘမသိ ေသဆုံးသွားခဲ့ရသော ကလေးကတော့ ရာဇဝတ်ကောင်အဖြစ် သမုတ်ခံသွားရှာပြီ။

သူမသည် စာရွက်စာတမ်းများကို လက်ဆွဲအိတ်ထဲသို့ ပြန်ထည့်သ ည် ။ သူမအနေဖြင့် လွှန်ခဲ့သော တစ်ပတ်လုံး ဦးနှောက်တွေ့ ရှုပ်ထွေးမ နေခဲ့လျှင် သည် အမှုကို အနိုင်ရကောင်း အနိုင်ရနိုင်သည် ။ ဆေးရုံကို ကြောက်စိတ်မရှိဘဲ ေသွးလွှန်ရောဂါကို လွှန်ခဲ့သော တစ်နှစ်လောက်ကတည်းက ပျောက်ကင်းေအာင် ကုသခဲ့လျှင် တနလ်ာနေ့ကလို မတော် တဆ အန္တရာယ်မျိုးလည်း ကြုံရလိမ့်မည် မဟုတ်။ "အစိုးရရှေ့နေ တရားခွင်ရှေ့သို့ ကျေးဇူးပြုပြီး လာရပ်ပါ" တရားသူကြီးက လှမ်းပြောလိုက်သည် ။

ကက်သလင်းက တရားသူကြီး မျက်နှာကို မော့ကြည့်လိုက်သည် ။ သူမသည် တရားသူကြီး ရှေ့သို့ လျှောက်လာခဲ့သည် ။ လာရောက် နှား ထောင်ကြသော ပရိသတ်များ တစ်သုတ်ပြီး တစ်သုတ် ထပြန်နေကြ လေပြီ။ တချို့က တ ရားသေ လွတ်သွားသော ညီအစ်ကိုအား ဝမ်းပန်းတ သာ ဖက်ယမ်း နမ်းရှုပ်ေ နကြသည် ။

တရားသူကြီးက ကိုယ်ကို ရှေ့သို့ကိုင်းကာ ခပ်တိုးတိုး ပြောလိုက်သ ည် ။ ။

"စိတ်မပျက်ပါနဲ့ ကက်သလင်း၊ မင်းရဲ့ စွဲချက်တွေက ခိုင်မာပါတယ်။ တရားန ည်းလမ်းလည်း ကျပါတယ်။ အဲဒီအတွက် မင်းဘက်က လိပ်ပြာ သန့်စေချင် တယ်။ ဒီကောင်လေးတွေက ဒီအမှုမှာ လွတ်သွားပေမယ့် နောက်နှစ်လ မ ကာခင် အခြားအမှုတစ်ခုနဲ့ ပြန်ရောက်လာကြမှာ သေ ချာပါတယ်။ အဲဒီတော့ မှ မင်းက ထွက်ပေါက် မရှိအောင် ကိုင်ပေတော့၊ ဟုတ်လား"

ကက်သလင်းက အားယူပြီး ပြုံးလိုက်သည် ။ "အဲဒီအချက်ကိုပဲ ကျွန်မ စိုးရိမ် မိပါတယ် တရားသူကြီးမင်းရှင့်။ သူ တို့ ပြန်ရောက်လာကြမှာ ကိုပဲ ကျွန်မ စိုး ရိမ်မိပါတယ်။ ကျွန်မတို့ က သူ တို့ ကို ထွက်ပေါက်မရှိအောင် မလုပ်နိုင်ခင် စ ပ်ကြားမှာ သူတို့ က ဘယ် လို ပြစ်မှုတွေ ကျူးလွန်ကြဦးမယ် ဆိုတာ ဘုရား သခင်ပဲ သိပါတယ်။ ဒါပါပဲ၊ ကျေးဇူးတင်ပါတယ် တရားသူကြီးမင်း ရှင်"

ထို့နောက် သူမသည် တရားခွင်မှ ထွက်ကာ သူမ၏ ရုံးခန်းသို့ ပြန် လာခဲ့သည် ။

မော်ရိန်းက မျှော်လင့်ချက် မျက်နှာဖြင့် သူမကို ဆီးကြိုသည် ။ သူမသည် ခေါ င်းကို ခါယမ်းပြလိုက်သည် ။ မော်ရိန်းက မျက်နှာညှိုး ကျသွားသည် ။

ကက်သလင်းက ပခုံးကို တွန့်ပြီး ပြောလိုက်သည် ။ "မင်းကရော ဘာတတ်နိုင ဦးမှာ လဲ မော်ရိန်း"

မော်ရိန်းက ရုံးခန်းထဲသို့ ဝင်လိုက် လာပြီး - "မစ္စတာစကော့နဲ့ ဒေါက်တာ ကာရိုးတို့ အစည်းအဝေး လုပ်နေကြတ ယ် မမ။ အရေးကြီးပုံ ရတယ်။ ဒါပေမဲ့ မမ ဝင်ချင် ဝင်သွားပါလား"

"နေပါစေ မော်ရိန်း၊ ဗင်ကျီလူးဝစ်ကီစွ ဖြစ်မှာ ပါ။ ငါသွားလည်း ဘာ မှ ထူးမှာ မဟုတ်ပါဘူး။ တနလ်ာနေ့မှ ပဲ တွေ့တော့မယ်"

"ကောင်းပါပြီ မမ။ အိုဒင်ဒယ်ညီအစ်ကို အမှုအတွက် ကျွန်မလည်း စိတ်မ ကောင်းပါဘူး။ ဒါပေမဲ့ ဒါတွေ့ ခေါင်းထဲ ထည့်မထားပါနဲ့ တော့။ မေ့ပစ်လိုက် ပါတော့။ မမ ကြည့်ရတာ နေမကောင်း သလိုပဲ။ ကားမောင်းနိုင်ပါ့မလား။ ကျွ နမ လိုက်ပို့ရမလား မမ။ အားနာစရာ မရှိ ပါဘူး"

"ရပါတယ် နေပါစေ မော်ရိန်း။ အဝေးကြီး သွားမှာ မှ မဟုတ်တာ။ ဆယ့်ငါးမိနစ် ဆိုရင် ရောက်တာပဲ။ ပြီးတော့ တနင်္ဂနွေနေ့အထိ ကား မောင်းစရာလည်း မလိုတော့ပါဘူး"

ထို့နောက် သူမသည် ကားရပ်ထားသော နေရာဆီသို့ လျှောက်လာခဲ့ သည် ။ ရုတ်တရက် သူမ တစ်ကိုယ်လုံး ချမ်းစိမ့်လာသလို ခံစားလိုက်ရ သည် ။ နေ့လယ်ပိုင်းက နေသာထိုင်သာ ရှိခဲ့သော်လည်း ညနေပိုင်းတွင် အတော်ကလေး အေးစက်ပြီး တစ်ကိုယ်လုံး တုန်ချင်သလို ဖြစ်လာသည် ။ ဘယ်မှ မသွားတော့ဘဲ လက်ဖက်ရည်ပူပူကလေး မှုတ်သောက်ပြီး အိ ပ်ရာထဲတွင် သာ ကွေးနေလိုက် ချင်တော့သည် ။ ။

ဆေးရုံကို ရောက်တော့ သူမအတွက် လူနာလက်ခံပုံစံမှာ ဖြည့်စွက်ပြီးသား အဆင်သင့် ဖြစ်နေသည် ။ လူနာလက်ခံစာရေးမက သွက်လက်ဖျတ်လတ်စွာဖြင့် ပြောသည် ။

"မစ္စက်ဒီမေယို၊ ရှင် တော်တော် ကံကောင်းတာပဲ။ ဒေါက်တာ ဟိုက် ဂလေက ရှင့်အတွက် တတိယထပ်က အခန်းကို ပေးထားပါတယ်။ အဲဒီ အခန်းက ဒီဆေးရုံတစ်ခုလုံးမှာ အကောင်းဆုံးပဲ။ ဆေးရုံတက်ရတာနဲ့ တောင် လုံးဝ တူမှာ မဟုတ်ဘူး ။ ဟိုတယ်တက်ပြီး အနားယူရသလို အောက်မေ့မိမှာ ပဲ။ “ဒေါက်တာက ငါ ဆေးရုံကြောက်တတ်တဲ့ အကြောင်း သူ့ကိုမျှား ပြောထားသလား” ဟု ကက်သလင်းက တွေးလိုက်မိသည် ။

လူနာလက်ခံ စာရေးမက ဆက်ပြောသည် ။ "ရှင့်အနေနဲ့ အဲဒီမှာ နည်းနည်းတော့ ပျင်းစရာ ကောင်းမှာ ပဲ။ အဲဒီ အထပ်မှာ သုံးခန်းရှိတဲ့ အနက် နှစ်ခန်းက လူမရှိဘူး။ ဒေါက်တာဟိုက်ဂ လေက ရှင့်အတွက် ဧည့်ခန်းဆောင်ကိုလည်း ဆေးပြန်သုတ်ခိုင်းတယ်။ ကျွန်မတော့ မစဉ်းစားတတ်တော့ဘူး။ အဲဒီအခန်းကို မနှစ်ကလည်း ဆေးသုတ်ခဲ့ပြီးပြီပဲ။ ဒါပေမဲ့ ဒါက အရေးမဟုတ်ပါဘူးလေ။ လိုတာရှိရ င် ဘာမှ အားမနာပါနဲ့ မစ္စက်ဒီမေယို။ ခေါင်းလောင်း နှိပ်လိုက်ရုံပါပဲ။ ဒုတိယထပ်မှာ သူနာပြုဆောင် ရှိပါတယ်။ သူတို့ က ဒုတိယအထပ်နဲ့ တတိယထပ်က လူနာတွေ အားလုံးကို ပြုစုစောင့်ရှောက် ရပါတယ်။ အဲဒီ လူနာတွေကလည်း ဒေါက်တာဟိုက်ဂလေက အထူး တာဝန်ယူ ကုသရ တဲ့ လူနာတွေချည်းပါပဲ။ ကဲ ဒီမှာ ဘီးတပ်ကုလားထိုင်ပေါ် တက်ပါ။ အ ပေါ် ထပ် သွားကြရအောင်" ကက်သလင်းက ရုတ်တရက် ကြောင်သွားဟန်ဖြင့် - "ကျွန်မ ဘီးတပ်ကုလားထိုင် သုံးဖို့ မလိုဘူး ထင်ပါတယ်" "ဟုတ်ပါတယ်၊ ဒါပေမဲ့ ဆေးရုံစည်းကမ်းအရ တက်သာ တက်ပါရှင်

သို့နှင့် သူမသည် ဘီးတပ်ကုလားထိုင်တွင် တက်ထိုင်လိုက်ပြီး မျက် လုံးကို ပိတ်ထားလိုက်သည် ။ သည် အချိန်မှ နောက်ပြန်လှည့်စရာ မရှိ တော့။ လုပ်စရာရှိတာ ဆက် လုပ်သွားဖို့ ပဲ ရှိတော့သည် ။

ဘီးတပ်ကုလားထိုင်ကို သူနာပြု ဆရာမက စကြံ့လမ်းအတိုင်း တွန်း ယူလာခဲ့သည် ။

“မစ္စက်ဒီမေယိုအနေနဲ့ ဒေါက်တာဟိုက်ဂလေဆီမှာ ဆေးလာကုတာ သိပ်ပြီး ကံကောင်းပါတယ်။ သူ့လူနာတွေဆိုရင် ဒီဆေးရုံမှာ အထူးဂရုစို က်ခံ ရတာပဲ။ လူခေါ်ခေါင်းလောင်း ကိုသာ နှိပ်လိုက်။ ချက်ချင်းပဲ တာဝ နဲ့ကျ ဆရာမ ရောက်လာလိမ့်မယ်။ လိုချင်တာ သူ့ကို ပြောလိုက်ရင် တ စ်မိနစ်အတွင်း အားလုံး အဆင်သင့် ဖြစ်စေရမယ်။ ဒေါက်တာဟိုက်ဂ လေက အဲဒီလောက်ထိ တိကျတာရှင့်။ သူလာရင်လည်း ဆေးရုံတစ်ခု လုံး ဆတ်ဆတ်တုန်နေတာပဲ။ ဒါပေမဲ့ သူက သိပ်ပြီး ကောင်းပါတယ်” သူတို့ သည် ဓာတ်လှေကားသို့ ရောက်လာကြသည် ။

သူနာပြု ဆရာမက ခလုတ်နှိပ်လိုက်သည် ။ "ဒီဆေးရုံက တခြားဆေးရုံတွေနဲ့ လုံးဝ မတူဘူးရှင့်။ တခြား ဆေးရုံ တွေဆိုရင် ကလေးမွေးဖို့ အဆင်သင့် မဖြစ်မချင်း ဘယ်သူမှ လာမကြ ည့်ဘူး။ ပြီးတော့ မွေးပြီး ပြန်တော့လည်း တစ်ရက်၊ နှစ်ရက် ရတာနဲ့ ဆေးရုံက ဆင်းခိုင်းတော့တာပဲ။ ဒေါက်တာဟိုက်ဂလေကတော့ အဲဒီလို လုံးဝ မဟုတ်ဘူး ။ သူက ကလေးမမွေးခင် နှစ်လလောက်က တည်းက ကိုယ်ဝန်ဆောင်တွေကို ဆေးရုံတက်ခိုင်းပြီး ဂရုတစိုက် စောင့်ရှောက် ထားတာ။ ဒါကြောင့်မို့လို့ လည်း သူက လူနာဆောင်ကို ကိုယ့်အိမ်က ဧ ည့်ခန်းအတိုင်း ထင်ရအောင် တမင်တကာ အလှဆင်ထားတာပေါ့။

ဟော ... ပြောရင်း ဆိုရင်း ဓာတ်လှေကားတောင် ဆင်း လာပြီ။ ကဲ ဝင်ပါ မစ္စက်ဒီမေယို"

သူတို့ နှင့်အတူ တခြားလူတွေလည်း ဓာတ်လှေကားထဲသို့ ဝင်ကြသ ည် ။ သူတို့ လက်ထဲတွင် မဂ္ဂဇင်းစာအုပ်များ နှင့် ပစ္စည်းတွေ ကိုင်ထားကြသည် ။ လူနာ လာကြည့်သော ဧည့်သည် တွေ ဖြစ်မည်ဟု ကက်သလင်းက တွက်လိုက်သည် ။ သူမကိုယ် သူမ ထိုသူတွေနှင့် မတူ သလို ထင်မိသည် ။ ငါက လူနာ၊ သူတို့ က လူကောင်းတွေဟု တွေးလို က်မိသည် ။ ။

တတိယအထပ် ရောက်တော့ ဓာတ်လှေကားထဲမှ ထွက်လိုက်သည် ။ စကြံ့လမ်းတစ်လျှောက် ကို ကော်ဇောခင်းထားပြီး ပြတင်းပေါက်များ တွင် အစိမ်းရောင် လိုက်ကာများ တပ်ထားသည် ။ အခန်းနံရံတွင် လည်း ကမ္ဘာကျော် ပန်းချီဆရာကြီးများ ၏ လက်ရာများကို ခွိတ်ဆွဲ ထားသည် ။ သန့်ရှင်းလှပသော [illegible]

မင်ကွင်းကြောင့် ကက်သလင်းအဖို့ အတော်ကလေး နေသာထိုင်သာ ဖြစ်မိသည် ။ သူနာပြုဆရာမသည် စကြံထောင့်ချိုးတွင် ဘီးတပ်ကုလားထိုင်ကို ကွေ့လိုက်သည် ။

"ဟိုအစ္စန်က အခန်းပဲ မစွက်ဒီမေယို။ အခန်းကတော့ ဒီအထပ်မှာ သာ မဟုတ်ဘူး ။ ဒီဆေးရုံ တစ်ရုံလုံးမှာ လည်း အကောင်းဆုံးလို့ ဆိုရမှာ ပဲ"

သူနာပြု ဆရာမက သူမအား အခန်းထဲသို့ ထိန်းဝင်လာသည် ။ အခန်းနံရံမျှားမှာ ဆင်စွယ်နှစ်လို ဖြူဖွေးနေသည် ။ ကြမ်းခင်းကော်ဇော က အစိမ်းရောင်။ စားပွဲ၊ ကုလားထိုင်မျှားမှာ လည်း အသစ်စက်စက်လို အဖြူရောင် ဆေးသုတ်ထားသည် ။ အဖြူရောင် ပြတင်းလိုက်ကာမျှား နှ င့် အစိမ်းရောင် အိပ်ရာခင်းတို့ က လိုက်ဖက်လှသည် ။ "ဟုတ်ပါရဲ့ ၊ အခန်းက ကောင်းလိုက်တာ၊ နေချင်စရာပဲ" ကက်သလင်းက ပါးစပ်မှ အမှတ်မထင် လွှတ်ခနဲ ပြောလိုက်မိသည်

သူနာပြုဆရာမက သဘောကျသွားဟန်ဖြင့် ပြုလိုက်ပြီး -

"ဟုတ်ပါတယ်၊ အခန်းက သိပ်လှတာပဲ။ မကြာခင် တာဝန်ကျ ဆရာ မရောက်လာပါလိမ့်မယ်။ စိတ်ချမ်းသာသလို နေနိုင်ပါတယ် မစွက်ဒီမေ ယို။ ကဲ ကျွန်မကို ခွင့်ပြုပါဦး" "ကောင်းပါပြီရှင့်၊ ကျေးဇူးတင်ပါတယ်"

***

သည် လိုနှင့် ဆေးရုံသို့ တစ်ခေါက် ရောက်လာရပြန်သည် ။ ဆေးရုံ ကို ကြောက်ပါသည် ဆိုမှ တစ်ပတ်အတွင်း ဆေးရုံသို့ နှစ်ခေါက် ရောက် ရသည် မှာ ငတ်တော်လေးတော့ ဆန်းသည် ။ သည် အတွေးကို လုံးဝ မတွေးချင်။ သို့သော် မတွေးချင်သော်လည်း စိတ်က အလိုလို ရောက်သွားသည် ။

ပထမ .. ဖေဖေ။ နောက် .... ဂျွန်။

ကျေးဇူးရှင် ဖေဖေနှင့် ချစ်လှစွာသော ခင်ပွန်းတို့ လည်း ဆေးရုံမှာ ပင် သေဆုံးသွားခဲ့ကြသည် ။ သည် အကြောင်းကို လုံးဝ မတွေးမိအောင် စိတ်ကို အမျိုးမျိုး ထိန်းချုပ်သည် ။ သို့သော် ထိန်းချုပ်လို့ မရ။ အားငယ် စိတ်၊ ကြောက်စိတ်နှင့် စိုးရိမ်စိတ်တွေက ဝင်ဝင်လာကြသည် ။

ဒီအကြောင်းတွေ စိတ်က ရောက်ရောက်သွားတာ ငါက ကျန်းမာ ရေး ချို့တဲ့နေလို့ ဖြစ်မှာ ပါ။ အခုတစ်ကြိမ် ဆေးကုလိုက်ပြီးရင် ဒါတွေ အားလုံး ပျောက်ကင်းသွားလိမ့်မယ်။ သူမသည် အာရုံပြောင်းသွားစေရ န်အတွက် အိပ်ခန်း အခြေအနေကို မျက်လုံးကစား ကြည့်လိုက်သည် ။

စုစုပေါင်း တံခါးလေးပေါက် ရှိသည် ။ တစ်ပေါက်က နံရံကပ်ဗီရိုတံ ခါး၊ တ
စ်ပေါက်က ရေချိုးခန်းတံခါး၊ တစ်ပေါက်က စကြံဘက် ထွက်

သော တံခါး၊ နောက်တစ်ပေါက်က ဧည့်ခန်းသို့ ထွက်သောတံခါး။ သူမ က ဧ
ည့်ခန်းတံခါးကို ဖွင့်ကာ အထဲသို့ ကြည့်လိုက်သည် ။ သူမအား ဘီး တပ်
ကုလားထိုင်ဖြင့် လာပို့သော သူနာပြု ဆရာမ ပြောထားသည့်အတိုင်းပင် တစ်
ခန်းလုံး သစ်လွင်တောက်ပနေသည် ။ စားပွဲ၊ ကုလားထိုင်များကို အခန်းအလ
ယ်တွင် ခင်းထားသည် ။

ကုလားထိုင်စွပ်နှင့် စားပွဲခင်းတွေ အားလုံး ဘာမျှ ပြောစရာ မရှိ။ သူ မသည်
အခန်းမီးကို ဖွင့်လိုက်သည် ။ ဒေါက်တာဟိုက်ဂလေက အလှူန်တော်တဲ့ ပုဂ္ဂို
လ်ပါလား။ အခန်းနံရံတိုင်းမှာ လည်း အဖိုးတန် ပန်းချီ ကားမျိုးစုံကို နေရာမ
လပ် ချိတ်ဆွဲထားသည် ။ ဒါကြောင့်လည်း ဆေးရုံ စရိတ် သိပ်ကြီးတာကိုး။

သူမသည် ပခုံးကို တစ်ချက်တွန့်ကာ မီးကို ပြန်ပိတ်ထားလိုက်သည် ။ ထို့နော
က် တံခါးရွက်ကို ပြန်ပိတ်လိုက်ပြီး အိပ်ခန်းပြတင်းပေါက်သို့ လျှောက်လာခဲ့
သည် ။

ဆေးရုံကို အင်္ဂလိပ်စာလုံး ယူ (U) ပုံစံ ဆောက်လုပ်ထားသည် ။ ပင် မ ဆေးရုံ
အဆောက်အအုံကို ထောင့်မှန်ချိုးကာ မျက်နှာချင်းဆိုင် နှစ်

ဆောင်ပြိုင် ဖြစ်သည် ။ သူမသည် လွန်ခဲ့သော တနင်္လာနေ့က ရှေ့တည့် တ
ည့် မျက်နှာချင်းဆိုင်မှ အဆောင်တွင် တက်ခဲ့ရသည် ။ကားရပ်ရန် ကွက်လပ်
တွင် လူနာ လာကြည့်သော ဧည့်သည် ကား

တွေ ဖြည်းဖြည်း ပြည့်လာကြသည် ။ ဟိုနေ့က အိပ်မက်ထဲမှာ ငါ မြင်ခဲ့ ရတဲ့ ဧ
နရာ ဘယ်မှာ လဲ။

သော် ..ဟုတ်ပြီ၊ ဟိုနေရာပဲ၊ ဟိုအစွန်ဆုံး တည့်တည့်နေရာမှာ ပဲ။ ယခု ယ
င်းနေရာတွင် ကားတစ်စီး ရပ်ထားသည် ။ အနက်ရောင် ကားလေး။

သူမ အိပ်မက်ထဲတွင် မြင်ခဲ့ရသော ကားကလည်း အနက်ရောင်ပ ဉ် ဖြစ်သည်
။

ပြီးတော့ သံဆူးကြိုးကာ ခြံစည်းရိုး သံတိုင်များက မီးရောင်ထဲတွင် တလက်
လက် ဖြစ်နေသည် ။ "ဘယ့်နယ် .. နေကောင်းရဲ့ လား မစ္စက်ဒီမေယို" သူမက
ရုတ်တရက် နောက်သို့ လှည့်လိုက်သည် ။ အခန်းဝတွင် ဒေါက်တာဟိုက်ဂ
လ ရပ်နေသည် ။ သူ့နောက်တွင် သူနာပြုဆရာမလေး တစ်ယောက်။

"အို .. ဒေါက်တာ ရောက်နေတာကိုး။ အမှတ်မထင်မို့ ကျွန်မတောင် လန့်သွား
မိတယ် ဒေါက်တာ။ ဟုတ်ကဲ့၊ နေကောင်းပါတယ် ဒေါက်တာ" "ကျေးဇူး တံခါးဝ

ခါက်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားက ကြားပုံ မပေါ်ဘူး" သူ့အညံ့ တည်ငြိမ်အေးဆေးသည် ။ သူသည် ပြတင်းပေါက်သို့ ရောက်လာခဲ့ပြီး လိုက်ကာကို ဆွဲချလိုက် သည် ။ "လေစိမ်းဝင်ပြီး အအေးပတ်နေဦးမယ်။ လိုက်ကာကို ဆွဲချထားတာ ကောင်းပါတယ်။ ကဲ ခုတင်ပေါ် ခဏထိုင်လိုက်ပါလား။ သွေးပေါင် တိုင်းကြည့် ကြရအောင်။ သွေးနမူနာလည်း ယူရမယ်"

သူနာပြု ဆရာမလေးက ဒေါက်တာနောက်မှ ကပ်လိုက်လာသည် ။ ဆရာမလေး၏ လက်တွေ့ တုန်ခါနေသည် ကို ကက်သလင်းက သတိပြု လိုက်မိသည် ။ ဒေါက်တာ့ကို သူမ တော်တော် ကြောက်နေပုံရသည် ။

ဒေါက်တာက သူမ၏ လက်မောင်းတွင် သွေးပေါင်ချိန်တိုင်း အဝတ်ပြားကြီးကို ပတ်လိုက်သည် ။ ချက်ချင်းပင် ကက်သလင်း၏ ခေါ် င်းထဲတွင် မူးနောက်နောက် ဖြစ်သွားသလို ခံစားလိုက်ရသည် ။ တစ်ခန်းလုံး ချာချာလည်သွားသည် ။ သူမသည် လက်နှစ်ဖက်ဖြင့် အိပ် ရာခင်းကို ဆုပ်ကိုင်ထားလိုက်သည် ။ "ဟင် .. ဘယ်လို ဖြစ်တာလဲ မစ္စက်ဒီမေယို" ဒေါက်တာက အသံကို ထိန်းပြီး လေအေးအေးနှင့် မေးလိုက်သည် ။

"သြော် .. ကျွန်မ နည်းနည်းကလေး မူးချင်သလိုလို ဖြစ်သွားလို့ ပါ ဒေါက်တာ" "ကိစ္စမရှိပါဘူး၊ စိတ်ကိုသာ တင်းထားပါ"

ဒေါက်တာက သွေးတိုင်းရော်ဘာအိတ်ကို လက်ဖြင့် စတင် ညှစ်လို က်သည် ။ "ဒါနဲ့ ဆရာမ၊ နဖူးပေါ် တင်ပေးရအောင် ရေဖတ် သွားယူပါဦး"

သူနာပြု ဆရာမလေးသည် ရေချိုးခန်းဘက်သို့ ကမန်းကတန်း ထွ က်သွားသည် ။

ဒေါက်တာက သွေးပေါင်ချိန် ဇယားကို ကြည့်လိုက်ပြီး - "သွေးတိုးနှုန်း နည်းနည်း လျော့နေတယ်။ တစ်ခုခုများ ဖြစ်နေလို့ လား" "ဟုတ်ကဲ့ ဒေါက်တာ" သူမက ကိုယ့်အသံကို ကိုယ်လန့်သွားမိသည် ။ "ကျွန်မ ရာသီ ပြန်ပေါ် နေတယ် ဒေါက်တာ။ ဗုဒ္ဓဟူးနေ့က စပြီး တော်တော်လေး များ နေပါတယ်"

"အင်း ... ကျုပ် ထင်တဲ့ အတိုင်းပါပဲ။ အမှန်အတိုင်း ပြောရရင်တော့ အခုလို ဆေးရုံတက်ပြီး မကုသခဲ့လို့ ရှိရင်ဖြင့် ဒီကိစ္စက အရေးပေါ် အခြေအနေအထိ ရောက်သွားနိုင်တယ်"

သူနာပြုဆရာမလေး ပြန်ဝင်လာသည် ။ လက်ထဲတွင် ရေခဲစိမ် အဝ တ်ခေါက်ပါလာသည် ။

သူမသည် အအေးဒဏ်ကြောင့် လက်တွေ့ တုန်ယင်နေပြီး အောက်မှ

တ်ခမ်းကိုလည်း ကိုက်ထားသည် ။ ကက်သလင်းက ဆရာမလေးကို ကြ ည့်ပြီး သနားနေမိသည် ။ တကယ်တော့ သူမကိုယ် သူမ ရေဖတ်တင်ရန် မလိုဟု ထင်သည် ။ သို့သော်လည်း ဘာမျှ မပြောဘဲ ဒေါက်တာ့ဆန္ဒ အ တိုင်း အလိုက်သင့် နေလိုက်သည် ။ ဆရာမလေးက သူမ၏ နဖူးပေါ် တွ င် ရေဖတ်တင်ပေးသည် ။ နဖူးပြင်မှ စပြီး တစ်ကိုယ်လုံး အေးစိမ့်သွား သည် ။ ငါ ဆေးရုံတက်မယ် ဆိုတာ ရစ်ချတ်ကို မပြောခဲ့မိတာ မှားတယ် ။ ခုနေခါ ငါ့အနားမှာ သူ ရှိနေရင် သိပ်ကောင်းမှာ ပဲဟု တွေးလိုက်မိသ ည် ။ ။

ဒေါက်တာဟိုက်ဂလေက ဆေးထိုးအပ်ကို အပေါ် မြှောက်လိုက်သည် ။ ပြီးတော့ သူ၏ လက်ယာဘက် လက်မောင်းမှ သွေးစုပ်ယူသည် ။ သူမ က မျက်လုံးကို မှတ်ထားလိုက်သည် ။ ဒေါက်တာက သွေးကို ပုလင်းထဲ သို့ ပြန်ထည့်ပြီးနောက် ပုလင်းကို ဆရာမလေး ကိုင်ထားသော လင်ပန်း ထဲ ထည့်လိုက်သည် ။ "ဒီသွေးကို အခုချက်ချင်း စစ်ပါလို့ ပြော " "ဟုတ်ကဲ့ ဒေါက်တာ" ဆရာမလေး ပြန်ထွက်သွားသည် ။ ဒေါက်တာ သက်ပြင်းတစ်ချက် မှုတ်လိုက်ပြီးနောက် - "ဆရာမလေး နာမည်က ရင်ဂျီတဲ့ ။ သူက တော်တော်ကလေး ရိုးရာတယ်။ ဒါပေမဲ့ စိတ်ကောင်းတော့ ရှိတယ်။ ဒါနဲ့ ကျုပ်ပေးထားတဲ့ ဆေး လုံးေတွ အကုန်သောက်ပြီးပလား"

"ကျွန်မ ဒီနေ့ သုံးနာရီသောက်ရမယ့် ဆေးလုံး မသောက်ဖြစ်လိုက် ဘူး ဒေါက်တာ။ တရားရုံးမှာ အမှုတစ်ခု လိုက်နေရလို့ မေ့သွားပါတယ်။

နောက်မှ သတိရတော့ အချိန်လွန်သွားတာနဲ့ မသောက်ဖြစ်တော့ပါဘူး" "ဒါဖင့် ဆေးလုံးတွေ ရှိသေးတာပေါ့။ "ဟုတ်ကဲ့၊ ကျွန်မ ပိုက်ဆံအိတ်ထဲမှာ ရှိပါတယ်" သူမက မှန်တင်ခုံပေါ် သို့ စောင်းကြည့်ရင်း ပြန်ပြောလိုက်သည် ။ "နေ .. နေ .. ကျုပ် ယူလိုက်မယ်"

ဒေါက်တာက ပိုက်ဆံအိတ်ကို ယူလာပေးသည် ။ သူမက ဇစ်ကို ဖွင့် ကာ ဆေးပုလင်းလေးကို ထုတ်ယူလိုက်သည် ။ ဆေးနှစ်လုံး ကျန်သေး သည် ။ "ကဲ ဒီရနဲ့ သောက်ချလိုက်" "နှစ်လုံးစလုံး သောက်ရမှာ လား ဒေါက်တာ" "ဟုတ်တယ်၊ နှစ်လုံးစလုံး သောက်လိုက်" သူမက ဆေးလုံးများကို ရေနှင့် မျှောချလိုက်သည် ။ ထို့နောက် ဖန်ခွက်ကို ဒေါက်တာ့အား ပြန်ကမ်းပေးလိုက်သည် ။ ဖန်ခွက်ပေါ် တွင် အနီကွက်တစ်ကွက် စွန်းနေသည် ။ ဒေါက်တာက ယင်းအချက်ကို မြင်မိပြီး သူမ၏ လက်ကို ကိုင်ကြည့်သည် ။ လက်ချော င်းထိပ်မှ စက္ကူပတ်တွင် သွေးစိုနေသည် ။ "ဒါက ဘာဖြစ်တာလဲ" ဒေါက်တာက မေးသည် ။

"ညြော် .. အဲဒါက စက္ကူစုန်းနဲ့ ရှမ်တာပါ ဒေါက်တာ။ နက်တော့ နည်းနည်းန က်တယ် ထင်တယ်။ တစ်နေ့လုံး သွေးမတိတ်ဘူး"

"အင်း ... ဟုတ်ပြီ၊ ကျုပ် အိပ်ဆေး ယူခိုင်းထားတယ်။ ဆရာမလေး လာပေးရ င် အဲဒါ ချက်ချင်း သောက်လိုက်ပါ" "ကျွန်မ အိပ်ဆေးသောက်လေ့ မရှိပါဘူး ဒေါက်တာ။ အိပ်ဆေး သောက်လည်း အိပ်လို့ မရသလိုပါဘဲ"

"ကိစ္စမရှိပါဘူး၊ သောက်တာ သောက်လိုက်ပါ။ အိပ်ပျော်သွားပါလိမ့် မယ်။ ဒါ မှ မနက်ကျတော့ အားရှိသွားလိမ့်မယ်။ ဟော .. ညစာတောင် ရောက် လာပြီ"

အသက် ၆၀ ခန့် ပိန်ပိန်ပါးပါး မိန်းမကြီးတစ်ယောက် ညစာလင်ပန်းကို ယူ လာပြီး အခန်းထဲသို့ ဝင်လာသည် ။ အဘွားကြီးက ဒေါက်တာ့မျက်နှာကို မဝံ့မရဲ ကြည့်လိုက်သည် ။ ဆေးရုံ အမှုထမ်းတွေ့ အားလုံး ဒေါက်တာဟိုက်ဂေ လကို ကြောက်ကြပုံရသည် ဟု ကက်သလ င်းက တွေးလိုက်သည် ။ မိန်းမ ကြီးက ညစာလင်ပန်းကို စားပွဲပေါ် သို့ တ င်လိုက်ပြီးနောက် အခန်းထဲမှ ပြန် ထွက်သွားရန် ခြေလှမ်းပြင်လိုက်သ ည် ။ ။ "ခဏနေဦး" ဒေါက်တာက လှမ်းခေ ါ်လိုက်သည် ။ ထို့နောက် ကက်သလင်းဘက်သို့ လှည့်လျက် - "မစ္စက်ဒီမေ ယို မြင်ရတဲ့ အတိုင်းပါပဲ။ ကျုပ်တို့ ဆေးရုံက လူနာတွေ့ ကို ပထမတန်းစား ဟိုတယ်မှာ ကျွေးသလို ကျွေးပါတယ်။ ဒါပေမဲ့ ဒီနေ့ ည အစာ လုံးဝ မစားတာ ကတော့ အကောင်းဆုံးပဲ။ ဘာဖြစ်လို့ လဲ ဆို

တော့ မခွဲစိတ်ခင် အစာမစားဘဲ နေနိုင်လေလေ ခွဲစိတ်ပြီးတော့ နေရထို င်ရ သက်သာလေပဲ"

"ကျွန်မ ဆာလည်း မဆာပါဘူး ဒေါက်တာ" "ကောင်းတယ်၊ ကောင်းတယ်" သူက မိန်းမကြီးကို ခေါင်းညိတ်ပြလိုက်သည် ။ မိန်းမကြီးက ညစာလင်ပန်း ကောက်ယူကာ ကမန်းကတန်း ပြန်ထွ က်သွားသည် ။ "က ကျုပ်လည်း ပြန်လို က်ဦးမယ်။ အိပ်ဆေးသောက်ဖို့ တော့ မမေ့နဲ့ပါနဲ့ ။

သူမက ခေါင်းညိတ်ပြလိုက်သည် ။ "ညြော် .. ဒါနဲ့ ကျုပ် မေ့နေလို့ ။ အခန်းထဲ က တယ်လီဖုန်းတော့ ခ ဏ သည်းခံပါ။ နေ့လယ်ကပဲ ရုတ်တရက် ပျက်သွား လို့ မနက်ကျတော့ လာပြင်ပေးပါလိမ့်မယ်။ ညများ ဖုန်းဆက်မယ့်လူ ရှိသေး သလား၊ ဧည့် သည် ကော လာလည်စရာ ရှိသေးသလား"

"ဘာမှ မရှိပါဘူး ဒေါက်တာ၊ ကျွန်မ ဆေးရုံတက်တာ ကျွန်မ အစ်မ တစ်ယော က်ပဲ သိပါတယ်။ သူလည်း ဒီည ပြဇာတ်သွားကြည့်နေလို့ ဒီ ကို လာမှာ မဟု တ်ပါဘူး"

ဒေါက်တာက ပြုံးလိုက်ပြီး - "ကောင်းတယ်၊ ကောင်းတယ်။ ဂုတ်နှိုက် .. မစ္စက်ဒီမေယို။ သက်သ က်သာသာ ရှိအောင်သာ နေလိုက်ပါ။ ကျုပ် ဂရုတစိုက် ကုသပေးပါ့မယ် ။ ဘာမှ မပူပါနဲ့ "

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

***

ကက်သလင်းသည် ခေါင်းအုံးပေါ်တွင် နောက်မှီအိပ်လျက် မျက်လုံး များကို မှေထားလိုက်သည် ။ သူမသည် ခေါင်းထဲမှ မူးဝေဝေ ဖြစ် လာပြီး တစ်ကိုယ် လုံး လေထဲတွင် လွင့်မျောနေသလို ခံစားရသည် ။ "မစ္စက်ဒီမေယို ." အသံ ကြားရ မျက်လုံး ဖွင့်ကြည့်လိုက်သည် ။ "ကျွန်မ နည်းနည်း မှေးခနဲ အိပ်ပျော် သွားသလိုပဲ"

သူမ၏ ခုတင်ဘေးတွင် ဆရာမလေး ရင်ကျိရပ်နေသည် ။ သူမ လ က်ထဲမှ လင် ပန်းပေါ် တွင် စက္ကူ ရေခွက် တစ်ခွက်နှင့် ဆေးလုံးတစ်လုံး တင်ထားသည် ။ " ဒါလေး သောက်လိုက်ပါနော်။ ဒေါက်တာ ပြောသွားတဲ့ အိပ်ဆေးပါ မစ္စက်ဒီ မပေါ့။ သူက သောက်ဖြစ်အောင် သောက်ဖို့ ကျွန်မကို မှာ သွား ပါတယ်"

ကက်သလင်းက ဆေးလုံးကို ယူပြီး ပါးစပ်ထဲသို့ ထည့်လိုက်သည် ။ ပြီးတော့ ရေတစ်ခွက်ကို ယူကာ မော့သောက်လိုက်သည် ။

"အိပ်ရာထဲမှာ ငြိမ်ငြိမ်ကလေး အနားယူနေပါ မစ္စက်ဒီမေယို။ မကြာ ခင်မှာ အိပ်ပျော်သွား ပါလိမ့်မယ်။ ဒါနဲ့ ကျေးဇူးပြုပြီး ခဏထပါဦး။ ကျွ နမ အိပ်ရာခ င်းတွေ ပြန်ခင်းလိုက်ပါ့မယ်"

ကက်သလင်းသည် ခုတင်ပေါ်မှ ဆင်းကာ ရေချိုးခန်းထဲ ဝင် လာပြီး ပါးစပ် ထဲမှ ဆေးလုံးကို ပြန်ယူလိုက်သည် ။ ပြီးတော့ ပါးစပ်ကို ပလုတ် ကျင်းကာ စ င်စင်ဆေးပစ်လိုက်သည် ။

အိပ်ဆေး သောက်စရာ မလိုပါဘူး။ အိပ်ပျော်ပြီး အိပ်မက်ဆိုးတွေ မ က်နေ တာထက် မအိပ်ဘဲ နေတာက ပိုကောင်းသေးတယ်။ ထို့နောက် သွားတိုက်၊ မျက်နှာသစ်ပြီး အိပ်ခန်းထဲ ပြန်ဝင်လာခဲ့သည် ။

သူမ တော်တော် အားနည်းနေသည် ။ မျက်လုံးတွေလည်း ဝါးတား တား ဖြစ်နေသည် ။ ဆရာမကလေးက ဖေးမပြီး အိပ်ရာပေါ် တွင် သိပ်ပေးသည် ။ "ေ တာ်တော် မောနေပုံရတယ်။ ဒါပေမဲ့ မပူပါနဲ့ ။ အိပ်ပျော်သွားရင် အားရှိသွား မှာ ပါ။ လိုအပ်တာရှိရင် ခလုတ်သာ နှိပ်လိုက်ပါ မစ္စက်ဒီမေယို"

"ကျေးဇူးတင်ပါတယ် ဆရာမ"

သူမ၏ ခေါင်းတွေ့ လေးလံပြီး မျက်တောင်တွေ့လည်း စင်းလာသည် ။ ဆရာမ ကလေးက ပြတင်းပေါက်နား သွားကာ လိုက်ကာကို ဆွဲချလို က်သည် ။

"နှင်းတွေ့ ကျ လာပြီ။ မကြာခင် မိုးရွာလိမ့်မယ်။ ဒီညတော့ အိပ်ရာ ထဲ ကွေး လို့ အကောင်းဆုံးနေမှာ ပဲ မစ္စက်ဒီမေယို"

"လိုက်ကာ ပြန်တင်ထားလိုက်ပါ ဆရာမ။ ပြတင်းပေါက်ကိုလည်း တစ်လက် မလောက် ဟထားလိုက်ပါ။ ကျွန်မက အိမ်မှာ လည်း အပြင် လေကို အမြဲတ မ်း ရှူပြီး အိပ်တတ်လို့ ပါ" "ဟုတ်ကဲ့၊ ရပါတယ်၊ ကျွန်မ မီးလည်း ပိတ်ခဲ့မယ် နော်" "ဟုတ်ကဲ့ ဆရာမ"

သူမ တော်တော် အိပ်ချင်နေပြီ။ "ဂွတ်နိုက် မစ္စက်ဒီမေယို" "ဂွတ်နိုက် ဆရာမ၊ ဒါနဲ့ အခု ဘယ်နှနာရီများ ထိုးပြီလဲ ဆရာမ" "ရှစ်နာရီကျော်ကျော်လေး ရှိပါ သေးတယ်" "ဟုတ်ကဲ့၊ ကျေးဇူးပါပဲ" ဆရာမကလေး ပြန်ထွက်သွားသည် ။ က က်သလင်းသည် မျက်လုံးများကို မှတ်လိုက်သည် ။ မိနစ်အနည်း ငယ် ကုန်လွ န်သွားသည် ။ သူမ အသက်ရှူ မှန်လာသည် ။ရှစ်နာရီခွဲတွင် ဧည့်ခန်းတံခါးဘု ကို ကျည်ခနဲ လှည့်သံသဲ့သဲ့ ပေါ် ထွ က်လာသည် ။ သို့သော် သူမက ယင်း အသံကို မကြားတော့။ သူမ အိပ်ပျော်သွားခဲ့ပြီ

*****

≈ အခန်း (၅၃)

မစ္စက်ဖစ်ဂျာရယ်နှင့် မစ္စက်ကရပ်ပရှက်တို့ သည် ညစာ စားပြီးနောာ က် ကော်ဖီသောက် နေကြသည် ။ မစ္စတာကရပ်ပရှက်မှာ မူ ကော်ဖီခွက် နှင့် မုန့်ပန်းက န်ကို ယူကာ ဧည့်ခန်းထဲတွင် တယ်လီဗေးရှင်း ကြည့်လျ က် ရှိသည် ။

အိမ်ရှင် မစ္စက်ကရပ်ပရှက်က ဧည့်သည် မစ္စက်ဖစ်ဂျာရယ်၏ ပန်း ကန်ထဲသို့ ချောကလက် ကိတ်မုန့်တွေ ထပ်၍ ထည့်ပေးသည် ။

"ရော့ ထပ်ယူပါဦး မစ္စက်ဖစ်ဂျာရယ်။ တဝသာ စားစမ်းပါ။ ဘာမှ အားနာစရာ မရှိပါဘူး"

"ဟုတ်ကဲ့၊ စားပါတယ် မစ္စက်ကရပ်ပရှက်ရဲ့ ။ ကျွန်မ ဒီနေ့ အစား ဆုံးပါပဲ။ အက်ဒနာဆုံးတဲ့ နေ့က စပြီး ကျွန်မ ဘာကိုမှ ဟုတ်တိပတ်တိ စားလို့ မရဘူး"

"စားစမ်းပါ၊ ဖြည်းဖြည်းပဲ စား။ ပြီးတော့မှ အက်ဒနာအခန်း သွားကြည့်ရအောာ င်"

"အင်း .. သူ့အခန်း သွားကြည့်ရမှာ စိတ်မချမ်းသာစရာတော့ စိတ်မ ချမ်းသာ စရာပဲ။ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲလေ။ ရှောင်လွဲလို့ ရနိုင်တဲ့ ကိစ္စမှ မဟုတ်တာ" "ကဲ ကျွန်မ တိုက်ခန်းသော့ သွားယူလိုက်ဦးမယ်"

မစ္စက်ကရပ်ပရှက်က တိုက်ခန်းသော့ သွားယူပြီးနောက် နှစ်ယော က်သား အပြင်သို့ ခပ်သုတ်သုတ်ကလေး ထွက်လာခဲ့ကြသည် ။ နှင်းမိုးရွာစပြုလာသဖြင့် အပြင်တွင် တော်တော်ကလေး အေးသည် ။ မစ္စက်ကရပ်ပရှက်က အပေါ် အ ကျီကော်လာကို ဆွဲစေ့လိုက်သည် ။ အ က်ဒနာ၏ ကျားသစ်ရေ ကုတ်အင်္ကျီ ကို အပြန်တွင် ယူလာရမည်။ အက် ဒနာက သူမအား ပေးထားခဲ့ပြီး ဖြစ်သည် ။

အက်ဒနာ၏ အခန်းထဲတွင် အားလုံး တိတ်ဆိတ်နေသည် ။ သူတို့ နှ စ်ယော က်လည်း စကားမပြောဘဲ တိတ်ဆိတ်နေကြသည် ။ စားပွဲများ နှ င့် တံခါးရွက် လက်ကိုင်ဘုများ ပေါ် တွင် စုံထောက်များ အသုံးပြုသွား

သော လက်ဗွေနှိပ် ဆေးမှုန့်များကို တွေ့ရသည် ။ အက်ဒနာ လိမ့်ကျ သေဆုံး သွားသော နေရာကို နှစ်ယောက်သား အမှတ်မထင် ကြည့်လိုက် မိကြသည် ။

"ရေဒီယေတာပေါ်မှာ သွေးတွေတောင် ရှိသေးတယ်။ အိမ်က လူကို ဆေးပြန် သုတ် ခိုင်းရမယ်" မစ္စက်ကရပ်ပရှက်က ခပ်တိုးတိုး ပြောသည် ။ "ကောင်းပါ

တယ်"

မစ္စက်ဖစ်ဂျာရယ်က အခန်းတွင်းရှိ စားပွဲ၊ ကုလားထိုင်များ ၊ နံရံပေါ် မှ ပန်းချီကားများကိုသာ အာရုံရောက်နေသည် ။

"ဩော် .. အက်ဒနာ .. အက်ဒနာ၊ တော်တော်လည်း သပ်သပ်ရပ်ရပ် နေတတ်ပါပေတယ်"

မစ္စက်ကရပ်ပရက်က အဝတ်ဗီရိုသွားဖွင့်ကာ ကျားသစ်ရေ အပေါ်အ ကျီကို ဆွဲထုတ်လိုက်သည် ။

"ဒီအင်္ကျီကို မနှစ်တုန်းကတောင် ကျွန်မ ညှော့ခံပွဲတစ်ခုကို သွားတော့ ခဏာ ငှားဝတ်ခဲ့သေးတယ်၊ သိပ်လှတာပဲ"

ထို့နောက် အက်ဒနာ ရေးထားခဲ့သော စာပါ ညွှန်ကြားချက်အတိုင်း နှစ်ယောက်သား ပစ္စည်းများကို ခွဲဝေသတ်မှတ်ကြသည် ။ မစ္စက်ကရပ်ပ ရှက်က အိမ်ထောင် ပရိဘောဂများကို လုံးဝ စိတ်မဝင်စား။ မစ္စက်ဖစ်ဂျာရယ် မကြိုက်သောတချို့ စားပွဲ၊ ကုလားထိုင်များကို “ကယ် တင်ရေး တပ်ဖွဲ့သို့ လှူပစ်မည်ဟု စိတ်ကူးထားလိုက်သည် ။

သို့သော် မစ္စက်ဖစ်ဂျာရယ်၏ အကြံပေးချက်အရ ငွေပန်းကန်ပြားနှင့် ကြွေပန်းကန်တချို့ကိုတော့ သူမက တော်တော် သဘောကျသည် ။ အက်ဒနာ၏ တခြား အဝတ်အစားများကိုတော့ “ကယ်တင်ရေးတပ်ဖွဲ့ သို့ပင် လှူပစ်လိုက်ရန်လည်း နှစ်ယောက်စလုံး သဘောတူကြသည် ။ အက်ဒနာက သူတို့ နှစ်ယောက်စလုံးထက် ဝလည်း ဝသည် ။ အရပ်လ ည်း တိုသည် ။

"ရှင်က လက်စွပ်ကို ယူပါ။ ကျွန်မက ရင်ထိုးကို ယူမယ်။ အဲဒီပစ္စည်း တွေကို ရဲက မကြာခင် ပြန်ပေးလိမ့်မယ်လို့ တော့ ထင်ရတာပဲ" မစ္စက်ကရပ်ပရက်က ပြောသည် ။

လက်စွပ်နှင့် ရင်ထိုးဆိုတော့ မစ္စက်ဖစ်ဂျာရယ်က အက်ဒနာ၏ ခုတ င်ဘေးက စားပွဲအံဆွဲကို သွား၍ သတိရမိသည် ။ အင်္ဂါနေ့ညက ယင်းအံ ဆွဲကို ဒေါက်တာဟိုက်ဂလေ ဖွင့်ဖို့ လုပ်ခဲ့သည် ။ "သူ့စားပွဲထဲ ဘာတွေ ရှိသေးသလဲ ဖွင့်ကြည့်ကြရအောင်"

သူမက ပြောပြောဆိုဆို စားပွဲနှားသွားပြီး အံဆွဲကို ဖွင့်လိုက်သည် ။ လက်ဝတ်လက်စား ဘူးကလေးကိုတော့ ရဲက သိမ်းသွားကြောင်း သူမသိထားပြီး ဖြစ်သည် ။

အံ့ဆဲ့အတွင်းဘက်တွင် စွပ်ဖိနပ်တစ်ဖက် တွေ့ရသည် ။ "အတော်တော့ ထူးဆန်းတာပဲ" မစ္စက်ကရပ်ပရွက်က ပြောလိုက်သည် ။ "ဒီဖိနပ်ကို သူက ဘာဖြစ်လို့ အခုလို တရိုတသေ သိမ်းထားတာပါလို့

သူမက ဖိနပ်ကို ကောက်ယူပြီး အလင်းရောင်ထဲတွင် မြှောက်ကြည့် လိုက်သည် ။ ဖိနပ်က တက်ပြီး ပုံပျက်နေပြီ။ ဖနောင့်ကလည်း ချိုင့်ဝင်နေပြီ။ "ဟုတ်ပါရဲ့ ၊ ဒီဖိနပ်စုတ်ကြီး သိမ်းထားရတာ ဘာသဘောလဲ မသိ ဘူး။ စဉ်းစားစရာတော့ စဉ်းစားစရာပဲ"

မစ္စက်ဖစ်ဂျာရယ်က ဝေခွဲမရဟန်ဖြင့် ပြန်ပြောသည် ။ "အက်ဒနာက ကျွန်မကို ပြောတာတစ်ခုကိုတော့ သတိရတယ်။ မစ္စ က်လူးဝစ်က ဆေးရုံလာတော့ အမြဲတမ်း ဖိနပ်အဟောင်းကြီးကိုပဲ စီး လာတတ်တယ်တဲ့ ။ ဘယ်ဘက် ဖိနပ်ဆိုရင် ချောင်နေလို့ ခဏ ခဏ ကျွ တ်ကျသတဲ့ ။ ဒါကြောင့်မို့ မစ္စက်လူးဝစ်လာတိုင်း အက်ဒနာက ဖိနပ်ကို စွန့် ပတ်သက်ပြီး အမြဲတမ်း နောက်ပြောင်ကျိစယ်သတဲ့ ။ ဒါနဲ့ ဟိုညက ဒီအံ့ဆဲ့ကို ဒေါက်တာ ဟိုက်ဂလေ ဖွင့်တာ ဘာလိုချင်လို့ ပါလိမ့်။ ဒီဖိနပ် ကို ရှာတာမျှား လား။ ဒီဖိနပ်ဟာ မစ္စက်လူးဝစ် ဖိနပ်မျှားဖြစ်နေသလား ။ ဒီအကြောင်း မစ္စက်ဒီမေယိုကို ပြောပြလိုက်ရင် ကောင်းမယ်ထင်တ ယ်။ ကျွန်မက တနလ်ာနေ့ထိတောင် မစောင့်ချင်တော့ဘူး"

မစ္စက်ကရပ်ပရွက်သည် သည် ကိစ္စကို အတော်လေး စိတ်ဝင်စား လာသည် ။ ဘယ်လို ဘာကြောင့်မျှား ပါလိမ့် ဆိုတာ သိချင်စိတ် ဖြစ်ပေါ် လာသည် ။

"ဟုတ်တယ်၊ မစ္စက်ဒီမေယိုကလည်း ဒီကိစ္စ ကျွန်မကို မေးဖူးတယ်။ မစ္စက်အက်ဒနာက သူ့အမေရဲ့ ဖိနပ်ကို သိမ်းထားတာ ဘာသဘောလဲ တဲ့ ။ ဒါပေမဲ့ ကျွန်မက ဘာမှ မသိတော့ ဘာမှ ပြန်မပြောလိုက်နိုင်ဘူး။ သူ မေးတာ ဒီဖိနပ်အကြောင်းပဲ ဖြစ်မှာ ပဲ။ ကဲ ကျွန်မတို့ သူ့ရုံး သွားကြ ရအောင်။ တစ်ခုခုတော့ သိရတာပေါ့။ ကျွန်မယောကျ်ားမသိပါဘူး။ သူ က တယ်လီဗေးရှင်းမှာ ဘောပဲ့ ကြည့်နေရရင် အိပ်ဖို့ တောင် သတိရတဲ့ လူ မဟုတ်ဘူး "

***

ဂျင်ဘာကလေသည် ကားကို တရှားရုံးထဲတွင် ရပ်ထားခဲ့ပြီးနောက် အဆောက်အအုံထဲသို့ ဝင်လာခဲ့သည် ။ လမ်းညွှန်စာအုပ်အရ မှုခင်းဆိုင် ရာ ဆရာဝန်၏ ရုံးခန်းအဆောက်အအုံ အဟောင်းဘက်ခြမ်း ဒုတိယထ ပ်တွင် ရှိသည် ။

ယမန်နေ့ညက မော်လီတို့ အိမ်တွင် ညစာ သွားစားခဲ့ကြတုန်းက သူ တို့ ၏ သမီးလေးကို ကြည့်ပြီး ဒေါက်တာရစ်ချတ် မျက်နှာ ပျက်သွားပုံ ကို သူက မြင်ယောင်လာမိသည် ။

"အဲဒီတော့ ကလေးဟာ ကျွန်တော်တို့ လင်မယားနဲ့ မတူဘူးလို့ ခင်ဗျားက ပြော ပါချင်တာပေါ့ ဟုတ်လား။ မတူတော့ကော ဘာဖြစ်သလဲ။

ကဲ ပြောစမ်းပါဦး"

သူက သည် လို ပြောပစ်လိုက်ချင်လောက်အောင် ဒေါသထွက်မိသ ည် ။ သို့ေ သာ် ယင်းသို့ ပြောလို့ လည်း ဘာမှ ထူးလာမည် မဟုတ်။ ကိုယ် ပဲ မိုက်ရာကျ မည်။

ဝက်ပါလို ရှုပ်ထွေးယှက်လိမ်နေသော ရုံးခန်းများကို တစ်ခန်းပြီး တ စ်ခန်း မှားမှားယွင်းယွင်း လှည့်ပတ် ဝင်ထွက်ခဲ့ရပြီးတော့မှ ဒေါက်တာရ စ်ချတ်၏ ရုံး ခန်းကို တွေ့ရသည် ။

အတွင်းရေးမှူး စာရေးမ စားပွဲတွင် လူမရှိ။ သို့သော် ရစ်ချတ်၏ အ ခန်းတံခါး ပွင့်နေသည် ။ ဧည့်ခန်းတံခါး ပြန်ပိတ်သ ကြားလိုက်သဖြင့် သူက သူ့ရုံးခန်း ထဲမှ ထွက်လာသည် ။ "အို ဂျင်ကိုး၊ လာပါ လာပါ။ ခင်ဗျား ရောက်လာတာ အတော်ပါပဲ" သူ့အသံက တမင်လုပ်ပြောနေကြောင်း သိသာလှသည် ။

သူက ယခုလို တွေ့ရခြင်းကို အမှတ်မထင် တွေ့ရပုံမျိုးလို ဟန်ဆော င်နေခြ င်းသာ ဖြစ်သည် ။ နှစ်ယောက်သား ရုံးခန်းထဲ ဝင်လာကြသည် ။ ရစ်ချတ်က ဂျင်ကို အကဲခတ်သလို ကြည့်သည် ။ ဂျင်ကတော့ ဟန်မပျ က်ပင် ပြန်ကြည့် လိုက်သည် ။

သူတို့ နှစ်ယောက်၏ အမူအရာမှာ မနေ့ည ထမင်းစားပွဲတုန်းကလို အလိုက် သင့် အလျှားသင့် အမူအရာမျိုး မရှိ။ နှစ်ယောက်စလုံး ရင်ထဲတွ င် တစ်ခုခုကို သိုဝှက်ထားသည့် အမူအရာမျိုးသာ ဖြစ်နေသည် ။ ရစ်ချတ်၏ အမူအရာက အလုပ်သဘောဆန်သည် ။ ဂျင်၏ အမူအရာက တည်တည်ကြီး ဖြစ်နေသည် ။

ရစ်ချတ်ကပင် စတင်၍ စကားဆိုသည် ။ "လိုရင်းကို ပြောရရင်တော့ ကျွန်ေ တာ်တို့ က ဗင်ဂျီသေဆုံးမှုကို စုံစ မ်း စစ်ဆေးနေကြတယ် ဂျင်။ သူက ဝက်စ် လိတ်ခ် သားဖွားဆေးရုံကို တ က်ခဲ့ဖူးတယ်။ ခင်ဗျား ဇနီးလည်း အဲဒီဆေးရုံ မှာ ပဲ ကလေးဖွားခဲ့တယ် မဟုတ်လား"

ဂျင်ဘာကလေက ခေါင်းညိတ်လိုက်သည် ။ ရစ်ချတ်က စကားလုံး ရွေးပြီး ဆ က်ပြောသည် ။ "အဲဒီလို စုံစမ်းရင်း သံသယဖြစ်စရာ အချက်အလက်တွေ့ တစ် ပုံကြီး ထွက်လာတယ်။ အဲဒီတော့ ကျွန်တော်တို့ သိချင်တာလေးတွေ့ကို ခင် ဗျားကို နည်းနည်းပါးပါး မေးပါရစေ။ ခင်ဗျား ပြောတာတွေ့ကို ဘယ် သူမှ မ

သိစေရဘူး။ စိတ်ချပါ။ ခင်ဗျားကသာ ကျွန်တော်တို့ ကို ကူညီမ ယ်ဆိုရင် ဒီ အမှုအတွက် အများကြီး အကူအညီ ရနိုင်ပါတယ်"

"ကျွန်တော်တို့ သမီးလေးဟာ ကျွန်တော့်မိန်းမက မွေးတာ မဟုတ် ဘဲ မွေး စားထားတဲ့ ကလေးပါလို့ ပြောရင်လား" "ဟုတ်ပါတယ်"

ဂျင်၏ မျက်နှာမှ ဒေါသအရိပ်တွေ ပြေပျောက်သွားသည် ။ သူက သူ့ သမီးလေး မျက်နှာ မြင်ယောင်လာသည် ။ ဘာပဲဖြစ်ဖြစ် သူကလေးလ ည်း သူတို့ သမီးပင် ဖြစ်သည် ။ "ဒါပေမဲ့ အဲဒီလို ကျွန်တော် မပြောပါဘူး။ ဘာဖြစ်လို့ မ ပါသလဲဆို တော့ ကလေးက မွေးစားတဲ့ ကလေးမှ မဟုတ်ဘဲ။ သူ မွေးတဲ့ အ ချိန်မှ ကျွန်တော် ဆေးရုံမှာ ရှိနေပါတယ်။ ကျွန်တော်က ဓာတ်ပုံတောင် ရိုက် ယူထားသေးတယ်။ သူ့ဘယ်ဘက် လက်မလေးပေါ်မှာ မွေးရာပါ အမှတ်က လေးတောင် ပါသေးတယ်"

"ဒါပေမဲ့ မျက်လုံးညိုညို မိဘနှစ်ပါးက မျက်လုံးစိမ်းစိမ်း သမီးလေး မွေးထား တာတော့ သဘာဝမကျပါဘူးဗျ " ရစ်ချတ်က တုံးတိုကြီး ပြန်ပြောလိုက်သည် ။ " ဒီတော့ ခင်ဗျားက ကလေးအဖေလို့ တကယ် ယုံကြည်ထားတယ် ဆိုပါ တော့"

သူက လေအေးအေးဖြင့် မေးလိုက်သည် ။ ဂျင်က မျက်နှာငုံ့သွားပြီး သူ့လက် မျာကို စိုက်ကြည့်နေသည် ။ ပြီးတော့မှ - "အဲဒီတော့ ကျွန်တော့်မိန်းမဟာ ဇ နာက်တစ်ယောက်နဲ့ အဆက်အ ဆံ ရှိရမယ်လို့ ခင်ဗျားက ဆိုလိုတယ်ပေါ့။ ဒါတော့ လုံးဝ မဖြစ်နိုင်ဘူး။ ကျွန်တော် အသက်နဲ့ လဲပြီး ကျိန်ပြောရဲတယ်"

"ကျွန်တော်က အဲဒီလို မပြောသေးပါဘူးဗျ။ ကျွန်တော် ဆိုလိုတာက မေထုန် မဲ့ သားစပ်ပြီး မွေးယူတာကော မဖြစ်နိုင်ဘူးလားလို့ ။ ဒေါက် တာ ဟိုက်ဂလေ က ဒီလုပ်ငန်းမှာ ပါရဂူသမားတော်ကြီးပဲ"

"ဒီအကြောင်းကို လစ်ဇ်နဲ့ ကျွန်တော်တို့ ဆွေးနွေးကြပါသေးတယ်။ ဒါပေမဲ့ လုံးဝ မဖြစ်နိုင်ဘူး ဆိုတာ ကျွန်တော်တို့ နှစ်ယောက်စလုံး သ ဘောတူကြတ ယ်"

"လစ်ဇ်က စိတ်တစ်မျိုးပြောင်းသွားလို့ ခင်ဗျားကို အမှန်အတိုင်း မပြောတာ ဆိုရင်ကော။ ဒီအဖြစ်မျိုးတွေက ဘာမှ မဆန်းတော့ပါဘူး။ အမေရိကန် ပြ ည်ထောင်စု တစ်ဝန်းလုံးမှာ ဒီနည်းနဲ့ မွေးတဲ့ ကလေးတွေ နှစ်စဉ် တစ်သောင်း ခွဲလောက် ရှိနေတယ်"

ဂျင်က ဘာမျှပြန်မပြောဘဲ သူ့အင်္ကျီအိတ်ထဲမှ မှတ်စုစာအုပ်ကို ဆွဲ ထုတ်လို က်သည် ။ ပြီးတော့ မှတ်စုစာအုပ်ကို ဖွင့်ပြီး သူရယ်၊ လစ်ဇ်ရယ်၊ သမီးလေးရ ယ် ရိုက်ကူးထားသော ဓာတ်ပုံနှစ်ပုံကို ရစ်ချတ်အား ကမ်း ပေးသည် ။

ပထမပုံတွင် ကလေးမှာ မွေးကင်းစကလေး ဖြစ်၍ မျက်လုံးတွေကို မှတ်ထားသည် ။

ဒုတိယပုံမှာ ကိုဒက်ခရုန်းဖလင်ဖြင့် မကြာသေးမီက ရိုက်ထားသော ပုံဖြစ်သည် ။ ကလေးငယ်၏ အသားအရောင်၊ မျက်စိအရောင်တို့ မှာ မိ ဘများ ၏ အသားအရောင်၊ မျက်စိအရောင်တို့ နှင့် ဘယ်လိုမှ ဆက်စပ် လို့ မရအောင် တခြားစီ ဖြစ်နေသည် ။

ဂျင်က ပြောသည် ။ "လစ်ဇ် ကိုယ်ဝန်မရှိခင်က ကျွန်တော်တို့ လင်မယား ဆွေးနွေးခဲ့ကြ တယ်။ ကလေးမရချင် နေပါစေ၊ မွေးစားကလေးတော့ တစ်သက်လုံး မ မွေးဘူးလို့ ။ အဲဒါနဲ့ တစ်ဆက်တည်းပဲ တကယ်လို့ ဘယ်လိုမှ ကလေး မ မွေးနိုင်တော့ဘူးဆိုရင် မေထုန်မဲ့ သားစပ်ပြီး မွေးဖွားရင်ကော ဘယ့်နယ်နေမလဲ ဆိုတာကိုလည်း ဆွေးနွေးကြတယ်။

ဒီအချက်ကိုလည်း နှစ်ယောက်စလုံး သဘောမတူကြဘူး။ ကျွန် တော်က သူ့ထက်ပိုပြီး သဘောမတူဘူး။ သမီးကလေး မွေးခါစက ဆပ် ငကလည်း ညို ပျော့ကလေး၊ မျက်လုံးကလည်း အပြာရောင်၊ နောက်

တော့မှ တဖြည်းဖြည်း ပြောင်းလဲတာ။ မကြာခင် သုံးလေးလကမှ တစ် ခုခု တော့ မှားနေပြီ ဆိုတာ ကျွန်တော်တို့ သတိပြုမိကြတယ်။

ဒါပေမဲ့ ကျွန်တော်က ဂရုမစိုက်ပါဘူး။ ဒီကလေးဟာ ကျွန်တော်တို့ အတွက်တော့ တန်ဖိုး မဖြတ်နိုင်တဲ့ ရတနာကလေးပဲ။ အမှန်ကို ပြောရ ရင် ကျွန်တော့်မိန်းက ဘယ်တော့မှ ညာမပြောတတ်ပါဘူး။ ကျွန်တော် သိသလောက်ဆိုရင် အရှိုးသားဆုံး အမျိုးသမီးတစ်ယောက်ပဲ။ ဒါပေမဲ့ ပြီးခဲ့တဲ့ လက သူ့ကို ကျွန်တော် အစ်ပြီး မေးကြည့်တယ်။ မေထုန်မဲ့ သား မွေးတဲ့ လုပ်ငန်းကို ကျွန်တော် သဘောမကျနိုင်ဘူး။ ဒါကြောင့် အဲဒီလို လူတွေ့ လုပ်နေကြတာကို သေသေချာချာ စုံစမ်းရမယ်လို့ ပြောလိုက်တ ယ်" "အဲဒီတော့ သူက ဘယ်လို ပြန်ပြောသလဲ" ရစ်ချတ်က ဖြတ်မေးသည် ။ "တကယ်တော့ ကျွန်တော် ဘာကို မေးလိုတယ်ဆိုတာ သူ သိပါတ ယ်။ ဒါဆိုရင် ကျွန်တော်က သူ့ကို တမင်သက်သက် အထင်လွဲတာပဲ ဆိုပြီး သူက စိတ်ဆိုးသွားတယ်။ ဒါနဲ့ ကျွန်တော်က သူ့ကို ပြန်ပြီး တော င်းပန်ရတာပေါ့။ ဒါပေမဲ့ သူက ကျွန်တော့်ကို တမင်လိမ်ပြောတာပါ"

ဟု ဂျင်က အသံအက်အက်နှင့် ပြန်ပြောသည် ။ ဤတွင် ရစ်ချတ်က တဲ့ တိုးြ ကီးပင် ပြန်မေးလိုက်သည် ။ "နောက်တစ်နည်းက လစ်ဇ် မသိအောင် ဒေါက်တာဟိုက်ဂလေက ဖ နှတ်ီးလိုက်တာကော မဖြစ်နိုင်ဘူးလား"

*****

≈ အခန်း (၅၄)

အလစ်သုတ်သမားသည် တတိယ အဲဗင်းနယူးလမ်းမကြီးကို ဖြတ် ကာ သူ့ကား ရပ်ထားသော ၅၅ လမ်းနှင့် ၅၂ လမ်းဘက်သို့ ကွေ့ပတ် ပြေးနေသ ည် ။

အမျိုးသမီးက သူမ၏ ပိုက်ဆံအိတ်ကို သတိရတော့ အလစ်သုတ်သ မားက ဓာတ်လှေကားပေါ် ရောက်သွားပြီ။ အမျိုးသမီးက လှမ်းအော်သည် ။

"ခါးပိုက်နို့က် ခါးပိုက်နို့က်၊ အဲဒီ ဆံပင်အနက်နဲ့ လူပဲ။ သူ ကျွန်မ ပိုက်ဆံအိတ် ယူပြေးသွားပြီ"

ခါးပိုက်နို့က်သည် အလက်ဇန္ဒား ကုန်ပဒေသာတိုက် ဗဟိုခန်းမ ဆောင်ထဲမှ လူအုပ်ကြားထဲ ဝင်ကာ ကွန်ဒြိမပျက် လစ်ထွက်လာခဲ့သည် ။ သူ တံခါးဝသို့ ရောက်ချိန်တွင် အမျိုးသမီးက ဓာတ်လှေကားမှ ထွက် လာပြီး သူ့နောက်မှ အော်၍ လိုက်လာသည် ။ လုံခြုံရေး အစောင့်များကလည်း ကမန်းကတန်း ထွ က်လိုက်ကြသည် ။

ဒါပေမဲ့ ကိစ္စမရှိ။

သူ့ကားထဲ ရောက်သွားလျှင် အန္တရာယ်ကင်းပြီ။ ပိုက်ဆံအိတ်ကို လွှ င့်ပစ်ခဲ့ လို့ တော့ မဖြစ်။ အိတ်ထဲမှာ ရာတန်တွေ အထပ်လိုက်ပါသည် ။

ဒီတစ်ချီတော့ အပွကြီး ပွတာပဲ။ ဆေးတော့ တဝကြီး ရှူရတော့မည်။အလက် ဇန္ဒား ကုန်ပဒေသာတိုက် ဝင်လိုက်တာ တော်တော် စိတ်ကူး မှန်သွားသည် ။ အမျိုးသမီးတွေက အများအားဖြင့် သည် တိုက်မှာ လက် ငင်း ဝယ်ကြသည် ။ ချက်လက်မှတ်တို့ ၊ အကြေးဝယ် ကတ်ပြားတို့ ဆို လျှင် သံသရာရှည်နေဦးမ ည်။ သူ အထက်တန်း ကျောင်းသားဘဝတုန်း က သည် တိုက်မှာ နေ့စားလုပ် သား ဝင်လုပ်ဖူး၍ သည် အတိုက်အကြော င်း ကောင်းကောင်း သိသည် ။ ။ ဒါကြောင့်လည်း ယနေ့ညက သူက အလုပ်သမား ဝတ်စုံဝတ်ပြီး အ လစ်ဝင် သုတ်လာခဲ့ခြင်း ဖြစ်သည် ။ သူ့ကို ဝယ်သူတိုင်းက ကုန်တိုက်လု ပ်သားလို့ ပင် ထင်ကြသည် ။ အမျိုးသမီးက ပိုက်ဆံအိတ်ကြီး တကိုင်ကို င်ဖြင့် ပစ္စည်းဝ ယ်တွေ လျှောက်ကြည့်နေခိုက် အလစ်တွင် သူက ဆတ်ခနဲ ဆွဲ နှိက်လာခဲ့ခြင်း ဖြစ် သည် ။သူ့နောက်က သူတို့ ဆက်လိုက်လာကြသေးသလား၊ နောက်ကို လုံးဝ ပြန်လှည့်မကြည့်ရဲ။ ရှေ့ကိုသာ စွတ်ပြေးနေရသည် ။ တိုက်ကြို့ တိုက်ကြား က ဝင်ပြေးလျှင် ပိုကောင်းမည်။ လမ်းပေါ် တွင် လူ တိုင်း သုတ်သုတ် သုတ်သု

တဲ့နှင့် သွားနေကြသည် ။ ချမ်းက ချမ်းလိုက်ပါဘိသနှင့်။ ဒါပေမဲ့ ကိစ္စမရှိ။ သည် အန္တရာယ် ကင်းသွား

တော့မှ အေးအေးဆေးဆေးနှင့် တဝကြီး ဆေးရှူပစ်လိုက်တော့မည်။ဟုတ်ပြီ၊ ကားဆီသို့ ရောက်တော့မည်။ ကားထဲရောက်တော့ အား လုံး အိုကေပြီ။ ကားကို ၅၉ လမ်း တံတားပေါ် က ဖြတ်ပြီး ဂျက်ကဆင် ဟိုက် ရပ်ကွက်က အိမ်ကို တန်းသွားမည်။ အိမ်ရောက်တော့ ဇီမ်ပဲ။နောက်သို့ လှည့်ကြည့်လိုက်သည် ။ ဘယ်သူမျှ သူ့နောက်မှ လိုက်မ လာ။ ရဲသားတွေလည်း တစ်ယောက်မျှ မမြင်။

မနေ့ညက အဖြစ်ကတော့ တော်တော်ဆိုးသည် ။ အဲသည် ဒေါက် တော့ကား ကို အတင်းဖွင့်ပြီး လက်ဆွဲအိတ် ယူပြေးတော့ သူ့ကို တံခါး စောင့်က မြင်သွားသည် ။ တံခါးစောင့်က အတင်းလိုက်ဖမ်းတာ ကံ ကောင်းလို့ သီသီလေး လွတ်လာခဲ့သည် ။ အဲသည် လောက် သက်စွန့်ဆံ ဖျား ပြေးခဲ့ရပေမယ့် အလကားပဲ။ အိတ်ထဲတွင် တန်ဖိုးရှိတာ ဘာမျှမပါ ။ ဘာဆေးဝါးမျှ မရှိ။ သောက်သုံးမကျတဲ့ ဆေးမှတ်တမ်းတစ်ခု၊ စက္ကူ၊ ဖိ ဖန်တစ်လုံးနှင့် ဖိနပ်စုတ် တစ်ဖက်ပဲ တွေ့ရသည် ။ အဲဒါတွေ အားလုံး လွှင့်ပစ်ရဦးမည်။

ကားဆီသို့ ရောက်ပြီး ကမန်းကတန်း တံခါးဖွင့်ပြီး စက်နှိုးလိုက်သ ည် ။ ရဲကား အချက်ပေး ဥဩမှုတ်သံတွေ ဆူဆူညံညံ ပေါ် ထွက်လာသ ည် ။ သူက ကားကို အတင်းမောင်းထွက် လိုက်သည် ။

သို့သော် အချည်းနှီးပင်။ ရဲကားက သူ့ကားရှေ့မှ ပိတ်ဆီးထားလိုက်ပြီ။ ရဲသားတစ်ယောက် ပစ္စတိုကိုင်ပြီး ကားပေါ် မှ ခုန်ဆင်းလိုက်သည် ။ ရဲကား ရှေ့မီးကြောင့် ခါးပိုက်နှိုက် မျက်လုံးတွေ ပြာဝေသွားသည် ။ ရဲသား ခါးပိုက်နှိုက်ရဲ့ ကားကို တံခါးဆွဲဖွင့်ပြီး ကားသော့ကို ဆတ်ခါ နဲ့ လှုယူလိုက်သည် ။

"ကဲ မင်း ဘာတတ်နိုင်သေးသလဲ။ လုပ်စမ်းပါဦး။ နောက်ထပ် ဘာပ ညာတွေ ကျန်သေးသလဲ။ ဟေ့ကောင် ဘာကြောင်နေတာလဲ။ မြန်မြန် ဆင်းစမ်း။ လက်မြှောက်ပြီး ဆင်းလိုက်စမ်း"

*****

≈ အခန်း (၅၅)

လေယာဉ်သည် နယူးအော်ခ် လေယာဉ်ကွင်းပေါ်တွင် ပျံဝဲလျက်ရှိသည် ။ ။

ရာသီဥတုကြောင့် အဆင်းတွင် တုန်ခါနေသည် ။ခရစ်လူးဝစ်က သူ့ဘေးတွင် ထိုင်နေသော ဂျုန်းမိုးအား စောင်းကြည့် လိုက်သည် ။ ဒါပေမဲ့ သူမက လေယာဉ်အဆင်းကို ကြောက်လို့ မဟုတ် ဆို်တာ ခရစ်က ကောင်းစွာ သိပါသည် ။ ဂျုန်းက လေယာဉ်မယ်ထဲတွင် ကြောက်စိတ်မရှိသော လေယာဉ်မယ် ဖြစ်သည် ။

လေယာဉ်စီးရမှာ ကြောက်သော ခရီးသည် များအား သူမ မကြာခ ဏာ ပြောလ့ရှိသော စကားကို ခရစ်က ကြားယောင်မိသည် ။

"အမှန်အတိုင်း ပြောရရင် လေယာဉ်စီးရတာ ပိုပြီးတောင် အန္တရာယ် ကင်းပါသေးတယ်ရှင်။ ကားတို့ ၊ ရထားတို့ ၊ မော်တော်ဆိုင်ကယ်တို့ စီး ရတာကမှ ပိုပြီးတော့ ကြောက်စရာ ကောင်းပါသေးတယ်။ ကုန်ကုန်ပြောရရင် လေယာဉ်ပုံပေါ် ရောက်နေတာထက် ရေချိုးခန်းထဲ ရေချိုးနေတာကတောင် ပိုအန္တရာယ်များ သေးတယ်" သူမ မျက်နှာက တည်ငြိမ်နေသည် ။ ခရီးသည် များအား ကောက် တေးအရက်များ ပေးတော့ သူမက နှစ်ခွက်ယူလိုက်သည် ။ ညစာကို တော့ တစ်ယောက်မျှ စားချင်စိတ် မရှိ။ ကော်ဖီတစ်ခွက်စီသာ သောက်လိုက်ကြသည် ။ သူမ အမူအရာက တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေပုံမျိုး။ သို့သော် ဣန္ဒြေတော့ တစ်စက်ကလေးမျှ မပျက်။ သူမ က ဧလအေးအေးကလေးဖြင့် ပြောသည် ။

"ခရစ်၊ ကျွန်မကြောင့် ဗင်ဂျီ ကိုယ့်ကိုယ်ကို သတ်သေတာကိုတော့ ကျွန်မ တစ်သက်လုံး ဖြေလို့ ရနိုင်စရာ မရှိတော့ပါဘူး။ ဒါပေမဲ့ တခြား ကိစ္စကိုတော့ ကျွန်မ လုံးဝ မပူပါဘူး။ ဒီကိစ္စထဲ ကျွန်မကို ဆွဲသွင်းရတာ ဘာမှ မစိုးရိမ်ပါနဲ့ ။ လာမယ့်ဘေး ပြေးတွေ့လိုက်တာ အကောင်းဆုံးပါ ပဲ။ ရှင့်ကို သူတို့ က စစ်ဆေးတဲ့ အခါ အမှန်အတိုင်းသာ ဖွင့်ပြောလိုက်ပါ။ ဘာမှ ထိမ်ချန်မထားပါနဲ့ "

ညော် . ဂျူန်း .. ဂျုန်း။ တယ်လည်း စိတ်ကောင်းရှိတဲ့ မိန်းကလေးပါ လားကွယ်။ ။

ဒီပြဿနာတွေ ရှင်းသွားပြီးတဲ့ နောက်မှာ တော့ တို့ နှစ်ယောက် ပျော်ပျော်ကြီး နေကြရတော့မှာ ပဲ။ ဂျူန်းကတော့ တကယ့်ကို မြင့်မြတ် တဲ့ မိန်းမ။ သူ့စိတ်ထားမျိုးကို ငါလို ယောကျ်ားတစ်ယောက်တောင် မ မွေးနိုင်သေးပါကလား။

လေယာဉ်သည် ကွင်းထဲသို့ ထိုးဆင်းလိုက်သည် ။ တစ်စင်းလုံး လှုပ် ခါသွား သည် ။ တချို့ ခရီးသည် တွေက လန့်ပြီး အော်လိုက်ကြသည် ။ လေယာဉ်မှူး က သူ့အလုပ်ကို အကောင်းဆုံး လုပ်လိုက်ကြောင်း ခရစ် က သိပါသည် ။ ကွင်းထဲတွင် လေတော်တော် ပြင်းနေသည် ။ လေယာဉ် ကို မဆင်းဘဲ ဆက်ဝဲနေ မည်ဆိုလျှင် လေဆိပ်အဆောက်အအုံနှင့်ပင် ဝ င်တိုက်နိုင်သည် ။

နှ်းက ခရစ်မျက်နှာကို ပြုံပြီး ကြည့်လိုက်သည် ။ "ကျွန်မတို့ ကို လေယာဉ်မယ် လာပြီး ဆွဲချလိမ့်မယ်"

သူမက လေယာဉ်အမှုထမ်းများ သုံးလေ့ရှိသော ပြက်လုံးကို ပြောလို က်သည် ။ "ကိစ္စမရှိပါဘူး၊ အိမ်ရောက်တော့မှာ ပဲ"

လေယာဉ်သည် ပြေးလမ်းကို ကွေ့ကာ သတ်မှတ်ထားသော ဂိတ်တွ င် ရပ် သွားကြသည် ။ လာကြိုသူများက ဂိတ်ဝတွင် တန်းစီကာ လုံခြုံ

ရေး စစ်ဆေးခံနေကြရသည် ။ ခရစ်က စုံထောက်နှစ်ယောက်ကို ချက်ချ င်း မျက်မှန်းတန်းမိလိုက်သည် ။ ဗင်ဂျီအလောင်းကို တွေ့ရသော နံနက် က သူတို့ အိမ်တွင် တွေ့ခဲ့ရသော စုံထောက်များ ပင် ဖြစ်သည် ။ "ကပ္ပတိန်လူးဝစ်ပါ လား၊ ပြီးတော့ ဒီက မစ္စမိုးနော်" စုံထောက်အက်ဒ္ဒပ်က မေးလိုက်သည် ။ "ဟုတ်ပါတယ်" ခရစ်လူးဝစ်က ပြန်ဖြေသည် ။ "ကျေးဇူးပြုပြီး ကျွန်တော်တို့ နဲ့ လိုက်ခဲ့ကြပါ ခင်ဗျာ။ အကြောင်းက ဒီလိုပါ ကပ္ပတိန် လူးဝစ်၊ ခင်ဗျားဇနီး ေသဆုံးမှုနဲ့ ပတ်သက်ပြီး ခင်ဗျား ကို သံသယ ရှိလို့ ပါ။ ပြီးတော့ တခြား လူေသမှုတွေ အတွက်လည်း စစ်

ဆေးစရာ ရှိပါတယ်။ ခင်ဗျားအနေနဲ့ ဘာမှ ပြောစရာ မရှိတော့ပါဘူး။ ဒါပေမဲ့ ခင်ဗျား ဆန္ဒရှိမယ် ဆိုရင်တော့ ရှေ့နေငှားချင် ငှားနိုင်ပါတယ်"

ဂျွန်းက ခရစ်အစား ပြန်ဖြေလိုက်သည် ။ "သူ ရှေ့နေ မငှားချင်ပါဘူးရှင်၊ သူ သိသမျှကို အားလုံး ပြောပြမှာ ပါ

≈ အခန်း (၅၆)

တီးဝိုင်းမှ ဂီတသံများ ငြိမ့်ညောင်းသာယာစွာ ပေါ်ထွက်လာသည် ။ မကြာမီ တွင် အော်ပရာ စတင် ကပြတော့မည်။ ကမ္ဘာကျော် အင်္ဂလိပ်စာ ဆိုကြီး ရိုတ် စပီးယား၏ “အော်သယ်လို” ပြဇာတ်ကို အခြေခံထားသော အော်ပရာ ဖြစ်သ ည် ။

သည် ပြဇာတ်ကို ဘီလ်က အလွန်ကြိုက်သည် ။ မော်လီကတော့ သ ည် လော က် မဟုတ်။ ဘီလ်သည် မလှုပ်မယှက် ငြိမ်သက်စွာဖြင့် တေးဂီ တဆဲတွင် နှ စ်မျောနေသည် ။ မော်လီမှာ တော့ ကိုယ်က ငြိမ်နေသော်လ ည်း စိတ်က မငြိ မ်ဖြစ်နေသည် ။

သူမသည် ပတ်ဝန်းကျင်ကို စောင်းငဲ့ကြည့်လိုက်သည် ။ ကပ္ပဲရုံတွင် ထုံးစံအ တိုင်းပင် ပရိသတ်တွေ့ ပြည့်ကျပ်နေသည် ။ သူတို့ ၏ ထိုင်ခုံများ မှာ အကော င်းစားများ ဖြစ်သည် ။ ထိုင်ခုံနှစ် နေရာ ရရန်အတွက် ဘီလ် က ဒေါ် လာခုနစ် ဆယ်ပင် ပေးခဲ့ရသည် ။ သူတို့ ၏ ခေါင်းပေါ် မှ ပန်းဆွဲ မီးပဒေသာများမှာ မှုန် မှန်လေး လင်းနေရာမှ တဖြည်းဖြည်း အမှောင် ထဲတွင် ပျောက်ကွယ်သွား ကြ သည် ။

မော်လီက အော်ပရာတွင် စိတ်မဝင်စားခြင်းမှာ အကြောင်းရှိသည် ။ သူမသ ည် သည် နေ့ည ညီမဖြစ်သူအား ဆေးရုံတွင် သွားကြည့်ချင်သည်။

သို့ပေမဲ့ ဘီလ်က သဘောမတူ။ မနက်မှ အေးအေးဆေးဆေး သွားကြ ည့်မည် ဆို၍ စိတ်မပါ့တပါ့နှင့် ကပ္ပဲရုံသို့ လိုက်လာခဲ့ရခြင်း ဖြစ်သည် ။

အော်ပရေတာ စထွက်ပြီ။ ဇာတ်လိုက်မင်းသား ပလာစီဒို ဒိုမင်ဂိုသ ည် သင ဘ်ပေါ် မှ ဆင်းလာသည် ။ တစ်ရုံလုံး လက်ခုပ်သြဘာသံများ ဖြ င့် ဆူညံသွား သည် ။ မော်လီကတော့ ဘာကိုမျှ စိတ်မဝင်စားချေ။ မျက်စိ က ဇာတ်ခုံပေါ် မှာ ကြည့်နေပေမယ့် နားက ဘာကိုမျှ မကြားချေ။ ဘီလ် က သူမကို တစ်ချက် စောင်းငဲ့ကြည့်လိုက်သည် ။ သူမက အော်ပရာကို စိတ်ဝင်စားဟန်ဖြင့် မလှုပ် မယှက် အာရုံစိုက် ကြည့်နေဟန်ဆောင် နေ လိုက်သည် ။

သူမစိတ်က ကက်သလင်းထံ ရောက်နေသည် ။ ပထမ အခန်းပြီးလျှ င် ဆေးရုံ သို့ ဖုန်းဆက်ကြည့်မည်ဟု စိတ်ကူးမိသည် ။ ကက်သလင်း၏ အသံကို ကြားရ လျှင် တော်ပါပြီ။ မခဲ့စိတ်ခင် သွားရောက်ပြီး အားပေးစ ကား ပြောလိုက်လျှင် သူလည်း တော်တော် ကျေနပ်သွားမည်။ မနက်ကျ တော့မှ ဆေးရုံသို့ သွားကြ ည့်တော့မည်။ပထမအခန်းကလည်း ရှည်ပဲ ရှည်လွန်းလှသည် ။ တော်တော်နှ

ငှ် ပြီးနိုင်မည် မဟုတ်ဟု ထင်ရသည် ။ စိတ်မရှည်စွာဖြင့် အကြာကြီး စော င့်နေရပြီးမှ ပထမအခန်း ပြီးဆုံးသွားသည် ။

ဘီလ်က အရက်ခန်းမှ အရက်တစ်ခွက်လောက်စီ မှာ သောက်ကြရ အောင်ဟု အဆိုပြုသည် ။ သို့သော် မော်လီက စိတ်မရှည်စွာဖြင့် ငြင်းပ ယ်လိုက်ပြီး တ ယ်လီဖုန်း ရှိရာသို့ ခပ်မြန်မြန်လေး လျှောက်ထွက်သွား သည် ။

ခဏကြာတော့ သုတ်သီးသုတ်ပျားဖြင့် ဘီလ်ထံသို့ ပြန်ရောက်လာသ ည် ။ မျ က်နှာ အမူအရာကလည်း အတော်လေး ပျက်နေသည် ။ သူမသည် တစ်ချက် ငိုရှိုက်ရင်း ဘီလ်၏ လက်ကို ဆုပ်ကိုင်လိုက်သည် ။

"ဘီလ် .. လုပ်ပါဦး၊ တစ်ခုခုတော့ ဖြစ်နေပြီ ထင်တယ်။ ကျွန်မ ဆေး ရုံကို ဖုန်းဆက်တော့ ကက်သလင်း အခန်းကို ဆက်လို့ မရဘူး။ ဒေါက် တာက ဖုန်း ဆက်ခွင့် မပြုလို့ တဲ့ ။ ဒါနဲ့ ကျွန်မက လူနာလက်ခံဌာနကို ဆက်ပြီး တာဝန် ကျ ဆရာမကို ကက်သလင်း အခန်း သွားကြည့်ပေးဖို့ တောင်းပန်တော့ သူ သွားကြည့်ပေးတယ်။ သူ ခုပဲ ပြန် လာပြီး ကျွန် တော့်ကို ပြန်ပြောတယ်။ ဆရာမကလေးက ငယ်ငယ်ပဲ ရှိသေးတယ်။ သူလည်း တော်တော် စိုးရိမ်နေ တယ်။ အခန်းထဲမှာ ကက်သလင်း မရှိ တော့ဘူး။ ကက်သလင်း ပျောက်နေပြီ တဲ့ "

*****

≈ အခန်း (၅၇)

သူသည် ကက်သလင်း အခန်းထဲမှ ပြန်ထွက်လာခဲ့သည် ။ သူ့မျက်နှာတွင် ကျနပ်ပြုံးတွေ့ ဝေနေသည် ။ အားလုံး အဆင်ပြေပြီ။ ဆေးလုံးတွေကလည်း အစွမ်းပြနေပြီ။ သူမ သွေးသွန်တော့မည်။ လက် ချောင်းက ဒဏ်ရာကလည်း ယခုအထိ သွေးမတိတ်သေး။ ဒုတိယထပ် သို့ ဆင်းလာခဲ့သည် ။ မစ္စအော်လ်ဒရစ်ကို ဝင်ကြည့်သည် ။ ကလေးငယ် သည် မိခင် ခုတင်ဘေးမှ ပုခက်ထဲတွင် အိပ်နေသည် ။ မစ္စတာအော်လ်ဒ ရစ်က သူ့ဇနီးခုတင်ဘေးတွင် ထိုင်နေသည် ။ သူက ကလေးဖအေနှင့် မ အေတို့ အား ပြု၍ နှတ်ဆက်လိုက်ပြီး ကလေးငယ်ကို ငုံ့ကြည့်သည် ။

"တကယ့်ကို ချောတဲ့ ကလေးပဲ။ ဒီကလေးမျိုး နဲ့ စက်ပေးတောင် လဲနိုင်ပါ့မလား"

သူက ရယ်ရွှန်းဖတ်ရွှန်းဖြင့် မြောက်ပြောလိုက်သည် ။ ကလေးငယ် ၏ မိဘများမှာ အလွန် အရေးကြီးသော ပုဂ္ဂိုလ်တွေ့ မဟုတ်လား။ ပိုက် ဆံချမ်းသာသည် ။ ဩဇာအာဏာ ရှိသည် ။ သူ့အပေါ် တွင် သူတို့ ကျေနပ် မှု ရသွားလျှင် ဝက်စ်လီတ်ခ် ဆေးရုံ သုတေသန ရန်ပုံငွေအတွက် ပိုက် ဆံတွေ့ သိန်းသန်းချီ၍ ဝင်လာနိုင်သည် ။ ယင်းသို့ဆိုလျှင် သူ့အနေဖြင့် ဆေးပညာတိုးတက်မှု အတွက် သုတေသနလုပ်ငန်းတွေ့ ဆထက်ထမ်းပိုး တိုးလုပ်နိုင်လာမည်။ စမ်းသပ်မှုတွေ့ တိုးချဲ့ ပြုလုပ်ပြီး နောက် တွေ့ရှိချက်တွေ့ကို ကမ္ဘာသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပြနိုင်လာမည်။ ပထမတွင် တိရစ္ဆာန်တွေ့နှင့် စမ်းသပ်ပြီးနောက်တော့ မိန်းမတွေ့နှင့် လူသိရှင်ကြား စမ်းသပ်မည်။ ပြီးတော့ ယခင်က နှစ်ပေါင်းများ စွာ လှို့ လှို့ ဝှက်ဝှက် စမ်းသပ်ထားခဲ့သည့် အောင်မြင်မှုများကို ဖော်ထုတ် ကြေ ညာလိုက်ခြင်းဖြင့် သူ့အဖို့ ကမ္ဘာသိ အောင်မြင်မှုကြီး တစ်မှုဟုတ်ချင်း ရ ရှိနိုင်မည်မှာ မြေကြီးလက်ခတ် မလွဲတော့။

မစ္စတာအော်လ်ဒရစ်က မွေးခါစ သားငယ်ကို ရွှင်မြူးဝမ်းသာစွာ ကြ ည့်နေရင်းမှ ဒေါက်တာ့ မျက်နှာကို ကြည့်လိုက်ပြီး -

"ကျွန်တော်တို့ အဖို့ တော့ တကယ့်ကို မယုံနိုင်စရာပဲ ဒေါက်တာ။ ကျွန်တော့် မိန်းမ အနေနဲ့ တစ်သက်လုံး ကလေး မရနိုင်တော့ဘူးလို့ လူ တိုင်းကပဲ ပြောခဲ့ကြတယ်။ အခုတော့ သူတို့ ရဲ့ ထင်မြင်ချက် လုံးဝ မှားကြောင်း ထင်ထင်ရှားရှားကြီး သက်သေပြလိုက် နိုင်ပြီ ဒေါက်တာ" "ဒါပေါ့။ သူတို့ ထင်တာတွေ့ အားလုံး ပြောင်းပြန် ဖြစ်ကုန်ပြီပေါ့" မစ္စက်အော်လ်ဒရစ်က သားသမီး မရမှာ ကို အလွန် စိုးရိမ်နေသည် ။

ယင်းစိုးရိမ်စိတ်သည် ပင် သူမအတွက် သားသမီးမရနိုင်အောင် အ ဟန့်အ တားကြီး တစ်ရပ် ဖြစ်နေခဲ့သည် ။ သည် အချက်ကို ဒေါက်တာဖူ ဒီတိုက ေ ထာက်ပြခဲ့သည် ။ ထို့ပြင် သူမတွင် ဖခင်ဘက် မျိုးရိုးမှ ဆင်း သက် သယ်ယူ လာသော ကြွက်သား ကြဲလီခြင်း ချွတ်ယွင်းချက်လည်း ရှိ နေသည် ။ သူသ ည် သူမ၏ ရေမြှောရည်ကို သေချာစွာ စမ်းသပ် စစ်ဆေးကြည့်ပြီး သူမ၏ ဝမ်းဗို က်ထဲမှ ကြွက်သား မြင်းအိတ်များကို ပြုပြင်ပေးခြင်းဖြင့် သူမအား ကိုယ်ဝန်ေ ဆာင် နိုင်စွမ်းရှိအောင် ဂရုတစို က် ကုသပေးခဲ့ခြင်း ဖြစ်သည် ။

သူမသည် ယခုတိုင် စိုးရိမ်လွန် ဝေဒနာ ရှိနေဆဲ ဖြစ်သည် ။ လွန်ခဲ့ သော ဆ ယ်နှစ်အတွင်းက နှစ်ကြိမ်တိုင်တိုင် ကလေးပျက်ကျခဲ့ ဖူးသည်။

ထို့ကြောင့် ယခုအကြိမ်တွင် သူက သူမအား မမွေးဖွားမီ နှစ်လခန့်ကပါ ဂ် ကြို့ တင်၍ ဆေးရုံတက်ခိုင်းပြီး စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ချွတ်ယွင်းချ က် အားလုံး ကို အချိန်ယူ ပြုပြင် ကုသပေးခဲ့ရသည် ။

"အားလုံး အခြေအနေကောင်းပါတယ်။ ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး။ မန က်ကျတော့မှ ကျုပ် တစ်ခေါက် လှည့်ဝင်လာခဲ့ဦးမ ယ်"

ကက်သလင်း သေဆုံးသွားပြီးနောက် ပြဿနာတစ်စုံတစ်ရာ ဖြစ် လာပါက သည် ပုဂ္ဂိုလ်များမှာ သူ၏ အဓိက သက်သေများ ဖြစ်လာနိုင် သည် ။ ထို့ြ ကာင့် သူတို့ ကို ဂရုစိုက်ရမည်။

သို့သော် စိုးရိမ်စရာတော့ မရှိ။ ကက်သလင်းသည် ဆေးရုံတက်ချိန် မှ စ၍ ေ သွးတိုးနှုန်း ကျဆင်းနေကြောင်း ဆေးမှတ်တမ်းတွင် ဝင်သွားပြီ ဖြစ်ပေသည် ။ အရေးပေါ် ခွဲစိတ်ကုသမှုကိုလည်း သည် ဆေး ရုံမှ လုပ်သက်ရင့် သူနာပြု ဆရာမများ ရှေ့တွင် ပင် ပြုလုပ်ရမည်။ သူ့အား ကူညီရန် အရေးပေါ် ဌာနမှ ဆရာဝန်ကိုလည်း ကြိုတင် အကြောင်းကြားထားပြီး ဖြစ်သည် ။ ပြီးတော့ ေ မာ်လီလည်း သည် ညလာချင် လာနိုင်သည် ။ ဒါပေမဲ့ ကိစ္စမရှိ။ မော်လီက သူ၏ ပညာစွမ်းကို အကြွင်းမဲ့ ယုံကြည်ထားပြီး ဖြစ်သည် ။ သူသည် ဤပညာ ရပ်တွင် အ တော်ဆုံး ဖြစ်သည် ။ ။

ဒေါက်တာဟိုက်ဂလေနှင့် သူ၏ လက်ထောက်ဆရာ၊ ဆရာမကြီးများက အစွ မ်းကုန် ကြိုးစား ကုသကြပါသော်လည်း ကက် သလင်းမှာ သွေးသွန်ခြင်း မရ ပ်နိုင်ဘဲ သေဆုံးသွားခဲ့ကြောင်း ကို မော် လီက လူတိုင်းကို ပြောပြပေလိမ့်မ ည်။

အော်လ်ဒရစ် လင်မယားအား နှုတ်ဆက်ပြီးနောက် အခန်းထဲမှ ပြန်ထွက်ကာ သူနာပြု ဆရာမကလေး ရင်ဂျီ၏ စားပွဲသို့ လာခဲ့သည် ။ သူက အစစအရာရာ ကို စိမ်ကိန်းချ၍ စနစ်တကျ စီစဉ်ထားသည် ။ ဘယ်အချို့ နံမာ ဘယ်သူက

ဘာလုပ်ရမည် ဆိုသည် ကို အသေးစိတ် ဇယားချထားပြီး ဖြစ်သည် ။ ရင်ကျိထက် အတွေ့အကြုံရှိသော သူနာပြု ဆရာမတစ်ဦးကို ဆယ်မိနစ် တစ်ကြိမ် ကက်သလင်း အခန်းသို့ သွားကြ ည့်ရန် တာဝန်ပေးထားသည် ။ "ရင်ကျိ" "ဟုတ်ကဲ့ ဒေါက်တာ" သူမက ထိုင်ရာမှ ထရပ်လိုက်သည် ။

သူမ လက်တွေက ဂနာမငြိမ် ဖြစ်နေသည် ။ ဒေါက်တာ့ကို ကြောက် ရွံ့နေသည့် သဘော။

"မစ္စက်ဒီမေယိုကို အထူးဂရုစိုက်ရမယ်။ သူ့အခြေအနေက စိုးရိမ်ရ တယ်။ ဧသူးတိုးနှန်းက ပုံမှန်ထက် ကျနေတယ်။ သွေးသွန်တာကလည်း ထင်တာထက် ပိုများ နေတယ်။ ငါ အခု ထမင်း သွားစားလိုက်ဦးမယ်။ ပြီးတော့ ပြန်လာခဲ့မယ်။ သွေးခုန်နှုန်း ဓာတ်ခွဲခန်း စစ်ဆေးချက်ကို အ ဆင်သင့် ယူထား။ သူ့ကို အတတ်နိုင်ဆုံး ကောင်းကောင်း မွန်မွန် ပြုစုပါ ။ သူက ဆေးရုံကို တစ်သက်လုံး ကြောက်လာတဲ့ မိန်းမ။ အခြေအနေအ ရ ဒီညပဲ ခွဲချင် ခွဲရလိမ့်မယ်။ ခွဲသင့်၊ မခွဲသင့် ငါ ပြန်လာတော့မှ ဆုံးဖြ တ်မယ်။ ငါ တစ်နာရီလောက် ကြာမယ်။ သူ့ကို ဒီနေ့ညစာ လုံးဝ မစားဖို့ ပြောထားတယ်။ သူက စားချင်တယ် တောင်းရင်လည်း လုံးဝ မပေးနဲ့ " "ဟုတ်ကဲ့ပါ ဒေါက်တာ" "သူ့ကို အိပ်ဆေး သွားတိုက်ထားလိုက်။ အရေးပေါ် ခွဲစိတ်မှု ရှိချင်ရှိ

မယ် ဆိုတာ လုံးဝ မပြောနဲ့ သိလား" "ဟုတ်ကဲ့ပါ ဒေါက်တာ"

ထို့နောက် နေရာမှ လှည့်ထွက်လာခဲ့သည် ။ ဧည့်ခန်းမကြီးတွင် ဧည့် သည် ဧတွဲနှင့် အာလာပ သလ္လာပ နှုတ်ဆက်ပြောဆိုပြီးနောက် ဆေးရုံ အောက်ထပ်နှင့် ကပ်လျက် စားသောက်ဆိုင်သို့ လာခဲ့သည် ။ ။

ဆေးရုံစားသောက်ဆိုင်က မဆိုးဘူး။ အစားအသောက်တွေ့ တော် တော် အဆင့်အတန်း မီတယ်။ အိမ်ပြန်ပြီး စားနေစရာ မလိုတော့ဘဲ ဒီမှာ ပဲ အဆင်ပြေသွားမယ်။ ထမင်းစားပြီးတော့မှ သူ့ဆီ တစ်ခေါက် သွားကြည့်ဦးမယ်။ ဒါမှ ငါ့ကို လူနာအပေါ် အထူးဂရုစိုက်တဲ့ ဒေါက်တာ ဆိုပြီး လူတွေက ထင်ကြမယ်။ ဒါဟာ အရေးကြီးဆုံး အချက်ပဲ။ ငါ ဘာ လုပ်လုပ် အပြစ်မဖြစ်နိုင်တဲ့ သက်ဧသခံ အထောက်အထား တစ်ခုပဲ။

ပြီးတော့ တခြားအရေးကြီးတဲ့ အချက်တစ်ချက်လည်း ရှိသေးတယ်။ အခုလို လူနာအတွက် အရေးကြီးတဲ့ ညမျိုးမှာ အိမ်ကို မပြန်ဘဲ ဆေးရုံ စားသောက်ဆိုင်မှာ ပဲ လာစားတာ ယုတ္တိလည်း ရှိတယ်။ ငါ့အနေနဲ့ ပြ

သနာပေါ် လာရင် ဘယ်နေရာကို ဘယ်လောက်ကြာကြာ သွားနေတယ် ဆိုတာလည်း ဘယ်သူမှ အတိအကျ သိမှာ မဟုတ်ဘူး ။

သူသည် အစားအသောက်များ ရောက်မလာခင် စားပွဲတွင် ထိုင်ကာ နောက်ဆုံး လုပ်ငန်းများကို စဉ်းစားကြည့်သည် ။ ခုနစ်နာရီ ငါးမိနစ်တွ င် ကက်သလင်းအခန်းမှ ထွက်လာခဲ့သည် ။ ရှစ်နာရီထိုးရန် ဆယ့်ငါးမိန စ် အလိုတွင် စားသောက်ဆိုင်သို့ ရောက်သည် ။ ရှစ်နာရီ တိတိတွင် က က်သလင်းအား အိပ်ဆေးတိုက်မည်။ ဆေးက တော်တော် ပြင်းသည် ။ သူမ အားနည်းနေတာကို ဝမ်းသာရမည်။ အိပ်ဆေး ထပ်တိုက်လိုက်လျှ င် တစ်ခါတည်း တုံးခန် အိပ်ပျော်သွားမည်မှာ သေချာသည် ။

ရှစ်နာရီခွဲတွင် တတိယထပ်သို့ နောက်ဘက် လှေကားမှ တက်ကာ ကက်သလင်း အခန်းထဲသို့ ဝင်၍ သူမ အိပ်ပျော်၊ မပျော် သေချာအောင် သွားကြည့်မည်။ အိပ်ပျော်နေလျှင် အခြား ဆေးလုံးများ နှင့် ပေါင်းစပ် ကာ ဟက်ပရင်ထိုးဆေးကို ထိုးပေးမည်။ ဤဆေးသည် သွေးမခဲစေနိုင်

သော အလွန် အစွမ်းထက်သည့်ဆေး ဖြစ်သည် ။ ဤဆေးထိုးလိုက်လျှင် သူမ၏ သွေးတိုးနှုန်းသည် ရုတ်တရက် ထိုးကျသွားလိမ့်မည်။ ပြီးလျှင် စားသောက်ဆိုင်သို့ ပြန် လာပြီး ကော်ဖီကို လက်စသတ်၊ ပိုက်ဆံရှင်း၊ ထိုနောက် ဆေးရုံပြန်သွား၊ သူနာပြုဆရာမလေး ရင်ဂျိကို ခေါ်ပြီး ကက် သလင်းအခန်းသို့ သွားကြည့်၊ နောက် ၁၀ မိနစ်ကြာလျှင် ခွဲစိတ်ခန်းထဲ ကက်သလင်း ရောက်နေရောမည်။ သည် ည သူမထံ ဘယ်သူသည် မျှ မလာတာ အလွန်အဆင်ပြေသည် ။ သည် လို မလာနိုင်အောင်လည်း သူ က ကြိုတင် စီစဉ်ခဲ့သည် မဟုတ်လား။

သူမအား ခွဲစိတ်ခန်းထဲတွင် သွေးသွင်းနေစဉ်အတွင်း သူက ဘယ်သူ မျှ မသိအောင် ဟက်ပရင် တစ်လုံး ထပ်ထိုးမည်။ သည် အလုပ်က ထိ ရောက်တော့ အလွန်ထိရောက်သည် ။ သို့သော် စွန့်တော့ တော်တော် စွ နှ့်ရမည်။

ညစာကတော့ အမဲသားကြော်နှင့် လုံလောက်ပြီ။ သည် နေ့ သူတော် တော်လေး ဆာနေသည် ။ ညစာကို အချိန်ဆွဲ စားရမည်။ ကက်သလင်း ၏ အစ်မ မော်လီက ၁၂ နာရီကျော်လောက်မှ ဆေးရုံသို့ ရောက်နိုင်မည်။ သူမ၏ ညီမအတွက် ဘာမျှ မပူရန် နှစ်သိမ့်စကား ပြောရမည်။ သို့မှ သာ သူမက သူ့အား အလွန်စိတ်ကောင်းရှိသော ဒေါက်တာဟု စွဲမှတ်နေလိမ့် မည်။

သည် အတိုင်းဆိုလျှင် သည် နေ့တော့ အိမ်ကို နှစ်နာရီ သုံးနာရီလောက်မှ ပြန်ရလိမ့်မည်။ သူက ဝိုင်အရက်တစ်ခွက် မှာ လိုက်သည် ။ အမှန် သောက်ချင်တာကတော့ ထုံးစံအတိုင်း ပုလင်းဝက်။ သို့ပေမဲ့ သည် ည

တော့ တစ်ခွက်ပဲ သောက်ရမည်။ စိတ်ရောကိုယ်ပါ လန်းလန်းဆန်ဆန်း ရှိရုံဆိုလျှင် တော်ပြီ။ နောက်ပိုင်းတွင် မထင်တာတွေ့ ဘာတွေ့ ဖြစ်လာ ဦးမည်

မသိ။ အရက်များများ သောက်လို့ မဖြစ်။ဘာပဲဖြစ်ဖြစ် အန္တရာယ်တွေတော့ တစ်ခုပြီးတစ်ခု ရှင်းသွားပြီ။

ပျောက်သွားသော လက်ဆွဲအိတ်လည်း ပြန်ပေါ်လာစရာ မရှိတော့။ ဒေါ် တာဆလင်း အန္တရာယ်ကိုလည်း ပိပိရိရိဖြင့် ရှင်းပစ်လိုက်ပြီ။ ဒေါက် တာဆလင်း သေတာကို ဟိုတယ်ပေါ်က လိမ့်ကျတာသော် လည်းကောင်း၊ ခုန်ချတာသော် လည်းကောင်း တစ်ခုခု ဖြစ်ရမည်ဟု သ တင်းစာတွေက ရေးသားကြသည် ။ ကောင်းလေစ့၊ ကောင်းလေစ့။ ပြီးတော့ အက်ဒနာ၏ စားပွဲအံဆွဲထဲမှ ဖိနပ်တစ်ဖက်အတွက်လည်း စိုးရိမ် စရာ မရှိတော့။ သူမ ပစ္စည်းတွေ ထုခွဲရှင်းလင်းသော လူတွေက သည် ဖိ နပ်စုတ်တစ်ဖက်ကို ထူးထူးခြားခြား ဂရုစိုက်နစရာ အကြောင်းမရှိ တော့။

တွေးကြည့်ရင် တော်တော်ကြောက်စရာ ကောင်းတဲ့ အလုပ်ပဲ။ မလို အပ်ဘဲ အန္တရာယ်တွေနဲ့ ရင်ဆိုင်နေရတယ်။ အမှန်ဆိုရင် ငါ့အနေနဲ့ သ ည် အလုပ်ကို လူသိရှင်ကြား လုပ်ကိုင်ခွင့် ရသင့်တယ်။ လွန်ခဲ့တဲ့ မျိုးဆ က်တစ်ဆက်လောက်ဆိုလျှင် မေထုန်မဲ့ သားစပ်လုပ်ငန်းကို အလွန်ရိုင်း စိုင်းတဲ့ အလုပ်လို့ ယူဆခဲ့ကြတယ်။ အခုဆိုရင် ဒီနည်းနဲ့ ပဲ တစ်နှစ် တစ် နှစ်ကို ကလေးတွေ ထောင်နဲ့ချီပြီး မွေးဖွားပေးနေကြပြီ။

လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ထောင်လောက်ကို ပြန်ကြည့်ပါလား။ အာရ ပ်လူမျိုးတွေဟာ ရန်သူတွေကို ဖျက်ဆီးချင်တော့ ရန်သူ့စခန်းထဲ လှို့ဝှက် ဝင်ရောက်ပြီးတော့ အညှဲစား မြင်းလီးတွေရဲ့ သုက်ရည်ကို အဝတ်နဲ့ စုပ်ယူပြီး ရန်သူ့ဘက်က မြင်းမတွေရဲ့ အင်္ဂါဇာတ်ထဲ ထည့်သွင်းပြီး မျိုးမ သန့်တဲ့ မြင်းတွေမွေးလာအောင် လုပ်ခဲ့ကြတယ်။ တော်တော် စိတ်ကူးကောင်းတဲ့ လူတွေပဲ။ ဖန်ပြင်ထဲမှာ သားဖောက်တဲ့ လုပ်ငန်းကို ပထမ ဆုံး တီထွင် အောင်မြင်ခဲ့ကြတဲ့ သမားတော်ကြီးတွေကိုလည်း အလွန့်အ လွန် ချီးကျူးဖို့ ကောင်းတယ်။

ဒါပေမဲ့ အခု ငါ့ရဲ့ အောင်မြင်မှုကတော့ ခေတ်အဆက်ဆက်က အော င်မြင်မှုတွေ အားလုံးထက် ကြီးကျယ်တယ်။ အဲဒါတွေ အားလုံးကို ကျော် လွန်သွားတယ်။ ဒီသမိုင်းဝင် လုပ်ငန်းကြီးအတွက် ငါ့ကို ကမ္ဘာကျော် “နို့ ဘယ်ဆု” ကြီးနဲ့ ဂုဏ်ပြုကြမှာ သေချာတယ်။ တစ်နေ့တော့ ဒီဆုကြီးကို ကျိန်းသေပေါက် ရမှာပဲ။ ဆေးသိပ္ပံပညာရပ်မှာ ဘယ်သူမှ စိတ်ကူးလို့ မရတဲ့ လုပ်ငန်းကြီးကို ငါက ထူးချွန်စွာ ဖော်ထုတ်နိုင်တော့မယ်။

ငါက သူများ တွေလို အဖွဲ့အစည်းနဲ့ တခြားလူ အကူအညီနဲ့ လုပ်တာ မဟုတ်ဘူး ။ ဘယ်သူ့ အကူအညီမှ မယူဘဲ တစ်ယောက်တည်း လုပ်ခဲ့ တာ။ ငါ တစ်ယောက်တည်းရဲ့ အစွမ်းအစနဲ့ သားပျက်ကျခြင်း ပြဿနာ ကိုလည်း ဖြေရှင်းနိုင်ခဲ့ပြီး ကိုယ်ဝန်မဆောင်နိုင်တဲ့ အခက်အခဲကိုလည်း ကျော်လွှားနိုင်ခဲ့ပြီ။

ငဲ့လုပ်ရပ်ကို လူတွေ သိသွားရင် ငဲ့ကိုလည်း ကိုယ်နှီးကပ် [(Coperni cus) (၁၄၇၃-၁၅၄၃) ၁၅ ရာစုခေတ် ပိုလန်အမျိုးသား နက္ခတ္တဗေဒ သိပ္ပံ ပညာရှင်[ကီး] လိုပဲ ရာဇဝတ်ကောင် တစ်ယောက်အဖြစ် စွပ်စွဲကြမှာ ကိုတော့ တော်တော် ဝမ်းနည်းစရာ ကောင်းတယ်။ "ညစာစား လို့ မြိန်ပါရဲ့ လား ဒေါက်တာ" "အရေးကောင်း ဒိန်းဒေါင်းဖျက်" ဆိုသလို အတွေးကောင်းနေတုန်းစားပွဲထိုး မလေး၏ အသံကြောင့် ဖျတ်ခနဲ လန့်သွားမိသည် ။ ဩော် .. ဟု တ်သားပဲ။ ဒီမျက်နှာ ငါမြင်ဖူးပါတယ် လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်က သူမကို သားယောကျ်ားကလေး မွေးပေးခဲ့ဖူးတာပဲ။ "ဩော် . အေး၊ မိန်ပေါ့ဗျာ။ ဒါနဲ့ မင်းကလေး နေကောင်းရဲ့ လား" "ဟုတ်ကဲ့ ဒေါက်တာ၊ နေကောင်းလိုက်သမှ ဒေါင်ဒေါင်မြည်နေတာ

"အေး .. ကောင်းပါလေ့ဗျာ၊ ကောင်းပါလေ့။ ဒါနဲ့ မလိုင်မျှားမျှား နဲ့ ကော်ဖီ ပူပူ တစ်ခွက်လောက် လုပ်စမ်းပါဦးကွယ်" "ဟုတ်ကဲ့ ဒေါက်တာ၊ ဆယ်မိနစ်လောက်တော့ စောင့်ပါဦးနော်" "လုပ်ပါ .. လုပ်ပါ၊ အတော်ပဲ။ ငါလည်း ဖုန်းဆက်စရာ ရှိတာ သွား ဆက်လိုက်ဦးမယ်"၁၀ မိနစ် မစေ့ခင် ပြန်လာမှ ဖြစ်မည်။ ဒါမှ စားပွဲထိုးမလေးနှင့် လွဲမ သွားမှာ ။ ပြတင်းပေါက်သို့ လှမ်းကြည့်လိုက်သည် ။ အပြင်တွင် ဆီးနှင်းစဲသွားပြီ။

သူသည် တယ်လီဖုန်းတွေ ရှိသော နေ့ခန်းအနီးရှိ တံခါးပေါက်မှ ထွက်ကာ ခပ်မြန်မြန်လေး လျှောက်လာခဲ့သည် ။ မျက်နှာကို အအေးငွေ့ လာဟပ်သည် ။ သို့သော် သူက လုံးဝ ဂရုမစိုက်နိုင်။ သည် အချိန်တွင် စ က္ကန့်တိုင်း စက္ကန့်တိုင်းကို သတိကြီးစွာဖြင့် မလွတ်အောင် အသုံးချနေရ သည် မဟုတ်ပါလား။ သူ့အိတ်ထဲတွင် လည်း မီးအန္တရာယ် အရေးပေါ် ထွက်ပေါက်သော ပါလာသည် ။ လှေကားပေါ် တွင် မီးထိန်ထိန် လင်းနေသည် ။ သူက မီးခလုတ်တွေကို ပိတ်ပစ်လိုက်သည် ။ ပြတင်းပေါက်များမှ ဝင်လာသော အ လင်းရောင်ကြောင့် လမ်းကို ကောင်းစွာ မြင်ရသည် ။ ။

တတိယထပ် ရောက်တော့ တံခါးကို ဖြည်းဖြည်းဖွင့်ပြီး အသံကို နား စွင့်လိုက်သည် ။ ဘာသံမျှ မကြား ရ။ ခန်းမဆောင်ထဲ ဆက်လျှောက်လာ ခဲ့သည် ။ မ[ကာမီ ကက်သလင်း အခန်းရှေ့သို့ ရောက်လာသည် ။ ညနေ တုန်းက ဟက်ပရင်ထိုးဆေးနှင့် ဆေးထိုးပိုက်ကို နေ့ခန်းစားပွဲ အံဆွဲထဲ တွင် ထားခဲ့သည် ။ အပြင်ဘက်မှ ဝင်လာသော အလင်းရောင်ဖြင့် ခပ် ညံးဖြည်း လျှောက်သွားပြီး ဆေးထိုးပိုက်နှင့် ဆေးပုလင်းကို ယူလိုက်သည် ။

သည် အချိန်သည် အရေးတကာ့ အရေးကြီးဆုံး အချိန်။ သတိ ..သတိ။ အကယ်၍ သာ ကက်သလင်း နိုးနေပြီး သူ့ကို မြင်သွားလျှင် အန္တရာ ယ်။ ဒါပေမဲ့ အိပ်ဆေး သောက်ထားတာပဲ။ သူ မနိုးနိုင်ပါဘူး။ ဆေးထိုး လိုက်တာကို သူ မမှတ်မိနိုင်ပါဘူး။

ဒါပေမဲ့ နောက်တစ်ကြိမ် သူနာပြုဆရာမလေး ရင်ကျိုကို ခေါ်ပြီး ပြန် ဝင်လာတဲ့ အခါ သူ နိုးနေပြီး ဆေးထိုးတာကို သတိရလို့ မေးလာရင် ဘာ ယ်လိုလုပ်မလဲ။ အို ..ဒါလည်း ဖြေဖို့ မခက်ပါဘူး။ “မင်း မှားနေတာပါ။ သွေးနမူနာ ယူတာပါ” လို့ ပြောလိုက်ရင် ပြီးပါတယ်။ ဒါက ငါက တွေးကြည့်တာပါ။ တကယ်တော့ သူ အိပ်ပျော်နေမှာ ပါ။

သူ အခန်းထဲသို့ ရောက်လာသည် ။ သူမကို ငုံ့ကြည့်လိုက်သည် ။ သူ မ၏ လက်မောင်းကို ကိုင်ကြည့်လိုက်သည် ။ ပြတင်းလိုက်ကာ တစ်ဝက် ဖွင့်ထားသည် ။ အလင်းရောင် မှန်မှန်လင်းနေသည် ။ သူမ တစ်ကိုယ်လုံးကို ကောင်းစွာ မြင်နေရသည် ။ မျက်နှာကို တစ်ဖက်သို့ လှည့်ထား သည် ။ အသက်ရှူတာ မြန်တုံ၊ နှေးတုံ ဖြစ်နေသည် ။ သူမသည် အိပ်ပျော်ရင်း စကားတွေ ပြောနေသည် ။ သို့သော် ဘာတွေ ပြောနေမှန်း လုံးဝ နားမလည်။ အားလုံး ဗလုံးဗထွေး ဖစ်နေသည် ။ သူမ အိပ်မက်မ က်နေတာ ဖြစ်မည်။ ။

သူက သူမ၏ လက်မောင်းထဲသို့ ဆေးထိုးအပ်ကို စိုက်လိုက်သည် ။ ပြီးတော့ လက်နှင့် ညှစ်ထားလိုက်သည် ။

သူမသည် တစ်ချက်တွန့်သွားပြီး သက်မချသည် ။ ထို့နောက် ခေါင်း ကို လှည့်ကာ မျက်လုံးများကို မဖွင့်ချင် ဖွင့်ချင် ဖွင့်ကြည့်သည် ။ အလင်း ရောင် မှန်မှန်တွင် သူမ၏ မျက်လုံးကျယ်ကြီးကို ထင်ထင်ရှားရှား မြင် ရသည် ။

သူမသည် သူ့မျက်နှာကို တအံ့တသြ ကြည့်နေသည် ။ ပြီးတော့ လေသံဖြင့် တိုးတိုးလေး ညည်းပြောလိုက်သည် ။ "ဟင် ... ဒေါက်တာဟိုက်ဂလေ၊ ဗင်ကျီ လူးဝစ်ကို ဘာဖြစ်လို့ သတ် တာလဲဟင်"

≈ အခန်း (၅၈)

အစိုးရရှေ့နေကြီး စကော့မိုင်ယာဆင်သည် တော်တော်ပင် ဒေါသထွက်နေသည် ။ ဒေါသထွက် တာထက် စိတ်ပင်ပန်းတာက ပို၍ များ လိမ့် မည်။ အဘယ်ကြောင့် ဆိုသော် အင်္ဂါနေ့ မနက်က ဗင်ကျီလူးဝစ်၏ အ

လောင်းကို တွေ့ရသည် ။ နောက်မကြာမီတွင် လူနှစ်ယောက် ဆက်တို က်လိုလိုပင် ထပ်သေပြန်သည် ။ နှစ်ယောက်စလုံး တန်ဖိုးရှိသူတွေ ဖြစ် သည် ။ တစ်ယောက်က အိုမင်းမစွမ်းသော မိဘနှစ်ပါးကို ကွယ်လွန်ချိန် အထိ ပြုစုစောင့်ရှောက်ခဲ့ပြီး နာမည်ကျော် ဆေးရုံကြီး တစ်ခုတွင် စာ ရေးမ လုပ်နေသူ၊ နောက်တစ်ယောက်က ဆေးပညာ တိုးတက်ရေးအ တွက် အထောက်အကူများစွာ ပေးနိုင်ခဲ့သူ သမားတော်ကြီး။

မိမိဘက်က အရေးယူဆောင်ရွက်မှု နှေးကွေးသွားသောကြောင့်သာ ထိုပုဂ္ဂိုလ်နှစ်ယောက် ထပ်မံ သေဆုံးခဲ့ကြရခြင်း ဖြစ်သည် ။ တရားခံမှ ခရစ်လူးဝစ်မှ တစ်ပါး မည်သူမျှ မဖြစ်နိုင်။ သည် အချက်ကိုတော့ စ ကော့က ကျိန်းသေပေါက် ပြောနိုင်လေသည် ။ ဗင်ကျီလူးဝစ် သေဆုံးခြင်းသည် လူသတ်မှုဖြစ်ကြောင်း အစောကြီးကတည်းကသာ သိခဲ့ရလျှင် မိမိအနေဖြင့် ခရစ်လူးဝစ်ကို ချက်ချင်း ဖမ်းဆီး စစ်ဆေးနိုင် ခဲ့မည် ဖြစ်သည် ။ ယင်းသို့ ကြိုး ကြိုတင်တင် စစ်ဆေးနိုင်ခဲ့လျှင် အက်ဒ နာနှင့် ဒေါက်တာဆလင်းတို့ သည် ယနေ့တိုင် အသက်ရှင်လျက် ရှိကြဦး မည် ဖြစ်သည် ။

သည် တစ်ကြိမ်တော့ ခရစ်လူးဝစ်ကို လုံးဝ လက်လွှတ်ခံ၍ မဖြစ်တော့။ ဖြစ်သည့်နည်းဖြင့် အမိအရ ဖမ်းဆီးရတော့မည်။ မိမိ၏ ကိုယ်ဝ နှံဆောင် ဇနီးကို ရက်ရက်စက်စက် သတ်ရဲသူ တစ်ယောက်အနေဖြင့် တခြားလူများကို သွေးအေးအေးဖြင့် သတ်ရန်ကိစ္စမှာ ဘာမျှ ခက်ခဲတော့မည် မဟုတ်။ သူသည် ရာဇဝတ်မှုတကာတွင် အရက်စက်ဆုံး ရာ ဇဝတ်မှုကို ကျူးလွန်သူပင် ဖြစ်သည် ။

ခရစ်လူးဝစ်နှင့် သူ့မိတ်ဆွေ မိန်းကလေးတို့ သည် ယနေ့ည ခုနစ်နာ ရီအချိန်တွင် လေယာဉ်ကွင်းသို့ ရောက်လာကြတော့မည်။ ရှစ်နာရီဆိုလ ဆင် မိမိ ရုံးခန်းသို့ ရောက်လာတော့မည်။ခရစ်လူးဝစ်က တော်တော် သွေးအေးသည် ။ ထွက်ပြေးဖို့ လုံးဝ စဉ်း စားဟန်မတူ။ ထွက်ပြေးတာထက် အဖမ်းခံတာက သူ့အတွက် ပို၍ အ ကျိုးရှိကြောင်း ကောင်းကောင်း သိပုံရသည် ။ သည် အမှုတွင် သူ့အနေဖြင့် ဘာအပြစ်မျှ မရှိကြောင်း ကောင်းစွာ ထွက်ဆို ချေပနိုင်ပေ

လိမ့်မည်ဟု အပိုင်တွက်ထားပုံ ရသည် ။ ဖြစ်ရပ်အားလုံးမှာ သွယ်ဝိုက် ဆက်စပ်သည့် အထောက်အထားများ သာ ဖြစ်သည် ဟု တွက်ထားပုံ ရ သည် ။

သို့သော် တရားခွင်တွင် တကယ်စစ်ဆေးသောအခါ မျက်မြင်သက် သေများ၏ ထွက်ဆိုချက်ထက် သွယ်ဝိုက် ဆက်စပ်သည့် အထောက်အ ထားများကပင် ပို၍ တန်ဖိုးရှိနေတတ် သေးသည် ။ သည် အမှုကို မိမိကို ယ်တိုင် စွဲချက်တင်မည်။ သည် လောက် ရက်စက်ယုတ်မာသည့် တရား ခံကို ထွက်ပေါက်မရှိအောင် လေးဖက်လေးတန် ပိတ်ညှပ်ပြီး အသေချုပ် ကိုင်ရမည်။ ၇ နာရီ မိနစ် ၅၀ တွင် စကော့၏ ရုံးခန်းထဲသို့ ရစ်ချတ် ဝင်လာသည်

သူက နိဒါန်းချီမနေတော့ဘဲ လိုရင်းကိုပင် တည့်တည့်ကြီး ပြောလို က်သည် ။

"ကျွန်တော်တို့ တော့ ရာဇဝတ်အိုး တုတ်နဲ့ ထိုးလိုက်ပြီ ထင်တာပဲဗျ။ ဝက်စလိတ်ခ် သားဖွားစီမံကိန်း ဆိုပြီး နာမည်ခံထားတဲ့ အပုပ်အရွပ် ဆေးရုံကြီးကို ပြောတာပါ"

"ခင်ဗျားက ဒေါက်တာဖူမီတိုကို ဆိုလိုတာလား။ အဲဒီဒေါက်တာနဲ့ ဗ င်ဂျီလူးဝစ်နဲ့ အဆက်အဆံရှိတယ် ဆိုတာ ထင်ရှားရင်တော့ ခင်ဗျားပြောတာကို ကျုပ် သဘောတူပါတယ်။ အဲဒီလိုသာ ဆိုရင် တရား ခံပေါ် အောင် လုပ်ဖို့ မခက်တော့ပါဘူး။ သန္ဓေသားဆီက သွေးနမူနာ ယူပြီး စစ်ဆေးလိုက်ရင် ကျုပ်တို့ က ဒေါက်တာဖူမီတိုကို ချက်ချင်း ဖမ်း လို့ ရတာပဲ။ သွေးအမျိုးအစားချင်း တူနေရင် ဒီလူ မငြင်းနိုင်တော့ဘူး"

"ကျွန်တော်က သူ့အကြောင်း ပြောတာ မဟုတ်ပါဘူး။ ဒေါက်တာ ဟိုက်ဂေလအကြောင်း ပြောတာပါ။ ကျွန်တော်က ဒေါက်တာဟိုက်ဂ လေကိုပဲ သံသယမကင်း ဖြစ်နေတယ်။ ကျွန်တော့် အင်တော့ ဒီပုဂ္ဂို လ်ဟာ ကိုယ်ဝန်ဆောင် မိန်းမတွေကို အသုံးချပြီး တစ်ခုခု စမ်းသပ်ရာ ဖွေ နေတယ်လို့ ထင်တယ်။

ကိုယ်ဝန်ဆောင် မိန်းမတစ်ယောက်ရဲ့ ယောကျ်ားနဲ့ ကျွန်တော် သွားတွေ့တယ်။ သူက သူ့ကိုယ်သူ ကလေးအဖေလို့ လုံးဝ မထင်ဘူး။ ထင်စ ရာ လည်း လုံးဝ မရှိဘူး။ ဒါပေမဲ့ သူ့မိန်းမ ကလေးမွေးတုန်းက သူလည်း ဆေးရုံမှာ ရှိနေခဲ့တယ်။ သူ့မိန်းမဟာ သူ့ရဲ့ ခွင့်ပြုချက်မယူဘဲ မေထုန်မဲ့ သားစပ်တဲ့ နည်းနဲ့ ကလေးမွေးတာ ဖြစ်ရမယ်လို့ သူက ထင်နေတယ်။ ကျွန်တော်ကတော့ အဲဒီလောက်တင် မကဘူးလို့ ထင်တယ်။ ဒါကြောင့်လည်း ဘယ်လိုမှ ကိုယ်ဝန်ဆောင်လို့ မဖြစ်နိုင်တဲ့ မိန်းမတွေတောင် က လေးမွေးနေကြတာ ဖြစ်ရမယ်"

"အဲဒီတော့ ခင်ဗျားဆိုလိုတာက ဒေါက်တာဟိုက်ဂလေဟာ အရှေ့တိုင်းသား တစ်ယောက်ရဲ့ သုက်ရည်ကို ဗင်ဂျီလူးဝစ်ကို ထိုးပေးတာ ဖြစ်ရ မယ်လို့ ဆိုလိုတာလား"

"အဲဒီသဘောပါပဲ။ ဒါပေမဲ့ သူက အဲဒီသုက်ရည်ဟာ အရှေ့တိုင်း သား သုက်ရည်လို့ သိချင်မှ လည်း သိမယ်။ မှားပြီး ထိုးပေးတာလည်း ဖြစ်နိုင်တယ်"

"ဆရာဝန်တွေဟာ အဲဒီလို ဘယ်တော့မှ မမှားဘူးဗျ။ ခင်ဗျားပြော တာ မှန်တယ်ပဲ ထားဦး။ အဲဒီအချက်လောက်နဲ့ တော့ ဒေါက်တာဟိုက်ဂ လေဟာ ဗင်ဂျီလူးဝစ်ကို ဘယ်လိုမှ သတ်စရာ အကြောင်းမရှိဘူး"

"ဒါပေမဲ့ ကျွန်တော်တော့ ဒီပုဂ္ဂိုလ်ကို ကြည့်ရတာ လုံးဝ မသက်ဘူး ။ သူ့ကို စပြီး တွေ့ရကတည်းက ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီး ခံစား နေရသလိုပဲ"

"ဒါဆိုရင် လွယ်ပါတယ်။ သူ့ဆေးရုံကို ကျုပ်တို့ စစ်ဆေးကြတာပေါ့။ ဘာမှ မ ခက်ပါဘူး။ တရားဥပဒေနဲ့ ဆန့်ကျင်တဲ့ လုပ်ရပ်တစ်ခုခု တွေ့ရ ရင် အမှုဖွင့်ပြီး စွဲချက်တင်လိုက်ရုံပဲပေါ့။ ခင်ဗျား ထင်တဲ့ အတိုင်း အမှန် တကယ်သာ သူက ကာယကံရှင် အမျိုးသမီးတွေ မသိဘဲနဲ့ မေထုန်မှဲ့ သားဖွားပေးနေတယ် ဆိုရင် သူ့ကို ကျုပ်တို့ က ဖမ်းဆီးရမှာ ပဲ။ လူကျင့် ဝတ် ကာကွယ်ထိန်းသိမ်းရေး ဥပဒေကို ကျူးလွန်ဖောက်ဖျက်မှုနဲ့ တ ရားစွဲဆိုရမှာ ပဲ။ ဒါပေမဲ့ သူ့ကို စွ နောက်မှ စဉ်းစားကြတာပေါ့။ လော လောဆယ်တော့ ခရစ်လူးဝစ်ကိုပဲ အပြတ်ရှင်းလိုက်ကြရအောင်" "ဖြစ်ပါတယ်၊ ရှင်းပါ။ ခင်ဗျားတို့ ဘက်က ခရစ်လူးဝစ် ကိစ္စကို ရှင်း

ပါ။ ကျွန်တော့်ဘက်ကတော့ ဒေါက်တာ ဟိုက်ဂလေကိစ္စကိုပဲ ဆက်လို က်ကြည့်ဦးမယ်။ အကျိုးမယုတ် ပါဘူး။

သူနဲ့ ပတ်သက်ပြီး လွဲမှားကုသမှုနဲ့ တရားစွဲဆိုထားတာတွေ ကျွန် တော် ပြန့်ပြီး လေ့လာနေတယ်။ သူ့ကို တရားစွဲခဲ့ဖူးတဲ့ မစ္စက်ဟိုရန် ဆို တဲ့ အမျိုးသမီး တစ်ယောက်နဲ့ ချိန်းထားတယ်။ သူ ဒီကို မကြာခင် ရော က်လာလိမ့်မယ်။ နယူးစ်မိတ်ကား မဂ္ဂဇင်းဆောင်းပါးထဲမှာ တော့ ဒေါ က်တာဟိုက်ဂလေဟာ ဒီကို ပြောင်းမလာခင် အင်္ဂလန်က လီဗာပူးဆေး ရုံမှာ လုပ်ခဲ့တယ်လို့ ရေးထားတယ်။ အဲဒီကို လှမ်းပြီး ဖုန်းဆက်ကြည့် လိုက်ရင် အဲဒီမှာ သူ့အနေနဲ့ မဟုတ် တရုတ် ဘာတွေ လုပ်ခဲ့သလဲ ဆိုတာ

တော့ တစ်စွန်းတစ်စ သိရမှာ ပဲ" စကော့က ပခုံးတစ်ချက် တွန့်လိုက်ပြီး - "ကောင်းပါတယ် လုပ်ပါ၊ ဆက်သာ လုပ်ပါ" ထိုအခိုက် သူ့စားပွဲပေါ်မှ တယ်လီဖုန်း မြည်လာသည် ။ သူက ရုံးတွင်းဖုန်း ခလုတ်ကို နှိပ်လိုက်သည် ။ "ဟုတ်ပြီ၊

သူ့ကို ဒီကို တစ်ခါတည်း ခေါ်လာခဲ့" ထို့နောက် သူက ကိုယ်ကို ကုလားထိုင်တွင် နောက်ပစ်ထိုင်လိုက်ပြီး ရစ်ချတ်ကို ကြည့်လိုက်သည် ။

"ကျယ်လွန်သူ ဗင်ကျီလူးဝစ်ရဲ့ လင်တော်မောင်ကြီးတော့ သူ့ငနဲမ လေးနဲ့ ရောက် လာပြီဗျ"

*****

≈ အခန်း (၅၉)

အလစ်သုတ်သမားသည် နယ်မြေ ရဲဌာနထဲမှ ကုလားထိုင်တွင် ခေါင်းငိုက်စိုက် ချထား၍ စိတ်ပျက်လက်ပျက် ထိုင်နေသည် ။ တစ်ကိုယ် လုံးလည်း ချွေးပြန်ပြီး လက်တွေ့လည်း ဆတ်ဆတ် တုန်နေသည် ။

ကံဆိုးချင်တော့ စက္ကန့်ပိုင်းလေးအတွင်း ကပ်ပြီး အဖမ်းခံလိုက်ရသ ည် ။ နောက်မိနစ် ဝက်လောက်သာ အချိန်ရခဲ့လျှင် ရဲလက်မှ လုံးဝ လွတ် သွားမည်မှာ သေချာသည် ။ နို့မဟုတ်လျှင် သည် အချိန်မှာ အိပ်ရာထဲ လဲ့ပြီး ဇိမ်ကျကျနှင့် ဆေးမှန်မှန်နေရမည်မှာ သေချာသည် ။ ယခုတော့ ချွေးတပြိုက်ပြိုက်နှင့် အရှင်လတ်လတ် ငရဲရောက်နေရပြီ။ "ကျွန်တော့်ကို သနားကြပါ ခင်ဗျ" သူက တိုးတိုးလေး တောင်းပန်လိုက်သည် ။ "မင်းလည်း တို့ ကို ပြန်သနားဦးကွ" ရဲသားတစ်ယောက်က ပြောသည် ။ "စက္ကူ ဖြ ဖန်လုံးမှာ သွေးတွေ့ တွေ့တယ်။ မင်း ဘယ်သူ့ကို ရိုက်လာ ခဲ့သလဲ မှန်မှန်ပြောစမ်း။ မနေ့ညက မင်း ခါးပိုက်နှိုက်လာတဲ့ မိန်းမကြီး

တော့ မဟုတ်နိုင်ဘူး။ မင်း အဲဒီအဘွားကြီးကို တွန်းပစ်ခဲ့လို့ သူ ခမျာ ခါး ကျိုးသွားပြီ။ အဘွားကြီးက ၇၅ နှစ်တောင် ရှိနေပြီ။ ဒီကြားထဲ နမိုးနိမ် ယားကလည်း ဝင်လာသေးတယ်။ ခုလောက်ဆို သေမျှား သေသွားပြီလား မသိဘူး။ အဲဒါဆိုရင် မင်းအနေနဲ့ အလစ်သုတ်မှသက်သက် မဟု တ်တော့ဘဲ လူသတ်မှုပါ ကျူးလွန်ရာ ရောက်တော့မှာ သေချာတယ်။ အဲ ဒီတော့ မင်းက တို့ ကို ကူညီပါ။ မင်းကိုလည်း တို့ က ပြစ်မှု သက်သာ အောင် ပြန်ကူညီမယ်" အလစ်သုတ်သမား ကြောင်အမ်းအမ်း အမှုအရာဖြင့် - "ဆရာတို့ ပြောတာ ကျွန်တော် ဘာမှ မသိပါဘူး ခင်ဗျာ။ ကျွန်တော် အမှန်အတိုင်း ပြောတာပါ။ ယုံပါ ခင်ဗျား"

"မင်း လိမ်ပြောနေတာပါ။ ဒေါက်တာ့ လက်ဆွဲအိတ်ကို မင်းရဲ့ ကား ထဲမှာ တွေ့ရတယ်။ ပြီးတော့ အဘွားကြီးရဲ့ ပိုက်ဆံအိတ်ကိုလည်း တွေ့ ရတယ်။ အဲဒီ လက်ဆွဲအိတ်ကိုလည်း မနေ့ညကပဲ မင်း အလစ်သုတ်လာ ခဲ့တယ်။ အခု တို့ ဆီမှာ မင်းကို အမှုဖွင့်ထားပြီ။ မင်း အဲဒီအိတ်ကို ခိုးနေ တုန်းမှာ ကာလိုင်းဟိုတယ်က တံခါးစောင့်က မြင်လိုက်တယ်။ သူက မ င်းကို ကောင်းကောင်း မှတ်မိတယ်။ ဒါပေမဲ့ အဲဒီ စက္ကူဖြန့် မင်းဘယ်သူ့ ကို ရိုက်ခဲ့လာခဲ့သလဲ။ အဲဒါကို တို့ မသိရသေးဘူး။ အမှန်အတိုင်း ပြောစ မ်းပါ။ ပြီးတော့ အိတ်ထဲမှာ ဖိနပ်တစ်ဖက်လည်း ပါသေးတယ်။ အဲဒီဖိန ပ်က ဘာလုပ်တာလဲ ပြောစမ်းပါ။ မင်းက ဖိနပ်ဟောင်းတွေကို သိမ်း လေ့ရှိသလား" "ကျွန်တော် မသိမ်းပါဘူး။ သူ့အိတ်ထဲမှာ နဂိုကတည်းက ပါလာတာ ပါ"

ရဲသားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည် ။ တစ်ယောက်က ပခုံးကို တစ်ချက် တွန့်လိုက်ပြီး သူ့နောက်ဘက် စားပွဲပေါ်မှ သတင်းစာကို လှမ်းကြည့်လိုက် လေသည် ။ နောက်တစ်ယောက်က သူ စစ်ဆေး ကြည့်ရှုနေသော ဖိုင်တွဲ လက်ဆွဲအိတ်ထဲသို့ ပြန်ထည့်ရင်း -

"ဒီလိုဆိုရင် ကောင်းပြီ။ တို့ က ဒေါက်တာဆလင်းဆီ ဖုန်းဆက်ပြီး သူ့အိတ်ထဲမှာ ဘာတွေ ပါသလဲ ဆိုတာ မေးကြည့်မယ်။ အဲဒါဆိုရင် အားလုံး ရှင်းသွားလိမ့်မယ်။ ဒါပေမဲ့ မင်းက အမှန်တိုင်း ဖြောင့်ချက်ပေး လိုက်ရင်တော့ တို့ အတွက် ပိုပြီး လွယ်ကူသွားနိုင်တာပေါ့"တခြား ရဲသားတစ်ယောက်က သတင်းစာ ဖတ်နေရာမှ မော့ကြည့်ပြီး -

"ဘာ .. ဒေါက်တာဆလင်းတဲ့ ။ ဖိုင်တွဲပေါ်မှာ အဲဒီအတိုင်း ရေးထား တယ်။ အို .. ဟုတ်ပြီ၊ ငါ မှားသွားလို့ ။ လက်ဆွဲအိတ်ဘေးက ကတ်ပြား ပေါ်မှာ ဒေတာ့ ဒေါက်တာဟိုက်ဂလေ ဆိုပြီး ရေးထားတယ်။ သဘောကတော့ သူ့အနေနဲ့ တခြား ဆရာဝန်တစ်ယောက်ဆီက လူနာမှတ်တမ်းဖို ငကို ယူလာတာ ဖြစ်နိုင်တယ်"

သတင်းစာဖတ်နေသော ရဲသားကလေးက “ဒေးလီးနယူးစ်” သတင်း စာကို ယူပြီး စားပွဲနားသို့ လျှောက်လာသည် ။ သူက လူနာမှတ်တမ်းဖိုင် တွဲကို ဖွင့်ပြီး စာရွက်များကို လှန်ကြည့်သည် ။ စာရွက်တိုင်း၏ ထိပ်တွင် “ဒေါက်တာဆလင်း။ အမ်၊ ဒီ” ဟူ၍ ပုံနှိပ်ထားသည် ။ သူက သတင်းစာမှ စာမျက်နှာသုံး တစ်နေရာကို လက်ညှိုးထိုးပြပြီး -

"ဒေါက်တာဆလင်းက မရှိတော့ဘူး။ မနေ့ညကတည်းက သေသွားပြီ။ အက်ဆက် ဟိုတယ် ခေါင်မိုးပေးမှာ အလောင်းကို တွေ့ရ သတဲ့ ။ အဲဒါ အခု ခရိုင် အစိုးရရှေ့နေကြီးက ကျွန်တော်တို့ ရဲအဖွဲ့ အကူ အညီနဲ့ ဒီအမှုကို အပူတပြင်း လိုက်လံစုံစမ်းနေပြီတဲ့ ။ သတင်းစာထဲမှာ အဲဒီအတိုင်း ရေးထားတယ်" ထို့နောက် ရဲသားနှစ်ယောက်က မသက်ဆိုသော မျက်လုံးများ ဖြင့် အလစ်သုတ်သမား၏ မျက်နှာကို ဆတ်ခနဲ ကြည့်လိုက်ကြသည် ။

*****

≈ အခန်း (၆၀)

သူ ရပ်ကြည့်နေစဉ်မှာ ပင် ကက်သလင်းသည် မျက်စိ ပြန်မှတ်သွား သည် ။ အသက်ရှူ လည်း မှန်လာသည် ။ သူမ ပြန်လည် အိပ်ပျော်သွားပြီ

သူမသည် လွန်ခဲ့သော တနလ်ာနေ့ညက ပေါ် ပေါက်ခဲ့သော စိတ္တဇ စ်ရပ်၏ ေ စ့ဆော်မှုကြောင့် ဗင်ဂျီလူးဝစ်နှင့် ပတ်သက်သည့် မေးခွန်းကို မသိစိတ်က ရု တ်တရက် မေးလိုက်မိခြင်း ဖြစ်နိုင်သည် ။ သူမ မေးခဲ့သ ည့် မေးခွန်းကို သူမ ကိုယ်တိုင် မှတ်မိချင်မှ မှတ်မိပေလိမ့်မည်။ သို့သော် အတိအကျ ပြောလို့ ေ တာ့ မရ။ အကယ်၍ သူနာပြုဆရာမလေး ရင်ဂျီ အား ဖြစ်စေ၊ အခြားပုဂ္ဂိုလ် များအား ဖြစ်စေ ယင်းအကြောင်းကို သူမက မေးလာလျှင် ဘယ်နှယ်လုပ်မ လဲ။သူသည် အဖြေကို ကမန်းကတန်း စဉ်းစားကြည့်မိသည် ။ တနလ်ာ နေ့ညက ဆေးရုံ ပြတင်းပေါက်တွင် သူမ ရပ်နေခဲ့ပြီး တစ်စုံတစ်ရာကို မြင် သွားခဲ့သည် ဟူသော အသိက သူ့အား အကြီးအကျယ် ချောက်ချား စေသည် ။ ထို့ကြောင့် သူနာပြုဆရာမလေး ရင်ဂျီမသိအောင် နောက်တ စ်နာရီ အတွ င်းတွင် ကက်သလင်းအား အပြတ်ရှင်းပစ်မှ ဖြစ်တော့မည်။

သေးမခဲစေရန် ထိုးပေးထားသော ဟက်ပရင် ထိုးဆေးကလည်း နောက် အချို န် တော်တော်ကြာမှ အစွမ်းပြမည် ဖြစ်သည် ။ ထိုအချိန်အထိ စောင့် နေ၍ မ ြ ဖစ်တော့။ ထို့ကြောင့် သူမအား အခုချက်ချင်း ဆေးတစ်လုံး ထပ်ထိုးမှ ရမ ည်။

သူ့ရုံးခန်းထဲတွင် ဟက်ပရင်ထိုးဆေးတွေ ရှိသည် ။ မီးအန္တရာယ် အ ရေးပေါ် တံခါးပေါက်က ဝင်ကာ ရုံးခန်းထဲသို့ သွားရမည်။ ထို့နောက် ဆေးပုလင်းကို ယူပြီး ဆေးထိုးပိုက်တွင် ဖြည့်၍ သည် အခန်းကို ပြန် လာရမည်။ ယင်းလုပ်ငန်းအတွက် အနည်းဆုံး အချိန် ငါးမိနစ်ခန့် ကြာ မည်။ စားသောက်ဆိုင်မှ စား ပွဲထိုးမလေးကတော့ ဒေါက်တာ ပြန်မလာတော့ဘူးလား မသိ ဆိုပြီး တမျှော်မ မျှော် ဖြစ်နေတော့မည်။ သို့သော်လည်း ဘယ်လိုမှ မတတ်နိုင်တော့။ အခြေ အနေအရ မီးစင်ကြ ည့်၍ စခန်းသွားရတော့မည်။

လောလောဆယ်တွင် ကက်သလင်း အိပ်ပျော်နေသည် မှာ သူ့အတွ က် လက် လွတ်မခံနိုင်သော အခွင့်ကောင်း ဖြစ်သည် ။ သို့ဖြင့် အခန်းထဲမှ ခပ်သုတ်သု တ်ကလေး ပြန်ထွက်လာခဲ့သည် ။

*****

≈ အခန်း (၆၁)

ဗယ်လီခရိုင် တရားဥပဒေဆိုင်ရာ ဓာတ်ခွဲခန်းမှ ဓာတ်ခွဲခန်း တာဝန် ခံသည် ေ သာကြာနေ့ညတွင် အချိန်ပိုဆင်း၍ အလုပ်လုပ်နေရသည် ။

သူသည် ဒေါက်တာရစ်ချတ်ကာရိုး၏ ညှန်ကြားချက်အရ ဗင်ဂျီ၏ အိ မ်မှ တွေ့ရှိရသော သက်သေခံ ပစ္စည်းများ နှင့် မစ္စအက်ဒနာ၏ အိမ်မှ

တွေ့ရှိရသော သက်သေခံ ပစ္စည်းများကို မှန်ဘီလူးဖြင့် စေ့စေ့စပ်စပ် စ စ်ေ ဆးကြည့်ရှုလျက် ရှိသည် ။ အဆိုပါ အိမ်နှစ်အိမ်မှ လေဟာအိတ်ဖြင့် ထည့်ယူ လာသော သက်သေခံ ပစ္စည်းများကို အမျိုးအစားခွဲကာ ထူးခြား ချက် ရှိ၊ မရှိ ကို အထူး ဂရုစိုက်ပြီး စစ်ဆေးကြည့်နေခြင်း ဖြစ်သည် ။

ဓာတ်ခွဲခန်း တာဝန်ခံသည် သူ့လုပ်ငန်းတွင် အလွန်ကျွမ်းကျင်သူ ဖြ စ်သည် ။ သာမန်မျက်စိဖြင့် မမြင်နိုင်သော အသေးအမွှား အရာဝတ္ထုက

လေးများကို မှန်ဘီလူးဖြင့် ကြည့်ရှု စမ်းသပ်ရသည် ကို အလွန် စိတ်ဝင် စား သည် ။ အထူးသဖြင့် ဆံပင်များကို သူက ပိုပြီး စိတ်ဝင်စားသည် ။

သူ့လုပ်ငန်းနှင့် ပတ်သက်၍ - "ကျွန်တော်တို့ က နူးညံ့တဲ့ သားမွေးရှိတဲ့ တိရ စ္ဆာန်တွေလိုပဲ။ အမွေး အမှင်တွေ မသိမသာ အမြဲတမ်း ကျွတ်ထွက်နေပေမ ယ့် ကိုယ့်အဖြစ်ကို ကိုယ်အမြဲတမ်း သိနေကြတယ်" ဟူ၍ သူက မကြာခဏ ြေ ပါလေ့ရှိသည် ။

ဗင်ဂျီလူးဝစ်၏ အိမ်မှ သက်သေခံ ပစ္စည်းများကို စစ်ဆေးရာတွင် သေဆုံး သူ၏ ရှေ့ရောင် ဆံပင်များကို တွေ့ရှိရသည် ။ ထို့ပြင် အိပ်ခန်းထဲ မှ အညိုေ ရာင် ဆံပင်တော်တော် များများကိုလည်း တွေ့ရသေးသည် ။ အလားတူ အ မျိုးအစားများကို ညှေ့ခန်းထဲတွင် လည်း တွေ့ရသည် ။ ခရ စ်လူးဝစ်၏ ဆံပင် များ ဖြစ်မည်မှာ သေချာသည် ။

သို့သော် သေဆုံးသူ၏ အိပ်ခန်းထဲမှ ဆံပင်ဖြူ အချို့ကိုလည်း ထပ်မံ တွေ့ရပြ န်သည် ။ ဤအချက်သည် ထူးဆန်းသည် ။ မီးဖိုခန်းထဲတွင် သို့ မဟုတ် ညှေ့ခ နန်းထဲတွင် တွေ့ရလျှင် စားသောက်ပစ္စည်း လာပို့သူ တစ်ယောက်ယောက်၊ သို့မဟုတ် ညှေ့သည် တစ်ယောက်ယောက်ထံမှ ကျွတ် ကျန်ရစ်သော ဆံပင် များ ဟူ၍ ယူဆနိုင်သည် ။ ယခုမူ အိပ်ခန်းထဲတွင် တွေ့ရသည် ။ ထူးဆန်းနေ သည် ။ ဘယ်သူ့ဆံပင် ဖြစ်မည်နည်း။

သည် ရက်များ အတွင်း သူတို့ အိပ်ခန်းထဲသို့ သူတို့ လင်မယားမှ တ စ်ပါး အ ခြားသူတစ်ဦး တစ်ယောက်မျှ မဝင်ခဲ့ကြောင်း စစ်ဆေး သိရှိရ သည် ။ ယခု တွေ့ရှိရသော ဆံပင်မှာ ယောကျ်ားတစ် ယောက်ယောက် ၏ ဆံပင် ဖြစ်သည် ။ သေဆုံးသူ ဝတ်ထားသော ကုတ်အင်္ကျီတွင် လည်း ယင်းဆံပင်မျိုးများ က ပ်နေသည် ကို တွေ့ရှိရသည် ။

နောက်ဆုံးတော့ ဒေါက်တာရစ်ချတ်ကာရိုး ရှာနေသော အရာကို ဓာ တ်ခဲ့ခန်း တာဝန်ခံက ရှာဖွေ တွေ့ရှိခဲ့ပြီ။ အလားတူ ဆံပင်ဖြူများကို မစ္စ အက်ဒနာ ရေ ချိုးဝတ်ရုံပေါ် တွင် လည်း တွေ့ရှိရသည် ။ ဓာတ်ခွဲခန်း တာ ဝန်ခံသည် ဆံပင် နမူနာများကို သာမန်အရွယ်ထက် ဆယ့်ခြောက်ဆ ချဲ့ ထားသော မှန်ဘီလူး ကြီးအောက်တွင် ချကာ အထူး စိတ်ဝင်စားစွာဖြင့် စေ့စေ့စပ်စပ် စမ်းသပ် ကြည့်ရှုသည် ။ ဟုတ်ပါပြီ။ ဘာမျှ သံသယဖြစ်နေစရာ မရှိတော့။ လူတစ်ယောကျ်က

တော့ သေဆုံးသူ မိန်းမ နှစ်ယောက်စလုံးနှင့် ဆက်စပ်မှု ရှိတာ သေချာ နေပြီ။ ထိုသူ၏ ဦးခေါင်းသည် မစ္စအက်ဒနာ၏ ရင်ဘတ်နှင့် နီးကပ်စွာ ရှိနေခဲ့ရမည်။ ပြီးတော့ ဗင်ကျီလူးဝစ်၏ ပခုံးနှင့် ထိပွတ်မိခဲ့ရမည်။

ဓာတ်ခွဲခန်း တာဝန်ခံသည် ယင်းတွေ့ရှိချက်များကို ဒေါက်တာ ရစ်ချတ် ကာရိုးထံသို့ သတင်းပို့ရန် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သ ည် ။

***

သူမ အိပ်ရာမှ လန့်နိုးသွားသည် ။ မျက်လုံးများကို ကြိုးစားပြီး ဖွင့် သည် ။ ဖွ င့်လို့ မရ၊ မျက်ခွံတွေက ခဲဆွဲထားသလို လေးလံနေသည် ။ က လစ်ခနဲ အသိ ကားလိုက်ရသည် ။ တံခါးပြန်ပိတ်သွားသံ။ အခန်းထဲမှ တစ်ယောက်ယောက် ပြန်ထွက်သွားတာ ဖြစ်ရမည်။ သူမ၏ လက်မောင်းမှ နာကျင်လာသည် ။ ဒေါ ကတာဟိုက်ဂလေ ဖြစ်မည်။ သူ့ ကို ငါ ဘာတွေ ပြောလိုက်မိလဲ။

သူမ ပြန်လည် အိပ်ပျော်သွားသည် ။ မကြာမီ ပြန်နိုးလာသည် ။ စိတ်အာရုံသ ည် အတိတ်ကာလဆီသို့ ပြန် ရောက်သွားသည် ။ အနက်ရောင်ကား။

ပြောင်လက်နေသည့် ဘီးထောက်သံပြားများ နှင့် ရောင်ပြန်ဟပ်နေ သော သူ့မျက်နှာတို့ ကို ပြန်လည် မြင်ယောင်လာသည် ။ ယင်းအရာတွေ ကို တန လာနေ့ညက သူ့ကားဆီသို့ သယ်ယူသွားသည် ။

ဗင်ကျီလူးဝစ်ကိုသတ်တာ သူ .. သူ။ ရစ်ချတ်ကလည်း တစ်စုံတစ်ရာကို သံသယ ဖြစ်နေ ခဲ့သည် ။ သူက ဒီအကြောင်းကို သူမအား ရှင်းပြရန် ကြိုးစား ခဲ့သေးသ ည် ။ သို့သော် သူမက နားမထောင်ခဲ့။

သူမက သူ့အကြောင်းကို သိနေပြီ ဆိုတာ ဒေါက်တာဟိုက်ဂလေ သိ ထားသ
ည် ။ စောစောတုန်းက သူ့ကို သူမ မေးလိုက်မိတာ မှားသွားပြီ။ သူမ သည် ေ
နရာတွင် ဆက်နေလို့ မဖြစ်တော့။ သူက သူမကို လာသတ်

တော့မည်။ သူမသည် ဆေးရုံနှင့် ပတ်သက်၍ အိပ်မက်ဆိုးတွေ အမြဲတ မ်း မြ
င်မက်ခဲ့သည် ။ သူမသည် တစ်နေ့နေ့တွင် ဆေးရုံတွင် ပင် သေရမ ည်ဟု စွဲလ
မ်းနေသောကြောင့် ဖြစ်သည် ။ အခု သူ ဘယ်မှား သွားနေသ လဲ။ သူ ပြန်လာ
လိမ့်မည်။ သူ ပြန်လာမှာ သေချာသည် ။ သူ ငါ့ကို လာ သတ်တော့မယ်။ က
ယ်ကြပါဦး။ ဘုရားသခင် ကယ်တော်မူပါ။

သူမ အလွန် အားနည်းနေသည် ။ တစ်ကိုယ်လုံး လှုပ်မရအောင် ဖြစ် နေသည်
။ လက်ချောင်းကလည်း သွေးမတိတ်သေး။ သူက ဆေးလုံး တွေ ပေးသွားသ
ည် ။ ယင်းဆေးလုံးတွေ သောက်လိုက်ပြီး ကတည်းက သူမ ပိုပြီး နေမကော
င်း ဖြစ်သွားသည် ။ ယင်းဆေးလုံးတွေကြောင့် ပိုပြီး သွေးသွန်လာခဲ့သည် ။

အို .. ဘုရား ... ဘုရား၊ ဘုရားသခင် ကယ်တော်မူပါ။ ဖုန်း ... ဖုန်း ... ဖုန်းဆ
က်မှ ဖြစ်တော့မည်။ သူမသည် အားတင်းပြီး လက်ကို မလိုက်သည် ။ အလွန်
အားနည်း နေသည် ။ လက်တွေ တုန်နေသည် ။ တယ်လီဖုန်းကို လိုက်စမ်းသ
ည် ။ လက်နှင့် တိုက်မိပြီး စကားပြောခွက် ပြုတ်ကျသွားသည် ။

မျက်လုံးကို ကြိုးစားပြီး ဖွင့်သည် ၊ တယ်လီဖုန်း ကြိုးကို လှမ်းဆွဲသ ည် ။ ။
နောက်ဆုံးတော့ ကြိုးစွာသော အားထုတ်မှုဖြင့် စကားပြောခွက်ကို နား၀သို့
ကပ်လိုက်သည် ။

ဘာသံမှ မကြားရ။ တယ်လီဖုန်း လိုင်းပြတ်နေပြီ။ သွေးရူးသွေးတန်းဖြင့် ဖုန်း
ခလုတ်ကို လက်ဖြင့် အဆက်မပြတ် နှိပ်သည် ။ အော်ပရေတာဆီက တစ်စုံတ
စ်ရာ တုံ့ပြန်မှု ရလိုရငြား ကြိုးစားသည် ။ ဖုန်းကို ပြန်ချပြီး လူခေါ်ခေါင်းေ
လာင်း ခလုတ်ကို နှိပ်လိုက်သည် ။ သူ နာပြု ဆရာမကို အကူအညီ တောင်းရ
မည်။ သို့သော် ခေါင်းလောင်းခ လုတ်လည်း ပျက်နေသည် ။ တံခါး အပြင်ဘ
က်မှ မီးလည်း လင်းမလာ၊ အသံလည်း ဘာသံမှ မကြားရ။

သည် နေရာတွင် ဆက်နေလို့ တော့ မဖြစ်တော့။ ဒေါက်တာဟိုက်ဂ လေ ပြန်
မလာခင် မြန်မြန်ထွက်ပြေးမှ ဖြစ်တော့မည်။ ရှိသမျှ ရုပ်အား၊ စိတ်အားတွေ
ကို စုစည်းပြီး ခုတင်ပေါ်မှ ဆင်းရပ်လိုက်သည် ။ ခေါင်း တွေ မူးနောက်နေသ
ည် ။ သူမ သည် နေရာက အမြန်ဆုံး ထွက်သွားရ တော့မည်။ နို့မဟုတ်လျှင် ဗ
ဉ်ဂျီလူးဝစ် အသတ်ခံရသလို မလွဲမသွေ အ သတ်ခံရတော့မည်။ ဗဉ်ဂျီကို သူ

သတ်ခဲ့တာ အမှန်။ ဗင်ဂျီဗိုက်ထဲမှ က လေးကိုလည်း သူပဲ သတ်ခဲ့သည် ။ တ
ခါး ဘယ်သူတွေကို သတ်ခဲ့သေး သလဲ။ အများကြီး သတ်ခဲ့ဦးမည်။

သူမသည် အလင်းရောင် မှုန်ဝါးဝါးတွင် ဟိုစမ်း၊ သည် စမ်းဖြင့် အခါ နှိုးထဲမှ
ထွက်လာခဲ့ရသည် ။ ဓာတ်လှေကားသို့ သွားရမည်။ ဒုတိယထပ် တွင် ဓာတ်
လှေကား ရှိသည် ။ တခြား လူနာတွေနှင့် သူနာပြုဆရာမ တွေလည်း ရှိမည်။

တစ်နေရာရာမှ တံခါး ပြန်ပိတ်သံလိုလို ကြားလိုက်ရသည် ။ သူ လာ နေပြီ။
သူ ပြန် လာပြီ။ သူမသည် ပွင့်နေသော တံခါးမှ စကြံဘက်သို့ သွေးရူးသွေးတ
နှံး လှမ်းကြည့်လိုက်သည် ။

ယင်းတံခါးမှ ထွက်လျှင် သူနှင့် ပက်ပင်တိုးနိုင်သည် ။ ဟယ် .. ဖြစ်ချင်ရာ ဖြစ်
ပါစေတော့။ ဧည့်ခန်းတံခါးဆီသို့ ခပ်မြန်မြန်လေး လျှောက်လာခဲ့သည် ။
တံခါးရွက်ကို လှည့်ဖွင့်လိုက်သည် ။ ပြီးတော့ ပြန်ပိတ်လိုက်သည် ။ ပြီးတော့
ဘယ်သွားရမှာ လဲ။ ဒီမှာ ကြာကြာနေလို့ မဖြစ်။ သူ မကြာ ခင် တက်လာ
တော့မည်။ လသာဆောင်ဘက် သွားရမလား၊ အဲဒီလိုဆိုရင် အိပ်ခန်းတံခါးကို
ဖတ်သွားရမယ်။ သူ အိပ်ခန်းထဲ ရောက်နေရင် မြင် သွားနိုင်တယ်။ အတွင်းဘ
က်မှ တံခါးဖွင့်သံ ကြားလိုက်ရသည် ။ ။ သူ အိပ်ခန်းထဲ ရောက်နေပြီ။ စားပွဲ
အောက် ဝင်ပုန်းနေရ ကောင်းမ လား။ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ထွက်ပေါက်မရှိဘဲ
ဖစ်သွားလိမ့်မယ်။ နှုတ် ခမ်းကို တင်းတင်းကိုက်ပြီး အားတင်းလိုက်သည် ။

ထို့နောက် ဧည့်ခန်းမကြီး တံခါးပေါက်သို့ ပြေးလာသည် ။ အခြားတ စ်ဖက်တွ
င် တံခါးပေါက် တစ်ခုကို ရုတ်တရက် လှမ်းမြင်လိုက်ရသည် ။ အရေးပေါ် မီး
အန္တရာယ် ထွက်ပေါက်။

ယင်းတံခါးပေါက်ဘက်သို့ ပြန်ပြေးလာခဲ့သည် ။ တံခါးရွက်ကို တွန်း ဖွင့်သည်
။ တံခါးပွင့်သွား သည် ။ ပြန်ပိတ်လိုက်သည် ။ လှေကားက မှောင်မည်းနေသ
ည် ။ လုံးဝ မမြင်ရ။ မီးဖွင့်လို့ မဖြစ်။ သူ့အား မြင်သွားနိုင်သည် ။ စမ်းတဝါး
ဝါးဖြင့် လှေကားလက်ရန်းတန်းကို လှမ်းကိုင်လို က်သည် ။ လှေကားက မ
တ်စောက်ကြီး။ ခြေလှမ်းကို ထိန်းပြီး ဖြည်းဖြ ည်းချင်း စမ်းဆင်းလာသည် ။ လှေ
လှကားထစ်က ဘယ်နှထစ်များ ရှိပါ လိမ့်

လှေကားထစ်တိုင်းကို ရေတွက်ပြီး ဆင်းလာသည် ။ ဆယ့်သုံးထစ် ရောက်
လာပြီ။ နောက်ရှစ်ထပ်၊ နောက်ငါးထပ်၊ နောက်ထပ် တစ်ထပ်။ မြေညီထပ်သို့
ရောက်ပြီ။ ရှေ့တွင် တံခါးပေါက် တစ်ခုနှင့် လာတိုးနေသ ည် ။ လက်ကိုင်ဘု
ကို လှည့်လိုက်သည် ။ ဖွင့်လို့ မရ၊ အပြင်ဘက်မှ သော့ခတ်ထားသည် ။ အ
ပါ ထပ်မှ တံခါးဖွင့်သံ ကြားလိုက်ရသည် ။ ပြီးတော့ လှေကားဆီမှ အပြေးဆ
င်းလာသော ခြေသံများ ။

*****

≈ အခန်း (၆၂)

ခရစ်လူးဝစ်က ရှေ့နေမဉ်းဘဲ ကိုယ်တိုင် လျှောက်လဲမည်ဟု ဆိုသည် ။

သူသည် ခရိုင်အစိုးရရှေ့နေကြီးရှေ့တွင် ထိုင်နေသည် ။ ပြင်ပ အမှု အရာ ဆိုး ဆိုးရွားရွား မရှိလှသော်လည်း စိတ်ထဲကတော့ အလွန်ပူနေသ ည် ။ သူ့ထွက် ဆိုချက်ကို အစိုးရရှေ့နေကြီးက မယုံနိုင်မှာ စိုးရိမ်နေသည်

သို့ပေမဲ့ ဂျူနိုးကတော့ သူ့ကို ယုံသည် ။ ဂျူနိုး ပြောခဲ့သော စကားကို ကြားေ ယာင်လာသည် ။ "မောင့်ကို သူတို့ က သံသယဖြစ်တာ အကြောင်း ခိုင်လုံပါ တယ် မောင်၊ အဲဒီတော့ ကိုယ့်ဘက်က သိသမျှကိုသာ အမှန်အတိုင်း ထွက်ဆို ပါ။ သမ္မာကျမ်းစာထဲက စကားကို မောင် မှတ်မိမှာ ပေါ့" "မှန်သော စကားသ ည် သင့်အား လွတ်မြောက်စေလတ္တံ့ ..တဲ့ ။

သည် စကားကို သတိရတော့ သူ တော်တော် အားတက်သွားသည် ။ သူက ခရိုင်အစိုးရ ရှေ့နေကြီးကို ကြည့်လိုက်သည် ။ ပြီးတော့ သူ့ကို လေဆိပ်တွင် လာဖမ်းသော စုံထောက်နှစ်ယောက်ကို ကြည့်လိုက်သည်

"မေးစရာရှိတာ မေးကြပါ။ ကျွန်တော့်အနေနဲ့ ဘာကိုမှ လိမ်ပြောစ ရာ မရှိပါ ဘူး"

ခရိုင်အစိုးရ ရှေ့နေကြီး စကော့မိုင်ယာဆင်၏ မျက်နှာအမူအရာသ ည် ဘာမျှ ပြောင်းလဲမှု မရှိ၊ ပကတိ တည်ငြိမ်နေသည် ။

လက်ရေးကို စာရေးမလေး ဝင်လာသည် ။ ကုလားထိုင်တွင် ဝင်ထိုင် သည် ။ ပြီးတော့ လက်ရေးတို မှတ်စုစာအုပ်ကို ဖွင့်သည် ။ ခဲတံကို ထုတ် ကာ အဆင် သင့် ပြင်လိုက်သည် ။ စကော့က ခရစ်၏ မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး - "ကပ္ပတိန်လူးဝစ်၊ ကျုပ်က တာဝန်နဲ့ ဝတ္တရားအရ မပြောမဖြစ်လို့ ပြောရေ တာ့မယ်။ ဗင်ဂျီလူးဝစ်၊ မစ္စအက်ဒနာနဲ့ ဒေါက်တာဆလင်းတို့ သေဆုံးမှုနဲ့ ပ တ်သက်ပြီး ခင်ဗျားကို ကျုပ်တို့ က သံသယရှိလို့ အခုလို မေးမြန်းရတာ ဖြစ် တယ်။ ကျုပ်မေးတာကို ခင်ဗျားက ဖြေချင်မှ ဖြေပါ။ လုံးဝ မဖြေဘဲ နှတ်ပိ တ်နေလို့ လည်း ရပါတယ်။ ငြင်းဆိုချက်လည်း ငဲးဆိုနိုင်ပါတယ်။ ကျုပ် ပြော တာ သဘောပေါက်ပါသလား"

"ဟုတ်ကဲ့၊ သဘောပေါက်ပါတယ်" "ခင်ဗျား စာဖတ်တတ်တယ်နော်"

ခရစ်က ရှေ့နေကြီး မျက်နှာကို ဖျတ်ခနဲ မော်ကြည့်လိုက်သည် ။ ဒီပု ဂ္ဂိလ် ငှါ
ကိုမျှား တမင် နောက်နေတာလား။ နောက်တာတော့ မဟုတ်နိုင် ပါဘူး။
သူ့မျက်နှာက အတည်ပေါက်ကြီးနဲ့ ။ "ဟုတ်ကဲ့၊ ဖတ်တတ်ပါတယ်" ရှေ့နေ
ကီးက စားပွဲပေါ်မှ စာရွက်တစ်ရွက်ကို ဆွဲယူလိုက်သည် ။ သူက စာရွက်ကို
ကမ်းပေးရင်း -

"ဒါက ကျမ်းကျိန်လွှာ။ အဲဒါကို သေသေချာချာ ဖတ်ကြည့်ပါ။ သ ဘောပေါ
က်အောင် ဖတ်ပါ။ ပြီးတော့ အောက်မှာ လက်မှတ်ထိုးပါ" ခရစ်က မြန်မြန်ခေ
လး ဖတ်ကြည့်လိုက်သည် ။ ပြီးတော့ လက်မှတ်ထိုးပြီး ပြန်ပေးလိုက်သည် ။
"ကောင်းပြီ"

ရှေ့နေကြီးက စာရွက်ကို ပြန်ယူပြီး စားပွဲတစ်ဖက်တွင် တင်ထားလို က်သည်
။ သူ့မျက်နှာသည် ပို၍ တည်သွားသည် ။ ရှေ့နေကြီးက စတင် မေးသည် ။
"ကပ္ပတိန်လူးဝစ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားကို နှိပ်စက်တာတို့ ၊ အကျပ်
ကိုင်တာတို့ များ ရှိပါသလား" "ဘာမှ မရှိပါဘူး ခင်ဗျာ" "ကော်ဖီဖြစ်ဖြစ်၊ ဒါမှ
မဟုတ် တစ်ခုခုဖြစ်ဖြစ် စားပါလား" ခရစ်က နဖူးကို လက်ဝါးနှင့် ပွတ်လိုက်ပြ
ပီး - "ကော်ဖီပဲ သောက်ပါ့မယ် ခင်ဗျာ" "ခင်ဗျားမိန်းမကို ခင်ဗျား သတ်တာ
လား" "ကျွန်တော့်မိန်းမကို ကျွန်တော် လုံးဝ မသတ်ပါဘူး ခင်ဗျာ။ သူ့ကို ဘ
ယ်သူ သတ်သွားတယ်၊ သူ ဘယ်လို သေရတယ် ဆိုတာလည်း ကျွန်

တော် ဘာမှ မသိပါဘူး။ ဒါပေမဲ့ ကျွန်တော် သိတာ တစ်ခုတော့ ရှိပါတ ယ်။
အဲဒါက တခြား မဟုတ်ပါဘူး။ သူဟာ တနလ်ာနေ့ည ၁၂ နာရီ မထိုးခင်က ေ
သတာဆိုရင် သူ့ကိုယ်သူ အိမ်ထဲမှာ သတ်သေတာ လုံးဝမဖြစ်နိုင်ဘူး ဆိုတဲ့
အချက်ပါပဲ"

ခရစ်၏ ထွက်ဆိုချက်ကြောင့် ရှေ့နေကြီးနှင့်တကွ ဖိလစ်၊ ချာလီ၊ လ က်ရေး
တို့ စာရေးမလေးတို့ ပါ အားလုံးပင် အံ့အားသင့်သွားကြသည် ။ ခရစ်က ဆ
က်ပြောသည် ။

"တနလ်ာနေ့ည ၁၂ နာရီ မထိုးခင်ကလေးမှာ ကျွန်တော် အိမ်ကို ရောက်သွား
ပါတယ်။ ဗင်ဂျီကို အိမ်မှာ မတွေ့ရပါဘူး။ ဒါနဲ့ ကျွန်တော် န ယူးယောက်ကို ြ
ပန်လာခဲ့ပါတယ်။ နောက်တစ်နေ့ မနက် ၁၁ နာရီကျ

တော့ သူ့အလောင်းကို ခုတင်ပေါ်မှာ ကျွန်တော် တွေ့ရပါတယ်။ ပထမတော့
ကျွန်တော်လည်း ဘယ်လိုမှ မစဉ်းစားတတ်အောင်ကို ဖြစ်သွားပါတယ်။ နော
က်တော့မှ သူသာန်မူးက ဗင်ဂျီ သေဆုံးတဲ့ အချိ နိ်ကို ပြောတော့မှ သူ့အ
လောင်းကို တစ်ယောက်ယောက်က အိမ်ကို လာပြီး ပို့သွားတာ ဖြစ်ရမယ်လို့ စ
ဉ်းစားမိပါတယ်။ ဒါပေမဲ့ အဲဒီ မတိုင် ခင်ကတည်းက ကျွန်တော်လည်း တစ်ခု

ခုကိုတော့ သံသယဖြစ်မိခဲ့ပါတ ယ်။ ရိုးရိုးသေတာ ဘယ်နည်းနဲ့ မှ မဖြစ်နိုင် ဘူးလို့ တွေးမိခဲ့ပါတယ်။

ဘာဖြစ်လို့ လဲဆိုရင် ကျွန်တော့်မိန်းမဟာ သူ့အလောင်းမှာ တွေ့ရ တဲ့ ဖိနပ် မျိုးကို ဘယ်တုန်းကမှ မစီးဖူးပါဘူး။ သူ မသေခင် ခြောက်ပတ်

လောက် ကတည်းက အမြဲတမ်း သူ စီစီးနေတဲ့ ဖိနပ်က သန့်ရှင်းရေး မိ နိုးမြ ကီးက ပစ်ထားခဲ့တဲ့ စွပ်ဖိနပ် အဟောင်းပဲ ဖြစ်ပါတယ်။ ဗင်ကျီရဲ့ ဘ ယ်ခြေ ထောက်နဲ့ ခြေဖမိုးတွေဟာ တော်တော် ရောင်နေပါတယ်။ ဒါကြောင့်မို့ အဲဒီစွပ် ဖိနပ်ကိုပဲ အိပ်ရာဝင်၊ အိပ်ရာထမှာ လည်း သူ အမြဲ တမ်း စီးတတ်ပါတယ်"

အခြေအနေမှာ သူ မျှော်လင့်တာထက် အလွန်အလွန် အဆင်ပြေနေ သည် ။

ရှေ့နေကြီးက မေးခွန်းထုတ်သည် ။ "အဲဒီတော့ တနလ်ာနေ့ည ရှစ်နာရီမှာ ခ င်ဗျား ဟိုတယ်က ထွက်လာ တယ်။ ဆယ်နာရီမှာ ပြန်လာတယ်။ ခင်ဗျား ဘ ယ်ကို သွားနေတာလဲ"

"ဂရင်းဝစ်မှာ ရုပ်ရှင် သွားကြည့်ပါတယ်။ ဟိုတယ် ပြန်ရောက်တော့ အိပ်ချင်စိ တ် မရှိတာနဲ့ အိမ်ကို သွားပြီး ဗင်ကျီနဲ့ စကားပြောမယ်လို့ ဆုံးဖြတ်လိုက်ပါတ ယ်။ အဲဒါက ဆယ့်နှစ်နာရီ မထိုးခင် မိနစ်ပိုင်းပါ"

"ခင်ဗျားအိမ်မှာ နေပြီး ခင်ဗျားမိန်းမကို ဘာလို့ စောင့်မနေတာလဲ။ ဒါနဲ့ ခင် ဗျားမိန်းမရဲ့ ဗိုက်ထဲက သန္ဓေသားဟာ ဂျပန်လေး ဖြစ်နေတယ် ဆိုတာကော ခင်ဗျား သိသလား"

သည် မေးခွန်းသည် သူ့ဝမ်းဗိုက်ကို ဆောင့်ကန်လိုက်သလို ခံစားလို က်ရသ ည် ။ "အို ..ဘုရား ဘုရား" သူက သည် လောက်ပဲ ပြန်ပြောလိုက်နိုင်သည် ။ ရှ က်စိတ်၊ ဒေါသစိတ်တို့ သည် သူ့တစ်ကိုယ်လုံးကို လွှမ်းခြုံသွားသ ည် ။ ။

လက်စသတ်တော့ ဒီကလေးဟာ ငါနဲ့ ရတဲ့ ကလေး မဟုတ်ပါလား။ ဂျပန် ကလေးတဲ့ ။ ဟိုစိတ်ကုဆရာဝန်ပဲ ဖြစ်ရမယ်။ သူက ဒီအထိတော င် ယုတ်မာ ရသတဲ့ လား။ ဒါကြောင့်မို့ ဗင်ကျီက သူ့ဆီ ခဏခဏ သွားနေ တာကိုး။ အို .. ဘုရား .. ဘုရား မယုံကြည်နိုင်စရာ ပါပဲလား။ လုပ်မှ လု ပ်ရက်ပလေ ဗင်ကျီရ ယ်။ သူက ဒေါက်တာဆလင်းဆီကို ဖုန်းဆက်တာ လည်း ဒီပြဿနာကို ဖြေရှ င်းဖို့ အတွက်ပဲ ဖြစ်မှာ ပဲ။ သူက ကိုယ်ဝန်ဖျ က်ချ ချင်တာကိုး။ ဘုရား ဘုရား ... ဗင်ကျီက ဒီလို မိန်းမစားမျိုးပါလား။

သူ့ထံမှ အဖြေမရ၍ ရှေ့နေကြီးက ထပ်မေးသည် ။ "ဒီလိုဆိုတော့ ခင်ဗျားမိန်းမဟာ တခြားတစ်ယောက်နဲ့ စခန်းသွား နေတယ်ဆိုတာ ခင်ဗျား လုံးဝ မသိဘူး ဆိုပါတော့" "အာ .. လုံးဝ လုံးဝ မသိပါဘူး ခင်ဗျာ" "ဒါဖြင့် အင်္ဂါနေ့ညက မစ္စအက်ဒနာ အခန်းကို ခင်ဗျား ဘာလုပ်ဖို့ သွားတာလဲ"

စားပွဲပေါ်သို့ ကော်ဖီပွဲ ရောက်လာသည် ။ "ခဏစောင့်ပါဦး ခင်ဗျာ။ ကျွန်တော် ဖြည်းဖြည်းချင်း ဖြေပါရစေ။ အဖြစ်အပျက်အတိုင်း အမှန်ကို ဖြေပါ့မယ်"သူက ကော်ဖီတစ်ကျိုက် သောက်လိုက်သည် ။ ခုမှ နေသာထိုင်သာ ရှိသွားသည် ။

"ဟုတ်ပါတယ်၊ အင်္ဂါနေ့ညက မစ္စအက်ဒနာ ကျွန်တော့်ဆီ ဖုန်းဆက် ပါတယ်။ အဲဒီအချိန်ကျတော့ ဗင်ဂျီဟာ အပြင်မှာ အသတ်ခံရပြီး အိမ်ကို အလောင်း လာပို့ထားတာ ဖြစ်မယ် ဆိုတာ ကျွန်တော် စဉ်းစားမိပြီးပါပြီ ။ မစ္စအက်ဒနာက ကျွန်တော့်ဆီ ဖုန်းဆက်တော့ ဘာမှ မရေရာဘူး ခင်ဗျာ။ သူက ကျွန်တော့်ကို ပေးစရာတစ်ခု ရှိတယ်။ ကျွန်တော် လိုချင်မ ယ့် ပစ္စည်းပါ ဆိုပြီး ပြောပါတယ်။ ပြီးတော့ ရဲကိုလည်း သူက ပြောစရာ တွေ့ ရှိတယ်လို့ ပြောပါတယ်။ မစ္စအက်ဒနာ အနေနဲ့ ဗင်ဂျီဟာ အဲဒီနေ့ က ဘယ်သူ့ဆီ သွားခဲ့တယ် ဆိုတာ သိရမယ်လို့ ကျွန်တော် စဉ်းစားမိပါ တယ်။ အဲဒီအကြောင်းကို သိရရင် တနှလုံးနေ့ညက ကျွန်တော် အိမ်ကို ရောက်ခဲ့သေးတယ် ဆိုတာကိုလည်း ထုတ်ပြောစရာ လိုတော့မှာ မဟု တ်ဘူး လို့ ကျွန်တော် တွေးမိပါတယ်။ ကျွန်တော်က ဒီကိစ္စမှာ ဘာမှ မဆိုင်တဲ့ ဂျွန်းကို လုံးဝ မပါဝင်စေချင်ပါဘူး"သူက ကော်ဖီခွက်ကို ပြန်ချလိုက်သည် ။ ပြီးတော့ ပြန်စဉ်းစားနေသ ည် ။

အင်္ဂါနေ့ည၊ သိပ်ကြာသွားပြီဟု ပင် ထင်နေမိသည် ။ အားလုံး ဘာမှျ ဆက်စပ်လို့ မရအောင် ဖြစ်နေသည် ။ "ဒါနဲ့ ကျွန်တော် မစ္စအက်ဒနာရဲ့ တိုက်ခန်းကို ကားမောင်းပြီး ထွက် လာခဲ့ပါတယ်။ ကလေးတစ်ယောက် ခွေးကလေးနဲ့ လမ်းလျှောက်နေ တာ တွေ့တော့ မစ္စက်အက်ဒနာနေတဲ့ တိုက်ခန်းကို မေးကြည့်ပြီး ဘဲလ် ကို တီးလိုက်ပါတယ်။ ဘယ်သူမှ ထွက်မလာတာနဲ့ တံခါးကို လက်နဲ့ ထု ပါတယ်။ အဲထက တယ်လီဗေးရှင်း ဖွင့်နေသံကိုလည်း ကြားနေရပါတ ယ်။ မီးတွေလည်း လင်းနေတယ်။ ဒါပေမဲ့ ဘယ်သူမှ တံခါး လာမဖွင့်ပါဘူး။ ဒါနဲ့ ကျွန်တော်က သူ ဒီလောက်ဆို အရက်မူးနေတာ ဖြစ်ရမယ်။ စကားပြောနေလို့ လည်း ထူးမှာ မဟုတ်တော့ဘူး ဆိုပြီး အိမ်ပြန်လာခဲ့ပါတယ်" "သူ့အိပ်ခန်းထဲ လုံးဝ မဝင်ခဲ့ဘူး ဆိုပါတော့" "ဟုတ်ပါတယ်၊ မဝင်ခဲ့ပါဘူး" "ဘယ်အချိန်လောက် ရှိပြီလဲ" "ကိုးနာရီခွဲလောက် ရှိမယ် ထင်ပါတယ်"

သူက ကော်ဖီတစ်ခွက် ကောက်ယူပြီး တစ်ကျိုက် ထပ်သောက်လိုက် သည် ။ အမှန်အတိုင်း ပြောမှ ဖြစ်မည်။ အမှန်တရားဟာ အမှန်ဆုံးပဲ။

လိမ်ပြောလျှင် ပိုဆိုးသွားနိုင်သည် ။ အနာဂတ်ကို တွေးရမည်။ အနာဂ တ်အ တွက် လုပ်စရာ တစ်ပုံကြီး ရှိသေးသည် ။ သူတို့ က ယုံကြည်သွား လျှင် ဂျ နှ်းနှင့် လက်တွဲပြီး အနာဂတ်ခရီးကို ပျော်ပျော်ရွှင်ရွှင် လျှောက် သွားနိုင်မည်။

မနေ့ညက ချစ်သူ ဂျူန်း၏ အခန်းသို့ ရောက်ခဲ့သည် ။ သူကလေးက သူ့တစ် ကိုယ်လုံးကို ကျုံးဖက်ပြီး တယုတယ ပြောခဲ့သော စကားသံတွေ ကို ကြားေ ယာင်လာသည် ။

သူက သက်မတစ်ချက် ချလိုက်သည် ။ ထို့နောက်တော့ ရှေ့နေကြီး က သူ့အား ဒေါက်တာဆလင်း အကြောင်းကို ဆက်လက်မေးမြန်းသည်

*****

≈ အခန်း (၆၃)

ဒေါက်တာရစ်ချတ်ကာရိုးသည် ကက်သလင်း၏ ရုံးခန်းစားပွဲတွင် ထိုင်ရင်း တစ်ဖက်မှ တယ်လီဖုန်း အလာကို စောင့်နေသည် ။ သူသည် အင်္ဂလန်နိုင်ငံ၊ ဒီဗွန်မြို့ရှိ "ခရိုက်စ်' ဆေးရုံမှ အုပ်ချုပ်ရေးမှူးထံသို့ ဖုန်း ခေါ် ထားသည် ။

သူက ယင်းဆေးရုံတွင် ဆယ်နှစ်ကျော်ကျော် လုပ်ခဲ့ဖူးသော တာဝန် ရှိ ပုဂ္ဂိုလ် တစ်ယောက် ယောက်နှင့် အရေးတကြီး ကိစ္စတစ်ရပ် ဆွေးနွေး လိုကြောင်း တယ်လီဖုန်း အော်ပရေတာအား ပြောလိုက်ရာ အော်ပရေ တာက မစ္စတာအာလက်ဇန္ဒားရီးဗ်နှင့် ဆက်ပေးမည်ဟု ပြန်ပြောသည် ။

သူသည် ထိုင်စောင့်နေရင်း စားပွဲပေါ် သို့ မျက်လုံးကစား ကြည့်လိုက် သည် ။ ကက်သလင်း၏ ရုံးခန်းစားပွဲနောက်မှ စားပွဲကြီးပေါ် တွင် ဆော င်ရွက်ဆဲ အမှုတွဲဖိုင်တွေ စုပုံနေသည် ။ သူမသည် မတော်တဆ ကားအ နွှာယ် ဖြစ်ပြီး နောက်ပိုင်းတွင် ရုံးလုပ်ငန်းများကို ဖီဖိစီးစီး မလုပ်နိုင် သေးကြောင်း သိသာသည် ။ သူမအနေဖြင့် အလုပ်ကလည်း များ သည် ။ လူကလည်း သိပ်ပြီး နေကောင်းပုံ မရ။ အမှန်က တစ်ပတ်တန်သည် ၊ နှစ်ပတ်တန်သည် အနားယူနေဖို့ ကောင်းသည် ။ သည် ကြားထဲ သည် နေ့ အမှုတွင် သူမဘက်မှ ရှုံးသွားသည့် အတွက်လည်း တော်တော်ပင် စိ တ်ထိခိုက် သွားပုံရသည် ။ ရုံးက မပြန်ခင် သူနှင့် တွေ့လိုက်ဖို့ သင့်သည်

တယ်လီဖုန်းက ဘာသံမှ ပေါ် မလာသေးချေ။ တစ်ဖက်မှ ပုဂ္ဂိုလ် အပြင်များ ထွက်သွားသလား၊ ဒါမှ မဟုတ် အိပ်ပျော်နေတာ များ လား။ မနက်ဖြန် အထိ များ စောင့်နေရမှာ လား။ မနက်ဖြန်အထိ စောင့်လို့ မဖြ စ်။ အခုချက်ချင်း သိရမှ ဖြစ်မည်။

စားပွဲပေါ် တွင် မှန်ထောင် ဓာတ်ပုံသုံးပုံ တင်ထားသည် ။ တစ်ပုံက ကက်သလင်းနှင့် အဘွားကြီးတစ်ယောက်။ သူမ အမေ ဖြစ်ပုံရသည် ။ သူမ အမေက ဖလော်ရီဒါ ပြည်နယ်တွင် နေထိုင်သည် ။ နောက်တစ်ပုံ တွင် ကက်သလင်းနှင့် ေမာ်လီ၏ သမီးကြီး ဂျင်နီဖာ၊ ကက်သလင်းက ဂျ င်နီဖာ၏ အဒေါ် နှင့် မတူ၊ အစ်မကြီးနှင့်သာ တူနေသည် ။ နောက်ဆုံးပုံ တွင် တော့ ကက်သလင်းနှင့် စကိတ်စီး မိတ်ဆွေများ ၊ ဗားမွန်တွင် နေ ထိုင်ခဲ့စဉ်က ရိုက်ထားသော ပုံဖြစ်မည်။

သူမယောက်ျား ဂျွန်ဒီမေယို၏ ပုံကိုတော့ တစ်ပုံမှ မတွေ့ရ။ သူမသ ည် နာမ ည်ကျော် တရားသူကြီး တစ်ဦး၏ ဇနီး မုဆိုးမဖြစ်ကြောင်း လူ တွေ့ မသိစေ လိုသောကြောင့် ဖြစ်နိုင်သည် ။ အိမ်မှာ တော့ ဒီမေယိုပုံ တွေကို အစီအရီ ချိ

တဲ့ဆွဲထားသည် ။ တယ်လီဖုန်း မြည်လာသည် ။ သူက ကောက်မကိုင်သေး။ တွေးလက်စနှင့် ဆက်တွေးနေသည် ။ တခြားယောကျ်ားပုံတော့ လုံးဝ မတွေ့ရ။ သူ ဝမ်းသာသွားသည် ။ "ဟုတ်ကဲ့၊ ပြောပါ" တစ်ဖက်မှ အိပ်ချင်မူးတူး လေသံမာမာနှင့် ပြောသည် ။ "မစ္စတာရီးဗ်ပါလား" "ဟုတ်ပါတယ်"

ရစ်ချတ်က ဆိုင်းမဆင့် ဗုံမဆင့်တော့ဘဲ လိုရင်းကိုပင် တိုက်ရိုက် ပြောလိုက်သည် ။

"အခုလို အချိန်မတော် ဆက်ရတာ ခွင့်လွှတ်ပါ ခင်ဗျာ။ ကိစ္စက အ ရေးကြီးလို့ပါ။ ကျွန်တော့်နာမည် ဒေါက်တာရစ်ချတ်ကရိုးပါ။ နယူးဂျာစီ ပြည်နယ် ဗယ်လီခရိုင်က မှုခင်းဆိုင်ရာ ဆရာဝန်ပါ။ ဒေါက်တာ အက်ဂါဟိုက်ဂလေနဲ့ ပတ်သက်ပြီး သိချင်တာကလေး နည်းနည်းပါးပါး စုံစမ်းချင်လို့ ပါ ခင်ဗျာ" "သူနဲ့ ပတ်သက်ပြီး ဘာသိချင်လို့ လဲ" မစ္စတာရီးဗ်ဘက်မှ အိပ်ချင်မူးတူးသံ၊ ပြီး.. စိုးရိမ်သံ ပါလာသည် ။ "ကျွန်တော် အခုပဲ လီဗာပူးက ကွင်းမေရီ ဆေးရုံကို ဖုန်းဆက်ပါ သေးတယ်။ အဲဒီဆေးရုံမှာ ဒေါက်တာဟိုက်ဂလေက ခဏဝင်လုပ်ခဲ့တ ယ်လို့ သိရပါတယ်။ အဲဒါ မှန်ပါသလား ခင်ဗျာ"

"သူက ကိန်းဘရစ် တက္ကသိုလ်က ဘွဲ့ရပြီးတဲ့ နောက် ကျုပ်တို့ ဆေး ရုံမှာ အလုပ်သင် ဆရာဝန် ဝင်လုပ်တယ်။ အင်မတန်တော်တဲ့ ဆရာဝန် တစ်ယောက်ပါ။ ဒါနဲ့ ကျုပ်တို့ ဆေးရုံမှာ အမြဲတမ်း ဝင်လုပ်ဖို့ ကျုပ်တို့ က တိုက်တွန်းတာနဲ့ ဝင်လုပ်ခဲ့တယ်။ မီးယပ်နဲ့ သားဖွားပါရဂူ" "သူ ဘာဖြစ်လို့ လူကြီးမင်းတို့ ဆေးရုံက ထွက်သွားတာပါလဲ" "သူ့မိန်းမ ဆုံးသွားပြီးတဲ့ နောက် လီဗာပူးကို ပြန်သွားတယ်။ အဲဒီ နောက်ပိုင်းတော့ အမေရိကကို ပြောင်းသွားတယ်လို့ သိရတာပဲ။ ဒါက မဆန်းပါဘူး။ ကျုပ်တို့ ဆီမှာ က ဆရာဝန်တွေကို လခ သိပ်များများ မ ပေးနိုင်ဘူး မဟုတ်လား" "ဒေါက်တာဟိုက်ဂလေ ထွက်သွားတာ တခြား ဘာအကြောင်းမှ မရှိ

တော့ဘူးလား ခင်ဗျာ" "ခင်ဗျား မေးတာ ကျုပ် နားမလည်ဘူး။ ဘာကို ဆိုလိုတာလဲ" "သြော် .. ဟုတ်ကဲ့၊ လူကြီးမင်းလည်း သိပြီးဖြစ်မယ်လို့ ကျွန်တော် ထင်ပါတယ်။ အမှန်က ဒီကိစ္စက လျှို့ဝှက်ကိစ္စပါ ခင်ဗျား။ ဒါပေမဲ့ ကျွန်

တော့်အနေနဲ့ အမှန်အတိုင်းပဲ ပြောပါရစေ။ ဒေါက်တာဟိုက်ဂလေဟာ ကိုယ်ဝန်ဆောင် မိန်းမတွေကို အသုံးချပြီး စမ်းသပ်မှုတစ်ခု လုပ်နေတ ယ်လို့ ကျွန်တော် ယုံကြည်တယ်။ အသုံးချတာက ရိုးရိုးတင်မကဘဲ တချို့ကို အသက်နဲ့ ရင်းပြီး စမ်းသပ်နေတယ်လို့ ထင်ပါတယ်။ အဲဒီအချ က်နဲ့ ပတ်သက်ပြီး လူကြီးမင်းဘက်က သိထားတာလေးတွေ ရှိရင် ကျွန် တော် သိချင်ပါတယ် ခင်ဗျား" တစ်ဖက်မှ ဘာသံမျှ ပေါ်မလာ၊ အကြာကြီး တိတ်ဆိတ်နေသည် ။

နောက်တော့မှ မစ္စတာရီးဗ်က ဖြည်းဖြည်းလေး ပြောသည် ။ "ဒေါက်တာဟိုက်ဂလေဟာ ကျုပ်တို့ ဆေးရုံမှာ လုပ်တုန်းက မီးယပ် နဲ့ သားဖွားပါရဂူ သမားတော်ကြီး တစ်ယောက်သာ မကဘူး။ သန္ဓေ သား ဖွံ့ဖြိုးမှုဆိုင်ရာ သုတေသန လုပ်ငန်းကိုပါ လုပ်ခဲ့တယ်။ သူဟာ ဖား တွေနဲ့ နို့တိုက်တိရစ္ဆာန်တွေရဲ့ သန္ဓေသားတွေကို သုတေသနပြုပြီး ဆေး ပညာဆိုင်ရာ အရေးပါတဲ့ စမ်းသပ်မှုတွေ ပြုလုပ်နိုင်ခဲ့တယ်။ နောက်ပိုင်းတော့ သူဟာ တရားဥပဒေအရ တားမြစ်ထားတဲ့ လူ့သန္ဓေ သားတွေနဲ့ ပါ သူ့ဟာသူ ကျိတ်ပြီး စမ်းသပ်လာတယ်လို့ တခြားလုပ် ဖော်ကိုင်ဖက် ဆရာဝန်တစ်ယောက်ရဲ့ စွပ်စွဲမှုကို ခံခဲ့ရတယ်" "အဲဒီကိစ္စနဲ့ ပတ်သက်လို့ နောက်ပိုင်း ဘယ်လို အရေးယူပါသလဲ" "ဒီကိစ္စက လူတိုင်း မသိပါဘူး။ သက်ဆိုင်ရာ အသိုင်းအဝိုင်းလောက်ပဲ သိတာပါ။ ဒါပေမဲ့ သူ့လုပ်ရပ်ကိုတော့ မျက်ခြည်မပြတ် စောင့်ကြည့် နေကြတယ်။ နောက်ပိုင်းမှာ သူ့မိန်းမရတ်တရက် ဆုံးသွားတော့မှ ဒီကို စွ ပြန်ပေါ် လာတယ်။ ကျုပ်တို့ အနေနဲ့ သက်သေ အထောက်အထား ခိုင် ခိုင်လုံလုံတော့ ဘာမှ မရှိပါဘူး။ ဒါပေမဲ့ သူက တခြား ကိုယ်ဝန်ပျက်ကျ တဲ့ မိန်းမတစ်ယောက်ဆီက သန္ဓေသားကို ယူပြီး သူ့မိန်းမ ဗိုက်ထဲမှာ ထည့်ပေးတယ်လို့ တော့ ကောလဟလတွေ ပေါ် လာတယ်။ အဲဒီမှာ ပဲ သူ့ကို ဆေးရုံက နုတ်ထွက်ဖို့ အာဏာပိုင်တွေက တိုက်တွန်းတယ်။ တ ကယ်တော့ ဒါဟာ လှို့ဝှက်ချက် တစ်ရပ်ပါ။ အဲဒီတော့ အခု ကျုပ်တို့ ပြောတာကိုလည်း အတွင်းရေး လှို့ဝှက်ချက်အဖြစ် သတ်မှတ်စေချင်တယ် ။

ရစ်ချတ်က ကြားရသမျှကို အလွန် စိတ်ဝင်စားနေသည် ။ သူ ထင် တာတွေ အကုန်မှန်နေပြီ။

ဒေါက်တာဟိုက်ဂလေဟာ အဲဒီလို စမ်းသပ်ရင်း ကိုယ်ဝန်ဆောင် မိ နး်မတွေ ဘယ်နှယောက်များ သတ်ခဲ့ပြီလဲ။

သည် မေးခွန်းသည် သူ့ဦးနှောက်ထဲတွင် တဒိန်းဒိန်း လာဆောင့်နေ သည် ။

"ဒါနဲ့ မစ္စတာရီးဗ်၊ ဒေါက်တာအင်မက်ဆလင်း ဆိုတဲ့ ပုဂ္ဂိုလ်ကိုများ သိပါသေးသလား"

"အား .. သိပ်သိတာပေါ့။ သူက ကျုပ်ရဲ့ မိတ်ဆွေကောင်း တစ်ယော က်ပဲ။ ဒေါက်တာ ဟိုက်ဂလေ ပြဿနာတွေ ပေါ် နေတုန်း ကျုပ်တို့ ဆေး ရုံမှာ သူက ည့်သည် သမားတော်ကြီး အဖြစ် လုပ်သွားသေးတယ်"

≈ အခန်း (၆၄)

ကက်သလင်းသည် တံခါးဘုကို ကိုင်ကာ သွေးရူးသွေးတန်း လှည့်ဖွ င့်သည် ။ သို့သော် တံခါးမပွင့်၊ အပြင်ဘက်မှ သော့ခတ်ထားသည် ။

အပေါ်ထပ်မှ ခြေသံတွေ ကြားလိုက်ရပြီး ခြေသံများ ခေတ္တရပ်သွား သည် ။ သူသည် ဒုတိယထပ်မှ တံခါးကို ဖွင့်နေပြီ။ သူမသည် သူ့လက်မှ ပြေးမလွတ်တော့ ဟူ၍ အပိုင်တွက်ထားပြီး ဖြစ်ဟန်တူသည် ။ ခြေသံ တွေ ပြန်ကြားရသည် ။ သူ ဆင်း လာပြီ။

သူမ အော်လိုက်လျှင်လည်း ဘယ်သူမျှ ကြားမည် မဟုတ်။ သည် တံ ခါးကြီးတွေက မီးခံတံခါးကြီးတွေ ဖြစ်သည် ။ ဆေးရုံက အသံတွေကိုလ ည်း သည် နေရာက လုံးဝ မကြားရ။

သည် တံခါး၏ တခြားတစ်ဖက်တွင် တော့ လူတွေ ရှိသည် ။ လူနာ တွေ၊ သူနာပြုတွေ၊ ဧည့်သည် တွေ။ ဒါပေမဲ့ အလကားပဲ။ ငါ့အသံလည်း သူတို့ မ ကားနိုင်။ သူတို့ အသံလည်း ငါမကြားနိုင်။

သူ ဆင်း လာပြီ။ သူမဆီ ရောက်လာတော့မည်။ သူမကို သတ်တော့ မည်။

သူမသည် ဆီးစပ်က နာလာသည် ။ သွေးတွေ သွန် လာပြီ။ သူ ကျွေးထားတဲ့ ဆေးတွေကြောင့် သွေးတွေ ဒလဟော သွန် လာပြီ

သူမ တစ်ခေါင်းလုံး မူးဝေလာသည် ။ သို့သော် သည် အတိုင်း နေ၍ မဖြစ်။ လွတ်အောင် ပြေးရမည်။ လွတ်အောင် ပြေးရမည်။

သူက ဗင်ကျိသေတာကို ကိုယ့်ကိုယ်ကို သတ်သေတာမျိုးဖြစ်အောင် ဖန်တီးခဲ့ သည် ။

သူမကိုလည်း ယင်းပုံစံမျိုး ဝင်အောင် ဖန်တီးတော့မည်။ သူမသည် တစ်ဖက် သို့ လှည့်ပြီး ခြေဦးတည့်ရာ စွတ်ပြေးသည် ။ တံခါးတစ်ပေါက် ထပ်တွေ့သည် ။ တံခါးဘုကို အတင်း လှည့်ဖွင့်သည် ။

သူက လှေကားရင်းသို့ ရောက် လာပြီ။ မှောင်မည်းနေ၍ လူရုပ် ကွဲ ကွဲပြားပါး မမြင်ရ။

သူမဘက်သို့ ရွေ့ လျှားလာသော မည်းမည်းအရိပ်ကိုသာ မြင်ရသည်

တံခါးကို တအားကုန် တစ်ချက် လှည့်ဖွင့်လိုက်သည် ။ ဝုန်းခနဲ ပွင့် သွားသည် ။ စက်ံလမ်း တစ်လျှောက်လုံး မှုန်ဝါးနေသည် ။

သူမ အောက်ထပ်ဆီသို့ ရောက် လာပြီ။ ရှေ့တည့်တည့်တွင် အခန်း တွေ မြင် ရသည် ။ အားလုံး ငြိမ်သက်နေကြသည် ။ အားလုံး တိတ်ဆိတ်နေကြသည် ။ သူမ နောက်ဘက်မှ တံခါး ပြန်ပိတ်သွားသည် ။ ဘယ်နေရာမျှား ဝင်ပုန်းနေရ ပါလိမ့်။ ပုန်းစရာ ဘာမျှ မမြင်။ ဘုရား ... ဘုရား သူ ရောက်လာတော့မည်။

ဒုက္ခတော့ လုလှကြီး တွေ့ရတော့မည်။ ဘယ်လိုလုပ်ရပါ့။ အခန်းနံရံတွင် မီးခ လုတ်ကို ရုတ်တရက် သွားမြင်လိုက်သည် ။ ခလုတ်ကို ကမန်းကတန်း ဖွင့်လို က်သည် ။ သူမ၏ လက်တွင် သွေးတွေ စေးကပ်နေသည် ။ သူမ၏ နောက်ဘ က် ခပ်လှမ်းလှမ်းမှ တံခါးရွက် ဝုန်းခန် ပွင့်သွားသည်။

စကြံ်လမ်းတစ်လျှောက်လုံးလည်းတစ်ချိန်တည်းတွင် မှောင်ကျသွားသည် ။

*****

≈ အခန်း (၆၅)

ဒေါက်တာဟိုက်ဂလေ အပေါ်တွင် မသက်ာစရာတွေ့ တစ်ပုံကြီး ရှိ သည် ။ သူ့ဇနီး ဝင်နီဖရက် ဝက်စ်လိတ်ခ် သေတာနှင့် ပတ်သက်၍ လ ည်း သူ့ကို သံသယ ဝင်စရာ ရှိသည် ။ ဝင်နီဖရက်သည် ရိုးရိုးသေတာ မ ဟုတ်။ သူ့ပ ယောဂကြောင့် သေရခြင်း ဖြစ်သည် ဟု ဝင်နီဖရက်၏ မော င်ဝမ်းကွဲ ဖြစ်သူက အခိုင်အမာ ယုံကြည်သည် ။

သူက သုတေသန လုပ်ငန်းတွင် အလှူန်တော်သော ဆရာဝန်။ သူ့ဆီ ရောက် လာသော ကိုယ်ဝန်ဆောင် အမျိုးသမီးတွေ့ကိုလည်း တစ်နည်းန ည်းဖြင့် စမ်း သပ်၍ သုတေသန လုပ်နေပုံရသည် ။ ဗင်ဂျီလူးဝစ်ကိုလည်း အရှေ့တိုင်းသား တစ်ယောက်၏ သုက်ရည်သွင်းပြီး စမ်းသပ်ခဲ့ဟန် တူ သည် ။ သူက အဲဒီလို ဘာကြောင့် လုပ်ရတာလဲ။ သူ့စမ်းသပ်မှု အောင်မြင်မယ် ထင်လို့ လုပ်တာ လား။ တကယ်တော့ သူက ဒေါက်တာဖူဂီတို့ရဲ့ နောက်ကြောင်း ရာဇဝင် အားလုံးကို သိထားပုံရတယ်။ ပြဿနာ တစ်စုံတစ်ရာ ပေါ် လာရင် သူက ဒေါ က်တာဖူဂီတို့ အပေါ် အားလုံး ပုံချဖို့ ရည်ရွယ်ထားတာလား။ ဘယ် လို ရည်ရွ ယ်ချက်နဲ့ လုပ်တာလဲ။ ဒါမှ မဟုတ် မတော်တဆ ဖြစ်သွားရ တာလား။ သုက် ရည်မှားပြီး သွင်းမိတာလား။ ဒါမှ မဟုတ် ဗင်ဂျီက ဒေါက်တာဖူမီတို့နဲ့ တိတ် တိတ်ပုန်း ကျိတ်ပြီး ဖြစ်နေတာလား။ ဒေါက်တာ ဟိုက်ဂလေရဲ့ စမ်းသပ်မှုနဲ့ ဗင်ဂျီရဲ့ ကိုယ်ဝန် မတော်တဆ တိုက်ဆိုင်မိကြတာလား။

ရစ်ချတ်က ဉာဏ်မီသလောက် အမျိုးမျိုး စဉ်းစားကြည့်သည် ။ သို့သော် ကျေ နပ်လောက်သော အဖြေဆို၍ ဘာမျှ ထွက်ပေါ် မလာ။

သူသည် စားပွဲတွင် ထိုင်ကာ ကက်သလင်း၏ ဘောလ်ပင်ကို လက် ထဲတွင် လှ ည့်ကစားနေသည် ။ သည် ဘောလ်ပင်ကို သူ ဘယ်နေရာသွားသွား အမြဲတမ်း ယူသွားလေ့ရှိသည် ။ ယနေ့ည‌နေတွင် အလုပ်တွေ့ များ ပြီး မေ့ကျန်ခဲ့တာ ဖြ စ်မည်။ တကယ်တော့ သူမ တော်တော် စိတ်ပင်ပန်းနေပုံရသည် ။ အမှု ရှုံး သွားတာကြောင့် ပို၍ စိတ်ထိခို က်သွားတာဖြစ်မည်။

သူမက ဒီနေ့အမှုကို တော်တော် အလေးအနက် ထားခဲ့သည် ။ သူမ လက်ဝ ဲချောင်းမှ ဒဏ်ရာကလည်း အခုအထိ သွေးမတိတ်သေး။ သွေးဥမှား နည်းတဲ့ ဝ ရာဂါမျိုး ရှိသလား မသိဘူး။ အဲဒါဆိုရင် သွေးက ငါဆာတောင် ဖြစ်နိုင်တယ်။ အဲဒီလို ဆိုရင်တော့ ဒုက္ခပဲ။ ဘုရား ဘုရား ၊ ဒီအတိုင်း ဆိုရင် မလွယ်ဘူး။ တန လ်နေ့ကျတော့ သူမကို ဆေးရုံခေါ် သွားပြီး ဆရာဝန်ဆီမှာ ပြကြည့်မှ ဖြစ်မ ည်။

တံခါးခေါက်သံ ပေါ်လာသည် ။ မော်ရိန်းက တံခါးရွက်ကို တစ်ဝက် ဟပြီး အထဲသို့ ချောင်းကြည့်သည် ။ သူမ၏ မျက်လုံးဝိုင်းကြီးများက မြ သားရောင် လက်နေသည် ။

အလွန်လှသော မျက်လုံးများ ။ "ဒေါက်တာ"

"မော်ရိန်း၊ မင်းကို စောင့်ခိုင်းထားမိတာ အားနာစရာတောင် ဖြစ်နေပြီ။ မစ္စက် ဟိုရန်ကလည်း အခုထိ ပေါ်မလာသေးပါလား။ သူ လာ ဖို့ ကောင်းတာ ကြာ ပြီ"

"ကျွန်မအတွက် အားနာစရာ မရှိပါဘူး ဒေါက်တာ။ မစ္စက်ဟိုရန်က လည်း ဖုန်းပြန်ဆက်ပါတယ်။ သူ ဆက်ဆက်လာခဲ့ပါ့မယ်တဲ့ ။ သူ့ရုံးမှာ အလုပ် နည်း နည်းများ နေလို့ ခဏစောင့်ဖို့ ပြောပါတယ်။ ဒါပေမဲ့ အခု

လောလောဆယ် မိန်းမကြီးနှစ်ယောက် ရောက်နေပါတယ်။ သူတို့ က မ စ္စအ က်ဒနာရဲ့ မိတ်ဆွေပါ။ မစ္စကက်သလင်းနဲ့ တွေ့ချင်လို့ တဲ့ ။ သူ ပြန် သွားပြီလို့ ကျွန်မက ပြောတော့ မစ္စက်ဖစ်ဂျာရယ်ဆိုတဲ့ မိန်းမကြီးက ဒေါက်တာ့ကို မေး တယ်။ သူက ဒေါက်တာ့ကို မစ္စအက်ဒနာရဲ့ အခန်းမှ တွေ့ဖူးတယ်လို့ ပြောပါ တယ်"

"မစ္စက်ဖစ်ဂျာရယ် ဟုတ်လား၊ သော် .. ဟုတ်ပြီ။ သူက ဝက်စ်လိတ် ခ် ဆေးရုံက အချိန်ပိုင်း ဧည့်ကြိုစာရေးမပဲ"

သူက ကုလားထိုင်မှ ထရပ်လိုက်သည် ။ "ကောင်းပြီ၊ သူတို့ ကို ငါ့ဆီ လွှတ်လို က်ပါ။ ပြီးတော့ စကော့ဆီကို လည်း ဖုန်းလှမ်းဆက် လိုက်ပါဦး"

"မစ္စတာစကော့က ကပ္ပတိန်လူးဝစ်ကို စစ်ဆေးနေတယ် ဒေါက်တာ ။ ဖိလစ်နဲ့ ချာလီတို့ လည်း အဲဒီမှာ ရှိနေကြတယ်။ ဖုန်းဆက်လို့ ကောင်း ပါ့မလား"

"ဒီလိုဆိုလည်း ကောင်းပြီလေ။ ငါ သူတို့ ကို လှမ်းဆက်လိုက်မယ်။ အကြောင်းထူးရင်လည်း သူတို့ ကို စောင့်ခိုင်းရတာပေါ့"

***

အမျိုးသမီးကြီး နှစ်ယောက် ဝင်လာကြသည် ။ မစ္စက်ကရပ်ပရှက်သ ည် အတော်ကလေး စိတ်လှုပ်ရှားနေပုံ ရသည် ။ သူမ၏ မျက်လုံးတွေက ဖရိုဖရဲ ဖြစ်နေသည် ။

မစ္စက်ဖစ်ဂျာရယ်က လက်ထဲတွင် စက္ကူအိတ်တစ်အိတ်ကို ကိုင်ထား သည် ။ရ စ်ချတ်က သူတို့ နှစ်ယောက်အား မျှော်လင့်ချက် မျက်လုံးဖြင့် ကြ ည့်လိုက်သ ည် ။

မစ္စက်ဖစ်ဂျာရယ်က ကိုယ်ကို ရှေ့သို့ ကိုင်းလျက် စက္ကူ၊ အိတ်ထဲမှ ဖိန ပ်ကို ဆွဲထုတ်လိုက်သည် ။ "ကျွန်မတို့ ဒီကိုလာတာ ဒီဖိနပ်ကိစ္စပဲ ဒေါက်တာ" ထို့ နောက် အမျိုးသမီးကြီး နှစ်ယောက်က သူတို့ သိမြင်ခဲ့သမျှကို ရစ် ချတ်အား အသေးစိတ် ပြောပြကြသည် ။

*****

≈ အခန်း (၆၆)

ကက်သလင်းသည် စကြံ့လမ်းအတိုင်း ကွေ့ပတ်ပြီး ပြေးလာသည် ။ မီးခလုတ် ဘယ်နေရာမှာ ရှိတယ် ဆိုတာ သူ သိ သိသလား။ သိ တော့ကော သူ ဖွင့်ရဲပဲ့မလား။ မီးဖွင့်လိုက်ရင် တစ်ယောက်ယောက် တော့ မြင်သွားမှာ ပဲ။ ငါ အော်လိုက်ရ ကောင်းမလား။

သူက ဒီဆေးရုံမှာ နေရာတကာ သိတဲ့ လူ။ ငါ ဘယ်သွားပြီး ပုန်းရပဲ့ မလဲ။ ခန်းမကြီး အစွန်းမှာ တော့ တံခါးတစ်ပေါက် ရှိတယ်။ အဲဒီကို ပြေးသွားရ ကောင်းမလား။ ဝေးတော့ တော်တော် ဝေးသေးတယ်။ လ က်ကလည်း သွေးတွေ ထွက်နေတုန်းပဲ။ သူနာပြု ဆရာမကလေးက ငှဲ့ ကို မတွေ့ရင် တစ်ခန်းပြီး တစ်ခန်း လိုက်ရှာမှာ ပဲ။ အဲဒါဆိုရင် တံခါးဘု မှာ ပေနေတဲ့ သွေးကို တွေ့နိုင်တယ်။

သူ့ခြေသံကို မကြားရပြန်ဘူး။ သူ ရပ်နေပုံရတယ်။ လှုပ်ရှားသံကို ရပ်ပြီး နားစွင့်နေတာ ဖြစ်မယ်။

သူမသည် အခန်းနံရံကို လက်နှင့် လိုက်စမ်းနေသည် ။ တံခါးပေါက် မျှားတွေ့လိုတွေ့ငြား။

တဖြည်းဖြည်းနှင့် ဟိုစမ်းသည် စမ်း လုပ်ရင်း တံခါးပေါင်တစ်ခုကို သွားစမ်းမိသည် ။

နောက်ဘက်မှ တံခါးဖွင့်သံ ကြားလိုက်ရသည် ။ သူ တံခါးဖွင့်နေပြီ။

သူမက သွေးရွဲသွေးတန်းဖြင့် တံခါးဘုကို လိုက်စမ်းသည် ။ တံခါး ဘုကို တွေ့ပြီ။ လက်မှ ဒဏ်ရာကို ထိန်းပြီး တံခါးဘုကို အသာအယာ လှ ည့်သည် ။ သူမ နှာခေါင်းထဲသို့ ဖော်မယ်ဒီဟိုက် ဆေးနံ့တွေ စူးစူးရှရှ ဝ င်လာသည် ။ ။

နောက်မှ ခြေသံတွေ ကြားရသည် ။ သူ လိုက် လာပြီ။ သူ လိုက် လာပြီ။

တံခါးဘုကို တအား လှည့်ဖွင့်လိုက်သည် ။ ဝုန်းခနဲ တံခါးပွင့်သွားသ ည် ။ သူမ အားလွန်ပြီး အခန်းထဲသို့ ဟပ်ထိုးလဲကျသွားသည် ။ တစ်ခါ ငိုးလုံး ချာချာလည်နေသည် ။ အမှောင်ထဲတွင် လက်နှစ်ဖက် ဆန့်ပြီး စမ်းလိုက်သည် ။ ဘောင်းဘီဝတ်ထားသော ခြေထောက်တစ်ဖက်ကို သွားစမ်းမိသည်

သူ့အသံက ငှက်ဆိုးထိုးသံလို အခန်းထဲ၌ ဟိန်းသွားသည် ။ "ဟဲ . ဟဲ . ဟဲ ဘယ်မှ ပြေးဖို့ မကြိုးစားနဲ့ တော့ မိန်းကလေး၊ ခရီး ဆုံးသွားပြီ"

*****

≈ အခန်း (၆၇)

"ဒီဖိနပ်ဟာ ခင်ဗျားမိန်းမရဲ့ ဖိနပ်အစစ်အမှန် ဖြစ်တယ်ဆိုတာ ခင်ဗျား သေသေချာချာ ပြောနိုင်ရဲ့ လား" စကော့က အသံခပ်မာမာဖြင့် မေးလိုက်သည် ။ ခရစ်လူးဝစ်က ခေါင်းညိတ်လိုက်ပြီး - "ဟုတ်ပါတယ်၊ ဒါ သူ့ဖိနပ် အစစ်ပါ။ ဒီဖိနပ်က သူ့ခြေထောက်မှာ တော်တော် ချောင်နေတယ်။ ဘယ်စီးဖိနပ်"

"ခင်ဗျားဆီ မစွက်အက်ဒနာ ဖုန်းဆက်တုန်းက သူ့ဆီမှာ ဒီဖိနပ်ရှိတ ယ်ဆိုတာ ပြောသေးသလား"

"မပြောပါဘူး။ သူက သူ့မှာ ရဲကို ပြောပြစရာတွေ ရှိတယ်။ အဲဒါ ရဲ ကို မပြော ခင် ကျွန်တော့်ကို အရင် ပြောပြချင်တယ်လို့ ပဲ ပြောပါတယ်"

"သူက ခင်ဗျားဆီ အဲဒီလို ဖုန်းဆက်တာဟာ ခင်ဗျားကို တစ်နည်းန ည်းနဲ့ အကျပ်ကိုင်ချင်လို့ လုပ်တာလို့ ယူဆသလား"

"အဲဒီလို မယူဆပါဘူး။ သူက အရက်မူးမူးနဲ့ ထင်ရာ လျှောက်ပြော တာလို့ ပဲ ယူဆမိပါတယ်"

"ကောင်းပြီ၊ ခင်ဗျား ထွက်ဆိုချက်ကို အခုချက်ချင်း လက်နှိပ်စက် ရိ က်မယ်။ အဲဒါ သေသေချာချာ ဖတ်ကြည့်ပါ။ ခင်ဗျားထွက်ဆိုချက် မှန်တယ် ထင်ရင် လက်မှတ်ထိုးပါ။ ပြီးတော့ အိမ်ပြန်နိုင်ပြီ။ ကျန်တာတွေကို မနက်ဖြန် မနက် ကျတော့မှ ထပ်မေးမယ်"သူ့ထွက်ဆိုချက်မျှားကို ခရိုင်ရှေ့နေကြီးက ယုံသွားပြီဟု တွေးမိပြီး ခရစ်က အတော်ပင် ကျေနပ်သွားသည် ။ သူသည် ကုလားထိုင်မှ ထရပ် လိုက်သည် ။ "ဂျွန်းက ဘယ်မှာလဲ" "သူ့ကိုလည်း တစ်ဖက်ခန်းမှာ စစ်ဆေးပြီးသွားပါပြီ။ အတူတူ ပြန်နို င်ပါပြီ။ အို . ဒါနဲ့ တစ်ခု မေးပါရစေဦး၊ ဒေါက်တာဟိုက်ဂလေကို ခင်ဗျား ဘယ်လို ထင်သလဲ" "ကျွန်တော် သူ့ကို တစ်ခါမှ မတွေ့ဖူးပါဘူး"

"ဒါဖြင့် သူ့အကြောင်း ရေးသားထားတဲ့ ဆောင်းပါးကိုရော မဖတ်မိ ဘူးလား" စကော့က “နယူးစ်မိတ်ကား” မဂ္ဂဇင်းကို မြှောက်ကိုင်ပြလိုက်သည် ။ ခရစ်က ဆောင်းပါးခေါင်းစီးနှင့် ဓာတ်ပုံကို လှမ်းကြည့်လိုက်ပြီး - "မနေ့က နယူးယောက်ကို စီးလာတဲ့ လေယာဉ်ပေါ် မှာ ဒီဓာတ်ပုံကို ကျွန်တော် မြင်ခဲ့ရတယ်" သူက ကမန်းကတန်း ဆက်စဉ်းစားကြည့်သည် ။ ဟုတ်ပြီ၊ သတိရပြီ။ "အဲဒါ ပဲပေါ့၊ ကျွန်တော် စဉ်းစားမိတာ။ ဘယ်နေရာမှာ ပါလိမ့် ဆိုပြီး ကျွန်တော် စဉ်းစားနေတာ" "ခင်ဗျား ဘာပြောတာလဲ၊ ကျုပ် မရှင်းဘူး"

"ကျွန်တော် မနေ့ညက အက်ဆက်ဟိုတယ်မှာ ဒေါက်တာဆလင်းနဲ့ တွေ့ဖို့ သွားတော့ ဓာတ်လှေကားထဲမှာ လှမ်းမြင်လိုက်ရတာ ဒီပုဂ္ဂိုလ်ပဲ ပေါ့။

*****

≈ အခန်း (၆၈)

သူသည် မီးခလုတ်တစ်ခုကို ဖွင့်လိုက်သည် ။ တစ်ခန်းလုံး ထိန်လင်း သွားသည် ။ အမှောင်ထဲတွင် တော်တော်ကြာကြာ နေခဲ့၍ သူမသည် မျ က်လုံးတွေ ဝေါနေကာ သူ့မျက်နှာကို ရုတ်တရက် ကွဲကွဲပြားပြား မမြင်ရ

ခဏကြာတော့မှ အမြင်ရှင်းလာသည် ။ သူက မျက်လုံးတွေကို ကျွတ် ကျမတတ် သူမကို စိုက်ကြည့်နေသည် ။ သူ့တစ်ကိုယ်လုံး ခွေးတွေပြန်ပြီး ဆီလူး ထားသလို မီးရောင်အောက်တွင် တလက်လက် ရောင်ပြန်ထွက်နေသည် ။ ဝါ ဖန့်ဖန့် ဆံပင်တွေကလည်း နဖူးပေါ်တွင် ဖ ရိုဖရဲ ပြန့်ကျဲနေသည် ။ သူမသ ည် အားယူပြီး မနိုင့်တနိုင် ထရပ်လိုက်သ ည် ။ သူမ ရောက်နေသော နေရာသ ည် အခန်းကျဉ်းကလေး တစ်ခု ဖြစ် နေသည် ။ တစ်ခန်းလုံး အေးစိမ့်နေသည် ။ သူမ၏ နောက်တွင် ထူထဲ

သော သံမဏိတံခါးကြီး။ နောက်သို့ အသာဆုတ်ကာ တံခါးကို ကျော ပေးရပ် လိုက်သည် ။

သူက ပြုံးပြီး ပြောသည် ။ "အခုမှ တကယ် အဆင်ပြေသွားတော့တယ် မစ္စက် ဒီမေယို။ ခင်ဗျား က ကျပ်အတွက် လွယ်ကူအောင် တမင် လုပ်ပေးလိုက်တာ ပဲ။ ခင်ဗျား ဟာ ဆေးရုံကို ကြောက်တယ်ဆိုတာ ခင်ဗျားနဲ့ ပတ်သက်တဲ့ လူ တိုင်း သိကြတယ်။ နောက်မကြာခင်လေးမှာ ကျပ်နဲ့ နာ့စ်ရင်ဂျီတို့ က ခင်ဗျား အ ခန်းထဲ လာကြည့်တဲ့ အခါ ခင်ဗျားကို မတွေ့ရရင် ခင်ဗျား ဆေးရုံက ထွ က်ပြေးသွားတယ် လို့ ပဲ ထင်မှာ ပဲ။ အဲဒီလိုဆိုရင် ကျပ်တို့ က ခင်ဗျားအ စီမ ဆီ ဖုန်းဆက်မယ်။ ဒါပေမဲ့ သူက အိမ်ကိုတောင် တော်တော်နဲ့ ပြန် ရောက်ဦး မှာ မဟုတ်ဘူး ။ အဲဒီတော့ ကျပ်တို့ ကလည်း ခင်ဗျား အိမ်ပြန် သွားတယ် ထ င်ပြီး ခင်ဗျားကို တကူးတက လိုက်ရှာနေကြမှာ မဟုတ် ဘူး ။

ဒီနေ့ည အရေးပေါ်အခန်းမှာ အဘိုးကြီးတစ်ယောက် ဆုံးသွားတယ်။ သူ့ကို ဒီအနားက ရေခဲတိုက် တစ်ခုမှာ သွင်းထားတယ်။ မနက်ဖြန် မန က်မှာ သူ့အလောင်း သုဘရာဇာ လာယူတော့ ခင်ဗျားကို ကျိန်းသေတွေ့ မှာ ပဲ။ အဲဒီလိုဆိုရင် ခင်ဗျား ဘာဖြစ်တယ် ဆိုတာ အထူးပြောပြနေစရာ မလိုတော့ ဘူးပေါ့။ ခင်ဗျားက သွေးသွန်နေတယ်။ သွေးသွန်ပြီးတော့ ရု တ်တရက် စိ တ်ဖောက်သွားပြီး အခန်းထဲ ထွက်ပြီး ပြေးမိပြေးရာ ပြေး တယ်။ ပြီးတော့ ဒီ အခန်းထဲမှာ လဲကျပြီး သေဆုံးသွားတယ်ပေါ့။ မဟုတ် ဘူး လား၊ ကျပ် ပြော တာ .. ဟဲဟဲ" " မဟုတ်ဘူး ... မဟုတ်ဘူး "

သူမက အော်ပြောလိုက်သည် ။ သို့သော် အသံက ထင်သလောက် ထွက်မလာ။သူ့မျက်နှာကိုလည်း သဲသဲကွဲကွဲ မမြင်ရ။ မျက်လုံးတွေက ဝါးနေသ ည် ။ ခေါင်းထဲကလည်း ရီဝေနေသည် ။ ယိုင်ပြီးများ လဲကျသွားတော့မ လား။

သူက သူမရှေ့သို့ တိုး လာပြီး သံမဏိတံခါးကို ဖွင့်သည် ။ ပြီးတော့ သူမအား တံခါးပေါက်ထဲ တွန်းသွင်းလိုက်သည် ။ သူမသည် ဟိုက်ခန် ခံစားလိုက်ရပြီး လုံးဝ မေ့မြောသွားသည် ။

သူက သူမဘေးတွင် ဒူးထောက် ထိုင်ချလိုက်ပြီး ဟက်ပရင်ဆေးတ စ်လုံး ထပ် ထိုးလိုက်သည် ။

သည် အတိုင်းဆိုလျှင် သူမသည် သတိပြန်၍ ရလာနိုင်တော့မည့် မ ဟုတ်။ ရ လာသည့်တိုင်အောင် သည် အခန်းထဲက မထွက်နိုင်တော့။ အပြင်က သော့ခ တ်ထားလိုက်လျှင် တစ်ခါတည်း ကိစ္စပြတ်နေပြီ။

သူက သူမ မျက်နှာကို အတန်ကြာမျှ စိုက်ကြည့်နေသည် ။ ပြီးတော့ ပြန်ထလို က်ပြီး ဒူးနှစ်ဖက်မှ ဖုန်များကို လက်နှင့် ပုတ်ပစ် လိုက်သည် ။ (အင်း ခုမှ ပဲ ကိစ္စပြတ်တော့တယ်။ သူ့ရင်ထဲ ရှင်းသွားသလို ခံစားလို က်ရသည် ။

ထို့နောက် တံခါးကို ပြန်ပိတ်လိုက်သည် ။ ပြီးတော့ မီးခလုတ်ကို ပြ န်ပိတ်သ ည် ။

စကြံဆောင်ဘက်ကို ထွက်သော တံခါးကို ဖြည်းဖြည်းကလေး ပြန်ဖွ င့်ပြီး ခပ်မ န်မြန်ကလေး ပြန်ထွက်လာခဲ့သည် ။

***

နောက်မိနစ် အနည်းငယ်ခန့် အကြာတွင် သူသည် ဆေးရုံ စားသော က်ဆိုင် တွင် ထိုင်ကာ ကော်ဖီနွေးနွေး တစ်ကျိုက်ချင်း မျှဉ်းသောက်လျ က် ရှိသည် ။

စားပွဲထိုးမကလေးက - "ကော်ဖီပူပူနဲ့ ပြန်လဲပေးရမလား ဆရာ" ဟု မေးသည် ။ သူက - "နေပါစေ၊ ဒါပဲ ကောင်းပါတယ်" ဟု ပြန်ပြောလိုက်သည် ။ ပြီးတော့ - "အေးကွာ ကျေးဇူးပဲ၊ ငါ နည်းနည်း ကြာသွားတယ်။ ခုလည်း ကြာကြာနေ လို့ မဖြစ်ဘူး။ ဆေးရုံကို ချက်ချင်း ပြန်သွားရမယ်။ အရေးကြီးတဲ့ လူနာတစ်ယောက်ကို သွားကြည့်ရဦးမယ်"

*****

≈ အခန်း (၆၉)

"ဂွတ်နိုက် ဒေါက်တာ။ ကျွန်တော် အမျှားကြီး နေကောင်းသွားပါပြီ။ ကျေးဇူး တင်ပါတယ် ဒေါက်တာ" လူငယ်က ဒေါက်တာအား ပြုံးရွှင်စွာဖြင့် ပြောလိုက်သည် ။ "ဝမ်းသာပါတယ်ကွယ်၊ ဒီညတော့ အိပ်ပျော်အောင် ကြိုးစားပြီး အိပ်လိုက်တော့၊ ဟုတ်လား"ဒေါက်တာဖူဂီတိုက လူငယ်၏ ခုတင်စွန်းတွင် ထိုင်နရာမှ ပြန်ထရ င်း ပြောလိုက်သည် ။

သည် ကောင်လေး ကျန်းမာသွားသည့်အတွက် သူ့အနေဖြင့် တက ယ်လည်း ဝမ်းသာမိသည် ။ သည် ကောင်လေးက စိတ်ဝေဒနာ ခံစားနေ ရသည် ။ သူ့ကို ယ်သူ သတ်သေဖို့ တောင် ကြံစည်ခဲ့သည် ။ သူသည် ကားကို တစ်နာရီ မိုင် ၈၀ နှုန်း မောင်းလာရာမှ ကားတိုက်မှု ဖြစ်ခဲ့သည် ။ သူလည်း ရက်အတော်ကြာကြာ ကယောင်ချောက်ချား ဖြစ်နေခဲ့သည် ။ သူ့ကြောင့် သူ့ညီမလေး ပွဲချင်းပြီး သေဆုံးသွားခဲ့သည် ။ နောင်တရလို့ မဆုံးတော့။ ညီလေး သေရတာ ငါ့ကြောင့် .. ငါ့ကြောင့်။ သူ့ရင်ထဲတွင် မီးပွင့်မတတ် ခံစားနေခဲ့ရသည် ။

ဒေါက်တာဖူဂီတိုက သူ့ကို အစွမ်းကုန် ကြိုးစား၍ ကုသပေးခဲ့သည် ။ ထို့ကြောင့်လည်း ကောင်လေးသည် ရူးသွားမည့် အခြေအနေမှ လူကော င်းဘဝသို့ ပြန်ရောက်လာခဲ့ခြင်း ဖြစ်သည် ။

ဒေါက်တာဖူဂီတိုသည် “ဗယ်လီပိုင်း’ ဆေးရုံ စကြံအောက်တွင် ခြေ လှမ်းမှန်မှန် လျှောက်လာရင်း စောစောက လူငယ်ကလေး အကြောင်း ကို ပြန်တွေးလာခြင်း ဖြစ်သည် ။ ဘဝတစ်ခုလုံး ပျက်စီးသွားနိုင်သော လူငယ်တစ်ယောက်အား ကယ်တင်လိုက်နိုင်သည့် အတွက် သူ့ကိုယ်သူ အလွန်ကျေနပ်ခြင်း ဖြစ်မိသည် ။ သူသည် သည် ဆေးရုံတွင် အချိန်ပိုင်း သမားတော်ကြီး အဖြစ် လာရောက် လုပ်ကိုင်နေခြင်း ဖြစ်သည် ။

ဖြစ်နိုင်လျှင် “ဝက်စ်လိတ်ခ်” ဆေးရုံမှ အပြီးအပိုင် နုတ်ထွက်ပြီး သ ည် ဆေးရုံတွင် သာ အချိန်ပြည့် လာရောက် လုပ်ကိုင်ချင်သည် ။ သူသ ည် ဝက်စ်လိတ်ခ် ဆေးရုံတွင် လူနာပေါင်းများစွာကို စေတနာအပြည့်ဖြ င့် အတတ်နိုင်ဆုံး ကုသပေးခဲ့သည် ။ သို့သော် သူ စိတ်ရှိသလောက် ကု သမပေးနိုင်ခဲ့သော လူနာတွလည်း အမျှားကြီး ရှိခဲ့သည် ။ ယင်းသို့ ဖြစ် ရသည် မှာ လည်း သူ့အပြစ်ကြောင့် မဟုတ်။ ဒေါက်တာဟိုက်ဂလေက ကုသခွင့် မပေးခဲ့သောကြောင့်သာ ဖြစ်သည် ။

ဒေါက်တာဟိုက်ဂလေသည် ဝက်စ်လိတ်ခ် ဆေးရုံတွင် အာဏာပိုင် ဖြစ်သည် ။

ဘယ်ကိစ္စမဆို သူ သဘောတူမှ သာလျှင် လုပ်နိုင်ခွင့် ရှိသည် ။ ပြီးတော့ သူက ဒေါက်တာ ဟိုက်ဂလေ အပေါ် တွင် လည်း သံသယဝင်နေသည် ။ ဒေါက်တာ ဟိုက်ဂလေ၏ လုပ်ရပ်အချို့နှင့် ပတ်သက်၍ တော်တော်ပင် စိုးရိမ်မကင်း ဖြစ်နေမိသည် ။ "ဂွတ်နိုက် ဒေါက်တာ"

သူ ဓာတ်လှေကားဆီသို့ လျှောက်လာစဉ်တွင် လူနာတွေနှင့် ညှဉ်သ ည် တွေက သူ့ကို လှိုက်လှဲ ဝမ်းသာ နှတ်ဆက်ကြသည် ။ သည် ဆေးရုံ တွင် အချိန်ပြည့် ဝင်ရောက်လုပ်ကိုင်ရန် သူ့ကို လူတိုင်းကပင် လိုလားကြသည် ။ ပြည်သူတွေကလည်း တောင်းဆိုကြသည် ။ ဆေးရုံ အာဏာပိုင်တွေကလည်း ဖိတ်ခေါ်ကြသည် ။ သူကိုယ်တိုင်ကလည်း လို လိုလားလား ရှိသည် ။

သို့သော် သူ့အနေဖြင့် ဝက်စ်လိတ်ခ်ဆေးရုံမှ နုတ်ထွက်သွားလျှင် ကို ယ့်ပေါင်ကိုယ်လှန် ထောင်းသလို ဖြစ်သွားနိုင်သည် ။ ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းစွပ်သလို ဖြစ်သွားနိုင်သည် ။ ဘာဖြစ်လို့ လဲ ဆိုတော့ သူက ယင်းသို့ နုတ်ထွက်သွားလျှင် ဒေါက်တာ ဟိုက်ဂလေက သူ့အပေါ် သံသယ ဝင်လာတော့မည်။

သူ့အကြောင်းတွေကို မိမိက ရဲကို သွားပြောသည် ဟု မလွဲမသွေ သူ က ယူဆပေတော့မည်။ သို့ဆိုလျှင် မက်ဆာချူးဆက် ပြည်နယ်တုန်းက မိမိ ကျူးလွန်ခဲ့သော ပြစ်မှုကို သူက ဖွင့်ချတော့မည်မှာ သေချာသည် ။

သို့သော် ဘာပဲဖြစ်ဖြစ် မစ္စက်ဒီမေယိုကတော့ ဗင်ကျီ သေဆုံးမှုနှင့် ပ တ်သက်ပြီး မိမိတို့ နှစ်ယောက်စလုံး အပေါ် တွင် တော်တော်ကြီးကို သံ သယဝင်နေသည် မှာ သိသာလှသည် ။ မိမိထံ လာရောက် တွေ့ဆုံမေးမြ န်းသော နေ့က မိမိ အမူအရာ ပျက်နေသည် ကို သူမ ကောင်းကောင်း ကြီး သတိပြုမိသွားသည် မှာ လည်း သေချာသည် ။ သူသည် ကားပေါ် တက်ထိုင်လိုက်သည် ။ ။ ဘာလုပ်ရမှန်းမသိအောင် စိတ်တွေဝေနေမိသည် ။ ဗင်ကျီအနေနဲ့ သူ့ကိုယ်သူ သတ်သေတာ မဟုတ်ဘူး ဆိုတာကတော့သေချာသည် ။ သူဟာ အဆိပ်သောက်ပြီး သေတာတော့ လုံးဝ မဖြစ်နိုင် ဘူး။ ၁၉၇၈ ခုနှစ်အတွင်းက ဂိုင်ယာနာနိုင်ငံမှာ ဆိုင်ယာနိုက် အဆိပ်ရ ည်ကို သောက်ပြီး အစုလိုက် အပြုံလိုက် သတ်သေသွားကြတဲ့ ပျော်ကွ် စေဆရာ ဂျင်ဂျန်းနဲ့ သူ့တပည့်တွေ အကြောင်းကိုတောင် သူက တစ်ခါ တုန်းက အကြီးအကျယ် ရွတ်ချ ဝေဖန်သွားဖူးသေးတာပဲ။

"အဲဒီ တစ်ယူသန် ဘာသာရေးဂိုဏ်းဝင်တွေ လုပ်ပုံကိုတော့ ကျွန်မဖြင့် စဉ်းစားလို့ တောင် မရပါဘူး ဒေါက်တာ။ တော်တော့်ကို ဆင် ခြင်တုံ တရားမဲ့ကြတဲ့ လူတွေပဲ။ ဒီလူတွေဟာ လူကောင်းတွေမှ ဟုတ်ပါရဲ့ လား မသိဘူး။ ရူးများ နေကြသလားပဲ။ ဂိုဏ်းဆရာက ခိုင်း တာနဲ့ ပဲ ကိုယ့်ကိုယ်ကို သတ်သေကရသတဲ့ ။ အုံပါရဲ့ .. တိတ်ခွေထဲက သူတို့ အသံကို ဒေါက်တာ ကြားလိုက်ရသလား။ အဲဒီ အဆိပ်ရည်သော က်ပြီး သွေးရူးသွေးတန်းနဲ့ မချိမဆံ့ အော်ကာ ညည်းကြတာတွေ ကျွန်မဖြင့် အခုပြောရင်းတောင်မှ ကြက်သီးထမိတယ်။ သူတို့ အကြောင်း တွေးပြီး ကျွန်မဟာ အိပ်မက်ဆိုးတွေတောင် မက်ခဲ့မိတယ် ဒေါက်တာ"

သည် တော့ သည် လို ခံယူချက်ရှိတဲ့ မိန်းမတစ်ယောက်က အဆိပ်ရ ည်သော က်ပြီး ကိုယ့်ကိုယ်ကို သတ်သေဝံ့ပါ့မလား။ မဖြစ်နိုင်၊ လုံးဝ မဖြ စ်နိုင်။ ဘယ်တော့မှ မဖြစ်နိုင်။

သူ သက်မတစ်ချက် ချလိုက်သည် ။ ယခုတော့ သူ ဘာလုပ်ရမည် ဆိုတာကို သိသွားပြီ။ သူ့အနေဖြင့် သ ည် အတိုင်းနေ၍ မဖြစ်တော့။ သူ သိသမျှကိုတော့ ရဲကို သွားပြောမှ ဖြစ် တော့မည်။ နို့မဟုတ်လျှင် တစ်နေ့နေ့တွင် သူ့ကိုပါ ကြံရာပါအဖြစ် ရဲက လာဖမ်းနိုင်သည် ။ နောက်လည်း ရင်ဆိုင်ရမည့် အတူတူ ကိုယ်က ကြို

တင်ပြီး သွားပြောလိုက်တာက ပိုပြီး အမှုပေါ့နိုင်သည် ။ ထိုနေ့က အဖြစ်ကို ပြန်လည် စဉ်းစားကြည့်သည် ။ ဗင်ကျီသည် သူ့ရုံးခန်းထဲမှ ထွက်ပြီးနောက် သူမ၏ ကားရပ်ထား သော ကွက်လပ်ဆီသို့ လျှောက်ထွက်သွားသည် ဟု ပင် သူက ယုံကြည်ခဲ့ မိသည် ။ သို့သော် နောက် ၃၅ မိနစ်ခန့် အကြာတွင် သူသည် အိမ်ပြန်ရန် ရုံးခန်းထဲမှ ပြန်ထွက်လာတော့ ဗင်ကျီ၏ လင်ကွန်းကွန်တီနင်တယ် ကား သည် ကားရပ်ကွက်လပ်တွင် ပင် ရှိနေသေးသည် ။

ဤအချက်ဖြင့် ဗင်ကျီ မပြန်သေးကြောင်း ထင်ရှားသည် ။ သူမ မပြန်သေးလျှင် ဘယ်သွားနေတာလဲ။ ဒေါက်တာ ဟိုက်ဂလေ၏ ရုံးခန်းထဲ သွားနေမည် ဖြစ်သည် ။ သည် အချက်ကို လုံးဝ သံသယဖြစ်စရာ မရှိ။ သူသည် ကားကို ဆေးရုံဝင်းထဲမှ မောင်းထွက်လိုက်သည် ။ ထို့နောက် ခရိုင်အစိုးရရှေ့နေကြီး ရုံးသို့ သွားရန် လမ်းထောင့်ကို ကွေ့မောင်းလိုက်သည် ။

*****

≈ အခန်း (၇၀)

စကော့၊ ရစ်ချတ်၊ ချာလီနှင့် ဖိလစ်တို့ လေးယောက် စားပွဲတွင် ဝိုင်း ထိုင်နေ ကသည် ။ စကော့က လက်ထဲမှ ဖိနပ်ကို မြှောက်ပြပြီး ပြောလိုက်သည် ။ ။

"အဲဒီတော့ ကျုပ်တို့ အနေနဲ့ ဒီဖိနပ်ကိစ္စ စဉ်းစားကြည့်ကြရအောင်။ ဗင်ကျီဟာ အိမ်မှာ သေတာ မဟုတ်ဘူး ဆိုတာ ထင်ရှားနေပြီ။ သူ့အ

လောင်းကို ည ၁၂ နာရီနဲ့ မနက် တစ်နာရီကြားမှာ တစ်ယောက်ယော က်က လာထားသွားတာ ဖြစ်ရမယ်။ တနလ်ာနေ့ ညက သူ နောက်ဆုံး သွားခဲ့တဲ့ နေရာက ဒေါက်တာဖူဂီတို့ရဲ့ ရုံးခန်း။ အဲဒီနေ့က သူ ဒီဖိနပ်တ စ်ဖက် ပျောက်ကျန်ရစ်တယ်။ အဲဒါကို မစ္စက်အက်ဒနာက သူ ကောက်ရ ထားတဲ့ ဖိနပ်အကြောင်း ကြံရာလူကို လျှောက်ပြောတယ်။ ဒါနဲ့ သူလ ည်း သေသွားတယ်။

နောက်တစ်ချက်က ဒေါက်တာဆလင်းက ခင်ဗျားကို တွေ့ချင်နေတ ယ် ရစ်ချတ်။ သူက ဗင်ကျီ သေဆုံးရတဲ့ အကြောင်းရင်းကို ခင်ဗျားကို

ပြောပြချင်တယ်။ ဒါနဲ့ သူ နယူးယောက်ကို လာခဲ့တယ်။ အက်ဆက်ဟို တယ်ကို ရောက်ပြီး မိနစ်ပိုင်း အတွင်းမှာ ပဲ သေဆုံးသွားတယ်။ ရိုးရိုးလိ မ့်ကျလို့ ေသတာလား၊ လူတွန်းချလို့ သေတာလားဆိုတာ မပြောနိုင် သေးဘူး။ ဒါပေမဲ့ သူ ယူလာတဲ့ ဗင်ကျီရဲ့ ဆေးမှတ်တမ်းဖိုင်ကတော့ပျောက်ဆုံးသွားတယ်"

"ဒေါက်တာဟိုက်ဂလေကို အက်ဆက်ဟိုတယ်မှာ တွေ့ခဲ့ရတယ်လို့ ခရစ်လူးဝစ်က အတိအကျ ထွက်ဆိုထားတာလည်း ရှိသေးတယ် မဟု တ်လား"

ရစ်ချတ်က ဖြည့်စွက်လိုက်သည် ။ "အဲဒါကတော့ ဟုတ်ချင်လည်း ဟုတ်နိုင်တယ်၊ မဟုတ်ချင်လည်း မ ဟုတ်နိုင်ဘူး" စကော့က ပြန်ပြောသည် ။ "ဒါပေမဲ့ ဒေါက်တာဆလင်းက ခရိုက်စ်ဆေးရုံမှာ ပေါ် ပေါက်ခဲ့တဲ့ အ ရှုပ်တော်ပုံကို သိနေတယ် ဆိုတာကိုလည်း ထည့်တွက်ရဦးမယ်။ ဒေါက် တာ ဟိုက်ဂလေ အနေနဲ့ အခုလို ကျော်ကြားနေချိန်မှာ သူ့သိက္ခာကျမယ့် ကိစ္စမျိုး ပေါ် ပေါက်လာမှာ ကို ဘယ်နည်းနဲ့ မှ လက်ခံနိုင်မှာ မဟုတ်ဘူး

ရစ်ချတ်က ထပ်ပြောသည် ။ "ဒီအကြောင်းလောက်နဲ့ တော့ သူက ဗင်ကျီကို မ သတ်နိုင်ပါဘူး" "ဒါဖြင့် မစ္စက်အက်ဒနာရဲ့ အခန်းထဲက ဖိနပ်ယူဖို့ ကြိုးစားတာက ဘာသဘောလဲ" ချာလီက ဝင်မေးသည် ။ "အဲဒါက အတိအကျပြောလို့ မရသေးဘူး။ မစ္စက်ဖစ်ဂျာရယ်က ဒေါ က်တာဟိုက်ဂလေ စားပွဲအံဆွဲဖွင့်မ

လို့ လုပ်တာကိုသာ ပြောတာ။ ဒါပေ မဲ့ သူက ဘာကိုမှ ယူဖြစ်သေးတာ မဟုတ်ဘူး ။ ဘာမှ ဆက်စပ်လို့ မရသေးဘူး။ ကျုပ်တိုက နာမည်ကျော် သမားတော်ကြီး တစ်ယောက်နဲ့ ဆ က်ဆံနေရတာ။ ပေါ့ပေါ့တန်တန် လုပ်လို့ မဖြစ်ဘူး။ သူဟာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က နာမည်ပျက် ရှိခဲ့တယ် ဆိုရုံနဲ့ ဒီကိစ္စမှာ သူ့ကို အရ မ်းစွပ်စွဲလို့ မဖြစ်သေးဘူး။ အဓိက အချက်က သတ်ရတဲ့ ရည်ရွယ်ချက်ပဲ ၊ ဘာရည်ရွယ်ချက်နဲ့ သတ်သလဲ ဆိုတာပဲ။ ဒေါက်တာဟိုက်ဂလေမှာ ဗ ဉ်ဂျီကို သတ်ချင်တဲ့ ရည်ရွယ်ချက် မရှိနိုင်ဘူး"

ရုံးတွင်း တယ်လီဖုန်း မြည်လာသည် ။ စကော့က ခလုတ်ကို နှိပ်လို က်သည် ။ "မစ္စက်ဟိုရန် ရောက် လာပြီ ဆရာ"

မော်ရိန်းက သတင်းပို့သည် ။ "ကောင်းပြီ၊ သူ့ကို အခန်းထဲ ခေါ် ခဲ့ပါ။ ပြီးတော့ သူ့ထွက်ဆိုချက်ကို မင်းက လက်ရေးတိုနဲ့ လိုက်မှတ်ပါ"

မစ္စက်ဟိုရန်သည် သူမအား ကုထုံးမှား ကွသမှုဖြင့် ဒေါက်တာ ဟိုက် ဂလေအပေါ် တွင် တရားစွဲခဲ့ဖူးသော အမျိုးသမီး တစ်ဦး ဖြစ်သည် ။ ရုံးခါ နီးတံခါး ပွင့်လာသည် ။ မော်ရိန်းနှင့်အတူ အမျိုးသမီးကလေးတစ်ဦး ဝ င်လာသည် ။ သူမသည် အသက် ၂၀ ခန့်သာ ရှိသေးသော ဂျပန်အမျိုး သ မီးကလေး ဖြစ်သည် ။ စကော့က ကုလားထိုင်မှ ထရပ်လိုက်သည် ။

"ကြွပါ မစ္စက်ဟိုရန်၊ အခုလို လာတာ အမျှားကြီး ကျေးဇူးတင်ပါတ ယ်။ သိပ်မကြာပါဘူး။ နည်းနည်းပါးပါး မေးစရာ ရှိလို့ ပါ၊ ထိုင်ပါ"

မစ္စက်ဟိုရန်က ခေါင်းညိတ်လိုက်ပြီး ကုလားထိုင်တွင် ဝင်ထိုင်သည် ။ သူမသည် စိတ်လှုပ်ရှား နေပုံရသည် ။ နှတ်ခမ်းကို လျှာနှင့် လျက်လို က်သည် ။ လက်နှစ်ဖက်ကို ပေါင်ပေါ် တွင် ထပ်တင်လိုက်သည် ။ မော်ရိန်းက သူမနောက်မှ ကုလားထိုင်တွင် ဝင်ထိုင်ပြီး လက်ရေးတို စာအုပ်ကို ထုတ်လိုက်သည် ။

"နာမည်နဲ့ နေရပ်လိပ်စာကို ကျေးဇူးပြုပြီး ပြောပြပါ" စကော့က မေးလိုက်သည် ။

"ကျွန်မနာမည်က အန်နာဟိုရန်လို့ ခေါ် ပါတယ်ရှင့်။ နေရပ်ကတော့ အမှတ် ၄၁၅၊ ဝေါလ်နတ်လမ်း၊ ရစ်ချ်ဖီးလ်ပတ်ခ်ပါ"

မော်ရိန်းထံမှ သက်ပြင်းရှူသံ ကြား၍ ရစ်ချတ်က ဆတ်ခနဲ လှည့်ကြ ည့်လိုက်သည် ။

မော်ရိန်းက ဟန်မပျက်အောင် သူမကိုယ် သူမ ထိန်းထားလိုက်ကာ ခေါင်းငုံ့ပြီး လက်ရေးတို လိုက်မှတ်နေသည် ။

အနုနာဟိုရန်က မျက်နှာကြောတင်းတင်းဖြင့် - "ဟုတ်ပါတယ်ရှင့်၊ ကျွန်မ အဲဒီလူသတ်ကောင်ရဲ့ လူနာ ဖြစ်ခဲ့ဖူးပါ တယ်"

"ဘယ်လို၊ အဲဒီလူသတ်ကောင် .. ဟုတ်လား"

"ဟုတ်ပါတယ်၊ သူဟာ လူသတ်ဆရာဝန်ပါ။ ကျွန်မဖြစ်ပုံကို အသေး စိတ် ပြောပါ့မယ်။ လွန်ခဲ့တဲ့ ငါးလလောက်ကပါ။ ကျွန်မမှာ ကိုယ်ဝန်ရှိ

တာနဲ့ သူ့ဆီ သွားပြပါတယ်။ ကျွန်မယောက်ျားက ဒုတိယနှစ် ဥပဒေကျောင်း သားပါ။ ကျွန်မတို့ နှစ်ယောက်က ကျွန်မရဲ့ လခနဲ့ ပဲ နေရ လို့ ကလေး မလိုချင်ကြသေးပါဘူး။ ဒါနဲ့ ပဲ နှစ်ယောက် သဘောတူ သားဖျက်ချဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ တကယ်တော့ ကျွန်မအနေနဲ့ လုံးဝ မဖျက်ချင်ပါဘူး။ ဒါပေမဲ့ အခြေအနေအရ မလုပ်မဖြစ်လို့ လုပ်ရ တာပါ"

"အဲဒီတော့ ခင်ဗျားဆန္ဒအတိုင်း ဒေါက်တာဟိုက်ဂလေက သားဖျက် ပေးတယ် ဆိုပါတော့။ ပြီးတော့ ခင်ဗျားက သူ့ကို တရားစွဲတယ် ဆိုပါ တော့၊ အဲဒီလို မဟုတ်လား" "မဟုတ်ပါဘူးရှင်၊ အဲဒီလို မဟုတ်ပါဘူး။ ကျွန်မက သူ့ကို မတရားစွ ပ်စွဲတာ မဟုတ်ရပါဘူး။ ဒါနဲ့ သူက ကျွန်မကို နောက်တစ်နေ့ သူ့ဆီ ထပ် လာခဲ့ဖို့ ပြောပါတယ်။ ကျွန်မလည်း သူ ပြောတဲ့ အတိုင်း နောက်တစ်နေ့ ထပ်သွားပါတယ်။ သူက ကျွန်မကို ခွဲစိတ်ခန်းထဲ ခေါ် သွားပြီး သူ ပြန်ထွ က် သွားပါတယ်။ ခဏကြာတော့ သူ ပြန်ဝင်လာပါတယ်။ ကျွန်မက ခွဲစိ တ်စားပွဲပေါ်မှ ထထိုင်လိုက်ပြီး “ကျွန်မ စိတ်ပြောင်းသွားပြီ ဒေါက်တာ။ ကျွန်မ ကလေးကို မဖျက်ချတော့ပါဘူး” လို့ သူ့ကို ပြောလိုက်ပါတယ်။ ကျွန်မက အဲဒီလို ပြောတော့ သူက “ကဲ လဲအိပ်စမ်းပါ” ဆိုပြီး ကျွန်မကို အတင်းတွန်းပြီး စားပွဲပေါ် လဲအိပ်ခိုင်းပါတယ်"

"အခန်းထဲမှာ တခြား ဘယ်သူ ရှိပါသေးသလဲ။ သူနာပြု ဆရာမ ရှိ သေးသလား"

"မရှိပါဘူး၊ ဘယ်သူမှ မရှိပါဘူး။ သူနဲ့ ကျွန်မနဲ့ နှစ်ယောက်ပဲ ရှိပါတ ယ်။ ကျွန်မက “တကယ်ပါ ဒေါက်တာ။ ကျွန်မ တကယ်ပြောတာပါ။ ကျွ နမ မဖျက်တော့ပါဘူး” လို့ ထပ်ပြီး ပြောပါသေးတယ်"

"ဒါနဲ့ သူက ခင်ဗျားကို ဖြားယောင်းသွေးဆောင်ပြီး .." "မဟုတ်ပါဘူး၊ အဲဒီလို မဟုတ်ပါဘူး။ နောက်ပိုင်း ဘယ်လိုဖြစ်တယ် ဆိုတာ ကျွန်မ မသိတော့ပါဘူး။ ကျွန်မ သိလိုက်တာကတော့ ကျွန်မက စားပွဲပေါ် က အတင်းပြန်ထမလို့ လုပ်တော့ သူက ကျွန်မကို အတင်းဖိ ထားပြီး ဆေးတစ်လုံး ထိုးလိုက်ပါတယ်။ ကျွန်မ သတိပြန်ရလာတော့ လူနာတင်ကတ်ပေါ် ရောက်နေတာ တွေ့ရပါတ

ယ်။ သူနာပြုဆရာမကရှင့်ကိစ္စ အားလုံး ပြီးသွားပြီလို့ ကျွန်မကို ပြောပါတယ်။ ပြီးတော့ ခဏ အနားယူဖို့ ပြောပါတယ်" "သူ ဘယ်လိုလုပ်တယ် ဆိုတာတော့ကို လုံးဝ မမှတ်မိဘူးလား" "ဟုတ်ကဲ့၊ ဘာမှ မမှတ်မိပါဘူး။ ကျွန်မ မှတ်မိတာကတော့ ကျွန်မ ထွက်ပြေးဖို့ ကြိုးစားတာကိုပဲ မှတ်မိပါတယ်။ ကျွန်မက ကျွန်မကလေး ကို ပြန်လိုချင်ပါတယ်။ ဒါပေမဲ့ သူက ကလေးကို ယူသွားပြီ" အန်နာဟိုရန်က ဆို့ဆို့နင့်နင့် ရှိုက်ငိုလိုက်သည် ။

မော်ရိန်းကလည်း မျက်နှာညှိုးသွားပြီး ငိုသံဖြင့် ပြောလိုက်သည် ။ "ကျွန်မကို လည်း သူက အဲဒီအတိုင်းပဲ လုပ်ခဲ့တာပါ"

ရစ်ချတ်က ဝမ်းနည်းပက်လက် ငိုနေသော မိန်းကလေးနှစ်ယောက် ကို ကြင်နာစိတ်ဖြင့် လှည့်ကြည့်လိုက်သည် ။ ဂျပန်မကလေး၊ နီဝါရောင် ဆံပင်၊ မြေသွေးရောင် မျက်လုံးစိမ်းနှင့် မော်ရိန်း။ သည် မျက်လုံးမျိုးကို တစ်နေရာတွင် သူ မြင်ခဲ့ဖူးသည် ။ ဟုတ်ပြီ .. အဖြစ်မှန်ကို သူ လုံးဝဥဿုံ သိလိုက်ပြီ။

≈ အခန်း (၇၁)

သူသည် ဒုတိယထပ် ရောက်တော့ ဓာတ်လှေကားထဲမှ ထွက်လိုက် သည် ။ အခြေအနေတော့ ဆိုးနေပြီ ဆိုသည် ကို ချက်ချင်း သတိပြုလိုက် မိသည် ။ သူ နှာပြု ဆရာမများ သည် အခန်းထဲတွင် မျက်ကလူးဆန်ပျာ အမူအရာဖြင့် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည် ။ ဆရာမကလေး ရင်ကျီ၏ စားပွဲတွင် ယောကျ်ားတစ်ယောကျ်နှင့် မိန်းမတစ်ယောက် ရပ်နေသည် ။

သူသည် စားပွဲသို့ ခပ်မြန်မြန် လျှောက်လာခဲ့သည် ။ "ရင်ကျီ၊ ဘာတွေ ဖြစ်နေလို့ လဲဟင်" သူက ကမန်းကတန်း မေးလိုက်သည် ။ "မစ္စက်ဒီမေယို၊ ဒေါက်တာ . သူ အခန်းထဲမှာ မရှိတော့ဘူး။ သူ ပျောက်နေပြီ"

စောစောက အမျိုးသမီးမှာ သုံးဆယ်ကျော် အရွယ်ခန့် ရှိပြီ။ ကက်သ လင်းနှင့် မျက်နှာချင်း ဆင်သည် ။ သူမ၏ အစ်မဆိုသူပင် ဖြစ်မည်။ သူ က ဒီအချိန်ြ ကီး ဆေးရုံကို ဘာလာလုပ်ရတာလဲ။ "ကျုပ် ဒေါက်တာဟိုက်ဂလေပါ" သူက အမျိုးသမီးကို ပြောလိုက်သည် ။ "ဘယ်လို ဖြစ်ကြတာလဲ"

မော်လီက ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ ဖြစ်နေသည် ။ ကက်သလင်းတော့ တစ်ခုခု ဖြစ်နေတာ သေချာနေပြီ။ "အို .. ကက်သလင်း ကိစ္စ" သူမက ငိုသံ ပါလာသည် ။ ယောကျ်ားက ဝင်ပြောလိုက်သည် ။ "ကျွန်တော်က ဒေါက်တာကနေဒီပါ ဒေါက်တာ။ ကက်သလင်းရဲ့ ခဲ အိုပါ။ သူက ကျွန်တော့်ဇနီး ေမာ်လီ၊ ကက်သလင်းရဲ့ အစ်မပါ။ သူ ဘယ် လို ဖြစ်တာလဲ ဒေါက်တာ။ အခု သူ့အခန်းထဲမှာ မရှိဘူးလို့ သိရပါတယ်"

သည် လူ့ကို လိမ်ပြော၍ ရမည်မဟုတ်ဆိုတာ သူက ချက်ချင်း သိလို က်သည် ။

"လွန်ခဲ့တဲ့ တစ်နာရီကျော်ကျော်က သူ့ကို ကျုပ်သွားကြည့်သေးတယ် ။ သူ့အခြေအနေက သိပ်မကောင်းဘူး။ ခင်ဗျားတို့ လည်း သိမယ်ထင် တာပဲ။ သူက ဒီတစ်ပတ်လုံး သွေးသွန်နေတယ်။ အခု သူ့သွေးကို ဓာတ် ခွဲခန်း ပို့ထားတယ်။ စမ်းသပ်ချက်အဖြေတော့ မသိရသေးဘူး။ ဒါပေမဲ့ အခြေအနေ ကောင်းလိမ့်မယ်လို့ တော့ ကျုပ် မထင်ဘူး။ ဒါကြောင့်မို့ မ နက်ထိ မစောင့်တော့ဘဲ ဒီညပဲ ချက်ချင်း အရေးပေါ် သားအိမ်ခြစ်ပြီး ကုသဖို့ ကျုပ် အစီအစဉ် လုပ်ထားပြီးပြီ။ ဒီအကြောင်း ဒီက ဆရာမရင်ကျီကလည်း ခင်ဗျားတို့ ကို ပြောပြပြီး

ဖြစ်ပါလိမ့်မယ်။ ကျုပ် အထင်တော့ မစ္စက်ဒီမေယိုဟာ သူ သွေးလွန်နေတာကို ဘယ်သူ့မှ မပြောဘဲ ကျိတ်ပြီး ခံစားနေရတယ်လို့ ထင်တာပဲ"

"ဒါနဲ့ သူ အခု ဘယ်မှာ ရှိသလဲ ဒေါက်တာ။ ကျွန်မ ခဏသွားကြည့်ပါရစေ ဒေါက်တာ "

မော်လီက ငိုသံပါပါနှင့် ပြောလိုက်သည် ။

ဒေါက်တာဟိုက်ဂလေက သူမ၏ မျက်နှာကို စိုက်ကြည့်လိုက်သည် ။

"ခင်ဗျားညီမမှာ ဆေးရုံကို ကြောက်တဲ့ စိတ်ဝေဒနာ ရှိနေတယ်။ အဲ ဒါကြောင့် ဘယ်သူမှ မသိဘဲ ဆေးရုံက ထွက်သွားတာ ဖြစ်နိုင်တယ်"

"သူ့အဝတ်အစားတွေကတော့ ဗီရိုထဲမှာ ရှိနေသေးတယ် ဒေါက်တာ

ဆရာမလေး ရင်ကျိုက ဝင်ပြောလိုက်သည် ။ "တချို့တစ်ဝက် ကျန်နေတာ ဖြစ်ပါလိမ့်မယ်" သူက ဆရာမကလေး၏ စကားကို ပြင်ပြောလိုက်သည် ။ "သူ့ပစ္စည်းတွေကို မင်းက ဖွင့်ပြီး နေရာချပေးခဲ့သေးသလား" "မဖွင့်ပါဘူး ဒေါက်တာ၊ သူ့ဘာသာ သူပဲ ဖွင့်ပါတယ်" "ဒါဖြင့် သူ အဝတ်အစားတွေ ယူသွားတယ်ဆိုတာ မင်း ဘယ်သိပုံမ

"အစကတည်းက ကျွန်မတို့ သူနဲ့ တစ်ခါတည်း လိုက်မလာတာ မှား တာပဲ။ ဒါနဲ့ သူ့အခြေအနေ တော်တော်ဆိုးနေသလား ဒေါက်တာ"

မော်လီက စိုးရိမ်မျက်နှာဖြင့် ခပ်မြန်မြန်ကလေး မေးလိုက်သည် ။ "အခြေအနေကတော့ ကျုပ် စောစောက ပြောတဲ့ အတိုင်းပေါ့၊ တော် တော် ဆိုးနေတယ်။ အရေးပေါ် ခွဲစိတ်ကုသမှု အမြန်ဆုံး လုပ်ရမယ်။ သူ့ ကို တွေ့အောင် ရှာပြီး ဆေးရုံပြန်တင်ရမယ်။ အခု သူ သူ့အိမ်ကိုများ ပြ နဲသွားသလား၊ ဒါမှ မဟုတ် ခင်ဗျားတို့ အိမ်ကိုများ သွားတာလား"

ဆရာမကလေး ရင်ကျိုက မဝံ့မရဲ အမူအရာဖြင့် - "ဒေါက်တာ စောစောက ကျွးတဲ့ အိပ်ဆေးက အပြင်းဆုံးဆေးပဲ

ဒေါက်တာ။ မစ္စက်ဒီမေယို တစ်ခါတည်း အိပ်ပျော်သွားသင့်တယ်"

ဒေါက်တာက သူမအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး - "သူက သိပ်ပြီး စိုးရိမ်စိတ်တွေ ဝင်နေလို့ အဲဒီဆေးကို ငါက တိုက်ခိုင်းတာ။ သူ ဆေးကို တကယ် သောက်၊ မသောက် စောင့်ကြည့်နေပါလို့ မင်းကို ငါ မှာ ခဲ့တယ် မဟုတ်လား။ သူက ဆေးသောက်ရမှာ လည်း

ကြော်က်နေတာ။ အဲဒီတော့ သူ အဲဒီဆေးကို တကယ်သောက်တာ မင်း တွေ့ခဲ့သလား" "သူ ပါးစပ်ထဲ ထည့်လိုက်တာလောက်ပဲ တွေ့ခဲ့ပါတယ် ဒေါက်တာ" "မျိုချတာ ကြည့်မနေခဲ့ဘူးလား" "မနေခဲ့မိပါဘူး ဒေါက်တာ" "အဲဒါ ခက်တာပေါ့၊ ငါ ပြောသလို လုပ်ပါလို့ မှာ ခဲ့ရက်သားနဲ့ " သူ တော်တော် စိတ်ဆိုးသွားပုံ ရသည် ။ သို့သော် မျက်နှာအမူအရာကို ချက်ချင်း ပြန်ထိန်းလိုက်ပြီး - ဘီလ်နှင့် မော်လီတို့ ဘက်သို့ လှည့်ကာ - "ကျုပ်ကတော့ သူ ဒီဆေးရုံထဲမှာ ငေလျှာက်သွားနေမယ် မထင်ဘူး။ သူဟာ စိတ်လှုတ်ကိုယ်လှုတ် ဖြစ်သွားပြီး ဆေးရုံက အလစ်ထွက်ပြေးသွားတာ ဖြစ်ရမယ်။ ဧည့်သည် တွေက ဝင်လိုက်၊ ထွ က်လိုက် စဲတာ မဟုတ်ဘူး ။ သူတို့ နဲ့ ရောယောင်ပြီး ထွက်သွားရင် ဘ ယ် သူမှ သတိပြု မိမှာ မဟုတ်ဘူး "

"ဟုတ်ပါတယ် ဒေါက်တာ၊ သူ အဲဒီလို ထွက်သွားတာ ဖြစ်နိုင်ပါတ ယ်။

မော်လီက သဘောတူလိုက်သည် ။ ။ "သူ အိမ်ကို မြန်မြန် ရောက်ပါစေလို့ ပဲ ဆုတောင်းကြရတော့မှာ ပဲ" "သူ့ကား ရှိသေးသလား မသိဘူး။ ကားရပ်တဲ့ နေရာမှာ သွားကြည့် ရင် ကောင်းမယ် ထင်တယ်" ဘီလ်က အကြံပြုသည် ။ သူ့ကား . သူ့ကား၊ ကားအကြောင်း သူက လုံးဝ ထည့်မတွက်ခဲ့မိ။ သူတို့ က လောလောဆယ် ဆေးရုံဝင်းထဲ လိုက်ကြည့်ရင်တော့ ဒုက္ခဘီလ်က မျက်မှောင်ကြုတ်လိုက်ပြီး - "ဒါနဲ့ မော်လီ၊ သူက ဟိုင်းထားတဲ့ ကားပဲ စီးနေသေးတယ် မဟုတ်လား"

"ဟုတ်မှာ ပေါ့၊ ကျွန်မတော့ သတိမထားမိဘူး"

ဒေါက်တာဟိုက်ဂလေက မသိမသာ သက်ပြင်းတစ်ချက် မှုတ်ထုတ် လိုက်သည် ။ ပြီးနောက် -

"ဒီလိုလုပ်ရင် ပိုကောင်းမယ် ထင်တယ်၊ ကားကို သွားကြည့်နေရင် အချိန်ကုန်သွားလိမ့်မယ်။ အကောင်းဆုံးက အိမ်ကို ဖုန်းဆက်ကြည့်ပါ လား။ သူ မရောက်သေးဘူး ဆိုရင်ပဲ အိမ်ကပဲ ထိုင်စောင့်နေကြပေါ့။ သူ ထွက်သွားတာ တစ်နာရီလောက်တော့ ရှိသွားပါပြီ။ သူ့ကိုတွေ့ရင် ဆေး ရုံပြန်တက်ဖို့ တော့ မဖြစ်ဖြစ်အောင် တိုက်တွန်းပေးကြပါ။ မစ္စက်ကနေ ဒီက သူနဲ့ အတူ ဆေးရုံမှာ နေလို့ ရပါတယ်" "ပြီးတော့ ဒီက ဒေါက်တာအနေနဲ့ လည်း မစ္စက်ဒီမေယိုအတွက် အ

ဆင်ပြေမယ်ဆိုရင် ကျုပ်နဲ့ အတူ ခဲ့စိတ်ခန်းထဲအထိ လိုက်ကြည့်လို့ ဖြစ် ပါတယ်။ သူ့အခြေအနေက တော်တော် စိုးရိမ်ရတယ်။ သွေးသွန်တာက လုံးဝ မရ

ပ်တော့ဘူး"

မော်လီက နှတ်ခမ်းကို ကိုက်ပြီး အားတင်းလိုက်သည် ။ "ဟုတ်ပါတယ် ဒေါက်တာ၊ ကျေးဇူးတင်ပါတယ်။ ဒေါက်တာ့အနေနဲ့ အခုလို အများကြီး ကူညီတာ ကျွန်မတို့ မမေ့ပါဘူး။ ကဲ .. ဒါဖြင့် ဘီလ်၊ ကျွန်မတို့ သူ့အိမ်ကို အမြန် လိုက်သွားကြရအောင်။ တယ်လီဖုန်း ဆက် မနေပါနဲ့ တော့။ သူက ဖုန်းကို ကိုင်ချင်မှ ကိုင်မှာ ။ သူက စိတ်ချရတာ မ ဟုတ်ဘူး ။ စိတ်တစ်မျိုးလေးပဲ။ မထင်ရင် မထင်သလို လုပ်တတ်တာ"

သူတို့ လင်မယား ဒေါက်တာ့ကို နှုတ်ဆက်ပြီး ပြန်ထွက်သွားကြသ ည် ။သူတို့က သူ့ကို ယုံကြည်သွားပြီ။ ဆေးရုံထဲ လိုက်မရှာကြတာ ကံ ကောင်းတာပဲ။ အချိန်တွေ အများကြီး ရသွားတာပေါ့။ သူ ဖြစ်စေချင်သည် မှာ လည်း သည် အတိုင်းပင် ဖြစ်သည် ။ သူက သူနာပြုဆရာမကလေးကို လှည့်ကြည့်လိုက်သ ည် ။ တော်တော်လည်း ရိုးအတဲ့ သူငယ်မလဲ။ သူ အခုလို ရိုးအတာပဲ ငါ့အတွက် တန်ဖိုးရှိသလို ဖြစ်နေပြီ။ တကယ်တော့ ကက်သလင်းဟာ အိပ်ဆေးကို လုံးဝ သောက်ပုံ မ ပေးဘူး။ ဒါလည်း တစ်မျိုးတော့ ခပ်ကောင်းကောင်း ပါပဲ။ "ကဲ ဒီတော့ ရင်ဂျီ၊ မကြာခင် သူတို့ ဆီက ဖုန်းလာလိမ့်မယ်။ ဖုန်းလာရင် ငါ့ကို ချက်ချင်း သတင်းပို့ ကြားလား။ ငါ အခု အိမ်ပြန်လိုက်ဦးမ ယ်။ အိမ်မှာ ဧဆေးမှတ်တမ်းတွေ အပြီးသတ်စရာ ရှိလို့ " "ကောင်းပါပြီ ဒေါက်တာ"

*****

≈ အခန်း (၇၂)

"ဒီလိုဆိုရင် ကျွန်တော်တို့ က သူ့ကို အခုချက်ချင်း သွားဖမ်းမှ ဖြစ်လိ မ့်မယ်။ နို့မဟုတ်ရင် သူ ဆေးမှတ်တမ်းတွေ အားလုံး ဖျက်ဆီးပစ်မှာ စိုး ရိမ်ရတယ်။ ဒေါက်တာ ပြောတဲ့ အတိုင်း ဆိုရင် လူနာတစ်ယောက်ချင်း အလိုက် ဆေးမှတ်တမ်းတွေ သိမ်းထားတာ ရှိနေတယ်။ အဲဒီမှတ်တမ်း တွေကို သူ့ရုံးခန်းမှာပဲ သိမ်းထားသလား ဒေါက်တာ "

ဒေါက်တာဖူဂီတိုက ရစ်ချတ်ကို ကြည့်လိုက်သည် ။ "ဒေါက်တာဟိုက်ဂလေက ပြဿနာတက်နိုင်မယ့် ဆေးမှတ်တမ်း တွေကို ဆေးရုံက သူ့ရုံးခန်းမှာ ဘယ်တော့မှ မသိမ်းဘူး။ တလွဲကုသမှုနဲ့ တရားစွဲမှုတွေ ပေါ် ပေါက်လာနိုင်တာကို သူ သိတယ်။ ဒါကြောင့်မို့ သူက အဲဒီမှတ်တမ်းဖိုင်တွေကို သူ့အိမ်ကိုပဲ အမဲတမ်း ယူသွားတတ်တယ်။ အဲ ဒီမှတ်တမ်းတွေနဲ့ သူ ဘာလုပ်တယ် ဆိုတာတော့ ကျုပ် လုံးဝ မစဉ်းစား တတ်တော့ဘူး" စကော့က ချာလီဘက်သို့ လှည့်ကာ -

"သူ့အိမ်ကို ရှာဖွေဝရမ်း ချက်ချင်းထုတ်ပါ။ ရုံးခန်းနဲ့ အိမ်ကို တစ်ပြိုင်နက်တည်း ဝင်မယ်။ ကျုပ်တို့ အဖွဲ့ အိမ်ကိုသွားရှာမယ်။ ရစ်ချတ်လည်း လိုက်ခဲ့ပါ။ ခင်ဗျားက ချာလီနဲ့ ဖိလစ်တို့ အဖွဲ့နဲ့ သူ့ရုံးခန်း ကို သွားကြပါ။ သူ့ကို တွေ့ရင် တစ်ခါတည်း ခေါ် လာမယ်။ သူ့ကို မတွေ့ရင် သူ့အိမ်မှာ ကင်းချထားမယ်။ သူပြန်လာတာနဲ့ တစ်ပြိုင်နက် ဖမ်းလို က်ရုံပဲ"

"လောလောဆယ်မှာ သူက တစ်ယောက်ယောက်ကိုမျှား စမ်းသပ် နေမလားလို့ ကျွန်တော် စိုးရိမ်မိတယ်" ရစ်ချတ်က ပြောသည် ။ "မစ္စက်အက်ဒနာနဲ့ ဗင်ကျိတို့ အိမ်ခန်းတွေက တွေ့ရတဲ့ ဆံပင်တွေက သူ့ဆံပင်တွေ ဖြစ်နေတယ်"

သူက လက်ပတ်နာရီကို ကြည့်လိုက်သည် ။ ကိုးနာရီခွဲပြီ။ "အချိန်မရှိတော့ဘူး၊ မြန်မြန်လုပ်မှ ဖြစ်မယ်" သူက သည် အချိန်တွင် ကက်သလင်း ရှိနေရင် သိပ်ကောင်းမှာ ပဲဟု တွေးမိသည် ။ ခရစ်လူးဝစ် အနေဖြင့် အမှုနှင့် လုံးဝ မပတ်သက်ကြောင်း သိရလျှင် သူမ အလွန်ဝမ်းသာလိမ့်မည်။

သူမက ခရစ်လူးဝစ်ကို လုံးဝ မထင်။ ဒေါက်တာဖူဂီတိုက ထိုင်ရာမှ ပြန်ထလိုက်သည် ။ "ကိုင်း ... ကျုပ်ကိစ္စ ပြီးပလား၊ နောက်ထပ် ဘာလုပ်ပေးရဦးမလဲ။ "ဒီနေ့အဖို့ တော့ တော်ပါပြီ ဒေါက်တာ" စကော့က ပြန်ပြောသည် ။

"နောက်ထပ် ကိစ္စရှိရင် ဒေါက်တာ့ကို အကြောင်းကြားပါမယ်။ ဒါနဲ့ တကယ်လို့ မျှား ဒေါက်တာဟိုက်ဂလေနဲ့ စကားပြော ဖြစ်ခဲ့လို့ ရှိရင် ဒေါက်တာ့ကို ကျွ

နဲ့တော်တို့ မေးမြန်းတာတွေ့ လုံးဝ မပြောနဲ့ ဒေါက်တာ ။ သူ့ကို မဖမ်းမိခင် ေ
ပါက်ကြားသွားရင် သူ ထွက်ပြေးသွားမှာ စိုးရိမ်ရပါတယ်"

ဒေါက်တာဖူဂီတို့ နှမ်းလျစွာ ပြုံးလိုက်ပြီး - "ဟိုက်ဂလေနဲ့ ကျုပ်တို့ က မိတ်ေ
ဆွေတွေ့ မဟုတ်ကြပါဘူး။ ဒါကြောင့် ငွေ့ သူက ကျုပ်အိမ်ကို ဖုန်းလှမ်းဆက်
စရာ အကြောင်းမရှိပါဘူး။ ကျုပ် ကို သူ့ဆေးရုံမှာ အလုပ်ပေးထားတာကလ
ည်း သူ့အကြောင်းတွေကို ဖွင့် ချမှာ စိုးလို့ နှစ်သိမ့်ထားတဲ့ သဘောပါ။ ေ
တာ်တော်လည်း ပိုင်တဲ့ လူပဲ။ ဒီညတော့ ကျုပ်လုပ်ရပ်တွေကို ကျုပ် ပြန်လည်
သုံးသပ်ပြီး ရှေ့ဆက် ဘာလုပ်ရမယ် ဆိုတာကို အပြီးအပြတ် ဆုံးဖြတ်ချက် ချ
ရတော့မှာ ပဲ။ ဝ မ်းသာစရာ ဆုံးဖြတ်ချက်တော့ ဖြစ်မှာ မဟုတ်ဘူး " ။

သူသည် ရုံးခန်းထဲမှ ပြန်ထွက်လာခဲ့သည် ။ စကြံ့လမ်းအတိုင်း လျှောက်လာစ
ဉ် အခန်းတစ်ခန်း၏ တံခါးဝတွင် “မစ္စက်ကက်သလင်း ဒီ မေယို၊ လက်ထော
က်ခရိုင် အစိုးရရှေ့နေ” ဟူသော ဆိုင်းဘုတ်ကို မြင်မိ သည် ။ကက်သလင်း၊
ကက်သလင်း ..။ ဒီသူငယ်မ ဒီနေ့ည ဆေးရုံတက်ဖို့ စီစဉ်ထားတာပဲ။ ဒါပေမဲ့
ဒေါက်တာ ဟိုက်ဂလေ စစ်ဆေးခံနေရတုန်းမှာ တော့ ခွဲစိတ် ကုသဖို့ ကိစ္စ
ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး ။ ထို့နောက် ဒေါက်တာဖူဂီတိုသည် ကားမောင်း
ပီး အိမ်သို့ ပြန်လာခဲ့

သည် ။

*****

≈ အခန်း (၇၃)

ကက်သလင်းသည် မှောင်မည်းသော အခန်းထဲတွင် ကြံရာမရ ဖြစ် နေသည် ။ မကြာမီ သူမ သေရတော့မည်။

သူမသည် သွေးရူးသွေးတန်းဖြင့် အကြိုထုတ်ရင်း စိတ်ကူးတစ်ခု ရ တ်တရက် ပေါ် လာသည် ။ ငါ ဒီအတိုင်း သေသွားလို့ မဖြစ်ဘူး။ တစ်ခုခုတော့ လုပ်ခဲ့ရမ ယ်။ ဒေါက်တာ ဟိုက်ဂလေရဲ့ လုပ်ရပ်ကို လူသိအောင် လုပ်ခဲ့ရမယ်။ သူမ လ က်မှ တွေးတွေ စိမ့်ထွက်နေတုန်း ရှိသေးသည် ။ သူမသည် ကြမ်းပြင်တွင် ခ ဒ္ဓဋ္ဌလေး လဲနေသည် ။ တစ်ကိုယ်လုံး နှမ်းနယ်ကာ အားအင် မရှိတော့သလို ဖြစ်နေသည် ။ တစ်ခန်းလုံးသည် ရေခဲတိုက်လို အေးစိမ့်နေသည် ။ သူမသည် ဆေးရုံတွင် သေဆုံးရတော့မည်။ သည် အ

ကြောင်းကို သူမ မကြာခဏ အိပ်မက်မက်ခဲ့သည် ။ သူမသည် ဆေးရုံကို အ လှန်ကြောက်သည် ။ တစ်ယောက်ထီးတည်း နေနေရသည့် ဘဝကိုလ ည်း အ လှန်ကြောက်သည် ။ ယခု တစ်ယောက်တည်း ဖြစ်နေပြီ။ ဖေဖေ လည်း မရှိ တော့။ ဂျွန်လည်း မရှိတော့။ သူတို့ လည်း ဆေးရုံတွင် ပင် သေဆုံးသွားခဲ့ကြသ ည် ။ တကယ်တော့ အားလုံး အတူတူချည်းပင် ဖြစ်သည် ။ လူတွေဟာ တစ်ယော က်တည်း မွေးလာကြသည် ။ တစ်ယောက်တည်း သေသွားကြသည် ။ ဘ ယ်သူမှ မလွန်ဆန်နိုင်သော နိယာမတရား။ ဘာမှ ကြောက်စရာ မလိုတော့။

အရေးကြီးတာက သူမ မသေမီ ဒေါက်တာဟိုက်ဂလေ၏ နာမည်ကို ကြမ်းပြင် တွင် ရေးထားခဲ့ဖို့ ပင် ဖြစ်သည် ။ သည် ပုဂ္ဂိုလ်သည် လူကော င်း မဟုတ်ခ တော့။ သူ့ကို ဘီလူးစီးနေပြီ။ သူ လူသတ်ကောင်။ သူ့လုပ်ရပ် ကို ရပ်တန်းက ရပ်သွားအောင် လုပ်ပစ်ခဲ့ရမည်။

သူမသည် လက်ချောင်းမှ စိမ့်ထွက်နေသော သွေးဖြင့် သမံတလင်း ပေါ် တွင် ြ ဖည်းဖြည်းလေး တစ်လုံးချင်း ရေးချနေမိသည် ။ "ဒေါက်တာဟိုက်ဂလေ"။

≈ အခန်း (၇၄)

ည ကိုးနာရီခွဲတွင် အိမ်သို့ ရောက်သည် ။ အန္တရာယ်များ လုသော နောက်ဆုံး လုပ်ရပ်ကြီးတစ်ခုကို အောင်မြင် စွာ ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်၍ အလွန်တရာ ေကျနပ်ခြင်း ဖြစ်မိသည် ။သူသည် လွန်ခဲ့သော တစ်နာရီခန့်ကပင် ထမင်းစားခဲ့ပြီးပြီ။ သို့သော် ယခု သူ့ကိုယ်သူ ထမင်းစားခဲ့ပြီးမှန်းပင် မသိအောင် ဖြစ်နေသည် ။ လုပ် ငန်း အောင်မြင်မှုအတွက် ဝမ်းသာစိတ်က လွှမ်းမိုးနေသဖြင့် ထမင်းစား ခဲ့တာကိုပင် မေ့သွားတာ ဖြစ်မည်။အိမ်ဖော် ဟီလဒါက သူ့အတွက် အိပ်ရာမဝင်ခင် စားရန် တစ်ခုခုတော့ စီစဉ်ထားခဲ့နိုင်သည် ။ ဟုတ်သည် ။ သူ မျှော်လင့်ထားသည့် အတို င်းပင် ဖြစ်နေသည် ။ မျှော်လင့်သည် ထက်ပင် ပိုေနသေးသည် ။ဟီလဒါက ကြက်ဥဒိန်ခဲကြော်ကို အကောင်းဆုံး ပြင်ဆင်ထားခဲ့သ ည် ။ ။

ညစာ မစားမီ ကက်သလင်း၏ ဆေးမှတ်တမ်းဖိုင်ကို အပြီးသတ် ရေးရမည်။ မနက်ဖြန်ဆိုလျှင် လုပ်ချိန်မရှိတော့။ တခြား လူနာသစ် နှစ်

ယောက်ကိစ္စကို ဆက်လုပ်ရမည်။ တစ်ယောက်ထံမှ သန္ဓေသားကို ယူပြီး ေနာက်တစ်ယောက်သို့ ပြောင်းလဲပေးရမည့် ကိစ္စ။ သူသည် စာကြည့်ခန်းထဲသို့ ဝင်လာခဲ့သည် ။ စားပွဲအံဆွဲကို ဖွင့်ကာလျှို့ဝှက်အံဖုံးအတွင်းမှ ကက်သလင်း၏ ဆေးမှတ်တမ်းဖိုင်တွဲကို ထုတ် ယူလိုက်သည် ။

ထို့နောက် နောက်ဆုံး စာမျက်နှာတွင် နိဂုံးချုပ် ဖြည့်စွက်ချက်ကို ရေးမှတ်သည် ။လူနာသည် ညနေ ခြောက်နာရီခန့်တွင် ဆေးရုံတက်သည် ။ သွေး တိုးနှုန်း ၁၀၀/၆၀။ ဟီမိုဂလိုဘင် ၁၀ ဂရမ် မပြည့်။ ခုနစ်နာရီတွင်သွေးလမ်းကြောင်း ပိတ်ဆို့စေပြီး သွေးသွင်းခြင်း အကျိုးသက်ရောက် မှုကို ဖျက်ဆီးပစ်နိုင်ေသာ ဆေးလုံးနှစ်လုံး တိုက်သည် ။ ရှစ်နာရီခွဲတွ င် မိမိသည် လူနာ၏ အခန်းသို့ သွားရောက်၍ လူနာအား ဟက်ပရင် ငါးမီလီဂရမ် ထိုးပေးသည် ။ လူနာသည် အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးသွားသည် ။ သူမသည် သတိရတစ်ချက် မရတစ်ချက် ဖြစ်နေ ရာမှ ..

"ဟင် .. ဒေါက်တာဟိုက်ဂလေ၊ ဗင်ဂျီကို ဘာလို့ သတ်ရတာလဲ" ဟု လွှတ်ခနဲ မေးပြီး ပြန်လည် မေ့မြောသွားသည် ။ ။

မိမိသည် ဟက်ပရင်ထိုးဆေးများ ထပ်မံယူရန် လူနာ၏ အခန်းထဲ မှ ပြန်ထွက်လာခဲ့သည် ။ လူနာကို လုံးဝ မေ့မြောသွားအောင် လုပ်ရမည်။

စောစောက မေးခွန်းမျိုးကို တခြားလူတွေရှေ့တွင် ထပ်မံ၍ အမေး မခံနိုင်။ မိမိအတွက် အကြီးဆုံး အန္တရာယ်ပင် ဖြစ်သည် ။

နောက်တစ်ကြိမ်တွင် လူနာ၏ အခန်းထဲသို့ မိမိ ပြန်လည် သွား ရောက်သော အခါ အခန်းထဲတွင် လူနာ မရှိတော့။

သူမသည် အဖြစ်မှန်ကို သိရှိပြီး ဆေးရုံမှ ထွက်ပြေးရန် အားထုတ် သည် ။

ထို့ကြောင့် လူနာအား အတင်းချုပ်ကိုင်ထားပြီးနောက် ဟက်ပရင် ငါးမိလီဂရမ် ထပ်မံ ထိုးပေးလိုက်သည် ။

လူနာသည် ယနေ့ညတွင် ပင် သွေးသွန်ပြီး သေဆုံးသွားလိမ့်မည်။ ဤဆေးမှတ်တမ်းသည် ဤတွင် နိဂုံးချုပ် အဆုံးသတ်သည် ။ သူသည် လက်ထဲမှ ဖောင်တိန်ကို စားပွဲပေါ် သို့ ပြန်ချလိုက်သည် ။ ထို့နောက် ခါးဆန့်ပြီး ကုလားထိုင်မှ ထကာ နံရံနားသို့ လျှောက်လာ သည် ။ နံရံကပ် လှို့ဝှက်ဗီရိုကို ဖွင့်လိုက်သည် ။ ဖိုင်တွဲအဖုံးများ သည် မီးရောင်အောက်တွင် ရွှေရောင်လက်နေကြ သည် ။သူသည် ဖိုင်တွဲ အားလုံးကို မယူကာ စားပွဲပေါ် သို့ ဖြန့်တင်လိုက်သ ည် ။ ပြီးတော့ ဖိုင်တွဲအဖုံးများကို လက်ဖြင့် တယုတယ ပွတ်ကြည့်နေသ ည် ။ ။

သူ၏ ကြီးကျယ်သော အောင်မြင်မှုကြီးနှင့် ပတ်သက်သော တန်ဖိုးမဖြတ်နိုင် သည့် သမိုင်းဝင် မှတ်တမ်းများ ။ သူက ဖိုင်တွဲပေါ် တွင် ရေးသားထားသော နာမည်များကို ကြည့်လိုက်သည် ။ အယ်လစ်ဇာဘက်ဘာကလေ .. ဗင်ကျီလူးဝစ် ..

အက်ပလက်တန် .. ကယ်ရီ .. ဒရိတ် .. အယ်လီယော .. အားလုံး စုစုပေါင်း ရှစ်ဆယ်ကျော်သည် ။ ယင်းတို့ ထဲတွင် သေဆုံးသွားသူတွေကလည်း မနည်း။ သို့သော် သူ့အတွက်တော့ ပညာရခဲ့သည် ။ အတွေ့အကြုံများ လည်း ရခဲ့သ ည် ။

သူ့စီမံကိန်းကြီးကို ၎င်းတို့ ၏ အသက်နှင့် ရင်း၍ စမ်းသပ်ခဲ့ရသောကြောင့်လည်း သူ လုပ်ငန်းရပ်ကြီး ယခုလို အောင်မြင် ခဲ့ရခြင်း ဖြစ်သည် ။ ဗင်ကျီ.. ဗင်ကျီ၏ ဖိုင်ကို ထပ်ဖြည့်စရာ ရှိသည် ။ သို့မှ သာ လုပ်ငန်းအဆင့်ဆင့် အားလုံး ပြည့်စုံသွားမည်။ ထို့ကြောင့် ဒေါက်တာဆလင်းနှင့် တွေ့ကြုံခဲ့ရပုံကို ဗင်ကျီ၏ ဖိုင်တွဲ တွင် နောက်ဆက်တွဲအဖြစ် ထပ်ဖြည့် ရေးသွင်းလိုက်သည် ။ သူသည် ဖိုင်တွဲများကို ကြည့်ကာ ဇဝေဇဝါ ဖြစ်နေသည် ။ သည် ဖိုင်တွေကို ပြန်သိမ်းထားလိုက် ရတော့မှာ လား။ ဒါမှ မဟုတ် ထူးခြားသော ဖိုင်တွဲတစ်ခုကို ဖတ်ရှုလေ့လာကြည့်လျှင်

ကောင်းမည်လား၊ လေ့လာကြည့်သင့်သည် ။ ဒါမှ လုပ်ငန်းအဆင့်ဆင့်နှ င့် ကု ထုံးမျှားကို နှတ်တိုက်ရနေမည်။

သို့မှ သာ နောက်ထပ် လူနာသစ်များ အတွက် လွယ်လွယ်ကူကူ လုပ် ကိုင်နိုင် မည်။ သူသည် ဖိုင်တွဲတစ်ခုကို စိတ်ဝင်စားစွာဖြင့် လေ့လာဖတ်ရှုနေသည်

***

အဝေးတစ်နေရာဆီမှ အသံဗလံလိုလို ကြားလိုက်ရသည် ။ နားစွင့် လိုက်သ ည် ။ အရိုးကွဲမတတ် အေးစိမ့်သော လေနှင့်အတူ အချက်ပေး ဥ သြမှုတ်သံ တွ အဆက်မပြတ် ကြားသည် ။

ထိုင်ရာမှ ကမန်းကတန်း ထကာ ပြတင်းဆီသို့ ပြေးလာခဲ့သည် ။ လိုက်ကာကို ဖွင့်ပြီး အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည် ။ ရဲကားတစ်စီးသည် သူ့အိမ်ခြံ ထဲသို့ မောင်းဝင်လာသည် ။ သူ့ကို ရဲတွေ ဖမ်းဖို့ လာကြပြီ။ သူတို့ ကက်သလ င်းကို တွေ့သွားကြပြီလား။ သူမက အဖြစ်မှန်ကို ဖွင့်ပြောလိုက်ပြီလား။

သူသည် စားပွဲဆီသို့ ပြန်ပြေး လာပြီး ဖိုင်တွဲမျှားကို အလျှင်အမြန် ထ ပ်ကာ နံရံကပ် လှို့ဝှက်ဗီရိုထဲသို့ ကမန်းကတန်း ပိတ်ထည့်လိုက်သည် ။ ထို့နောက် ဘေးရှေ့တံခါးရွက်ကို အံကျပြန်ရွေ့ကာ ပိတ်လိုက်သည် ။ စိတ်ကို ငြိမ်ငြိမ် ထား . စိတ်ကို ငြိမ်ငြိမ်ထား။

တစ်ကိုယ်လုံး ချွေးတွေ ပြန်လာသည် ။ ဒူးတွေ တုန်လာသည် ။ စိတ်ကို ထိန်း ထား၊ ထိန်းထား .. လုံးဝ ဟန်မပျက်စေနဲ့ ။ သည် အဆင့်သည် သူ့အတွက် နောက်ဆုံး အဆင့် ဖြစ်သည် ။ စားပွဲပေါ် တွင် သူ့အတွက် အရှုံး၊ အနိုင်ကို အ ဆုံးအဖြတ်ပေးမည့် နောက်ဆုံး ဖဲတစ်ချပ်သာ ကျန်တော့သည် ။

တကယ်လို့ များ ကက်သလင်းက ဖွင့်ပြောလိုက်လျှင်တော့ သူ့အနေ နဲ့ အားလုံး သွားပြီ။ အားလုံး စုံစုံမြုပ်ပြီ။ သို့သော် ရဲတွေက တခြားအကြောင်း တစ်ခုကြောင့် မိမိထံသို့ လာရောက်ခြင်း ဆိုလျှင်

တော့ ပူစရာ မရှိ။ ဥပါယ်တံမျဉ်ဖြင့် ရှောင်လွှဲပြောလိုက်လျှင် သူ့အတွက် အခြေအနေ ကောင်းသွားနိုင်သည် ။

ဒီအချိန်ဆိုရင် သူ သေသွားပြီလို့ သူ့အလောင်းကို သူတို့ တွေ့သွား တာလ ည်း ဖြစ်နိုင်သည် ။ ကလျာ သေသွားတုန်းက ရဲတွေ့ လာမေးတဲ့ မေးခွန်းတွေ ကို ပြန်တွေးကြည့်။ သူတို့ စွပ်စွဲချက်ကို ပြန်တွေးကြည့်။ သူ တို့ မှာ ဘာအေ ထာက်အထားမျှ မရှိ။ ဘာသက်သေမျှ မရှိ။သူသည် ဖြစ်နိုင်သမျှ အခြေအေ

နတ္ဒေကို အလျင်အမြန် စဉ်းစားနေ သည် ။ အရေးကြီးသော ခွဲစိတ်ကုသမှု ပြုလုပ်နေစဉ်၊ သို့မဟုတ် မွေးရခ က်ခဲသော ကလေးကို မွေးထုတ်နေစဉ် ကြုံရတတ်သော ရုတ်တရက် ပေါ် ပေါက်လာသည့် ပြဿနာတစ်ရပ်ကို အရေးတကြီး ဖြေရှင်းရသည့် အချိန်မှာ ကဲ့သို့ပင် စိတ်ကို အစုမ်းကုန် တည်ငြိမ်အောင် ထားကာ ဆုံးဖြ တ်ချက်တစ်ခုကို အပြီးအပိုင် ချမှတ်ရတော့မည့် အချိန်သို့ ရောက်နေပြီ။

သူသည် ချက်ချင်းပင် စိတ်ရော ကိုယ်ပါ တည်ငြိမ်မှု ရသွားသည် ။ ပြဿနာအားလုံးကို ရင်ဆိုင်ရဲသော သတ္တိ ဝင်လာသည် ။

တံခါးခေါက်သံ ခပ်ဆတ်ဆတ်ကလေး ကြားလိုက်ရသည် ။ ခေါင်းအေးအေးထားကာ ဆံပင်ကို ဖြည်းဖြည်းကလေး ပြုံးလိုက်သည် ။

လျှော့ကျနေသော လည်ပင်းမှ လည်စည်းကို တင်းတင်းရင်းရင်း ပြ န်ချည်လိုက်သည် ။ ထို့နောက် တံခါးဆီသို့ လျှောက် လာပြီး - တည်ငြိမ်သော မျက်နှာ၊ အေးဆေးသော လက်ဖြင့် တံခါးဘုကို လှ ည့်ဖွင့်လိုက်သည် ။

*****

≈ အခန်း (၇၅)

ရဲကားသည် အိမ်ရှေ့ လမ်းကွေ့လေးအတိုင်း မောင်းဝင်လာသည် ။

ကားအရှိန် လျော့သွားသည် ။ ရှေ့ပိုင်းမှ ရဲသားနှစ်ယောက် ခုန်ဆင်း လိုက်ြ
ကသည် ။ရစ်ချုတ်က ကားတံခါးကို ဖွင့်ပြီး ဆင်းမည် လုပ်နေတုန်း အိမ်ကြီး
ဆီသို့ တစ်ချက် လှမ်းကြည့်လိုက်သည် ။ လက်ယာဘက် အစွန်ရှိ ပြတင်းပေါ
က်တစ်ခုမှ လိုက်ကာ ပြန်ပိတ်သွားသည် ကို ဖျတ်ခနဲ လှမ်းမြင်လိုက်ရသည် ။
။

သူတို့ ၏ ကားကို ကျန်းမာရေးဌာန နံပါတ်ပြား တပ်ထားသော အန က်ရောင်
ကားတစ်စီး၏ နောက်တွင် ထိုးရပ်လိုက်သည် ။ ကားမောင်း လာသော လူင
ယ်စုံထောက် ရဲသားကလေးက ရှေ့ဆုံးမှ

လျှောက်သွားပြီး အိမ်ရှေ့တံခါးကို ခပ်ပြင်းပြင်း ခေါက်လိုက်သည် ။ သူ တို့
အားလုံး တံခါးရှေ့တွင် ရပ်စောင့်နေကြသည် ။ ခရိုင်အစိုးရရှေ့နေကြီး စ
ကာ့မှာ ခြေထောက်ကို မြေကြီးနှင့် တဖုတ်ဖု တ် ဆောင့်ကာ ဂနာမငြိမ် ဖြစ်နေ
သည် ။ "လူခေါ် ခေါင်းလောင်းကို ဘာလို့ မနှိပ်တာလဲကွ။ ဒါမှ သူ ကြား ေ
တာ့မပေါ့" စကော့က စိတ်မရှည်ဟန်ဖြင့် ပြောလိုက်သည် ။

"မလိုပါဘူး။ ကျွန်တော်တို့ ကို သူ မြင်သွားပါပြီ။ သူ လာဖွင့်မှာ ပါ" ရစ်ချုတ်
က ပြန်ပြောလိုက်သည် ။ စုံထောက်ကလေးက ခေါင်းလောင်းခလုတ်ကို နှိပ်ရ
န် လက်လှမ်းလို က်စဉ်တွင် တံခါးဖွင့်လာ သည် ။ ဒေါက်တာ ဟိုက်ဂလေသ
ည် တံခါးဝ တွင် ရပ်နေသည် ။ စကော့က မေးလိုက်သည် ။ "ဒေါက်တာဟိုက်
ဂလေ ပါလား" "ဟုတ်ပါတယ်" သူ့အသံက တည်ငြိမ်သည် ။ "ကျွန်တော်က
ဗယ်လီခရိုင် အစိုးရရှေ့နေ စကော့မိုင်ယာဆင်ပါ ဒေါ က်တာ။ ဒေါက်တာ့အိမ်
ကို ရှာဖွေဖို့ အတွက် ကျွန်တော်တို့ မှာ ဝရမ်းပါ လာပါတယ်။ ကိစ္စကတော့ ဗ
င်ဂျီလူးဝစ်၊ အက်ဒနာဘန်းနဲ့ ဒေါက်တာဆ လင်းတို့ သေဆုံးမှုအတွက် ဒေါက်
တာ့ကို မသက်ာလို့ စစ်ဆေးဖို့ ပါပဲ။ ဒေါက်တာ့အနေနဲ့ ရှေ့နေငှားချင်ရင်လ
ည်း ငှားနိုင်ပါတယ်။ ကျွန်တော် တို့ မေးမြန်းတာကို ငြင်းချင်ရင်လည်း ငြင်းနို
င်ပါတယ်"

မသက်ာလို့ ဆိုပါလား။ ဒါဆိုရင် ကက်သလင်းကို သူတို့ မတွေ့သေး တာ သေ
ချာတယ်။

သူက ရှေ့ကိုတိုး လာပြီး တံခါးရွက်ကို ဝင်သာအောင် ဖွင့်ပေးလိုက် သည် ။

သူတို့ အားလုံး အိမ်ထဲသို့ ဝင်လိုက်ကြသည် ။ ဒေါက်တာဟိုက်ဂလေက စိတ်ကိုထိန်းကာ တည်ငြိမ်စွာဖြင့် ပြောသည် ။

"အခုလို အချိန်မတော်ကြီးမှာ ကျုပ်အိမ်ကို ခင်ဗျားတို့ လာရောက် ကျူးကျော်တာ ကျုပ်တော့ ဘယ်လိုမှ စဉ်းစားလို့ မရဘူး။ ဒါပေမဲ့ ကိစ္စမ ရှိပါဘူး။ လာပါ၊ ဝင်ကြပါ။ ခင်ဗျားတို့ မေးသမျှ ကျုပ်က တစ်ခုမကျန် ဖြေပါ့မယ်။ ကျုပ်အိမ်ကိုလည်း သဘောရှိ ရှာဖွေနိုင်ပါတယ်။ ဒါပေမဲ့ ကျုပ် တစ်ခုတော့ သတိပေးချင်တယ်။ ကျုပ်ဘက်ကလည်း တန်ပြန်လု ပ်ရလိမ့်မယ်။ အခုလို ကျုပ်ရဲ့ ဂုဏ်သိက္ခာကို စော်ကားမှုအတွက် ခင်ဗျားတို့ အားလုံးကို တရားပြန်စွဲရလိမ့်မယ်"

သူ ဒီဗွန်မြို့က ခရိုက်စ်ဆေးရုံက ထွက်တော့ သူ့အား ရဲဘက်မှ လာ ရောက် စစ်ဆေးမှု ပေါက်ကြားသွားလျှင် ရဲအဖွဲ့ကို ပြန်လည် တရားစွဲမ ည်ဟု သူက ရာဇသံ ပေးခဲ့သည် ။ ထိုစဉ်က သူ၏ ဖိုင်တွဲများကို လီဗာပူးမြို့မှ ကွင်းမေရီ ဆေးရုံတွင် ပြောင်းရွှေ့ သိမ်းဆည်းထားသောကြောင့် ရဲဘက်မှ ခိုင်လုံသော သက်သေ အထော ကအထား ဘာတစ်ခုမျှ မရရှိနိုင်ခဲ့။ ထို့ကြောင့်လည်း ယင်းအမှုမှာ ဘာ မျှ အကောင်အထည် ပေါ် မလာခဲ့ခြင်း ဖြစ်သည် ။

သူသည် စစ်ဆေးရေးအဖွဲ့ဝင်များအား ဟန်မပျက်ပင် စာကြည့်ခန်း သို့ ဦးဆောင် ခေါ် လာခဲ့ပြီးနောက် ခမ်းနားကြီးကျယ်သော ဂျက်ဘွီ ယန် စားပွဲကြီးနောက်တွင် ဣန္ဒြေအပြည့်ဖြင့် ဝင်ထိုင်လိုက်သည် ။ သူ က အချိန်မတော် လာရောက်သော ည့်သည် များအား စားပွဲရှေ့မှ ကု လားထိုင်များ တွင် ဝင်ထိုင်ရန် လက်ညှိုးထိုးပြလိုက်သည် ။ စကော့နှင့် ရစ်ချတ်တို့ က ဝင်ထိုင်ကြသည် ။ စုံထောက်နှစ်ယောက်က မထိုင်ကြဘဲ ရပ်နေကြသည် ။ စကော့က ကျမ်းကျိန်လွှာကို ဒေါက်တာဟိုက်ဂလေ လက်သို့ ကမ်းပေးလိုက်သည် ။ သူက လက်မှတ်ထိုးပြီး ပြန်ပေးသည် ။

"ဒါဖြင့် ကျွန်တော်တို့ ရှာဖွေရေးလုပ်ငန်း စကြမယ်။ ဒေါက်တာ့ ဆေးမှတ်တမ်းတွေ ဘယ်မှာ သိမ်းထားပါသလဲ ခင်ဗျာ" စုံထောက်တစ်ယောက်က စတင် မေးလိုက်သည် ။

"ဆေးမှတ်တမ်းတွေက ကျုပ် ရုံးခန်းမှာ သိမ်းထားတာပေါ့။ ဒါပေမဲ့ ခင်ဗျားတို့ ရှာချင်ရင် ဒီမှာ လည်း ရှာနိုင်ပါတယ်။ ဟောဒီ စားပွဲမှာ ရှာကြည့်ပါ။ ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာ စာရွက်စာတမ်းတွေ ရှိတယ်"

သူက ထိုင်ရာမှ ထကာ နံရံကပ် အရက်ဗီရိုဆီသို့ လျှောက်သွားပြီး ဖ နှ်ခွက်ရှည်ကြီး အပြည့် ဝီစကီ တစ်ခွက် ငဲ့သည် ။ ပြီးတော့ ရေခဲထည့်ပြီး ရေရောလိုက်သည် ။ ထို့နောက် မီးလင်းဖိုအနီးသို့ လျှော က်သွားပြီး နောက်မှီအမြင့်နှင့်

ကတ္တီပါဖုံး ကုလားထိုင်ကြီးတွင် ထိုင်ချ လိုက်သည် ။ ညှဉ်သည် မျှားအား ေသွးအေးအေးနှင့် ကြည့်ရင်း အရက် ကို တစ်ကျိုက်ချင်း စုပ်သောက်နေသည် ။

"ဗင်ကျီလူးဝစ်ကို ဒေါက်တာ ဘယ်အချိန်မှာ နောက်ဆုံး တွေ့လိုက်ရ ပါသလဲ" "ဒီအကြောင်းကို မစ္စက်ဒီမေယို လာမေးတုန်းက ဖြေလိုက်ပြီးပြီပဲ"

"တနလ်ာနေ့ညက မစ္စက်လူးဝစ်ဟာ ဒေါက်တာဖူဂီတို ရုံးခန်းက ပြ နဒ်ထွက်လာပြီးတော့ ဒေါက်တာ့ဆီ ထပ်မလာတော့ဘူး ဆိုတာ အမှန်ပဲ လား ဒေါက်တာ" "ဒါကိုလည်း ကျုပ် မစ္စက်ဒီမေယိုကို ပြောလိုက်ပြီးပြီ" "ဒါဖြင့် တနလ်ာေနေ့ညက ဒေါက်တာ ဘယ်သွားနေပါသလဲ" "အိမ်မှာ ရှိနေပါတယ်၊ အလုပ်ပြီးေတာ့ အိမ်ကိုပဲ တိုက်ရိုက် ပြန်လာ ခဲ့တယ်"

"အိမ်ကို ရောက်ပြီးတော့ ဒေါက်တာ့ဆီ တစ်ယောက်ယောက်ကမျှား ဖုန်းဆက်ပါသလား" "ကျုပ် မှတ်မိသလောက်တော့ ဘယ်သူမှ မဆက်ဘူး" "အင်္ဂါေနေ့ညက မစ္စက်အက်ဒနာ တိုက်ခန်းကို ဒေါက်တာ ရောက်ပါ သေးသလား" သူက ပြုံးလိုက်ပြီး - "ရောက်စရာ အကြောင်း မရှိပါဘူး" "ဒေါက်တာ့ခေါင်းက ဆပင်နမူနာ နည်းနည်း ယူပါရစေ ဒေါက်တာ၊ တာဝန်အရ လုပ်တာပါ၊ ခွင့်လွှတ်ပါ ခင်ဗျာ" "ရပါတယ်၊ ယူပါ၊ ယူနိုင်ပါတယ်" "မနေ့က ညနေ ငါးနာရီနောက်ပိုင်းမှာ အက်ဆက်ဟိုတယ်ကို ဒေါ် က်တာ ရောက်ပါသေးသလား" "မရောက်ပါဘူး" "ငါးနာရီခွဲတိတိမှာ ဒေါက်တာ့ကို ဓာတ်လှေကားထဲမှာ မြင်တွေ့လိုက်ရတဲ့ သက်သေတစ်ယောက် ကျွန်တော်တို့ ရထားပါတယ်"

"ကျုပ်မနေ့ညက အက်ဆက်ဟိုတယ်ကို လုံးဝ မရောက်ပါဘူး။ အဲဒီ လူ လူမှားတာ ဖြစ်ပါလိမ့်မယ်။ အဲဒီအချိန်မှာ ကျုပ်က နယူးယောက်မြို့ ထဲက ကာလိုင်းဟိုတယ်မှာ ရှိနေတယ်။ ကျုပ် အဲဒီကို မကြာခဏ ညစာ သွားစားလေ့ ရှိတယ်။ ထမင်းစားနေတုန်း ကျုပ်လက်ဆွဲ သားရေအိတ် ကို လူလစ်သွားလို့ ေတာင်မှ တော်တော် စိတ်ညစ်ခဲ့ရသေးတယ်" "အဲဒီအိတ်ထဲမှာ ဘာတွေ ပါပါသလဲ"

"တန်ဖိုးရှိတာ ဘာမှ မပါပါဘူး။ အရေးပေါ် ဆေးပစ္စည်း ကလေး တွေလောက်ပါပဲ။ ခရိုင်အစိုးရ ရှေ့နေကြီးက စုံထောက်လူငယ်ဘက်သို့ လှည့်ရင်း - "ကဲ ကားထဲက အထုပ်ကို သွားယူလိုက်စမ်း"

ဘာအထုပ်ပါလိမ့်။ ဒေါက်တာ ဟိုက်ဂလေသည် အရက်ခွက်ကို ခပ် တင်းတင်း ဆုပ်ကိုင်ထား လိုက်သည် ။ သူတို့ က ငှါကို ပညာစမ်းနေတာ မျှား လား။

အားလုံး ငြိမ်သက်ပြီး ထိုင်စောင့်နေကြသည် ။ မကြာမီတွင် စုံထောက်ကလေး ပြန်ရောက်လာသည် ။ သားရေကွင်းနှင့် စည်းထား

သော စက္ကူထုပ်တစ်ထုပ်ကို စကော့အား ကမ်းပေးလိုက်သည် ။ စကော့ က သားရေကွင်းများကို ဖြေလိုက်သည် ။ ။

စက္ကူထုပ်ထဲမှ မိန်းမစီး ဖိနပ်ဟောင်းကလေး တစ်ဖက် ထွက်လာသ ည် ။

"ဒီဖိနပ်ကို ဒေါက်တာ မှတ်မိပါသလား"သူက နှုတ်ခမ်းကို ကိုက်လိုက်သည် ။ သတိထား .. သတိထား။ အားလုံး ဒီဖိနပ်အပေါ်မှာ တည်နေတယ်။ ကိုယ်ကို ရှေ့သို့ အနည်းငယ် ကိုင်းပြီး ဖိနပ်ကို ကြည့်လိုက်သည် ။

လက်ဝဲဘက်စီး ဖိနပ်၊ အက်ဒနာအခန်းမှာ တွေ့ခဲ့ရတဲ့ ဖိနပ်။ ဒီအတိုင်းဆို သူတို့ ငါ့ဆဲအိတ် မတွေ့သေးတာ သေချာတယ်။ "ဟင့်အင်း ... ကျုပ် မမှတ်မိပါဘူး။ အဲဒီဖိနပ်နဲ့ ကျုပ်နဲ့ ဘာဆိုင်လို့ မှ တ်မိစရာ ရှိမှာ လဲ" "ဗင်ဂျီလူးဝစ်ဟာ ဒေါက်တာရဲ့ လူနာတစ်ယောက်ပါ။ သူက ဒေါက်တာ့ဆီမှာ အကြာကြီး လာပြီး ကုသခဲ့ပါတယ်။ သူဟာ ဒီဖိနပ်ကို အမြဲ တမ်း စီးပါတယ်။ အဲဒါကြောင့် ဒီဖိနပ်ကို ဒေါက်တာမျှား သတိထားမိသ လားလို့ မေးကြည့်တာပါ"

"မစ္စက်လူးဝစ်က ဖိနပ်ဟောင်းလေး တစ်ရန်ကိုပဲ အမြဲတမ်း စီးလာ တာ တွေ့ရတာပဲ။ အခုလို ဖိနပ်တစ်ဖက်တည်း ကျုပ်ကို လာပြလို့ ကျုပ် က ဘယ်လိုလုပ်ပြီး မှတ်မိမှာ လဲ။ ကျုပ်က သူ့ဖိနပ် လိုက်ကြည့်နေတာ မှ မဟုတ်တာ"

"ဒါဖြင့် ဒေါက်တာ၊ အင်မက်ဆလင်း ဆိုတဲ့ ပုဂ္ဂိုလ်ကို ဒေါက်တာ ကြားဖူးပါသလား" သူက နှုတ်ခမ်းကို လျှာနှင့် တစ်ချက် လျက်လိုက်ပြီးနောက် - "ကြားဖူးသလိုလို ရှိပါတယ်၊ ကျုပ် မှတ်တမ်းတွေ ပြန်ကြည့်ရဦးမ ယ်"

"ဒေါက်တာ ဒီဗွန်မြို့က ခရိုက်စ်ဆေးရုံမှာ လုပ်နေတုန်းက ဒေါက် တာဆလင်းလည်း အဲဒီဆေးရုံမှာ ပဲ လုပ်ခဲ့တာ မဟုတ်ဘူး လား" "ဩော် .. ဟုတ်ကဲ့၊ သူက ညှဉ့်သည် သမားတော်အဖြစ် လာလုပ်ခဲ့ သေးတယ်။ ဟုတ်ပါတယ်၊ ကျုပ် သူ့ကိုခုမှ ပဲ မှတ်မိတော့တယ်"

"မနေ့က ညနေတုန်းက ဒေါက်တာဟာ အက်ဆက်ဟိုတယ်မှာ တ ည်းနေတဲ့ ဒေါက်တာဆလင်းဆီကို သွားလည်ခဲ့ပါသေးသလား" "ဒီမေးခွန်းက ဖြေခဲ့ပြီးပါပြီ" "ဒါဖြင့် ဗင်ဂျီလူးဝစ်ရဲ့ ကိုယ်ဝန်ဟာ အရှေ့တိုင်းသား ကိုယ်ဝန် ဖြစ် တယ်ဆိုတာ ဒေါက်တာ သတိပြုမိပါသလား"

"မစ္စက်လူးဝစ်က ကလေးမွေးရမှာ ကို သိပ်ပြီး တွေးကြောက်နေတ ယ်။ ဒါဆို ရှင်းနေပြီပဲ။ သူက သူ့ယောကျ်ားဟာ ကလေးအဖေ မဟုတ် ဘူး ဆိုတာကို

လူသိမှာ သိပ်ပြီး ကြောက်နေတယ်"

ထို့နောက် အန်နာဟိုရန်နှင့် မော်ရိန်းတို့ အကြောင်းကို ဆက်လက် မေးမြန်းသည် ။

"ဒီမိန်းကလေးတွေက မဆန်းပါဘူး။ ကလေး မလိုချင်ဘူး ဆိုပြီး သားလာဖျက်ကြတယ်။ ဖျက်ချပြီးတော့မှ စိတ်တစ်မျိုး ပြောင်းသွားပြီး ဆရာဝန်တွေကို အပြစ်ပုံချကြတယ်။ ဒါမျိုးတွေက ခင်ဗျားတို့ သိတဲ့ အ တိုင်း ရိုးနေပါပြီ။ မယုံရင် ကျုပ်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို မေးကြည့်ပါ"စကော့က မေးခွန်းတွေ ဆက်တိုက်မေးနေစဉ် ရစ်ချတ်က ဘေးက ထိုင်ပြီး နားထောင်နေသည် ။ စကော့ လုပ်ပုံ မှန်သည် ။ သူ့အနေနှင့် စဉ်းစားရန် အချိန်ရသည် ။ သူက ဒေါက်တာဟိုက်ဂလေ၏ ဖြေဆိုချက် များကို ဆက်စပ်ပြီး စဉ်းစားနေမိသည် ။ ဒေါက်တာဟိုက်ဂလေ ကလည်း မေးသမျှကို ဒိုးဒိုးဒေါက်ဒေါက်နှင့် မဆုတ်မဆိုင်း ပြန်ဖြေနေသည် ။ ဟန်ကလည်း အပြည့်။

ရစ်ချတ်က သူ့ဖခင်ကြီးကို သွားပြီး သတိရမိသည် ။ သူ့ဖခင်ကြီးသ ည် အ
ကာပါရဂူ သမားတော်ကြီး ဖြစ်သည် ။ သူ၏ လူနာတစ်ယောက် သံသယဖြစ်စရာ သေဆုံးသွားသောအခါ သက်ဆိုင်ရာမှ လာရောက် စစ် ဆေးသည် ။ ထိုစဉ်က သူ့ဖခင်ကြီးသည် တစ်ချက်မျှ ဟန်မပျက်ဘဲ တ ည်တည်ငြိမ်ငြိမ်ဖြင့် ဖြ
ကြားခဲ့သည် ။ ဂျင်ဘာကလေလည်း သူ့သမီး လေးကိစ္စကို မေးမြန်းစဉ် တုန်းက သည် အတိုင်းပင် တုံ့ပြန်ခဲ့သည် ။ မည်သို့ပင် ဖြစ်စေ .. ဒေါက်တာဟိုက်ဂလေသည် ဟန်ဆောင်နေသည် ဆိုသည် ကိုတော့ ရစ်ချတ်က ကောင်းကောင်း ကြီး သဘောပေါက် သည် ။

သည် အချက်ကို သူက လုံးဝ သံသယရှင်းသည် ။ သို့သော် သူ့အနေဖြင့် အထောက်အထားပြရန် ခက်နေသည် ။ သူ၏ ဆေးမှတ်တ မ်း အမှန်များကို မရဘဲ သူ့ကို မိအောင် ဖမ်းနိုင်မည် မဟုတ်။ စကော့က ဆက်မေးသည် ။ ။

"ဒေါက်တာ .. အယ်လစ်ဇာဘက် ဘာကလေဟာ မျက်လုံးစိမ်းနဲ့ မိန်း ကလေးမွေးတယ် ဆိုတာ ဒေါက်တာ သိပါတယ်။ မိဘနှစ်ပါးရော၊ အ ဘိုးအဘွားတွေရော အားလုံးက မျက်လုံးညို၊ တွေ့ ဖြစ်နေပါလျက် ဒီက လေးက မျက်လုံးစိမ်းကလေး လာဖြစ်နေတာ ဆေးပညာအရ ယုတ္တိရှိနိုင်ပါ့မလား"

"ဟုတ်ပါတယ်၊ ယုတ္တိမရှိပါဘူး။ မစ္စတာ ဘာကလေဟာ ကလေးအ ဖေ မဟုတ်ဘူး ဆိုတာ ထင်ရှားပါတယ်" သည် အဖြေကို စကော့ရော၊ ရစ်ချတ် လုံးဝ မမျှော်လင့်မိကြ။ ဒေါက်တာက ဆက်ပြောသည် ။ "အဲဒီလိုပြောတာ ကျုပ် ကလေးအဖေ ဘယ်သူဆိုတာ သိလို့ ပြော တာတော့ မဟုတ်ဘူး ။ ဒါပေမဲ့ ဆရာဝန်တစ်ယောက်အနေနဲ့ ဒါမျိုးတွေ့ ကို မလွဲမရှောင်သာ လေ့လာနေရတဲ့ အချက်ကို သတိပြုမိလို့ အမှန်အ တိုင်း ပြောရတာပါ"စကော့က ရစ်ချတ်

ကို လှည့်ကြည့်ပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ် လိုက်သည် ။ ထို့နောက် ထိုင်ရာမှ ထရပ်လိုက်ပြီး -

"ဒေါက်တာ၊ မနက်ဖြန်မနက် ဒေါက်တာ ဆေးရုံ ရောက်သွားတဲ့ အ ခါ အဲဒီက ဆေးမှတ်တမ်း တွေအားလုံးကို ကျွန်တော်တို့ သိမ်းယူသွားပြီး ဖြစ်ပါလိမ့်မ ယ်။ ဒီဆေးရုံမှာ ကိုယ်ဝန်ဆောင်တွေ အ သေအပျောက် ရှိတာကို ကျွန်တော် တို့ အနေနဲ့ သတိထားမိပါတယ်။ အဲ ဒီကိစ္စဟာ ရိုးရိုးသားသား ဟုတ်၊ မဟုတ် ကျွန်တော်တို့ စုံစမ်းစစ်ဆေးဖို့ ရှိပါတယ်"

သည် စကားကြောင့် သူ့ရင်ထဲ တော်တော်လေး အေးသွားသည် ။ "ဟုတ်ကဲ့၊ ရပါတယ်။ ကျုပ်လူနာတွေရဲ့ ဆေးမှတ်တမ်းဖိုင်တွေကို အချိန်မရွေး စစ်ဆေးနိုင်ပါတယ်။ တကယ်တော့ ကျုပ်တို့ ဆေးရုံက မှ တ်တမ်းတွေကို ကြည့်ခဲ့ရင် လက်ခံကုသတဲ့ လူနာအရေအတွက်ထက် ကျန်းကျန်းမာမာ ပြန်ဆင်းသွားကြတဲ့ လူနာအရေအတွက်က ပိုပြီး များ တယ်ဆိုတာ သိသိသာသာကြီး တွေ့ရပါလိမ့်မယ်"

ထိုအခိုက် စားပွဲပေါ်မှ တယ်လီဖုန်း မြည်လာသည် ။ "ဆေးရုံက ဆက်တာ ဖြစ်နိုင်တယ်" ဒေါက်တာက ပြောလိုက်သည် ။ ဧကန္တတော့ ကက်သလင်း အိမ်ကို ပြန်မရောက်သေးကြောင်း၊ သူ့အ စ်မကြီး စိတ်ပူပြီး ဒေါင်းတောက်နေကြောင်း သူနာပြု ဆရာမလေး ရင်ကျိုထံမှ အကြောင်းကြားတာ ဖြစ်မည်။ သည် အတိုင်းဆိုလျှင် အား လုံး အဆင်ပြေသွားမည်။ သည် ပုဂ္ဂိုလ်များက ကက်သလင်း ဆေးရုံမှ ထွက်ပြေးသွားကြောင်းကို သူက မရှင်းပြဘဲနှင့် အလိုလို သိသွားစေနိုင် သည် ။ သူက ဖုန်းကို ကောက်ကိုင်လိုက်သည် ။

"ဒေါက်တာဟိုက်ဂလေပါ။

"ဟုတ်ကဲ့ .. ဒေါက်တာ၊ ကျွန်တော်က နယူးယောက် နယ်မြေအမှတ် ၁၇ က ရဲမှူးဝိန်ဂါဒင်ပါ။ ကျွန်တော်တို့ ရဲဌာနက လူတစ်ယောက် ဖမ်းမိ ထားပါတယ်။ မနေ့ညက ဒေါက်တာ့ ကားထဲက လက်ဆွဲအိတ် ခိုးယူသွားတဲ့ အကြောင်းကို သူက အားလုံး ပြောပြပါတယ်" "ဒါနဲ့ ... လက်ဆွဲအိတ်ကိုရော ပြန်ရပြီလား" သူ့အသံတွင် စိုးရိမ်သံ မသိမသာ ပါနေသည် ။စကော့နှင့် ရစ်ချတ်တို့ က သူ့မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်မိကြ သည် ။ စကော့က ထိုင်ရာမှ ရုတ်တရက် ထသွားကာ စားပွဲပေါ် ရှိ တခြားတ ယ်လီဖုန်း တစ်ခုကို ကောက်ကိုင်ပြီး နားထောင်လိုက်သည် ။

"ဟုတ်ပါတယ်၊ ဒေါက်တာ့ လက်ဆွဲအိတ်ကို ကျွန်တော်တို့ ရထားပါပြီ။ ဒီကိစ္စ ပြောချင်လို့ ဒေါက်တာ့ဆီ အခုလို ဆက်တာပါ။ အိ တ်ထဲမှာ တွေ့ရတဲ့ ပစ္စ ည်းတွေက လက်ဆွဲအိတ် ခိုးမှ တစ်ခုတည်း မက ဘဲ တခြားအမှုတွေကိုလည်း သံသယဝင်စရာတွေ ဖြစ်နေပါတယ်။ ဒါနဲ့ အိတ်ထဲမှာ ပါတဲ့ ပစ္စည်းတွေကို ေ ကျးဇူးပြုပြီး ပြောပြပါ ဒေါက်တာ"

"အိတ်ထဲမှာ ပါတာက အရေးပေါ် ဆေးပစ္စည်းကလေးတွေပါ။ တခြား ဘာမှ မရှိပါဘူး"

"ဒါ့အပြင် ဒေါက်တာဆလင်းရဲ့ ရုံးတံဆိပ်ပါတဲ့ လူနာမှတ်တမ်းဖိုင်ရ ယ်၊ သွေး စုန်းနေတဲ့ စက္ကူ ဖိဖန်လုံးရယ်၊ ပြီးတော့ ဖိနပ်အဟောင်း တစ်ဖ က်ရယ်၊ အဲ ဒါတွေက ဘယ်က ရောက်လာတာပါလဲ ဒေါက်တာ" သူက စကော့၏ စိုက်ကြ ည့်နေသော သံသယမျက်လုံးကို သတိပြု လိုက်မိသည် ။

မျက်စိကို မှတ်လိုက်သည် ။ အသံကို ထိန်းပြီး ပြန်ပြောလိုက်သည် ။ "ခင်ဗျား နောက်နေတာလား၊ တကယ် ပြောနေတာလား" "အဲဒါတော့ ဒေါက်တာ အသိဆုံး ဖြစ်မှာ ပါ ဒေါက်တာ။ ကျွန်တော် တို့ က မနေ့ညက ဒေါက်တာဆ လင်း သေဆုံးမှုနဲ့ ပတ်သက်ပြီး ဗယ်လီ ခရိုင် အစိုးရရှေ့နေရုံးနဲ့ ပူးတွဲပြီး တ ရားခံပေါ် အောင်

ထောက်လှမ်းနေကြပါတယ်။ ကျွန်တော် အခုပဲ ခရိုင် အစိုးရရှေ့နေကြီး ဆီ ဖု နိ်းဆက် အကြောင်းကြားမလို့ ပါ။ အမှုသွား အမှုလာကို ကြည့်ရ တာကတော့ ကျွန်တော်တို့ သံသယဝင်နေတဲ့ လူဟာ ဒေါက်တာဆလင်း ကို သတ်ပြီးတော့ ပစ္စည်းတစ်ခုခု ခိုးလာတာ ဖြစ်နိုင်တယ် ဒေါက်တာ။ ဒါပါပဲ။ ကျေးဇူးတင်ပါ တယ် ဒေါက်တာ"

"ရဲမှူး ဖုန်းမချလိုက်နဲ့ ဆက်ကိုင်ထားပါဦး" စကော့က တစ်ဖက် တယ်လီဖုန်း အား လှမ်းပြောလိုက်သည် ကို ဒေါ ကတာဟိုက်ဂလေ ကြားလိုက်ရသည် ။ သူက သူ့လက်ထဲမှ စကားပြော ခွက်ကို ပုခက်ထဲသို့ ဖြည်းဖြည်းလေး ပြန်ချ လိုက်သည် ။ သွားပြီ၊ အား လုံး သွားပြီ။ အိတ်ကို သူတို့ ရသွားပြီးပြီ။ ငါ ဘာေ တွလျှောက်ပြောပြော ဘာမှ အရာရောက်တော့မှာ မဟုတ်ဘူး ။ စကော့က ေ လသံအေးအေးဖြင့် ပြောလိုက်သည် ။ "ဒေါက်တာဟိုက်ဂလေ၊ ဒေါက်တာဆ လင်းကို သတ်မှုနဲ့ ဒေါက်တာ့ ကို ကျွန်တော်တို့ ဖမ်းလိုက်ပါပြီ"သူ့နောက်မှ ထိုင်နေသော စုံထောက်နှစ်ယောက် ထိုင်ရာမှ ရုတ်တရ က် ထရပ်လိုက်သည် ကို သတိပြုမိလိုက်သည် ။

စုံထောက်တစ်ယောက်က ကုတ်အင်္ကျီအိတ်ထဲမှ လက်ထိတ်ကို ထု တ်ပြီး သူ့ရှေ့သို့ လျှောက်လာသည် ။ မီးလင်းဖိုမှ မီးရောင်တွင် လက်ထိ တ်သည်

လက်ခနဲ အရောင်ထွက်သွားသည် ။

သူက စုံထောက်အား တည်ငြိမ်စွာ ပြုံးကြည့်လိုက်ပြီးနောက် - "ခဏနေပါဦး၊ ကျုပ် အခုမှ ပဲ သတိရမိတယ်။ ခင်ဗျားတို့ စီတ်ဝင် စားမယ့် မှတ်တမ်းအ ချို့ကို ကျုပ် ပြပါ့မယ်"

သူက ယင်းသို့ ပြောပြီး နံရံနားသို့ လျှောက်လာခဲ့သည် ။ ထို့နောက် အခန်းနံရံ မှ လှို့ဝှက်အံဖုံး ခလုတ်ကို ဖွင့်ကာ အရေးကြီးသော ဖိုင်တွဲများကို ထုတ်ယူ လိုက်သည် ။ ပြီးတော့ မီးရှိန်ပြင်းပြင်းနှင့် တော က်လောင်နေသော မီးဖိုဆီသို့ ပြေး လာပြီး ဖိုင်တွဲအား လုံးကို မီးဖိုထဲသို့ အလျင်အမြန် ပစ်ထည့်လိုက်တော့ သည် ။ ။

အဖြစ်အပျက်မှာ လျင်မြန်လွန်းသဖြင့် ဘယ်လိုမှ တားဆီးရန် အချိန် မရ လိုက်နိုင်တော့။ သူသည် လှို့ဝှက်ဗီရိုဆီသို့ ပြန်လျှောက်သွားပြီး ကျ နှံနေသော မှတ်တမ်းတချို့ကို ထုတ်ယူကာ စားပွဲပေါ် တွင် ဖြန့်တင်လိုက် သည် ။

အားလုံးပင် သူ့ကိုသာ ကြက်သေသေပြီး စိုက်ကြည့်နေမိကြသည် ။ စကော့ က တယ်လီဖုန်းကို လက်ထဲတွင် ကိုင်ထားဆဲ ဖြစ်သည် ။ ရစ်ချ တ်က စားပွဲ နားသို့ လျှောက်သွားသည် ။ စုံထောက်တစ် ယောက်က လ က်ထိတ်ကို ကိုင်ပြ ပီး ရပ်နေသည် ။ အခြား စုံထောက်တစ်ယောက်က အ နီးအနား အခန်းတွေ ကို သွားကြည့်ရာမှ ပြန်ဝင်လာသည် ။ "ဩော် ဒါနဲ့ .. နောက်တစ်ခု ရှိသေးတ ယ်" သူက ယင်းသို့ ပြောပြီး မီးဖိုအနီးမှ စားပွဲဆီသို့ လျှောက်သွားကာ အရက် ခွက်ကို ကောက်ယူလိုက်သည် ။ ပြီးတော့ လှို့ဝှက်ဗီရိုဆီသို့ ပြန်လျှောက်လာ ရင်း အရက်တစ်ကျိုက် မော့သောက်လိုက်သည် ။ ထို့နော က် ဗီရိုနောက်တွင် သိမ်းထားသော ပုလင်းလေးကို ရုတ်တရက် ယူလို က်ပြီး ပုလင်းကို ကမန်းက တန်း ဖွင့်ကာ ဖန်ခွက်ထဲသို့ စောင်းထည့်လို က်သည် ။ သူက သရော်ပြုံးပြုံး ကာ ဖန်ခွက်ကို အပေါ် သို့ မြှောက်လိုက် သည် ။ "မလုပ်နဲ့ "

ရစ်ချတ်က အခြေအနေကို ချက်ချင်း ရိပ်မိလိုက်ပြီး လှမ်းအော်ရင်း သူ့ဆီသို့ ပြေးသွားသည် ။ သို့သော် နောက်ကျသွားခဲ့ပြီ။ ဒေါက်တာ ဟိုက်ဂလေက ဆို င်ယာနိုက် အဆိပ်ရည်နှင့် ရောထား သော အရက်ခွက်ကို ကမန်းကတန်း မော့သောက်လိုက် ပြီးလေပြီ။ ရစ် ချတ်က ဒေါက်တာ့လက်ထဲမှ ဖန်ခွက်ကို လ က်နှင့် လှမ်းပုတ်လိုက်ချိန် တွင် ဒေါက်တာမှာ ကြမ်းပြင်ပေါ် သို့ လဲကျသွားတော့သည် ။ လူလေး ယောက်၏ မျက်စိအောက်တွင် ပင် ဒေါက်တာသည် မချိ မဆံ့ အော်ညည်းရင်း အသက်ပျောက်သွားခဲ့သည် ။ "ဘုရားရေ .. ဒုက္ခပါပဲ" စုံထောက်လူငယ်က ဒေါက်တာ၏ အလောင်းကို ကြည့်ပြီး တအံ့တ သြ ပြော လိုက်သည် ။

"သူ ဘာကြောင့် ဒီလိုလုပ်လိုက်တာပါလိမ့်၊ တော်တော်ဆိုးတဲ့ အဖြ စ်ပဲ။

နောက် စုံထောက်တစ်ယောက်က ထပ်ပြောလိုက်သည် ။

ရစ်ချတ်က ဒေါက်တာ၏ အလောင်းကို ငုံ့ကြည့်လိုက်သည် ။ သူ့မျ က်နှာမှာ ရွံ့မဲ့တွန့်လိမ် နေသည် ။ ပါးစပ်မှ လည်း အမြှုပ်တွေ တစီစီ ထွ က်နေသည် ။ မျက်လုံးတွေကလည်း ကြောက်ခမန်း လိလို ပြူးထွက်လာကြသည် ။

ဩော် .. ဆေးပညာလောကအတွက် တန်ဖိုးရှိတဲ့ ပညာရှင်ကြီး တစ် ယောက် မသေထိုက်တဲ့ အသေဆိုးနဲ့ သေဆုံးသွားခဲ့ရပါကော။ရစ်ချတ်က ယင်းသို့ ေ တွးမိပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက် သည် ။

"ကျုပ်က ရဲမှူးနဲ့ အဆက်ရသွားတော့ သူ့အနေနဲ့ ဘယ်လိုမှ လှည့်ပ တ်လို့ မ ရတော့ဘူး ဆိုတာ သဘောပေါက်သွားဟန် တူတယ်။ ခင်ဗျား သံသယဝင်ခဲ့ တာတွေ အားလုံး မှန်နေပြီ ရစ်ချတ်" စကော့က ရစ်ချတ်ကို ကြည့်ပြီး မှတ်တ မ်းဖိုင်မျ ားကို ယူကြည့်သည်အယ်လစ်ဇာဘက် ဘာကလေ၊ ဗင်ဂျီလူးဝစ် ဟူ၍ နာမည်ထိုးထား သော ဖိုင်တွဲနှစ်ခုကို ရုတ်တရက် တွေ့လိုက်ရသည် ။ "ဟော ဒီမှာ တွေ့ပြီ၊ ကျွန်တော်တို့ လိုချင်နေတဲ့ မှတ်တမ်းတွေပဲ"

သူက အယ်လစ်ဇာဘက် ဘာကလေ၏ ဆေးမှတ်တမ်းဖိုင်ကို ကမန်း ကတန်း လှန်ကာ ပထမစာမျက်နှာကို အသံထွက်၍ ဖတ်လိုက်သည် ။

အယ်လစ်ဇာဘက် ဘာကလေ ..

အသက် ၃၉ နှစ်၊ ယနေ့ ဆေးရုံတက်သည် ။ ယခု အသက်အရွယ် အထိ တစ်ြ ကိမ်မျ ကိုယ်ဝန်မဆောင်ခဲ့ဘူး။ ထို့ကြောင့် သူမအား အ ထူး လူနာအဖြစ် ကျွန်ုပ်က စာရင်းသွင်းလိုက်သည် ။

"ဒီမှတ်တမ်းမှာ ကျွန်တော်တို့ သိချင်တာတွေ အားလုံး ပါတယ်ဗျ" သူက စ ကော့ဘက်သို့ လှည့်ပြီး ပြောလိုက်သည် ။ စကော့က အလောင်းကောင်ကို ငုံ့ြ ကည့်နေရာမှ ပြန်ကြည့်ပြီး -

"ဒါနဲ့ ဒီဝနဲကြီးဆီမှာ ကက်သလင်းလည်း သွားကုဖူးတယ် ဆိုတာ ခ င်ဗျား သိ သလား"

ရစ်ချတ်က အံ့သြသွားဟန်ဖြင့် - "ဘာ .. ခင်ဗျား ဘာပြောတာလဲ။ ကက်သလ င်းလည်း သူ့ဆီမှာ ကု ဖူးတယ် ဟုတ်လား"

"ဟုတ်တယ်၊ ကက်သလင်းက ဗုဒ္ဓဟူးနေ့တုန်းက သူနဲ့ သွားတွေ့ သေးတယ်" "ကက်သလင်းက ဘာဖြစ်နေလို့ လဲ" "အဲဒါတော့ .." တယ်လီဖုန်းမြည်သံ ေ ပါ်ထွက်လာသည် ။ စကော့က ဖုန်းကို ကောက်ပြီး နားထောင်လိုက်သည် ။

"ဟုတ်ကဲ့၊ အို .. မဟုတ်ပါဘူး ခင်ဗျာ။ ဒေါက်တာဟိုက်ဂလေ မဟု တ်ပါဘူး။ အခု ပြောနေတာက ဘယ်သူပါလဲ ခင်ဗျာ"

သူ့မျက်နှာ အမူအရာ ချက်ချင်း ပျက်သွားသည် ။ "မော်လီ .. ဟုတ်လား" ရစ်ချတ်က စကော့ကို စိုက်ကြည့်နေသည် ။ သိချင်စိတ်ကြောင့် သူ့လည်ပင်း ကြောကြီးတွေပင် တင်းလာကြ သည်။

"မဖြစ်နိုင်ဘူး ခင်ဗျာ။ ဒေါက်တာဟိုက်ဂလေနဲ့ စကားပြောလို့ မဖြစ် ဘူး။ ဒါနဲ့ ကိစ္စက ဘာကိစ္စပါလိမ့်"

သူက တစ်ဖက်မှ အသံကို နားစွင့်လိုက်သည် ။ "ဟာ ... သောက်ကျိုးတော့ နည်းကုန်ပြီ"

သူက ယင်းသို့ လွှတ်ခနဲ ပြောလိုက်ပြီး စကားပြောခွက်ကို လက်ဝါး နှင့် အုပ်ထားရင်းမှ -

"ဒေါက်တာဟိုက်ဂလေက ကက်သလင်းကို ဒီနေ့ပဲ ဆေးရုံတက်ခိုင်း သတဲ့ ။ အဲဒါ အခု ကက်သလင်း ပျောက်နေပြီ။ သူ့အခန်းထဲမှာ မရှိ တော့ဘူးတဲ့ " ။ ရစ်ချတ်က စကော့လက်မှ ဖုန်းကို ဆတ်ခနဲ ဆွဲယူလိုက်သည် ။ "မော်လီ၊ ဘယ်လိုဖြစ်သလဲဟင် ပြောစမ်းပါဦး၊ ဘယ်လိုဖြစ်တာလဲ။ ကက်သလင်းက ဘာဖြစ်လို့ ဆေးရုံတက်ရတာလဲဟင်။ သူ ပျောက်နေ တယ် ဆိုတာက ဘာကို ပြောတာလဲဟင် "

သူက ခေတ္တရပ်ပြီး နားထောင်နေလိုက်သည် ။ "ဒီမှာ မော်လီ၊ အဲဒါတော့ လုံးဝ မဖြစ်နိုင်ဘူး။ သူ ဆေးရုံက ဘယ်မှ ထွက်မသွားနိုင်ဘူး။ နေဦး၊ ခဏကိုင်ထားဦး"

သူက ဖုန်းကို ပြန်ချပြီး စားပွဲပေါ်မှ ဖိုင်တွဲများကို သွေးရူးသွေးတန်း မွှေနှောက် ရှာဖွေနေသည် ။

အောက်ဆုံးမှ ဖိုင်တွဲတစ်ခုကို ကမန်းကတန်း ဆွဲထုတ်လိုက်သည် ။ ကက်သလင်းဒီမေယို ...

ဖိုင်တွဲကို ကပျာကယာ လှန်ဖတ်သည် ။ သူ့မျက်နှာတွင် သွေးမရှိသလို ဖြူရော်နေသည် ။ နှောက်ဆုံး စာပိုဒ်သို့ ရောက်လာသည် ။ ရုတ်တရက် မျက်နှာလင်းသွားပြီး ဖုန်းကို ပြန်ကောက်လိုက်သည် ။ "မော်လီ၊ ဘီလ်ကို ပေးစမ်းပါ။ သူနဲ့ ပြောပါရစေ"စကော့နှင့် စုံထောက်များက ရစ်ချတ်၏ အမူအရာကို ရင်တဖိုဖိုနှင့် ကြည့်နေကြသည် ။ ရစ်ချတ်က ဖုန်းထဲသို့ ပြောလိုက်သည် ။

"ဘီလ်၊ ကက်သလင်း ဆေးရုံမှာ ပဲ ရှိနေသေးတယ်။ တစ်နေရာရာမှာ သွေးလွန်နေတယ်။ ဓာတ်ခွဲခန်းက လူတွေကို အမြန် ဆုံး ခေါ်ပြီး လိုက်ရှာပါ။ သူ့ကို တွေ့ရင် အိုအမျိုးအစား သွေးသွင်းရလိမ့် မယ်။ ခွဲစိတ်ခန်းမှာ အားလုံး အဆင်သင့် လုပ်ထားဖို့ သူတို့ ကို ပြောပါ။ အချိန်မရှိတော့ဘူး။ မြန်နိုင်သမျှ မြန်မြန်လုပ်ပါ။ ကျွန်တော်တို့ ခုပဲ လာ ခဲ့မယ်"

သူက စားပွဲမှာ ထိုင်နေသော စုံထောက်ဆီသို့ ဖုန်းကို ကမ်းပေးလိုက် ပြီးနောက် -

"ဆေးရုံကို အမြန်ဆုံး ဖုန်းဆက်ပါ။ အဲဒီရောက်နေတဲ့ ရှာဖွေရေး အ လုပ် ချက်ချင်းရပ်ပြီး ကက်သလင်းကို လိုက်ရှာပါလို့ ပြော၊ အခန်းတိုင်း လိုက်ရှာဖို့ ပြော၊ ဆေးရုံ အမှုထမ်းတွေ အားလုံး တစ်ယောက်မကျန် လို က်ရှာပါလို့ ပြောပါ။ အချိန်မရှိတော့ဘူး၊ မြန်နိုင်သမျှ မြန်မှ ဖြစ်မယ်"

တခြားစုံထောက် တစ်ယောက်က အမိန့်ကို စောင့်မနေတော့ဘဲ ကားဆီသို့ သွားရန် အခန်းထဲမှ ပြေးထွက်သွားသည် ။

"လာ .. ရစ်ချတ်၊ ကျုပ်တို့ မြန်မြန်လိုက်ကြမယ်" စကော့က ပြောလိုက်သည် ။ ရစ်ချတ်က ကက်သလင်း၏ ဆေးမှတ်တမ်းဖိုင်ကို ကောက်ယူလိုက်ပြီး - "ဒါ ယူသွားမှ ဖြစ်မယ်။ ဒါမှ ဒီလူကြီး ဘာတွေ လုပ်ထားသလဲဆို တာ သိရရင် ဆေးရုံရောက်တော့မှ လိုအပ်သလို စီစဉ်နိုင်တာပေါ့"

သူက ဒေါက်တာဟိုက်ဂလေ၏ အလောင်းကို တစ်ချက် စောင်းကြ ည့်လိုက်သည် ။

သူတို့ ဘက်မှ စက္ကန့်ပိုင်းကလေးမျှ နောက်ကျသွားခဲ့၍ ဒေါက်တာ ဟိုက်ဂေ လ သေဆုံးသွားခဲ့ ရသည် ။ ကက်သလင်းအတွက်လည်း နော က်ကျသွားခဲ့ပြီလား။

***

သူတို့ ကားသည် စက်ကုန်ဖွင့်ကာ လမ်းမပေါ်တွင် လွန်းထိုး ပြေးလွှားလျက် ရှိသည် ။စကော့နှင့် ရစ်ချတ်တို့ သည် ကားနောက်ခန်းတွင် ထိုင်ကာ စကားမပြောနိုင်ကြဘဲ ကိုယ့်အတွေးနှင့်ကိုယ် လိုက်ပါလာကြသည် ။ ဒေါက် တာဟိုက်ဂလေသည် ကက်သလင်းအား လွန်ခဲ့သော တစ်နာရီခန့်က ဟ က်ပရင် ထိုးပေးခဲ့သည် ။ သည် ဆေးက ထိရောက်မှု အလွန်မြန်သည် ။

ကက်သလင်း မင်း တော်တော် မိုက်ပါကလား။ ငါ့ကို ဘာဖြစ်လို့ ကြိုး ပြီး မပြေ ပါခဲ့ရတာလဲ။ ဆေးရုံကို တစ်ယောက်တည်း ဘာဖြစ်လို့ သွားရ တာလဲ။ ဒီလူ သတ် ဆရာဝန်ဆီကိုမှ သွားရတယ်လို့ ။ မင်း တော်တော် မိုက်ပါကလားကွ ယ်။ မင်းကို ငါ သိပ်ပြီး ချစ်ပါတယ် အချစ်ရယ်။ မင်းငါ့ ကို ယုံစေချင်ပါတယ်။ မင်း နေမကောင်းဘူး ဆိုတာ ငါ့ကို ဘာဖြစ်လို့ မပြောရတာလဲ။ မင်း ငါ့ကို ပြော ပါသင့်တာပေါ့ အချစ်ရယ်။ မင်းမှာ ငါ့အပြင် ဘယ်ချစ်သူ ရှိသေးလို့ လဲ။ ဘ ယ်ကိစ္စမဆို ငါ့ကို ပြောသင့်တာ

ပေါ့ အချစ်ရယ်။ မသေပါနဲ့ ဦး အချစ်ရယ်။ ခဏစောင့်ပါဦး။ ငါ လာနေ ပါပြီ။ မင်း မသေစေရဘူး။ ဘယ်နည်းနဲ့ မှ မသေစေရဘူး။

ဆေးရုံဝင်းထဲ ကားရပ်သွားတော့မှ ရစ်ချတ်က အတွေးပြတ်သွားသ ည် ။ ဆေးရုံဝင်းထဲသို့ ရဲကားတွေ တစ်စီးပြီး တစ်စီး ဝင်ရောက်လာကြ သည် ။ ဥ သြမှုတ်သံတွေ ဆူညံနေသည် ။ကားပေါ်မှ ကမန်းကတန်း ဆင်းပြီး ဆေးရုံထဲ သို့ ပြေးဝင်လာခဲ့ကြ သည် ။

ဖိလစ်က ရှာဖွေရေးအဖွဲ့ကို ဦးဆောင်ပြီး မျက်ကလူးဆန်ပျာ်း အလုပ် မျာ်း ေ နသည် ။ ဘီလ်နှင့် မော်လီတို့ လင်မယား ပြေးထွက်လာသည် ။ မော်လီက ရှို့ က်ကြိုးတင် ငိုနေသည် ။ ဘီလ်ကတော့ ဣန္ဒြေမပျက်။ "ဒေါက်တာ ဂျွန်ပီး ယားလည်း လာနေပြီ။ သူက နယူးဂျာစီမှာ အ တော်ဆုံး သွေးလွှန်ရောဂါ ပါရဂူပဲ။ သွေးတွေလည်း ဆေးရုံမှာ အပြည့် အစုံ အဆင်သင့်ရှိတယ်"

ဟု ဘီလ်က ပြောသည် ။ "ဘယ့်နှယ်လဲ၊ သူ့ကို မတွေ့ကြသေးဘူးလား"

ရစ်ချတ်က စိုးရိမ်တကြီး မေးလိုက်သည် ။ "ရှာနေကြတုန်းပဲ၊ လောလောဆ ယ်တော့ မတွေ့သေးဘူး" ဖိလစ်က ပြန်ပြောသည် ။ ထိုအခိုက် ဘေးတံခါးေ ပါက် တစ်ခု ရုတ် တရက် ပွင့်သွားပြီး ရဲသားတစ်ယောက် ပြေးထွက်လာသည် ။

"သူ့ကို တွေ့ပြီ ဒေါက်တာ၊ သူ့ကို တွေ့ပြီ၊ ရေခဲတိုက်ထဲမှာ လဲနေတ ယ်၊ အ သက်မှ ရှိပါသေးရဲ့ လား မသိဘူး"

***

နောက် စက္ကန့်ပိုင်းအတွင်းတွင် ကက်သလင်းမှာ ရစ်ချတ်၏ ရင်ခွင် ထဲသို့ ေ ရာက်နေလေပြီ။ သူမ၏ တစ်ကိုယ်လုံး အေးစက်နေသည် ။ အ သားအရေနှင့် နှတ်ခမ်းတွေကလည်း ပြောနေသည် ။ သွေးကိုလည်း လုံး ဝ စမ်း၍ မရ။ "က က်သလင်း ကက်သလင်း" ရစ်ချတ်က သူမကိုယ်ကို လှုပ်ကာ ခေါ် နေသည် ။ ဘီလ်က ရစ်ချတ်၏ ပခုံးပေါ် သို့ လက်တင်လိုက်ပြီး ပြောလိုက်သည်

"ကဲ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး၊ အပေါ်ထပ် မြန်မြန် ယူသွားကြ မယ်၊ အချိန်ရှိတုန်း လုပ်သင့်တာတွေ မြန်မြန်လုပ်မှ ဖြစ်မယ်"

*****

≈ အခန်း (၇၆)

သူမသည် လိုဏ်ခေါင်းတစ်ခုထဲသို့ ရောက်နေသည် ။ လိုဏ်ခေါင်းအ ဆုံးတွင် မီးရောင်မြင်ရသည် ။ ထိုနေရာတွင် တော်တော် နွေးလိမ့်မည်။ ထိုနေရာ သို့သာ မျှာပါသွားလိုက် ချင်တော့သည် ။

သို့ပေမဲ့ သူမကို တစ်စုံတစ်ယောက်က ဟန့်တားထားသည် ။ တစ်စုံ တစ်ယောက်က ပွေ့ဖက်ထားသည် ။ စကားပြောသံလိုလို ကြားမိသည် ။ အားတင်းပြီး နားစွင့်လိုက်သည် ။ ရစ်ချတ်၏ အသံ။ "ကက်သလင်း၊ တို့ အားလုံး ရောက်လာကြပြီ။ ဘာမှ မပူနဲ့ တော့။ စိ တ်ကို တင်းထား၊ စိတ်ကို တင်းထား"

ဖြစ်နိုင်လျှင် သူက သည် နေရာမှ တစ်ယောက်တည်းသာ ထွက်ပြေး သွားချင်သည် ။ သို့သော် ဘယ်လိုမှ မဖြစ်နိုင်။ သူမမှာ အင်အားမရှိ တော့။ ပြီးတော့ တစ်လောကလုံး မှောင်မည်းနေသည် ။ စိတ်ရောကိုယ် ရော မျှာ၍ သာ ထားလိုက်ချင်တော့သည် ။ သည် လိုနေရတာ သက် သောင့်သက်သာ ရှိလှသည် ။ ရစ်ချတ်အသံ ကြားရပြန်သည် ။ "ကက်သလင်း .. ကက်သလင်း၊ စိတ်ကို တင်းထားပါ၊ စိတ်ကို တင်း ထားပါ"

သူမသည် သက်ပြင်းတစ်ချက် ချလိုက်သည် ။ ထို့နောက် စိတ်ရောကိုယ်ပါ ေမျှာပါသွားတော့သည် ။ သူမ ဘာကိုမှ သတိမရတော့။

*****

≈ အခန်း (၇၇)

တနလ်ာနေ့ ညနေပိုင်းတွင် ရစ်ချတ်သည် နှင်းဆီပန်းများကို ပိုက် ကာ ကက်သလင်း၏ အခန်းထဲသို့ ခြေဖော့နင်းပြီး ဝင်လာသည် ။ သူမ သည် တနင်္ဂနွေနေ့ နံနက်ကတည်းကပင် အန္တရာယ် အခြေအနေမှ ကင်း လွတ်သွားခဲ့သည် ။ သို့သော် အိပ်ပျော်နေသည့် အချိန်က များ နေသေး သည် ။ စကားလည်း တစ်ခွန်းစ နှစ်ခွန်းစသာ ပြောနိုင်သေးသည် ။ရစ်ချတ်က သူမ ခုတင်ဘေးတွင် ရပ်ကြည့်နေသည် ။ သူမ မျက်လုံးတွေ မှတ်ထားသည် ။ ရစ်ချတ်က အပြင်သို့ ပန်ထွက်ပြီး သူနာပြု ဆရာ မထံတွင် ပန်းအိုး သွားတောင်းရန် ပြန်လှည့်လိုက်သည် ။ "အဲဒီပန်းတွေကို ကျွန်မ ရင်ဘတ်ပေါ် မှာ တင်လိုက်ပါ။ ရစ်ချတ်က ရုတ်တရက် နောက်ပြန်လှည့်လိုက်ပြီး - "ကက်သလင်း၊ နေကောင်းတယ်နော်၊ ဘယ်လိုနေသလဲဟင်"

သူက ကုလားထိုင် ဆွဲပြီး ခုတင်နားသို့ ကပ်ထိုင်လိုက်သည် ။ သူမ မျ က်လုံးတွ ပင့်လာသည် ။ သွေးသွင်းပိုက်ကို ကြည့်ပြီး မျက်နှာ ရှုံ့မဲ့သွား သည် ။

"ကျွန်မနားထဲမှာ သွေးစုပ်ဖုတ်ကောင်တွေ အော်သံ ကြားနေရတယ် ။ သူတို့ကို မောင်းထုတ်ပစ်ရမယ်"

"မင်းအခြေအနေ တော်တော် ကောင်းနေပါပြီ။ စိတ်ကို အေးအေး ထားပြီး ကျန်းမာလာဖို့ ကိုသာ ဂရုစိုက်ပါ။ အဓိပ္ပာယ်မရှိတာတွေ လျှော် က်တွေးမနေပါနဲ့ " ရစ်ချတ်၏ မျက်လုံးအစုံတွင် မျက်ရည်တွေ ဝဲလာသည် ။

ကက်သလင်းက လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး ရစ်ချတ်၏ မျက်ရ ည်တွေကို လက်ချောင်း ကလေးတွေနှင့် ပွတ်ရင်း သုတ်ပေးသည် ။

"ဘာတွေ ဖြစ်ပျက်ခဲ့တယ် ဆိုတာ ကျွန်မ နောက်ထပ် အိပ်မပျော်ခင် ပြောပြပါလား။ ကျွန်မ အိပ်ပျော်သွားရင် မနက် သုံးနာရီလောက်မှ ပြန် နိုးလာမှာ ။ ဒေါက်တာဟိုက်ဂလေက ဗင်ဂျီကို ဘာလို့ သတ်ရတာလဲဟ

"သူက လူနာတွေကို စမ်းသပ်ပြီး သုတေသနလုပ်နေတာ ကက်သလ င်း။ အင်္ဂလန်က ဆရာဝန်တွေ ဖန်ပြန်တွေထဲမှာ သားဖောက်တဲ့ လုပ်ငန်းကို ဖော်ထုတ်ခဲ့တာ မင်း သိမှာပေါ့။

ဒေါက်တာဟိုက်ဂလေက အဲဒီလို သဘာဝ မိဘနှစ်ပါးရဲ့ သုက်သွေး နဲ့ မွေးဖွားလာတဲ့ ကလေးမွေးနည်းထက် ထူးဆန်းတဲ့ မွေးဖွားနည်းကို တီထွင် ဖော်

ထုတ်ဖို့ စမ်းသပ်ရာဖွေနေတယ်။ သူ့နည်းက ကိုယ်ဝန်ဖျက် ချတဲ့ မိန်းမတွေဆီက သန္ဓေသားကို ယူပြီး ကိုယ်ဝန် မဆောင်နိုင်တဲ့ မိန်းမတွေဆီမှာ ပြန်ထည့်ပေးတဲ့ နည်းပဲ။ သူစမ်းသန္ဓေသားကို သူစိမ်း အမျိုးသမီး တစ်ယောက်ရဲ့ ဗိုက်ထဲမှာ သဘာဝအတိုင်း လက်ခံလာနိုင်

အောင် ပြုလုပ်တဲ့ နည်းကို လွှန်ခဲ့တဲ့ ရှစ်နှစ်ကာလအတွင်း မှာ သူက စ မ်းသပ်အောင်မြင်ခဲ့တယ်။

ဒါပေမဲ့ သူ့အနေနဲ့ လုပ်ရပ်မှားသွားတာ တစ်ချက်ကတော့ ကာယကံ ရှင်တွေကို အသိမပေးဘဲ သန္ဓေသား လှဲပြောင်းပေးတာပဲ ဖြစ်တယ်။ ဥ

ပမာဆိုရင် အန်နာဟိုရန်ဆိုတဲ့ ဂျပန်မကလေး တစ်ယောက်က သူ့ဆီ ကိုယ်ဝန်လာဖျက်တော့ သူက အဲဒီမိန်းကလေးကို မေ့ဆေးပေးပြီး သ န္ဓေသားကို ကာယကံရှင် မသိအောင် ထုတ်ယူလိုက်တယ်။ ပြီးတော့ က လေးလိုချင်တဲ့ ဗ င်ဂျီလူးဝစ်ရဲ့ ဗိုက်ထဲကို ထည့်ပေးလိုက်တယ်။ ဗင်ဂျီက

တော့ သဘာဝအတိုင်း ကိုယ်ဝန်ရှိလာအောင် ဒေါက်တာက ဆေးဝါးအ ကူအညီနဲ့ လုပ်ပေးတယ်လို့ ယုံကြည်နေတာပေါ့။ ဒေါက်တာဟိုက်ဂ လေက ဗင် ဂျီအနေနဲ့ ဒီကိုယ်ဝန်ကို ကြာကြာ ထိန်းထားနိုင်လိမ့်မယ်လို့ လုံးဝ မထင်ဘူး။

ဒါပေမဲ့ ကိုယ်ဝန်က သဘာဝအတိုင်း ပျက်မကျဘဲ တဖြည်းဖြည်း ရ င့်လာတာတွေ့ရတယ်။ ဒါနဲ့ သူက ဒီကလေးကို ဖျက်မချဘဲ အရှင်မွေး

အောင်အထိ ဆက်ထားလိုက်တယ်။ ဗင်ဂျီဆီက မွေးလာတဲ့ ကလေး ဟာ ဂျပန်ကလေး ဖြစ်နေတော့ကော ဆရာဝန်အနေနဲ့ ဘာပူစရာရှိသ လဲ။ သူ့ကို ဘယ်သူကမှ အပြစ်မတင်နိုင်ပါဘူး။ တင်လို့ ကော ရပါ့မ လား"

"ဒီလိုဆိုရင် သူက အဲဒီလို သန္ဓေသားအပြောင်းအလဲ လုပ်တဲ့ အခါ အန္တရာယ်မဖြစ်နိုင်တဲ့ ရောဂါပြီးစေတဲ့ နည်းလမ်းကို ကောင်းကောင်း စူ မ်းတယ် ဆိုပါတော့"

ကက်သလင်းက ဖြတ်မေးလိုက်သည် ။ "ဟုတ်တယ် ကောင်းကောင်း စူမ်းတယ်။ ဒါပေမဲ့ ဒီနည်းက ကလေး ကို အန္တရာယ် မပေးပေမယ့် မိခင်ကိုတော့ အန္တရာယ်ပေးဖို့ အခြေအနေ က တော်တော် မျှား တယ်။ ဒါကြောင့်မို့လို့ လ ည်း လူနှန်ခဲ့တဲ့ ရှစ်နှစ်အတွ င်းမှာ ကိုယ်ဝန်ဆောင် အမျိုးသမီး ဆယ့်ခြောက်ယောက်တိတိ သေဆုံး သွားခဲ့တာပေါ့။

ဗင်ဂျီဟာ ကိုယ်ဝန်ရှိ လာပြီးတဲ့ နောက် တော်တော့်ကို မကျန်းမမာ ဖြစ်လာ တယ်။ ကိုယ်ခန္ဓာ မကျန်းမာရုံတင် မကဘူး၊ စိတ်ကလည်း တော်တော် ခြွတ် ယွင်းလာတယ်။ ဒါနဲ့ စိတ်ကုပါရဂူ ဒေါက်တာဖူခီတို ဆီ မှာ လည်း သွားပြီး ကု သခံနေရတာပေါ့။ ပြီးခဲ့တဲ့ တနလာနေ့ ညနေမှာ

တော့ ဒေါက်တာဖူဂီတိုဆီက အပြန်မှာ ဒေါက်တာဟိုက်ဂလေဆီကို ဝင်ပြီးတော့ နှုတ်ဆက်တယ်။ သူက မင်နီယာပိုလစ်မြို့ကို သွားပြီး ဒေါ က်တာဆလင်းဆီမှာ ကလေးသွားမွေးဖို့ အကြောင်းကို ဒေါက်တာ ဟို က်ဂလေကို ပြောပြလိုက်တယ်။ ဒီအကြောင်းကိုလည်း သိရရော ဒေါက် တာဟိုက်ဂလေက ငယ်ထိပ် မြွေပေါက်ခံလိုက်ရသလို ဖြစ်သွားတော့ တာပေါ့။

ဘာဖြစ်လို့ လဲ ဆိုတော့ ဗင်ဂျီအနေနဲ့ သဘာဝအတိုင်း ဘယ်တော့မှ ကိုယ်ဝန် မဆောင်နိုင်ဘူး ဆိုတာ မီးယပ်ပါရဂူတိုင်း သိနိုင်လို့ ပဲ။ အဲဒီမှ ဒေါက်တာ ဟို က်ဂလေက တွေးတော့တာပေါ့။ ဒေါက်တာဆလင်းဆီမှ ကလေးသွားမွေးရင် ဂျပန်ကလေး မွေးလာတာကို ဒေါက်တာဆလင်းတွေ့ရတော့မယ်။ ဗင်ဂျီက လည်း သူ့အနေနဲ့ ဘယ်ဂျပန်အမျိုးသားနဲ့ မှ မဆက်ဆံခဲ့ပါဘူး ဆိုတာ ကျမ်း ကျိန်ပြောမယ်၊ ဆလင်းက ဟိုက်ဂလေ အကြောင်းကို ကောင်းကောင်း ကြီး သိထားတဲ့ ပုဂ္ဂိုလ်။ ဟိုက်ဂလေရဲ့ မိ နှ်းမ သေတုန်းက ဆလင်းကလည်း အင်္ဂ လန်မှာ ရှိနေခဲ့တယ်။

အဲဒီတော့ သူ့လုပ်ရပ်တွေ ပေါ် ကုန်တော့မှာ ပဲ ဆိုပြီး သူက ဗင်ဂျီကို အဆိပ်ရ ည်တိုက်ပြီး သတ်ပစ်လိုက်တော့တာပေါ့။ ကျန်တာတွေကို

တော့ စောင့်သာ ကြည့်ပေတော့။ ဟင် .. မင်းမျက်လုံးတွေ မှေး လာပြီ။ အိပ် ချင်နေပြီ ထင်တယ်။ အိပ်ချင်ရင် အိပ်လိုက်ပါ" "ဟင့်အင်း .. မအိပ်သေးပါ ဘူး။ ဒါနဲ့ ရှင်စောစောက ပြောတဲ့အထဲမှာ ဒေါက်တာဟိုက်ဂလေ အနေနဲ့ ဇ အောင်မြင်မှု ရခဲ့တယ်လို့ ပြော ခဲ့တယ်။ သူက တကယ်ပဲ အဲဒီလို ဗို့က်ထဲက သန္ဓေသား အပြောင်းအလဲ လုပ်နိုင်သလား။ တကယ် ကျန်းကျန်းမာမာနဲ့ ဇ မွေးလာနိုင်အောင် လုပ်နို င်သလား"

"ဟုတ်တယ်၊ သူ လုပ်နိုင်ခဲ့တယ်။ မော်လီတို့ အိမ်မှာ ညစာ စားတဲ့ နေ့က ဘာ ကလေတို့ လင်မယားရဲ့ သမီးကလေး မေရီအန်းကို မင်း သ တိမထားခဲ့လို့ ပါ။ အဲဒီကလေးကို သေသေချာချာကြည့်ရင် အယ်လစ်ဇ ဘက်ဟာ သဘာဝ မိခင်အရင်း မဟုတ်ဘူး ဆိုတာ အတပ်ပြောနိုင်တယ် ။ အဲဒီတော့ မိခင်အရင်း ဘယ်သူလဲ မင်း သိသလား။ ဘယ်သူ ရမှာ လဲ။ ကလေးနဲ့ မျက်လုံး အစိမ်းဇ ရောင်ချင်း တူနေတဲ့ မော်ရိန်းပဲပေါ့" "ဟင် .. အဲဒါ မော်ရိန်းရဲ့ ကလေး ဟုတ် လား"

ကက်သလင်းက မျက်လုံးများ ပြူးကျယ်သွားသည် ။ အိပ်ချင်စိတ်ပ င် ပျောက်သွားသည် ။

သူမက ခုတင်ပေါ်မှ ထထိုင်ရန် လုပ်သည် ။ "အို .. အို .. ဘယ့်နယ် အဲဒီလို မလုပ်ပါနဲ့ လေ။ ဒီမှာ သွေးသွင်းထား တဲ့ အပ် ကျိုးသွားပါဦးမယ်"

ရစ်ချတ်က သူမ၏ ပခုံးကို လက်နှင့် အသာဖိကာ ခေါင်းအုံးပေါ်တွင် ပြန်သိပ်ပေးလိုက်သည် ။

"မော်ရိန်းဆီက သန္ဓေသားကို ထုတ်ယူပြီး လစ်ဇ်ဆီမှာ ပြန်သွင်းပေး တဲ့ ဆေးမှတ်တမ်း အပြည့်အစုံကို ဒေါက်တာဟိုက်ဂလေက သေသေချာ ချာ ရေးမှတ်ထားတယ်။ ဘယ်ဆေးကို ကျွေးတယ်၊ ဘယ်လို လက္ခဏာ တွေ့ ပေါ်လာတယ် ဆိုတာက စပြီး မွေးဖွားတဲ့ အထိ လုပ်ငန်း အဆင့်ဆင့်ကို အသေးစိတ် မှတ်တမ်းတင်ထားတယ်"

"အဲဒီအကြောင်း မော်ရိန်း သိသလား" "ဘယ်သိပါ့မလဲ၊ မော်ရိန်းသာ မသိတာ မဟုတ်ဘူး ။ လစ်ဇ်နဲ့ ဂျင်တို့ လင်မယားလည်း လုံးဝ မသိဘူး။ ဒါပေမဲ့ ဂျင် ကတော့ မိန်းမ မေထုန်မဲ့ သားစပ်ပြီး ကလေးမွေးထားတာ ဖြစ်မယ်ဆိုတာ သံသယဝင်မိတယ်။ သူ့မိန်းမက သူ့ကို လိမ်ထားတယ်လို့ ထင်နေတယ်။ ဇော်ရိန်းဟာ အဲဒီ ကိစ္စအတွက် ဘယ်လောက် ခံစားနေရတယ်ဆိုတာ သူ့ရုပ်ကို အကဲခတ်ကြည့်ရင် မင်း သိမှာ ပေါ့။ သူက အဲဒီကလေးကို မွေးရင် သူမျှားကို မွေးစားဖို့ ပေးလိုက်မယ် ဆိုပြီး စိတ်ကူးထားတာ။ ဒါနဲ့ မင်း

တော့ အတွင်းရေးမှူး ကောင်းတစ်ယောက် လက်လွှတ်ရတော့မှာ ပဲ။ မော်ရိန်းက လာမယ့် ဆောင်းဦးပေါက်မှာ ကောလိပ် ပြန်တက်တော့မ ယ်တဲ့ "

"ဒါနဲ့ ဗင်ကျီဗိုက်ထဲက ကလေးရဲ့ မိခင်အရင်းက ဘယ်လို ခံစားရသ လဲ" "အန်နာဟိုရန်လည်း သူ့ကလေးအတွက် အကြီးအကျယ် စိတ်မ ကောင်း ဖြစ်ရတာပေါ့။ ဒါပေမဲ့ သူ့အနေနဲ့ ပူစရာ မရှိပါဘူး။ လိုချင်ရင် ကလေးရနိုင်ပါသေးတယ်"

ကက်သလင်းက နှတ်ခမ်းကို ကိုက်ပြီး အတွေးနက်နေသည် ။ သူမ အလွန် သိချင်နေတာ တစ်ခု ရှိနေသည် ။ မေးရမှာ ကိုလည်း ရှက်နေသည် ။

သို့သော် မအောင့်နိုင်တော့ဘဲ မေးလိုက်မိသည် ။ "ကျွန်မ မသိလို့ တစ်ခု မေးကည့်ပါရစေ ရစ်ချတ်။ အမှန်အတိုင်းပြောပါနော်။ ကျွန်မကို တွေ့တော့ ကျွန်မ သွေးတွေ သွန်နေတယ် မဟု တ်လား။ အဲဒါ ရပ်သွားအောင် သူတို့ ဘယ်လို လုပ်ကြတာလဲဟင်"

"သားအိမ်ကို ခြစ်လိုက်ကြတာပေါ့။ အဲဒါ ဆရာဝန်တွေက မင်းကို ပြောမပြဘူးလား" "ဟင့်အင်း၊ ကျွန်မလည်း မေးမကြည့်မိသေးပါဘူး။ အဲဒီတော့ ဒါ

လုံးဝ ကောင်းသွားပြီပေါ့နော်"

"ဒါပေါ့၊ လုံးဝ ကောင်းသွားပါပြီ။ ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး။ မင်းအနေနဲ့ ဆန္ဒရှိရင် ကလေးတစ်ဒါဇင် လောက်တောင် မွေးလို့ ရပါ သေးတယ်"

သူက သူ့လက်ကို သူမ၏ လက်ပေါ် သို့ တင်ကာ အုပ်အုပ်ကလေး ဆု ပ်ကိုင် လိုက်သည် ။

သူမတစ်ကိုယ်လုံး ကြက်သီးတွေ ဖြာသွားသည် ။ သည် လက်သည် သူမအား သေမင်းထံမှ ပြန်လည် ဆွဲခေါ် လာသော လက်။

သည် အသံသည် သူမအား သေမင်းထံမှ ပြန်လှည့်လာရန် လှမ်းခေါ် သော အသံ။

သူမသည် သူ့မျက်နှာကို မလှုပ်မယှက် အကြာကြီး စိုက်ကြည့်နေမိ သည် ။

မောင့်ကို ကျွန်မ ချစ်ပါတယ် မောင်ရယ်။ အသက်မက ချစ်ပါတယ် မောင်ရ ယ်။ သူက သူမ မျက်နှာကို စိုးရိမ်တကြီးနှင့် စိုက်ကြည့်နေသည် ။

ရင်တွေလည်း တဒိတ်ဒိတ် ခုန်လာသည် ။ တဖြည်းဖြည်း ကြည်စင်ရွှန်းပလာ သော ချစ်သူမျက်နှာ ငွေသော်တာ ကို မြင်လိုက်ရတော့မှ သူ့မျက်နှာတွင် လ ည်း အပြုံးပန်းတွေ ဝေဆာလ နဲးဆန်း လာသည် ။ သူမက ချစ်သူမျက်နှာကို ရွှန်းရွှန်းစားစား စိုက်ကြ ည့်ရာမှ အားတက်သရော ပြန်မေးလိုက်သည် ။

"တကယ် ပြောတာလားဟင်၊ တကယ် ပြောတာလား ဒေါက်တာရ ယ်"

မောင်ပေါ်ထွန်း

THE
CRADLE
WILL FALL
MARY HIGGINS CLARK
မောင်ပေါ်ထွန်း
(မြန်မာပြန်)
ကဲ့ကြိုးစည်ရာ